ပုဂံစာအုပ်

# ဒေ့ဗမင်းတက်ထောင်

[စတုတ္ထတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း



ပုဂံစာအုပ် အမှတ် ၂၇၉

# နေမင်းတစ်တောင်

(စတုတ္ထတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

စာမူခွင့်ပြုချက်အမှတ် ♦ ၅၀၀၃၃၃၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ♦ ၅၀၀၃၈၅၀၅၀၄
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၀၅
အုပ်ရေ ♦ ၁၀၀၀
မျက်နှာဖုံးပန်းချီ ♦ တင်မောင်မျှင်

တန်ဖိုး - ၁၀၀၀ ကျပ်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ ♦ ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်၊ အမှတ် (၁၉)၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ကွန်ပျူတာ စာစီနှင့် ထုတ်ဝေဖြန့်ချိသူ ♦ ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊ အမှတ် ၈၀၉(A)၊ ဗေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၁၀၀၃၈

# "နေမင်းတစ်ထောင်နှင့် စပ်လျဉ်းသမျှ"

နေမင်းတစ်ထောင် ဝတ္ထု၏ 'ပြီးခဲ့သော ဇာတ်လမ်းအကျဉ်းချုပ်'ကို ဒုတိယတွဲမှ စတင်ပြီး ဖော်ပြရမည် ဖြစ်ပါသည်။ သို့ရာတွင် စာရေးဆရာရော ထုတ်ဝေသူပါ သတိလစ်ဟင်းသွားသဖြင့် ခွင့်လွှတ်ကြပါရန်နှင့် အတွဲ ၂ နှင့် အတွဲ ၃ ဖတ်ရှုပြီးသော စာဖတ်ပရိသတ်များအား ရိုသေစွာ တောင်းပန်ပါသည်။

ယခု စတုတ္ထတွဲမှ စတင်ပြီး၊ ပြီးခဲ့သော ဇာတ်လမ်းအကျဉ်းချုပ်များကို ဖော်ပြသွားပါမည်။

တစ်ဖန် မူလရည်ရွယ်ထားသည်က နေမင်းတစ်ထောင်အား အတွဲ ၁၁ တွဲ မှန်းထားသော်လည်း တကယ်တမ်း စိစစ်ကြည့်သောအခါ အတွဲ ၉ တွဲသာ ထွက်ရှိကြောင်း တွေ့ရပါသည်။

## "နေမင်းတစ်ထောင် ပထမတွဲအကျဉ်းချုပ်"

ရွာထဲသို့ဝင်လာသော ထီးပြင်ကုလား၏ အဆင်းသဏ္ဌာန်နှင့် အသံကို ကြောက်ရွံ့သဖြင့် အော်နေသော သားဖြစ်သူ ဖိုးသူတော်အား၊ မိခင်ဖြစ်သူ မဖဲလှက ဓားတစ်ချောင်းပစ်ပေးသည်။

"အမေတို့အမျိုးဟာ မကြောက်တဲ့အမျိုးကွယ့်လူကလေးရဲ့။အမေတို့အမျိုးက ကုလားမှန်သမျှကို ဓားစာကျွေးတဲ့အမျိုး။ ကြောက်ဖို့ဆိုတာ ဝေလာဝေး"

ဘရွှေကျိုင်းသည် ထန်းသီးစေ့ကို ဥနဲ့ရွက်ဖြင့် ပွတ်နေရာက မဖဲလှ၏ အသံကိုကြားသောအခါ အဖေ့ကို သတိရသည်။ အဖေ၏ မြစ်ဖျားခံရာ အရပ်သည် မြန်မာ–အင်္ဂလိပ် ဒုတိယစစ်ပွဲ။

မုဂံစာအုပ်တိုက်

သီရိသုဓမ္မတိလောကသရ မဟာဓမ္မရာဇာဓိရာဇာမင်း ရတနာပူရ ရွှေနန်းကို နန်းစံတော်မူပြီး ၅ နှစ်အကြာ၊ ၁၂၁၃ ခုနှစ် ဝါဆိုလတွင် မြန်မာ့ ရေပိုင်နက်တွင်ဖြစ်ပွားသော အင်္ဂလိပ်သင်္ဘောနှစ်စင်းမှကပ္ပတိန်နှစ်ယောက်၏ လူသတ်မှုကို ရန်ကုန်မြို့ဝန်က အရေးယူခဲ့သည်။ ဤသည်ကို အကြောင်း ပြုပြီး အရှေ့အိန္ဒိယကုမ္ပဏီ အမည်ခံသူများက မြန်မာနိုင်ငံကို ဒုတိယအကြိမ် ရန်စစော်ကားကျူးကျော်လာရာ၊ မြန်မာတို့သည် မနိုင်မည်မှန်းသိပါလျက်နှင့် ဂုဏ်သိက္ခာဆည်သောအားဖြင့် စစ်ပြိုင်ဆိုင် တိုက်ခိုက်ခဲ့သည်။

ဒီပဲယင်း သရက်ကန်ရွာသား ငမိုးကောင်းသည် ချစ်သူ ရှင်ဒန်းလှ ငြူစူနေလျက်က စစ်ကဲကြီး သီရိနော်ရထာတပ်နှင့်ပါလာသည်။ ငမိုးကောင်း နှင့် အိုးစားများသည် သိမ်ဖြူခံတပ်ကျဆုံးပြီးနောက်၊ ရွှေတိဂုံခံတပ်ကို ပြောက်ကျားတိုက်နည်းဖြင့် ကာကွယ်ခဲ့ကြသည်။ ငမိုးကောင်းမှာ ဒဏ်ရာ ရပြီး ချောက်ကမ်းပါးမှအကျတွင် မွန်မုဆိုးသားအဖက ကယ်ဆယ်ပြီး၊ ဆေးဝါးကုသပေးသဖြင့် နေရပ်သို့ ခြေကျင်ပြန်နိုင်ခဲ့သည်။

နေပြည်တော်တွင် ပြည့်ရှင်မင်းအရေးပေးခံရသော မြို့ဝန်ဘိုင်ဆတ်၏ တပည့်တပန်းများဖြစ်သော တောင်ထားဝယ်ဗိုလ် ဦးတုတ်၊ တန်းခေါင်း ဦးရှင်ကလေးတို့သည် မင်းတုန်းမြို့စားမင်းသားနှင့် ကနောင်မြို့စား မင်းသား တို့အား အမှုရှာရာက ရန်မီးပွားကြီးကျယ်လာသည်။ ထိုမီးကို ငြိမ်းသတ်ရန် စစ်မြေပြင်ရှိတပ်များကို နေပြည်တော်သို့ခေါ်ယူသည်။ အိုးစား ငမိုးကောင်းမှာ သူ့တပ်နှင့် ပါမသွားဘဲ ကျန်ရစ်ခဲ့ရာက ခနေဖြူ ဦးမြတ်ထွန်း၏ 'မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေးတပ်' သို့ ရောက်သွားသည်။

ဦးမြတ်ထွန်း၏တပ်သည် မိစ္ဆာဒိဋ္ဌိများအားရေထဲမရှောင်၊ကုန်းပေါ်မရွေး ထိုးနှက်တိုက်ခိုက်သဖြင့် နေပြည်တော်၌မင်းပြောင်းမင်းလွဲဖြစ်နေချိန်တွင် ဦးမြတ်ထွန်း၏ ကျိုက်ကဇင်းခံတပ်ကို ဆာဂျွန်ချီ ဦးစီးသော တစ်ထောင် တပ်ကြီးက လာရောက် တိုက်ခိုက်သည်။ 'မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး'

တပ်သားများသည် အသေခံပြီး ခုခံကြသဖြင့် ရန်သူများ မှန်းချက်မကိုက် ဖြစ်နေကြစဉ်၊ အကြပ် ငမိုးကောင်းနှင့် ရဲမက်အချို့က ဦးမြတ်ထွန်းကို စစ်မြေပြင်မှ ဆွဲထုတ်ခဲ့ရသည်။

ကျိုက်ကဇင်းမှ တစ်ညအိပ်ခရီးတွင် အုန်းပင်စုရွာရှိသည်။ ထိုရွာတွင် ရှိသော တောကဲကြီး ဦးထွန်းအေးမှာ ဦးမြတ်ထွန်း၏ ဘက်တော်သား ဖြစ်သည်။ ဦးမြတ်ထွန်းသည် ထိုရွာတွင် တစ်ဥပုသ်ကာလ ဆေးဝါးကုသပြီး နောက် စုရုံးမိသမျှအင်အားဖြင့် ဦးခေါင်းကြီးထံသို့ သွားရောက်ပူးပေါင်း သည်။ ဦးခေါင်းကြီးက တာပွန်ရွာ၊ ဦးခေါင်းကလေးက အုတ်ဖိုတွင် တပ်စွဲ လျက်၊ ဦးမြတ်ထွန်းနည်းတူ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး စစ်ပွဲကို ဆင်နွှဲနေသူများ ဖြစ်ကြ၏။

မိုးညိုမြို့ဝန် ဦးတလုတ်မှာ ဦးခေါင်းကြီး၊ ဦးခေါင်းကလေးတို့၏ ယောက်ဖဖြစ်သည်။ ဦးခေါင်းကြီးထံသို့ ဦးမြတ်ထွန်းနှင့် ရဲမက် ၁၅၀၀ ရောက်သွားချိန်တွင်၊ ဟင်္သာတအရေးပိုင်က ဦးခေါင်းကြီးထံ စာပေး၏။ စာလာပေးသူက ဦးခေါင်းကြီးအား လုပ်ကြံငြား၊ ငမိုးကောင်းက ဝင်ရောက် ကာကွယ်သဖြင့် မအောင်မြင်။ အကြပ် ငမိုးကောင်းမှာ တစ်ခဏချင်း သွေးသောက်ရာထူးသို့ တက်သွား၏။

ကနောင်တွင် နှစ်စဉ်ကျင်းပမြဲ ရွှေမျက်နှာဘုရားပွဲ၊ နတ်ပွဲရှိသည်။ ထိုပွဲကျင်းပနေစဉ် ဦးမြတ်ထွန်း၏တပ်က ကနောင်ကိုစီးရာ၊ ဘုရားပွဲနှင့် နတ်ပွဲသို့လာသော မယ်မင်းဘော်နှင့် သွေးသောက်ငမိုးကောင်း ပြန်ဆုံသည်။ ဖရိုဖရဲပြေးကြစဉ် တောကြောင်များ အလုခံရသည်ကို ရဲမက်များ ကယ်ဆယ် သဖြင့် မယ်မင်းဘော် ညီအစ်မကို သွေးသောက် ငမိုးကောင်း တွေ့ရခြင်း ဖြစ်သည်။ အိမ်သားများ ပြန်မလာမီ မယ်မင်းဘော် ညီအစ်မအား ငမိုး ကောင်းနှင့် ရဲမက်များ လာရောက်စောင့်ရှောက်ပေးသည်။

အရဏ်တက်တွင် အမေ ပြန်ရောက်လာရာ ဝမ်းသာအားရ အထဋ္ဌ

လဲပြိုသော မယ်မင်းဘော်ကို ငမိုးကောင်းဆီးပွေ့သည်ကို အမေ အထင်လွဲသည်။ ထို့နောက် ရက်အတန်ကြာချိန်တွင် အုန်းပင်စုရွာ၌ ငမိုးကောင်းတို့ ဝှက်ထားခဲ့သော အမြောက်နှစ်လက်ကို ငမိုးကောင်းနှင့် ရဲမက်ငါးကျိပ် လာရောက်သယ်ယူစဉ်၊ တောကဲကြီးသားအဖက သွေးသောက် ငမိုးကောင်းကို ထမင်းဖိတ်ကျွေးသည်။ ငမိုးကောင်းမှာ ထမင်းစားစဉ် အဖျားတက်သဖြင့် အမြောက်နှစ်လက်ကို ငမဲကြီးနှင့် စံလှ၊ ငကျွဲတို့ လက်ထဲသို့ ထည့်လိုက်ရကာ၊ အုန်းပင်စု၌ ငမိုးကောင်းနေခဲ့ရစဉ် မမျှော်လင့်သော အမှုဖြစ်ပွားချေ၏။

အမှုမှာ မယ်မင်းဘော်ကို ပွေ့မှုဖြစ်သည်။ မတော်တဆပွေ့မှုကို မယ်မင်းဘော်သာယာပြီး စွဲလန်းခဲ့သည်။ ဒေါ်အေးကြီး မောင်းခတ်မှုကြောင့် သူတို့နှစ်ယောက်ကြိုက်နေပြီဟု တစ်ရွာလုံးက ထင်နေကြ၏။ ငမိုးကောင်းမှာ စစ်ရေးတွင် အာရုံရောက်နေငြား၊ မယ်မင်းဘော်၏ အရှက်ကိုငဲ့ပြီး ထိမ်းမြားလိုက်ရသည်။

တောင်ငူဘက်တွင် 'မင်းထင်မင်းလှ ပဗ္ဗတသိဟန်ဘွား'နှင့် သူ့လူများ နာမည်ထွန်းလာချိန်ဝယ် ဦးခေါင်းကြီးနှင့် ဦးမြတ်ထွန်း၊ ဦးခေါင်းလေး တို့မှာ အုပ်စီးထားသောမြို့များ လက်လွှတ်ဆုံးရှုံးကုန်ပြီ။ သို့သော် ဆုငွေ နှစ်ထောင် အထုတ်ခံရပြီ။ သွေးသောက်ကြီး ငမိုးကောင်းမှာ ဇနီး၏ ခွင့်ပြုချက်ရရန် ပြောဆိုစည်းရုံးရင်း လယ်လုပ်နေရာသို့ တစ်နေ့တွင် ငချိပ် ရောက်လာ၏။ စစ်မျက်နှာညိုကြောင်း၊ လူသူစုပြီး အမြန်လိုက်ခဲ့ရန် မှာသွား၏။ ထို့ကြောင့် ငမိုးကောင်း အားတင်းပြီး မယ်မင်းဘော်ထံ ခွင့်ပန်သည်။ မယ်မင်းဘော် မတား။ သို့သော် မျက်နှာမြင်ပြီးမှ သွားပါဟုဆိုသည်။

## 'နေမင်းတစ်ထောင် ဒုတိယတွဲအကျဉ်းချုပ်'

သွေးသောက်ငမိုးကောင်းနှင့် မယ်မင်းဘော်တို့၏ သားအမည်မှာ 'မောင်မောင်လှိုင်း' ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းများကို

စားလိုင်း၊ သေနတ်လိုင်းဖြင့် ဖြိုဖျက်ပစ်မည့်နိမိတ်ကို ဆောင်လျက် မှည့်သော အမည် ဖြစ်၏။

ငမိုးကောင်းအား တစ်ဖက်သတ် မုန်းတီးနေသော လူတစ်ယောက် ရှိသည်။ ငအိပ်ဟုခေါ်သည်။ ထိုသူသည် ငမိုးကောင်းကို ကိုယ်ထိ လက် ရောက် ရန်စစဉ် ရွာဦးကျောင်းဆရာတော် ရောက်လာသဖြင့် မကျေမနပ် ဖြစ်သွား၏။ တစ်နေ့တွင် သူသည် ရွာထဲသို့ ပုလိပ်တွေကို ခေါ်လာ၏။ အရက်သေစာများဖြင့် ဧည့်ခံထားစဉ် သူအောက်ကျို့မွေးမြူထားသူများက လေးရွာတစ်တန်းရှိ ရွာများသို့ တစ်အိမ်တစ်ယောက် ဆင့်ဆိုသည်။ အမျိုး သမီးတွေသာ အလာများသည်။ လာသော ယောက်ျား မဆိုစလောက် မှာလည်း အသတ်ခံရ၊ အနှိပ်စက်ခံရသည်။ ငအိပ်အိမ်သို့ လူတွေကို ဆင့်ခေါ်ခြင်းမှာ ငအိပ်အား သူကြီးခန့်ကြောင်း ကြေငြာပွဲဖြစ်၏။

ငအိပ်မှာ အရဏ်တော် ဝတ်အဖွဲ့မှ သာမဏေတွေ၊ သူတော်တွေနှင့် လည်း မသင့်မြတ်ပေ။ ပုလိပ်တွေနှစ်သက်စေရန် ငအိပ်သည် သျှောင်ကို ပယ်ပြီး ဆံတိုထားရာ၊ ဝတ်အဖွဲ့သားများက ရှုံ့ချကြသည်။ သို့ကြောင့် ငအိပ်မှာ ဦးခေါင်းကို ခေါင်းပေါင်းဖြင့် ဖုံးထားရ၏။ ဥပုသ်နေ့ တစ်နေ့တွင် ငမိုးကောင်းတို့မိသားစု ဥပုသ်စောင့်ရန် ဘုန်းတော်ကြီးကျောင်းသို့ အသွား တွင် ငအိပ်နှင့် နောက်ပါများက နှောင့်ယှက်သဖြင့် ငမိုးကောင်းမှာ မြန်မာမင်း ပိုင်နက်ထဲသို့ ပြောင်းရွှေ့ရန် စိတ်ကူးတော့သည်။

ငမိုးကောင်း၏လယ်ကို စပေါင်းရိတ်သိမ်းနေစဉ်၊ မယ်မင်းဘော်မှာ ဒုတိယသားကို မွေးဖွားရန် ဝမ်းနာနေသည်။ ကောက်ရိတ်သူများ ဘေးသို့ တာပွန်ပြန်ဒုက္ခသည်နှစ်ယောက် ရောက်လာကြသည်။ ကျိုက်ကဗင်းသို့ ပြန်မည့်သူများ ဖြစ်သည်။ တစ်ယောက်က ခြေတစ်ဖက်သာ ရှိသည်။ ကျန်တစ်ယောက်မှာ ဖောယောင်နေသည်။ သူတို့ကို ငမိုးကောင်း အစွမ်းကုန် ပြုစုငြား၊ သူ့လက်ပေါ်တွင် ဆုံးပါးကြသည်။ သူသည် ထိုသူနှစ်ယောက်ကို

မြေမြှုပ်ပြီးလျှင်ပြီးချင်း၊ လယ်ကို မိတ်ဆွေများထံ အပ်နှံခဲ့ပြီး၊ စစ်မြေပြင်သို့ ထွက်လာသည်။ သူကြီးအိမ်၏မျက်နှာကို မကြည့်လိုသူတွေ လိုက်ပါလာကြသည်။ သူတို့ထွက်လာကြစဉ် တောကဲကြီး၏သား ငပြုံးချိုပြေးလာပြီး သတင်းပေးသည်။ မယ်မင်းဘော်မှာ သားယောက်ျားဖွားမြင်ကြောင်း။

ဦးမြတ်ထွန်း၏ တပ်တစ်တပ်သည် ကုလားအမြောက်နှစ်လက် ရရှိပြီးနောက် ပျောက်ကွယ်သွားသည်။ ကုလားသည် ထိုအမြောက်များ ပြန်ရရန် အသေအလဲကြိုးစားသည်။ ဟန်ပြအဖြစ် ဆောက်လုပ်ထားသော ချောင်းသုံးခွခံတပ်၊ လွန်းပြတ်တောင်ခံတပ်နှင့် သစ်ဆိမ့်စခန်း ခံတပ်များသို့ ဂျင်နရယ်ကောက်ဦးစီးပြီး မေဂျာပရိုက်နှင့် မေဂျာဝစ္စတန်တို့ စစ်တစ်ကြောင်းစီဖြင့် ချီတက်ကြသည်။ ထိုတပ်များကို နောက်ပိုးသိပ်ရန်အတွက် ဦးခေါင်းကလေးသည် ကြံခင်းမှ၊ ဦးခေါင်းကြီးသည် ထိန်တောမှ ချီတက်လာကြ၏။ သွေးသောက် ငမိုးကောင်းမှာ ခံတပ်တောင်ကြီး ပြိုကျသည့်အောက်သို့ ရောက်သွားသဖြင့် မည်သည့်အချိန်တွင် တိုက်ပွဲပြီးသွားသည်မသိ။ သူ သတိရချိန်၌ ရန်သူများ မရှိတော့ပြီ။ လင်းတ တရန်းရန်း၊ ခွေးအ တသောသောနှင့် မွန်၊ ဗမာ၊ ကရင် အလောင်းပင်လယ်ကြီးသာ ကျန်ခဲ့သည်။

အလောင်းပင်လယ်ထဲမှ လူသုံးယောက်ရ၏။ သာဦးနှင့် ငမန်းသာ၊ ဒေါင်းကျော်တို့ဖြစ်သည်။ ငမိုးကောင်းသည် သူနာများကို ပြုစုရင်း အလောင်းတွေကို မြေမြှုပ်သည်။ အလောင်းတွေ ရုပ်ပျက်မှုမြန်သောကြောင့် မီးပုံပြီးရှို့ရတော့သည်။ ငမိုးကောင်း အနာဝင်ငန်းဖမ်းပြီး ဖျားသော်အခါ၊ သာဦးကပြုစုသည်။ ငမန်းသာမှာ အစာဝင်သည်အထိ တိုးတက်လာပြီးမှ ကွယ်လွန်သွားသဖြင့် သေနတ်တွေကို မြေမြှုပ်ပစ်ခဲ့ပြီး၊ ရွာသို့ပြန်လာကြသည်။ မပြန်၍ မဖြစ်၊ ငမိုးကောင်းကိုယ်မှ အနာတွေ မကျက်သေး။ မျက်နှာကြီးလည်း ဖောသွပ်နေသည်။

ငမိုးကောင်းမရှိစဉ်တွင် သူကြီးအိမ် သောင်းကျန်းသည်။ ပုလိပ်များ

ထံသို့ ရွာသမီးပျိုများကို ဆက်သရာ မိဗိုင်း အညွန့်ကျိုးသဖြင့် ဆွဲချသေသွား သည်။ ငမိုးကောင်း၏ခယ်မ မိသော့ကား သူကြီးမျက်နှာကို ဓားဖြင့်ပစ်ပြေး ရာက ကနောင်သို့ရှောင်နေရ၏။ ရပ်ရွာလူထု မခံမရပ်နိုင်သောကြောင့် သူကြီးအိမ်ကို ဝိုင်းပြီး မီးရှို့ငြား၊ စစ်ဗာယီက သူကြီးဘက်မှာရှိသည်။

ကုလားကျွန်တွေနှင့် ကင်းလွတ်ရာ မြန်မာမင်းပိုင်နက်ကို အကြည့် အရှုသွားရန် ငမိုးကောင်း ရွာမှ ထွက်လာသည်။ ငချိပ်ပါလာသည်။ ခနဖြူ အထိ ခြေကျင်လျှောက်ရ၏။ ဦးမိုးထိ၏ ကုန်လှေကြီးဖြင့် ခရီးကြုံလိုက်ခွင့် ရစဉ် ဦးခေါင်းကြီးတပ်သားဟောင်း ငချွဲကိုလှေထိုးသားအဖြစ် တွေ့ရသည်။ ညောင်ပင်သာရွာတွင် လှေညအိပ်စဉ် ဆိပ်ကမ်းနှင့်လှေများကို ဓားပြစီးနင်း တိုက်ခိုက်သဖြင့် ငမိုးကောင်းဦးဆောင် နှိမ်နင်းသည်။ ဆင်ပေါင်ဝဲ–ဆင်သေ ရွာ ရှိ ငချွဲအမျိုးများက လုပ်ခင်းဆောင်တာစီစဉ်ပေး၊ အိမ်တစ်လုံးဆောက်ပေး ကြ၏။ သုံးလကြာ၍ အုန်းပင်စုသို့ ငမိုးကောင်းနှင့် ငချိပ်ပြန်ရောက်သော အခါ၊ ငအိပ် ဓားပြအသတ်ခံရပြီး၊ ငပြုံးချို သူကြီးဖြစ်နေပြီ။ ငပြုံးချို၏ မျက်နှာထား မကြိုက်သဖြင့် မြန်မာမင်းပိုင်နက်သို့ ရွှေ့ပြောင်းရေးမှာ ပိုမိုခိုင်မာ လာ၏။

ငလှိုင်းကိုကျောင်းအပ်သောနေ့၌ စာသင်ပေးသည်။ ခကွေးကိုမေ့နေ သဖြင့် ငမေးထံမေးရာ၊ ရှိခိုးခိုင်းပြီး မဟုတ်သည်ကိုပြောသဖြင့် ထပြီး ဖနောင့် ဖြင့်ပေါက်သည်။ စာသင်ကိုရင်ကြီးထံ တိုင်သောအခါ သဲဒဏ်ကိုးခေါက် ထမ်း ရ၏။ မြစ်ရေတက်နေသဖြင့် လှေဖြင့်ဆွမ်းခံကြရသည်။ တစ်နေ့တွင် ငမိုးကောင်း၏ယာထဲသို့ ငချွဲရောက်လာသည်။ သည်နယ်ထဲတွင် ဦးခေါင်း ကြီးနှင့် ဦးခေါင်းကလေးတို့ ဝင်ချေထွက်ချေ လုပ်နေကြကြောင်း သတင်းပေး သည်။ မြေထဲကို စီးနင်းရန် ငမိုးကောင်းတို့ ကြံစည်နေကြစဉ်၊ ဦးခေါင်းကြီး အသတ်ခံရသည်။ ကုလားက လုပ်ကြံသည်ဟု ငချွဲကလိမ်ပြောငြား၊ ငမိုး ကောင်း မယုံကြည်။ ကုလားထံမှ မျက်နှာသာရရေးအတွက် မင်းတုန်းမင်း၏

မုဂံစာအုပ်တိုက်

ရဲမက်တွေ လုပ်ကြခြင်းသာ ဖြစ်သည်ဟု ငမိုးကောင်းက စွပ်စွဲသည်။ သူသည် မင်းတုန်းမင်း ဘာပဲလုပ်လုပ် အကောင်းမမြင်။

## 'နေမင်းတစ်ထောင် တတိယတွဲ အကျဉ်းချုပ်'

ငမိုးကောင်း၏ယာထဲသို့ ငချွဲနှင့် ငဝဲတို့ လာရောက်ကူညီနေစဉ် မြင်းစီးကြီး ဦးရွှဲရောက်လာသည်။ မင်းတုန်းမင်းတရား ရွှေမြို့တော်တည်ပုံ ကို ပြောပြရာ ငမိုးကောင်း သဘောမတွေ့ပြား၊ ပဥ္စမသင်္ဂါယနာတင်ပုံ၊ နိုင်ငံတော်ကို ထိပါးသော ဇင်းမယ်၊ လပုန်း၊ လကွန်းတို့အား နှိမ်နင်းပုံ၊ သူ့အိုတန်း သူ့နာတန်း ထားပုံများသို့ရောက်သောအခါ ငမိုးကောင်း၏ မင်းတုန်းမင်းဆန့်ကျင်ရေးမှာ ပျက်ပြယ်စပြုပြီ။

ငမိုးကောင်းမှာ သားကြီး ငလှိုင်း၊ သားငယ် ငသိုင်းနှင့် သမီးကြီး မိအိုး၊ သမီးငယ်မိရိုး၊နို့စို့ကျိုင်းတို့ရှိ၏။ငမိုးကောင်း၏ယာထဲသို့ မြင်းစီးကြီး ရောက်လာချိန်ဝယ် ငလှိုင်းက လောကနီတိ၊ ငသိုင်းက မင်္ဂလသုတ်သို့ ရောက်နေကြပြီ။ ငမိုးကောင်း မရှိခိုက် အုန်းပင်စုသို့ ရောက်လာဖူးသော ဦးပဏ္ဍိတသည် ငမိုးကောင်း၏အဖေ ဦးထိန်း၊ အမိမယ်ရွက်နှင့် ငမိုးကောင်း ညီ ငမိုးနှောင်း၊ သူ့ဇနီး မယ်သ၊ အိမ်နီးချင်း ဒန်းလှတို့ကို အုန်းပင်စုသို့ လိုက်ပို့၏။ ထိုအချိန်တွင် ငမိုးကောင်းတို့ ပြောင်းသွားပြီဖြစ်သဖြင့် ဦးရဲတင်း၊ ဒေါ်ပန်းအိတို့သည် ဧည့်သည်များသာမက ငချိပ်၊ မိသော့တို့ကိုပါခေါ်ပြီး လှေတစ်စင်းဖြင့် ဆင်သေရွာသို့ ရောက်လာကြ၏။

ကိုရင်လှိုင်း(ရှင်လာဘ)မှာ မြင်းစီးတော်၊ သိုင်းပညာကျွမ်းကျင်ပြား ကဗျာရေးစီမှုတွင်လည်း သူ့ဆရာဦးဇဝန ကျေနပ်အောင် တော်၏။ ကိုရင် လှိုင်းကို ဒီပဲယင်းဘိုးဘွားများက မန္တလေးသို့ခေါ်သွားရာက လူထွက်ခိုင်းပြီး၊ အချုပ်တန်းဆရာဖေထံအပ်နှံထားကြ၏။ ထီးဖြူရုံ ပြာသာဒ်အတွက် ဦးဖေ အချုပ်ခံရသောအခါ မြင်ကွန်းမြင်းခုံတိုင် ပုန်ကန်မှု၊ ပန်းထိမ်းမင်းသားနှင့်

ညီတော်လေးပါး ပုန်ကန်မှုများတွင် ဦးဖေ အမှုထမ်းခဲ့ပုံများ၊ ဦးဖေက ရွှတ်ငလှိုင်းက လိုက်ရေးရသည်။

ဆင်သေရွာအနီးရှိ ယာထဲသို့ မြင်ကွန်းမြင်းခုံတိုင်၏ ကျေးကျွန်များရောက်လာကာ မောက်မာစွာဆက်ဆံသဖြင့် ကိုမိုးကောင်းနှင့် သမီးများကဆုံးမလွှတ်သည်။ ဆင်ပေါင်ဝဲတွင် ဗိုလ်ဝင်ခံနေသူများ သဘောဖြင့် ခုန်ဆင်းသွားငြား၊ ကိုမိုးကောင်းထံတွင် လူလေးယောက် ကျန်ခဲ့သည်။ ထိုသူများကိုမည်သို့လုပ်ရမည်နည်း။ မြင်းစီးကြီးထံသို့ လူလွှတ်ကာ မေးမြန်းထားသည်။ မြင်းစီးကြီးကိုရွှဲရောက်လာမှ လွှဲပေး၏။

ဘုရင်မင်းမြတ် ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော်တွင် မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ ချိန်းတွေ့ကြရာ၊ အဖော်အဖြစ် မကြီးအေးပါသည်။ မယ်ဒေါင်းလှမှာ တစ်လလျှင် ဒေါင်းဒင်္ဂါးငါးပြား လခရသောဇာတ်သမဖြစ်သည်။ မောင်မောင်လှိုင်းနှင့် မိဒေါင်းလှတို့ အကြောင်းပါသည်။ မကြာမီ ဆင်သေရွာတွင် ကိုမိုးကောင်း၊ မမင်းဘော်တို့ အလှူလုပ်သည်။ သားလတ်သိုင်းနှင့် အငယ်ကောင် ငကျိုင်းတို့ကို ရှင်ပြုခြင်းဖြစ်သည်။

အလှူသို့ မြင်းစီးကြီးရောက်မလာပါ။ ရှင်ဖြစ်တရားနာပြီး ညနေစောင်းမှ ရောက်လာသည်။ မြင်းစီးကြီးသည် တောထဲတွင် မသင်္ကာဖွယ်ရာလှည်းဘီးရာများ တွေ့သောကြောင့် အချိန်ယူကာ စောင့်ဆိုင်းသည်။ ကျောက်တိုင်၏ တောင်ဘက်မှလာကာ မြန်မာ့ပိုင်နက်တွင်းသို့ .တိတ်တဆိတ်ဝင်ပြီး ရေနံခိုးသော ကုလားဖြူများ၊ အခကြေးငွေဖြင့် ငှားလာသည့်လှည်းများကို မြင်းစီးကြီးတို့လူစုက ပုန်းလျှိုးကွယ်လျှိုး နှောင့်ယှက်သည်။ ကုလားဖြူတွေနှင့် လှည်းသမားတွေရန်ဖြစ်ကာ သတ်ဖြတ်စဉ်၊ ပုန်းကွယ်နေသူများက အခြေအနေဆိုးအောင်လုပ်သည်။ ယခင်တစ်ကြိမ်ကလည်း သစ်သူခိုးတွေကို ကိုမိုးကောင်းနှင့် ငချွဲ၊ ငဝတို့ ချေမှုန်းလိုက်သကဲ့သို့ ယခုလည်း မြင်းစီးကြီးနှင့် လူများက ကုလားဖြူများကို ကျောက်တိုင်တောင်ဘက်သို့

တစ်ယောက်မျှ မပြန်နိုင်အောင်လုပ်သည်။ ထို့ကြောင့် အလှူသို့ အချိန်မီ မရောက်ခြင်း ဖြစ်၏။

အချုပ်တန်း ဆရာဖေထံသို့ အမည်မသိ လူတစ်ယောက် ဖျပ်ခနဲ ရောက်လာပြီးနောက်၊ ဆရာဖေလည်း ပျောက်သွားသည်။ ငလှိုင်းနှင့် သော်က၊ ငစိန်တို့ လိုက်လံရှာဖွေရာ၊ သားတော်သမီးတော်တွေ အမိန့်တော် အတုဖြင့် အဖမ်းခံရကြောင်း၊ လွှတ်စေအမိန့်ကြောင့် လွှတ်သည်။ သို့သော် မကြာမီ ပြန်လည်ဖမ်းဆီးကြောင်း သိခဲ့ရငြား၊ ဆရာဖေကို မတွေ့။ နောက်မှ ပြန်ရောက်လာသောအခါ မရှင်မပျဖြင့် 'မြန်မာတွေ စည်းကမ်းဖောက်' တေးထပ်ကို ရေးသည်။

ငကျိုင်းသည် ရွာထဲသို့ ဆွမ်းအိုးပို့ရန် ထွက်လာစဉ်၊ လူကြုံပေးသည့် ဟင်းရွက်တစ်စည်းပါ သယ်ပိုးလာရ၏။ ဤသည်ကို ရွာအဝင်ဇရပ်၌ ပုလွေမှုတ်နေသော ငသိုင်းကမြင်သဖြင့် စုံစမ်းသည်။ ကျော့ခင်ပေးလိုက်ကြောင်း သိသောအခါ၊ ကျော့ခင်ထင်းခွေနေရာသို့ ငသိုင်းလိုက်လာသည်။ ငသိုင်းတွင် မင်ကြောင် မရှိသေးကြောင်း ပြောလွှတ်သဖြင့် ငသိုင်းမှာ မင်ကြောင်ထိုးရန် ဖြစ်လာတော့၏။ မင်ကြောင် ဆရာမှာ ဘသာဋ္ဌေး ဖြစ်သည်။ ငသိုင်းမှာ ၁၅၀၀ မင်ခံပုဆိုး ယက်လုပ်ပေးမည့်သူ မရှိသေးသဖြင့် အမေ ယက်လုပ်ပေးသည့် ၅၂၈ မင်ခံပုဆိုးသာ သုံးစွဲရလိမ့်မည်။ ဘသာဋ္ဌေးထံတွင် သကြိန်အတက်နေ့၌ မင်ကြောင်ထိုးမည့်သူ ကိုးယောက် ရှိသည်။ ထိုသူများ စုပေါင်းပြီး ရွာထိပ်၌ မင်ကြောင်ရုံ ဆောက်လုပ်ထား၏။ ငသိုင်းသည် မင်ကြောင်ရုံကို ၂ နှစ်တစ်ကြိမ်၊ ၃ နှစ်တစ်ကြိမ်သာ မြင်ဖူးသည်။ မြင်ဖူးသော်ငြား အသားနာမည်စိုး၍ ဝေးဝေးကွင်းခဲ့သည့်အတွက် လက်တို လက်တောင်း ဆောင်ရွက်ပေးသော မင်သကျွန်(မင်သေ့ကျွန်) မလုပ်ဖူးသော အခါ 'ဒီတဲက ဘာတဲပါလိမ့်' ဟုသာ တွေးနေမိတော့သည်။

♦

# နေမင်းတန်ဆောင်

ဆင်ဖြူကျွန်းအောင်သိန်း

(စတုတ္ထတွဲ)

## ၂၂

"မမလေးကိုတဲ့ ချစ်လို့ပါ၊ မမလေးကိုတဲ့ ကြိုက်လို့ပါ။ ဆေးမင်ကြောင် ရုပ်စုံမျိုး ထိုးနှံရပါ။ မထိုးချင်လို့ နေရရိုးလား။ မနှံချင်လို့ နေရရိုးလား။ မလေးရက်တဲ့ မင်ခံပုဆိုး တန်းသွယ်လို့မိုး"

မင်ကြောင်ရုံကို ရှစ်နေ့သမီးတို့၏ ယက်ဖျင်များဖြင့် မိုးပြီးပြီ။ ထိုနေ့ သမီးတို့၏ လက်ရာများဖြင့် ကာပြီးပြီ။ ထိုနေ့သမီးတို့ထံမှ စုဆောင်းရရှိသော ချည်မျှင်များဖြင့် ပုဆိုးတန်း တန်းပြီးပြီ၊ ထိုနေ့သမီး အပျိုစင်များ၏ ပရိတ်ချည်များဖြင့် အရံအတား လုပ်ထားပြီ။

ရာဇမတ်တိုင်များတွင် ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များ စိုက်ထူထားသည်။ ဘုရားစင်တွင် ဆေးဘုရားများ၊ ဂဝံရုပ်များ၊ ပန်းပေါင်းဘုရားများ၊ ဂမုံးပေါင်းဘုရားများနှင့် ကန်တော့ပွဲများ ထိန်ညီးနေသည့် ဆေးဖယောင်းတိုင်များ ရောက်နေပြီ။ သဲပြင်ပေါ်တွင် ငှက်ပျောရွက်များ ထပ်ခင်းထားပြီးပြီ။

မင်ကြောင်ဆရာသည် ပရိတ်တော်များ ရွတ်ဖတ်ပြီးနောက် မေတ္တာ

ပို့ရင်း ပေါက်ပေါက်များကို ကြဲပက်သည်။ ထိုအထဲတွင် ဆေးဆိုးထားသည့် ဆန်ပန်းများ ပါဝင်သည်။ ဂါထာမန္တာန် မန်းမှုတ်ထားသည့် 'ဆန်မန်း' များလည်း ပါသည်။

မင်ကြောင်ထိုးမည့် ကာလသားများသည် မင်ကြောင်ဆရာနှင့် လက်ထောက်များ၏နောက်တွင် ကျောအပြောင်သားဖြင့် ဆောင့်ကြောင့် ထိုင်လျက် လက်အုပ်ချီကာ၊ မြတ်စွာဘုရားကို အာရုံပြုနေကြ၏။

ထိုအခိုက်တွင် ရုတ်တရက်ပေါ်လာသော ဒိုးပတ်သံကြောင့် စိတ် ပျံ့လွင့်သည်။ အတီးတွင် တေးချင်းပါ ပါလာသည့်အတွက် ငသိုင်းမှာ မလုံမလဲ ဖြစ်သွားရတော့သည်။

ကြည့်ပါဦး၊ ဆေးမင်ကြောင်ထိုးနံခြင်းမှာ ယောက်ျားပီသလို၍ မဟုတ်၊ လုပလို၍လည်းမဟုတ်။ မမလေးကို ကြိုက်သောကြောင့် ဟူ၏။

သူကဲ့သို့သောသူ မည်မျှပါချေမည်နည်းဟု ငသိုင်း စွေစောင်းကြည့်၏။ ငမှန်၊ ငထိုက်၊ ထွန်းခဲ၊ ငကဲတို့ မျက်တောင် ပုတ်ခတ်ပုတ်ခတ် ဖြစ်နေကြ၏။ ငမန်း၊ သာခိုင်၊ ငကျားတို့ကား လည်ပင်းရှည်လျက် မင်ကြောင်ရုံအပြင်သို့ မျှော်ကြည့်ကြ၏။

ထိုမထိတထိ တေးချင်းသံဖြင့် စောင်းမြောင်းနေသော ဒိုးပတ် ဝိုင်းမှာ နေ့ချင်းပြီး ဆောက်လိုက်သော 'အမျှော်တဲ' မှပေတည်း။

ကာလသားခေါင်း တောက်တဲ့နှင့် ကာလသမီးခေါင်း မကြီးပုတို့မှာ အော်ကျယ်ဟစ်ကျယ်ပြောလိုက်၊ ရယ်မောလိုက်ဖြင့် သည်တဲမှာ သူတို့တဲ ဖြစ်ကြောင်း ကြေငြာနေဘိသို့ရှိ၏။

တဲတွင် အကာမရှိပြား၊ ရှန်ပန်းထည်တစ်ထည်ကို နဖူးစည်း လုပ်ထားသည်။ နေရောင်လာမည့်ဘက်၌ ကန့်လန့်ကာတစ်ထည် ဖြန့်မိုး ထားသည်။ ဤအနီရောင်နှစ်ခုမှအပ တစ်တဲလုံး ဝင်းထိန်နေ၏။ ဖွားဖက် ရွှေပွင့်များနှင့် ပိတောက်များ အဝင်းအထိန်ပြိုင်နေကြခြင်းဖြစ်သည်။

"အမယ်လေးဟဲ့၊ မင်ကြောင်ထိုးသာ လွယ်သယ်များမှတ်လား။ ကိုတောက်တဲ့အဖေမှာ ပေါင်တစ်ဖက်တောင် ထိုးကွင်းအပြည့်မရှိသာ ကိုတောက်တဲ့ အမေပဲ သိသတော"

မကြီးပု အော်ကျယ်အော်ကျယ်နှင့် ငယ်ကျိုးငယ်နာဖော်သောကြောင့် မင်ကြောင်ရုံဘက်သို့ တောက်တဲ့ထွက်ပြေးတော့သည်တွင် ကာလသမီးတွေ အုန်းခနဲ ရယ်မောကြ၏။ ပြေးသော်လည်း အပြောမရပ်။

"နာလွန်းမကနာတော့ တောက်တဲ့အဆ သေလုမျောပါးအော်သတဲ့။ ဘေးက ကိုင်ပေးသူတွေရော၊ မင်ကြောင်ဆရာပါ စိတ်ညစ်သာပေါ့။ မင်ကြောင်ဆရာ မောမောနဲ့ နောက်ဆုတ်ပြီး နားနေတုန်း ထပြေးသာ တစ်သက်လုံး ရွာကို မပြန်တော့ဘူးတဲ့"

ရယ်မောသံကြီးအဆုံးတွင် "ဘယ်အရပ်ကတုန်း မကြီးပုရဲ့" ဟု မေးသံ ပေါ်လာပြန်သည်။

"ဂဒန်းဘက်ကတဲ့ဟယ်။ ၎င်းအမေလည်း အိမ်ထောင်ပြုပြီးမှ ပေါင်တစ်ဖက်တောင် ပြည့်အောင် မင်ကြောင်မထိုးသူမှန်းသိလို့ ကွာမယ်အလုပ်မှာ တောက်တဲ့ကို မွေးသာနဲ့ မကွာဖြင်သာတဲ့တော့"

ဝေါခနဲ ရယ်မောကြသည်။ မကြီးပု ပြောရှိမပြီးသေး။

"ညည်းတို့ တောက်တဲ့အဆ အောက်ပိုးကျိုက်သာ ဘယ်နှစ်ခါမြင်ဖူးကြသတုန်း။ ကျုပ်ဖြင့် မမြင်ဖူးသေါင်သော်"

ကာလသမီးတွေ တသောသော ရယ်မောသံမစဲမီ မျှော်တော်ယောင်တဲထဲသို့ အမောတကော ပြေးဝင်လာသူမှာ ငကျိုင်း။ ပုဆိုးသစ်တစ်ထည်ကို ပိုက်ထားသည်။ အပြေးလာရသည့်အတွက် နံနက်အစောကြီးမှာပင် ချွေး ရွှဲနေသည်။

"အကျွန်လည်း မင်ကြောင်ထိုးချင်လို့ဗျာ"

"ဟဲ့ မောင်လေး" ဟု အစချီကာ ကျော့ခင်က လမ်းညွှန်မည်အပြုတွင်

မကြီးပုက လက်ကာပြလိုက်ပြီးမှ မှင်နှင့်မောင်းနှင့်မေးသည်။

"အမောင်က မင်ကြောင်ထိုးသာ ဘယ်လိုထိုးမှာတုန်း။ မှောင်ထဲမှာ ထိုးမှာလား။ အလင်းထဲမှာ ထိုးမှာလား"

"ဗျာ"ခံပြီးနောက် မကြီးပု၏အမေးကို ကျောင်း ဖြေကြားရန် ကြိုးစား၏။ သို့ရာတွင် အပိုးမသေသော မျက်နှာများကိုသာ မြင်ရသဖြင့် ဟိုဟိုသည်သည် မျက်စိကစား၏။ မြင်ရပြီ။ ခန့်ညားတင့်တယ်သော မင်ကြောင်ရုံ။

"မသိလို့မေးသာ ကောင်းကောင်းမဖြေဘူး။ အမေ့တိုင်မယ်"

ကျောင်း ကြုံးဝါးပြီး ထွက်သွားသည်။ ကာလသမီးတွေ ပါးစပ်ဟောင်းလောင်းဖြစ်ကာ ကျန်ခဲ့သည်။ ကျန်ခဲ့ခြင်းမှာ သည်ရွာတွင် သည်အရွယ်ဖြင့် မင်ကြောင်ထိုးသူ မရှိဖူးသောကြောင့်ဖြစ်၏။

ကျောင်းသည် ဒေါ်နှင့်မောနှင့် မကြီးပုအား ခြိမ်းမောင်းပစ်ခဲ့ကာ မင်ကြောင်ရုံဘက်သို့ အသော့နှင်၏။ သို့စဉ်တွင် မင်ကြောင်ရုံဘက်မှ ပြေးလာသူက သူ့ကိုဝင်တိုက်သည်။ လေပွေဖြစ်သည်။

"ဟာ၊ မင်း ကျောင်းမသွားဖူးလား"

"စာမှ မသင်သာကွာ။ မသွားပါဘူး။ ငါ အခု မင်ကြောင်ထိုးမလို့"

လေပွေနောက်ဆုတ်ကာ ကျောင်းမျက်နှာကို မော့ကြည့်၏။ ခြေဆုံးခေါင်းဆုံး သုံးသပ်သောအခါ၊ မင်ခံပုဆိုးကိုမြင်ရသဖြင့် မယုံ၍မဖြစ်။

"ဟ မင်ကြောင်ထိုးသယ်ဆိုသာ လူပျိုဖြစ်မှ ထိုးရသာ"

"လူပျိုဖြစ်မှ ဟုတ်လား။ ဟာကွာ လူပျိုဖြစ်အောင် စောင့်မနေနိုင်ပါဘူး"

"သိပ်ပြီး နာသာတဲ့"

ကလေးပီပီ ကလေးသံဖြင့် ကျောင်းရယ်မော၏။

"ဦးဇင်းကြီးရိုက်သာလောက် နာမထင်ပါဘူးကွာ"

ထိုစကားကြောင့် လေပွေ တွေခနဲဖြစ်သွားတော့မှ ကျောင်း မေးနိုင်၏။

"မင်းက ငါ့ကိုမေးလို့၊ မင်းကော ဘာလုပ်နေသတုန်း။ မင်းကြောင် ထိုးမှာလား"

"ဟင့်အင်း။ အပျိုတွေက မုန့်ပေးမယ်ဆိုလို့ အောင်သွယ်လုပ်နေသာ"

သူ့ဘာသာသူပြောပြီး လေပွေသည် သူ့ဘာသာသူ ရယ်မော၏။ အဓိပ္ပာယ်ကို နားမလည်ငြား ကျေးဇူး မမေးတော့ပါ။ "အေး အေး" ဆိုကာ ထွက်သွားလေ၏။

မျှော်တော်ယောင်တဲထဲမှ အပျိုမျှားသည် လေပွေပြေးလာသည်ကို မြင်ကတည်းက သူ့ကိစ္စလော၊ ငါ့ကိစ္စလောဟု လည်ဆန့်၍ကြိုလင့်ကြ၏။

"လေပွေ ဘာတုန်းဟဲ့၊ ပြောလေဟယ်"

အပျိုခေါင်းသည် သူ့အပျိုမျှားကိုယ်စား သွက်လက်စွာမေး၏။

"ကိုကျား ထိုးတော့မှာဗျာ့"

"ဝဲမှောင်လား ယာမှောင်လား"

"ယာမှောင်ဗျာ့။ ကွမ်းသီးနဲ့ ပန်းညိုရွက်ပေးပါ"

ဝဲမှဝင်သည်ဖြစ်စေ၊ ယာမှဝင်သည်ဖြစ်စေ သည်ကြေးစုတ်ကြီးဖြင့် ဆောင့်ထိုးသဖြင့် နာသည်ချည်းဖြစ်၏။ အပျိုခေါင်းသည် သူ့အပျိုတွေကို လှည့်ပြီး အကဲခတ်နေစဉ် လှုပ်ရှားသူမှာ မိစော။

မိစောသည် ကွမ်းသီးသုံးလုံးနှင့် ပန်းညိုရွက်သုံးရွက်ကို ကိုင်လျက် လေပွေ့ဘေးသို့ တရွေ့ရွေ့တိုးကပ်လာပြီး တိုးတိုးသက်သာပြော၏။

"ဘယ်လောက်ပဲနာနာ မအော်ပါနဲ့လို့ ပြောနော် မောင်လေး။ နာရင် ဟောသည်ကွမ်းသီးတွေခဲထားပါလို့။ ဟောသာတွေက ရှူဖို့။ သည်နှမ်းပျစ်က မောင်လေးစားဖို့"

လေပွေသည် နှမ်းပျစ်ကို ပါးစပ်ထဲထည့်ရင်း ပြေးသည်။ ကျားမှာ ချစ်ပါပြီ၊ ကြိုက်ပါပြီ တစ်ကြိမ်မျှမပြော။ မျက်စောင်းတခဲခဲဖြင့် ငေါက် ဆတ်ဆတ် အပြောကိုသာ သီကုံးပန်းသွင် အမြဲဆင်နေခဲ့ရသူဖြစ်ရာ မိစော

ထံမှ အမှာစကားနှင့် လက်ဆောင်ရသောအခါ ကျေနပ်ဝင့်ကြွားစွာဖြင့် မင်ကြောင်ရုံထဲသို့ ဝင်သွားလေ၏။ ကွမ်းတစ်ယာညက်ပင် မကြာ၊ "အမယ်လေး၊ သေပါပြီဗျာ့။ အဟူး နာလိုက်သာ" အော်သံကြီးက ရုံအပြင်သို့ လျှံထွက်လာတော့သည်။

ဒိုးသမားများကား နားပါးလှသည်။

'အမေလေးရယ်က စိတ်မတူ' ကို အဆိုဖြင့် စောင်းချိတ်တီးနေရာက တိခနဲ ရပ်သည်။

"မိုးမင်း ဘယ်တော့သောက်ပါ့မယ်၊ ပန်းပဲဘယ်တော့ခေါက်ပါ့မယ်'

အခါကြီးရက်ကြီးတွင် မဦးမချွတ် မျောက်မင်းအူသံကို တီးငြား မကြီးပု မတားမြစ်။ ဒိုးပတ်သံကြားမှ အော်သံကို နားစွင့်၏။ ငကျားကား အော်မြဲအော်နေစဉ် လေပွေ ပြေးလာပြန်၏။

"ကိုရင် ငထိုက် ဝင်တော့မှာဗျ"

"ဟေ ဟုတ်လား၊ ရော့ရော့ မောင်လေး၊ အံမှာ ခဲဖို့ ကွမ်းသီး။ ဟောသည်မှာ ရှူဖို့ ပိတောက်ပန်း"

"ဟင် ကျုပ်ဖို့ကော ဘာမှမပေးတော့ဖူးလား"

"မေ့နေလို့ပါတော်၊ ရော့ပါ" ဟု ပဲလှော်တစ်ဆုပ်ပေးသူမှာ မိချောဖြစ်၏။ "အော်ရင် ရုက်စရာကြီး၊ မအော်ပါနဲ့လို့ ပြောနော်" ဟူ၍လည်း မှာလိုက်သေး၏။ ငကျား၏ အော်သံများကား မစဲသေးချေ။ သို့စဉ်တွင် ငထိုက် ဝင်သွား၏။ ဒိုးသမားများသည် မျောက်မင်းအူသံမှ အစောင်းတေးချင်းကို ပြောင်းရင်း နားစွင့်၏။

တစ်အောင့်ဖြင့်လည်း အော်သံမကြားရ၊ ကွမ်းတစ်ယာညက် ကြာညောင်း၍လည်း ငထိုက်အသံ မကြားရ။ မိချော ပြုံးနိုင်ပြီ။ မိချောပြုံးသည်ကို မိစော မနာလို။ ဒိုးသမားထံ ဆေးလိပ်နှစ်လိပ် လှမ်းပေးသည်။

"တော်ရို့ဟာက ပျင်းစရာကြီးတော်။ ဗိန်းမောင်းလေးဘာလေး"

ဒိုးဆရာ သိပါသည်။ ဟေမောင်ရို့ ‘ဒါး’ ဟု တိုင်ပေးလိုက်ရာက ‘ကျား’ ဟုအော်ခြင်းဖြင့် လေးကင်းတီးသည်။ ဆက်၍ ဗိန်းမောင်းတိုက်သည်။ တစ်ချက်ချင်း ပေါက်နေရာက မင်ကြောင်ဆရာသည် ဗိန်းမောင်းသံနောက်သို့ လိုက်ကာ တရကြမ်း ထိုးစေရန်ဖြစ်သည်။ သို့နှယ် မိစော လုပ်ကြံငြား ငထိုက်၏အသံ ထွက်မလာ။

ထိုနှစ်ယောက် မပြီးမီ နောက်ထပ်နှစ်ယောက်။ ထိုနှစ်ယောက်လည်း ငထိုက်နည်းတူပင် သတ္တိကောင်းကြသည်။

“အမေ့ကိုတဲ့ ချစ်လို့ဗျာ၊ အဖေ့ကိုတဲ့ ချစ်လို့ဗျာ။ ဖမိအပြင် မယ့်ကို အစစ် ချစ်ပါရဲ့ဗျာတဲ့လေ”

သမီးရည်းစား အရုပ်တော်ပုံတစ်ခုကို ဖွဲ့သီထားသော တေးချင်း တစ်ပုဒ်ကို ဒိုးဆရာတို့ ပြောင်းလွဲတီးသည်။

“စကားရယ်ဝါ၊ မင်သေ့ဆရာ လာခါမှ ကိုလူညာ ထောင်ပုဆိုးနဲ့ မျိုးဇာတိ ပေါ်လာသလေလေ့”

ထိုအခါ ဝါးလက်ခုပ်သမားများနှင့် လင်းကွင်းသမားတို့က ညာသံပေးပြီး ဝင်တောကြ၏။

“ထောင်ပုဆိုးပေလော့၊ ရာပုဆိုးပေလော့ စိုးရွံ့ရွံ့ မေးမိပါ”

“ချစ်စိတ်ဖြင့် နာသလေတော့်”

“ပြုရက်လေသာ မောင့်ကိုယ်မှာ ထောင်ပုဆိုးနဲ့ ဝဲမှောင်မှာ ထိုးသလေတော်”

အဆိုသမား၏ သံအေးသံနွဲ့ကို လူးလိမ့်ခေါက်ပြန် တီးအပြီးတွင် ဝါးလက်ခုပ်သမားနှင့် လင်းကွင်းသမားတို့အသံ ပေါ်လာပြန်သည်။

“ကွယ်လေးရဲ့ မင်ကြောင် ဘယ်မှောင်မှာ ထိုးထိုး”

“တော့်မင်ခံ ထောင်ပုဆိုးကြောင့် မယ့်ရင်ဘတ် ကျိုးကျိုး”

ဤတေးချင်းသံကြောင့် ကျော့ခင် ငေးမောရ၏။ ငသိုင်းသည်

သူ့ပယောဂကြောင့် မင်ကြောင်ထိုးသည်ဟု ကျော့ခင် ယုံကြည်၏။ ယခုသော် ကျော့ခင်၏ ယုံကြည်မှုကို တေးချင်းက ဖျက်ပြီ။

'ငါ့နိုင်းလို့ မင်ကြောင်ထိုးသာမှန်ရင် ငါ့ဆီလာပြီးပုဆိုးအရက်မခိုင်းပါကလား။ ငါ့လိုပဲ မင်ကြောင်ထိုးခိုင်းသူရှိလို့ သူ့ဆီကများ မင်ခံပုဆိုး ရသွားလေသလား....'

အတွေးသည် ကျော့ခင်အား များစွာ နှိပ်စက်သည်။ သို့သော် သူသည် အကောင်းဘက်မှလည်း လှည့်ပြီး တွေးပြန်သည်။

'ငါ့ဆီကို မင်ခံပုဆိုး လာမတောင်းသာဟာ သူ့အမေနဲ့ နမတွေကများ ရက်ပေးကြလို့များလား....'

ကျော့ခင်ရင်ထဲ အေးချမ်းယောင်ရှိရ၏။ ရှိသော်ငြား ရဲရဲ မအေးဝံ့။ ပထမအတွေးက ခြိမ်းခြောက်နေသည်။

'အေးလေ၊ သူ ဘာပုဆိုး ဝတ်သတုန်း၊ ၁၅၀၀ ကို အခြေခံသဲ့ ရည်းစားရက်ပေးသဲ့ ထောင်ပုဆိုးလား၊ ၅၂၈ ကို အခြေပြုသဲ့ ၅၂၈ ရာပုဆိုးလားဆိုသာ လေပွေကို မေးရမှာပဲ....'

သူသည် လေပွေပြေးလာတိုင်း မျှော်၏။ လေပွေ၏ ပါးစပ်မှ သတင်းအမည် ထွက်မလာသေးချေ။ ကျား သွေးရဲရဲ မင်မဲမဲဖြင့် ယာမှောင်မှ ထွက်လာချိန်တွင် နောက်နှစ်ယောက် ဝင်သွားသည်။ ထိုအထဲ၌ သတင်းမပါသေး။

တစ်အောင့်ကြာမှ လေပွေ ပြေးလာသည်။

"ဝဲမှောင်က ဝင်မယ့်လူ ဘယ်သူတုန်း သိလား"

ယာမှောင်သည် သာမန်သမားများ ဖြစ်ကြ၏။ မင်ကြောင်ဆရာကိုယ်တိုင် အစအဆုံး ဂရုတစိုက် ထိုးပေးရသည့် ဝဲမှောင်သမားကို မျှော်နေခိုက် ဖြစ်သဖြင့် ဒိုးပတ်ဝိုင်းပါ ရပ်စဲ၏။

"ဘယ်သူတုန်း လေပွေ၊ မြန်မြန်ပြောစမ်း"

**ပုဂံစာအုပ်တိုက်**

"ကိုရင် သေိုင်းဗျ၊ ကိုရင်သိုင်း"

ကျော့ခင်ရင်ထဲ ဒိန်းခနဲဖြစ်၏။ သိုင်းအတွက် မည်သူသည် တစ်စုံတစ်ရာ ပေးချေမည်နည်း စောင့်ကြည့်၏။ လှုပ်ရှားသူမရှိ။

"ဝင်သွားရင် မပေးလိုက်ရဘဲ ဖြစ်ကြမနော်"

လေပွေသည် ကာလသမီးများကို ဇေ့ကြည့်ရင်း သတိပေးသည်။ ကျော့ခင် စိတ်တစ်ဝက်အေးသွားငြား ရှက်သည်။ ရှက်ရှက်ဖြင့် လေပွေ၏ လက်ထဲသို့ အထုပ်တစ်ထုပ် လှမ်းပေးလိုက်ရတော့သည်။

သိုင်းမှာ အထုပ်တစ်ထုပ်ကိုင်မြှောက်လျက် လေပွေပြေးလာသည်ကို မြင်ကတည်းက ဝမ်းသာနင့်ပြီ။ သူသည် ကျော့ခင်ထံမှ ရလိမ့်မည် မထင်သဖြင့် မင်ခံပုဆိုး မတောင်း။ ယခု ကွမ်းသီးနှင့် အမွှေးနံ့သာ ပေးလိုက်သည် ဆိုသည့်အတွက် ရင်ထဲ၌ ပျော်ပွဲ ကျင်းပပြီ။

"ဝဲမှောင်က အချိန်ကျပြီ၊ ဝင်တော့ဟေ့"

ဝဲမှောင်မှဝင်သူ ရှားရှားပါးပါး သည်တစ်ယောက်သာ ရှိသဖြင့် ဒိုးပတ်ဝိုင်းက မပီမသ ပြောသံတီးပေး၏။ သည်တီးသံကို သိုင်း တန်ဖိုးထားသည်။ ဝဲမှောင်၏ အကာ တင်းတိမ်ကို ဝင့်ကြွားစွာ တွန်းဖယ်လျက် ဝင့်ကြွားစွာ ဝင်သွားသည်။

ဘသာဓွေးသည် ဆေးစင်အနီး၌ မားမားရပ်ကာ ပြုံးပြုံးကြီးကြီးလင့်၏။ "ယာမှောင်သမားတွေ သုံးယောက်လောက် ဟိုဘက် တိုးပေးကြဟေ့။ သိပ်လည်း မအော်ကြနဲ့လကွ" ဟု သတိပေးပြီးနောက် သိုင်းကိုမေးသည်။

"ခေါင်းဆော်ခဲ့ရဲ့လား"

"မနေ့တုန်းက လျှော်ထားပါသယ် အဘ"

"ကနေ့ ရေချိုးခဲ့သလား"

"ကျကျနနန ချေးညှော်တွန်းပြီး ရေချိုးခဲ့ပြီးပါပြီ အဘ"

"ကောင်းပြီ၊ ထိခြင်းငါးပါးနဲ့ ထိုင်ပြီး ငါးပါးသီလ ခံယူပေတော့"

ဆေးဝါးစီရင်ထားဟန်တူသော ပျားဖယောင်းတိုင်သုံးတိုင်သည် ဆေးစင်ရှိ ရုပ်ပွားတော်မြတ်များရှေ့တွင် ထွန်းလင်းလျက်ရှိသည်။ သေိုင်းသည် မင်ကြောင်ဆရာ ညွှန်ကြားသည့်အတိုင်း ကျကျနနထိုင်ပြီး ကျယ်လောင်စွာ ရှိခိုး၏။ သီလ ခံယူ၏။

"မတ်တတ်ရပ်ပြီး အမောင့်ခါးက မင်ခံပုဆိုးကို ကောင်းမွန်စွာခေါက်။ ဆေးစင်အောက်က ကြိုးတန်းမှာ တင်ထားပါ"

သေိုင်းသည် မတ်တတ်ကား ထရပ်ပါ၏။ ဝတ်လာသော ပုဆိုးကို ချွတ်ရန်မူ မဝံ့ရဲချေ။

"ယောက်ျားတွေချည်းပါကွယ်၊ ဆက်မနေနဲ့ ချွတ်။ အချိန် မဆိုဘူး"

ဘသာဋ္ဌေး ပြောနေဆဲ၌ လက်ထောက်မင်ကြောင်ဆရာတစ်ယောက်က ဆွဲချွတ်ပစ်လိုက်သည်။ သေိုင်းမှာ ထူပိန်း ရဲတက်လာသည့် မျက်နှာကိုငုံ့ထားရမည်ယောင်၊ မော့ထားရမည်ယောင် ဖြစ်နေစဉ် လက်ထောက်နှစ်ယောက်က လက်ကို ဆွဲမြှောက်သည်။ ချာချာလှည့်ခိုင်းသည်။

ထို့နောက် သေိုင်းသည် ခြေနှစ်ဖက်ကို ကားလျက် လက်ထောက် မင်ကြောင် ဆရာများအား လက်ယှက်ရှိခိုးနေသည်။

"အမောင်ရို့၊ ယခု ဆေးဝါးအစီအရင် မင်သေ့ထိုးနှံမည့်သူသည် ယောက်ျားစစ် ယောက်ျားမှန် ဖြစ်၏လော"

ဘသာဋ္ဌေး၏အမေးကြောင့်၊ သေိုင်းမှာ သူ့ကိုယ်ကို ယောင်ယမ်းငုံ့ကြည့်သည်။ မျက်နှာတစ်ကြိမ် ထပ်မံရဲတက်လာကာ မျက်နှာမထားတတ်ဖြစ်ရပြန်၏။ သို့စဉ်တွင် ဖြေသံများပေါ်လာ၏။

"ဤလုလင်ကား ယောက်ျားစစ်ယောက်ျားမှန် ဖြစ်ကြောင်းပါဆရာခင်ဗျား"

"ယောက်ျားဖြစ်ချေ မိန်းမဖြစ်ချေ၊ လိင်အင်္ဂါပြောင်းလွဲသော နပုဏ်းပဏ္ဍုတ်လော"

"ယောက်ျားစစ် ဖြစ်ကြောင်းပါ ဆရာခင်ဗျား"

"ပွေး၊ ဝဲ၊ ညှင်း၊ နှင်းခူအစိုအခြောက်၊ အိုင်းအနာ၊ အနာကြီးရောဂါတို့မှ ကင်းစင်၏လော။

"အားလုံး ကင်းစင်ကြောင်းပါ ဆရာခင်ဗျား"

"ကောင်းပေစွ။ သို့ဖြစ်က အသင့်ပြင်စေ"

လက်ထောက်မင်ကြောင်ဆရာများသည် ပရိတ်သဲမြေ ကျစ်ကျစ် ပေါ်တွင် လန်းဆန်းသော ငှက်ပျောရွက်များကို အလျင်အမြန် အထပ်ထပ် ခင်းကြသည်။ တစ်ဖန်၊ ထိုအပေါ်တွင် ပုဆိုးသစ်တွေ လွှားခနဲလွှားခနဲ တစ်ထည်ပြီးတစ်ထည် ရောက်လာပြန်၏။ ငသိုင်းမှာ ခင်းလာသော ပုဆိုး သစ်များကို ငုံ့ကြည့်ပြီး သွေးကြီး၏။

ပုဆိုးအသစ်တွေမှာ ကြိုးချိတ်၊ လွန်းရာကျ၊ နဂါးလိမ်ပုဆိုး၊ အေးပုဆိုး၊ ပုသိမ်ထည်ပုဆိုးတွေ ဖြစ်နေသဖြင့်ပေတည်း။

'ဩောင်း နမော ဗုဒ္ဓါ နဘာဝေန၊ ဩောင်း နမော ဓမ္မာ နဘာဝေန၊ ဩောင်း နမော သံဃာ နဘာဝေန'အစချီလျက်၊ ဘသာဋ္ဌေးသည် ဆေးစင်ကို လက်အုပ်ချီကာ၊ စုတ်နှင့် ဆေးခွက်ကိုယူသည်။ လက်အုပ်ချီမပျက် နောက်သို့ ဆုတ်လာသည်။ ငသိုင်းကား ပုဆိုးအသစ်များပေါ်တွင် ပက်လက်လှန်နေရပြီ။

"အဝိဇ္ဇာ အဏ္ဍကောသမှိ၊ အဝိဇ္ဇာတည်းဟူသော ဥခွံအတွင်း၌ တဏှာဇလာဗုဓေ၊ တဏှာတည်းဟူသော သားအိမ်၌ဖြစ်ကုန်သော သတ္တေ သတ္တဝါတို့ကို၊ ဒေသနာဉာဏတေဇသာ၊ ဒေသနာဉာဏ်တည်းဟူသော တန်ခိုးဖြင့်၊ တမှာဌာနာ၊ ထိုအဝိဇ္ဇာဥခွံ တဏှာသားအိမ်အရပ်မှ၊ နိက္ခာပေသိ၊ ထွက်မြောက်စေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာ စကားကြောင့်၊ မေ၊ တပည့်တော်အား၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်၊ ဟောတု၊ ဖြစ်ပါစေသတည်း"

ဘသာဋ္ဌေးသည် အောင်ခြင်းရှစ်ပါး ပထမရှိခိုးဂါထာကို ရွတ်ဆို

ပူဇော်လျက်၊ ငသိုင်း၏နဖူးတွင် စုတ်ချက်တစ်ချက်၊ ရင်ဘတ်၊ ပခုံးတို့၌ တစ်ချက်စီပေးပြီးမှ လက်ထောက်များ အသင့်ချထားသော ခေါင်းအုံးပေါ်၌ ထိုင်သည်။ ငသိုင်း ရင်ဘတ်ပေါ်သို့ ခြေနှစ်ချောင်းတင်သည်။

မင်ကြောင်ထိုးနှံမည့် အရေခွံပေါ်တွင် ဖဝါးနှစ်ခုတင်ပြီး ဆွဲလိုက်ခြင်းဖြင့် မွေးညင်းပေါက်များ ကျယ်ပြန့်သွားအောင် လုပ်ပြီးဖြစ်သွားသည်။ ထိုအခါတွင် လက်ထောက်များမှာ ဆေးယူပေးရန်နှင့် အထိုးခံသူ မတွန့်လိမ်အောင် ကိုင်ပေးရန်သာ တာဝန်ရှိသည်။

သို့သော် ဘသာဌေး အထိုင်မကျသဖြင့် ခြေထောက်ပြန်ရုပ်သည်။ ခေါင်းအုံးထပ်ခုသည်။ နောက်တစ်လုံး ထပ်ဆွဲပြန်ကာ မြေပေါ်တွင်ချလျက် ဒူးတစ်ဖက်ထောက်သည်။ လက်ထောက်နှစ်ယောက်သည် ငသိုင်း၏ ရင်ဘတ်ကို တင်းနေအောင် ဖြဲပေးကြရလေ၏။

"စက္ခုမန္တသေ၊ စက္ခုငါးပါးဖြင့် ပြည့်စုံတော်မူထသော၊ သိရိမတော၊ ဘုန်းကျက်သရေဖြင့် ပြည့်စုံတော်မူထသော၊ ဝိပဿိဿစ၊ ဝိပဿီမြတ်စွာဘုရားအားလည်း၊ မေ၊ တပည့်တော်၏၊ နမော၊ ရှိခိုးခြင်းသည်၊ အတ္ထု၊ ဖြစ်ပါစေသတည်း"

ဘသာဌေးသည် အာဋာနာဋိယသုတ်တော်ကို ပါဠိအနက် ရွတ်ဆိုကာ စတင်ထိုးနှံလေပြီ။ ဖအေ့သားပီပီ သန်လျက်ထမ်း နတ်ရုပ်နှစ်ရုပ် ရင်ဘတ်တွင် ထိုးနှံပေးပါဆိုထားသဖြင့် ထိုနတ်များမှ စတင်ထိုးနှံခြင်း ဖြစ်သည်။

ဝမ်းသာသည်။ ရှက်လည်းရှက်သည်။ ဤနှစ်လီကြောင့် ငသိုင်း နာကျင်ရမှန်းမသိ။ သို့တစေ နတ်ရုပ်တစ်ရုပ်နှင့် သန်လျက်တစ်လက် ထိုးနှံပြီးချိန်ဝယ် နာကျင်စပြုပြီ။ ထိုးနှံပြီးသည့်နေရာတွင် နာသည်။ ထိုးဆဲ စုတ်ချက်တိုင်းက နာသည်။ တစ်ချက်တွင် အရိုးပေါ်သို့ စုတ်သွားကျသံ ကြားလိုက်ပြီး စူးခနဲနာသဖြင့် ငသိုင်းမှာ အော်မိမတတ်ဖြစ်သွားရာ အံကြိတ်ထားလိုက်၏။

'ငါ ဘာကြောင့် အော်ရမှာတုန်း။ သပဟာထိုးရင် နာမယ်ဆိုသာ

ငါသိလျက်နဲ့ ထိုးသာပဲ။ ယောကျ်ားဆိုသာ မနာကျင်ရဘူးလို့ အဖေကလည်း ပြောသမှတ်လား....'

နာကျင်မှုကား တစ်ချိန်ထက်တစ်ချိန် ကြီးမားလာသည်။ သန်လျက်ထမ်း နတ်ရုပ်နှစ်ရုပ်ကို "သြောင်း နမော ဗုဒ္ဓါ နဘာဝေန" ချီ စာကြောင်းဖြင့် ရံပတ်ချိန်ဝယ် ထပြေးချင်အောင် နာကျင်လာပြီ။ ချစ်သူပေးသည့် အထုပ်ထဲမှ ကွမ်းသီးမာမာတစ်လုံး ထုတ်ယူကာ အံတွင်ခဲမည် အကြံဖြင့် အထုပ်ကို မျက်နှာနား ကပ်၏။ မွေးမြသော ရနံ့ကလေးဖြင့်ပင် နာကျင်ခြင်းကို မေ့လျော့၏။

'ကျော့ခင်ကိုယ်စား ပစ္စည်းကလေးတောင် သည်လောက်မွှေးနေမှတော့ ကျော့ခင်ရဲ့ ပါးကလေးသာဆို ဘယ်လောက်မွှေးမတုန်း....'

ထိုခဏ၌ ခြေထောက်ကို ကိုင်ထားသည့် လက်ထောက်တစ်ယောက်၏ သတိပေးသံပေါ်လာ၏။

"ရည်းစားဆီ အာရုံမပို့နဲ့ကွ။ ရတနာသုံးပါး၊ မိဘ၊ ဆရာသမားဆီ အာရုံရောက်ပေစေ။ သာမှ ဆေးစွမ်းသယ်"

ယာမှောင်မှ ဝင်ရောက်လာသူများသည် ရှန်းကန်အော်ဟစ်ကြ၏။ အံကြိတ်ညည်းတွားသူလည်း ရှိ၏။ အရွာရွာမှ စုရုံးရောက်ရှိလာကြသော လက်ထောက်မင်ကြောင်ဆရာများသည် အလဲအလှယ် ထိုးနှံပေးကြ၏။ ချွေးတလုံးလုံးဖြင့် တစ်ယောက်ထိုးနှံပေးပြီးတိုင်း တစ်ကြိမ်နားခွင့်ရ၏။

ဘသာဋ္ဌေးမှာသော် နားခွင့်မရ။ သို့သော် သူထိုးနှံပေးရသူမှာ သစ်တုံးကြီးနှယ် ငြိမ်သက်နေသဖြင့် သူစိတ်ချမ်းသာ၏။

မင်ကြောင် အနှံခံသူသည် အော်ဟစ်နေလျှင် မင်ကြောင်ဆရာ စိတ်ညစ်၏။ "မင်း ယောကျ်ားမဟုတ်ဖူးလား။ သာလောက်အော်ရသာ မဆက်မှုးလား" မခံချင်အောင် ပြောရငေါက်ငမ်းရသဖြင့် ဆေးမစီး။

မင်ကြောင် အထိုးနှံခံသူက တီကောင်တွန့်သည့်ပုံတွန့်နေလျှင်၊ ငါးရံ့

ပြာလူးခုန်နေလျှင် ထိုးနှံသောအရုပ် ပီသမှုပျက်မည်၊ လုပမှု ပြယ်မည်။ ထိုအရုပ်ကို မြင်ရသူတို့သည် မင်ကြောင်ရှင် မင်ကြောင်ရုံအတွင်း၌ ပဋ္ဌာ မြေလူး လုပ်ခဲ့သည်ကို မတွေးကြ။ ဖိုးသာဌေးလက်ရာ ညံ့သည်ဟုသာ ပြောကြလိမ့်မည်။

သို့အတွက် လက်ထောက် မင်ကြောင်ဆရာများသည် မည်သည့် အခါမျှ မပေါ့လျော့ကြ။ မယ်နနှက်သကဲ့သို့ ခိုင်မာသောလက်များဖြင့် ခြေကို ချုပ်သည်။ ခါးကို ဖိကြသည်။ လက်ထောက်ပြီး မထနိုင်စေရန် သတိထားသည်။

ငသိုင်းမှာသော် ကြွက်သားအမျှောင်းကြီးတွေ ထောင်ထတင်းမာလာ ခြင်းမှအပ၊ မလှုပ်ရှား။ ဘသာဌေးသည် ထိုးရင်းထိုးရင်းက အံ့ဩသည်။ အံ့ဩရာက သူ့ရွက်ဖတ်သရုပ်ရှာယ်သော မန္တာန်များ၊ ပရိတ်များ၌ အာရုံဝင်စားသည်ထက် ဝင်စားလာလေတော့သည်။

"ကုစေရဟု နာမထင်လင်း အိုနတ်မင်း။ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။ ဓတရဋ္ဌ နာမထင်လင်း အိုနတ်မင်း ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ်"

သန်လျက်ထမ်း ဘီလူးနှစ်ကောင်နှင့် စာတန်းသုံးထပ် ရံပတ်သော စာရံ၏အထက်တွင် ပုလဲသွယ်ဆွဲသကဲ့သို့သော နတ်ရုပ်ငါးရုပ် ပုံပေါ်လာသည်။ သာသနာတော်စောင့် နတ်မင်းကြီးလေးပါးနှင့် သိကြားမင်းဖြစ်သည်။

အခေါင်းပါသော ကြေးဝါလုံး၏ ရှူးသွယ်သော အဖျားများကို ၁၂ စိတ် စိတ်ထားသည့် စုတ်ကြီးသည် အဆိပ်ပျံနေသည့် အရေခွံပေါ်သို့ တဇတ်ဇတ် ခုန်ပေါက်နေ၏။ အထိုးခံရသော ငသိုင်း ခံနိုင်ရည်ကျလာပြီ။ နာပြီးရင်းနာရင်း အဆက်မပြတ် နာကျင်လွန်းသည့်အတွက် ဖြစ်သည်။

ထိုအခါ ကြံရာမရစိတ်ဖြင့် ကျော့ခင်၏အထုပ်ကိုဖြေသည်။ ကွမ်းသီး တစ်လုံးကို အံမှာခဲသည်။

"အာဂယောက်ျား ရှာမှရှားပဲဟေ့။ မတွန့်ဘူး၊ မညည်းဘူးဟ၊

ရှားသဟော့"

လည်ညှပ်ရိုးပေါ်သို့ စုတ်ဦးကျလာပြီ။ တဒေါက်ဒေါက်အသံကို ဘေးလူများပင် ကြားလာရပြီ။ ငသိုင်း မတွန့်စေရန် မအော်ညည်းစေရန် ဘေးလူများက မြှောက်ပေးကြ၏။

သူတို့ မြှောက်ပေးသော်လည်း ငသိုင်းမှာ နာကျင်လှသည်။ အဖေ့စကားကို အာရုံထဲသို့သွင်းသည်။ နာသည်သာပင်။ ကွမ်းသီးကိုကြိတ်သည်။ အနာမလျော့ပါ။ သို့စဉ်တွင် လက်ထောက်တစ်ယောက်သည် ဆေးစင်မှ အရုပ်တစ်ရုပ်ကို ယူသည်။ အရုပ်၏အောက်ပိုင်း မျက်နှာပြင်ကို ဓားဖြင့် ခြစ်ချသည်။

ငသိုင်း၏အာရုံသည် ထိုအရုပ်သို့ရောက်၏။

ရွှေပိန်းချထားသော အရုပ်။ သို့သော် သစ်သား၊ ကျောက်ခဲ၊ သံ၊ ကြေး စသည်တို့ကို ထုဆစ်သွန်းလုပ်ထားခြင်း မဟုတ်။ အမည်ပေါင်းစုံ ဆေးဖက်ဝင်ပစ္စည်းများကို ဂါထာမန္တာန်ကျုးရင့်ရင်း ကြိတ်ထားသော အမှုန့်များကို အခဲပြုပြီး ပုံဖော်ထားသော အရုပ်ဖြစ်သည်။ ထိုအရုပ်သည် မည်သည့် အရုပ်နည်းဟု ငသိုင်း စိတ်ဝင်စားခြင်းသည် အနာလျော့ဆေးဖြစ်တော့သည်။

လက်ထောက်မင်ကြောင်ဆရာသည် ရွှေရုပ်ကို တရိုတသေပြန်ထားသည်။ အရုပ်အောက်ပိုင်း မျက်နှာပြင်ကို ဓားဦးဖြင့် ခြစ်စဉ်က ခံထားခဲ့သော ညောင်ရွက်ကို ဝါးဆစ်မင်ကြောင် ဆေးခွက်ထဲသို့ သွန်ထည့်၏။ ကပ်သပ်မကျန်ခဲ့စေရန် ဓားဖြင့်ခြစ်ချ၏။ လက်ညှိုးဖြင့် အသာအယာ တောက်၏။

'ဆေးကောင်းတော့ သန်းခေါင်းဆိုသာ အဲသာကိုပြောသာ ဖြစ်ရမယ်'

ငသိုင်း စိတ်ဝင်စားနေမိသော ဆေးမှာ ပီယဆေးဖြစ်၏။

"ပီယဆေးဆိုသာ မိန်းမတွေ တန်းတန်းစွဲ ငမ်းငမ်းတက် ဝိုင်းလိုက်သာကို ခေါ်သာမဟုတ်ဘူး။ လူ၊နတ်၊ ဗြဟ္မာ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ အစဆိသဲ့ အထက်ပုဂ္ဂိုလ်များ၊ မမြင်ရသဲ့ အောက်ပုဂ္ဂိုလ်များ၊ အဆိပ်ဆိသော

သတ္တဝါ၊ အဆိပ်မဆိသော သတ္တဝါတို့ရဲ့ အချစ်အခင်ခံရသော ပီယဆေး ခေါ်သယ်။ ကဲ အမောင် 'ပုရတ္ထိမသ္မိ' ဒိသာဘာဂေ' အဆော့အရပ်ကစပြီး စိတ်ထဲက ရွတ်ဆို မေတ္တာပို့ဟေ့။

ကျောင်းတွင် ဆွမ်းစားချိန်ရောက်တိုင်း ရွတ်ဆိုခဲ့ရသည့် သည် မေတ္တာပို့ကို သေသိုင်းသည် အမြီးပြန် ခေါင်းပြန် ဆိုနိုင်ပါ၏။ သို့ရာတွင် ဦးခေါင်းခွံ၊ နဖူးရိုးက နာကျင်လွန်း၏။ ဦးခေါင်းကို ပေပေါ်တင်ပြီး သံတူ ကြီးဖြင့် ထုနေသည်သို့ ခံစားရ၏။

နာကျင်သည့်ဘက်သို့ အာရုံရောက်သွားလိုက်၊ မေတ္တာပို့ဘက်သို့ အာရုံ စုစည်းလိုက်ဖြင့် သေသိုင်း အလူးအလဲ ခံရသည်။ ပီယဆေးသည် နဖူးတွင် အင်းချ၊ အင်းဆံသွင်းရုံဖြင့် မပြီးသေးဘဲ နှုတ်ခမ်းအထိ ဆင်းလာသည်။

"မလှုပ်နဲ့၊ မရွဲ့နဲ့။ အမောင် ယောကျ်ား မဟုတ်လား"

ဘသာဋ္ဌေးသည် ပြောလည်းပြော၏၊ စုတ်ဖြင့်လည်းပေါက်၏။ နဖူးက နာကျင်ခြင်းကို နှုတ်ခမ်းနာကျင်ခြင်းက ဖုံးသည်။ နှုတ်ခမ်းအရေခွံများသည် နဖူးအရေခွံထက် ထူထဲသောကြောင့် သက်သာသည်ထင်ရပြား နာသည်သာပင်။

"မေးကြောကို ထောက်မထားနဲ့၊ တင်းမထားနဲ့"

စမလေးလုံးကို လည်မျို ဝဲယာတွင် အတက်အဆင်း ထိုးသည်။ စုတ်ချက်ချသည့်နေရာ ငြိမ်သက်ရန် အရေးကြီးခါမှ သေသိုင်းမှာ တံတွေး မျိုချင်၏။ နာပြီးရင်း နာစဉ်မှာပင်၊ ပါးသွယ်ပေါ်သို့ စုတ်ကြီး တဒုန်းဒုန်း ရောက်လာရာ 'ပိုင်တိုင်' ထိပ်မှ တံင်းပုတ်ဖြင့် ရိုက်သွင်းခံရသော မဟာ ပထဝီမြေကြီးသာ အသက်ရှိလျှင် မည်မျှ နာရှာမည်နည်းဟု ကြံကြံဖန်ဖန် သေသိုင်းတွေးသည်။

"မွန်း တစ်ဖဝါးမှာ ထိုးကွင်းစမယ်ဟေ့"

တဲအပြင်သို့ မထွက်ဘဲနှင့် နေလုံးကို မြင်နိုင် တိုင်းထွာနိုင်သည်။

ဘသာဋ္ဌေး၏ အမိန့်သံအဆုံးတွင် ဝေယျာဝစ္စ ဆောင်ရွက်နေသော

လက်ထောက် မင်ကြောင်ဆရာတွေ အလုပ်များပြီ။ သေိုင်း ပက်လက်မှ မှောက်ခုံသို့ ပြောင်းချိန်ဝယ် ထိုသူများသည် သေိုင်း၏ ခါးမှ စတင်ကာ ထိုးကွင်းများ ထိုးနှံကြတော့သည်။

ထိုသူများ ဝင်လာသော်လည်း ဘာသာဌေး မနားရသေး။ ပခုံးတွင် ပိုးဟပ်အိမ်မြှောင်နှင့် လည်ကုပ်တွင် တက်တူပင့်ကူ ထိုးနှံသည်။ ထိုမှ အောက်တွင်ကား၊ အာဋ္ဌာဝကဘီလူးဖြစ်သည်။

“သေိုင်းရင်ဘတ်တစ်ခုလုံး ချင်းချင်းနီနေသာ၊ တစ်ချက်ကလေး မတွန့်ဘူးဟေ့”

သည်သတင်းသည် ယာမှောင်မှ ရွံ့မဲ့ထွက်လာသူများ၊ ကွတကွတ ဖြစ်လာသူများထံမှ လွင့်ပျံနေ၏။

မျှော်တော်ယောင်တဲနန်းမှ ကာလသမီးတွေ မျက်လုံး တကျယ်ကျယ် လည်ပင်း တရှည်ရှည် ဖြစ်နေကြစဉ်၊ လေပွေ ပြေးလာ၏။

“ဟဲ့ လေပွေ၊ ဝဲမှောင်မှာ ဘာတွေထိုးနေသတုန်း”

“အာဋ္ဌာဝကဗျား”

“ဒိုးဆရာတွေ၊ သေိုင်းအော်အောင် ဗိန်းဗောင်းတိုက်ပါတော့လား”

“ဟေလာမောင်ရို့ဝါး.... ကျား”

မကြီးပု၏ အမိန့်သံသည် ဒိုးပတ်ဝိုင်း၌တည်၏။ သို့သော် ကျော့ခင် မနေသာပြီ။ ရင်ဘတ်တစ်ပြင်လုံး ထိုးပါလျက် မအော်သူအား၊ အခေါက်ထူသော ကျောပြင်ကျမှ အော်ညည်းခြင်းဖြင့် သိက္ခာမလျော့စေချင်။

“မောင်ကြီးတို့ရယ်၊ ဆေးလိပ်၊လက်ဖက်၊ပဲလှော်၊ ထန်းလျက် ပသပါသယ်တော်။ ဗိန်းဗောင်း မတိုက်ပါနဲ့။ ဗုံကြီးသံတို့၊ ကောက်စိုက်သံတို့ပဲ တီးကြပါနော်”

“ပြည်ရွှေဘိုမြို့တော်မြောက်ဆိက ချောင်းပေါက်ပါလို့ မကူးနိုင်။ မမလေးရဲ့ မင့်လည်တိုင်၊ ဆိတ်စာ မောင်ကိုင်ရရင် ကူးနိုင်ရဲ့လေး”

"ဟေဟေး" ညာသံပေးကာ မြူးမြူးကြွကြွ တီးသံသည် ကျော့ခင်အတွက် အပြုံးဆေးဖြစ်သည်။ စိတ်သက်သာရာရလျက် ဒိုးဝိုင်းဘေးမှ သူ ခွာလာသောအခါ အပျိုခေါင်းက မကျေနပ်သံဖြင့် ထပြော၏။

"ဟင် ငွေကြေးပေးပြီးငှားသဲ့ ငါ့စကားတော့ မအောင်။ ဆေးလိပ်၊ လက်ဖက်ပေးသဲ့ ပန်းတောင်ကိုင်ရဲ့ စကားက အောင်သယ်။ သိကြရော့ပေါ့"

မကြီးပု ထဘီပြင်ဝတ်ကာ ကွေးနေအောင် ကတော့သည်။ တစ်စုံတစ်ရာ လုပ်လိမ့်မည် ထင်နေမိသော အပျိုများမှာ အံ့အားသင့်နေရာက ခွက်ထိုးခွက်လန် ရယ်မောကြလေတော့သည်။

"တီးလိုက်ပါသဲ့ ဗုံကြီးသံ၊ ထက်ကောင်းကင်ဝေယံစွန်းမှာ လွမ်းစေဖို့ဖန်။ သိကြားမင်းရယ်တဲ့ ဘုံဗိမာန်၊အယူခံပုံ သံတက်သယ်မိုးကြွက်ကြွက်ညံ"

မျှော်တော်ယောင်တဲထဲ၌ ရယ်သံများ ညံ၏။ လက်ခုပ်သံများ လျှံ၏။

ဗိန်းမောင်း မတိုက်ငြား၊ ဗုံကြီးသံကလည်း မြူးကြွသည်သာ။ ဘာသာဒွေးသည် ဗိန်းမောင်းတိုက်စဉ်က မမြူး၊ ဗုံကြီးသံ တီးကာမှ မြူးလာတော့သည်။ မြူးသောအခါ စုတ်ချကြမ်းသည်။ သွက်သည်။ မြန်သည်။

ငသိုင်းမှာ အော်ချိန်မရတော့။ တင့်ပါးနှစ်ဖက်တွင် လက်ထောက်နှစ်ယောက်က ထိုးကွင်းတွေ ပြိုင်တူထိုးနေကြစဉ် ဘာသာဒွေးက ခါးတွင် ဝက်ကုန်းကြီး ထိုးနှံပေးနေသည်။ မည်သည့်နေရာက ပိုမိုနာကျင်သည်ဟု မရှိချေ။ အော်ဟစ်လျှင်လည်း အနာလျော့မည်မဟုတ်။ ယောကျာ်းသိက္ခာ ကျခြင်းသာ အဖတ်တင်မည်မို့ အံကြိတ်ထား၏။

ပြောင်တင်းနေသည့် ဖြူရော်ရော် ကွမ်းသီးသည် ကွမ်းသီးများအနက် အမာဆုံးဖြစ်၏။ ငလျင်ပြင်းလှုပ်သောအခါ မာကြောသိပ်သည်းသည့် ကျောက်တောင်ကြီးလည်း မခံနိုင်သကဲ့သို့ နာကျင်တိုင်း ဖိကြိတ်ခံရသော ကွမ်းသီးပြောင်ကြီးလည်း ဖျောင်းခနဲ ကွဲထွက်သွားရချေတော့၏။

ကွမ်းသီးကို ခဲ၍လည်း အကြောင်းမထူးဟု ငသိုင်း သိပြီ။

**ပုဂံစာအုပ်တိုက်**

သို့အတွက် ကျော့ခင်ပေးသည့် ပဝါမွေးကို ရှုရင်း နာကျင်မှုများ ရပ်စဲမည့်အချိန်ကို မျှော်သည်။

ငသိုင်း သတင်းကား မျှော်တော်ယောင်တဲမှတစ်ဆင့် တစ်ရွာလုံးသို့ ရောက်သည်။ ဥပုသ်သည် သက်ကြီးရွယ်အိုများသည် မလှမ်းမကမ်းရှိ သစ်ရိပ်၊ ဝါးရိပ်များသို့ ရောက်လာကာ ခနည်းနားကြသည်။

"သူငယ်ရဲ့ မင်ခံပုဆိုးက ဘာတဲ့တုန်း"

ထောင်ပုဆိုးပေလော့ ရာပုဆိုးပေလော့ဟု မကျွမ်းတကျွမ်း ရည်းစားများ စုံစမ်းကြသည့်နည်းတူ၊ လူကြီးတွေလည်း ခုံခမ်းကြ၏။ အပျိုခေါင်းရော၊ အပျိုတွေပါ ငသိုင်း၏ မင်ခံပုဆိုးကို မသိကြ။

"ဟဲ့ လေပွေ၊ ကိုရင်သိုင်းရဲ့ မင်ခံပုဆိုးက ဘာတဲ့တုန်း"

"ရာပုဆိုးဗျ၊ ရာပုဆိုး"

အခြားတစ်ပါးသော ရည်းစားသနားမရှိကြောင်း သေချာသွားသဖြင့် ကျော့ခင် ရင်အေးသွားသည်။ လူကြီးများက 'သာဓုဗျာ သာဓု' ဟု ကြည်ကြည်နူးနူး ကောင်းချီးပေးကြ၏။ ယင်းနှယ် ကောင်းချီးနှမော် သာဓု ခေါ်ကြခြင်းမှာ ရည်းစားရက်သော ထောင်ပုဆိုး မဟုတ်သောကြောင့်တည်း။ ၁၅၀၀ ထက် သန့်စင်မွန်မြတ်သည့် အမေ၊ ဆွေးကြီး၊ ထွေးလေး၊ ကြီးတော်၊ အစ်မ၊ နှမတို့၏ လက်ရာ ၅၂၈ ပုဆိုး၊ ရာပုဆိုးကို အမွန်တမြတ် ထားရမှန်း သိသူ ဖြစ်သောကြောင့်ပေတည်း။

နေမွန်းတိမ်းပြီ။

ကျော့ခင်သည် နေကို မျှော်ကြည့်မိသည်။

'.... သူ မင်ကြောင်ရုံထဲက ထွက်လာသဲ့အခါ ဘာလုပ်မတုန်း....'

အတွေးသည်ကျော့ခင်၏ရင်ထဲ၌ ယောက်ယက်ခတ်သည်။ ရပ်ကျော် ရွာသိ သမီးရည်းစားတို့ကား ယာမှော်မှ ထွက်လာသူပင် ဖြစ်စေဦးတော့ တဘက်ပြာကလေး ပေးကြသည်။ တဘက်နီကလေးတွေ ကမ်းကြသည်။

သွေးတွေ၊ မင်တွေ သုတ်သင်ရန်ဖြစ်သည်။

မိမိမှာမူ ရပ်ကျော်ရွာကျော် သမီးရည်းစားမဟုတ်။ တိတ်တိတ်ပုန်း သမီးရည်းစားသော်မျှ မဖြစ်သေး။

ရပ်သိရွာကျော် သမီးရည်းစား ဟုတ်သည်ထားဦး။ မျက်လုံးပေါင်း ရာကျော်၏ရှေ့တွင် တဘက်ဖြန့်ပြီး ပြေးမသွားရဲ။ "လေပွေရေ၊ ပေးချေ ပါကွယ်" ဟူ၍ တဘက် ကမ်းခြင်းဖြင့် မေတ္တာသက်သေပြရသော် သင့် အံ့လော။ စင်စစ်အားဖြင့် ဤသည်မျှကို ရင်တွင်းက စိတ်ကူးရုံဖြင့် ကျော့ခင် မျက်နှာ ထူပူနေပြီ။

ငသိုင်း တောင့်တနေသော အချိန်သို့ ဆိုက်ရောက်၏။

ယင်းကား နာကျင်မှုများ ရပ်စဲသွားခြင်းပေတည်း။

ရင်ဘတ်တွင် ဟသ်ာပြဒါးနှင့် သွေးများလုံးထွေးနေခဲ့ရာ သွေးက ခဲသွားပြီး ဟသ်ာပြဒါးက ရောင်ကိုင်းဖောင်းကြွလာသည့် အရေခွံပေါ်တွင် အကွင်းနီကြီး ဖြစ်နေ၏။ ခါးအောက်ပိုင်း၌ ထိုးနှံထားသော ထိုးကွင်း များကား ခြေချောင်းများပါမကျန် ဆီမင်နက်နှင့် သွေးနီရဲတို့ ပြိုင်ဆိုင် အနိုင် လုနေကြ၏။

ခြေချောင်းဆယ်ချောင်းတွင် အရုပ်မဟုတ်။ မြွေနိုင်ဆေး ဗိန္ဒုများသာ ဖြစ်၏။ သို့သော် ခြေဖမိုးပေါ်တွင်ကား ပင့်ကူရုပ်ကြီး မဲရဲနေသေး၏။

ငသိုင်း မထနိုင်။ အထိမခံနိုင်အောင် နေရာအနှံ့က နာသည်။ သို့ ဖြစ်သဖြင့် ဘသာဌေးက တွဲထူပေးသည်။

"ယောက်ျားကြီးစစ်စစ် ဖြစ်ပြီဟေ့။ မင်ခံပုဆိုး ယူစည်းပြီးရင် အနန္တ ငါးပါးကို အာရုံပြုပြီး ဆေးစင်ကိုဦးတိုက်ဟေ့"

ငသိုင်း အံခဲပြီး ဆောင်ရွက်သည်။

"ခါးတောင်းကို နာနာကျိုက်ထားဟေ့။ အထွက်မှာ လက်ခမောင်း သုံးကြိမ်ခတ်ရမယ်။ နာသယ်ဆိုပြီး မညာနဲ့။ ငါယောက်ျားဟေ့လို့ ကြွေးကြော်

ရာမှာ လက်ခမောင်းခတ်သံ ညံ့လို့မဖြစ်ဘူး"

"သွေးသောက်ကြီးရဲ့ သားကပဲ ဆရာရယ်၊ အသည်းမငယ်ပါဘူး"

လက်ထောက် မင်ကြောင်ဆရာတခ်ယောက်က မြှောက်ပင့်စကားဆိုသည်။ နောက်တစ်ယောက်ကလည်း ထပ်ဆင့်မြှောက်ပြန်သည်။

"တချို့များ ကပ်နဲ့ထမ်းထုတ်ရသာ။ အဲသာတောင်မှ ကပ်ပေါ်မှာထိုင်ပြီး 'အဝါခတ်' တော့ လက်ခမောင်းဘော့ ခတ်သေးသာပဲ"

"ဟုတ်သယ်။ တချို့များမှာလည်း ကပ်နဲ့တော့ ထမ်းမထုတ်ရပါဘူး။ လူတွဲပြီး ထွက်ရသယ်။ ငါတို့ ငသိုင်းက အဲသလိုလည်း 'အမြှောင်ခတ်' မလုပ်ရဘူး။ ရှာမှရှားသဲ့ 'ထီးတည်းခတ်သမား'ပါ"

တစ်ယောက်ပြီးတစ်ယောက် ပြောသောစကားများသည် ငသိုင်းအားရဲဆေးပေး၏။ အားဆေး၊ တက်ကြွဆေးပေး၏။ မယိုင်မလဲအောင်မာန်သွင်းပြီး လျှောက်၏။ နာကျင်နေသော အသားချင်း ထိမိသောအခါအသည်းပြုတ်မတတ် နာသည်။

နာသော်ငြား၊ ဆင်ပြောင်ကြီး အမြီးရောက်မှ အတစ်မခံနိုင်။ တင်းတိမ်ကိုဖယ်ပြီး မင်ကြောင်ရုံပြင်သို့ ထွက်လိုက်သည်။ ဟေးခနဲ ညာသံပေးကြသည်။ 'ကိုရင်သိုင်းကွ' ဟု ထောမနာပြုကြသည်။

အထက်ပိုင်းတွင် ချင်းချင်းနီလျက် အောက်ပိုင်းတွင် ခါးမှခြေဖမိုးထိသွေးနှင့်ဆေး ရောနေသော သျှောင်တွဲကြီးနှင့် ယောက်ျား။ လောကကိုထီမထင်သော အကြည့်ဖြင့် ကြည့်၏။ 'ငါလည်း ယောက်ျားကောင်းစင်စစ်ဖြစ်ပြီဟေ့' ဟူသော မာနတရားဖြင့် လက်ပန်းပေါက်ခတ်သည်။ အသားနာမည် ထင်သော်လည်း ပီတိနှင့်မာန ဖုံးနေသဖြင့် ထင်သလောက်မနာ။ ဖျောင်းခနဲ ဖျောင်းခနဲ ရိုက်ခတ်သံသည် ကျော့ခင်၏ရင်ထဲသို့ ပြေးဝင်လာ၏။

ကျော့ခင်မှာ ရှက်သည်က တစ်ဖက်၊ မြတ်နိုးသည်က တစ်ဖက်၊ မြန်မာမတို့၏ ဟီရိသြတ္တပ္ပတရားနှင့် နှလုံးသားတို့ သူနိုင်ကိုယ်နိုင် လွန်ဆွဲနေ

ကြစဉ်၊မမျှော်လင့်သော လူတစ်အုပ်ကို ဘွားခနဲမြင်ရ၏။ငချွဲ၊ငဝဲ နှင့် သူတို့၏ သမီးများဖြစ်ကြသော မြဖူး၊ မြမြူးနှင့် မိဆယ်၊ ရွှေခက်တို့ဖြစ်ကြသည်။

ငသိုင်းသည် လက်ပန်းပေါက် ခတ်ပြီးလျှင်ပြီးချင်း စိတ်ကို လျှော့ချလိုက်သည်။ ဆေးစင်ရေ့တွင် သီလတော်မြတ် ခံယူဆောက်တည်စဉ်က လက်ထောက်ဆရာများ ကိုယ်လုံးအနှံ့ လိမ်းကျံပေးခဲ့သည့် အမွှေးနံ့သာများ ချွေးစေးဖြင့် မျောပါသွားပြီဖြစ်ငြား ခေါင်းပေါ်သွန်းလောင်းသည့် နံ့သာရည်များမှ မခြောက်သွေ့ရုံမက၊ ချွေးဖြင့်ပါ ခဲနေရာ တစ်ခေါင်းလုံးအုံ့နေလျက် မမြင်တစ်ချက် မြင်တစ်ချက်ဖြင့် မျက်လုံးများ ပြာဝေနေဆဲတွင်၊ မျှော်တော်ယောင်တဲထဲမှ မကြီးပုခေါင်းဆောင်သည့် အပျိုတွေပြေးထွက်လာကြ၏။

"ငါတို့မောင် ငါတို့ဖားကို ပြုံ့စုကြစို့၊ လာကြဟေ့"

အပျိုခေါင်း၏ ဆော်ဩသံသည် ထောင်ချောက်တွင်း၌ ပိတ်မိနေသည့် ရွှေသမင်ကလေး ဦးချိုတစ်ချက်အရမ်း၌ ထောင်ချောက်ပွင့်သွားသကဲ့သို့ ကြံရာမရစိတ်ဖြင့် ရင်တွင်းပျာယာခတ်နေခဲ့သော ကျော့ခင်အတွက် ပြေးပေါက်ဖြစ်တော့သည်။

ငသိုင်းမှာလည်း လဲပြိုအံ့သို့အရှိတွင် မိန်းမအုပ်၏ ညာသံကို ကြားရသဖြင့် တစ်ချက်ကြည့်နိုင်သည်။ မကြီးပုကျောဘက်မှ ကပ်လျက်ပါလာသည့် မြေကြီးပေါ်က ငွေလမင်းကိုမြင်သည်။ ညွတ်ခွေသည့် အကြောအခြင်များ၌ အားအင်တွေ ဝင်လာသည်။ အနာအကျင်တွေ ပျောက်ကုန်သည်။

"ငါ့မောင်ငယ်က လူစွမ်းကောင်းဟဲ့"

"တော့်မောင် မဟုတ်ပါဘူး။ အကျွန်ရို့မောင်ပါ"

အလုအယက်ပြောကြ၊ တဘက်တွေဖြင့် အလုအယက် သုတ်ကြသည်။ ကျော့ခင်ကား နာကျင်မှုပိုမည်စိုးသဖြင့် တဘက်ဖြင့်မသုတ်။ တဘက်ဖြင့် အသာအယာတို့သည်။ ကွက်ကြားမိုးသည် အေးမြချမ်းသာပါဘိ။

**ပုဂံစာအုပ်တိုက်**

"ယောက်ျားကွ၊ ငါလည်း ယောက်ျားပဲဟေ့"

ကြဲးဝါးသံနှင့်အတူ လက်ပန်းပေါက်ခတ်သံ ကျယ်လောင်စွာ ပေါ်လာ၏။ ဝဲမှောင်မှမဟုတ်။ ယာမှောင်မှ ဖြစ်သည်။ သို့သော် အရွယ်မရောက်သေးသော သေးလှိုသည့် သူငယ်ဖြစ်၏။ ကျိုင်း။

"ဟော ကျိုင်းဟဲ့ ကျိုင်း။ အံ့ရော အံ့ရော"

အပျိုခေါင်း လှမ်းကြည့်ကာ တအံ့တသြ မြည်တမ်းစဉ် ငဝဲ၊ ငချွဲ သားအဖတစ်တွေက ငသိုင်းကို အံ့မိပြီ။

"မောင့်အဖေက ခုမှပြောလို့ သိရသကွာ။ လှည်းကောက်ခဲ့မလို့ဟာ လှည်းနဲ့မကြိုရဘူးဆိုလို့ ပြေးလာရသာ"

ငဝဲက ပြောပြောဆိုဆို ခေါင်းပေါင်းနင်ယ်ပိုင်းဖြင့် ရေထွက်နေသော ခေါင်းကိုသုတ်ပေးသည်။ သူ့သမီးများ၊ တူမများက ကိုယ်ကိုသုတ်ပေးသည်။ ကျော့ခင်နှင့် အပျိုတစ်စုကား မြေတွင်ဒူးထောက်လျက် ခြေသလုံးကို သုတ်သင်ပေးနေရသဖြင့် မကြီးပုနှင့် အပျိုအချို့ ကျိုင်းထံ ပြေးသွားသည်ကို မသိလိုက်။

ကျိုင်းသည် ဝဲမှောင်မှ မထွက်ငြား၊ မြေစိုက်မဟုတ်ငြား အကောင်ငယ်သည့်အတွက် အပြုစုခံရခြင်း ဖြစ်သည်။ သူသည် မြေစိုက်မထိုးနှံခြင်းမှ လွဲလျှင် ဆေးနီရုပ်များမှာ သူ့အစ်ကိုနှင့် တစ်ထပ်တည်းဖြစ်သည်။ သူ့အဖေ၏ ရင်ဘတ်နှင့် ခွဲမရအောင်တူသည်။

"ဖြည်းဖြည်းသုတ်ကြပါဗျာ့။ နာလှချည်ရဲ့"

သွေးချွေးသုတ်ပေးသော တဘက်တွေ၊ ပဝါတွေကို ကျိုင်းတွန်းပစ်၏။

"မောင်လေးက အသည်းငယ်လိုက်သာ။ မောင့်အစ်ကိုဖြင့် အသံမထွက်ပေါင်"

"သူက ရည်းစားသနာ ရှိနေပြီ၊ လူပျို။ အကျွန်က ကလေး။ ဟာဗျာ၊ ဘော်ကြပါတော့ဗျာ၊ နာသယ်"

ငကျိုင်းသည် အပျိုတွေကို ခေါင်းဖြင့်တိုးထွက်ကာ "လေပွေ၊ ဟော့ လေပွေ" အော်ခေါ်ရင်း လေပွေနောက်သို့ပြေးသည်။ ခါးပိုက်ထဲမှ ထန်းလျက်များကို နှိုက်ယူကာ ပါးစောင်ထဲသို့ ပစ်ထည့်ပြီး ရွာဘက်သို့ ကွတကွတဖြင့် ပြေးသည်။

ရွာတံခါးဝတွင် မမျှော်လင့်သော အဖေ။

"ငါ့သားက မင်းသေ့ တကယ်ထိုးလာသာပါကလား"

ဝမ်းသာ ဝင့်ကြွားသံဖြင့် ပြောရာက ချိုင်းမှမပြီး ပခုံးပေါ်တင်သည်။

"အဖေ၊ ရေ့နှစ်မှာ ထပ်ထိုးရင်ရသေးလား"

"ရသာပေါ့ကွာ"

"ရေ့နှစ်ကျမှ အဖေနဲ့အစ်ကိုနဲ့တူအောင် မြေစိုက်ထိုးမဗျို့"

"အဇတာယုဂန် မြရိပ်မှန်မှာ စန္ဒာငွေပွင့်၊ ရှုကသိုဏ်း ပြုတိုင်းတင့်တဲ့ ယုန်မင့် နွယ်လာ ကမုကြာငယ်။

"ဗျာပါနန္တ ဖန်ကတည်းကပင် ကြံစွဲထင်၍၊ ရွှေရင်သဲရပ် မစွဲတတ်ပါဘူး၊ မြဲမှတ်သည်နေ့ သည်သုံးရွှေ့က ဘုန်းမေ့စံတည် ကြံအားသာ ဆည်တော့တယ်။ မကြည်သည့်စိတ် ဆည်လို့များ ကြိတ်ကတည်း၊ တစ်မိတ်သာညီ၊ တစ်နာရီမျှ မဖီသွေဝံ့ ရွှေတစ်ညွှန့်ငယ်ကြောင့်၊ သေစွန့်သက်ဆုံး ခက်လို့သာ ရှုံးရပါတော့တယ်"

"ဘုန်းနှစ်ပြိုင် ဆုံးတိုင်ဆင်သလို့၊ ကြင်ရနိုင်သေး။

"နံ့မစုံ၊ စံတစ်ဂုဏ်သိန်မှူးကြောင့် ချိန်ထူးလည် ပွေမရှင်းနိုင်ဘု၊ ခွေရင်း မှိုင်သာ မှိုင်မိတယ်၊ မီးပြိုင်လို့မွေး"

"ရွှေသစ္စာနံ့သွေးက ရွှေမေတ္တာမှန်ရေးရယ်ဖြင့် ကြံအေးမယ်

ထင်လိုက်ပါငဲ့။ ကြင်ထိုက်သူဘယ်ပူကို ကယ်ယူလို့မြဲပါမှ ခဲသမျှအား ဂုဏ်ကို နှစ်ပါးခြံရွဲစုရလျှင်၊ သိန္နေရဗဟို မြမြင်းမိုရ်လည်း မဆိုစလောက် ပိုလို့သာ မောက်ပါငဲ့၊ ပြန်ရောက်ဖွယ်နံ့စက ကြံမြောက်မယ် ဖန်သလို့၊ သံမှိုကျမိန့်သံကို ကြံဆယ်ပြန် စောလျက်နှင့် ကြင်မောသာ ဖြေရပါတော့တယ်"

"သေမချာ၊ ထွေတစ်ရာ ကိုယ်မထူးပါနှင့်တော့ ရွှေမှူးသူက။

"နောင်နှစ်ပြိုင် ခေါင်မဏ္ဍိုင်ပုံတမ်းလို့ ဆိုမှန်းတော်မူသရွှေ့ကို စေ့မြွေကာ ပြန်လှန်ချင့်ပါရော့၊ အားမြင့်သူက။

"ကြံတော်သာတူရလျှင် သန်မျှော်ကာ ယူဆလို့၊ သူကပဲသေသေ၊ ကူမျှလို့ ခြွေလိုက်လျှင် ဆယ်ကုဋေရှိ ပကောဋ္ဌိပင်၊ အသချေ ထင်ပါ့မယ်။ ကြင်မျှ သူ့မိတ်နံ့က စိတ်အကြံပိုရမည်၊ ခိုခသူ စိုးလိုက်လှပါတယ်။"

"ကြိုးသမျှ မိုးဆယ်ဆမြင့်ပါစေ။

"မခက်လောက်ပါဘု၊ လက်ရောက်သာသပ့်

တာရာကို လိုတော်စွဲ ရဲတဲ့အနေ။

"ရွှ့မစိုးပါဘူး၊ စွန့်ကြိုး သူ့ညာဆွေငယ်

ကာစေတော့ ကြောက်ပါဘူး။

"သည့်လောကရန် အထောက်ကယ် မဝူတန်လို့

မှန်ပါလျှင် ဆံညွှာခန့်မျှ စိုးလန့်ကြောက်ဘူး။"

"နံ့သေချာဆိုဦးက မှန်ရွှေစာချိုမှူးလျှင်၊ ခိုဖူးသူ သူ့နှုတ်လျှင်ကို ပွေပွေကြီး မဆင်လိုက်ပါနှင့် ပန်းကိုက်ပွင့်သော်မော်ငယ်။ မျှော်ခေါ်လို့ ပန်းလိုက်လှသကွယ့်၊ ကမ်းရောက်တဲ့သစ်ပင်လို ရေသာတွင် မလဲလိုက်ပါနှင့်၊ မြဲမြဲကြီး ခိုင်တော်မူလိုက်ပါ"

ဆရာဖေသည် လွှာချင်းပုရပိုက်ကို ဖတ်ခနဲပစ်ချလိုက်ရာက ငလှိုင်း၏

ဇနီး မယ်ဒေါင်းလှ (မိဒေါင်းလှ)မျက်နှာကို မော့ကြည့်၏။

"အဲသာ ဘာဖြစ်တုန်း။ ကနေ့မှ ပေါ်လာသဲ့ 'မှာတမ်း' ဆိုသာ ထင်ပါရဲ့"

"ရည်းစားစာ ဆရာရဲ့"

အသံထွက်လာခါမှ သူ့တပည့်မ ငိုနေပါကလားဟု ဆရာဖေ သတိထားမိ၏။

"အဲသည်စာကို သူရေးထားသာတွေ့လို့၊ သမီးနဲ့စကားများပြီး အိမ်ပေါ်က ဆင်းသွားပြီး၊ ပြန်မလာသာ သုံးရက်ရှိပြီဆရာရဲ့"

မိဒေါင်းလှသည် ခေါင်းတင်လာသော တဘက်ဖြင့် မျက်နှာအုပ်ပြီး ငိုပြန်သဖြင့် ဆရာဖေပြုး၏။ "ဟဲ့ ငစိန်ပိန်"ဟု အိမ်တွင်းဘက်သို့ လှမ်းခေါ်သည်တွင် ငစိန် ပြေးထွက်လာသည်။ ရိုသေစွာထိုင်သည်။

"ကျွန်တော်ငစိန် ရောက်ပါပြီဆရာ"

"ငလှိုင်း ဘယ်သွားသတုန်း"

"ရေခပ်နေပါသယ် ဆရာခင်ဗျာ့"

"ငါခေါ်သယ် ပြောလိုက်ဟေ့"

ငစိန် ကုပ်ကုပ်ရို့ရို့ ဆင်းပြေး၏။ အိမ်ဝိုင်းထဲသို့ ဝင်လာသော ငလှိုင်း၏ ဆိုင်းထမ်းကို အချခိုင်းပြီး၊ ဝင်ထမ်းသည်။ အိမ်ပေါ်သို့ လက်ညှိုးထိုးပြသည်။ သို့ဖြင့် အိမ်ပေါ်သို့ ငလှိုင်း မပြေးတက်လာသည်။

"ကျွန်တော်ငလှိုင်း ရောက်ပါပြီ ဆရာခင်ဗျာ့"

သူသည် မယားကိုမြင်သော်လည်း နှုတ်မဆက်နိုင်။ မယားထက် ဆရာက ပို၍အရေးကြီးသည် မဟုတ်သလော။

"ရော့ဟေ့၊ သည်စာ ဘာစာတုန်း။ အမောင် သားငယ် မယားငယ်ယူချင်လို့ ရေးထားသဲ့ ရည်းစားစာ့ မဟုတ်လား"

ပုရပိုက်ကို ပြောပြောဆိုဆို ပစ်ပေးသည်။ ငလှိုင်း ရိုသေစွာကောက်ယူ

သည်။ မြင်ရုံဖြင့် မိဒေါင်းလှ သယ်ပိုးလာသည်ဖြစ်မည် ခန့်မှန်းနိုင်၏။

"ရေးပုံရေးနည်းကို သဘောကျလို့ ကျက်ချင်သာနဲ့ ကျွန်တော် ကူးထားသာပါ ဆရာ။ ဦးစံသူရဲ့ မှာတမ်းပါ"

"သဘောကျမသား၊ ငါ့ကို လိမ်ရသလား"

ဆရာဖေသည် ရုတ်တရက် ထရပ်သည်။ လှိုင်း၏ပခုံးကို ဆောင့်ကန်သည်။ လှိုင်း ပက်ခနဲ လန်အလဲတွင် အခန်းထဲသို့ ဝင်သွားတော့သည်။

မိဒေါင်းလှရင်ထဲ၌ ထိတ်ခနဲဖြစ်သွားသည်။ ဖက်ခွက်စားမ၊ ဓာတ်သမ။ ကန်ရေသောက် မြက်ခြောက်စား စသည်ဖြင့် နင့်နင့်နာနာ ဆဲရေးသွားသည်ကို သတိမရတော့ပါ။ 'အမယ်လေး၊ ကိုလှိုင်းရဲ့' လွှတ်ခနဲအော်ပြီး ပြေးပွေ့သည်။

"ကိုလှိုင်း၊ ဘယ်နာသွားတုန်းဟင်။ ဆရာ အဲသာလောက် စိတ်ဆိုးမယ် မထင်လို့ တိုင်မိသာပါမောင်ရယ်"

မိဒေါင်းလှသည် လှိုင်း၏ရင်ဘတ်ကို ဖိသည်။ ပခုံးကို ဆုပ်သည်။

"မဒေါင်းရယ်၊ နေကပူသနဲ့ကွယ်။ နီးသဲ့ခရီးမှ မဟုတ်သာ"

"ကို့ကိုမနေ့တုန်းကတည်းက မျှော်သာမောင်ရဲ့။ အိပ်မက်ကောင်းလို့"

"အိပ်မက်။ ပြောစမ်း၊ ပြောစမ်း။ ဘယ်လိုမက်သတုန်း"

ရင်ခွင်ယဲမှ လူးလဲထထိုင်ကာ လှိုင်း စိတ်ဝင်စားကြီးစွာမေးသည်။

"အဲသာကို အတိတ်ကောက်ပြီး ထီထိုးကြရအောင်နော်"

"အေးပါ၊ အိပ်မက်ကိုပဲ ပြောစမ်းပါဦး"

"သူတော်စင်ကြီးတစ်ပါးက ကျွန်မကို မြစ်ကမ်းပါးခေါ်သွားပြီး ခြသေ့်ကြီးနှစ်ကောင်ကို လက်ညှိုးထိုးပြသယ်။ နင်တို့ ပေါ့ပေါ့လျော့လျော့ မနေနဲ့။ သူဌေးဘွဲ့ခံပြီး ခြသေ့်ကြီးကိုပြုပြင်ကြတဲ့။ သာလိုပြောပြီး ပျောက်သွားရော"

**ပုဂံစာအုပ်တိုက်**

"ကောင်းလိုက်သဲ့အိပ်မက်"

ငလှိုင်းသည် ရွှင်လန်းစွာ လက်ဖျစ်တီးသည်။

"နှစ်စီးခြသေ့် ပြင်၍အမြန် သေဌေးဘွဲ့ခံ"

"ကောင်းသယ်ကောင်းသယ်။ သည်အတိတ်နဲ့ ထိုးကြရအောင်"

မိဒေါင်းလှသည် အားတက်သရော ထောက်ခံအပြီး၌ "သာထက်ကိုလှိုင်းမှာ ဘယ်လောက်ရှိတုန်း" တီးတိုးမေးသည်။

"အိမ်က ထွက်လာတုန်းက ပါလာသဲ့ မတ်စေ့တစ်စေ့တော့...."

"မမဆီများ နှစ်ကျပ်လောက် တောင်းလို့ရမလား"

အိမ်ထဲသို့လှမ်းလင့် အကဲခတ်ပြီး မေးခြင်းဖြစ်ရာ၊ ငလှိုင်းကလည်း အသံကိုနှိမ့်ပြီးဖြေသည်။

"မမမှာ မရှိပါဘူး မဒေါင်းရယ်။ ခေါင်းတကုပ်ကုပ်နဲ့ ညည်းညည်းနေသာ မကြားချင်အဆုံး။ အဲသာကြောင့် ဟိုဘက်အိမ်က အချုပ်အလုပ်တွေကို ငါတို့သွားသွားပြီး လုပ်ပေးနေရသယ်"

"အိုရှင်၊ သာလောက်စင်းသဲ့ အိပ်မက်ကို အလဟဿ အဖြစ်မခံနိုင်ဘူး"

မိဒေါင်းလှသည် သူ့နားမှ နားတောင်းကိုဖြုတ်သည်။

"မယ်မင့်မိဘ ဆွေမျိုးတွေက ငါ့ကို ကဲ့ရဲ့ကြတော့မှာပဲ။ မဆင်နိုင်မပြင်နိုင်သဲ့အပြင် ရှိရင်းစွဲပါ ချရောင်းရသယ်ဆိုပြီး"

"အိုရှင်၊ ကိုလုပ်သာမှ မဟုတ်သာ။ ကျွန်မရောင်းသာ"

"သည်အရည်တွေကိုမြင်လို့ နင့်လင်ကို ငါ ခြေနဲ့ကျောက်သာ။ ဘယ့်နှယ် အခု သင့်မြတ်သွားကြပြီမဟုတ်လား"

မေးသံနှင့်အတူ ဆရာဖေထွက်လာသဖြင့် လင်မယားမှာ လူချင်းကွာသွားကြကာ၊ ပြုံးစေ့စေ့ကြည့်နေကြ၏။

"နားတောင်းကို ဘာလုပ်ဖို့ဖြုတ်သာတုန်း။ ထီထိုးဖို့ မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျာ့။ အိပ်မက်ကောင်းလွန်းသယ်ဆိုပြီး...."

ဆရာဖေ လေးပင်စွာ ခေါင်းညိတ်သည်။

"ရွှေမြို့တော်တစ်ခုလုံးမှာ လူတွေ ထိရှူး ရှူးနေကြပြီကွယ်။ မြင်းသေးပေါက်သာကို နိမိတ်ယူ၊ လူအီးပေါက်သာ အတိတ်ကောက်နဲ့ ကောင်းရောင်း ကောင်းဝယ်ဘက်မှာ ဝါယမ မစိုက်ထုတ်ကြတော့ဘူး"

ထိသည် ရတနာပုမ့် ပထမနန်းစံ မင်းတရားကြီး၏ ရွှေလက်ထက်တော်တွင် မရှိခဲ့ပေ။ 'သီရိပဝရာဓိတျာ လောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ' တံဆိပ် နာမံတော်ရှိသော 'မာရ်အောင်ရတနာ စေတီတော်' ဒါယကာ ဖြစ်တော်မူသော၊ ရတနာပုမ်ဒုတိယနန်းစံ ဘဝရှင်မင်းတရားကြီး၏ ရွှေလက်ထက်တော် ၁၂၄၀ ပြည့်နှစ်၊ တပေါင်းလတွင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ထိမှာ တစ်ဆုတည်းသာဖြစ်ငြား၊ ထိပေါက်သူထံသို့ ထိဆုတော်ငွေကို ငွေအိတ်ဖြင့်ထည့်ကာ ဆင်ပေါ်တင်လျက် အိမ်တိုင်ရာရောက် ပို့ပေးသည်။ ထို့ပြင် သူဌေးဘွဲ့ပါ တစ်ပါတည်း သနားတော်မူခြင်း ခံရသည်။

သို့ကြောင့် ရောင်းရေးဝယ်တာဘက်တွင် စိတ်မဝင်စားကြတော့ဘဲ ဆရာဖေ ပြောသကဲ့သို့ ထိရှူး ရှူးနေကြသည်။

"မရောင်းဘူးနော်၊ မမကို အပေါင်ခိုင်းမှာ"

ငလှိုင်းကြားရုံပြောပြီးလျှင် မိဒေါင်းလှသည် နောက်ဖေးဘက်သို့ အသာအယာဝင်သွားသည်။ မင်္ဂလာယူနေစဉ်၊ ဆန့်ကျင်စကားကို ဆရာက အစပျိုးလာသည့်အတွက်လည်း ဖြစ်ပေသည်။

"ထိဟာ စနေနံကွ။ ပါပဓာတ်။ ဘဝရှင်မင်းတရားကြီးကလည်း စနေနံပဲ။ အဲသာကြောင့် ခြင်္သေ့ဒင်္ဂါးတွေထုတ်သာ ရပ်ထားပြီး၊ တိုးဒင်္ဂါးတွေ ထုတ်သာပေါ့ကွယ်။ သာပေမယ့် ထိပေါ်လာသာ မကောင်းဘူး"

"ဘုရင်မင်းမြတ်ရဲ့ အာသာဆန္ဒတော်က ဆင်းရဲသား ကျွန်တော်မျိုးတွေ ထိပေါက်ကြပါစေ။ သူဌေးဘွဲ့ ခံကြပါစေဆိုသဲ့ စေတနာနဲ့ပါ ဆရာခင်ဗျား"

ဆရာဖေ ခေါင်းခါသည်။

"လုပ်မြဲအလုပ်ကိုလည်း ရှေးကလိုပဲလုပ်ရင်း၊ အပျော်သဘော ကံစမ်းသယ်ဆိုရင် မင်းတရားကြီးရဲ့ စေတနာအတိုင်း ဖြစ်လာမှာပေါ့။ အခု ဖြစ်သလား"

"မဖြစ်ပါဘူး ဆရာခင်ဗျား"

"မဖြစ်ရုံ ဘယ်ကမတုန်း"

စကားကိုဝင်ထောက်ရင်း အိမ်ထဲသို့ဝင်လာသူမှာ မောင်မောင်ဘ ဖြစ်သည်။

"ကြွပါမင်းသား ကြွပါ"

ဆရာဖေသည် ဧည့်သည်အတွက် နေရာရွှေ့ပေးရာက အိမ်ဝင်ပေါက်သို့ ကြည့်သည်။ အိမ်ပြင်သို့လည်း လှမ်းပြီး အကဲခတ်သည်။ နောက်လိုက် နောက်ပါ မည်မျှပါသနည်း၊ မည်ကဲ့သို့သောလူတွေ ပါလာသနည်း၊ အကဲ ခတ်ခြင်းဖြစ်၏။ မောင်မောင်ဘမှာ မင်းသွေးအဖျားအနားမျှသာပါ၍ စိတ် မချရ။ မင်းသွေး ၄၀ကျော် ကွပ်မျက်ခံရသည့်ဂယက် မြုထနေဆဲကာလ။

မောင်မောင်ဘကား ဆရာဖေ ကြောက်ရွံ့နေသည်ကို သတိမထားမိ။ အိမ်ဦးခန်းတွင် ဝင်ထိုင်သည်။ "မဖြစ်ရုံ ဘယ်ကမတုန်း၊ တစ်လွဲတွေ ဖြစ်နေ ပြီပေါ့" ဆိုသည်။ ဆရာဖေ တိုးပေးသည့် ကွမ်းအစ်ကို ပေါင်ပေါ်တင်ရာက ဆက်ပြန်၏။

"သတင်းစာထဲမှာ ပါသမျှတ်လားဆရာရဲ့"

ဆရာဖေရှောင်လိုင်းပါ မောင်မောင်ဘအား စိတ်ဝင်တစား ကြည့်ကြ၏။

"ဆရာ သတိမထားမိလို့ ဖြစ်မှာပါ"

"သတိမထားဆို ဖတ်ကို မဖတ်ရသာပါ မင်းသား။ စိန်ပန်းဘက်က သူငယ်မတစ်ယောက်တော့ ထီကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားသလိုလို ကြားတော့အကြားသား"

ကြားသော်ငြား၊ ဆရာဖေတို့ ရဲရဲမမေးဝံ့။ ရဲရဲမပြောဝံ့ကြပါ။

မမေးဝံ့ခြင်းမှာ မင်းနှင့် စပ်သော အကြောင်းအရာ ဖြစ်နေသည်။ ထီ၏ အနိဋ္ဌာရုံကို မေးမိ ပြောမိခြင်းသည် ဘုရင်မင်းမြတ်အား မကောင်း ပြောရာ ကျသဖြင့် တစ်ကြောင်း၊ ရနောင်မင်းသား ဓားထက်လွန်းနေသဖြင့် တစ်ကြောင်း ဖြစ်သည်။

"ဟုတ်သယ်ဆရာ၊ သူငယ်မရဲ့စိတ်ထဲမှာ ထီပေါက်လိမ့်မယ်ချည်း ထင်နေသပ်။ အဲသာလောက် စိတ်စွဲနေမှတော့ မက်သမျှအိပ်မက်ဟာ ထီ အကြောင်းချည်း ဖြစ်တော့မှာပ်။ ဟုတ်လားဟေ့ ငလှိုင်း"

"မှန်ပါ၊ မှန်ပါ"

"ထီကိုချည်း စိတ်ကတန်းနေတော့၊ ငှက်ပျံသာ၊ နွားအော်သာ၊ ကြက်တွန်သာကအစ ထီပဲ အတိတ်ကောက်သာပေ့်။ ဟုတ်ဖူးလား"

"ဒါပေ့် မင်းသားရာ"

"ထီပေါ်လာသာက သည်သူငယ်မလို။ စားလည်း ထီ၊ အိပ်လည်း ထီ၊ ဘာမျှမလုပ်ဘဲ တစ်ထီတည်း ထီနေဖို့မှ မဟုတ်သာကလား"

"မှန်ပါသယ်မင်းသား။ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်းက ကံစမ်းသဲ့သဘောနဲ့ တစ်ကွက်တလေ ထိုးထိုးသာကလား"

ဆရာဖေ ထောက်ခံစကားပြောရငြား၊ အိမ်ရှေ့သို့လည်း လှမ်းကြည့် ရ၏။

"ဆရာလည်း နတ်ရှာစ်မင်းတရားကြီးရဲ့ ရွှေလက်ထက်တော်မှာ အမှုထမ်းခဲ့လို့ 'သဿမေဓ' မထိခဲ့ပေမယ့် ဆင်းရဲသား ကျွန်တော်မျိုးတွေမှာ များစွာ ခက်ခဲကျပ်တည်းကြသာကလား"

ဆရာဖေ ကြားသော်ငြား မရေးရဲပါ။ မရေးဘဲမနေနိုင်၍ ရေးဖွဲ့မိ ပြန်ငြား၊ တပည့်များကိုသော်မျှ အမြင်မခံရဲပါ။ သို့အတွက် ခေါင်းညိတ်ရုံသာ ညိတ်၏။

"သည်တော့ သဿမေဓ အခွန်တော်အစား၊ ဆင်းရဲသား ကျွန်တော်မျိုးတွေ ရက်ရက်ရောရော ကြည်ကြည်ဖြူဖြူဖြစ်မယ့် အခွန်တော် ဘာရှိသတုန်း စဉ်းစားကြသဲ့အခါ ထိဖြစ်လာသာ ဆရာရဲ့"

"ကုလားနယ်မှာ မြန်မာတွေ မွဲဆေးစားသဲ့ နည်းမဟုတ်လား မင်းသားရဲ့"

"ဟုတ်သယ်ဆရာရေ့ ဟုတ်သယ်။ ဟုတ်သဲ့အတွက် နေပြည်တော်အတွင်းမှာ ထိဖွင့်ဖို့ စည်းဝေးတိုင်ပင်ကြသဲ့အခါ ယောအတွင်းဝန် ဦးဖိုးလှိုင်က မသင့်ကြောင်း မတော်ကြောင်း အထောက်အထားတွေနဲ့ တင်ခဲ့သတဲ့"

"ပညာမျက်စိ ကြီးမားကျယ်ဝန်းသူပေကိုး"

"ဘဝရှင်မင်းတရားကြီးနဲ့ နန်းမတော်ထိပ်ခေါင်တင် မိဖုရားကြီးတို့က ထီကရတဲ့ ခိုင်နှုန်းကို သဘောတော်ကျကြသဗျာ့။ တိုင်တားမင်းကြီး ဦးဖိုးကလည်း အရှင်နှစ်ပါးနဲ့ တစ်သဘောတည်းကလား"

"ကုလားလိုသင်ခဲ့တဲ့ ကြေးနန်းရိုက်နည်းကို မြန်မာဘာသာနဲ့ ကြေးနန်းရိုက်နည်းဖြစ်အောင် တီထွင်ခဲ့တဲ့ ပညာရှိကြီးရဲ့ ပညာဉာဏ်အမြော်အမြင် ကြီးမားမှုကိုတောင် မထောက်ထားနိုင်ကြဘူးနော်"

ဆရာဖေ ညည်းညည်းတွားတွား ပြောသည်တွင် မောင်မောင်ဘာသည် ဘစ်စုံတစ်ရာ လွှတ်ခနဲပြောရန်အတွက် 'ဆရာရယ်' အစချီပြီးမှ 'ဟာ မပြောသာဘဲ ကောင်းပါသယ်လေ' ဆိုကာ အရှိန်သတ်၏။

ရတနာပုံနေပြည်တော် ဒုတိယနန်းစံမင်းတရားကြီး၏ ရွှေလက်ထက်ဘော်တွင်၊ ပထမပေါ်ခဲ့သောထီသည် အကွက် ၆၀ရှိ၏။

အကွက် ၆၀ ထီသည် ၃၆ကောင်နှင့်လည်းကောင်း၊ လေးကောင်ငှင်နှင့် လည်းကောင်း နီးစပ်သည်။ နီးစပ်သည် ဆိုရခြင်းမှာ ဂဏန်းတစ်ခုကိုဆိုးသူဦးရေ မည်မျှပင် ရှိစေကာမူ လက်ခံခြင်းဖြစ်သည်။ ထီလက်မှတ်ဘင်စောင်၏တန်ဖိုးမှာ ဒေါင်းဒင်္ဂါးတစ်ပြား။ တစ်ကျပ်။

## ပုဂံစာအုပ်တိုက်

သတ်မှတ်သော ငွေတော်ပြည့်ချိန်တွင် ထီဖွင့်ပွဲစတင်သည်။

ထီခုံပေါ်တွင် ငွေအိုးနှစ်လုံးရှိသည်။

အိုးတစ်လုံးထဲတွင် ပေသီး အလုံးခြောက်ဆယ် ထည့်ထား၏။ ပေသီး ၅၉လုံးမှာ ဗလာအတွက်ဖြစ်၍ ရွှေပေသီးသာလျှင် အောင်ပါလေဖြစ်၏။ ကျန်ငွေအိုးထဲတွင်မူ ဂဏန်းရေးထိုးထားသည့် ပေသီး အလုံး ၆၀ ရှိ၏။ ပေသီးတစ်လုံးလျှင် ဂဏန်းတစ်ခုရေးထားသည်။ ဂဏန်းများမှာ ၁မှ ၆၀ အထိ ဖြစ်သည်။

အောင်ပါလေနှိုက်မည့်သူများမှာ သူငယ်ကလေးနှစ်ယောက်ဖြစ်ကြသည်။

သန့်ရှင်းသပ်ရပ်စွာဝတ်ဆင်ထားသော သူငယ်ကလေးနှစ်ယောက်သည် စင်ပေါ်သို့တက်လာပြီး ငွေအိုးတစ်လုံးစီတွင် နှိုက်ကြသည်။ ထီရုံအမှုထမ်းက ဂဏန်းပေသီးမှ ဂဏန်းကိုဖတ်ပြီး အသံကျယ်ကျယ်အော်သည်။ ကျန်ငွေအိုးဘေးမှ အမှုထမ်းကလည်း၊ သူငယ်ကလေး နှိုက်ပေးသော ပေသီးကိုယူပြီး အများမြင်သာအောင် မြှောက်ပြသည်။ အော်လည်း အော်သည်။

ရွှေပေသီးထွက်လာသည့် အချိန်တွင်ကား တွဲလျက်ထွက်လာမည့် ပေသီးမှဂဏန်းသည် အောင်ပါလေဖြစ်၏။ ထီဖွင့်ပွဲလည်း ပြီးသွားပြီ။

သို့သော် လက်မှတ်ပြနိုင်သော ထီပေါက်သူသည် နှစ်ဆယ်ရာခိုင်နှုန်း ငွေတော်နုတ်၍ ကျန်သမျှကို မရသေးပါ။ ထိုဂဏန်းတွင် ထိုးထားသူ မည်မျှရှိသနည်း စစ်ဆေးရသေးသည်။ တစ်ဦးတည်းသာ ထိုးထားမိလျှင် ထိုသူတစ်ဦးတည်း တစ်သောင်းရတော့သည်။ တစ်ဦးထက်ပိုသော ထီပေါက်သူရှိလျှင်ကား ငွေတော်တစ်သောင်းကို အညီအမျှ ခွဲဝေယူကြရ၏။

အကွက် ၆၀ ထီမှာ ၁၂၄၀ ပြည့်နှစ်၊ တပေါင်းလမှ နောက်နှစ်တော်သလင်းလအထိသာ တည်တံ့ခဲ့သည်။

အကြောင်းမူ ထီဝန်အစ၊ ထီစာရေးအဆုံးရှိသော ထီရုံအမှုထမ်းတို့၏ ကောက်ကျစ်လိမ်လည်မှုများကြောင့်ဖြစ်သည်။ ရွှေပေသီးကိုမြင်မှ ကြိုက်ရာ

ဂဏန်းကိုအော်ခြင်း၊ လိုရာဂဏန်းအတွက်တွင် ရွှေပေသီးကို ထောင်ပြခြင်း များဖြစ်သည်။ သို့ဖြင့် ထီထိုးသူ နည်းပါးလာသည်။ ထီတစ်ကြိမ်ဖွင့်နိုင်ရန် ငွေတော်မပြည့်မချင်း ရက်ပေါင်းများစွာစောင့်ရတော့သည်။

နောက်နှစ်ဖြစ်သော ၁၂၄၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက် နေ့မှစတင်ပြီး လက်မှတ်ရောင်းချသော ထီသစ်ကား၊ ၅ ကျပ်ထီ ဖြစ်၏။ အကွက် ၆၀လည်း မဟုတ်တော့။ ဂဏန်းတစ်ခုတည်းကို အများထိုးနိုင်ခွင့် လည်း မရှိတော့ပြီ။ လက်မှတ်ပေါင်း ၁၂၀၀၀(တစ်သောင်းနှစ်ထောင်)အနက် မတူမထပ်သော ဂဏန်းကိုသာ ဝယ်ယူထီထိုးခွင့် ရှိပေသည်။

ယခု ငလှိုင်းမယား ထီရှူး ရှူးသော အရာမှာမူ နှစ်ကျပ်ထီဖြစ်၏။ မိဒေါင်းလှရှူးလျှင်လည်း ရှူးလောက်ပါပေသည်။ ပထမဆုံး ငါးကျပ်တန်ထီကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ဖွင့်သည်။ အောင်ပါလေ ရွှေပေသီး ပေါက်သူမှာ မယ်အုံဖြစ်သည်။ ကွမ်းရေတန်းနေ စာရေး ဦး၏ သမီး ဖြစ်သည်။ ရသည့်ငွေကလည်း နည်းနည်းနောနောမဟုတ်၊ ငါးသောင်း။

ထီလက်မှတ် တစ်သောင်းနှစ်ထောင် ရောင်းချပြီးချိန်၌ ငွေ ခြောက်သောင်းရသည်။ သည်အထဲမှ ခိုင်ငွေ တစ်သောင်းနုတ်ပြီး ကျန်ငွေ ငါးသောင်းကို ရွှေပေသီးရှင်သို့ ပေးအပ်သည်။

ပေးအပ်ပုံမှာ အိမ်တိုင်ရာရောက်ဖြစ်၏။ ဆုတော်ငွေ ငါးသောင်းကို ဆင်ဖြင့်တင်ပြီး ထီဝန်ကိုယ်တိုင် လာပို့ရသည်။ မယ်အုံမှာ အိမ်ရှေ့သို့ထွက် ကာ ပုဆစ်ဒူးတုပ်ပြီး လက်ခံရ၏။ ရွှေပေသီးရှင်အား သေဌေးဘွဲ့နှင်းမည်ဟု ည်လည်စဉ်က ကြေငြာခဲ့ပြီး၊ မယ်အုံမရ။ အသက်ငယ်ရွယ်သောကြောင့် ဖြစ်သည်။

ငါးသောင်း.... ငါးသောင်းဟု အရှူးအမူးဖြစ်နေကြစဉ် ရွှေမြို့တော် ည်ယ် ထီရုံတွေ မှိုလိုပေါက်လာသည်။ ပင်မ ထီရုံကြီးပေါင်း ဆယ်ရုံရှိရာ အများအဆင့်များနှင့်သော် မှိုပေါက်တော့သည်။

ထိုဆယ်ရုံမှာ သုံးရက်တစ်ကြိမ်ဖွင့်သည်။ ရွှေပေသီးရှင်မှာ တစ်သောင်းရသည်။ မဲပေါင်း ခြောက်ထောင်သာ ရှိတော့သည်။ ထီလက်မှတ် တစ်စောင်ကိုလည်း ၂ကျပ်အထိ လျှော့ချသည်။

သူဌေးဘွဲ့ မနှင်းသော်ငြား၊ ငွေတစ်သောင်းမှာ အလွန်များသည်သာပင်ဖြစ်ရာ လောဘကြီးလျှင် ကြီးသည်နှင့်အမျှ၊ တတ်နိုင်လျှင် တတ်နိုင်သည်နှင့်အမျှ ထီထိုးကြသည်။ ပါးနပ်သော လူရည်လည်သော သူများကမူ အပျင်းပြေကံစမ်းကြ၏။ မိုက်မဲသူများကား အားကိုးအားထားကြီးတစ်ခု အဖြစ် သဘောထားပြီး၊ ရှိစုမဲ့စုဖြင့် ခြစ်ခြုတ်ပြီး ထီထိုးသည်။ တစ်ရက်မပေါက်သော်၊ နောက်တစ်ရက်ပေါက်နိုးဖြင့် ချေးငှားထိုးသည်၊ ရောင်းချထိုးသည်။

သည်နည်းဖြင့် ကြွေးတင်သူတင်၊ မွဲသူမွဲ။

မောင်မောင်ဘပြောသော ထိုသူငယ်မမှာ ထိုကဲ့သို့ ကြွေးတင်မွဲတေသူများထဲမှ တစ်ယောက်ဖြစ်၏။

"အမည်က မယ်ရွှေထင်ပါဆရာ။ သူ့စိတ်မှာ ထင်နေသာက အိပ်မက်ကောင်းသယ်။ အဲသာကြောင့် မုချထီပေါက်ရမယ်ကိုး။ ပထမတစ်ရုံက မပေါက်ဘူး။ နောက်တစ်ရုံကို ပြေးထိုး။ အဲသာနဲ့ပဲ တစ်လအကုန်မှာ ဒေါင်းဒင်္ဂါး အပြား၂၀ ကုန်သွားပြီ"

"မနည်းပါကလားနော်"

ဖိနပ်ချွတ် အစပ်တွင် ဝင်ထိုင်ပြီး နားထောင်နေရာက ငစိန်ပိန်မြည်တမ်းလိုက်ခြင်း ဖြစ်ပေ၏။

"အေးပေါ့၊အေးပေါ့။နောက်တစ်လလည်း မယ်ရွှေ သတိမရသေးဘူး။ ထိမ်းမြားမင်္ဂလာပြုဖို့ ရည်းစားဖြစ်သူက အပ်ထားသဲ့ ငွေတွေကို ယူသုံးရပြီ။ အဲသာနဲ့ တစ်လပြီးတစ်လ ကုန်လာခဲ့သာ၊ ခြောက်လလောက်လည်းကြာရော ရှိသမျှ ရွှေတိုငွေစကုန်သဲ့အပြင် ရည်းစားရဲ့ငွေလည်း တက်တက်ပြောင်ပါရော"

**ပုဂံစာအုပ်တိုက်**

"သည်ထိ နှိပ်စက်...."

ဆရာဖေ ပြောကားပြော၏။ ဆုံးအောင်မပြောရဲသဖြင့် လမ်းဘက်သို့ လှမ်းကြည့်ရာက ရပ်လိုက်၏။

"ယောကျ်ားကလေးကလည်း သီတင်းဝါလ ကျွတ်ခါနီးမှာ၊ တောင်းရမ်း လက်ထပ်ဖို့ ငွေတောင်းတော့ မယ်ရွှေမှာ မရှိတော့ဘူးလေ။ အတိုချုန်း ပြောရရင်တော့ ခဲလေသမျှ သဲရေကျပြီဆိုပြီး ယောကျ်ားကလေးက ငိုယိုပြီး ထွက်အသွားမှာ သူငယ်မလည်း ဆွဲချသေသွားသာပဲ ဆရာရေ့။ အဲသာက မိန်းမသား။ အဲ ယောကျ်ားသားကျတော့ ဘာလုပ်သတုန်းဆရာ"

"တော်ပါဘိ မင်းသားရယ်"

ဆရာဖေသည် မိမိတပည့်များကို ယုံကြည်သည်။ ပညာကို တန်ဖိုး ထားသည့် လူများဖြစ်သောကြောင့် ပညာရှင်ဆရာကို အန္တရာယ်ဖြစ်မည့် ကုန်းတိုက်ကုန်းချော အမှုကိုပြုရန် စိတ်မကူးကြ။ မောင်မောင်ဘ၏ နောက်ပါများကို မယုံကြည်ချင်။ မင်းမြှောင်စိုးကပ်များကို ကြောက်သည်။

သို့သော် မောင်မောင်ဘ မတန့်နားပါ။

"ယောကျ်ားကျတော့ ဓားပြတိုက်သယ်။ လုသယ်၊ သတ်သယ်။ မတ္တရာဘက်မှာ ဓားပြခေါင်းဆောင် ချစ်ဦးတဲ့။ ဓားပြဆိုပြီး ပေါ့ပေါ့လျော့လျော့ သွားနိမ်သဲ့ လူတွေ ဘာဖြစ်ကုန်သယ် မှတ်သတုန်း၊ သေကုန်သာပဲ"

"အဲသာရပ်ပြီး၊ တခြားစကားပြောကြပါစို့ မင်းသားရယ်။ ကျောချမ်း လွန်းလို့ပါ"

ငလှိုင်းသည် မယ်ရွှေ့အကြောင်းကို မောင်မောင်ဘပြောနေဆဲတွင် နောက်ဖေးခန်းထဲသို့ ပြေးဝင်ခဲ့၏။ သူ့မယားအား ထိမထိုးရေး တရားပြရန် ဖြစ်သည်။ သို့ရာတွင် မိဒေါင်းလှ မရှိတော့ပါ။ ရုံတော်ကြီးဘက်သို့ ထိထိုးရန် သွားပြီ။

လိုက်သွားရကောင်းနိုး မလိုက်ရကောင်းနိုး ဝေခွဲမရ။ ဆရာနှင့်

မင်းသား၏ ရှေ့သို့ သူပြန်ရောက်သောအခါ လှိုင်းမှာ ဝေခွဲ၍ရသွားပြီ။ အကြောင်းမူ ဆရာနှင့် မင်းသားမှာ စကားဦးပြောင်းကာ ယနေ့ တွင်ကျယ်နေသည့် မှာတမ်းအကြောင်းကို ပြောနေကြသောကြောင့်ပေတည်း။

"ကရုဏာရသကို ကောင်းစွာပေးစွမ်းနိုင်သဲ့ အဖွဲ့အနွဲ့ပဲ ဆရာရဲ့။ ဘောက်မဲ့ကြောင့် ဆရာ မနှစ်သက်ရသာတုန်း"

"စကားနောက်ကို တရားပါသတဲ့ မင်းသား။ အသနားခံသဲ့ အသံတွေချည်း ပြည့်နေသဲ့ သည် 'မှာတမ်း' အရေးအစပ်သာ လူတွေနား စွဲသွားရင် သူတစ်ပါးသနားသာကို ခံချင်သဲ့လူတွေ ပေါလာမှာပေါ့"

"မဟုတ်သေးပါဘူး ဆရာရယ်"

"မဟုတ်ကာမှ လွဲချင်လွဲမယ်။ ရန်သူကုလားဟာ အိမ်ဝကို ရောက်နေပြီနော။ နွဲ့နေ ခရာနေ နနေလို့ မဖြစ်တော့ဘူး။ ရဲစွမ်းသတ္တိရှိဖို့ ရဲစိတ်ရဲမာန်တွေ ထနေဖို့ကောင်းသဲ့ စာတွေပဲ ရေးကြဖို့ကောင်းသယ်"

"အကျွန်ဖြင့် ဘယ်လိုနှစ်သက်မှန်း မသိဘူး"

မောင်မောင်ဘ ထပ်မံချီးကျူးနေသဖြင့် ဆရာဖေလှည့်ကြည့်သည်။ လှိုင်းရော ငစိန်ပိန်ပါ အသင့်ဒူးကြွပြီး ဖြစ်နေကြသည်။

"ဟဲ့ မှာတမ်းကောင်"

ငစိန်ပိန် ရှေ့တိုးလာသည်။ ဆရာဖေ ငေါက်ငမ်းသည်။

"နင်လည်း မှာတမ်းသမားပဲလားဟေ"

"လေးဆစ်သမား တေးထပ်သမားပါ ဆရာ။ သို့သော်လည်း မှာတမ်းကို ကြိုက်တိုက်တိုက်ပဲ ဆရာရဲ့"

"သဘောက်မသား သေရော့မယ်"ဆရာဖေ ပြုံးပြီး ပြောသည့်နည်းတူ၊ မောင်မောင်ဘလည်း ရယ်မော၏။

"ငါက လှိုင်းကိုသာ မှာတမ်းကောင် ထင်နေသာဟ။ သလိုဆို မှာတမ်းတစ်ပုဒ်လောက် နင်ရရင် ဆိုပြစမ်း"

**ပုဂံစာအုပ်တိုက်**

ငစိန်ပိန် လက်အုပ်ချီလျက် နောက်ဆုတ်သည်။ ဒူးချပြီးထိုင်သည်။

"သကလဓေယျာ သစ္စာကျူးရင့်။ ဆယ်ကမ္ဘာကြေ ညာတဆွေ မသွေယွန်း၊ ရွှေခွန်းတော်ဖွင့်ကတည်း၊ ဘုန်းပြိုင်ခွင့်မအောင် ရွှေမြင့်မှူး ရွှေဖူးစာ ရောင်ခဲ့ရင်၊ မလွမ်းယောင် ဟန်ပုံခင်းသော်လည်း မကျွမ်းယောင် ကျန်ရုံကြွင်းသူမို့ ပြန်ညှဉ်းတဲ့ဓိဋ္ဌဝန်မှာ စိတ်တစ်ဉာဏ် အယူကွဲသည်နှင့် မိတ်ပန် အတူမြဲအောင်လို့ ဇာတ်တစ်နဲ့ပြလိုက်ပါတယ်"

"ကဲ ဘယ်လောက်သာယာသတုန်း"

မောင်မောင်ဘ၏အပြောကို ဆရာဖေက ခေါင်းယမ်းကာ ပယ်သည်။ "စကားလုံးတွေ မပြေပြစ်သာ၊ မကျစ်လျစ်သာ ဘယ်သွားထားမတုန်း" ဟူ၍ပါ မေးသည်။

"ကဲကဲ.... ဆက်ပါဦး"

ငစိန်ပိန်သည် ဝစနာလင်္ကာရအဆိုမှ သောတာလင်္ကာရ ဆိုသံသို့ ပြောင်း၏။

"မလွမ်းထိုက်သော်လည်း ကျွမ်းခိုက်မို့ ထင်ရပြန်။ နန်းဇာတိ သော်တာလို ရွှေမျက်နှာ စံတစ်နှုန်းကိုဖြင့် နေဆုံးအောင်မမြင်ရရင် ပူကြသူ သေစလောက်ပါပဲ၊ ဧထောက်မတန်"

"ကဲ ဘယ်လောက်ကောင်းတုန်း။ လမင်းကြီးလို စံထားလောက်တဲ့ ရွှေမျက်နှာကို ဖွဲ့ထားတာ ဆရာရဲ့"

"ပူကြသူ သေစလောက်ပါပဲတဲ့။ ကျုပ်ဖြင့် မကြိုက်ပေါင်။ ပူရသူဆို တော်သေးရဲ့"

မောင်မောင်ဘနှင့် ဆရာဖေတို့ ဖြတ်ပြောသဖြင့် ငစိန်ပိန်မှာ ရပ်နေရ၏။ "ဆက်ပါဦးကွယ်" ဆိုသောအခါ ရှေ့ကချခဲ့သော အသံကို သူ မေ့သွားပြီ။

"စ ခိုကိုး။ ညိုမျိုးညိုခဲ့ပြန် ဘယ်မာန်သိတစ်ပုံထူး။ သရောကူ သဘောယူ အထင်မှားပါနှင့်၊ တစ်ပါးပြင်ဇမ္ဗူရပ်မှာ ဘုန်းမှတ်ပါဘူး"

"လေးဆစ်ကလေးဆစ်နဲ့မှမတူသာဘဲမင်းသားရာ။မကောင်းပါဘူး"

ဆရာဖေ့အပြောကို မောင်မောင်ဘ မချေပသဖြင့် ငစိန်ပိန် ဆက်ဆို၏။ ယခုအဆိုမှာမူ ဝစနာလင်္ကာရ အဆိုဖြစ်သွားပြန်သည်။

"ကပ်ကမ္ဘာ နတ်စာကံနည်းက ရူးချည်ငဲ့။ မြတ်သမ္ဘာ ထပ်ကာ ကြဲလွဲလို့ ကူးပါနဲ့"

ဆရာဖေ ခေါင်းညိတ်သည်။ ထိုစာမျိုး မည်သည့်အတွက် တွင်ကျယ် လာရသည်ကိုလည်း ရိပ်မိလာသည်။

"ပကတူးမဆွ သစ်မယွင်း၊ ချစ်ရင်းစကပဲ ဝိသေသကြွင်ဗျာကို မင်္ဂလာအောင်ပန်းနှင့် မမုန်းတမ်းအရင်ကို ခွန်းပန်ဆင်မြွက်ခဲ့ကြပါတယ်"

"ဘာအဓိပ္ပာယ်ရှိသတုန်း မင်းသား။ တစ်ကြော့ပြန်ဆိုပြပါဦးကွယ်"

ဆရာဖေ ကြားဖောက်သည်။ ငစိန်ပိန် ပြန်အရွတ်တွင် ဆရာဖေက လက်ချိုးပြီး မှတ်သားသည်။ 'သုံးဆယ်နဲ့ ကိုးလုံးသော စကားတွေ သုံးခဲ့ပါလျက်နဲ့ လင်ပန်းဖင်ကို ဆုပ်လို့မရသလို ဖြစ်နေပါပေါ့လား' အပြစ်တင်သည်။

မောင်မောင်ဘ ရယ်မောနေသဖြင့် ငစိန်ပိန် ဆက်လက်ရွတ်ဆို၏။

"စံဖက်မပြိုင်၊ သုံးဆိုင်လုံး ကြေးမှျင်ကသာ၊ သမင်ကိုဇကန် သေကြောင်းကြဲ၊ ဘေးဒဏ်ရောက်မြေခွေး၊ ပမာသွေး ပုံရေးဝတ္တု၊ မြတ်သနင်း ဇာတ်ရင်းကိုရှုပါတော့။ သမုဖျား၊ အမှားကို အမှန်မဖြစ်သင့်ပါဘူး၊ ရစ်ရစ် တံကြော့ တော့်တစ်နွယ်"

"ဟဲ့ကောင် ငလှိုင်း"

ဆရာဖေသည် ခေါင်းခါရာက လှည့်မကြည့်ဘဲခေါ်၏။

"ကျွန်တော် ရှိပါသယ် ဆရာခင်ဗျား"

"ရင်ထုထုပြီး မငိုချင်ဖူးလားဟေ့"

"ငိုချင်ပါသယ် ဆရာခင်ဗျာ့"

"အေး၊ လူတွေပူပုံဖမ်းပြီး လွမ်းခန်းကြွယ်နေကျမှတော့ ပါပမိစ္ဆာဒိဋ္ဌိကုလားဖြူကို ဘယ်လိုလုပ် တိုက်ကြမတုန်း"

ဖြေသံမရှိ၊ ခေတ္တတိတ်ငြိမ်၏။ မောင်မောင်ဘ၏ "ဆက်ပါဦးကွယ်၊ မောင့်ဟာ မဆုံးသေးပါဘူး" တိုက်တွန်းသံပေါ်လာမှ ငစိန်ပိန် ဆက်ရဲ၏။

"ဆွေးမပြယ်၊ လေးပင်လယ်မေရုနဲ့ ပွေမူတစ်နှုန်း"

"ဟော.... ရှေ့နားမှာတစ်နှုန်း၊ အခု လာပြန်ပြီ တစ်နှုန်းပဲ"

"သက်တစ်ရာမျက်နှာကို မမြင်ရသော်လည်း၊ ပူပါ့မယ် ဘယ်တစ်နေ့မှ အောက်မေ့မမုန်း"

အဆိုကောင်းသောကြောင့် နှစ်သက်စိတ် ဝင်လာသယောင်ရှိငြား၊ အသုံးအနှုန်းများကို ဆရာဖေ မကြိုက်ပါ။ မောင်မောင်ဘအား အားနာ၍ မြုံနေလိုက်၏။

"ဆူသုံး ပူဆုံး ကူမရုန်းလျှင် ယူကျုံးမရ။ ချိုမညွှန်း ညိုလွန်းတော်မူလှုပြီမို့၊ ယုန်မရ တောကျေ သဘောနေညဏ်လွဲလို့ ဖဲလိုပွင့်မပေါက် သည်းညိုခွင့်ရောက်ကတည်း၊ ရဲမြောက်ထုံးတွင်အောင် မရှုံးခင် အထင်ပွားစရော့၊ တစ်ဘုန်းရှင်အမြင်သားမို့ ဆယ့်ငါးနှင့် ချိုရပြန်ပါတယ်"

"ကောင်းလိုက်သာဗျာ"

"ဖဲသမားများတော့ သဘောကျတန်ကောင်းရဲ့"

ဆရာဖေ ရယ်မောနေသဖြင့် မောင်မောင်ဘမှာ စိတ်ဆိုးရအခက် ဒိတ်မဆိုးရအခက် ဖြစ်သွားလေ၏။

"တစ်သက်ပန် အပျက်ကယ်မြူတစ်ဆံမျှ အကြံမမှား။ ရိုးပြာကျမြေ၊ ဘပ်ကျွမ်းကမ္ဘာကျေတော့၊ မဟာဆွေ သည်တစ်ဘုန်းကိုဖြင့် မုန်းလို့မခြား"

"သည်သစ္စာထားကလေးကဖြင့် သင့်သယောင်ရှိပါ့"

"ဗျာ" ဟု ဆိုကာ မောင်မောင်ဘ ဖင်ကြွလျက် လှည့်ကြည့်၏။ "သင့်သယောင်၊ ဟုတ်စ" ဟု မကျေမချမ်းမေး၏။

**ပုဂံစာအုပ်တိုက်**

"ဟုတ်သယ်လေ မင်းသားရဲ့၊ ကောင်းသယ် မပြောလောက်ပေဘူး"

"ဟုတ်ပါပြီလေ။ ကဲ ငစိန်ပိန်ရေ ဆက်ပါဦးဟ"

"ပပြားညဏ် နောင်ပွေ့ရက်လျှင် ရထားဖန် တောင်ဖွေချက်က နေထွက် နေဝင် တစ်ဒင်္ဂအဆွေးလို ပူဇခွင့်မမြင်အောင် ပြန်ဆင်တဲ့ ကြူးခွန်းကပင်"

ဆရာဖေသည် တပည့်အားလက်ပြပြီး မောင်မောင်ဘအားမေးသည်။

"ပူဆွေးလွန်းလို့ သနားမယ်ကြံခါမှ ပူဇခွင့်မမြင်တဲ့။ ဘယ်လိုတုန်း မင်းသား။ ကောင်းလှသဆိုဗျာ့"

"ငစိန်ရာ၊ မင့်စာက အမှားကြီးထင်ပါရဲ့"

"ကျွန်တော် သေသေချာချာ ကူးပြီးမှ မေးမြန်းပြီး ကျက်ထားသာပါခင်ဗျာ့"ဟု ဖြေပြီးမှ ငစိန်ပိန် ဆက်ရွတ်၏။

"ဖြစ်လွမ်းချက်ခက်ခဲ၊ ချစ်ကျွမ်းလျက် ခွဲရန်မှာ သည်ပွဲကို ခဏမကြည့်ရစံ။ ပုံသဏ္ဍာန်တွင် ဂုဏ်တစ်မာန်ပျိုးလွန်းလို့ ပွေမျိုးစုအပြိုင် ခွေညှိုးခုမှိုင်မိတယ်"

ငစိန်ပိန်က သံနေသံထားမှန်အောင် ကြိုးစားရွတ်ဆို၏။ ထိုသို့ဆိုသည့်အတွက် ဆရာဖေ ခေါင်းခါစရာဖြစ်၏။ သနားစဖွယ်ကောင်းအောင် ချွဲလွန်းနွဲ့လွန်းသဖြင့် ဖြစ်ပေသည်။

"ဆန်းပွေနိုင် ဆရာမြောက်တဲ့၊ ပါမောက္ခမျက်ခြယ်ကသာ လက်သယ်မွဲ့အောင် ရှစ်တွဲတွင် မဝပ်သင့်ပါဘူး။ တမွတ်ဘုန်း ထွတ်ဆုံးသည် တစ်ပါးက ညွတ်ရုံးကြည်သနားလျှင် ကြွေသွားမှန်တော်မူခဲ့ပါ"

"လက်သယ်တဲ့။ ရှစ်တွဲတဲ့။ လက်စသတ်တော့ ဖဲသမား အကြိုက်ပါကလား"

ဆရာဖေ ပက်လက်လန်လုလု ရယ်မောသည်တွင် မောင်မောင်ဘ ဖိုသီဖတ်သီ ထတော့သည်။

**ပုဂံစာအုပ်တိုက်**

"ငစိန်ပိန်ရာ၊ နင့်မှာ နင့်ဆရာရှေ့ ရွတ်စရာ တခြားမှာတမ်း မရှိရော့သလားဟင်။ သဘောက်မသား"

မောင်မောင်ဘသည် ခြေဖြင့် ကျောက်ဟန်ပြုပြီးမှ ဆင်းသွားသဖြင့် ဆရာဖေနှင့် ငလှိုင်းတို့ ရယ်မောလျက် ကျန်ခဲ့ကြလေ၏။

သို့ရာတွင် မောင်မောင်ဘသည် ခွေးကတက်အရောက်တွင် ပြန်တက်လာ၏။

"ဆရာ၊ ဆရာ့မိတ်ဆွေ စာရေးကြီး မောင်ထွန်းဝရဲ့ အလှူ ဘယ်နေ့ပါလိမ့်"

"ငါးရက်လိုပါသေးတယ်လေ"

"နေပူသယ်ဆရာ၊ ခြေကျင်မသွားနဲ့နော၊ ကျွန်တော်လည်း သွားမှာမို့ ကျွန်တော့်လှည်း လွှတ်လိုက်မယ်နော် ဆရာ"

"မသွားလည်း မဖြစ်၊ သွားပြန်လည်း နေကပူသနဲ့၊ ဘယ်လိုလုပ်ရပါ့ ခုတုန်း စဉ်းစားနေသာ မင်းသားရေ့"

"သွားပြီဆရာရေ့။ ဟိုနေ့ကျရင်သာ စိတ်လိုက်မာန်ပါ ထသွားတော် ခုပါနဲ့"

ကြီးမားသော ဖုန်လုံးကြီးသည် ကိုးခန်းအုတ်တိုက်ကြီးကို ခြုံရုံနေ၏။ ဖုန်လုံးနောက်မှ အုတ်အုတ်ကျက်ကျက် အသံကြီး လိုက်ပါလာသည်။ အသံကြီး၏ အောက်တွင်ကား များပြားလှသည့်လူတွေ။

နွားလှည်းများသည် သစ်ပင်ရိပ်တွင် ချွတ်ထား၏။ ဈေးရောင်း ဈေးဝယ်လာသော လှည်း၊ ထီဖွင့်ပွဲလာသော လှည်းများဖြစ်သည်။ ထီသတင်း နားထောင်ရန်အတွက်၊ စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။

လူများမှာ သစ်ပင်ရိပ်တွင် ခိုသူခို၊ နေပူထဲတွင် လမ်းသလားသူ သလား၊ ထီရုံကြီးအတွင်းရှိ စင်မြင့်ပေါ်သို့ လှမ်းမျှော်သူမျှော်ဖြင့် ထီဖွင့်ချိန်ကို မျှော်နေကြ၏။

ထိုသူများကိုကြည့်လျှင် သပြေခက်ကို ရင်ဘတ်တွင် ထိုးထားသူ၊ ခေါင်း၌ပန်ဆင်ထားသူများကို တွေ့ရမည်။ တမာခက်ကို နားတွင်ပန်ထားသူများ၊ ဝါးခက်ကို ဆံပင်တွင် စိုက်ထားသူများကိုလည်း တွေ့ရမည်။

အချို့သည် နဖူးတွင် အင်းချထား၏။ အချို့ကား လက်ဝါးတွင်

ရေးလာသည့်အင်းကိုကြည့်လျက် မန်းမှုတ်နေကြသည်။အင်းမချဘဲ ပါးစပ်မှ တတွတ်တွတ် ရွတ်နေသူများလည်းပါဝင်သည်။

ထိဖွင့်ပွဲကျင်းပမည့်စင်ပေါ်တွင် ရွှေရေးသေတ္တာကြီးနှစ်လုံး ချထားသည်။ မိဒေါင်းလှသည် ဖိနပ်ကို ဖင်ခုထိုင်လျက် သေတ္တာကြီးများကို စိတ်စောစွာ ကြည့်နေလေသည်။ ငလှိုင်းမှာသော် ပါးစပ်တလှုပ်လှုပ် ဖြစ်နေသူများအား ကြည့်ပြီး မဲ့ရအခက် ပြုံးရအခက်ဖြစ်နေ၏။

'ထိရုံမှာလာပြီး အချိန်ဖြုန်းမယ့်အစား၊ ထင်းထွက်ခွေရင် တစ်ထမ်း မရနိုင်ဖူးလား၊ တစ်ရွက်မရနိုင်ဖူးလား။ နွားစာစဉ်းရင် နွားတစ်ရှဉ်းတွက် ဘစ်နေ့စာ မရဖူးလား။ အဝတ်ချုပ်ရင်ကော မဖြစ်ဖူးလား....'

လူတွေကိုကြည့်ပြီး ထိုအတွေးဖြင့် အပြစ်တင်နေမိသော ငလှိုင်းသည် သူ့မယားကို ငုံ့ကြည့်လိုက်သောအခါ ခေါင်းနပမ်းကြီး၏။

"ဟင် မဒေါင်း။ဟိုနေ့က ငါ့ကိုပြောသာ တစ်စောင်ပဲထိုးမလိုလို၊အခု"

မိဒေါင်းလှ တဖြန့်ဖြန့်လုပ်နေသော ထိလက်မှတ်မှာ ငါးစောင်ဖြစ်သည့် အတွက်မေးခြင်းဖြစ်သည်။ ထိုမျှသောငွေကိုရရန် ငလှိုင်းတို့ ၁၅ ပွဲ လိုက်ရ သည်။ ရုံဖန်တွင် ၁၅ပွဲလိုက်ပါလျက် သည်မျှမရတတ်။

သို့ရာတွင် မိဒေါင်းလှက ပြုံးပြုံးကြီးဖြေ၏။

"ဟုတ်သယ် မောင်ကြီး။ ကျွန်မ ထီထိုးဖို့သွားတုန်းက 'နှစ်စီးခြသေ့် ...င်၍အမြန် သူဌေးဘွဲ့ခံ' အတိဝ်နဲ့ တစ်စောင်တည်းထိုးဖို့ပဲ"

ငလှိုင်းရင်ထဲတွင်ကား 'တစ်ဆယ်၊ တစ်ဆယ်၊ အများကြီး' ဟူသည့် အသံကသာ မြည်ကြွေးနေ၏။

"အဲသလို စိတ်ကူးပြီးသွားသာ လမ်းမှာ ခွေးကို ကြက်က လိုက်ခွပ် ...သာ တွေ့သယ်မောင်ကြီး။ ခွေးက ကြက်ကို လိုက်ကိုက်လို့။ ကြက် ...သာ ပြေးရစမြဲမဟုတ်လား။ အခုတော့ ထုံးစံမဟုတ်ဘဲ ကြက်ခွပ်လို့ ...ပြေးရသာ မြင်သဲ့အတွက် ထပ်ပြီး လေးစောင်ထိုးမိသာ"

မိဒေါင်းလှ ဖြန့်ပြသော လက်မှတ်လေးစောင်တွင် လင်မယား နှစ်ယောက်၏ အမည်၊ နေရပ်လိပ်စာ ပါ၏။ ထို့ပြင် 'ခွေးကိုကြက်ခွပ်၊ ငွေ တွေမလွတ်၊ ပထမဆု ဆွတ်'ဟူ၍ ရေးထားပြန်သေးသည်။

"သည်ရွှေပေသီး ပြေးမလွတ်ဘူး မောင်ကြီး"

ငလှိုင်းမှာ ထွီခနဲ တံတွေးထွေးပစ်ချင်၏။ သို့ရာတွင် လူတစ်ဖက် သား၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့နေမှုကို ငလှိုင်း မဖျက်ဆီးရက်။ ပျော်ပါစေ၊ ထီဖွင့်ပွဲ မပြီးမီ ပျော်ပါစေ။

လူသည် ရှုးပြီဆိုလျှင် လုံးဝရှုးတော့သည်။ ထီတွင် စိတ်တန်းကာ ရှုးသော် ထီတစ်ခုတည်းဖြင့် မပြီး။ တစ်စုံတစ်ယောက်၏ စကားနှင့် အပြုအမူ များကိုပါ အတိတ်ကောက်တော့သည်။

"ရှင်မ ငွေကို ငါနမြောသကွယ်" ဟု ငလှိုင်းပြောလိုက်လျှင် "ပါးစပ် ပုပ်ကြီးနဲ့ နိမိတ်ဖတ်လို့ လွဲသွားသာ" ဟု တရားခံအလုပ်ခံရခြိမ့်မည်။ သို့အတွက် ပျော်ပါစေဟု ပါးစပ်ပိတ်လိုက်ခြင်းဖြစ်၏။

"သည်ရွှေပေသီး ပြေးလို့မလွတ်ဘူး သိလားမောင်ကြီး"

ငလှိုင်းသည် ပြီးစလွယ် ပိုင်စလွယ် ခေါင်းညိတ်၏။ ညိတ်သော်ငြား အေးဆေးစွာမနေရ။

"ကနေ့ အိမ်ကအထွက်မှာလေ၊ ဗျိုင်းတစ်ကောင်လေ။ ဆွတ်ဆွတ်ကို ဖြူနေသာ ဒင်္ဂါးသားလား မှတ်ရသတော။အိမ်ရှေ့က ကုက္ကိုပင်မှာ လာနားလို့ ကြည့်လိုက်သဲ့အခါ ဘာတွေ့သယ်မှတ်သတုန်း"

ငလှိုင်း၏စိတ်မှာ ပျံ့လွင့်နေသဖြင့် ခေါင်းညိတ်၏။

"ကျွန်တော်မက ဘာပြောလို့ ခေါင်းညိတ်ရသာတုန်း"

"ကုက္ကိုကလည်း တနင်္လာ၊ ငွေကလည်း တနင်္လာလေ မဒေါင်းရဲ့"

နားစွန်နားဖျားအကြားဖြင့် ပြောမိပြောရာ ပြောခြင်းဖြစ်ရာ မိဒေါင်းလှ ဝမ်းသာရွှင်လန်း၏။

**ပုဂံစာအုပ်တိုက်**

"လာဘ်ဟဲ့ လာဘ်။ ရွှေပါးစပ်ငွေပါးစပ်"

ဝမ်းသာရွှင်လန်းပြား၊ မိဒေါင်းလှ မအေးဆေးသေး။ အိမ်ရှေ့သို့ လာရောက်နားသည့် ဗျိုင်းအကြောင်းကို ဆက်သေး၏။

"တနင်္လာနံ ကုက္ကိုပင်မှာလာနားသဲ့ ငွေဗျိုင်းရဲ့ ပါးစပ်ထဲမှာလေ။ ဒင်္ဂါးကြီးကိုက်ထားသလား မှတ်ရသဲ့ ငါးဖြူဖြူကြီးတော့။ အတိတ်က ကောင်း နိမိတ်ကကောင်းသဲ့အတွက် အောင်ပါလေ ရွှေပေသီးဟာ ကျွန်မ လက်ထဲက ပြေးမလွတ်တော့ဘူး"

မိဒေါင်းလှသည် သိမ်မွေ့စွာ အသံထွက်ရုံ ရယ်မောသည်။ သူ့ အထင်ဖြင့် သူကား ဟုတ်နေ၏။ သူ့နည်းတူ ထီဖွင့်မည့်စင်ရှေ့သို့ ရောက်နေ သူများသည် မိဒေါင်းလှတွေ ဖြစ်သည်ကိုကား မိဒေါင်းလှ မသိရှာ။

ထိုသူများသည် အိပ်မက် ကောင်းသဖြင့် ငါ မုချပေါက်ရမည် မျှော်လင့်ကာ ရောက်နေကြသူများဖြစ်၏။ ထိုသူများသည် အတိတ် ကောင်းသည့်အတွက် ရွှေပေသီးကို သည်တစ်ပွဲတွင် ပိုင်ရတော့မည် ထင်တစ်လုံးဖြင့် ရောက်လာကြသူများဖြစ်၏။

"တိတ်စေ"

ထိဝန်ကိုယ်တိုင် ကြွလာသည့်အတွက်ဖြစ်သည်။

လှုပ်လှုပ်ရွရွ သွားနေသူများ ရောက်တတ်ရာရာ ပြောနေသူများသည် ချက်ချင်းငြိမ်၏။ တိတ်၏။

ထိဝန်သည် ထီအုပ်ဖွင့်ပြသည့် ရွှေရေးသေတ္တာများထဲမှ ပေသီးအဖြူ များနှင့် ရွှေပေသီးကို စစ်ဆေးကြည့်ရှုသည်။ ဂဏန်းရေးထားသည့် မဲစက္ကူ များကို စစ်ဆေးသည်။ ရွှေနန်းတော်ဘက်သို့လှည့်ကာ လက်အုပ်ချီပြီး အမိန့် ပေးသည်။

"ထီ စတင်ဖွင့်စေ"

ထိဝန်၏ အမိန့်သံအဆုံးတွင် ထင်တစ်လုံးစီဖြင့် ရောက်လာမျှော်မော

နေသူများမှာ အသက်သော်မျှ ရှူကြပါလေစ ထင်ရသည်။

လှပသပ်ယပ်စွာ ဝတ်ဆင်ထားသည့် သူငယ်ကလေးနှစ်ယောက် တက်လာပြီး ထီဝန်အား ဦးချရှိခိုးသည်။ ထို့နောက် ရွှေရေးသေတ္တာများ၏ ဘေးတစ်ဖက်တစ်ချက်၌ ရပ်နေကြသည်။

ထီအုပ်က လက်ျာဘက်သေတ္တာကို ဖွင့်ပေးရာ သူငယ်ကလေးက စာရွက်တစ်ရွက် နှိုက်ထုတ်သည်။ ထီအုပ်လက်ထဲသို့ လက်နှစ်ဖက်ဖြင့် ကမ်းပေး၏။

"ဂဏန်း ငါးသုညငါး"

လက်ဝဲဘက်ရှိ ရွှေရေးသေတ္တာကြီးမှ ထွက်မလာသေး။ အမှုထမ်း တစ်ဦးက မောင်းတံကို လှည့်ပေးရာ၊ တဂျောင်းဂျောင်း တဝုန်းဝုန်း အသံများ ဆူညံသွား၏။ အသံများ ရပ်သွားပြီ။ ပရိသတ် မြင်ကွင်းဘက်မှ တံခါး ပွင့်လာပြီး ပေသီးအဖြူတစ်လုံး ထွက်လာ၏။ ယင်းကို လူငယ်လေးက ထီရုံအုပ်လက်ထဲသို့ ပေးအပ်၏။ ထီရုံအုပ်က ကျယ်လောင်စွာအော်သည်။

"ဗလာ၊ ဗလာ၊ ဗလာ"

ထီရုံအုပ်သည် ပေသီးအဖြူကို ပေသီးသေတ္တာထဲသို့ ပြန်ထည့် သော်လည်း ဂဏန်းစက္ကူကိုမူ ထက်ပိုင်းဆွဲကာ၊ တောင်းတစ်လုံးထဲသို့ ပစ်ထည့်၏။

ဂဏန်းစာရွက်များ၊ ပေသီးအဖြူများ။

မိဒေါင်းလှသည် သူ့လက်မှတ်တွေကို ငုံ့ကြည့်နေသည်။ အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသည်။ ထီစင်ရှေ့ရှိ ပရိသတ်ကား ယားယံသည်ကိုပင် ကုတ်ဖဲ့ရန် သတိမရကြ။

"ဂဏန်း ငါးလေး ခွန်သုံး"

"ဟုတ်ပြီတော်၊ ဟုတ်ပြီတော့်" "မိဒေါင်းလှအော်သံနှင့်အတူ လှိုင်း၏ မျက်နှာရှေ့သို့ ရောက်လာသော ထီလက်မှတ်မှာ တဆတ်ဆတ် တုန်နေ၏။

•

ပုဂံစာအုပ်တိုက်

မိဒေါင်းလှ ထိုးထားသည့် ထီလက်မှတ် ငါးစောင်အနက် တစ်စောင်ကား ထွက်လာပေပြီ။ ပေသီးသေတ္တာထဲမှ မည်သည့်ပေသီး ထွက်လာမည်နည်း။ ပေသီးအဖြူလော၊ အောင်ပါလေ ရွှေပေသီးလော။

ပြက်ကယ်ကယ် သဘောထားသော ငလိုင်းပင်လျှင် အသက်ရှူရပ်သကဲ့သို့ ဖြစ်ကာ ပေသီးသေတ္တာ၏ ရှေ့ပေါက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေမိသေးလျှင် မိဒေါင်းလှ မည်သို့ရှိမည်နည်း။

တံခါးပွင့်လာသည်။ ပေသီးတစ်လုံး လိမ့်ဆင်းသည်။

"ဗလာ၊ ဗလာ၊ ဗလာ"

မိဒေါင်းလှ၏ သက်ပြင်းချသံကြီးသည် ကျယ်လောင်လွန်းလှပါတကား။ ထီဖွင့်ပွဲတွင် မိမိလက်မှတ်၏ ဂဏန်းမထွက်ဘဲ ထီဖွင့်ပွဲ ပြီးစီးသွားသည်မှာ အကြိမ်ကြိမ်။ မိမိဂဏန်း ထွက်လာခြင်းမှာ ကံတစ်ထစ်ကောင်းသည် ခေါ်နိုင်သော်ငြား ရွှေပေသီး မရသဖြင့် ကံအပြည့်မကောင်းချေ။

မိမိဂဏန်း ထွက်လာခြင်းသည် မိဒေါင်းလှအတွက် ဝမ်းသာစရာကြီး ဖြစ်၏။ တစ်အောင့်မျှသော ကာလသည် စိန်အတိ ပတ္တမြားအပြည့် စီခြယ်ထားသော ကာလဖြစ်၏။ သို့သော် အခြားသူများအတွက်ကား မည်သို့မျှ အရေးမပါ။

သို့အတွက် မိဒေါင်းလှ၏ ဂဏန်း ပေသီးဖြူနှင့် ညားခြင်းသည် အခြားသူများအတွက် 'ဩော် ဗလာပေပဲကိုး' ထက် မထူးခြားပေ။ မိဒေါင်းလှအတွက်သော်ကား မျှော်လင့်ချိန် စိန်တံခါးကြီး ဖြန်းခနဲ ပိတ်သွားခြင်း ဖြစ်သဖြင့် ရင်ထဲ၌ တုန်ခါ၏။

ဂဏန်းစက္ကူများ၊ ပေသီးဖြူများ ဆက်လက်ထွက်သည်။

ဂဏန်းပေါင်း ခြောက်ထောင်ထည့်ထားငြား အကုန်အစင် ထွက်လေ့မရှိပါ။ သုံးချိုးတစ်ချိုး၊ လေးချိုးတစ်ချိုး။ ရံဖန်ရံခါသော် တစ်ဝက်ကျမှ ရွှေပေသီးကျလာကာ ပြီးစီးသည်။

**ပုဂံစာအုပ်တိုက်**

ယနေ့တွင်သော်၊ ထက်ဝက်ကျိုးခဲ့ပြီ။

မိဒေါင်းလှနှင့် အလားတူ လူများ ပိုပြီးအားတက်ကြသည်။ လည်တဆန့်ဆန့် မျှော်မော့ကြသည်။ "ရွှေပေသီးက ကျုပ်ကိုစောင့်နေသာတော့။ ကြည့်နေ.... အကျွန့်ဂဏန်း မထွက်သရွေ့ ရွှေပေသီးကပ်နေမှာ" ပြောအားရှိကြ၏။

"ဂဏန်း.... တစ်တစ်ကိုးနှစ်"

"အောင်ပါလေ"

ကျယ်လောင်သော လက်ခုပ်သြဘာသံကြီးသည် ရုံတော်ကြီး ပြိုကျမတတ် ပြင်းထန်စွာ ပေါ်လာ၏။ ထိဝန်သည် အောင်ပါလေ ပေါက်ဂဏန်းနှင့် ရွှေပေသီးကို စစ်ဆေးပြီးလျှင် လက်မှတ်ထိုးပေးကာ ပြန်လည်ကြွမြန်းသွားလေ၏။

ထိဝန် ထွက်ခွာသွားမှသာ ပရိသတ် လှုပ်ရှားသည်။ ပျောက်သောဖိနပ်ကို ရှာသူရှာ၊ အိပ်နေသောကလေးကို နှိုးသူနှိုး၊ ကလေးကို ထမ်းသူထမ်းဖြင့် စောစောကနည်းတူ ဆူညံနေပြန်လေ၏။

ငလှိုင်းသည် ထရပ်ပြီး ပုဆိုးပြင်ဝတ်၏။ အညောင်းအညာ ဆန့်၏။ ငုံ့ကြည့်၏။ မိဒေါင်းလှ ငိုင်နေသည်။

"သွားကြစို့ ရှင်မရေ ထထ"

ဒင်္ဂါးဆယ်ပြား သွားရှာပေါ့ဟု နောက်ဆက်တွဲ ရယ်စရာပြောမည်ကြံပြီးမှ မပြောဘဲ ထားလိုက်၏။

"မဒေါင်း ထလေကွယ်၊ ပြန်ကြစို့"

ပခုံးကိုတို့ပြီးပြောမိတော့မှ မိဒေါင်းလှ၏ပခုံး တုန်ယင်နေမှန်း ငလှိုင်းသိသည်။ ငုံ့ကြည့်သည်။ မိဒေါင်းလှ ရှိုက်ကြီးတငင်ငိုနေပါတကား။ သို့ကြောင့် ငလှိုင်းပြန်ထိုင်သည်။

"ရမယ်ထင်လို့ ကံစမ်းသာ မရဘူး။ ပြီးပြီလေ၊ ပြန်ကြစို့"

"ကျွန်မ အလွန်အားထားသဲ့ အောင်ပါလေ၊ ရေစုန်မျောပြီ"

"မဒေါင်းရယ်၊နေမင်းကြီး အနောက်ဂေါယာကျွန်းကို ယွန်းသွားသာ၊ ပြန်လာစေချင်လို့ ငိုသဲ့ကလေးလို မလုပ်ပါနဲ့၊ ထထ"

ငလှိုင်းသည် လက်မောင်းရင်းမှဆွဲပြီး အထခိုင်းသည်။ မိဒေါင်းလှ တစ်ကိုယ်လုံးမှာ အရိုးမရှိသူနှယ် ပျော့ခွေနေ၏။

"ရှင်မလို မျှော်လင့်တကြီးနဲ့ လာသဲ့လူတွေအပုံ။ ရှင်မလို မျှော်လင့်ချက် ဆုံးရှုံးသွားသူတွေ အများကြီးပဲ။ သို့သော် ဘယ်သူမှ မငိုဘူး။ဟိုအဝက လူတွေ လှမ်းကြည့်နေကြပြီ။ မရှက်ဖူးလား"

အရှက်နှင့်တို့မှ မိဒေါင်းလှမျက်ရည်သုတ်ကာ ခြေလှမ်းသည်။ဖုန်လုံးကြီးမှာ ဝေးကွာသွားသည့် လူအုပ်ကြီးနောက်သို့ လိုက်ပါသွားပြီ။

မိဒေါင်းလှသည် အတန်ကြာအောင် တုံ့နေးတုံ့နေးလျှောက်လျက် လိုက်ပါလာရာက မန်ကျည်းပင်တစ်ပင်အောက်သို့ ဝင်ထိုင်သည်။ ဟီးတိုက်ငိုသည်။

"မဒေါင်းလှ၊ ကျုပ်စိတ်ဆိုးအောင် မလုပ်နဲ့ကွယ်"

"ကျွန်မရဲ့ နားတောင်းဖြင့် ဆုံးပါပြီကော"

သည်မိန်းမတော့ ရိုက်မှဖြစ်မယ်ဟူသည့် စိတ်ကူး ငလှိုင်းတွင် ပေါ်လာ၏။ ဟိုဟိုသည်သည် လိုက်လံပြီး တုတ်ရှာ၏။ ကြံချောင်းမှ ခွာချပစ်ခဲ့သော အခွံထူထူ ရှည်ရှည်တစ်ဖတ် တွေ့သဖြင့် ကောက်ယူ၏။

"ထီကို အားကိုးတစ်ခုလုပ်ပြီး လက်သပ်ကိုယ်ကျွတ် ထီထိုးသူတွေ ဒုက္ခရောက်ကြောင်း ထီမကောင်းကြောင်း ပြောနေကြသဲ့အထဲက မယ်မင်း သွားထိုးသာ မဟုတ်လားဟင်။ ဘယ်သူကရိုက်ပြီး အထိုးခိုင်းသတုန်း"

ကျောရိုးဘေးရှိ အသားပြင်ကြီးပေါ်သို့ ဖြန်းခနဲနေအောင် ချလိုက်မည်ဟု ကြံဖတ်ဖြင့်မိုးလျက် ငလှိုင်း ငေါက်ငမ်း၏။ သို့သော် မရိုက်ဖြစ်။ "အဲသာကလေးနဲ့မရိုက်ပါနဲ့ မောင်ကြီးရယ်၊ သေအောင်သတ်လိုက်ပါတော့"

ပြောပြောဆိုဆို ခြေထောက်ကို ဖက်ပြီး ငိုသည်။

"မဒေါင်းရယ် တိတ်ပါကွယ်"

ကြဲဖတ်ကို လှိုင်းလွှင့်ပစ်သည်။ မျက်နှာချင်းဆိုင်တွင် ဆောင့်ကြောင့်ဝင်ထိုင်သည်။

"မဒေါင်း နမြောသလို မောင်ကြီးလည်း နမြောသာပဲ။ သို့ပေမယ့် ကံမပေးလို့မရသာ ငိုနေလို့ ပြီးမလား။ ထပါကွယ်။ ကျုပ် စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့နော်။ မဒေါင်းက လိမ်မာပါသယ်"

မိဒေါင်းလှ မျက်ရည်သုတ်ပြီး ရှိုက်နေသည်။

"မောင်ကြီး စိတ်ဆင်းရဲအောင် မလုပ်နဲ့လေ၊ သွားကြစို့"

မိဒေါင်းလှ၏ ခြေလှမ်းများ သွက်လက်လာသည်။ ထိုကဲ့သို့ စိတ်အေးလက်အေး ရှိသည့်အခါဝယ်၊ ဘေးဘီကို လှိုင်း သတိထားမိသည်။ ထိ ပယောဂကြီးသည် မိဒေါင်းလှတစ်ယောက်တည်းကို ကွက်ပြီး မပြုစား။ မလိမ်မာသူအားလုံးကို ရက်စက်စွာ ပြုစားနေပါတကား။

သရက်ပင်အောက်တွင် နို့စို့ကလေးနှင့် နို့ညှာကလေးကို အရိပ်ကောင်းရာတွင် ထားပြီး လင်မယား သတ်ပုတ်နေကြသည်။

"ကျွန်မ သတိပေးပါလျက်နဲ့ ရှင်လော်မာလို့ သလိုဖြစ်ရသာ"

မယားသည် လင့်လက်မောင်းကို ကုန်းပြီး ကိုက်၏။ လင်သည် မယား၏ ဆံပင်ကို ဆွဲထားရာက "သေပါပြီဗျာ၊ သေပါပြီ၊ လာကြပါဦး" ကုန်းအော်၏။

လူသွားလမ်းတစ်လမ်းနှင့် ချုံဖုတ်ကလေးတွေ ခြားထားသော ဟိုဘက် သရက်ပင်အောက်တွင်ကား ပြောင်းပြန်။

"ထိုးလိုက်ဦးဟ ထိ၊ ထိုးလိုက်ဦး"

ယောကျ်ားသည် မိန်းမကို လိုမ့်ပြီးကန်၏။ ဆံပင်ဆွဲပြီး ရိုက်၏။ မိန်းမမှာ လိုမ့်ခံရင်း တောင်းပန်ရှာသာ တတ်နိုင်၏။ 'ရှိပစ္စည်း ကုန်စင်အောင်

ချရောင်းပြီး ထီထိုးလေသလော'

"ကြောက်ပါပြီ ကိုရင်ရဲ့၊ ချမ်းသာပေးပါ'

"ကြောက်သယ် ဟုတ်စ၊ ကြောက်ရင် အခုလို နင်"

ဒူးထောက်တောင်းပန်နေသူကို ဆံပင်မှဆွဲပြီး မတ်တတ် အရပ်ခိုင်းသည်။ သည်မျှ ရက်စက်စွာ ငလှိုင်း မလုပ်ရက်။ မယား မလိမ္မာသမျှသည် လင်၌ လုံးလုံးလျားလျား အပြစ်ရှိသည်။ ယခုကဲ့သို့ ရိုက်နှက်ရသည်အထိ ဖြစ်ရခြင်းတွင်လည်း လင်မှာသာ တာဝန်ရှိသည်။

သို့ပါလျက်နှင့် ယခုမှ ရက်စက်စွာ ပြုမူနေခြင်းကို ငလှိုင်း စက်ဆုပ်သည်။ သို့အတွက် ထွီသံရှည်ပေးလျက် တံတွေးထွေးသည်။ ထိုးကွင်း မည်းမည်း သျှောင်တွဲကြီးနှင့် ယောကျ်ား ဖျပ်ခနဲ လှည့်ကြည့်သည်။

ထိုသူအား ငလှိုင်း ကြည့်မနေပြော၊ သူ့ကို ထွီကြောင်းထိုသူသိသည်။ တစ်စုံတစ်ရာ လှမ်းပြောမည်ဟန်ပြင်ပြီးမှ တန့်သွား၏။ သူ့မယားလည်း အရိုက်အနှက် အကန်အကျောက် အထုအထောင်း ခံနေရရာမှ အဆဲအဆို ခံသို့ ပြောင်းလွဲသွား၏။

ထိရှုးများသည် ဒေါသကို အိမ်အထိ သယ်မသွားနိုင်ကြ။ ချုံစပ်၊ သစ်ပင်အောက် စသည်တို့တွင် လင်မယား ညီအစ်ကို၊ ညီအစ်မ၊ သားအမိ၊ သားအဖ ရိုက်ပုတ်နေကြသည်။ သတ်ပုတ်နေကြသည်။ လက်ညှိုး· ဘထိုးထိုးဖြင့် အပြန်အလှန် စွပ်စွဲအော်ဟစ်နေကြ၏။

"စနေနံထီဟာ ပါပဇာတ်၊ ကုလားဖြူဟာလည်း စနေနံ ပါပဓာတ်။ အဲသာကြောင့် နှစ်ခုလုံးနဲ့ မတည့်ဘူး ပြောသယ် မဒေါင်း"

မိဒေါင်းလှသည် နောက်မှ ခြေလှမ်းမှန်မှန်ဖြင့် ပါလာသော်ငြား ... ဘက်ကဲ့ရှင့်သော်မျှ မဆိုချေ။

ထိရှုး ရှုးပြီး ရှိသမျှအောပြီး ထီထိုးရာက ကိုယ့်ကိုယ်ကို သတ်သေ ... းသဲ့ စိန်ပန်းရပ်က မိန်းမအကြောင်းကို မင်းသားကလည်း ပြောရော၊

ထိမထိုးဖို့ တားရအောင် ကျုပ်လိုက်လာသေးသယ်။ အခု နားတောင်းကို ဘယ်လောက်နဲ့ ပေါင်ခဲ့သတုန်းဟင်"

မိဒေါင်းလှ အသံမထွက်၍ မဖြစ်ပြီ။ ငလှိုင်းက လှည့်ကြည့်ရုံမက ရပ်တန့်ပြီး မေးနေပြီ။

"ပေါင်သာမဟုတ်ပါ မောင်ကြီး။ ၁၅ ကျပ်နဲ့ ရောင်းသာပါ"

"မယ်မင့်မှာ ငါးကျပ်ကျန်သေးသာကပဲ။ ဘာမှ အားမငယ်နဲ့။ ကျစ်ကျစ်ပါအောင်ထုပ်ထား။ သည်နှစ်ကုန်ရင် နားတောင်းတစ်ရံ ပြန်လုပ်ကြသာပါ"

တစ်ဆယ်ဟူသောငွေကို နှစ်အကုန်တွင် ရလိမ့်မည်ဟု မိဒေါင်းလှ မထင်ရဲ။ မရဲသော်ငြား နှုတ်မှမထွက်။ လင်ကိုကျိတ်ပြီး သနားသည်နှင့်အမျှ မိမိကိုယ်ကို အပြစ်တင်နေမိသည်။ ဆုံးရှုံးသွားသည့် ဒင်္ဂါးဆယ်ပြားကို တရေးရေးမြင်ယောင်ကာ ရင်ဆို့နေသည်။

သို့ရာတွင် အိမ်ရှေ့ကပြင်တွင် ဒူးနှစ်လုံးပေါ် တံတောင်ဆစ်နှစ်ဖက်တင်ပြီး ဆောင့်ကြောင့်ထိုင်နေသော ငစိန်ပိန်အား ခြံပေါက်ဝသစ်တုံးပေါ်တွင် မြင်လိုက်ရသောအခါ လင်မယား နှစ်ယောက်လုံး၏ အာရုံဆိုးများ ပြေးလွင့်သည်။

"နင်တို့ဟာ ဘယ်သွားမယ်၊ဘယ်လာမယ် မှာသွားဖို့ကောင်းပါသယ်။ အခုတော့ ငါ့မှာ"

မြည်တွန်တောက်တီးလျက် ငစိန်ပိန် ထရပ်၏။

"ငါ့မှာ ဘာဖြစ်သတုန်း"

"ငါ့မှာ ဆွမ်းခံဝင်ချိန်လောက်ကတည်းက လာစောင့်နေရသဟာ"

သစ်ရိပ်ကောင်းသော ဥယျာဉ်အလယ်ရှိ အိမ်ကလေးဘက်သို့ လျှောက်လာကြစဉ် သူတို့ကျောဘက်မှ မိန်းမသံတစ်သံ ပေါ်လာ၏။ မိဒေါင်းလှ၏အမေ မလေးမယ်၏ အသံဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

"သင်းပြောသာများ မယုံလေနဲ့သမီး။ ဆွမ်းခံပြန်ပြီး တော်တော်ကြာမှ ရောက်လာသာ။ ထမင်းမစားခဲ့ရသေးဘူးဆိုလို့ ကျွေးရသေးသယ်။ ငှက်ပျောသီးလည်း တစ်ဖီးလားမသိဘူး"

မလေးမယ်သည် ခြံရှင်းနေဟန်ရှိ၏။ အသံသာ လာ၏။ လူမူ မပေါ်လာ။ ထိုအခါတွင်မှ ငစိန်ပိန် တဟဲဟဲရယ်မောသည်။ "တစ်ဖီး မကုန်သေးပါဘူးဗျာ"ဟု ပြောသည်။

"ဆရာက ဘာအရေးကြီးသတဲ့တုန်း"

အိမ်ခါးပန်းတွင် ဝင်ထိုင်မိလျှင် ငလှိုင်းက စတင်မေး၏။

"အရေးကြီးသမှမောင်ရာ။ ဖိုးသာချစ်စင်က သံချိုကိုင်ဖျားနေလို့ မင်း လိုက်သွားရမယ်တဲ့ဗျား"

ငလှိုင်းသည် ခေါင်းပေါင်းပဝါကိုဖြုတ်ပြီး မိဒေါင်းလှသို့ လှမ်းပေးရာက မယုံသင်္ကာဖြင့်ကြည့်၏။

"မင်းက ငါ့များ မယုံသလိုနဲ့"

"မင်းကကော ယုံရလို့လားအကောင်ရာ"

မိဒေါင်းလှ လာပေးသော တဘက်ကို ခေါင်းပေါင်းရင်း မေးမှ ငစိန်ပိန်သည် ပေရွက်တစ်ရွက်ထုတ်ပေး၏။

"သုံးအိုးမှာ ကနေ့ညဗျား။ မင်းတွင် မဟုတ်ဘူး။ ငါပါ ပါသယ်"

"စက္ကူတွေ ပေါ်နေပါလျက်နဲ့ကွာ"

ငလှိုင်းသည် ငစိန်ပိန်ပေးသော ပေရွက်လွှာကို လှမ်းယူရာက ည်းတွားငြား စကားကို အဆုံးမသတ်ပေ။ မသတ်ခြင်းမှာ သူ့စကား မှားသောကြောင့်ဖြစ်ပေသည်။

ကုလားစက္ကူသည် ပေရွက်ထက် ရေးရ၊ ယူဆောင်ရ လွယ်ကူကြောင်း သိပါလျက်နှင့် ဆရာဖေသည် ပေနှင့်ပုရပိုက်သာသုံးသည်။ စက္ကူမှာ ရန်သူကုလားဖြူပြည်ထွက် ဖြစ်သောကြောင့်ပေတည်း။

ပုဂံစာအုပ်တိုက်

မိစ္ဆာဒိဋ္ဌိ ဆန့်ကျင်ရေး မြင့်မြတ်သောစိတ်ဓာတ်ကို အမှတ်မဲ့ ငြိငြင်မိသဖြင့် ဆရာရှိရာအရပ်သို့ ငလှိုင်း လက်အုပ်ချီပြီးမှ စာကိုဖတ်သည်။ ဆရာ့လက်ရေးဖြစ်သည်။

"ငါတွင် မဟုတ်ပါကလား"ဆိုသည်။ ဘေးဘက်သို့ ကြည့်သည်။ မိဒေါင်းလှမရှိသည့်အတွက် "မဒေါင်းရေ လာပါဦးဟ" အော်ခေါ်သည်။ မိဒေါင်းလှသည် အဝတ်အစား လဲလှယ်လျက်က ပြေးလာရဟန်တူသည်။ ဆွဲမိဆွဲရာ စောင်တစ်ထည်ထည်ခြုံထားပြီး၊ အိမ်တွင်းခန်းအဝ၌ လာရပ်၏။

"ဟုတ်ကဲ့မောင်ကြီး၊ ကျွန်တော်မ ရောက်ပါပြီရှင့်"

"အမယ်၊ငါ့ရှေ့မှာလာပြီး ဟန်ဆောင်ပန်ဆောင် ရှိသေနေလိုက်တာ"

ငစိန်ပိန် ရယ်ကျဲကျဲပြောသည်။

"တော့်အပူ မပါပါဘူး"

"ဟောသည်မှာ ကျုပ်ဆီကို ရေးရင်းနဲ့ တစ်ပါတည်းရေးလိုက်သဲ့ ဆရာ့စာထဲမှာ မဒေါင်း နေမဝင်ခင် ဆရာ့အိမ်အရောက် လာခဲ့ရမယ်တဲ့။ ရနောင်မြို့စားမင်းရဲ့ ဝင်းထဲမှာ ကရမယ်"

"အလိုလေးတော်၊ အဲသည်ဝင်းထဲတော့ သွားချင်ပေါင်"

သည်စကားတို ငလှိုင်းရော၊ ငစိန်ပိန်ပါ နားလည်၏။ ယနေ့ည မိဒေါင်းလှတို့ဇာတ်အဖွဲ့ သွားရောက်အသုံးတော် ခံရမည့်မြို့စားမှာ ကာမသောင်းကျန်းသူများ စာရင်းတွင်ပါဝင်၏။ တောင်တွင်းကြီးတွင် လင်ငုတ်တုတ်ရှိသော ကချေသည်မ မယ်မျှင်ကို ငမ်းငမ်းတက်ဖြစ်နေသဖြင့် မယ်မျှင်ခမျာမှာ ချစ်သောလင်ကို ကွာရှင်းပေးရ၏။ သို့လျှင် လင့်ထံသွားရောက်ကာ အကျိုးအကြောင်းပြောကာ ကွာရှင်းနေစဉ် နာမည်ကြီးထိုမြို့စားသည် မယ်မျှင်ပြန်လာသည်အထိ မစောင့်နိုင်ဘဲ ဆင်တစ်စီးလွှတ်ပြီး အခေါ်ခိုင်းသည်။ သို့အတွက် မယ်မျှင်ခမျာမှာ အမည်ရင်းပျောက်ပြီး 'ဆင်ခိုးမ' အမည် ရောက်ရရှာ၏။

**ပုဂံစာအုပ်တိုက်**

ဤသည်ကို ရည်ညွှန်းပြီး မိဒေါင်းလှက 'သွားချင်ပေါင်' ပြောခြင်းဖြစ်ရာ "ဆရာပါသားပဲကွယ်၊ မစိုးရိမ်ပါနဲ့" ဟု ငလှိုင်းက ဖျောင်းဖျသည်။

"စိုးရိမ်ရတော့လည်း မြို့စားမယားဖြစ်သာပ"

"မြို့စားကို သာလောက် သဒ္ဒါရင် တော့်အမျိုးတွေခေါ်သွားပြီး ဆက်ချေပါလား"

မိဒေါင်းလှ ခြေဆောင့်ပြီး ထသွားသဖြင့် ငစိန်ပိန်မှာ မချိသွားဖြဲဖြစ်လျက် ကျန်ခဲ့လေ၏။

"သလိုဆို သွားကြမှပဲဟေ့။ မင်းကော စောင်ကလေး၊ ပုဆိုးအကျီအပိုကလေး မယူခဲ့ဖူးလား"

မေးမေးထထဖြင့် ငလှိုင်း ထရပ်စဉ်၊ ခြံရှေ့မှ ခေါ်သံကြားသည့်အတွက် လှမ်းကြည့်မိ၏။ ဘုန်းကြီးတစ်ပါးနှင့် လူတစ်ယောက်။ လူမှာဖာတစ်လုံးထမ်းထားသဖြင့် ရပ်ဝေးဧည့်သည်ဖြစ်မည် ခန့်မှန်း၏။

မိဒေါင်းလှလည်း ငလှိုင်းအတွက် စောင်နှင့် အဝတ်များထည့်ပြီး လာပေးရာက လည်ဆန့်ပြီး လှမ်းကြည့်၏။

"မောင်ကြီးရဲ့ ဘကြီးဘုန်းကြီးမဟုတ်လား"

"ဟုတ်သယ်။ နောက်ကဧည့်သည်ကို မသဲကွဲလို့"

ပြောဆဲမှာပင် ထန်းခေါက်ဖာကို တုတ်လျှိုပြီး ထမ်းထားသူသည် ခြင်ကွင်းထဲသို့ ဘုန်းတော်ကြီး၏ကျောဘက်မှ လွတ်ပေါ်လာ၏။

"ဟကောင် ငသိုင်း"

"ကိုကြီးလှိုင်း"

အော်သံများ ပြိုင်တူပေါ်လာသည်။ ပြိုင်တူပြေးကြသည်။

ညီလေး၊ အစ်ကိုတို့နဲ့နေရသာ မပျော်လို့လား။ တမြန်နေ့က အစ်ကိုပြောသာ စိတ်ဆိုးလို့လား"

ငလှိုင်းသည် လွန်ခဲ့သည့် တစ်မောင်းကျော်ကပင် ငသိုင်း၏ ကျောဘက်သို့ ရောက်လာကာ အကဲခတ်နေခဲ့၏။ ငသိုင်းသည် တောင်ပို့ပေါ်တွင် ထိုင်နေသည်။ ခြေလည်းမလှုပ်၊ လက်လည်းမလှုပ်၊ ခေါင်းလည်း မငဲ့၊ အရုပ်တစ်ရုပ်နှယ် ငြိမ်သက်နေခဲ့သည်။ ငလှိုင်းမှာ သူ့နှယ် အချိန်မဖြုန်းအားသဖြင့် ချဉ်းကပ်စုံစမ်းရတော့သည်။

"အစ်ကိုပြောသာဟာ ညီလေးမသိသာကို သိအောင်၊ မမှားတန်သာ မမှားအောင် ပြောသာပဲ။အစ်ကိုမှမပြောရင် ညီလေးကို ဘယ်သူပြောမှာတုန်း"

"အေးကွ။ ဘုရားဆုပန် မင်းယောကျ်ား ရင့်မာကြီးတွေဟာ မိန်းမနဲ့ စပ်လျဉ်းလာရင် ပညာရှိ သတိဖြစ်ခဲ ဖြစ်ကုန်ကြသယ်။ ငါတို့ဆရာကတောင် လေးစားကြည်ညိုရတဲ့ စလေဆရာကြီးဦးပုညခများမှာ ရွှေစေ့လောက်မှ

အဖိုးမတန်သဲ့ မယားငယ်ကို ပယောပယီ လုပ်မိလို့ မြို့သာမြို့စားမင်း မယားမာန်ရှပြီး သတ်ပစ်ခဲ့သာ ခံရသဲ့ထုံး ရှိသယ် ညီ”

ငသိုင်း ခေါင်းညိတ်ပြသည်။ စလေဆရာကြီးဦးပုညကို သူ မသိသော်ငြား အစ်ကိုအား ရိုသေလေးစားသည့်အနေဖြင့် ခေါင်းညိတ်ပြခြင်း ဖြစ်သည်။

“အနတ္တိဂန္ဓမင်းသားဆိုသာဟာ ဗြဟ္မာ့ပြည်က စုတေလာသဲ့အတွက် မိန်းမကိုသိပ်မုန်းသတဲ့ ညီလေး”

“ဟုတ်ကဲ့ပါ အစ်ကိုခင်ဗျာ့”

သည်အမည်ကိုကား ငသိုင်း ကြားဖူးသယောင်ရှိ၏။ ကွက်စိပ်လော၊ ရုပ်သေးလောဟူသည်ကိုကား သူမမှတ်မိ။

“မအေဖြစ်သူက နို့တိုက်သာတောင် တင်းတိမ်တစ်ဖက်မှာနေ၊ တင်းတိမ်ကို အပေါက်ဖောက်ပြီး နို့သီးထုတ်ပြီး နို့တိုက်ရသတဲ့။ ကြီးလာတော့လည်း မိန်းမကိုကြည့်ဖို့ဝေးလို့ အနံ့တောင် မခံနိုင်ဘူး”

ငသိုင်းအတွက် အလွန်ထူးဆန်းသော အလွန်အံ့သြစရာကောင်းသော ဇာတ်လမ်း ဖြစ်နေချေသည်။ ကာလသားပေါက်စ ဖြစ်ကတည်းက မိန်းမကိုသာ အရေးတကြီးလုပ်ပြီး ပြောဆိုနေသော ကာလသားကြီးများ၏ ပြောသံဆိုသံ၌ နားစွဲနေခဲ့မိသော ငသိုင်းအတွက် မယုံနိုင်စရာလည်း ဖြစ်နေချေသည်။

“သူ့ရဲ့ ခမည်းတော်မှာလည်း သားက သည်တစ်ယောက်ပဲ ရှိသာကလား။ သည်သားက ထီးနန်းဆက်ခံပြီး ဘုရင်လုပ်ရင် မိန်းမကို အနံ့တောင်မှ မခံနိုင်သဲ့ဘုရင်က ဘယ်လိုလုပ်ပြီး သားသမီး ထွန်းကားမတုန်း။ မျိုးနွယ်ပြတ်ရချည်ရဲ့။ နန်းဆက်ပျောက်ရချည်ရဲ့ ပူပန်တော်မူရှာသာကိုး”

အစ်ကို့စကားတွင် အာရုံစိုက်ငြား၊ အာရုံဝင်စားနေပါငြားလည်း အတိတ်တစ္ဆေသည် ငသိုင်းရှေ့သို့ အပြေးရောက်လာ၏။

**ပုဂံစာအုပ်တိုက်**

"ငါပြောသာ ကြားရဲ့လား ငသိုင်း"

"ဟုတ်ကဲ့ ကြား ကြားပါသယ်ခင်ဗျာ့"

ပျာပျာသလဲ တုန့်ပြန်မိပြီး 'ငါ ဘာပြောသတုန်း'မေးလျှင် အခက်။ မှန်သည်။ သတိတစ်ချက်ကလေး လစ်သွားသည်။ သို့သော် ငလှိုင်းမမေးချေ။

"သည်လို ပြည့်ရှင်မင်း အခက်တွေ့ပြီး ညည်းညူသဲ့အတွက် အပျိုတော်တစ်ယောက်က 'ကျွန်တော်မ ကြံဆောင်ပါ့မယ်' လျှောက်သတဲ့။ မင်းတရားကြီးကလည်း ဝမ်းသာအားရနဲ့ 'ငါ့သားတော်ရဲ့ ဗြဟ္မစရိယ အကျင့်မြတ် ပျက်အောင် ဖျက်နိုင်ရင် မယ်မင်းကို မိဖုရားကြီးအရာ ဆောင်နှင်းမယ်' ပြောသတဲ့"

ငသိုင်း စိတ်မလွတ်အောင် ကြိုးစားနားထောင်နေရာက ခေါင်း ညိတ်သည်။ အသံလည်းပေးသည်။

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

"အပျိုတော်က ယောကျ်ားလိုဝတ်ပြီး မင်းသားရဲ့ အဆောင်တော်နား သွားပြီး စောင်းတီးတော့သာကိုး။ မင်းသားလည်း စောင်းသံ သာယာ လှသယ်၊ ရှေ့တော်ဝင်ပြီး ဖြေဖျော်ခိုင်းရာမှာ ကြာလာသဲ့အခါကျတော့ ထိသဲ့ တွေ့သဲ့ အရသာကို မလွန်ဆန်နိုင်ဘဲ ပျက်စီးတော့သာကလား"

ဖျက်ဆီးဟူသည့် ဝေါဟာရတူငြား ပြောင်းပြန်ပါတကားဟူသည့် အသိ ရိပ်ခနဲဝင်၏။ ငသိုင်း ကြိုးစားဖျောက်ကာ "ဟုတ်ကဲ့ခင်ဗျာ့" ဆိုသည်။

"မိန်းမကို အန့်တောင် မခံနိုင်သဲ့မင်းသား ဘယ်လောက်အထိ ပျက်စီးသွားသတုန်းဆိုတော့ 'တစ်လောကလုံးမှာ ရှိရှိသရွေ့ မိန်းမဟူသမျှ ငါယူမယ်' ဆိုပြီး ဖြစ်လာပါလေရောဟေ့"

ငသိုင်း ရယ်မောသည်။ ရယ်မောသော်ငြား မန်းမှုတ်ပြီး အသက်သွင်း ထားရသည့် ဖုတ်၊ ပြိတ္တာ အရယ်မျိုးသာဖြစ်၏။

"ဘယ်လောက်ထိ ဆိုးသတုန်းဆိုရင် မိန်းမတွေကို သူ့လက်ထဲက

လုယက်ပြီး မယူနိုင်အောင် ယောက်ျားမှန်သမျှကို ဓားနဲ့လိုက်ခုတ်တော့သာပဲ ညီလေးရေ့။ မိန်းမများ ဘယ်လောက်ဆိုးသတုန်းဆိုရင် ကောင်းနေသဲ့ ယောက်ျားကို လူဆိုးလူရမ်းကားဖြစ်အောင် ဖမ်းစားသကွ"

"ကျွန်တော့်အဖြစ်က ကျွန် ကျွန်တော့်...."

ငသိုင်း မခံမရပ်နိုင်ဖြစ်လာသဖြင့် အသံအက်ကြီးဖြင့် ပြောသည်။ သူ့အသံ လုံးအက်နေသည့်အတွက် ငလှိုင်း သတိမထားမိ။

"အဲသာနဲ့ ဘုရင်ကြီးလည်း မတတ်သာသဲ့အတွက် သားတော် မင်းသားကို စစ်သည်ဗိုလ်ပါနဲ့ ဝိုင်းဝန်းဖမ်းဆီးပြီး သူ့ကိုဖျက်ဆီးသဲ့ မိန်းမနဲ့ အတူ တိုင်းတော်ပြည်တော်က နှင်ထုတ်လို့ လူသူမနီးတဲ့ ကျွန်းတစ်ကျွန်းမှာ နေကြသတဲ့"

ငသိုင်းသည် အစ်ကိုဖြစ်သူအား ငေးကြည့်နေမိသည်။ အဖေနှင့် အလွန်တူသော အစ်ကိုသည် မိမိအား ရှု့ချလို၍ သို့မဟုတ် ပြက်ရယ်ပြုလို၍ သည်ဇာတ်ကို ပြောနေသလော။

ငလှိုင်းကား ညီ၏အဖြစ်ကို မသိ၊ ပြောမြဲပြောနေ၏။

"ငါ့ညီ သေသေချာချာနားထောင်။ ကျွန်းပေါ်မှာ နှစ်ယောက်တည်း နေသဲ့အခါ၊ ယောက်ျားက တောလည်ပြီး သား၊ ငှက်၊ သစ်သီးသစ်ဥ ရှာဖွေ သာ၊ မိန်းမက ချက်ပြုတ်ကြော်လှော် တည်ခင်းကျွေးမွေးပေါ့ကွာ။ အဲသာနဲ့ ဘစ်နေ့မှာ ဧျာန်ရ ရသေ့တစ်ပါး ကောင်းကင်ခရီးနဲ့ ဆွမ်းခံထွက်အလာမှာ ဘဲအုံကန္နားလည်းမြင်၊ မီးခိုးလည်းထွက်နေသာ တွေ့သဲ့အတွက် ဆင်းလာ ပြီး ဆွမ်းရပ်တဲ့ အခိုက်အတန့်မှာ မင်းသားမြတ်ကို မင်းသားယုတ်ဖြစ်အောင် ဖျက်ဆီးခဲ့သဲ့ မိန်းမဟာ ရသေ့ကိုဆီးပြီး မိန်းမတို့အတတ်နဲ့ ဖျက်ဆီးလိုက်သာ ဈာန်ကွယ်ပျောက်သွားပါလေရော"

'အစ်ကိုကြီး ပြောနေသာက မိန်းမ မကောင်းကြောင်း။ ကျွန်တော် ကြုံခဲ့ရသာက ယောက်ျားယုတ်မာကြောင်း။ အိုလေ....'

လွင့်ပျံ့စိတ်ကို သေိုင်းချက်ချင်းထိန်းသိမ်းသည်။ နားစိုက်ထောင်သည်။

"မင်းသားလည်း အစာရှာဖွေရာက ပြန်လာတော့ မျောက်မွေးနေသဲ့ မိန်းမယုတ်ကို တွေ့သာပေါ့။ မင်းသားဟာ ရသေ့ကိုသတ်မယ်ဆိုပြီး ဓားကို ပြေးအဆွဲ၊ ရသေ့လည်း ကြောက်အားလန့်အားအပြေးမှာ မြစ်ကမ်းပါး ရောက်တော့ သူ့ကိုယ်သူ ဈာန်ရ ရသေ့အထင်နဲ့ ပျံတက်လိုက်သာ မြစ်ထဲ ကျသွားပါလေရော"

"ဟုတ်ကဲ့ခင်ဗျာ့ အစ်ကိုကြီး"

"မင်းသားက စဉ်းစားသယ်။ ရသေ့ဖြစ်ပုံက မြစ်ထဲခုန်ချသာ မဟုတ်တော့၊ ကေန္တ စောစောတုန်းက ဈာန်ရဟန်တူသယ်။ အခုကလေးတွင် ဈာန်လျှောသာဖြစ်ရမယ် တွေးမိပြီး အမေးမှာ ရသေ့လည်း တရားကိုပြန်ပြီး ဆင်ခြင်သဲ့အတွက် ဈာန်ရပြီး၊ ရေထဲက ပျံတက်သွားသာကိုး။ မင်းသားလည်း မိန်းမဟာ ဒါလောက် ယုတ်မာပါကလား သဘောပေါက်သဲ့အတွက် မြို့ရွာအရောက် မိန်းမယုတ်ကိုလိုက်ပို့ပြီး ရဟန်းပြုလိုက်သတဲ့"

ငလှိုင်းသည် ညီ့ရင်၌ မည်သို့ဖြစ်နေသည်ကို မသိပါ။ သူပြောလိုရာသို့ ရောက်လာပြီဖြစ်သဖြင့် သွန်ချ၏။

"အဲသာလောက်မကောင်းသဲ့ မိန်းမတွေအတွက် အသက်ဆုံးရှုံးရ၊ ဈာန်တရားကွယ်ရသဲ့ပုဂ္ဂိုလ်တွေကို ထုံးပြု စံယူပါ ညီလေး။ မနေ့တုန်းက ငှက်ပျောခိုင်လာဝယ်သဲ့ မိန်းမတွေထဲမှာ ဓားထက်သဲ့ပုဂ္ဂိုလ်တွေရဲ့ မယားတွေ ပါသယ်။ အဲသည်လူတွေရဲ့ နောက်လိုက်နောက်ပါတွေရဲ့ မယားတွေပါသယ်။ သူတို့က အရောဝင်လို့၊ ငါ့ညီက လိုက်လျောညီထွေ ပြန်ပြောပေမယ့် မယားမာန်အရှခံရနိုင်သယ်။ အဲသာကြောင့် အစ်ကိုပြောခဲ့သာ"

"ကိုကြီးပြောသာ ကျွန်တော် မငြင်းပါဘူး အစ်ကိုကြီး။ သည်အရပ်မှာ အစ်ကိုကြီးပဲ ကျွန်တော့်အမေ။ အစ်ကိုကြီးပဲ ကျွန်တော့်အဖေပါ။ ပါးစပ်နဲ့ပြောရုံ မဟုတ်ဘူး။ ရိုက်ပြီး ဆုံးမလည်း ညီလေး နာခံရမှာပါ။

သည်အတွက် အစ်ကို စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ခင်ဗျာ။ ကျွန်တော်...”

“အေးပါကွာ။ ငါ့မှာ အဲသာကြောင့်များ ငါ့ညီ မှိုင်နေသလားလို့”

“မဟုတ်ပါဘူးခင်ဗျာ့။ ကျွန်တော့်အတွက် ကြောင့်ကြတော် မမူပါနဲ့ ခင်ဗျာ့”

“အေးအေး၊ ဟိုနားသည်နား လျှောက်လည်ချင်ရင် မင့်မရီးကို ပြောသွား။ သူ့မောင်နဲ့ သူ့ညီမလည်း ရှိသားဟာကို၊ ငကြင်ခေါ်သွားလည်း ရသယ်နော်”

“ဟုတ်ကဲ့ခင်ဗျာ့။ ဟုတ်ကဲ့ပါ အစ်ကို”

ငသိုင်းသည် တောင်ပို့ပေါ်မှပင်ဆင်းပြီး ခေါင်းတညိတ်ညိတ်ဖြေ၏။

“ပြန်မှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့ကွာ။ အခုတော့ ဆရာ့ဆီ ပြေးလိုက်ဦးမယ်”

ပြောပြောဆိုဆို ထွက်သွားပြီးမှ “ညီလေး၊ မင့် မယားက မြမြူလား၊ မြဖူးလား” ရပ်ပြီး ခေါင်းငဲ့မေးသည်။

“မြဖူး ခင်ဗျာ့။ ဘကြီးချွဲရဲ့ သမီးအကြီး”

“အေးကွ၊ နာမည်ဆင်တူ ကာရန်သင့်တွေဟာ တော်တော်အမှတ်ရခက်သာကလား။ ကိုယ့်ခယ်မနာမည် ကိုယ်မေ့နေသာကြည့်”

ငလှိုင်းသည် ရယ်မောလျက် ဥယျာဉ်ထဲသို့ဝင်သွား၏။

အစ်ကို့ရယ်မောသံများသည် မြေစူပင်များ၊ သရက်ပင်များ၊ မန်ကျည်း ပင်များကြားတွင် ရိုက်ခတ်ကျန်ခဲ့သည်။ ငသိုင်းကိုကား ထိုရယ်မောသံ မရိုက်ခတ်နိုင်။

‘မြဖူးနဲ့ သားလေးတို့ နေကောင်းထိုင်သာမှ ရှိကြပါစ....’

မယားနဲ့ သားကို သတိရမိသည့်အတွက် ငသိုင်းမှာ မြေပေါ်သို့ ခွေကျသွားမတတ် စိတ်ထိခိုက်သည်။ ရင်ထဲ ဆို့နင့်လာသည့်အတွက် တောင်ပို့ပေါ်သို့ပင် ပြန်လည်ထိုင်မိသည်။

ခြေကလန်လက်ကလန်ဖြင့် နီနီထွေးထွေး သားလူမမည်ကလေးကို တမ်းတမိသောအခါ သေိုင်း ရှုးချင်လာသည်။

"ငါ့ကို အင်မတန်မြတ်နိုး၊ အလွန်အလိုက်သိ၊ အလွန်ချစ်သဲ့ သည် မယားကို ငါဘာပြုလို့များ ထားခဲ့မိပါလိမ့်"

သေိုင်းသည် သူ့ကိုယ်သူ ပြန်၍ အံ့ဩနေမိသည်။

'ငါ ဘာဖြစ်သာပါလိမ့်။ ငါဟာ ရှုးများ ရှုးနေသလား"

တစိမ့်စိမ့်တွေးသည်။ ရေရာသောအကြောင်းပေါ်မလာဘဲ မလှပသော အာရုံများသာ ပေါ်လာသည်။

◆

"နေပူကြီးထဲက အရိပ်ထဲကိုရောက်ရောက်ချင်း၊ သောက်ရေအိုးက ရေတွေ အဝသောက်လိုက်သာ၊ အပူများ ငုပ်သွားရော့လား ကိုရင်ရယ်"

ကိုရင်လူထွက်ချိန်မှစပြီး အဖေ၊ အမေနှင့် နမများသာမက ရင်းနှီးသူ များကပါ ကိုရင်ဟုသာ ခေါ်ခဲ့ကြသည်။ အကြင်လင်မယား ဖြစ်လာသည် အထိ မြဖူး နှုတ်ကျိုးနေခဲ့လေသည်။

မြဖူးသည် ရင်ခွင်ထဲတွင် ကလေးကိုပွေ့ထားလျက် သေိုင်းဘေးသို့ ချဉ်းကပ်လာရာက သေိုင်း၏ နဖူးကို စမ်းသပ်ကြည့်ပြီး ရေရွှတ်လိုက်ခြင်း ဖြစ်သည်။ သေိုင်းမှာကား မယား၏အတွေ့အထိကို မသိပါ။ တစ်နေရာကို စူးစိုက်ကြည့်နေသည်။

"ကိုရင်၊ ကိုရင်"

"ဟင်" ထူးသံနှင့်အတူ အလျင်အမြန် လှည့်ကြည့်သော သေိုင်း၏ မျက်နှာမှာ မကောင်းမှုကျူးလွန်ဆဲဒ္ဓ လူမိခံရသူသို့ရှိ၏။

"နေလို့မှကောင်းရဲ့လား ကိုရင်ရယ်"

"ကောင်းသားပဲ"

ထိုမျှသာပြန်ပြောပြီး၊ မူရင်းအတိုင်း ပြန်ဖြစ်သွား၏။

သေိုင်းသည် သူ့ကျောဘက်၌ ကလေးနိ့တိုက်နေသည့် သူ့မယား၊ မည်သို့ခံစားနေရသည်ကို မသိလေ။ သူ့မျက်စိထဲတွင် ငစိုးနှင့် ကျော့ခင် တစ်လှည့်၊ နှစ်သက်မြတ်နိုးဖွယ် အတိလွှမ်းသော ကျော့ခင်တစ်လှည့် ပေါ်နေသည်။

သူသည် ကျော့ခင်ကို အစကတည်းက ကြိုက်၏။ ကိုရင်ဘဝဖြင့် ဆွမ်းခံရသောအခါ၊ နေ့စဉ် ဆွမ်းထွက်လောင်းသော ကျော့ခင်ကို နီးနီး ကပ်ကပ် မြင်ရသဖြင့် အကြိုက်ပို၏။

ကျော့ခင်က ပြန်ကြိုက် မကြိုက်ကိုကား မသေချာ။ သူ့အကြည့် သူ့အပြုံးများကို စုပေါင်းလျှင် ကြိုက်သည်ဟု ထင်ရဖွယ်ရှိ၏။ သို့ရာတွင် အမေ မယ်မင်းဘော်သည် ဆွဲတင်လိုက်သည့်နှယ် အထွားမြန်သော သေိုင်းအား ကျော့ခင်နှင့် ကြိုက်ချိန်မပေးပါ။ သင်္ကန်းသွေး တဝင်းဝင်းဖြင့် ရှင်လိုင်ပြန်လာသည့် သားအတွက် ချွေးမအသင့်ရှာထားသည်။ မြဖူး။

သေိုင်းအား နှစ်သက်လက်ခံရန် မြဖူးကို နှစ်ကြိမ်မပြောရ။ သူသည် သေိုင်းအား နှစ်သက်ပြီးသား၊ မြတ်နိုးပြီးသား ဖြစ်သည်။ သေိုင်းတို့တစ်တွေ မင်ကြောင်ထိုးခါနီးတွင် မြဖူးသည် သေိုင်းအတွက် မင်ခံပုဆိုးရက်လုပ်ရန် ပြင်ဆင်ငြား၊ မယ်မင်းဘော် လက်မခံ။

သို့ရာတွင် တစ်ဝါဆိုပြီးနောက် ရှင်လိုင်ပြန်လိုက်၊ နောက်တစ်ဝါ နီးလျှင် သင်္ကန်းပြန်ဝတ်လိုက်ဖြင့် သုံးဝါပြည့်အောင် ကြိုးစားနေသော သားကို မယ်မင်းဘော် အကဲမရ။ တတိယဝါအပြီးတွင် မိန်းမယူတော့မည့်ပုံ ပေါက်လာ၏။

"အမေ့သားက ကျော့ခင်ကို သူမသိ ငါပိုးလုပ်နေသာ"

သမီးများထံမှ ရသောသတင်း။

"မကျော့ခင်က အစ်ကို့ကို ကြိုက်နေသာဗျ။ တွေ့လိုက်ရင် ပဲလှော်

ပေးရသာနဲ့၊ ထန်းလျက်ပေးရသာနဲ့”

ငကျိုင်း၏စကား။

ကျော့ခင်သည် ဗိုင်းငင်၊ ဝါဖတ်၊ ရက်ကန်းခတ်၊ ထင်းခွေ၊ ရေခပ်၊ ထမင်းချက်တော်၏။ အိမ်ထောင်လုံ၏။ စိတ်သဘောထားလည်း ကောင်းသည်သာ။ သို့သော် မယ်မင်းဘော် သဘောမတွေ့ပါ။

မယ်မင်းဘော် သဘောမတွေ့ခြင်းမှာ ကျော့ခင်သည် လှ၏။ ကွမ်းတောင်ကိုင် မိပန်းယဉ်ထက်ပင် လှသည်ဟု မယ်မင်းဘော်ထင်၏။ ထို့ပြင် မျက်လုံးမငြိမ်။

သည်မျှလှပြီး သည်ရွှေ့မျက်လုံးကစားသော မိန်းမသည် မျောက်မွေးတတ်သည်။ မျောက်မွေးသော မိန်းမသည် လင်ကြီး၏အသက်ကို ရန်ရှာတတ်၏။ မျောက်မွေးသောမိန်းမမှ မွေးသောကလေးများကို မယ်မင်းဘော်သည် မည်သို့လျှင် ချီရဲပိုးရဲပါတော့မည်နည်း။ ထို့အပြင် မျောက်မွေးသောမိန်းမ၏ ဝမ်းမှထွက်သော သားသမီးများသည် ကိုမိုးကောင်း၊ မမင်းဘော်တို့၏ ဆွေဂုဏ်မျိုးဂုဏ်ကို ဖျက်ဆီးတန်ရာ၏။

သို့အတွက် မယ်မင်းဘော်သည် အုန်းဆီတလိမ်းလိမ်း၊ ခေါင်းပေါင်းတပြင်ပြင် လုပ်နေသော ရှင်လူထွက်အား မြဖူးနှင့် စီစဉ်တော့သည်။

ငသိုင်းမှာ ကျော့ခင်နှင့်လည်း မကြိုက်ရသေး။ မြဖူးမှာလည်း အလွန်မလှပြား၊ လှသည့်အပြင် မိမိကိုလည်း တွယ်တာခင်မင်၏။ ဆွေမျိုးသားချင်းသဖွယ် ဖြစ်နေသော အိမ်နီးချင်းများလည်း ဖြစ်ကြ၏။ ငသိုင်း ငြင်းဆန်ရန် အကြောင်း ရှာ၍မရ။

ဤသို့ဖြင့် ပုဆိုးတန်းတင်အကြင်လင်မယားဖြစ်လာကြ၏။ငသိုင်း၏ အာရုံထဲမှ ကျော့ခင် ပျောက်ကွယ်သွားသည်။

သို့သော် သားကလေးအား မြဖူး မျက်နှာမြင်ရန် ခုနစ်ရက်အလိုတွင် ငသိုင်း၏ ရှင်းသန့်သောအာရုံသည် အနည်မှုန်များထလာ၏။

**ပုဂံစာအုပ်တိုက်**

ထိုနေ့က မယားမီးနေရန်အတွက် မီးနေထင်းများကို ငသိုင်း သယ်လာ၏။ ထင်းပုံပေါ်တွင် ထိုင်လျက်လိုက်ပါရင်း နွားနှစ်ကောင်ဆွဲခေါ်ရာသို့ ဟိုငေးသည်ငေး လိုက်ပါလာ၏။ "သားကလေးလား၊ သမီးကလေးလား။ သားဆိုလျှင် မည်သို့ နာမည်မှည့်မည်နည်း။ သမီးကလေးဖြစ်နေပါက မည်သို့လုပ်မည်နည်း" အတွေးထုတ်လာ၏။

မိမိတို့ယာထဲသို့ လှမ်းကြည့်သည်။ မည်သူမျှမရှိ။

လှည်းဝင်ရိုးမြည်သံပျောက်သွား၏။အဆင်းမို့ အိသံပျောက်သွားခြင်း ဖြစ်သည်။လက်ပံပင်ကြီးတစ်ပင်အောက်တွင် လူသုံးယောက်၊ထင်းနှစ်စည်း။

ငသိုင်း၏လှည်းကို မြင်ဟန်မတူ။ သို့သော် သုံးယောက်ထဲမှ တစ်ယောက်သည် လက်ပံပင် အကွယ်ဘက်သို့ လှစ်ခနဲ ထသွားသည်။ ဝေးသော်လည်း ငစိုးဖြစ်ကြောင်း ငသိုင်း သိလိုက်သည်။

ထိုလက်ပံပင်အောက်တွင် လှည်းရပ်ရန် ငသိုင်း စိတ်မကူး။ တစ်ရစ်သောကိုယ်ဖြင့် ဆောင့်ကြောင့်ထိုင်နေသည့် ကျော့ခင်ကို မြင်သည်။ လက်က နွားကန်ကြိုးကို ဆွဲလိုက်မိပြီးသား ဖြစ်သွားတော့သည်။ သည်တွင် အမေမနှစ်သက်သော ငွေကြယ်မျက်လုံးသည် ဖျပ်ခနဲ ဝင်းလက်၏။

ငသိုင်းရင်ထဲတွင် အေးခနဲ ခံစားရ၏။ အကြည့်လည်းလှ၊ မျက်လုံးလည်းလှ၊ မျက်နှာလည်းလှ၊ တစ်ကိုယ်လုံးလှသော ကျော့ခင်ပါတကား။

တစ်ပွင့်တည်းသော ပန်းနီနီသည် ကေသာနက်ဟွင် တောက်ပ၏။ ပါးစုန်မို့မို့သည် သနပ်ခါး လူးထားပါလျက်က ပန်းနီနီနှင့် အလှပြိုင်နေသည်။ မျက်တောင်မခတ်ဘဲ ငသိုင်း ငေးစိုက်နေစဉ်၊ ကြယ်ပွင့်မျက်လုံး ထပ်မံကစားသည်။ ငသိုင်း၏အသည်းကို ဆုပ်ခါဘိသို့ ခံစားရ၏။

"ငသိုင်းရဲ့ မျက်တောင် ခတ်ပါဦးဟဲ့"

သတိပေးသံ ပေါ်လာခါမှ ကျော့ခင်နှင့်ပါလာသော အဖော်မှာ မိကြီးပုပါတကားဟု ငသိုင်း သတိပြုမိသည်။ ရှက်ရယ်ရယ်ပြီးမှ "မပြန်ကြ

သေးဖူးလား” ဟု မေးမိမေးရာ မေးမိသည်။

ကျော့ခင်က ရင်ဖိုခိုင်းသော မျက်လုံးများဖြင့် တတိယအကြိမ် ကြည့်ရုံမှအပ၊ စကားမပြော။ အပျိုခေါင်းကသာ “သွားနှင့်ပေတော့မောင်ရေ့။ မီးနေစော် နံမှာစိုးလို့ မလိုက်သေးဘူး” ဖြေသည်။

ထိုအခါတွင် ကျော့ခင်သည် သွားပေါ်ရုံကလေး တွန့်တိုစွာပြုံးသည်။ ထိုအပြုံးနှင့် တွဲဖက်တော့မှ ကျော့ခင်၏အလှသည် ဖြည့်စွက်ရန် မလို အပ်အောင် ပြည့်စုံသွားတော့သည်။

“လူမလိုက်ချင်လည်း ထင်းစည်းတွေ တင်ပေးလိုက်ကြလေ”

ကျော့ခင် ထရပ်သည်။ တင်ပေးလိုက်လိုဟန်ရှိသည်။ သို့သော် ကျော့ရှင်းစိုပြည်တင်းရင်းသော ကိုယ်အလှကို ပြဘိသို့ရှိသည်။ ကျော့ခင်၏ အလှဖြင့် ယူကျုံးခံရသောကြောင့် ငသိုင်းမှာ ကျော့ခင်၏လက်ကို မကြီးပု ဆွဲပြီး အထိုင်ခိုင်းသည်ကို မမြင်လိုက်။ “ရှိပါစေတော့မောင်ရယ်၊ ဟင်းရွက် အရ နည်းနေသေးလို့” ပြောသံကိုသာ ကြားသည်။

အိမ်အပြန်မို့ ရှနေသော နွားနှစ်ကောင်က ခြေတပြင်ပြင် ဖြစ်နေသည်။ ငသိုင်း ကြိုးလျှော့သည်နှင့် လှည်းဘီးလိမ့်သည်။ ငသိုင်းမှာ မချင့်မရဲဖြင့် လှည်းပေါ်မှာပါလာ၏။ လက်ပံပင်ရိပ်မှ အထွက်တွင် လက်ပံပင် အကွယ်သို့ လှည့်ကြည့်မိသည်။ ငစိုး မရှိ။ မည်သူမျှလည်း မရှိပါလေ။

ကိုကျန်၊ မဗေဒါ၏သား ငစိုးအား၊ အမေက ဤသို့ မှတ်ချက်ချ၏။

“သူငယ်လေးက တော်သလိုလိုရှိပေမယ့် မျိုးမသန့်ဘူး သမီးတို့။ မဗေဒါရဲ့အစ်မ မပန်းနဲ့ မလန်းဟာ နှစ်ယောက်လုံး လင်ငယ်ထားသယ်။ တစ်ခါ ကိုကျန့်ဘက် ကြည့်ဦးမလား။ သူ့အမေ ဒေါ်ဆိတ်က လင်ငယ် နေသတော့။ အဲသာကြောင့် မျိုးမသန့်ဘူးပြောသာ”

အမေ့စကားကို ထပ်မံ ကြားယောင်သောအခါ နှမြော်တပ်မက် စိတ်တွင် မနာလိုစိတ်ပါ ဝင်လာလေ၏။

'အဲသာလောက် အမျိုးယုတ်သူနဲ့မှ ကြိုက်ရသလား ကျော့ခင်ရာ....'

သို့ကြောင့် လက်ပံပင်ရိပ်သို့ တစ်ကြော့ပြန် လှည့်ကြည့်မိပြန်၏။ မသဲကွဲတော့ပါ။ သုံးယောက်ရပ်နေသလော၊ နှစ်ယောက်လော။ မည်သို့ဖြစ်စေ သေိုင်း၏ရင်တွင် လှုပ်နေပြီ။

'အပျိုခေါင်းကို အလယ်မှာထားပြီး အပျိုခေါင်းကတစ်ဆင့် စကားပြောတုန်းပဲလား။ အပျိုခေါင်းကို အလယ်မှာထားပြီး တည့်တည့် ပြောနေကြပြီလား။ သူတို့ ကြိုက်နေကြပြီလား။ အို ဘာပြုလို့များ ကျော့ခင်ကို ငါ လက်လွှတ်မိပါလိမ့်....'

သေိုင်းရင်တွင်းသို့ မီးပွားငယ် ဝင်ရောက်လာပြီ။

သည်မီးကို သေိုင်း မငြိမ်းသတ်။ ရက်ပိုင်းအတွင်း မွေးဖွားလာတော့မည့် ကလေးငယ်ထံ အာရုံရောက်လျှင် မီးငြိမ်းနိုင်၏။

'ဘယ်လိုလုပ်မတုန်း။ ဘယ်လိုလုပ်မတုန်း....'

ကိုင်းထဲသွားလည်း သည်အတွေး၊ အိပ်ရာ စားရာမှာလည်း သည်အတွေးကသာ သေိုင်းကို အုပ်ခြုံသည်။

မီးမဖွားမီကမူ မြဖူးသည် လေးလံသော ကိုယ်ဝန်ကြောင့် သက်သာအောင် ကြိုးစားနေခဲ့ရသည်။ လင်ကို မကြည့်အား။ မီးဖွား၍ ပြီးပြန်သော်လည်း၊ မီးနေသည်၏ ဒုက္ခများက ဆင့်ပီလာပြန်သည်။

သေိုင်း တငေးငေး တတွေးတွေးဖြစ်နေသည်ကို မြဖူး သတိထားမိချိန်ဝယ် မြဖူး မီးထွက်ပြီးပြီ။

"ထွားကျိုင်းလွန်း၊ အငိုသန်လွန်းလို့တဲ့၊ ကိုရင့် အဖေကတော့ ကျားမနိုင်' လို့ နာမည်မှည့်လိုက်သယ် ကိုရင်ရေ့"

မြဖူးသည် လင့်လက်ထဲသို့ ကလေးကိုထည့်၏။ ရှင်ပျံကြည်လင်သောပြင့် လက်တစ်ကမ်းတွင် ထိုင်၏။ သေိုင်း၏ မျက်နှာသည် ပြောင်းလွဲလာချေ။ နှုတ်မှလည်း တစ်စုံတစ်ရာမပြော။ ငိုင်ငိုင်ကြီး ကြည့်နေ၏။

သည်အချိန်သည် မြူးထူးရွှင်ပျရမည့်အချိန်။ ခြေကွေးကွေး လက်ကွေးကွေးကိုပင် မဆန့်နိုင်သေးသည့် သားဦးအတွက် အဖေနှင့်အမေတို့ ရှူးရမည့်အချိန်။ ယခုသော်ကား ရှူးရန်ဝေးစွ၊ လှုပ်သော်မျှ မလှုပ်။ နေထိုင်မကောင်းရော့သလား စိုးရိမ်စိတ်ဖြင့် မြဖူးသည် လင့်နဖူးကို လက်ခေါက်လက်ပြန် စမ်းကြည့်၏။ သူ့အပြုအမူနှယ် အေးစက်နေသော နဖူး။

"ကိုရင့်သားက ကိုရင်နဲ့ တစ်ထေရာပဲနော်"

"ဩော် အေး၊ အင်းအင်း"

သွေးနန သားနနသာ ရှိသေးသော မယား စိတ်ချမ်းသာစေရန် အလိုက်သင့်ပြောလိုက်ရငြား အနက်အဓိပ္ပာယ်ကို သေိုင်း မသိ။

မြဖူးသည် လင့်မျက်နှာကို စူးစူးစိုက်စိုက် ကြည့်သည်။ လူပြုစားခံရသလော၊ အပင်းထည့်ခံရသလော၊ အဆိပ်မိသလော။ တောဖမ်းခံရသလော စသည်ဖြင့် တတ်သမျှ မှတ်သမျှ အကဲခတ်သည်။ သေိုင်းကား ဤသည်တို့ကို မသိ။ လုပယဉ်ကြော့သည့် ကျော့ခင်ကိုသာ မြင်ယောင်နေသည်။

သို့သော် သူ့အာရုံပြယ်အောင် ကလေးက လုပ်၏။

တင်ပျဉ်ခွေ အစိတ်အပိုင်းများ ပူခနဲခံစားရခြင်းဖြစ်၏။ "အမယ်လေး ပူသယ်ဟ" အော်ကာ ကလေးကို ငုံ့ကြည့်ချိန်ဝယ်၊ အာရုံဆိုးပြယ်လွင့်သည်။ မြဖူး ရယ်ရယ်မောမောဖြင့် အနှီးတစ်ထည်ထယူပြီး လဲလှယ်ပေးသည်။

'တော်တော်ထွားသဲ့ သားကြီးပါကလား'

အနှီးသစ်ပေါ်သို့ ကလေးကို ရွှေ့ပေးရသဖြင့် ကလေး ထွားကျိုင်းကြောင်း သေိုင်း သိသွားသည်။သို့တစေ၊သားမီး၊မယားမီးသည် သေိုင်းအား ကြာရှည်မလောင်မြိုက်နိုင်။အလွန်ကြီးမားသော အခြားမီးက ချက်ချင်းဝင်ရောက်လာသည်။ ကလေးကို ငုံ့ကြည့်နေပါလျက်က ကလေးကို မမြင်သော အဖြစ်သို့ ရတ်ချည်းပြောင်းသည်။

**ပုဂံစာအုပ်တိုက်**

မြဖူး စိုးရိမ်လာသည်။ သူ့အတွက် တိုင်ပင်စရာအဖြစ် ယောက္ခမ (မိန်းမသူ)နှင့် အမေသာရှိသည်။ အားလုံးက ဝိုင်းဝန်းအကဲခတ်ကြသည်။ ငသိုင်းမှာသော် မိမိချထားခဲ့သော ပစ္စည်းတစ်ခုကို သူတစ်ပါးကောက်ယူမည် စိုးရိမ်သော အရူးရောဂါ တက်သည်ထက် တက်လာ၏။

သို့ဖြင့် သူသည် နေဝင်ရီတရော အချိန်တိုင်း အိမ်မှပျောက်၏။

မယ်မင်းဘော်နှင့် မြဖူးသားအမိ အမေ့အလျော့တွင် ဖြုတ်ခနဲ ပျောက်သွားခြင်း ဖြစ်သည်။သူသည် ကျော့ခင်ထံ သွားရောက်ချောင်းမြောင်းခြင်း ဖြစ်ချေသည်။

ကျော့ခင်တို့ အိမ်နောက်ဖေး စပါးကျီအောက်သို့ ငသိုင်း ဝင်ဝပ်ပြီး ကျော့ခင်ကို စောင့်ဆိုင်းသည်။ ကျော့ခင်နှင့် သူ့အမေ၊ ကျော့ခင်နှင့် သူ့ညီမ။ သည်နှယ်ချည်း ထွက်လာဖန်များသောအခါ ငသိုင်း လက်လျှော့သည်။ ရေတွင်း ရေခပ်လမ်းသို့ ပြောင်းသည်။ အခြားသူများ မမြင်စေရန် ဆတ်သွားဖူးပင်ပေါ်တက်ပြီး စောင့်ဆိုင်းသည်။

ကျော့ခင်သည် ရေတွင်းသို့ကား ရေခပ်လာပါ၏။ အဖော် နှစ်ယောက် မဟုတ်လျှင် သုံးယောက် ပါလေ့ရှိသည်။အသည်းယားဖွယ်ကောင်းသည်မှာ ငသိုင်း တောင့်တသော နေဝင်ရီတရောတွင် ကျော့ခင်လာခြင်းဖြစ်သည်။

ငသိုင်း စိတ်မလျှော့ပါ။ ဆက်လက်စောင့်သည်။ စတုတ္ထနေ့ နေဝင်ရီ ဘရောမှာ ကျော့ခင်တစ်ယောက်တည်း ရေအိုးကလေးရွက်လျက် သုတ်သုတ် လာသည်။ ငသိုင်း ဆတ်သွားဖူးပင်ပေါ်မှ ဆင်းသည်။ ဆင်းစဉ်မှာပင် ခရတွင်းမှ ယောကျာ်းနှစ်ယောက် ဆိုင်းထမ်းဖြင့်လာသည်။

"ကျော့ခင် မှောင်ပါပြီကောဟ"

"ဟုတ်ကဲ့၊ သည်တစ်ခေါက် ပြီးပါပြီရှင့်"

ရွာဘက်သို့ ငသိုင်း မျှော်ကြည့်သည်။ ပြန်သူသာရှိ၏။ အလာမရှိ။ ရေတွင်းတွင်လည်း ကျော့ခင်တစ်ယောက်တည်း။

ရေတွင်းသို့ သိုင်း အပြေးသွားသည်။ ကျော့ခင်ကို ကျောဘက်မှ သိမ်းဖက်သည်။ ပါးစပ်ကို ပိတ်သည်။ တွင်းနှုတ်ခမ်းပေါ်က ရေအိုး ကျကွဲသည်။ ငင်ယူနေဆဲ ရေပုံးသည် ကျယ်လောင်စွာ မြည်ဟိန်းသည်။

ရှူးရှူးဝါးဝါးအော်လျက် ဆတ်သွားဖူးပင်အောက်သို့ ကျော့ခင်ပါလာသည်။ လက်ကို ကိုက်ဆွဲသည်။ ယောင်ယမ်းပြီး သိုင်း လွှတ်သည်။ အစမ္မပြုသူ မည်သူနည်းဟု ကျော့ခင် သိသွားပြီ။

“ကိုရင်သိုင်း၊ အကြံရှိုင်းလှချည်လား။ မိကောင်းဖခင် သားမှန်ရင် နှမချင်းမစာ၊ မအေချင်းမစာ မလုပ်သင့်ဘူး”

“ငါ ငါ ကျော့ခင်ကို ကြိုက်သယ်”

“ကိုရင့်မှာ သားနဲ့ မယားနဲ့ပါကော”

“အဲသာတွေ ငါမသိဘူး။ နင့်ကိုမရရင် ငါ ရူးရင်ရူး၊ မရူးရင် သေလိမ့်မယ်”

ပြောပြောဆိုဆို ပါးစပ်ကို ပိတ်ပြန်သည်။ အလွန်ဆိုးရွားသော အခြေအနေကို ရင်ဆိုင်ရပြီဟု ကျော့ခင် သိပြီ။ သိုင်း မည်သို့မျှ ပွေ့၍ဖက်၍ မရအောင် ရုန်းကန်ကုတ်ဖဲ့သည်။ တံတွေးဖြင့်ထွေးသည်။ ဒူးဖြင့်တိုက်သည်။

သိုင်းသည် ဝှက်ထားသော ဓားဦးချွန်ဖြင့် ဆတ်ခနဲ ထောက်လိုက်သည်။

“အော်ရဲရင် အော်၊ ရုန်းရဲရင် ရုန်း သေသွားမယ်”

သေမည်ကို ကျော့ခင် မကြောက်ပါ။ ဓားကိုလုသည်။

မိန်းမသားဟု အထင်သေးမိသည်မှာ မှားလေခြင်း။ ကျော့ခင်လက်ထဲသို့ ဓားပါသွားသည်။ ချက်ချင်း ပြန်လုသည်။ ကျော့ခင်၏ ပါးစပ်ကိုလည်း ပိတ်ထားရသဖြင့် လက်တစ်ဖက်ဖြင့်သာ ပြန်လုနိုင်သည်။

ခြေတစ်ဖက်သည် ချိုင့်ထဲကျကာ နိမ့်ခနဲ ယိုင်ကျသည်။ ဟန်ချိန်မရ။ သိုင်း ပက်လက်လန်လဲသည်။ ကျော့ခင်လည်း အင့်ခနဲ မှောက်လျက်လဲသည်။ ကျော့ခင်ကို ကိုယ်ပေါ်မှ တွန်းချပြီး ထထိုင်သည်။ ဟင်ခနဲအော်ကာ

သေိုင်း ကြက်သေ သေသွား၏။

ကျော့ခင်၏ လည်ပင်းမှာ ဓားဦးချွန်ဖြင့် စိုက်နေသည်။ သွေးတွေ တရဟော စီးကျလာသည်။ "ကျော့ ကျော့ခင်" ဟု တုန်ယင်စွာ ခေါ်သည်။ ဖွေ့မည်ပြုပြီးမှ နောက်သို့ ဆုတ်သွားရာက သေိုင်း ထပြေးသည်။ ထို့နောက် ပြန်လာကာ ဓားကို ဆွဲနုတ်သည်။ ဆက်ပြေးသည်။ အိမ်သို့ မည်သို့မည်ပုံ ရောက်လာသည်ကို သေိုင်း မသိ။မည်သည့်နေရာ၌ ဓားကျန်ခဲ့သနည်းမသိ။ သိသည်မှာ သွေးတွေ။

ကျော့ခင်သေသည့်သတင်းသည် ရွာတွင်း၌ ညတွင်းချင်း ပျံ့နှံ့သည်။ ရေပုံးကြိုးအကောင်းကြီးကို ရေတွင်းထဲ၌ တွေ့ရခြင်း၊ ရေအိုး ကျကွဲခြင်း၊ ဆတ်သွားဖူးပင်အောက်၌ ရုန်းကန်သည့် ခြေရာများ တွေ့ခြင်းတို့ကြောင့် သို့လောသို့လော တွေးကြ၏။ ပြောကြ၏။

ဖျားနာပြီး သေသူပင်လျှင် တစ်နှစ်ကြာလျှင် တစ်ယောက်ရှိခဲ့သော ရွာ၊ လူသေရှိလျှင်လည်း ပြော၍မပြီး၊ မေးမြန်း၍မပြီးသော ရွာ။ လူသတ်မှု ဖြစ်ပွားသောအခါ တုန်လှုပ်ချောက်ချားသည်။

ရွာအုပ်၊ ရွာဆော်တို့သည် သေိုင်းအား ယောင်၍မျှ မဥပါဒ်။ ဖအေ့ အရှိန်နှင့် ယောက္ခမ အသိုက်အဝန်း အားကြီးသောကြောင့်ဖြစ်သည်။ သင်္ကာ ယန အဝင်ခံရသူမှာ ရည်းစားဖြစ်လုဖြစ်ခင် ငစိုး။

မကောင်းမှုသည် သေိုင်းအား ပြင်းစွာ ချောက်လှန့်ပြီ။ ကြည့်လေ ရာရာတွင် သေိုင်းသည် သွေးတွေချည်းမြင်၏။ အာရုံထဲတွင် "ကျော့ခင် သေတာ ငါ့ကြောင့်" ဟု စွဲထင်နေသည်။

ကျော့ခင်ကို သေိုင်း မသတ်ပါ။ မသတ်သော်လည်း သူ့ပယောဂ ကြောင့် ကျော့ခင် သေရသည်။ ကျော့ခင်သာ ရေခပ်ပြီးပြန်သွားလျှင် သေစရာ အကြောင်းမရှိ။ သို့အတွက် သူ့ကြောင့် ကျော့ခင်သေရသည်ဟု သေိုင်း နှမ်မှတ်သည်။

နဂိုကမှ သို့လောသို့လော ထင်နေခဲ့သော မြဖူးတို့တစ်တွေမှာ ပိုပြီး စိုးရိမ်လာသည်။ စိုးရိမ်လောက်အောင်လည်း သေိုင်းက အခြေပျက်သည်။ ကိုင်းထဲသို့ ကိုင်းကိစ္စများ ဆောင့်ရွက်ရန်သွားသည်။ ကိုင်းထဲသို့မရောက်။ သူသတိရ၍ ကြည့်လိုက်သောအခါ တောထဲရောက်နေသည်။

တစ်ကြိမ်တွင်မူ သားသမီးများကို ရိုက်နှက်ရန် ဝန်လေးသော ကိုမိုးကောင်း ရိုက်ဖြစ်သည်။ ရိုက်ရသည့် အကြောင်းရင်းမှာ မျိုးပဲတွေယူပြီး လိုက်ခဲ့ရန် မှာခဲ့ပါလျက်နှင့် မိုးကြီးစုတ်စုတ်ချုပ်မှ ရောက်လာ၍ ဖြစ်သည်။

အမှန်မှာ သူသည် မျိုးပဲတောင်းကိုထမ်းပြီး ကိုင်းထဲသို့ သုတ်ခြေ တင်၏။ ခက်လက်ဝေဆာသည့် သစ်ပင်တစ်ပင်အောက်တွင် မမောဘဲ ဝင်နားသည်။ မည်မျှ နားသနည်းဟူမူ တစ်နေကုန်သည်အထိဖြစ်၏။

ငေးမိငေးရာ ငေးနေခဲ့သော သေိုင်းသည် ယခင်က အိပ်သေး၏။ ယခုလည်း အိပ်သော်ငြား တစ်ရေးနိုးလျှင် မအိပ်တော့ပေ။ အိပ်ရာထဲတွင် ထိုင်နေလား နေ၏။ အိမ်ရှေ့ထွက်ထိုင်ကာ မိုးပေါ် မော့ကြည့်နေလား ကြည့်၏။

မယ်မင်းသော်နှင့် မြဖူးတို့ စိတ်ဆင်းရဲသည်နှင့်အမျှ နှမများနှင့် အဖေ လည်း မောလှပြီ။ ထိုသို့ရှိရာမှ တစ်နေ့တွင် ကိုမိုးကောင်းမှာ သည်းမခံနိုင် တော့သဖြင့် စိတ်လိုက်မာန်ပါ ပြောမိတော့သည်။

"လူကလေး၊ မင့်ဟာက ရူးရင်လည်း ရူးကွာ၊ အရူးပျောက်ဆေးနဲ့ ကုရအောင်။ အေး၊ သေမှာဖြင့်လည်း သေလိုက်ကွာ။ ခဏတော့ ပူကြ ဆွေးကြမှာပေါ့၊ အခုတော့ မင့်ဟာက"

ကိုမိုးကောင်း ထွက်ခွာသွားသောအခါ ငကျိုင်းသည် သူ့အစ်ကို၏ ရှေ့တွင် ဆောင့်ကြောင့်ထိုင်လျက် ကျန်ရစ်ခဲ့၏။ သူသည် သူ့အစ်ကို၏ မျက်လုံးအစုံကို မမိုတ်မသုန် ကြည့်နေ၏။

သို့စဉ်တွင် အိပ်ရာမှ လန့်နိုးသူအလား သေိုင်း ဖျပ်ခနဲကြည့်၏။

"ညီငယ်၊ ဘာကြည့်သာတုန်း"

"အစ်ကို့မျက်လုံးကို ကြည့်နေသာဗျာ့။ စိတ်ဖောက်ပြန်သဲ့ လက္ခဏာ မရှိဘူး။ အသံကလည်း လူကောင်းအသံပဲဗျာ့'

"အံမာ၊ သလိုပြောရအောင် ငါ ဘာလုပ်နေလို့တုန်း"

"အဖေကလေ၊ အစ်ကို့ကို 'ရူးရင်လည်း ရူးစမ်းကွာ၊ အရူးပျောက်ဆေးနဲ့ ကုသရအောင်။ သေမှာဖြင့်လည်း သေလိုက်စမ်း။ ခဏာဆော့ ပူကြဆွေးကြရအောင်။ အခုတော့ မင့်ဟာက' လို့ အဖေ ပြောသွားလို့ဗျ"

ငသိုင်းသည် ဟင်းခနဲ သက်မကြီးချ၏။

"ဟုတ်ပါသယ် ညီငယ်ရာ။ အစ်ကို မရူးပါဘူး"

"ကျုပ်လည်း အထင်သားပဲ။ သွေးပယောဂ၊ လေပယောဂ ဘာလက္ခဏာမှ မရှိသာပဲ"

"သို့ပေမယ့် အစ်ကို.... အစ်ကို" ဟု တုန်ယင်ထစ်ငေါ့စွာ ပြောရာက ငကျိုင်းကိုဖက်ပြီး ဟီးခနဲ ငိုချလိုက်လေ၏။

ငကျိုင်း လန့်သွားသည်။ ချက်ချင်း သတိထားဆင်ခြင်သည်။ ဖက်ပုံမှာ သာမန်ဖြစ်သည်။ ထိတ်စရာ လန့်စရာ ပယောဂနွယ်သော အဖက်မျိုး မဟုတ်။

"အစ်ကို ယောကျာ်းတန်မဲ့ မငိုနဲ့လေ။ အဖေ မကြိုက်ဘူး"

သူ့စကားကို ငသိုင်း နားဝင်အောင် ပခုံးကိုလှုပ်ပြီး ပြောသည်။

"ငါ ငါ သနားလွန်းလို့ပါကွာ။ ကျော့ခင် ကျော့ခင်ဟာ ငါ့ကြောင့် သေရသာ"

"မတော်တရော်တွေ ပြောနေပြန်ပါပြီဗျာ"

"ဟုတ်သယ်၊ သူ့ကို ဓားနဲ့တော့ပြီး အစမ္မပြုဖို့ ကြံသာ၊ သူက ဓားကို ဩန်လုလို့ လုံးထွေးပြီး လဲအကျမှာ သူ့ဓားနဲ့ သူ့ကို ထိုးမိသာ"

ငသိုင်း မငိုတော့ပါ။ နာကျည်းသံကြီးဖြင့် ဒေးဒေးကြီး ပြောသည်။

သူ့အစ်ကိုသည် အစိမ်းပူးပြီး ထင်ရာပြောနေသလော၊ ငကျိုင်း အကဲခတ်၏။ ရှုးသွပ်နေဟန်မရှိ။ ပေါက်တတ်ကရ ပြောနေလေသလော။

"ဟုတ်သည့်တိုင်အောင် ထုတ်ပြောရမယ့်စကား မဟုတ်ဘူးဗျာ့"

"မဟုတ်လို့ ညီအရင်းကိုပြောသာ"

"အိုဗျာ၊ ကိုယ့်လက်နဲ့ သတ်သာမှ မဟုတ်သာ။ တော်တော့ အစ်ကို။ အမေသိမှ တကယ်ရှုးမှာ"

သူတို့ညီအစ်ကို၏ အပြုအမူကို မြင်သူရှိသလော။ ပြောစကားကို ကြားနိုင်သူ ရှိသလော။ ငသိုင်း ငဲ့စောင်းအကဲခတ်သည်။ မျက်ရည်ကို ခေါင်းပေါင်းတဘက်ဖြင့် သုတ်သည်။

"ကဲပါဗျာ၊ အဲသာတွေဖျောက်ပြီး ထမင်းစားကြစို့ဗျာ၊ ထ ထ"

ငကျိုင်းသည် အစ်ကိုကိုတွဲပြီး မီးဖိုခန်းထဲသို့ဝင်သွား၏။ ငသိုင်းသည် နောက်တစ်နေ့နံနက်မှစတင်ပြီး ထူးဆန်းစွာ ကိုင်းထဲသို့ဆင်း၏။ တစ်ချက် တလေ ငေးမောခြင်းမှအပ ရေးမှုမပျက် အလုပ်လုပ်၏။ ဤသည်ကို မြင်ရသောအခါ အမေ ဝမ်းသာရသည့်နည်းတူ မြဖူး ပင့်သက်မောရှိုက်နိုင်၏။

ငသိုင်းသည် သူ့စိတ်ကိုသူ ထိန်းနိုင်ပြီဖြစ်ငြား စိတ်သည် ရုံဖန်ဗွေ ဖောက်၏။ ဖောက်လာသည့်အခါဗွေ အူအသည်းတွေ လည်ချောင်းမှ ပျို့ထွက်လာတော့မည်သို့ ပျို့ပြည့်တက်လာတော့သည်။ ယင်းကို ဘေးလူများ မရိပ်မိအောင် သူ ချက်ချင်းထိန်းနိုင်သည်။ ထိန်းနိုင်သည့်အတွက် ငသိုင်း ကောင်းသွားပြီ ထင်နေကြလေ၏။

နံ့းတင်မြေနု ကွင်းပြင်ကြီးတွင် မြဖျာကြီး ခင်းပြီးသွားပြီ။

နှင်းငွေ့ရည်တို့ ပါးလျားချိန်ဝယ် မြဖျာကြီးသည် ရွှေကော်ဇော အသွင်သို့ ပြောင်းသည်။ ရွှေသီးရွှေနှံများ ရိတ်သိမ်းအပြီးတွင်ကား ကွင်းလဟာကြီးမှာ လေပွေတဝေ့ဝေ့၊ ကျွဲနွား တမြုံ့မြုံ့ဖြင့် ခြောက်သွေ့စွာ ကျန်ခဲ့လေ၏။

**ပုဂံစာအုပ်တိုက်**

ထိုအချိန်တွင် သေိုင်းသည် ခရီးထွက်ရန် ပြင်ဆင်၏။ မြဖူးသည် 'ကိုရင် ဘာလုပ်မလို့တုန်း' မမေး။ ယောက္ခမကို ပြေးတိုင်သည်။ မယ်မင်းဘော် မမေးပေ။ သူ့သား ပြင်ဆင်ထားသည့် ထန်းခေါက်ဖာကို ကြည့်ရုံသာ ကြည့်သည်။

သို့သော် ည ထမင်းစားပြီးချိန်တွင် သေိုင်းကပင် စတင်ပြီး "အဖေ၊ ကျုပ် အစ်ကို့ဆီ ခဏတဖြုတ် အလည်အပတ်သွားပါရစေ" ဟု ခွင့်တောင်း စကား ဆို၏။

"အောက်က အမေကြီးတို့ ဘတို့ဆီ သွားလည်ပါလား သား။ ပြည်ကနေ မီးရထားစီးသွားပြီး သာယာဝတီမှာဆင်း။ အနောက်ဘက်ကို လှည်းကြုံနဲ့ လိုက်သွားပြီး ဧရာဝတီမြစ်ကို ဖြတ်လိုက်ရ တစ်နေ့ခရီးပဲ ရှိသယ်တဲ့။ မီးရထားလည်း စီးဖူးသာပေါ့ကွာ"

"ကုလားဖြူနဲ့ မဆက်ဆံချင်ပါဘူး အဖေရာ"

ကိုမိုးကောင်း ပြုံးပြုံးကြီး ဖြစ်သွားရတော့သည်။

"ကုလားဖြူလုပ်သဲ့ မီးရထားကိုစီးရင် ကုလားဖြူနဲ့ စကားပြောချင် ပြောနေရမှာ။ ကျုပ်ကလည်း ဈေးပုံကို တစ်နေ့လုံး ထိုင်ကြည့်နေချင်သယ်။ ကုလားကို မကြည့်ချင်ဘူး"

ထိုအခါတွင်မှ ကိုမိုးကောင်းသည် ဆေးပေါ့လိပ်ကြီး အငေါ့သား ရှိနေသည့် ဇနီးအား လှမ်းကြည့်၏။ မယ်မင်းဘော်ထံမှ အသံထွက်မလာ သေးသဖြင့် သူကပင် မေး၏။

"မြဖူးတို့ သားအမိကော ပါမှာလား လူကလေး"

"အမယ်လေးတော်၊ ကလေးနုနုကလေးကို ဘယ်လိုလုပ် ထည့်နိုင်မှာတုန်း"

မယ်မင်းဘော်သည် သွက်လက်စွာ ကားဆီးရာက ချွေးမကိုပါ လှမ်းပြော၏။

"သမီး လိုက်မသွားနဲ့ဟဲ့။ ညည်းကလည်း သွေးနုသားနုဥစ္စာ"

"ဘယ်လိုတုန်းလူလေး"

"ကောင်းပါသယ်ခင်ဗျာ့။ အသွားအပြန် တစ်လလောက်ပဲ ကြာမှာပါ။ အညာက ဘတို့ အမေကြီးတို့ဆီရောက်ရင်တော့ နည်းနည်းပိုကြာလိမ့်မယ် ခင်ဗျာ့"

"စိတ်ပြေလက်ပျောက် ဖြစ်သာပေါ့ကွာ။ အေးအေး၊ သွားလေရာရာမှာ အနန္တော အနန္တငါးပါးကို မမေ့နဲ့ဟေ့"

"အစ်မတို့ဆီလည်း တစ်လက်စတည်း ဝင်ခဲ့ပါလား ကိုရင်"

လူအုပ်၏နောက်ဖျားတွင် ငြိမ်နေခဲ့သည့် မိရိုး၏အသံဖြစ်သည်။ သူ ပြောသောသူမှာ သူ့အစ်မ မိအိုးဖြစ်၏။

မိအိုးသည် ငချွဲ၏တူ သာထွန်းနှင့် အကြောင်းပါခဲ့သည်။ သူ့မိဘ များမှာ ဝက်မစွတ်တွင် ရှိသည်။ မိအိုးသည် သျှောင်နောက်ဆံထုံးပါသွားရာ၊ သူကျွမ်းကျင်သော ကိုင်းအလုပ်နှင့်ဝေးရသည်။ အကြောင်းမူ၊ သာထွန်းသည် နွားနှင့်ဖက်ကာ မြေကို ထွန်ယက်ရသည့် မိရိုးဖလာအလုပ်ထက် စက်သီးသံ တည်ည်ဖြင့် လုပ်ရကိုင်ရသည့် ရေနံအလုပ်ကို ပိုမိုအာရုံရှိသောကြောင့် ဖြစ်သည်။

"သူတို့က အခု ဘယ်မှာတုန်း။ တလောက စာလာသယ်ဆို အမေ ခင်ဗျာ့"

"ရေနံချောင်းမှာ ရောက်နေကြပြီတဲ့ လူကလေး။ သဘော်ဆိပ်က တက်လာပြီး ရေနံပွဲရုံတွေမှာ ငသာထွန်း၊ မိအိုးလို့မေးရင် လမ်းပြပေးလိမ့် မတဲ့"

မိရိုးက အစပျိုးသောကြောင့် မေးလိုက်ရငြား၊ စင်စစ်အားဖြင့် သူသည် နှမနှင့် ယောက်ဖထံ ဝင်ရန် စိတ်မကူးပေ။ စိတ်ကူးမရှိ၊ အာသီသ မပြင်းထန်ခြင်းမှာ ရေနံအလုပ်သမားများဘဝနှင့် ရေနံခပ်သည့်ငင်သည့်

အလုပ်ကို သောထွန်းထံမှ ကြားရဖူးသောကြောင့်ဖြစ်သည်။

သို့အတွက် ထန်းခေါက်ဖာတစ်လုံးနှင့် ရေဘူးတစ်လုံး၊ ဆန်ထုပ်၊ ထမင်းအိုးတို့ကိုထမ်းလျက်၊ ဆင်သေရွာမှ သေိုင်းထွက်လာချိန်ဝယ်၊ အစ်ကို ရှိရာ ရတနာပုမ် ရွှေမြို့တော်သို့သာ အာရုံရှိ၏။

သေိုင်းသည် သင်္ဘောထွက်လာချိန်တွင် မှားပြီဟုသိ၏။ သင်္ဘော ပေါ်တွင် သူမမြင်ချင် မတွေ့ချင်သော ကုလားဖြူကိုလည်းတွေ့၏။ ကုလား နက်များမှ အများအပြားပင်။ သူသည် သင်္ဘောအောက်ထပ်ရှိ ခရီးသည်သုံး မီးဖိုသို့ သွားရောက်ထမင်းချက်ရန် ဆန်ထုပ်ထဲမှဆန်များကို လက်ဖြင့် ဆုပ်၍ ဆုပ်၍ ကြေးအိုးထဲသို့ထည့်စဉ်၊ သူ့ဘေးနားမှ အသံတစ်သံ ပေါ်လာ၏။

"မောင်ရင်လေးက တစ်ယောက်တည်းဥစ္စာ ထမင်းချက်ဦးမလို့လား"

"ဟုတ်ကဲ့ခင်ဗျာ့" ဆိုကာ သေိုင်း လှည့်ကြည့်၏။ သူ့အမေ မမင်းဘော်နှင့် မတိမ်းမယိမ်းအရွယ် မိန်းမကြီးတစ်ယောက် ဖြစ်သည်။ သူ့ ဘေးတွင်ကား ကိုမိုးကောင်းအရွယ် သန်မာတောင့်တင်းသည့် ယောကျ်ားကြီး တစ်ယောက်။ သူတို့ကျောဘက်တွင်ကား ဒူးပေါ်မေးတင်လျက် ငုံ့လျှိုး နေသည့် လုံမတစ်ယောက်။

အမေရွယ်မိန်းမကြီးက မူရင်းစကားကိုမေ့ပြီး "ဘယ်ကလာလို့ ဘယ်ကိုသွားမှာတုန်း" စပ်စုသည့်ဘက်သို့ ရောက်သွား၏။ သူမေးသမျှကို သေိုင်းက စုံစေ့စွာ စိတ်ရှည်လက်ရှည်ဖြေပြီးသွားသောအခါ သူ့ဆန်ကို သူတို့အိုးထဲသို့ လုံးထည့်လိုက်ရန် ပြောတော့သည်။ သို့ဖြင့် သူသည် စဥ့်ကူတွင်ဆင်းမည့် ဦးမှည့်၊ ဒေါ်ဖဲ၊ သမီးကျေးဥတို့နှင့် တစ်အိုးတည်းချက် တစ်ဝိုင်းတည်းစား ဖြစ်သွားလေ၏။

မန္တလေးအရောက် ဆန်တက်မည့်သင်္ဘောသည် တစ်ဆိပ်ဝင် တစ်ကမ်းထွက်ဖြင့် ဆက်လက် ဆန်တက်လာသည်။ မြစ်ရေစစ်ပြီ။ သောင် များပေါ်တွင် ဆီးသီးတွေ၊ ငရုတ်သီးတွေ လှမ်းထားကြပြီ။ ငွေရောင်သဲလွှ၊

စိန်ရောင်ထဲမှ ပတ္တမြားကမ္ဘာကို ရှောင်၍မလွတ်ပေ။ တံငါတဲများကိုလည်း မကြာခဏ မြင်ရသည်။

ခရီးသည်များမှာ တစ်ယောက်ဆင်း တစ်ယောက်တက်၊ တစ်အုပ်သွား တစ်အုပ်လာဖြင့် လျော့ချေ ပြည့်ချေရှိသည်။ ကုန်စည်တွေ၊ တောင်းပလုံးတွေလည်း ပြည့်သွားလိုက်၊ လျော့သွားလိုက်ပင်။

ခရီးဝေးသွားမည့်သူများမှ အေးဆေးစွာ လဲလျောင်းနေကြ အိပ်နေကြသည်က များ၏။ ခရီးဆုံးအထိ သွားမည့်သူဖြစ်ပါလျက် မအိပ်သူကား သေိုင်းဖြစ်၏။

အမှန်အားဖြင့် သေိုင်းသည် မအိပ်သူမဟုတ်။ မအိပ်နိုင်သူသာ ဖြစ်ချေ၏။

သူ့အား နှိပ်စက်နေသောအရာမှာ ကျေးဥဖြစ်၏။ သေိုင်းသည် မြင်စက ကျေးဥကို ရဲရဲမကြည့်ဝံ့ချေ။ ကျေးဥသည် မည်သည့်အတွက် ကျော့ခင်နှင့် တူနေရသနည်း။ ကျော့ခင်၏လိပ်ပြာသည် လိုက်လံဖမ်းစား နေပြီလော။

ယနေ့လည်း သေိုင်းသည် သင်္ဘောဘေးမှ နေရောင်ကာအဖြစ် ချိတ်ဆွဲထားသည့် ထန်းရွက်ခြောက်အောက်မှ ခေါင်းထုတ်ကာ မြစ်ကမ်းတစ်လျှောက်ကို ငေးမောကြည့်နေ၏။ အထက်သို့ဆန်လေလေ မြစိမ်းရောင်များ ရှားပါးလေလေဖြစ်သည်။ ငါးရှေတစ်လှည့် နီချေတစ်လှည့် ကုန်းချောက်များကြား၌ စိမ်းမြဝေဆာသော တောအုပ်ကြီးများ၊ ဖွေးလွသောစေတီများ ပေါ်လာတတ်၏။

ထိုအရာများထဲသို့ အာရုံနှစ်မြှုပ်ထားစဉ် သေိုင်းသည် ဆတ်ခနဲ အတွင်းသို့ စွေကြည့်မိသည်။ ဒေါ်ဖဲ၏ ကျောဘက်တွင် ခွေခွေကလေး လှဲနေသည့် ကျေးဥ။ ဦးမှဲ့သည်လည်းကောင်း၊ ဒေါ်ဖဲသည်လည်းကောင်း၊ တခေါခေါ ဟောက်သံပေးလျက် အိပ်ပျော်နေကြ၏။ ဒေါ်ဖဲ၏ ကျောဘက်မှ

မျက်နှာ ဖြူဖွေးဖွေးကလေးကား မအိပ်။

ဆတ်ခနဲ သိုင်းအကြည့်တွင် မဟူရာမျက်လုံး တောက်တောက် ကလေးကိုမြင်ရသည်။ မျက်လုံးရောင်သည် မိမိရင်ထဲသို့ စူးဝင်သွားသည်ဟု သိုင်းထင်သည်။ ချက်ချင်း မျက်နှာလွှဲပြြား၊ သိုင်းရင်တွင်း၌ လှုပ်ရှားသည်။

ကျော့ခင်သည် မြစ်ရေပြင်ပေါ်တွင် ရုပ်တိုက်လျက် သိုင်းမျက်နှာ ရှေ့မှ လိုက်ပါလာသည်။ သိုင်းကြည့်နေဆဲ၌ ကျော့ခင်၏လည်မျိုတွင် ဓားတစ်ချောင်းစိုက်သည်။ သွေးပန်းမျှင်များ ပန်းထွက်သည်။ ကျော့ခင် ငယ်သံပါအောင်အော်လျက် လဲကျသွားသည်။

"ကျော့ခင်ကျော့ခင်"

နေရောင်ကာထန်းရွက်ခြောက်ကို တိုးရင်း သိုင်း တအားအော်သည်။ အထိတ်တလန့်အော်သံများ သိုင်း၏ ဝန်းကျင်၌ ဆူညံသွားတော့သည်။ စင်စစ် သိုင်း လူစိတ်ပျောက်သွားခြင်းဖြစ်သည်။

သိုင်း ပြန်လည် လူစိတ်ဝင်လာချိန်ဝယ် သူသည် သင်္ဘောပေါ်တွင် မဟုတ်တော့ပြီ။ သင်္ဘော၏ အလှုပ်အခါကို မတွေ့မထိရတော့ပြီ။ သင်္ဘော ခုတ်သံ တဝုန်းဝုန်းကိုလည်း မကြားရတော့ပါ။ သို့သော် တငြိမ့်ငြိမ့် စီးဆင်း နေသည့် မြစ်ပြင်ကိုကား မြင်နေရသည်။

သူသည် မူးယစ်ရီဝေစွာ ထထိုင်သည်။

"သူငယ် မထနဲ့ မထနဲ့၊ လဲသွားမယ်။ ပြန်လှဲနေ"

ပြောပြောဆိုဆို သိုင်း၏ပခုံးကို လာဖက်သူမှာ ဦးမဲ့ဖြစ်၏။

ဦးမဲ့သည် အော်သံများကြားလျှင်ကြားချင်း ငေါက်ခနဲထထိုင်သည်။ "ဟဲ့" တစ်လုံးသာ အော်လိုက်နိုင်သည်။ သိုင်း ရေထဲသို့ကျသွားပြီ။ ဦးမဲ့ သည်း ချက်ချင်း ခါးတောင်းကျိုက်ကာ ခုန်ဆင်းသည်။ ကိုယ်ကိုဖော့ပြီး အောက်ဘက်သို့လှမ်းကြည့်နေစဉ် တစ်လန်အကွာ၌ မဲခနဲ ဆံပင်များ ပြန့်ကျဲ ပေါ်လာသည်။ ဦးမဲ့ ဝမ်းလျားပစ်ထိုးပြီး ဖမ်းဆွဲသည်။

ရေထဲကျသွားချိန်နှင့် ဆယ်ယူမိချိန်သည် ကွမ်းတစ်ယာညက်ထက် မပို။ သို့ရာတွင် ငသိုင်း သတိမရတော့ပေ။ ငသိုင်းအား သင်္ဘောအောက်ထပ်သို့ ဆွဲတင်ပြီးနောက် ပြုစုနေကြစဉ်တွင် သင်္ဘောသည် ဦးမှဲ့တို့ဆင်းမည့် ဆိပ်ကမ်းတွင်ဆိုက်၏။

သင်္ဘောပေါ်တွင် ခရီးဆုံးသွားမည့်သူ မရှိချေ။ ငသိုင်းအား သင်္ဘောသားများထံ အပ်နှံထားခဲ့၍လည်း မဖြစ်ပြန်ပေ။ ထိုသူများသည် မျိုးမတူ ဇာတ်ခြားသည့် မြန်မာတစ်ယောက်ကို စောင့်ရှောက်ဖွယ်မရှိ။ သို့ဖြစ်သဖြင့် ဦးမှဲ့မှာ ငသိုင်းအား သင်္ဘောပေါ်မှ ချခေါ်လာခဲ့ရတော့သည်။ သူ သတိမရ သေးလျှင် ဦးမှဲ့မိသားစုမှာ ဆိပ်ကမ်းတွင် အချိန်လင့်နေရဦးမည်။ ယခု သတိ လည်လာသဖြင့် နွားလှည်းဖြင့်တင်ပြီး အိမ်သို့ခေါ်လာခဲ့ကြလေသည်။

ငသိုင်းသည် နောက်တစ်နေ့တွင်ပင် ဦးမှဲ့၊ ဒေါ်ဖဲတို့အား လက်အုပ်ချီ ကန်တော့သည်။

"အကျွန် နေကောင်းပါပြီအဘ၊ အကျွန့်မှာ အဘပေးသဲ့အသက်ပဲ ရှိတော့သဲ့အတွက် လက်အုပ်ချီကန်တော့ပါသယ်။ အကျွန် ခရီးဆက်ပါရစေ"

ရေထဲခုန်ချစဉ်က ငသိုင်းမှာ ထိခိုက်ဒဏ်ရာ မရပေ။ ရေမွန်းသော ကြောင့်လည်း အအေးမပတ်ပေ။ သို့သော် ဦးမှဲ့ ခေါင်းယမ်းသည်။

"အမောင် ဆရာကောင်း သမားကောင်းနဲ့ ပြသပါဦး။ အမောင့်မှာ သည်းခြေမကောင်းဘူးကွယ်"

အမှန်အားဖြင့် အရူးရောဂါ ရှိနေသည်ဆိုခြင်းဖြစ်၏။

"အဖွား မသိလို့ မေးပါရစေ သူငယ်ရယ်။ အမောင့်မှာ စိတ်ညစ်စရာ ရှိလို့ ထွက်လာသလားဟင်"

ဒေါ်ဖဲ၏ စပ်စုစကားဖြစ်သည်။

"မရှိပါဘူး အဖွားခင်ဗျာ"

"သာဖြင့် ဘာပြုလို့ ရေထဲခုန်ချသတုန်း။ သင်္ဘောပေါ်မှာ ဘီလူး

မြင်လို့လား။ သရဲ၊ သဘက် မြင်လို့လား"

ငသိုင်း ပြန်ပြီး စဉ်းစား၏။ မည်သည့်အကြောင်းကြောင့် မြစ်ပြင်ကျယ်ကြီးထဲသို့ သူရောက်သွားသနည်း။

"အကျွန် သတိလစ်သွားသာပါခင်ဗျာ့။ ရေပြင်ကို ရေပြင်လို့ မသိတော့ဘူး။ ဓားကြီးတန်းလန်းနဲ့ အသက်ထွက်သွားသဲ့ အကျွန့်သူငယ်ချင်းကို သွေးတွေနဲ့ မြင်လိုက်လို့ ပြေးပွေ့သာခင်ဗျာ့"

ဦးမဲ့သည် ကျေနပ်စွာဖြင့် သူ့ပေါင်ကိုပုတ်သည်။

"ဟုတ်ပြီ အမောင်၊ ဟုတ်ပြီ။ ငါ့သူငယ်ချင်း ဆရာပွားဟာ အဲဒါမျိုးဆို ကောင်းကောင်းနိုင်သာပေါ့ကွာ။ သူနဲ့တွေ့ရအောင် တစ်ရက်နှစ်ရက် ငံ့ပါဦးကွယ်"

ဤသို့ဖြင့် ငသိုင်းသည် ခရီးမဆက်နိုင်ဘဲ ဆရာပွားထံတွင် ဆေးဝါးအကုသ ခံခဲ့ရသည်။ ငသိုင်းမှာ စားရ၊ လိမ်းရ၊ ရှူရမည့်ဆေးများကို ယူပြီးလျှင် ခရီးဆက်နိုင်ပြီထင်ငြား၊ ဆရာပွား တားမြစ်သဖြင့် ဆိုင်းနေရသည်။

ကျေးဥသည် ကျော့ခင်နှင့်တူသောကြောင့် လှသည်။ ငသိုင်းမှာ မိမိမျက်စိအောက်တွင် ရေထဲသို့ကျသွားသဖြင့် သနားသည်။ သည်သနားသောမျက်လုံးသည် ငသိုင်း၏ရင်ကို တို့ကစားနေသည်။ အလွန် အခံရခက်ကြောင်း ငသိုင်းသာသိသည်။

၁၅ ရက် ကြာမြင့်ခဲ့ပြီ။

ငသိုင်း မနေနိုင်တော့ပါ။ သူ့ရင်တွင်းဝေဒနာကို သူ မျိုသိပ်နိုင်စွမ်းမရှိတော့ပါ။ ဆက်လက်မျိုသိပ်လိုလျှင် သည်အိမ်မှ သူ ထွက်ခွာသွားရုံသာရှိတော့သည်။

သို့အတွက် သူ့ပစ္စည်းပစ္စယတွေကို ညဉ့်ဦးကပင် သိုသိပ်စွာပြင်ဆင်သည်။ မြောက်အရပ်သို့သွားလျှင် ညောင်ဦးသို့ရောက်မည်။ သည်အနီးအနားတစ်ဝိုက်၌ သဘော်ာဆိပ် ကေန်ရှိလိမ့်မည်။

**ပုဂံစာအုပ်တိုက်**

ငသိုင်း သတိဖြင့်အိပ်ငြား ကြက်ဦးတွန်တော့မှ နိုးသည်။ နိုးလျှင်နိုးချင်း အသင့်ပြင်ထားသည့် ပစ္စည်းများကိုဆွဲလျက် ထမ်းလျက် ငသိုင်းထွက်ခွာလာသည်။

"မောင်ကြီး မောင်ကြီး။ အဲသာ ဘယ်သွားမလို့တုန်း"

ငသိုင်း ကံဆိုးချင်၍ ဆွမ်းချက်ထသော ကျေးဥနှင့်မိသည်။

"အဘတို့ အမေကြီးတို့ကို ကန်တော့သွားသယ်လို့သာ ပြောလိုက်ပါနှမသယ်။ ကျုပ် သွားပြီလို့"

"အို မသွားရဘူး။ မောင်ကြီးက နေမှမကောင်းသေးသာ"

"ကောင်းပါပြီ နှမသယ်။ မောင်ကြီး သွားပါရစေတော့"

"မိုက်လိုက်သဲ့ ခွေးမ၊ သစ္စာမဲ့သဲ့ ခွေး"

မမျှော်လင့်သော ကြုံးဝါးသံကြီး၏နောက်ဝယ် လေကို ဖြတ်သန်းလာသည့် အသံတစ်သံပါလာသည်။ ငသိုင်း ချာခနဲ လှည့်သည်။ ကျေးဥအပေါ်သို့ ပြေးဆင်းလာသော ဓားသွားဝင်းဝင်းပြောင်ပြောင်။

"အဘ မှားပြီ။ အကျွန် စိတ်ဖောက်ပြန်ပြီး ထွက်သွားသယ်ထင်လို့အဘသမီးက လိုက်တားသာပါ"

စင်စစ်အားဖြင့် ငသိုင်းသည် 'အဘ မှားပြီ' သာ အော်နိုင်သည်။ ကျေးဥကို ခုတ်သည့်ဓားကို ဖာဖြင့် ထိုးခံသည်။ ဖာပေါ်မှာ လျှို့ထားသည့် ဝါးသည်းတုတ် ပြုတ်ထွက်၏။

"အကျွန် စိတ်ဖောက်ပြန်ပြီး...."

သမီးကို မသတ်ဖြစ်သော ဓား။ ငသိုင်းရင်ဝသို့ ဦးတည် ပြေးဝင်၏။ ငသိုင်း တစ်ကွက်တိမ်းပေးသည်။လူချင်းပူးကာ ဓားရိုးကို ပြိုင်တူဆုပ်မိကြ၏။

"ထွက်သွားသယ်ထင်လို့ အဘသမီးက လိုက်တားသာပါ"

"သစ္စာမရှိသဲ့ခွေး" သည်မျှသာ ဦးမဲ့ တုံ့ပြန်သည်။ ထို့နောက်ပြင်းထန်ကျယ်လောင်သော အသက်ရှူသံကြီး။

**ပုဂံစာအုပ်တိုက်**

သိုင်း၏ညာခြေ လျှပ်တစ်ပြက်အတွင်း ဦးမှဲ့နောက်သို့ ရောက်သွား၏။ တစ်ပြိုင်နက်တည်းပင် ဦးမှဲ့ ကျွမ်းပျံသည်။ မြေပေါ်သို့ လွင့်သွားသည်။ သိုင်းသည် ဓားဦးဖြင့် ဦးမှဲ့ရင်ဝကို ချိန်ထားပြီးပြီ။

"အဘ အလွန်ဒေါသကြီးနေလို့ ကျွန်တော် ခုခံရသာပါအဘ။ ကျွန်တော် ရှိခိုးတောင်းပန်ပါသယ်။ အဘရဲ့ ကျေးဇူးတော်ကို တစ်သက် မမေ့ပါဘူး ခင်ဗျား"

ဓားကိုပစ်ချသည်။ ရိုသေစွာ ပုဆစ်တုပ် ရှိခိုးပြီးနောက်၊ သိုင်းသည် သူ့ပစ္စည်းကို ဖရိုဖရဲစုဆောင်းပြီး ထမ်းထွက်လာခဲ့လေ၏။

◆

'အဘ သက်တော်ရာကျော် ရှည်ပါစေ၊ အဖွားဖဲ ကျန်းမာပါစေ၊ နှမငယ် ကျေးဥ ကျန်းမာပျော်ရွှင်ပါစေဗျား'

သိုင်းသည် တောင်အရပ်သို့ ရည်မှန်းကာ လက်အုပ်ချီသည်။ ဆုတောင်းသည်။ ထိုအခါတွင် သူ့အာရုံများ ပြန်လည်ကြည်လင်လာ၏။

'ကျော့ခင်ကြောင့် စိတ်ပြေလက်ပျောက်ဖြစ်အောင် ထွက်လာခါမှ ကျော့ခင်နဲ့တူသဲ့ ကျေးဥကို တွေ့ရသာကိုး။ သာပေမယ့် ငါဟာ ကျေးမစွပ်ခဲ့ဘူး။ အဘမှဲ့ကို နည်းနည်းပါးပါး ခုခံသာကလွဲလို့ မပြစ်မှားခဲ့ဘူး'

သို့လျှင် စိတ်အာရုံ အသွားအလာ မှန်ကန်နေပါလျက်က ကျော့ခင်သည် ဘွားခနဲပေါ်လာ၏။ လှပကျော့ရှင်းသော ကျော့ခင်မဟုတ်။ သွေးတွေ ပန်းထွက်နေသည်။

"ကျော့ခင်ရေ အမျှ အမျှ။ ငါပြုသမျှ ကုသိုလ်ကောင်းမှုတွေကို အမျှ"

"အစ်ကိုသိုင်းရေ"

မိဒေါင်းလှ၏ညီမ ဖြူဥအသံဖြစ်သည်။

"အစ်မက လိုက်အရှာခိုင်းနေသယ်ရှင့်"

ငသိုင်း၏အာရုံထဲမှ ကျော့ခင်၏ မကောင်းသောပုံလွှာသည် ပျောက်ကွယ်ခဲ့ပြီ။ "အေးအေး၊ လာပြီကွယ့်" ဆိုကာ ငသိုင်း ထပါလျက် ဖြူဉသည် အနားသို့ ရောက်ဖြစ်အောင် ရောက်လာခဲ့ချေသေးသည်။

"ရည်စားကို လွမ်းနေသာလား အစ်ကိုသိုင်း ဟင်"

ငသိုင်းဘေးမှ ကပ်လျက်လိုက်ပါလာရင်းမေးသည်။ သူ့ကိုယ်၏ ဖွံ့ထွားသော အစိတ်အပိုင်းများကို ငသိုင်း မကြည့်ပါ။ မကြည့်သော်လည်း မိန်းမသားတစ်ယောက်၏ မွေးမြသော ကိုယ်သင်းနံ့ကို ရှောင်၍မရ။

"အစ်ကိုသိုင်း၊ သူများမေးသာ ပြောပါဦး"

ငသိုင်း မျက်မှောင်ကြုတ်ပြီး စောင်းငဲ့ကြည့်သည်။ မလိုလားသော အကြည့်၊ ခက်ထန်သော မျက်နှာထားကိုပင် ကြည်သန့်သော အပြုံးကလေးဖြင့် ကြည့်နေသည်။ ပြုံးပုံက မည်သူနှင့် တူပါလိမ့်.... တူပါလိမ့်။

ကျော့ခင်။

ငသိုင်းမှာ ဟယ်ခနဲ ဖြစ်သွားတော့သည်။ ဖြူဉသည် ငသိုင်းအား အထိတ်တလန့်ကြည့်ကာ အမိလိုက်သည်။ ငသိုင်းလည်း ဖြူဉ သွက်သွက် လိုက်လာမှန်း သိသဖြင့် ပြေးတော့သည်။

'ငါ့စိတ် ဖောက်ပြန်ပြီလား။ မြင်မြင်သမျှ မိန်းမတွေကို ကျော့ခင် လို့ချည်း ထင်နေသာလား....'

ဥယျာဉ်အလယ်ရှိတဲသို့ အရောက်ပြေးရင်း ငသိုင်း စဉ်းစားသည်။ စဉ်းစားမိသဖြင့် သူဝမ်းသာသည်။

'သည်လိုတွေးနိုင်စွမ်းရှိသာဟာ မရူးလို့ပေါ့။ ဒါပေမယ့် သည် အပျံသင်စ မိန်းကလေးရှိသဲ့နေရာမှာ မနေအပ်ဘူး။ ဘယ်သွားမတုန်း။ အဖေ့ မိဘများရှိသဲ့အရပ်ကို ပြေးမယ်....'

မိဒေါင်းလုသည် တဲရှေ့တွင်ရပ်ပြီး မျှော်ကြည့်နေ၏။ မတ်ကိုမြင်မှ စိတ်အေးသွားဟန်ရှိ၏။

**ပုဂံစာအုပ်တိုက်**

"မင်းအစ်ကိုက မင်းကို စိတ်မချဘူး။ ဝေးဝေးမသွားနဲ့နော"

"ဟုတ်ကဲ့ခင်ဗျ ဟုတ်ကဲ့" ပြောကာ သေိုင်းသည် အိမ်ထဲသို့ပြေးဝင်လာခဲ့လေ၏။

# ၂၆

မီးခိုးပြာပြာများသည် အပေါ်သို့ မတက်ဘဲ အောက်တွင်သာ ပြန့်ပြား နေသည်။ သင်္ဘောဆိပ်တစ်ခုလုံးမှာ နှင်းမဟုတ်သည့် မီးခိုးများဖြင့် ဖုံးနေသည်။

သင်္ဘောစောင့်သူများသည် အကြေအရပ်သို့လည်း လည်ဆန့်ကြည့် ကြသည်။ ကုလားပိုင်နက်ဘက်သို့ သွားမည့်သူများကလည်း အထက် ဘက်သို့ မျှော်ကြည့်နေသည်။ မြစ်ထဲတွင်ကား တံငါလှေများ၊ ကူးတို့များနှင့် ကုန်လှေများသာရှိသည်။ ကုန်လှေများသည် ရွက်တဖားဖားဖြင့် ဆိပ်ကမ်းမှ ခွာနေကြသည်။

ငကျိုင်းသည် ငါးပေါင်းကြော်ဖိုတဲစပ်ရှိ သဲပြင်ပေါ် ဝင်ထိုင်ရင်း နှင်တံကို သဲထဲတွင်စိုက်သည်။ နှင်တံထိပ်တွင် ခမောက်ကိုစွပ်သည်။ ခမောက် ချွတ်လိုက်သဖြင့် ဖရိုဖရဲပေါ်လာသည့် တဘက်ကိုဖြေသည်။ ကုပ်ဘက်သို့ အိကျနေသော ဆံစကိုသပ်တင်သည်။ နဖူးတွင်သပ်သည်။ ပြီးမှ တဘက်ကို

သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြန်လည်ပေါင်းရစ်၏။

"ငါးပေါင်းကြော် နှစ်ပြားဖိုးပေးပါ"

"နှစ်ပြားဖိုး မရောင်းဘူးရှင့်"

ဒယ်အိုးကြီးဘေးရှိ ငါးပေါင်းကြော်ဗန်းနှင့် သဲပြင်ပေါ်တွင် တင်ပျဉ်ခွေတစ်ဖုံ၊ ကျုံ့ကျုံ့ထိုင်၍ တစ်သွယ် စားနေသူများကြားတွင် ရက်ကန်းလွန်းနယ် ပြေးလွှားနေသည့် ကလေးမက ရယ်မောသံစွက်လျက် တုံ့ပြန်သည်။

ယောက်မဖြင့် ကော်လိုက်၊ တုတ်ဖြင့်ထိုးလိုက်၊ ငါးပေါင်းကြော်တွေ လှော်ချလိုက်လုပ်နေသည့် မိန်းမကြီးကား ငကျိုင်းအား တစ်ချက်သာ စောင်းကြည့်ရင်း "ငရွှေကျိုင်းရေ့၊ မောင့်ဆရာကို ပြောလိုက်ပါ။ လူနာ ထမင်းတောင်းနေသယ်။ ကျွေးရတော့မလားလို့ မေးလိုက်သယ်လို့"ပြောကာ အိုးဘက်သို့ ပြန်လှည့်သွား၏။

ငါးပေါင်းကြော်သည်ကြီးသည် ဒယ်အိုး၏တောင်ဘက်တွင် ဖင်ထိုင်ခုံဖြင့် ထိုင်ပြီး၊ ငါးပေါင်းကြော် ကြော်နေကျဖြစ်သည်။ ယခု ဒယ်အိုး၏ မြောက်ဘက်သို့ ပြောင်းရွှေ့ထိုင်နေပြီ။ သို့ဆိုလျှင် မြောက်လေပြန်ကာ အမှန်ပင် ဆောင်းဝင်ခဲ့ပြီ။

ငကျိုင်းသည် လွင့်ပျံတက်သွားသော မီးခိုးနွယ်ပြာပြာကို မော့ကြည့်နေရာက အကြော်သည်အား လှမ်းကြည့်ပြီး တုံ့ပြန်၏။

"အိပ်လို့ကော ပျော်ရဲ့လားအရီးရ"

"ပျော်သယ်ထင်သာပဲ ဆရာလေးရ။ ကျုပ်တို့လည်း တစ်ညလုံးဆိုင်စောင့်မနေနိုင်ဘူး။ လူနာညည်းသံ၊ နောက်ဖေး နောက်ဖီ ထသွားသံမကြားရလို့ အိပ်ပျော်သယ်ပြောရမှာပါ"

"ထမင်းကျွေးပါ။ အံ့အေးစာ မကျွေးမိပေစေနဲ့။ အရီးပြောသာလည်း ဆရာ့ကိုပြောပြပါမယ်"

လှည်းထောက်ပြုတ်ကျသံကို ဂျိုင်းခနဲ ကျယ်လောင်စွာကြားရသည်။

ချက်ချင်း ကျောင်းလှည့်ကြည့်ပြီး ဖြစ်သွားတော့သည်။ လှည်းထောက်ပြုတ်ကျသောလှည်းမှာ သူ့လှည်းဖြစ်သည်။ နွားနှစ်ကောင်သည် သူတို့နှင့်မည်သို့မျှ မပတ်သက်ဟန် ဟိုနမ်းသည်နမ်း လုပ်နေကြသည်။

"ဟိုနွားကျားနော်၊ သေတော့မှာပဲ"

အော်ရင်းငေါက်ရင်း ကျောင်း လက်ထောက်ထသည်။

နွားတွေ အနေအထိုင် ချောင်ချိပါစေဟူသည့် စေတနာဖြင့်၊ ထမ်းပိုးထဲမှ ချွတ်ပေးထားသည်။ လှည်းကို ထောက်ခွဖြင့်ထောက်ထားသည်။ နွားနက်နှင့် နွားကျားတွင် နွားကျားသည် ဆော့၏။ နွားနက်ကို အနိုင်ကျင့်ပြီး ဝှေ့၏။ ယခု လှည်းထောက်ပြုတ်ကျခြင်းမှာ သူ့လက်ချက်ဖြစ်ရမည် အတပ်တွေးကာ အော်ငေါက်ထခြင်းဖြစ်ငြား ကျောင်းမထဖြစ်။

"လှည်းသန်ကျိုးသွားလည်း အသစ်လဲလိုက်သာပေါ့ကွာ"

ထိုအသံကြောင့် မထဖြစ်။ လှည့်ကြည့်စဉ်တွင် ခေါင်းပေါင်းစတလူလူဖြင့် သူ့ရှေ့သို့ရောက်လာသူမှာ သဘော်သူဌေး၏ စာရေးဖြစ်သည်။ သူ့နောက်တွင် သုံးလေးယောက် ပါလာသော်လည်း ဖျာပေါ်မထိုင်။ နောက်ပါးတွင် ယို့ယို့ထိုင်ကာ ငါးပေါင်းကြော် မှာကြားကြ၏။

"ဆေးဆရာကလေး ငရွှေကျိုင်း။ ဘာလာပို့သတုန်း"

"ရိုးရိုးခေါ်ပါဗျာ။ ဘယ်က ဆေးဆရာရမှာတုန်း"

"ကဲကဲ ငရွှေကျိုင်း၊ ဘာလာပို့သာတုန်းကွာ ကဲ"

စာရေး ရယ်မောသဖြင့် ကျောင်းလည်း ရောနှောရယ်မောရာက "တောင်နံ့ကတိုးတွေဗျာ။ လေးလိုက်သာကလည်း နင့်လို့။ ထမ်းပြီးလည်း ချပေးရသေးဗျာ။ အဲသာမှ တစ်မူးပဲရသယ်။ အောက်ပြည်အောက်ရွာ ရောက်ရင် ထောင်လား သောင်းလားပဲ"

"ဒင်္ဂါးရှိသဲ့ လူကတော့ ဒင်္ဂါးရဖို့ပဲ ကြည့်မှာပေါ့။ ကျုပ်တို့ မြန်မာ့ပိုင်နက်ထဲက အဖိုးထိုက်အဖိုးတန် ဆေးဖက်ဝင်ပစ္စည်းတွေ တစ်ပဲခြောက်ပြားနဲ့

ကုလားမြေထဲ ထွက်သွားသာ နာသဗျာ"

ထိုအခါတွင်မှ သူ တင်ဆောင်ပို့ပေးခဲ့ရသည့် သစ်တုံးတွေအကြောင်းကို ကျောင်း စဉ်းစားမိသည်။ တောထဲသို့ဝင်ပြီး တပင်တပန်း ခုတ်လှဲသယ်ယူခဲ့ရသော တောသားများမှာလည်း ငါးပြားတစ်လှည့် ခြောက်ပြားတစ်လှည့်သာ ရကြသည်။

"အေးဗျ။ ရွာကလူတွေလည်း ဟုတ်တိပတ်တိ ရသာမဟုတ်ဘဲ ကျုပ်တို့ပစ္စည်းတွေ ရန်သူ့ပိုင်နက်ထဲ ရောက်သွားသာပဲ အဖတ်တင်သယ်။ ဩော်.... မေ့နေလိုက်သာ စားပါဦး"

"မှာထားသယ် လာပါလိမ့်မယ်"

စာရေးက ကျောဘက်မှ လူများအား စောင်းကြည့်ရင်း ဖြေရာက ကျောင်း၏ပေါင်ကို ငုံ့ကြည့်သည်။

"လှလှချည်လား။ ပြောင်နေသာပဲ၊ ဘယ်ဆရာနဲ့ ထိုးသာတုန်း"

ပေါင်လှန်ပြီး နံငယ်ပိုင်း (လုံကွင်း)ကို လုံးကာသိပ်ကာ ထိုင်ခြင်းမှာ ထိုးကွင်းကို အသားပေးလိုသဖြင့် ဖြစ်သည်။ ယခု စိတ်ဝင်တစားမေးသူရှိသောအခါ ကျောင်း ပီတိဖြစ်ရ၏။

အမှန်အားဖြင့် မဖြူမဝင်းသော်လည်း ထိုးကွင်းအနက်ရောင်နှင့် ယှဉ်လိုက်သောအခါ အောက်ခံအသားသည် ဝင်းဥလျက်၊ ဆေးမင်ကြောင်သည် ကြွတက်နေ၏။

"ရွာက ဆရာနဲ့ ထိုးသာဗျာ၊ ကြာပြီ"

"ကြည့်စမ်းပါဦးကွာ၊ ငါ့မှာ"

စာရေးက သူ့ပုဆိုးကို လှန်ပြ၏။ ဟုတ်သည်။ သူ့ထိုးကွင်းများမှာ ကျောင်း၏ ထိုးကွင်းများနှယ် မတောက်ပ။

"အဲသာက လက်ရာနဲ့ မဆိုင်ဘူးဗျာ့။ မင်နဲ့ ဆိုင်သာ။ ခင်ဗျာ့ မင်ကြောင်ဆရာက စားစရာ ဆီပြတ်ခိုက်နဲ့ကြုံလို့ မီးထွန်းသဲ့ ရေနံကို

မှိုင်းခံပြီးထိုးလို့ အခုလို မည်းခြောက်နေသာပဲ ဖြစ်ရမယ်"

ကျော်ငြိမ်းသည် သူ့ဘာသာသူပြောပြီး ကျယ်လောင်စွာရယ်မော၏။

"ကိုရင့်မြေစိုက်ထိုးသာ ဘယ်လောက်ကြာသတုန်း"

"ပထမနှစ်မှာ မြင်းစီးပေါင်တို ထိုးပြီးမှ အစ်ကို မြေစိုက်ထိုးသာ သိရသဲ့အတွက် နောက်နှစ်မှထပ်ထိုးရသာဗျာ့"

ရုတ်တရက် ဆိပ်ကမ်းတစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။ သယ်ယူငင်ပိုးနေသူများသည် ပစ္စည်းကိုချပြီး မြစ်ထဲသို့ ကြည့်သည်။ စားသောက်နေသူများ၊ စကားစမြီပြောနေသူများလည်း အာရုံပြတ်သွားကြသည်။ ရှိရှိသမျှ အာရုံများသည် ရေစစ်ရန်တာစူနေဆဲ မြစ်တွင်းသို့သာ စုပုံကြ၏။

မြန်မာဘုရင့် သင်္ဘောတော်များပေါ်တွင် အမြောက်ကြီးတွေ စစ်မြင်းတွေဖြင့်ပါလာသည်။ သင်္ဘောကြီးများ၏နောက် လှိုင်းလွတ်လောက်သည့် အကွာအဝေးတွင်ကား ရေတပ်တိုက်လှေ၊ ကုန်လှေမှ အမြောက်တင်လှေများသည် မြစ်ရေပြင်တစ်ခုလုံးကို ဖြန့်ကြက်ထားလေသည်။

"ခင်ဗျားက သင်္ဘောနေ့စဉ် အဝင်အထွက်က သတင်းတွေ ကြားနေရသာပဲ။ ကျုပ်တို့ထက် သိမှာပေါ့"

စာရေးလည်း ကျော်ငြိမ်းနှယ် မျက်လုံးအပြူးသား လှမ်းကြည့်နေရာက၊ ကျော်ငြိမ်းကိုကြည့်သည်။

"ကျောက်တိုင်ဟိုဘက်မှာ ကုလားတွေသင်္ဘောတွေ ရောက်နေသယ် ကြားသကွ။ နေ့စဉ်ဆိုက်နေကျ အဆန်သင်္ဘောမဆိုက်သာ ကနေ့ပါဆိုရင် နှစ်ရက်ရှိပြီ။ အဲ ဟို လူအုပ်ကြီးဟာ အညာဆန် ခရီးသည်တွေပေါ့"

ဖောင်များ၊ လှေများသည် လက်နက်လူသူ အပြည့်ဖြင့် ဆက်လက် စုန်ဆင်းလာနေဆဲ ရှိသေး၏။ စစ်မောင်းသံ စစ်စည်သံများလည်း မိုးပြို မတတ် ပြင်းထန်သည်။ ကျော်ငြိမ်း၏ နားထင်နားရင်းများ ထူပူလာသည်။ မျက်နှာပြင် အရေခွံများပါ တင်းရင်းသည်။

**ပုဂံစာအုပ်တိုက်**

"ဒါဖြင့်၊ ဒါဖြင့် ကုလားနဲ့ တိုက်ကြရတော့မှာပေါ့"

"မင်းစီး လှေတော်တစ်စင်း စုန်ဆင်းလာပြီး ပြန်ဆန်တက်သွားသာလည်း မြင်ရပုံထောက်ရင်တော့ စစ်ဖြစ်တော့မယ် ထင်သာပဲကွာ"

ငကျိုင်း သုတ်ခနဲထသည်။ ခါးပိုက်ထောင့်ကို ဖြေသဖြင့် စာရေးက လက်ဖြင့်ဆွဲထား၏။

"ပေးမနေနဲ့၊ ငါ့လူတွေ ပေးပြီးပြီ"

"သလိုဆို ကျုပ်သွားပြီဗျို့"

ငကျိုင်းသည် ငါးပေါင်းကြော်တဲနှင့် ခေါင်းနှင့် ဆောင့်မိသည်အထိ သတိလွှတ်၏။ နွားနှစ်ကောင်ကို အမြန်တပ်ကာ၊ မတ်တတ်လိုက်ပါလျက် ဒုန်းမောင်းတော့သည်။ ဝန်လည်းမပါ၊ အိမ်ပြန်လည်း ဖြစ်သောကြောင့် နွားနှစ်ကောင်သည် လေးဖက်ခွာစုံချပြီး ပြေး၏။

ငကျိုင်း၏လှည်းသည် အရှိန်လျော့သွားလိုက်၊ မြင့်တက်လိုက်ဖြင့် ရွာဘက်သို့ ဦးတည်ပြေးလွှားလာ၏။ ကျင်းတွေ၊ ချိုင့်တွေထဲသို့ လှည်းကျလျှင် ငကျိုင်း ယိုင်သွား၏။ ကမူပေါ်သို့ လှည်းခုန်တက်လျှင် ငကျိုင်း ဖင်ထိုင်လဲ၏။ ချက်ချင်း ပြန်ရပ်သည်။ နှင်တံတဝဲဝဲ တဟဲ့ဟဲ့ တဟာဟာဖြင့် အရှိန်မလျော့ဘဲ တရကြမ်းမောင်းသည်။

ပုရွက်ဆိတ်များနယ် တရွေ့ရွေ့ လှုပ်ရှားသွားလာနေသည့် လူများလည်း သဘော်ဆိပ်တွင် ထိတ်ထိတ်ပျာပျာ ပြေးလွှားလျက် ကျန်ခဲ့ကြသည်။ အေးဆေးစွာ လှည်းဖြုတ်ထားသူများလည်း ငကျိုင်းနည်းတူပင် သဘော်ဆိပ်ကို အလျင်အမြန် ကျောခိုင်းသွားကြလေပြီ။

မယ်မင်းဘော်သည် သူ့သား၏ နွားငေါက်သံ၊ နွားလှည်းတစ်စီး ဘရကြမ်း ပြေးလာသံကို ခပ်လှမ်းလှမ်းမှပင် ကြားနှင့်သည်။

"နွားတွေ မပင်ပန်း ပင်ပန်းအောင် လုပ်လာသယ်"

ထိုးအံ့ဆဲဆဲလွန်းကို စဥ့်အင်တုံတွင်းပြန်ချကာ ရက်ကန်းစင်မှဆင်း၏။

"တစ်ခုခုတော့ ဖြစ်လာပြီထင်သယ် အမေရေ့"

မိရိုးကမူ ယက်ဖောက်အယောက်မပျက် နားစွင့်နေရာက ထင်မြင်ချက်ပေး၏။ ငကျိုင်း၏ အော်ငေါက်သံများ ပျောက်သွားငြား၊ လှည်းဘီးကျွသံ ဝုန်းဒိုင်းအုန်းဂျိုင်းများကား ပျောက်ကွယ်မသွားပေ။

"အဖေရေ အမေရေ။ အဖေရေ အမေရေ"

လှည်းပြေးသံ နီးလာသည်။ ငကျိုင်း၏အော်သံကြီးပါ ပေါ်လာသည်။ မယ်မင်းဘော်မှာ ရင်ဝတ်အလျှောလျှောဖြင့် အိမ်ရှေ့သို့ ပြေးထွက်မိသည်။ ခမောက်ကို ကျောတွင် ချိတ်လျက်၊ တဘက်အပြုတ်ပြုတ် ဦးဆံအပြေပြေဖြင့် မတ်တတ်ကြီးပါလာသော ငကျိုင်း။

အိမ်ဝင်းထဲသို့ လှည်းဝင်လာပြီးနောက် ထိုးရပ်သွားသည်။ ငကျိုင်း ခုန်ဆင်းသည်။ "အဖေကောအမေ။ အဖေ အဖေ" အငမ်းမရ မေးသည်။

"ကိုင်းထဲ သွားသာပေါ့သားရယ်။ ထွန်လို့ရလောက်ပြီလား၊ နွားနင်းခံပြီးလား သွားကြည့်ရသာပေါ့။ ဘောက်မဲ့ကြောင့် လူကြားမကောင်း သူကြားမကောင်း ပါးစပ်ကြီးဖြံပြီး တစ်အားအော်လာရသတုန်း"

"ပါးစပ်ကြီးလည်းမဖြဲ၊ တအားလည်း မအော်ပါဘူး အမေရာ"

နွားနှစ်ကောင်ကို ထမ်းပိုးအောက်မှ ဖြုတ်ပေးလိုက်ကာ လှည်းကို အရိပ်အောက်သို့ နောက်ပြန်ထိုးသွင်းရင်း ချေပ၏။

ရပ်ထဲရွာထဲမှာ နေထိုင်မကောင်းသဲ့လူရှိမယ်။ ကလေးမြေးငယ်တွေ အိပ်နေမယ်။ ငါ့သား အသံကြီးနဲ့ အားနာစရာကွယ်"

"ဟောဟို ကလေးမြေးငယ်ကဖြင့် မအိပ်ပါဘူးတော်"

မိရိုးက ယက်ဖောက်ယက်နေရာက မေးငေါ့ပြ၏။ မေးငေါ့ပြရာ အရပ်တွင် နွားစာစဉ်းနေသော မြဖူး။ သူ့ကျောတွင် တစ်ချောင်းတည်းသော သွားကို ဖော်ပြရင်း ဖုန်မှုန့်ကစားနေသည့် ကျားမနိုင်။

"ဆိုစမ်း။ သလောက်ကြီးအော်လာရအောင် ဘာဖြစ်သတုန်း"

"စစ်ဖြစ်တော့မယ် အမေ"

"ဟင်" ဆိုကာ မိရိုး ဗွေ့ခနဲထရပ်သည်။ "ဘာ၊ ဘာပြောသယ် ငကျိုင်း"ဟု မျက်မှောင်တွန့်ပြီးမေးရာက မယ်မင်းဘော် ဆင့်မေး၏။

"ဘယ်သူနဲ့ ဖြစ်မှာတုန်း"

"ကုလားနဲ့ အကျွန်ုပ်ရို့မြန်မာနဲ့ စစ်ဖြစ်တော့မယ် အမေ။ တောင်ဘက်ကို သင်္ဘောတွေ၊ လှေတွေ၊ ဖောင်တွေမှာ အမြောက်တွေ စစ်သည်တော်တွေ အပြည့်နဲ့ စုန်သွားလိုက်ကြသာ တစ်မြစ်လုံး ပြည့်နေသာပဲ"

"ဘုရင်မင်းမြတ် ရွှေစကြာ ဖြန့်တော်မူသာလား သားရယ်"

"ဘုရင်မင်းမြတ်ရဲ့ ရွှေဖောင်တော်မပါဘူးအမေ။ သင်္ဘောပေါ်မှာ ရွှေထီးတွေ၊ ထီးနီတွေပဲပါသယ်"

မယ်မင်းဘော် ဟင်းခနဲ သက်ပြင်းချသည်။ ရက်ကန်းစင်ပေါ်သို့ နောက်ပြန်ဝင်ထိုင်သည်။

စစ်ဖြစ်လျှင် 'အမေတို့ အဖေတို့ ဘယ်လိုနေကြမှာပါလိမ့်' တွေးပူပြီးမှ၊ သားကြီးနှစ်ယောက်ကို သတိရသည်။

"ငလှိုင်းနဲ့ ငသိုင်းတို့ကလည်း နေပြည်တော်ရောက်နေသယ်။ ငသိုင်း သတင်းလည်း နောက်ထပ်မကြားရနဲ့"

ဟုတ်သည်။ ငသိုင်းအကြောင်းပါသော စာတစ်စောင်ကို ယမန်နှစ်ကမှ ငလှိုင်းထံမှ လူကြုံဖြင့်ရသည်။ ငသိုင်းသည် သရက်ကန်ရှိ ဘနှင့်အမေကြီးတို့ထံ သွားဦးမည်ဆိုကာ ငလှိုင်းထံမှ ထွက်သွား၏။ အစ်ကိုဖြစ်သူမှာ ညီပြန်လာလိမ့်နိုး မျှော်၏။ လူကြုံတွေ့လျှင်မေး၏။

နှစ်နှင့်ချီပြီး ငသိုင်းပျောက်နေရာမှ သတင်းရသောအခါ သတင်းကောင်းမဟုတ်။ ဓားပြဗိုလ်အခေါ်ခံ ငလှဦးနှင့် ညီညြီး၊ ငမြွားတို့အထဲသို့ ရောက်သွားသည်။ အတွင်းဝန်၊ လှေသင်းဝန်၊ စလေမြို့စားမင်းကြီး သီရိမဟာဇေယကျော်ထင်ဆင်းပြီး နဝမဌာနခရိုင် ရတနာသိဃ်မြို့၌ ချရပ်ပြီး

ခန့်ခွဲနိုင်မိနင်းသည့်အတွက် ဓားပြများ ပျက်ပြားငြိမ်ဝပ်သွားသည် ကြားရ၏။ ကြားရငြား သေိုင်းရောက်မလာ။ ဝဲဘက်လက်ကောက်ဝတ်တွင် 'သတိထား'၊ ယာဘက်လက်ကောက်ဝတ်တွင် 'မဆိုးနှင့်' ဆေးထိုးလွှတ်သည်ကို အမြင်မခံလို၍လော၊ သို့မဟုတ် သေပြီလော မသိကြောင်း စာထဲမှာ ပါခဲ့သည်။

ထိုသားအကြောင်း တွေးမိသောအခါ မယ်မင်းဘော် မျက်ရည်စို့၏။ စိတ်ကယောက်ကယက် ထပ်မံဖြစ်သောကြောင့် ဓားပြအဖွဲ့တွင်း ရောက်သွားခြင်းလော။ ဓားပြတိုက်စဉ်တွင် သေသလော။ မင်းပြစ်မင်းဒဏ်ဖြင့် သေသလော။ မရေမရာ အတွေးကြီးသည် ရင်တစ်ပြင်လုံး ဆုပ်ဆွဲထား၏။

မျက်ရည်ဖုံးသော မြင်ကွင်းထဲသို့ မြင်းတွေဝင်လာသည်။ မယ်မင်းဘော် မျက်ရည်ကို တဘက်ဖြင့်တို့သည်။ "ဘကြီးပါလာသာ ဟန်ကျသဗျို့" ငကျိုင်း အော်သဖြင့် မြင်းစီးကြီးကိုရွှဲ ပါလာသည်ဟု မယ်မင်းဘော် နားလည်လိုက်၏။

"အဖေရေ၊ မသမာကောင်တွေနဲ့ ကျုပ်တို့မြန်မာတွေနဲ့ စစ်ဖြစ်တော့မယ်ဗျ" ဟု ကွပ်ပျစ်ပေါ်တွင် ဖျာခင်းပေးရင်း ဆီးကြိုပြောရာက သူမြင်ခဲ့ရသည်များကို ဆက်လက်ရှင်းပြ၏။

"ဟုတ်သယ် ငါ့တူရေ့၊ မိစ္ဆာဒိဋ္ဌိ ကုလားဖြူအင်္ဂလိပ်များဟာ ငါတို့နိုင်ငံထဲက ကျွန်းသစ်ရေနံတွေကို တိတ်တိတ်တစ်မျိုး၊ ပြောင်တစ်မျိုး ခိုးရသာအားမရလို့ စစ်တိုက်ဖို့ ရန်စသယ်။ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကို ဆည်ဖို့အတွက် ဘကြီးတို့ မိစ္ဆာပါပကောင်တွေကို ဓားစာ၊ သေနတ်စာ ကျွေးရတော့မယ်"

ပင်လယ်သမုဒ္ဒရာထဲတွင် လုယက်တိုက်ခိုက်ခြင်းဖြင့် ပင်လယ်ဓားပြ၏ အရသာကိုသိသော အင်္ဂလိပ်တို့သည် ကုန်းဓားပြဖြစ်လာခဲ့သည်မှာ ကြာပြီ။ မြန်မာပြည်အား စစ်မကြေညာဘဲ သူခိုးဓားပြကဲ့သို့ ဝင်ရောက်တိုက်ခိုက်ခြင်းဖြင့် ဒုတိယ မြန်မာ–အင်္ဂလိပ် စစ်ကို ဆင်နွှဲသည်။

**ပုဂံစာအုပ်တိုက်**

ရတနာပုမ်မြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် ဘ၀ရှင်မင်းတရားကြီး၏ ရွှေလက်ထက်တော်ကတည်းက မြန်မာ့ပြည်တွင်းရေး၌ စွက်ဖက်ခြေရှုပ်ခဲ့သော အင်္ဂလိပ်တို့သည် ရတနာပုမ် ဒုတိယနန်းစံ ဘ၀ရှင်မင်းတရားကြီး၏ ရွှေလက်ထက်တော်တွင် ပိုပြီးစွက်ဖက်လာသည်။ ရှုပ်ပွေလာခဲ့သည်။

ပထမဆုံးစွက်ဖက်မှုမှာ အနွယ်တော် အမြောက်အမြား ကွပ်မျက်ခံရခြင်း ဖြစ်သည်။ အင်္ဂလန်တွင် ဖြစ်ပွားသော မည်သည့်ကိစ္စကိုမျှ မြန်မာတို့က မကန့်ကွက်ပါဘဲလျက် မြန်မာ့နန်းတွင်းရေးတွင် မည်သည့်အတွက် ကန့်ကွက်ရပါသနည်း။ မှားခြင်း၊ မှန်ခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်းမှာလည်း သူတို့အလုပ် မဟုတ်ပေ။

သို့ပါလျက်နှင့် ဝင်ရှုပ်လိုသော ဆန္ဒဖြင့် ကန့်ကွက်သည်။ ကင်းဝန်မင်းကြီးက မြန်မာ့ပြည်တွင်းရေးသာဖြစ်ကြောင်း ပြန်ကြားလိုက်သည်။ ဤသို့ ပြန်ကြားရပါမည်လောဟု မခံမရပ်နိုင်ဖြစ်ကာ သံအမတ် 'ရှော' ကို ဆက်ခံသော 'ဘရောင်းသည်' ၁၂၄၁ ခုနှစ် သီတင်းကျွတ်လတွင် ရတနာပုမ် နေပြည်တော်ရှိ သံရုံးကို ရုပ်သိမ်းထွက်ခွာသွားခဲ့သည်။

ဘရောင်းသည် အေးဆေးစွာ ထွက်ခွာမသွားပါ။ နက်ဖြန်သန်ဘက် စစ်ဖြစ်တော့မယောင် ချောက်လှန့်ပြီး မန္တလေးရှိ သိုးဆောင်းလူမျိုး ကုန်သည်များကိုပါ ခေါ်သွားခဲ့၏။ အီတာလီယံနှင့် ပြင်သစ်များသာ အနည်းငယ်စီ ကျန်ရစ်ခဲ့သည်။

သို့သော် ရွှေမြို့တော်၏ ကုန်သည်လောကတွင် အထိတ်တလန့် ဖြစ်တော့သည်။ ကုန်စည်များစွာ ဝယ်ယူရောင်းချသူက မဝယ်ရဲဘဲဖြစ်လာ၏။ ရောင်းသူများမှာလည်း မရောင်းရဘဲ လှည့်ပြန်သွားရ၏။ သို့ဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ကသိကအောက် ဖြစ်ရတော့သည်။

မြန်မာအစိုးရသည် 'မင်းမနေချင်လို့သွားတာ၊ သွားပေါ့' ဟု တင်းမထားနိုင်ပါ။ ရန်လိုသော အပြုအမူ ထင်ရှားစွာပြသွားသည့် ရန်သူနှင့် စေ့စပ်

ဆွေးနွေးရန် သံအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်သည်။ သံအဖွဲ့ခေါင်းဆောင်မှာ သံခင်းတမန်ခင်း၌ အလွန်ကျွမ်းကျင်သောဝန်ထောက် မြောင်လှမြို့စား 'မင်းကြီးသီရိမဟာဇေယသူ' ဦးခြိမ့်ဖြစ်၏။ထိုသံအဖွဲ့သည် ၁၂၄၁ ခုနှစ်၊ပြာသိုလတွင် အိန္ဒိယပြည်ရှိ ဘုရင်ခံချုပ်ထံ သွားရောက်ဆွေးနွေးရန် နေပြည်တော်မှ ထွက်ခွာလာခဲ့သည်။

သို့သော် ထိုသံအဖွဲ့မှာ အိန္ဒိယသို့မရောက်လေ။ သရက်မြို့တွင် သရက်အရေးပိုင်က တားဆီးထား၏။ "ကိစ္စကိုပြောပါ၊ အကြောင်းကြားပေးမည်။" သံကြီးတမန်ကြီးကို သံကြီးတမန်ကြီးကဲ့သို့ မဆက်ဆံ။ အလွန်အောက်တန်းကျသော မထီမဲ့မြင်အပြုအမူဖြစ်ငြား မိတ်မပျက်လိုသော မြန်မာတို့က သည်းခံခဲ့သည်။

သရက်နှင့် ရန်ကုန်၊ ရန်ကုန်နှင့် အိန္ဒိယသည် လချီပြီး ကြာမြင့်သော ခရီးမဟုတ်ပေ။ သို့ပါလျက်နှင့် မြန်မာသံအဖွဲ့သည် ခုနစ်လ စောင့်ဆိုင်းနေရသည်။ ခရီးဆက်နိုင်ပါသလော၊ မဆက်နိုင်ဘဲ ပြန်လာခဲ့ရသည်။

အင်္ဂလိပ်တို့သည် မြန်မာ့မြေကို စီးပွားရေးအရ ပိတ်ဆို့သောအားဖြင့် ဆန်နှင့် ဆား၊ငါးပိ မတင်ပို့ဘဲထားရန် စီစဉ်ကြည့်၏။ အထက် မြန်မာပြည်သားတို့တွင် ပြောပလောက်သော ထိခိုက်နစ်နာမှု ရှိဖွယ်မမြင်သဖြင့် ထိုအစီအစဉ်ကို ပယ်ဖျက်လိုက်ရ၏။

သူယုတ်မာကို သူယုတ်မာဟုသိပါလျက်၊ ရန်သူကို ရန်သူဟု မြင်ပါလျက်နှင့် မြန်မာတို့သည် ရာဇမဟာမိတ်မပျက် ဆက်လက်ဆက်ဆံရန် ဆက်လက်ကြိုးပမ်းသည်။ နောက်သုံးနှစ်အကြာတွင် ထပ်မံကြိုးစားခြင်းဖြစ်သည်။ မြန်မာသံအဖွဲ့သည် အိန္ဒိယပြည် ဘုရင်ခံချုပ်ရှိရာ ဆင်မလာမြို့သို့ သွားရောက်စေ့စပ်ဆွေးနွေး၏။ ရန်ပြုလိုစိတ် ပြည့်လျှမ်းနေသော သူယုတ်မာများနှင့် ချစ်ကြည်ရေးလမ်း မပွင့်ပါ။

ရန်သူသည် မြန်မာတို့ နိုင်ငံခြားနှင့် မဆက်ဆံနိုင်စေရန် သရက်မြို့မှ

စောင့်ကြို့ပိတ်ဆို့မည်။ ထိုအခါတွင် မြန်မာတို့၏ စက်မှုလုပ်ငန်းများ ရပ်ဆိုင်းကုန်မည်။ ထိုစိတ်ကူးဖြင့် မြန်မာတို့အား ရန်လိုသော အပြုအမူဖြင့် ဆက်ဆံပြား၊ မြန်မာသည် အရှေ့မြောက်အရပ်မှ ဖောက်ထွက်ကာ နိုင်ငံခြားနှင့် ဆက်ဆံရန် အားထုတ်လေ၏။

ထိုထွက်ပေါက်မှာ ပြင်သစ်ပိုင် ကိုချင်ချိုင်းနား (အင်ဒိုချိုင်းနား)သို့ ရထားလမ်း ဖောက်လုပ်ခြင်းဖြစ်သည်။ ထိုထွက်ပေါက် အကောင်အထည် ဖော်နိုင်ရန် မြန်မာတို့သည် ပြင်သစ်နှင့် ချစ်ကြည်ရေးစာချုပ် ချုပ်ဆိုကြသည်။ သို့သော် စာချုပ်ကို လက်မှတ်မထိုးရသေး။ သို့အတွက် အတွင်းဝန် မြို့သစ်မြို့စား မင်းကြီး မဟာဓေယသင်္ကြံခေါင်းဆောင်သော သံအဖွဲ့သည် ၁၂၄၅ ခုနှစ်၌ ပြင်သစ်ပြည်သို့ ထွက်ခွာသွားသည်။ ၁၂၄၆ ခုနှစ် နယုန်လဆန်း ၈ ရက်၌ လက်မှတ်ထိုးကြသည်။

တစ်ဖန် ထိုနှစ် ပြာသိုလကွယ်နေ့၌ ကူးသန်းရောင်းဝယ်ရေး အချက်အလက်များ ကျယ်ပြန့်စွာပါဝင်သော ချစ်ကြည်ရေးစာချုပ်ကို ထပ်မံ ချုပ်ဆိုကြပြန်သည်။ ထိုစာချုပ်အရ ၁၂၄၇ ခုနှစ်၊ ပထမဝါဆိုလတွင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ် ရတနာပုမ်မြို့တော်သို့ ရောက်လာသည်။

မြန်မာအစိုးရသည် ဂျာမဏီ၊ အီတာလီယံ အစိုးရများနှင့်လည်း ပိုမိုချစ်ကြည်မှုရအောင် ကြိုးစားသည်။ ပြင်သစ်နှင့်ကား ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာသည်။ ရတနာပုမ်နေပြည်တော်တွင် ဘဏ်တိုက်တစ်ခုဖွင့်ရန် ဘုံကင်နှင့် ရတနာပုမ်ရွှေမြို့တော် မီးရထားလမ်းဖောက်လုပ်ရန်၊ ရေနံနှင့် သစ်၊ ကျောက်စိမ်း လုပ်ကိုင်ခွင့်ပေးရန်တို့ပါ စီစဉ်ကြတော့သည်။

အင်္ဂလိပ်တို့မှာ ဗန်းမော်မြို့တွင် ကိုယ်စားလှယ်ရုံး ဖွင့်ခွင့်ရပြား ကျောက်စိမ်းနှင့် ပတ္တမြားကို ခိုးဝှက်ယူနေရသည်။ တရားဝင် လုပ်ကိုင်ခွင့်မရ။ ရေနံမှာလည်း ထိုနည်းငင်းဖြစ်ရာ ရန်ကုန်ရှိ အင်္ဂလိပ်ကုန်သည်တွေ ဆွေ့ဆွေ့ခုန်၏။ မြန်မာမင်း၏ အသရေ ညှိုးနွမ်းအောင် မြန်မာနိုင်ငံနှင့်

အစိုးရအား အထင်လွဲအောင် သားပုပ်လေလွင့်သတင်းတွေ ထုတ်လွှင့်ကြ၏။ မြန်မာ့မြေပေါ်နေပြီး မြန်မာ့ရေကိုသောက်နေသော သားရေပေါ်အိပ် သားရေနားစားသည့် အခြားလူမျိုး ကုန်သည်များကလည်း မြန်မာနိုင်ငံကို အမြန်ဆုံး တိုက်ခိုက်ဖျက်ဆီးပစ်ပါရန် အော်ဟစ်ကြ၏။

ရွှေနန်းတော်ကြီးအတွင်း၌ သိုးဆောင်းလူမျိုး မိန်းမတစ်ယောက်ရှိ၏။ သူကား မိဖုရားခေါင်ကြီး၏ အပျိုတော်ပေတည်း။ သူသည်လည်း အရိပ်နေပြီး အခက်ချိုးသော၊ သားရေပေါ်အိပ် သားရေနားစားသူ ဖြစ်နေပြန်သည်။

သို့ဖြစ်သဖြင့် ထိုအပျိုတော်သည် မြန်မာပြင်သစ်စာချုပ်ကို ခိုးယူပြီး အီတာလီယံ သံအရာရှိ အန်ဒရီနိုကိုပေးသည်။ သူသည် အီတလီသံအရာရှိ မျက်နှာဖုံးကို စွပ်ထားသည့် အင်္ဂလိပ်သူလျှိုဖြစ်ရာ ဆာချားဘားနပ်ထံ ပို့လိုက်လေတော့သည်။

ဘားနပ်ကလည်း အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်ထံ အလျင်အမြန် ပို့ပေးသည်။ ဤမှတစ်ဆင့် မြန်မာပြင်သစ် စာချုပ်မူရင်းသည် အင်္ဂလန်သို့ ရောက်သွားလေတော့သည်။ စာချုပ်ကို ပြင်သစ်ပါလီမန်က အတည်ပြုပြီး၍ ချစ်ကြည်ရေးစာချုပ် အတည်ဖြစ်သွားပါက မြန်မာနိုင်ငံကို တိုက်ခိုက်ရန် လွယ်ကူတော့မည်မဟုတ်။ ကန်တုံဘက်မှ လက်နက်ကောင်းတွေ တင်သွင်းလာနိုင်လျှင်ကား အင်္ဂလိပ်တို့သည် ပဲခူးတိုင်းမှရော ရခိုင်၊ တနင်္သာရီ ကမ်းမြှောင်ဒေသမှပါ ခါးကော့ပြေးရတော့မည်။

ပင်ကိုဗီဇကိုက ရဲရင့်သောလူမျိုး၊ ဇာတိမာန်ထက်သန်သော သည် မြန်မာတွေ၏ လက်ထဲသို့ အင်္ဂလိပ်နှင့် တန်းတူရည်တူ လက်နက်တွေ ရောက်သွားလျှင်၊ အာသံ၊ မဏိပူရနှင့် ကချာနယ်အရေးကိုပင် မြန်မာတို့ ပြန်လည်ဖော်ထုတ် အရေးဆိုတော့မည်မှာလည်း သေချာလှပေ၏။

မြန်မာ့နန်းတွင်း၌လည်း စည်းမျဉ်းခံဘုရင်စနစ်နှင့် သက်ဦးဆံပိုင် ဘုရင်စနစ် အုပ်ချုပ်ရေးတို့ လွန်ဆွဲလျက်ရှိသည်။ ခေတ်မီအုပ်ချုပ်ရေး၊

ခေတ်မီလက်နက်ကောင်းဖြင့် တိုးတက်လာသော မြန်မာပြည်မှ ရေနံနှင့် ကျောက်မျက်ရတနာ၊ ကျွန်းသစ်များကို ပေါပေါလောလော ရနိုင်လမ်း ပိတ်တော့မည်။ စက်မှုလုပ်ငန်းလည်း တိုးတက်လာဦးမည်ဆိုလျှင် အင်္ဂလန်မှ ပစ္စည်းများကို ဩတိုက်ရောင်းချ၍လည်း တွင်ကျယ်တော့မည်မဟုတ်။ သို့အတွက် မြန်မာပြင်သစ်စာချုပ် အတည်မဖြစ်မီ မြန်မာပြည်ကို တိုက်ခိုက်မှ ဖြစ်တော့မည်။ သို့အတွက် လွတ်လပ်သော မြန်မာနိုင်ငံအား စစ်ပြုရန် ပြင်ဆင်လော့ဟု အမိန့်ပေးလိုက်လေသည်။

အိန္ဒိယမှ ကျူးကျော်ရေးတပ်များ တစ်သုတ်ပြီးတစ်သုတ် ရန်ကုန်သို့ ရောက်လာပြီ။ နယ်ခြားသရက်မြို့ဘက်သို့ တဖြည်းဖြည်း ပို့နေပြီ။ တစ်ဖက် ကလည်း အကြောင်းပြစရာကို မီးထွန်းပြီးရှာနေပြီ။

အကြောင်းပြစရာကလည်းပေါလှသည်။ ဧရာဝတီသင်္ဘောကို မြန်မာ အမှုထမ်းများ နှောင့်ယှက်ပါသည်။ မြန်မာအမှုထမ်းများ မြှောက်ပင့်ပေးသဖြင့် ခရီးသည်တို့၏ ပစ္စည်းများပေါ်သို့ ငါးပိခြင်းတွေ တင်ပါသည် စသည်ဖြင့်။

ထိုကဲ့သို့ ငိုချင်လျက်တွင် လက်သန်းဖျားဖြင့် သွားတို့မိသောအရာမှာ ဘုံဘေဘားမား သစ်ခိုးမှုကြီးပေတည်း။

ရန်ကုန် – တောင်ငူ မီးရထားလမ်း မပေါက်မီကပင် ကျွဲလှည်းများဖြင့် တစ်လီ၊ စစ်တောင်း၊ သံလွင်၊ ဧရာဝတီဖြင့် မျှောချ၍တစ်ဝ အံတိုအောင် ခိုးနေခဲ့သည့် အင်္ဂလိပ်သစ်ကုန်သည် သူခိုးများသည် မီးရထားလမ်း ပေါက်လာသောအခါ ပိုမိုတွင်ကျယ်စွာ ခိုးတော့သည်။

မြန်မာအမှုထမ်း အရာထမ်းများသည် အင်္ဂလိပ်သူခိုးများ ကွေ့လည် ကြောင်ပတ် လုပ်ထားသည်များကို ကွက်ကွက်ကွင်းကွင်း ပေါ်လာအောင် ဖော်ထုတ်သည်။ မငြင်းနိုင်အောင် ထောက်ပြသည်။ အကြိမ်ကြိမ်အလီလီ စစ်ဆေးပြီးနောက်တွင် သစ်သူခိုး ဘုံဘေဘားမားသည် ဒဏ်ငွေ ၂၃ သိန်း ပေးဆောင်စေ။

ဘုံဘေဘားမား သစ်ကုမ္ပဏီသည် ဒဏ်ငွေ ၂၃ သိန်း ပေးဆောင်လိုပါသလော။ မပေးဆောင်လိုလျှင် မြန်မာအစိုးရထံ အယူခံဝင်ရမည်။ မြန်မာအစိုးရ၏ ပိုင်နက်ထဲတွင် ကျူးလွန်သော ခိုးမှုအတွက် မြန်မာအစိုးရက ဒဏ်ရိုက်သည်ကို ပြင်သစ်ပြည်သို့ သွားရောက်အယူခံရန် အကြောင်းမရှိ။ ရုရှားပြည်သို့ သွားရောက်တိုင်တန်းရန် အကြောင်းမရှိပေ။

သစ်သူခိုး အင်္ဂလိပ်များသည် မြန်မာအစိုးရထံသို့လည်း အယူမခံလို၊ ဒဏ်ငွေကိုလည်း မပေးဆောင်လိုပါက မြန်မာအစိုးရ၏ ပိုင်နက်နှင့် မပတ်သက်ဘဲ နေလိုက်ရန်သာရှိသည်။ အလွန်လွယ်သော အလုပ်သာဖြစ်သည်။

သို့သော် သစ်သူခိုးများသည် သိက္ခာမရှိ၊ ဂုဏ်သရေနှင့် အရှက်မရှိသူများပီပီ သူခိုးက လူလူဟစ်၏။ မြန်မာအစိုးရက မတရားဒဏ်ရိုက်သဖြင့် 'နစ်နာပါသည် ကယ်တော်မူပါ' ဟု အိန္ဒိယဘုရင်ခံချုပ်ထံသို့ သွားရောက်တိုင်တန်းခြင်းသည် သူခိုးက 'လူပါ.... လူပါ' ဟစ်ခြင်းဖြစ်၏။

မြန်မာ–အင်္ဂလိပ် ဒုတိယစစ်ပွဲတွင်လည်း ရက်ပတ်နှင့် လူးဝစ်တို့ကို ဒဏ်ရိုက်ရာမှ စတင်၏။ သေးမွှားသော အချက်အလက်ကလေးကို အဆမတန် ကြီးကျယ်အောင် မီးမွေးတတ်သည့် မောက်မာရိုင်းစိုင်းသော သူယုတ်မာလင်းဘတ်ကို လွှတ်လိုက်၏။ယခုသော်ကား ဘုရင်ခံချုပ်သည် သူယုတ်မာကို မလွှတ်။ သူကိုယ်တိုင် ယုတ်မာသောအားဖြင့်၊ ရိုင်းစိုင်းသော တောင်းဆိုချက်များကို မြန်မာအစိုးရထံ တင်ပြလေပြီ။

လွတ်လပ်သောမြန်မာနိုင်ငံကို ကျူးကျော်လုယက် တိုက်ခိုက်ဖျက်ဆီးရန် အသင့်ပြင်ပြီးနေပြီ။ မြို့ပြအုပ်ချုပ်ရေး အရာရှိများပင် အသင့် လျာထားပြီးပြီ။ နောက်မဆုတ်နိုင်။ သို့အတွက် မြန်မာအစိုးရ မလိုက်လျောနိုင်သော မတော်မတရား တောင်းဆိုချက်တွေ ပါမှဖြစ်မည်။

ကြည့်စမ်း၊ ယုတ်မာသော တောင်းဆိုပုံတွေ။

သစ်သူခိုးနှင့် ဖြစ်ပွားသော ကိစ္စအတွက် အိန္ဒိယဘုရင်ခံချုပ်ထံမှ

စေလွှတ်သော ဖျန်ဖြေရေး ကိုယ်စားလှယ်အဖွဲ့ ရောက်လာသည်အထိ စောင့်ဆိုင်းပါ။

ငင်းအဖွဲ့ မရောက်မချင်း အမှုမစစ်ရ၊ မဆုံးဖြတ်ရ။

ရုပ်သိမ်းသွားသော သံအမတ်နှင့် ၎င်းအား စောင့်ရှောက်မည့် စစ်တပ်တစ်တပ်ကို နေပြည်တော်တွင် လက်ခံပါ။

သည်မျှဖြင့်ပင် ရိုင်းစိုင်းလှ စော်ကားလှပြီ။

သို့ရာတွင် မတော်တဆ လိုက်လျောခဲ့သော ခက်ရချေရဲ့ စိုးရိမ်စိတ်ဖြင့် တိုးဆင့်စော်ကားလိုက်ပုံမှာ....

(၁) ညှိနှိုင်းဆွေးနွေးရန်၊ စေ့စပ်ရန် သံအဖွဲ့မလွှတ်ပါနှင့်။

(၂) ဖျန်ဖြေရေးအဖွဲ့ ဘုရင့်ရှေ့တော်သို့ ဝင်ရောက်ခစားသောအခါတွင် ဖိနပ်စီးခွင့် ဓားကိုင်ခွင့်ပြုရမည်။

(၃) မြန်မာအစိုးရသည် တိုင်းတစ်ပါးနှင့် ဆက်သွယ်သောအခါ အိန္ဒိယဘုရင်ခံချုပ်၏ အကြံပေးချက်ကို လိုက်နာရမည်။

မြန်မာအစိုးရသည် သူယုတ်မာများထက် ကျွမ်းကျင်၏။ လိမ္မာ၏။ သို့အတွက် 'ဘုံဘေဘားမား သစ်ကုမ္ပဏီ' ၏ သစ်ခိုးမှုအား ပလပ်လိုက်လေ၏။ ထိုအခါတွင် သစ်ခိုးမှုကို အကြောင်းပြုပြီး ပေါ်ပေါက်လာသော တောင်းဆိုချက်များကိုလည်း ပြန်ကြားစရာ မလိုတော့ပါ။

သို့သော် သူယုတ်မာများသည် မြန်မာအစိုးရ၏ ပြန်ကြားစာကို ဆောင့်ဆိုင်းမနေပါ။ ပြန်ကြားစာ ယူဆောင်သွားသည့် သင်္ဘော ရန်ကုန်သို့ မရောက်မီမှာပင် အိန္ဒိယဘုရင်ခံချုပ်က အင်္ဂလန်သို့လှမ်းပြီး ခွင့်တောင်းပြီးပြီ။ အင်္ဂလန်ကလည်း ကြေးနန်းဖြင့် အကြောင်းပြန်သည်။

"ဂျင်နရယ် ပရင်ဒါဂတ်အား ယခုချက်ချင်း မန္တလေးသို့ ချီတက်တိုက်ခိုက်ရန် ညွှန်ကြားပါ"

မြန်မာတို့သည် ကျူးကျော်ရေးသမား ကုလားဖြူ ကုလားနက်တပ်များ

သရက်မြို့သို့ ဆန်တက်လာသည့်သတင်း၊ သရက်မြို့တွင် စုရုံးနေကြသည့် သတင်းများကို ရသင့်သမျှ ရထားကြသည်။

သို့အတွက် ဘုရင်မင်းမြတ်သည် အရေးကြီးသော ညီလာခံကို ကျင်းပသည်။ ညီလာခံကျင်းပရခြင်းအကြောင်းမှာ 'မြန်မာတို့၏ ပြန်ကြားချက်ကို လက်မခံဘဲ ရန်သူတွေ ဝင်ရောက်တိုက်ခိုက်ခဲ့သော်' ဟူသည်ပင် ဖြစ်၏။

ထိုညီလာခံတွင် ယောအတွင်းဝန်မင်း ရွှေပြည်ဝန်မင်းဖြစ်သည့် ဦးဘိုးလှိုင်နှင့် ရေနံချောင်းမင်းကြီး၊ ခန်းပတ်ဝန်ကြီး၊ အတွင်းဝန် ဦးအောင်ခို၊ ပတ္တနဂိုရ် မြို့စားတို့ ပါဝင်ခြင်းမရှိပေ။

မယ်တော် ဆင်ဖြူမရှင် မိဖုရားကြီးနှင့် မိဖုရားခေါင်ကြီး၊ နန်းမတော် အတွင်းဝန်၊ မိုင်းခိုင်းမြို့စား၊ တိုင်တားမင်းကြီး၏သမက် ကျောက်မြောင်း မြို့စား အတွင်းဝန်၊ မြို့သစ်မြို့စားအတွင်းဝန်၊ ပေါက်မြိုင်မြို့စားအတွင်းဝန်၊ ပင်းမြို့စားအတွင်းဝန်၊ လေသင်းအတွင်းဝန်၊ တောင်ခွင်မြို့စားဝန်ကြီး၊ တိုင်တားဝန်ကြီး၊ ကင်းဝန်မင်းကြီးတို့သာ ထိုညီလာခံသို့ တက်ရောက်ကြသည်။

ရန်သူအင်္ဂလိပ်တို့ စစ်ပြုလာသော် မည်သို့လုပ်မည်နည်း။

မှူးရင်းတောင်းဆိုချက် အားလုံးကို လိုက်လျောသင့်သည်။ စစ်မတိုက်သင့်။

ထိုသို့ လိုက်လျောစေလိုသူများထဲတွင် တောင်ခွင်မင်းကြီး ဦးသိုင်း ပါဝင်သည်။ ပေါက်မြိုင်အတွင်းဝန် ဦးလှဘူးနှင့် ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး၊ ကင်းဝန်မင်းကြီး ဦးကောင်းတို့ ပါဝင်သည်။ ရန်သူ့လက်နက် အင်အားသာလွန်ပုံကို သိသည့်အတွက် ထီးနန်းမပျောက်အောင် တင်လျှောက်ကြခြင်းဖြစ်သည်။

တိုင်တားမင်းကြီးနှင့် လေသင်းအတွင်းဝန်၊ မိဖုရားခေါင်ကြီးတို့ကသော် ခုခံတွန်းလှန်ရေးဘက်က ဖြစ်သည်။ တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကို

ကာကွယ်ရန်မှာ ဤနည်းသာ ရှိသည့်အတွက်ဖြစ်သည်။

ဘဝရှင်မင်းတရားကြီးသည် တိုင်းပြည်၏ အကြီးဆုံးအာဏာပိုင်ဖြစ်သည်။ သူစဉ်းစားရပြီ။

'ထီးနန်း မပျောက်ရုံမှလွဲ၍ ဂုဏ်သိက္ခာ မွေးမျက်နှာမည်းမျှ မကျန်သော လမ်းကို လျှောက်မည်လော။ ဂုဏ်သိက္ခာရှိစွာဖြင့် လေ့ခွက်ချည်းကျန်သည်အထိ အလံမလှဲသောနည်းကို ရွေးမည်လော....'

ရတနာပုမ်ဒုတိယနန်းစံ မင်းတရားကြီးသည် လောကုတ္တရာစာပေတွင် ထူးချွန်သည့်နည်းတူ ကမ္ဘာ့ဗဟုသုတလည်းရှိသူ ဖြစ်တော်မူ၏။ မိမိ၏နိုင်ငံ မိမိ၏လူမျိုးအတွက် လေးနက်စွာ သုံးသပ်ဆင်ခြင်နိုင်စွမ်းလည်း ရှိတော်မူ၏။ အပြန်ပြန် အလှန်လှန် အဖန်ဖန် သုံးသပ်ပြီးမှ အမိန့်ချမှတ်တော်မူ၏။

"မှူးကြီးမတ်ကြီးများနှင့် သေနာပတိများ၊ မိဖုရားခေါင်ကြီးတို့၊ အင်္ဂလိပ်တို့၏ ရန်စကျူးကျော်မှုအား ဘုရင်မင်းမြတ်တစ်ပါး၏ ဂုဏ်သိက္ခာကို ပြသရန်မှာ စစ်ပြုခြင်းမှတစ်ပါး အခြားပြုဖွယ်မရှိပြီ။ စီမံဆောင်ရွက်ဖွယ်များကိုသာ ဆက်လက်ဆောင်ရွက်ကြစေ"

ဂုဏ်ယူဖွယ် ဘုရင်မင်းမြတ်ဖြစ်၏။ ရိုသေလေးစားရမည့် ဘုရင်မင်းမြတ်ဖြစ်၏။ သို့ကြောင့် ချီးကျူးဦးညွှတ်ရမည့် အမိန့်တော်ဖြစ်၏။

သို့ဖြင့် အောက်မြစ်စဉ် ရေကြောင်းဌာနနှင့် တောင်တွင်းကြီးစစ်ကြောင်းဌာန၊ တောင်ငူစစ်ကြောင်းဌာနဟူ၍ စစ်ကြောင်းသုံးကြောင်း ခွဲဝေသတ်မှတ်လိုက်သည်။ အောက်မြစ်စဉ်ရေကြောင်းဌာနကို လက်ဝဲဝင်းတော်မှူးကြီး 'သီရိမဟာဇေယျကျော်ထင်' လေ့သင်းအတွင်းဝန် ဦးရွှေကောင်းက ကြီးမှူးသည်။

စစ်ကြောင်းတစ်ကြောင်းစီတွင် လက်နက်ကိုင်အမှုထမ်း လူငါးထောင်ကျော်စီ ပါဝင်ရမည် သတ်မှတ်ငြား၊ လူသုံးထောင့်လေးရာနှင့် အမြောက်ငယ်လက်၊ စိန်ဆယ်လုံးသာပါဝင်သည်။

သည်စစ်ကြောင်းကြီးမှာပင် ထပ်မံပြီး စခန်းငါးခုနှင့် အားဖြည့် အရံတပ်မကြီးဟူ၍ ခွဲခြားပြန်သည်။ ဤသည်တို့မှာ ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်းခံတပ်နှင့်၊ ထူးပေါက်ခံကတုတ်၊ ပန်းတော်ပြင်ခံကတုတ်၊ ပတ္တနဂိုရ်(ငွေးချောင်း) ခံတပ်၊ မင်းလှခံတပ်တို့ ဖြစ်ကြသည်။

ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်းစခန်းတွင် မြောက်ထားဝယ်မိုလ် မင်းထင်ရာဇာနှင့် မြေထဲဝန် မဟာမင်းထင်မင်းလှမင်းခေါင်တို့ ဦးစီးသည်။

ထူးပေါက်ခံကတုတ်ကို ဖောင်ဝန်မင်း မဟာမင်းလှမင်းထင်မင်းခေါင်နှင့် လှေသင်းမိုလ် မဟာမင်းလှ သိဒ္ဓိကျော်စွာတို့ ဦးစီးသည်။ ပန်းတော်ပြင်ခံကတုတ်တွင် စက်ဝန်ယွန်းစုဝန် မင်းရဲညွန့် ဦးစီးသည်။ အင်အားအများဆုံးမှာ ထူးပေါက်ခံကတုတ်ဖြစ်၍ မြစ်ထဲတွင်လည်း စစ်ဖောင်စစ်လှေများသာမက တုလွတ်ယာဉ်ကျော် အမြောက်တင်သင်္ဘောကိုပါ စေလွှတ်ခင်းကျင်းထားသည်။

ငကျိုင်းမြင်ခဲ့သော ရေတပ်ကြီးနှင့် စစ်သည်မိုလ်ပါများမှာ ထိုအရာများ ဖြစ်ဖွယ်ရှိသည်။

"ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကို ဆည်ဖို့အတွက် မိစ္ဆာပါပကောင်တွေကို ဘကြီးတို့ ဓားစာသေနတ်စာ ကျွေးရတော့မယ်"

မြင်းစီးကြီး၏ စကားသည် စစ်စည်၊ စစ်မောင်းသံများ ကြားခဲ့ပြီး ကတည်းက မာန်ကြွနေခဲ့သည့် ငကျိုင်းအား မီးထိုးပေးသည်သို့ ရှိတော့၏။

"ချမယ် ဘကြီး။ ကုလားဆိုသာ ကျွန်တော်တို့ ဓားကစားဖို့။ ဓားဆိုသာလည်း ကုလားကို ခုတ်ဖို့မဟုတ်လား။

"ကောင်းလိုက်သဲ့စကား၊ ရွှေတစ်ပိသာနဲ့ မလဲနိုင်ဘူးမောင်ရေ့"

မြင်းစီးကြီး ဝမ်းပမ်းတသာ ထောမနာပြုသည်။

"သိပ်လည်း မြှောက်မနေနဲ့ဦး။ အဲသာ သူ့အဖေ သင်ထားသာရှင့်"

မယ်မင်းဘော်ဝင်ပြောသောအခါ မြင်းစီးကြီးသည် ကိုမိုးကောင်းအား

ထဖက်၏။

"သည်ရွာမှာ ရောင်းရင်းတစ်ယောက်ရှိသာ၊ သေနတ်စွဲ ရဲမက်တစ်ရာ ရှိသာနဲ့ ညီပါသယ်။ အကျွန့်ညီနှစ်ယောက်ထက် ရောင်းရင်းကို အားကိုးပါသယ်"

ကိုမိုးကောင်းသည် ချိုးကျူးစကား၌ မသာယာ။ ဖေးကြောကြီးများ ထောင်နေအောင် စဉ်းစားနေရာက "ကျုပ်တို့ ဘာလုပ်ကြမတုန်း"ဟုမေး၏။

တပ်မတော်ကြီးမှာ ရှေးကနယ်၊ မည်သည့်မြို့မှ တစ်ရာ၊ မည်သည့်မြို့မှ တစ်ထောင်စသည်ဖြင့် ခါတော်မှီစုဆောင်းသော တပ်မဟုတ်တော့ပြီ။ လေ့ကျင့်ထားပြီး အသင့်ဖွဲ့စည်းထားသော တပ်မတော်ဖြစ်နေပြီ။ သို့သော် စေတနာဆန္ဒအလျှောက် ဝင်ရောက်အမှုထမ်းခြင်းကို မပိတ်ပင်။ သို့သော် ကိုမိုးကောင်း၏အရွယ်ကို လက်ခံပါမည်လော။

"အကျွန် မင်းလှခံတပ်မှာ အမှုတော်ထမ်းကျပါသယ် သွေးသောက်ကြီး။ အဲသည်မှာမရှိရင် အနီးအနားမှာ ရှိနေမှာပါ"

"ကျုပ် ဘာလုပ်ရမတုန်း"

"ကျွန်တော့်ညီနှစ်ယောက်နဲ့ ရဲရောင်သန်မာသူ စိတ်ချရသူများကို စုပါ သွေးသောက်ကြီး။ စစ်ဖြစ်ရင် တောကြောင်တွေ ထလာလိမ့်မယ်။ အဲသာတွေ ကာကွယ်ဖို့၊ သုတ်သင်ဖို့။ ပြီးတော့ ကမ်းပေါ်တက်လာသဲ့ ကုလားကို တိုက်ဖို့။ ကုလားကိုတိုက်သဲ့ တပ်တော်သားတွေကို ပံ့ပိုးဖို့။ အို အများကြီးပါ"

"ကျွန်တော်ကကော အဖေ"

ငကျိုင်းကလည်း သည်ပွဲတွင် သူနွဲချင်သည်။

"ရန်သူနှိမ်နင်းရေး၊ တောကြောင်နှိမ်နင်းရေးကို အဖေတို့လုပ်နေချိန်မှာ ကိုင်းကို သားလုပ်ရမယ်။ အမေနဲ့ နှမလေးနဲ့ မရီးကို စောင့်ရှောက်ရမယ်"

"ဟာဗျာ၊ ဓားကိုကိုင်ပြီး တိုက်ချင်သာဗျ"

"တိုက်ရမှာပါသားရယ်၊ မပူပါနဲ့။ အားမွေးထားပါ၊ ဓားသွေးထားပါ"

"ကဲ၊ သွားဦးမှ တော်မယ်ထင်ရဲ့" ပြောသံနှင့်အတူ ကိုရွှဲထရပ်ရာက "ကျွန်တော်တို့လူတွေ သည်ဘက်ကမ်းက ခေါဒိုင်၊ ရေနံကြီး၊ မြေနီကုန်း၊ ဒဂုန်မှော်မှာရော၊ ဟိုဘက်ကမ်းက အင်းကလေး လက်မဆေး၊ သရက်မြိုင်မှာ ရှိကြပါသယ်။ တချို့ကို ခွဲသိပြီး၊ တချို့ကို ဝေဲသိပါသယ်" ပြောပြီး ထွက်ခွာသွားလေ၏။

မြင်းခွာသံ ပျောက်သွားသည်အထိ သားအမိ သားအဖတစ်တွေ ငေးမောတိတ်ဆိတ်နေကြသည်။ ခဏကြာမှ မြဖူးက လှမ်းမေး၏။

"မိရိုးရေ ဘကြီးပြောသွားတဲ့ တောကြောင်ဆိုသာ ဓားပြလားဟင်"

"တောထဲမှာ မီးလောင်လို့ ယုန်တွေ၊ တောကြက်တွေ၊ သမင်၊ ဒရယ်၊ ဂျီပေါက်စကလေးတွေ မီးမလောင်အောင် အပြေးမှာ တောကြောင်က စောင့်ဖမ်းသတ်စားသအေ့။ အဲသလိုပဲ လူတွေဒုက္ခရောက်တုန်းမှာ လုသဲ့ ယက်သဲ့ သူယုတ်မာကို တောကြောင်ခေါ်သာ"

မယ်မင်းဘော်မှာ ရောက်လာမည့်အရေးအတွက် ရင်လေးနေ၏။ မည်သို့နေထိုင်ရပါမည်နည်း။ မည်သို့လုပ်ကိုင်ရမည်နည်း။ အနိဋ္ဌာရုံ တရားများသည် မည်မျှ ကြီးမားကျယ်ပြန့်လာမည်နည်း။

"သားရေ၊ အနောက်ဖျားအကွက်ကို နောက်သုံးရက်လောက်ကြာရင် ထွန်လို့ရပြီ။ အဖေ့ကို မေးမနေနဲ့၊ စောင့်မနေနဲ့။ သားအမိ တိုင်ပင်ပြီးသာ လုပ်ကြပေရော့"

စကားအဆုံးတွင် ကိုမိုးကောင်းသည် အိမ်ပေါ်သို့တက်ကာ နှစ်ပေါင်းများစွာ ဓားအိမ်ထဲ၌ အိပ်မောကျနေခဲ့သည့် ဓားကို ယူပြီး နောက်ဖေးလှေကားမှ ဆင်းသွားလေတော့၏။

✱

## ပုဂံစာအုပ်တိုက်

## ၂၇

စစ်အောင်ခန်း စခန်းဘက်မှ အမြောက်သံများသည် တောရိပ်တောင်ရိပ် ခိုလျက် ချီတက်လာသူများအတွက် အားဆေးဖြစ်သည်။

နေ့အလင်းရောင်သည် ဆောင်းဦးကာလ ဖြစ်သည့်အလျောက် လျင်မြန်စွာ လျော့ပါးလာပြီ။ ကိုမိုးကောင်းသည် သစ်ပင်ဘေးတွင် ကပ်ရပ်လျက် ငချွဲ လက်မြှောက်ပြနေသည်ကို မြင်သဖြင့်၊ လက်ဝါးကို မှောက်ပြလိုက်သည်။ သူ့နောက်မှလူများသည် တစ်ခဏအတွင်း၌ ချုံများထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားကြလေ၏။

ငချွဲသည် ရှေ့ပြေးတပ်ကို လှမ်းမျှော်ကြည့်နေသည်။ ငချွဲထံမှ လက်ထောင်ပြသည်ကို မြင်ရပြန်သည်။

"ခရီးဆက်ကြစို့ဟေ့"

မိခင်ကြက်မကြီး၏ အချက်ပေးသံကြားမှ သစ်ရွက်ခြောက်များ အောက်မှ ကြက်ကလေးတွေ ထွက်လာဘိသို့ ကိုမိုးကောင်း၏ လူများလည်း

အသံပေးမှသာ ဖျိုးခနဲ ဖျပ်ခနဲ ပေါ်လာကြသည်။

သူ့လူများဆိုသော်လည်း၊ အောက်ပြည် အောက်ရွာတွင် မိစ္ဆာသုတ်သင်ရေးစစ်ပွဲကြီး ဆင်နွှဲခဲ့စဉ်ကကဲ့သို့ အားကြီးအင်ကြီးနှင့် မဟုတ်ပေ။ ကိုပဲ၊ ကိုချွဲ မိသားစုမှ တစ်ကျိပ်နှင့် ယုံကြည်စိတ်ချရသော ရွာသားလူငယ်တစ်ကျိပ်၊ စုစုပေါင်း နှစ်ကျိပ်သာပါသည်။

ရှေ့ပြေးကင်းနှင့် ပေါင်းပါမှ နှစ်ကျိပ်နှစ်ယောက်သာပါသော သူတို့အဖွဲ့တွင် သေနတ်တစ်လက်သာ ပါသည်။ ကျန်လူများမှာ တုတ်၊ ဓား၊ လှံနှင့် ဒူးလေး၊ လင်းလေး၊ မီးစည်းမီးတုတ်၊ ရေနံခွေများသာ ပါသည်။

မှောင်သည်နှင့်အမျှ သူတို့၏ခြေလှမ်းများ ကျဲလာကြသည်။ မကြာမီ မီးခွက်ထွန်းချိန်တွင် ဖြစ်ပေါ်လေ့ရှိသော အသံများဖြင့် ညံနေသော ရွာတစ်ရွာကို လှမ်းမြင်ကြရ၏။ ကိုဝဲသည် ကိုမိုးကောင်းထံပြေးလာ၏။

"နောင်ကြီးရေ၊ ဒဂုန်မှော်ကို ရောက်ပြီဗျာ့။ ရှေ့တစ်ခေါ်လောက်မှာ ကုလားရိက္ခာတဲနဲ့ ပုလိပ်တွေရှိသယ်"

သို့ကြောင့် သူတို့သည် ပိုပြီးသတိထားရ၏။ ယာထဲကိုင်းထဲမှ ပြန်လာသူများနှင့် မတွေ့စေရန်၊ ချောင်းမဆိုးမိစေရန် ဖြစ်ပေ၏။ ပုန်းလျှိုးကွယ်လျှိုး လာရသည့် အတွက် စောစောကလောက် ခရီးမတွင်တော့ပေ။

ကိုဝဲပြောသည့် တဲစုများကိုမြင်ရပြီ။

"ငချွဲနဲ့ လူတစ်ကျိပ်က ဟောဟိုရိုးထဲက တက်တိုက်။ ငါနဲ့ ငဝဲရယ် ကျန်တစ်ကျိပ်က ဟောသည်ချုံတန်းထဲက ဝင်တိုက်မယ်။ ပုလိပ်ဆီက သေနတ်ရရင် ကောင်းသယ်။ အဓိက ထားဖို့ကတော့ သင်းရို့တဲတွေ မကျန်အောင်လုပ်ဖို့၊ ဟုတ်ပြီလား။

"ဟုတ်ကဲ့"

"ပြန်လမ်းကို အခုလမ်းကပဲ ပြန်မယ်။ သာပေမယ့် အဆင်သင့်သလို ဆုတ်ပြီး လက်ပံညီနောင်မှာ ဆုံမယ်။ ကဲ စပြီဟေ့"

**ပုဂံစာအုပ်တိုက်**

ကိုမိုးကောင်းတွင် ပြောင်းတိုသေနတ်ရှိ၏။ ရှိသော်ငြား သံချေးတက်နေသဖြင့် သုံးမရတော့ပါ။ သို့အတွက် ဓားရှည်၊ ဓားတိုများကိုသာ ကိုင်စွဲနိုင်တော့သည်။

သူနှင့် ကိုဝဲကို ဗဟိုထားလျက် ပုလိပ်တဲဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်သည်။ပုလိပ်တဲမှာ ကင်းဂတ်မဟုတ်။မြန်မာတို့အား စစ်ပြုရန် ပြင်ဆင်ချိန်တွင် လာရောက်ထားရှိသော ရိက္ခာများကို စောင့်ရှောက်ရန် ယခုမှ ချထားခြင်း ဖြစ်ဟန်တူသည်။ သို့အတွက် ရပ်စောင့်မရှိဘဲ ရိက္ခာတဲများကို လှည့်ပတ်နေသည့် ပုလိပ်နှစ်ယောက်သာရှိသည်။

ပုလိပ်တဲထဲမှ ဝေါခနဲ ရယ်မောသံများ ပေါ်လာသည်။ ကိုမိုးကောင်းတို့သည် တဲဆီသို့ရောက်လာကြပြီ။ မီးအိမ်တစ်လုံးကို ခပ်မြင့်မြင့်နေရာတွင် ချိတ်ဆွဲထား၏။ ထိုမီးရောင်အောက်၌ စက္ကူဖဲဝိုင်းကြီး ကျင်းပနေသည်။

ကာကီအင်္ကျီဝတ်ထားသော ပုလိပ်၊ အင်္ကျီမပါသော ပုလိပ်။ ပုလိပ်အားလုံး၏ အာရုံသည် ဖဲထဲ၌နှစ်မြုပ်နေကြ၏။ထိုဖဲဝိုင်းဆီးတွင် မြူအိုးများရှိသည်။ မြူအိုးသည် ထန်းရည်ထည့်သော အိုးများ ဖြစ်ရပေမည်။

"သောက်ကြဟေ့ သောက်ကြ"

သေရည်မူးသံကြီး ခပ်သြသြပေါ်လာသည်။ ထိုအသံကြီးကပင် ဆက်လက်၍ "ကနေ့တော့ မင်းတို့ငါ့ကို မနိုင်ပါဘူးကွာ၊ လပ်ဟေ့ လပ်" အော်လည်းအော်သည်။ ရယ်လည်းရယ်မောသည်။

"သေနတ်တွေ ဘယ်နားမှာထားသတုန်း၊ ကြည့်ကြစမ်းဟေ့"

ကိုမိုးကောင်းက သူ့ဝဲဘက်ရှိ ကျော်ကြားကိုမေးသည်။ ကျော်ကြားက လက်ဝဲဘက်ရှိလူများထံ တီးတိုးပြောသည်။ကိုဝဲကလည်း သူ့လက်ယာဘက် လူများသို့ ပါးစပ်ဆင့်ကမ်းသည်။

တစ်ခဏအတွင်း သတင်းပြန်လာ၏။

"ညာဘက်ထောင့်က ထရံကိုဖြဲကြည့်သာ၊ သေနတ်တွေ တွေ့သယ်"

"အသာဝင်ပြီး ယူကြ။ အသံ မထွက်စေနဲ့။ ကျည်ဆန်ကိုလည်း တစ်တောင့်မှ မကျန်စေနဲ့"

"မီးစာ မြှင့်လိုက်ကြစမ်းဟေ့။ ဟာ သည်ဖဲ၊ ဘယ်လိုဖြစ်သွားရသတုန်း"

အသံညြံညြံကြီး၏ ညည်းတွားသံ အဆုံးတွင် ရယ်မောသံများ ပေါ်လာသည်။ ဖဲချပ်များ ပစ်ချကြသည်။

"ရယ်ထားကြ၊ ရယ်ထားကြ။ ဟဟ.... မီးမီး"

ဆာဂျင်ဟု ထင်ရသော ပုလိပ် ခုန်ထသည်။ ရိက္ခာတဲတစ်လုံးကို စတင် မီးစွဲခြင်းဖြစ်သည်။

"ကျား၊ ခုတ်လဟ သတ်ဟ ကျား ကျား"

ကိုမိုးကောင်းနှင့် ကိုဝဲသည် ဖရိုဖရဲထသော ပုလိပ်အုပ်ထဲသို့ ခုန်ဝင်လာကြသည်။ ဒုတ်ခနဲ အွတ်ခနဲ၊ ဒုတ်ခနဲ အင့်ခနဲ အသံများ စည်းချက်ညီစွာ ပေါ်လာသည်။ ချက်ချင်း ငြိမ်ကျသွားပြီးနောက် ပုလိပ်တဲပါ မီးလောင်တော့သည်။

ဒဂုန်မှော်ဘက်မှ မီးလှန့်မောင်းသံသဲ့သဲ့ ပေါ်လာ၏။

ကိုချွဲဦးစီးသည့် လူအုပ်သည် မီးရောင်လွတ်ရာသို့ အလျင်အမြန် ပြေးရှောင်ကြ၏။ ကိုမိုးကောင်းနှင့် ကိုဝဲတို့လည်း သေနတ်ကိုယ်စီလွယ်လျက် ရိုးထဲသို့ ပြေးဆင်းကြသည်။ ရိုးထိပ်တွင် ကိုချွဲတို့အဖွဲ့ သေနတ်နှစ်လက်နှင့် ရိက္ခာများထမ်းလျက် ရောက်အလာနှင့် ဆုံမိကြသည်။

"ရွာသားတွေ မီးသတ်ရအောင် လာနေကြပြီဟေ့။ မဆုံအောင် သတိထားကြ။ ကျော်ကြားနဲ့ ငဝဲ နောက်ချန်နေခဲ့။ ဆန်ရှာပြီး လက်ပံသုံးပင်ကို လိုက်ခဲ့။ ပိပိရိရိ လုပ်ကြဟေ့"

ကုလားတို့၏ ရိက္ခာတဲများကား ဧရာဝတီမြစ်ပြင်အထိ အလင်းနီ လှမ်းပေးနေ၏။ ထောပတ်ကဲ့သို့သော လောင်အားကောင်းသည့် ပစ္စည်းများ

ထားသည့် တဲများမှ ပေါက်ကွဲသည်။ သည့်မီးပွားမီးစွယ်များက ကောင်းကင်သို့ ပျံတက်သည်။

သူတို့သည် သေနတ်ဆယ်လက် ရခဲ့သဖြင့် ပျော်သည်။ တက်ကြွသည်။ ကုလားရိက္ခာတဲမှ ယူလာသည်များကို ဝေငှနေကြစဉ်၊ ငချွဲသည် မှောင်ထဲမှ လူတစ်ယောက်ကို တွဲခေါ်လာသည်။ သူနှင့် ဧည့်သည်နောက်တွင် ဆင်သေရွာသား တစ်ယောက်လည်း လိုက်ပါလာ၏။ နှစ်ယောက်လုံး မောဟိုက်နေကြသည်။

နောက်ထပ်ရောက်လာသူ နှစ်ယောက်အနက် မှတ်ကြီးမှာ ကိုဝဲ၊ ကိုချွဲတို့၏ သွေးသားထဲက လူဖြစ်၏။ သူသည် ဆင်သေရွာတွင် တမင်နေခဲ့ရသူဖြစ်၏။ ကျန်တစ်ယောက်မှာ သူခေါ်လာသော တစ်ဖက်ကမ်းရွာတစ်ရွာမှ ဖြစ်ပေ၏။

"သူက ဟိုဘက်ကမ်း အင်းကလေးရွာက ငထိုက်ပါ ဘကြီး။ သူက ဘထွေးတို့၊ ဘကြီးတို့နဲ့ တွေ့ချင်သယ်ပြောလို့ ခေါ်လာသာပါ"

အတန်ငယ် အမောပြေမှ မှတ်ကြီးက စတင်ပြော၏။

"မီးရောင်နဲ့ ခပ်ခွာခွာနေပြီး မီးဖိုကို ကျောပေးထားကြဟေ့" ဟု ကိုမိုးကောင်းသည် သူ့လူများအား လှမ်းပြီး သတိပေးပြီးမှ မှတ်ကြီးနှင့် ငထိုက်ဘက်သို့ လှည့်လာ၏။ ကိုချွဲအား ကြည့်၏။

"ကျွန်တော်တို့ယုံကြည်စိတ်ချရသဲ့ဘက်တော်သားပါ သွေးသောက်မင်း"

ထိုသို့ပြောအပြီးတွင် ကိုချွဲသည် ငထိုက်အား "ငထိုက်ရေ၊ ငါ့ကို ယုံသလို သွေးသောက်မင်းကိုလည်း ယုံယုံကြည်ကြည်နဲ့ ပြောစရာရှိသာ ပြောပေတော့ကွာ" ဆိုသည်။

"ဆင်ပေါင်ဝဲ အောင်မြေစခန်း ကျသွားပြီခင်ဗျာ့"

ကိုမိုးကောင်းမှာ "ဟင်"ခနဲအော်ပြီး ငထိုက်အား ငေးငေးကြီးကြည့်နေလေ၏။ သူ့ရင်ထဲတွင် ဗလောင်ဆူပွက်လျက် တစ်ကိုယ်လုံး ပူလောင်၏။

ကျန်လူများလည်း တိတ်ဆိတ်လျက် နောက်ထပ်လာမည့် စကားကို နားစွင့်နေကြ၏။ အတန်လှမ်းလှမ်းမှ ဆတ်တစ်သံသည် ပုရစ်အော်သံများကို ကျော်လွှားရောက်ရှိလာ၏။

"ငါတို့ ငါတို့ ရဲမက်တွေ ဘယ်ကိုသွားကြသတုန်း"

"ကျွန်တော် ပြေးလာချိန်မှာ အထက်ဘက်ကို လှေနဲ့ ဆန်သူဆန်၊ ကုန်းကြောင်း သွားသူသွား မြင်ခဲ့ရသယ်ခင်ဗျာ"

"မိစ္ဆာဒိဋ္ဌိ ခွေးတိရစ္ဆာန်တွေဟာ ဟိုဘက်ကမ်းက ထူးပေါက်ခံကတုတ်ကို နက်ဖြန်ခါ တိုက်လိမ့်မယ်။ သုင်းတို့ကို ငါတို့ရဲ့ ရှိသမျှ အားကလေးနဲ့ နောက်ပိုးသိပ်ကြမယ်ဟေ့။ ငချွဲ၊ ဟေ့ ငချွဲ"

ကိုချွဲသည် ကိုဝဲနှင့် ကျော်ကြားတို့ ပြန်လာသဖြင့် သွားရောက်စုံစမ်းနေရာက "လာပါပြီ" အသံပေးလျက် ပြေးလာ၏။

"မလင်းခင် လွန်ချိကျွန်းကိုဖြတ်ပြီး ဟိုဘက်ကမ်းကူးကြမယ်ကွာ။ တို့လူတွေကို သေနတ်မောင်းထိုးပုံ၊ ကျည်ထည့်ပုံ၊ ပစ်ပုံတွေ တောစပ်သွားပြီး သင်ထားဟေ့။ထမင်းချက်သဲ့လူလည်းချက်၊သင်သူလည်းသင်၊စားသူလည်း စားပေါ့ကွာ"

"ဟုတ်ကဲ့ သွေးသောက်မင်း"

"မနက်လင်းရင် ထူးပေါက်အတိုက်ခံရတော့မယ်"

"ပိုသင်း အဝ သွေးသောက်မင်း"

ကိုမိုးကောင်း စကားပြတ်တော့မှ ငထိုက်ထံမှ အသံထွက်၏။

"အင်း ဘာပါလိမ့် ပြောလေကွာ"

"ထူးပေါက်နဲ့ ဆင်ပေါင်ဝဲ ပြိုင်တူလိုလို အတိုက်ခံရသယ်ခင်ဗျာ"

"ဟေ"ဆိုကာ တွေတွေကြီးဖြစ်သွားပြီးမှ "စစ်ရေးဘယ်လိုရှိသတုန်း၊ ရောင်းရင်း မသိခဲ့ဖူးလား" မေးသည်။

"မီးခိုးတွေ အူထွက်နေပြီး အမြောက်သံတွေ ကြားနေရသာပဲခင်ဗျာ။

**ပုဂံစာအုပ်တိုက်**

စစ်ရေး ဘယ်လိုဆိုတာ မသိခဲ့ပါဘူး"

"အေး၊ ငါတို့ သွားပြီးကူရအောင် သေနတ်ပစ်သင်ထားကြဟေ့"

ကိုမိုးကောင်းသည် ပြောပြောဆိုဆိုပင် ကိုချွဲရှိသည့် တောစပ်သို့ ထလာ၏။ ကိုချွဲသည် သေနတ်ဆယ့်တစ်လက်ဖြင့် လူတစ်ကျိပ်တစ်ယောက်ကို သေနတ်ပစ် သင်ပေးနေသည်။ ဤသည်ကို ထောင့်စေ့စေရန် ကိုမိုးကောင်းက ကူညီသင်ကြားပေးသည်။ လပြည့်ဘက်သို့ ဦးတည်နေသော ငွေလရောင်ရွှန်းမြမြအောက်တွင် တစ်ယောက်ထမင်းစားလျှင် တစ်ယောက်ကလာပြီး သေနတ်ပစ်နည်း သင်ယူသည်။ အားကြိုးမာန်တက်ရှိလှသောကြောင့် နှင်းမှုန်ကြားမှာပင် ချွေးတရွှဲရွှဲ ရှိနေကြ၏။

လူစေ့တက်စေ့ ထမင်းစားပြီးချိန်တွင် ကိုမိုးကောင်းတို့သည် လွန်ချီကျွန်းဘက်သို့ တိတ်ဆိတ်စွာ ချီတက်လာကြသည်။ လဆန်း ၁၁ရက်လသည် ရွှန်းမြစွာ လမ်းပြလျက်ရှိသည်။

ကျေးရွာများမှ ကလေးငယ်များ၏ လရောင်အောက်၌ မြူးထူးသံကို မကြားရ။ ကာလသားတို့၏ တွတ်ထိုးကစားသံ၊ ရွာရိုးလျှောက်သော ပလွေသံ၊ ကာလသမီးတို့၏ ပုန်းစလုတ်ကစားသံများလည်း တိတ်နေပြီ။ မီးရောင်မရှိ။ ခွေးသော်မျှ မဟောင်။ ကြက်တွန်သံ တစ်ချက်တလေ ကြားရ၍သာ ရွာဟုသိရ၏။

သန်းခေါင်ချိန်တွင် လွန်ချီကျွန်းတစ်ဖက်ကမ်းသို့ ကိုမိုးကောင်းတို့လူစု ဆိုက်ရောက်လာကြ၏။ ကိုချွဲနှင့် ကိုဝဲ၊ မှတ်ကြီးတို့ လှေရှာဖွေစုဆောင်းနေစဉ် ကိုမိုးကောင်းနှင့် ကျန်လူများသည် မြစ်ကမ်းပါးတွင် မှေးစက်နားနေကြ၏။

ကိုချွဲတို့သည် တံငါလှေကလေးများကိုသာ ရသောကြောင့် လှေထပ်မံ ရှာဖွေကြခြင်းဖြစ်၏။ ရမည့်ရတော့ ၁၅တက်ဆွဲ လှေတစ်စင်းရလာသည်။လှေရှင်သည် လှေစီးများ၏ အကူအညီဖြင့် စေတနာထက်သန်စွာ

လိုက်လံ ပို့ဆောင်ပေးသည်။

ကျွန်းပေါ်ရှိကိုင်းသမား၊ကျွန်းသမားများ၊တံငါများလည်း ကျိုးလန့်စာ စားဖြင့် ဆင်သေကမ်းဘက်သို့ တိတ်တဆိတ် ကူးလာနေကြ၏။ ယှဉ်မိသော လှေများထံတွင် ကိုမိုးကောင်းတစ်လှည့်၊ ကိုဝဲတစ်လှည့် စုံစမ်းကြပြား ရေရေရာရာ မသိရ။ ညနေစောင်းအထိ အပြန်အလှန် အမြောက်တိုက်ပွဲ ဆင်နေသည့်အကြောင်း၊ နေမဝင်မီ အမြောက်သံ တိတ်ဆိတ်သွားပြီး အဆက်မပြတ် ပစ်ခတ်သော သေနတ်သံများ ကြားရကြောင်းသာ ပြောနိုင် ကြသည်။

ရန်သူသည် ယခင်စစ်ပွဲတွင်လည်း သင်္ဘောကို အားကိုးသည်။ ယခုလည်း ရန်သူသင်္ဘောပေါ် တက်အိပ်နေပြီး၊ နံနက်လင်းမှ ကမ်းပေါ် တက်ပြီး တိုက်လိမ့်မည်ဟု ကိုမိုးကောင်း တွေး၏။

သို့ကြောင့် ငထိုက်နှင့် မှတ်ကြီး၊ ကျော်ကြားတို့ကို တံငါလှေ တစ်စင်းဖြင့် ရှေ့ကင်းလွှတ်သည်။ သူတို့လှေကြီးက နောက်မှသတိဝီရိယဖြင့် လိုက်သည်။ ထူးပေါက်စခန်းအထက် ငါးရေတွင်းကွာရှိ ကမ်းနီတွင် ကပ်မိ သည်အထိ ကုလားသင်္ဘောများ၊ သမ္ဗန်များကို မမြင်ရချေ။

စင်စစ်သော်ကား ထူးပေါက်ခံကတုတ်သည် ရန်သူ့လက်တွင်း သက်ဆင်းသွားပြီ။

မြန်မာတို့မှာ လင်းဘတ်အမည်ရှိသော ငရဲသားတစ်ယောက် လာရောက် ရမ်းကားစဉ်ကလည်း မြန်မာဘုရင်သင်္ဘောတော်ကို လုယက်ခြင်းဖြင့် စစ်ကို စတင်၏။ ယခုစစ်ပွဲတွင်လည်း တုလွတ်ယာဉ်ကျော် အမြောက်တင်သင်္ဘော ဆုံးရှုံးခြင်းဖြင့် စစ်ပွဲကို စတင်သည်။

ရန်သူအင်္ဂလိပ်သည် မြန်မာတို့ထံ သစ်သူခိုးကိစ္စ အကြောင်းကြားစာ မပို့မီကပင် စစ်ပြင်ဆင်ခဲ့ပြီး မြန်မာတို့မှာသော်ကား ရန်သူ့နောက် တစ်လ နောက်ကျပြီးမှ စစ်ပြင်ဆင်နိုင်သည်။

**ပုဂံစာအုပ်တိုက်**

ကုလားဖြူ အင်္ဂလိပ် စစ်သင်္ဘောများ ဆန်တက်လာချိန်ဝယ် မြန်မာတို့မှာ ခံကတုတ်များအတွင်း၌ ပြင်ဆင်၍ မပြီးသေး။ အမြောက်တင်သင်္ဘော တုလွတ်ယာဉ်ကျော်မှာ မြစ်ကြောင်းပိတ်ဆို့ရန်အတွက် ကျဉ်းသောနေရာ၊ တိမ်သောနေရာကို ရှာဖွေနေဆဲ ရှိသေးသည်။

ရန်သူက ဆင်ပေါင်ဝဲ စစ်အောင်ခန်းကို သင်္ဘောပေါ်မှ လှမ်းပစ်ပြီ။ မြန်မာတပ်ကလည်း ပြန်လှန်ပစ်ခတ်ပြီ။ တုလွတ်ယာဉ်ကျော်ကား ရေကြောင်းပိတ်ဆို့ရန် ရှာဖွေ၍ မရသေး။ သင်္ဘောဘေးတွင် သစ်သားဖောင်ကြီးတွေပါသည်။ ဖောင်ပေါ်တွင် ကြီးမားသော သစ်သားငြောင့်ကြီးတွေကို တံတောင်ဆစ်ကွေး စိုက်ထူထားသည်။ သို့သော် ချစရာနေရာ မတွေ့သေး။ တွဲထားဆွဲထားသည့် ဖောင်တွေလည်း ပါသေး၏။

သို့ဖြင့် တုလွတ်ယာဉ်ကျော် သင်္ဘောသည် နေရာကောင်း ရှာဖွေရင်း ညောင်ပင်မှော် 'မှော်' အနီးသို့ ရောက်လာသည်။ တောင်ဆုပ်ပတ်လည်ခန့် တုတ်သည့် ငြောင့်ကြီးများ စိုက်ထားသည့် သစ်သားဖောင်များကို မည်သို့ထားမည်၊ ကျောက်ခဲတွေ မည်သို့ တင်ဖိထားမည် လျာထားဆဲဝယ် မြစ်ကွေ့မှ ရန်သူသင်္ဘောနှစ်စင်း ဘွားခနဲ ပေါ်ထွက်ဆန်တက်လာသည်။

အလုပ်တွင် အာရုံစိုက်နေသည့် ကပ္ပတိန်နှင့် ခလာသီတို့မသိ။ "ရန်သူ ရန်သူ" ဟု အော်သံကြားသောအခါကျမှ အောက်ဘက်သို့ မျှော်ကြည့်မိကြသည်။ စက်ကုန်ဖွင့်လျက် မီးခိုးတလူလူဖြင့် ဝဲယာညှပ်လျက် ခုတ်မောင်းလာသည့် ကြက်ခြေခတ်နီပြာအလံ လွှင့်ထားသည့် ရန်သူသင်္ဘော။

တိုက်ပွဲဝင်ရန် အသင့်မရှိသေးသော အမြောက်တင်သင်္ဘောမှာ ရန်သူ့ဘက်သို့ အမြောက်ဦး မလှည့်နိုင်မီ ရန်သူ့လက်တွင် ကျရောက်သွားသည်။ မြဒေါင်းလံတလူလူဖြင့် ကျက်သရေရှိခဲ့သော တုလွတ်ယာဉ်ကျော်သင်္ဘောမှာ နီပြာကြက်ခြေခတ်အလံ အလွှင့်ခံရလျက် အကြေဘက်သို့ ကျက်သရေမဲ့စွာ ပါသွားလေ၏။

## ပုဂံစာအုပ်တိုက်

တုလွတ်ယာဉ်ကျော်သင်္ဘော ရန်သူ့လက်ပါသွားသည်ကို ထူးပေါက်ခံကတုတ်မှ လှမ်းမြင်ရသည်။ မြင်ရသော်ငြား အကာအကွယ် မပေးနိုင်။ ရန်သူသင်္ဘောများ တက်လာပြီး အဝေးမှ လှမ်း၍ ပစ်ခတ်နေပြီ။

ဆင်ပေါင်ဝဲမြို့မှာ အင်္ဂလိပ်ရေတပ်၏ အမြောက်ဒဏ်ခံရကာ မီးဟုန်းဟုန်း တောက်လောင်နေစဉ်၊ ရန်သူသင်္ဘောတစ်စင်းသည် ဆင်ပေါင်ဝဲနှင့် မျက်နှာချင်းဆိုင်တွင် ကမ်းသို့ကပ်သည်။ ကုလားဖြူ ကုလားမည်းတပ်တွေ ကမ်းပေါ်သို့တက်ပြီး အင်းလပ်ရွာဘက်သို့ တက်သွားကြပြီ။

ထူးပေါက်ခံကတုတ်သည် ကုန်းလမ်းမှလာမည့် ရန်သူများအား တိုက်ခိုက်ရန် ပြင်ဆင်မထားချေ။ သို့အတွက် သူတစ်ချက် ကိုယ်တစ်ချက် အမြောက်ဖြင့်သာ ပြန်လှန်ပစ်ခတ်နေသည်။ ကြက်ဆူတောင်သို့ ရန်သူများ ရောက်လာတော့မှ ထူးပေါက်ခံကတုတ်ရှိ မြန်မာတို့ ထွက်တိုက်ရတော့သည်။ ကုန်းလမ်းမှချီတက်လာသော ရန်သူတွင် လားဆွဲအမြောက်တွေပါလာသည်။ မြန်မာတို့ကလည်း စိန်နှင့်အမြောက်ငယ်များဖြင့် ပြန်လှန်ပစ်ခတ်တိုက်ခိုက်သည်။

သို့ကြောင့် ကိုမိုးကောင်းတို့ ရောက်သွားသော မြစ်ကမ်းတွင် ယမ်းမှုန့်အစအနတွေ တွေ့သည်။ ထူးပေါက်ခံကတုတ်တွင် မြန်မာစစ်သည်တော်များ မသယ်နိုင်သဖြင့် ထားပစ်ခဲ့သည့် လက်နက်ခဲယမ်းများကို ရန်သူတို့သိမ်းယူကာ မြစ်ထဲသို့ သွန်ပစ်ခဲ့ခြင်းဖြစ်သည်။

ခံတပ်မှာ တငွေ့ငွေ့ မီးလောင်ဆဲ ရှိသေး၏။

ကိုမိုးကောင်းတို့သည် တောက်တခေါက်ခေါက်ဖြင့် မြောက်ဘက်ရှိ ထူးပေါက်ရွာထဲသို့ ဝင်ခဲ့သည်။ ရွာထဲတွင် လူသူ လုံးဝကင်းရှင်းနေသည်။ ကိုယ့်မြေကိုယ့်ရေတွင် ကိုယ်လုပ်သမျှကိုသာ သူခံရမည်။ ယခုသော်ကား သူလုပ်သမျှကို ခံရလေချင်း။

အခြားသူတွေ ခြေကုန်လက်ပမ်းကျကာ အိပ်ပျော်ကြငြား၊ ကိုမိုးကောင်း မအိပ်နိုင်။ ရှေ့ဆက်ပြီး မည်သို့လုပ်ရမည်လည်း မသိတော့။ အရဏ်တက်

ချိန်တွင် လူတစ်ယောက်ကို ကိုမိုးကောင်း မြင်သည်။ ပုန်းလျှိုးကွယ်လျှိုး လာနေသည်။

သူသည် အိမ်အောက်တွင် တချို့၊ သစ်ပင်အောက်တွင် တချို့၊ မှောင်ရိပ်ခိုကာ အိပ်နေသူများကို သတိမမူမိ။ ကိုမိုးကောင်းက သေနတ်ဖြင့် ထိုးချိန်တော့မှ လူရှိပါကလား သိသည်။

"ခင်ဗျား၊ ခင်ဗျား"

ထိုသူကို ကိုမိုးကောင်း သိသည်။ ရေနံသူခိုးများကို လုပစွာ သုတ်သင်စဉ်က ကောင်းစွာ အကူအညီပေးခဲ့သူ ဖြစ်သည်။ သို့ပါလျက်နှင့် သူ့အမည်ကို ကိုမိုးကောင်း မမှတ်မိသဖြင့် ခင်ဗျား .... ခင်ဗျားမှ ရှေ့မတက်။

သို့စဉ်တွင် သေနတ်ဆွဲလျက် ကိုဝဲ ပြေးလာ၏။ "ဟာ ငအိုင်၊ မင်းတို့ တစ်ရွာလုံး ဘယ်ရောက်ကုန်သတုန်း" မေးသံနှင့်အတူ အနားကပ်လာ၏။

ကိုဝဲကိုမြင်တော့မှ ကိုအိုင်သည် ရေနံသူခိုးများအား သုတ်သင်စဉ်က အကြောင်းကို သတိရသည်။ ကိုမိုးကောင်းအား မှတ်မိသည်။ ချက်ချင်း ပြေးဖက်ပြီး "ထူးပေါက်ခံတပ် ကျသွားပြီဗျ၊ သွေးသောက်မင်းရ" ပြောပြော ဆိုဆို ငိုလေ၏။

ယောကျ်ားတန်မဲ့ ငိုယိုသည်ကို ကိုမိုးကောင်း စက်ဆုတ်သည်။ သူစိမ်းဖြစ်သဖြင့် သည်းခံရငြား နှလုံး မသာယာ။

"ငိုနေလို့ ပြီးသာမဟုတ်ဘူး ရောင်းရင်း"

"ဟော့ကောင်၊ နောင်ကြီးကောင်းက ငိုသဲ့ယောကျ်ားကို မုန်းသဟ"

ကိုဝဲ သတိပေးစကားကြောင့် ကိုအိုင်မှာ အထိတ်တလန့် နောက်ဆုတ်သည်။ လက်ခုံဖြင့် မျက်ရည်သုတ်သည်။

"သည်းခံပါ သွေးသောက်မင်း၊ အကျွန် ဝမ်းနည်းလွန်းလို့ပါ"

"ဝမ်းနည်းရင် တိုက်ရသယ်ဗျာ့၊ မငိုရဘူး။ ကဲ ခင်ဗျားသိသရွေ့ ပြောစမ်းပါဦးဗျာ"

လေပြည် တသုန်သုန် သွေးလာသည်။ နံငယ်ပိုင်း ကိုယ်စီဖြင့် ကွေးနေသူများ တရှိုးရှိုးတဟီးဟီး ချမ်းတုန်သံဖြင့် နိုးလာကြသည်။ အမှိုက်ရှာကာ ထင်းရှာကာ မီးလှုံကြသည်။

"ကုလားဖြူ ကုလားမည်းတွေဟာ ခံတပ်အောက်ဘက် တစ်တိုင်ခွဲလောက်ဝေးသဲ့ စောင်ချမ်းတောင်ရွာဘက်က တောရိပ်တောင်ရိပ်ခိုပြီးတက်လာသာဗျာ့။ ဆွမ်းခံပြန်ချိန်လောက်မှာ ကျွန်တော်တို့ရွာကို ရောက်လာကြသယ်"

"လူဘယ်လောက်ရှိသတုန်း"

"ခြောက်ရာကျော် ကျော်မသာ။ မအောက်ဘူး"

"မြစ်ထဲက အမြောက်နဲ့ ထုနေပြီလား"

"ထုသာပေါ့၊ဟိုကထု သည်ကထု၊နားကွဲမတတ်ပဲ။တစ်ရွာလုံးလည်း ငိုသံ အော်သံတွေနဲ့ ကမ္ဘာပျက်သလား ထင်ရပါသဗျာ။ ဆွဲမိဆွဲရာ ဆွဲပြီး ရွာ့မြောက်ဘက်၊ ရွာ့အနောက်ဘက်ကို ပြေးကြသာမှာ၊ အနောက်ဘက်က ပန်းပြီး မြောက်ဘက်က လှည့်ဝင်လာသဲ့ ကုလားမည်း၊ ကုလားဖြူတွေနဲ့ ပက်ပင်းတိုးတော့သာကလား"

"ကုလားက ဘာမှမလုပ်ဖူးလား"

"လုပ်ပြီကောဗျာ။ မိန်းမတွေကို ဆွဲလွဲ ဗလက္ကာရပြု၊ အထုပ်အပိုးတွေထဲက ရွှေတိုရွှေစ၊ ငွေတိုငွေစတွေ လုသာပေါ့။ ကျွန်တော်တို့မှာ ထင်းခုတ်ဓားနဲ့ လုံလောက်ပဲ ရှိပေမယ့် ယောက်ျားဗျာ့ သွေးသောက်မင်းရဲ့"

ပြောရင်းပြောရင်း ဒေါမာန်ပါလာသည့် ကိုအိုင်အား ကိုမိုးကောင်းကျေနပ်၏။ "ဟုတ်သာပေါ့" ဟူ၍လည်း ထောက်ပေး၏။

"ယောက်ျားဖြစ်ပြီး ရပ်ကြည့်နေရင်၊ ရှောင်သွားရင် ခွေးဖြစ်တော့မှာပေါ့ဗျာ။ ရရာ တုတ်၊ ဓား၊ ခက်ရင်း၊ မိန်းတွေနဲ့ ဝင်ပြီး ခုတ်ကြထိုးကြသာပေါ့။ သူင်းတို့မှာပါလာသဲ့ သေနတ်တစ်မျိုးက ဒိုင်းကနဲ တစ်ချက်တည်းထွက်သာ မဟုတ်ဘူး။ မရပ်မနား တစ်ဆက်တည်း ထွက်သာဗျား"

မိမိတို့ ရတနာပုမ်နေပြည်တော်ထွက် မောင်းထိုးသေနတ် တစ်ချက်ပစ် တစ်ချက်ထိုး သေနတ်များကို ဟုတ်လှပြီထင်နေခဲ့သည့် ကိုမိုးကောင်းသည် ချက်ချင်းသဘောပေါက်သွားပြီ။ 'ရှုံးထိုက်သောကြောင့် ငါတို့ရှုံးရသည်' ဟူ၍။

"ဘာပြောရကောင်းမတုန်း သွေးသောက်မင်းရာ၊ သေလိုက်သဲ့ ရွာသား တွေဟာ ထွေးခနဲ လုံးခနဲနေသာပဲ။ အဲသည်လို လုပ်သူကလုပ်၊ ရွာထဲကနေ ခံတပ်ကို အမြောက်နဲ့ ထုသူထု လုပ်တော့သာပေါ့"

"ခင်ဗျားက ထွက်ပြေးသလား"

"ကျွန်တော် ထွက်မပြေးဘူး။ ဝက်ထိုးမိုန်းနဲ့ အိမ်ပေါ်က စောင့်နေသာ။ အမေဗျာ တောထဲရောက်ပြီးမှ ကျုပ်ကိုစိတ်မချလို့သဲ့ သာလောက် ပစ်ခတ် မီးတွေလောင်နေသဲ့ကြားထဲမှာ တကြော်ကြော်ခေါ်ပြီး လိုက်လာသဗျာ"

ကိုမိုးကောင်းသည် အမေကို အပြစ်မတင်ရက်။ အမေသည် ကျည်ဆံလည်း မသိ၊ ဓား၊ လှံ၊ အမြောက် မီးပေါက်သေနတ်ကိုလည်း သားသမီးနှင့် စပ်လာလျှင် ကြောက်ရွံ့ရမှန်း သိတော့သူမဟုတ်ချေ။

"ကျွန်တော်ငိုသာအဲသာကြောင့်ပါဗျာ။ ဘယ့်နှယ် ကိုယ့်ရွာသူရွာသား တွေကို လုယက်သတ်ဖြတ်သဲ့ ကုလားရိုင်းကို ကျုပ်လက်နဲ့ တစ်ယောက်မှ မသတ်လိုက်ရဘူးဗျ။ အမေ့ကိုထမ်းပြီး လွတ်ရာကို ပြေးရလို့၊ ဟင်း"

ငအိုင်သည် မချိမဆံ့သံကြီး မြည်တမ်း၏။

"ရွာကိုဝင်ဝင်ချင်း မီးရှို့သာလား"

"ဟုတ်သဗျာ။ မိန်းမတွေကို ဗလက္ကာရပြုပြီး၊ ယောကျ်ားတွေကို သေနတ်နဲ့ ပစ်သတ်တုန်းမှာ ရွာ့ဟိုဘက်ဖျားက မီးထလောင်သာပါပဲဗျာ။ အဲသည်မှာလည်း မီးသတ်သဲ့လူတွေကို ပစ်ပြန်ပါရော"

တောက်ခေါက်သံများ ညံလာသည်။ အင်္ဂလိပ်ကုလားဖြူ ဓားပြတို့၏ မိုက်ရိုင်းမှုကြောင့် လက်သီးတွေ ကျစ်ကျစ်ဆုပ်ကြ၏။ ကိုမိုးကောင်းမှာသော်၊

အံကိုသာ နာနာကြိတ်ထားမိချေ၏။ သို့လျှင် အံကြိတ်ထားရင်း ကြည့်မိကြည့်ရာ ကြည့်သည်တွင် ရှာမြောက်ဘက် တောင်ကုန်းပေါ်သို့ အကြည့်ရောက်၏။

ထက်ခြမ်းကွဲပြီး ကြေမွနေသော စေတီတစ်ဆူနှင့် သစ်တိုသစ်စဖြစ်နေသည့် ဘုန်းကြီးကျောင်းကို မြင်ရချေ၏။ အလင်းအားသည် ထိုတောင်ကုန်းပေါ်သို့ ကျရောက်ထိုးပြနေ၏။

"ဟိုကုန်းပေါ်က စေတီတော်ဟာ ငါတို့ခံတပ်က အမြောက်ကျသာလား။ ကုလားပစ်လိုက်သာလား။

"မြစ်ထဲကနေပြီး ကုလားယုတ်သင်္ဘောက ပစ်သာပါဗျာ။ ကျုပ်တို့ တပ်မတော်သားတွေ တစ်ယောက်မှ မရှိပါဘူး။ တမင်ပစ်သာပါ"

"ဟင်း" ခနဲ သက်ပြင်းချသံကြီးအဆုံးတွင် "သင်းတို့နောက်ကို လိုက်ကြရအောင်ဟေ့" ဟု ကိုမိုးကောင်း ဒေါသတကြီး အော်လျက်ထရပ်၏။

"ကျွန်တော်တို့မှာ လှေပဲရှိသာ သွေးသောက်မင်း။ သူတို့က နေဝင်ရိုးရီကပဲ သင်္ဘောပေါ်တက်ပြီး ဆန်သွားကြပြီခင်ဗျာ့"

ကိုင်အိုင်က သူမြင်သမျှကို ဝင်ပြောသည်။

"ဩော် ရောင်းရင်းရာ။ ရှေ့မှာ ပန်းတော်ပြင်ခံတပ်ရှိသယ်။ အခုအတိုင်းဆိုရင် သူတို့ဟာ ကုန်းရော ရေပါ မင်းလှခံတပ်ကို ညှပ်တိုက်ဖို့အတွက် ပန်းတော်ပြင်ကို မရောက်ခင် ကုန်းပေါ်တက်မှာ သေချာသယ်"

"နောင်ကြီးကောင်း အကျွန်တို့မှာ သေနတ်ဆယ်လက်နဲ့ ကျောက်မီးသေနတ် တစ်လက်ပဲ ရှိသာဗျနော"

ကိုငဝဲ၏ သတိပေးစကားအဆုံးတွင် "ငါ ဓားနဲ့ပိုင်းလိုက်ရ သေတော့မှာပဲ။ နင်မလိုက်ရဲရင် နေခဲ့။ နင့်ပါးစပ်ပိတ်ထား"ဟူသော မာန်မသံနှင့်အတူ ကိုဝဲ၏ခေါင်းပေါ်တွင် ဓားကြီးဖြင့် မိုးထားသူမှာ ကိုချွဲဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

"မလိုက်ဘဲတော့ ဘယ်နေမတုန်းဗျာ၊ သေအတူ ရှင်မခွဲပေါ့။ အကျွန် သတိပေးသာက ခွေးတွေရဲ့ လက်နက်က သာလွန်းလို့ပါ"

"သူတို့မှာ တရစပ်ထွက်သဲ့ သေနတ်တောင် ပါလာပေမယ့် ငါတို့မှာ တစ်ချက်ချင်းထိုးသဲ့ သေနတ်တောင် လူ့နေ့မပါသာ ငါသိသာပေါ့ ဝဲရ"

ကိုမိုးကောင်းသည် သူ့လူတွေကို မျက်ခွံပင့်လျက် အကဲခတ်သည်။ စိတ်အားထက်သန်စွာ နားစွင့်နေကြသည်။

"ငါတို့မြို့ ဆင်ပေါင်ဝဲကိုလည်း သင်းတို့ ဖျက်ဆီးလုယက် မီးရှို့မှာပဲ၊ ငါတို့လာသဲ့လမ်းက လမ်းမသင့်လို့ မမြင်ရသာ။ အခု ငါတို့ညီအစ်ကို မောင်နှမတွေကို မုဒိမ်းကျင့်၊ လူသတ်၊ လုယက် မီးရှို့သွားသာ မျက်မြင် နားကြား ဖြစ်နေပြီ"

"ဟုတ်သယ်။ ဟိုတောင်ကုန်းပေါ်က စေတီနဲ့ ဘုန်းကြီးကျောင်းက သင်းတို့ကို ဘာလုပ်လို့ အမြောက်နဲ့ပစ်ရသာတုန်း"

ကိုချွဲ၏ ဒေါသသံ။

"သည်တော့ ရောင်းရင်းတို့ စဉ်းစားကြပါ။ သည်လို ယုတ်မာ မိုက်ရိုင်းသဲ့ ကုလားဖြူအင်္ဂလိပ်က လက်နက်သာသဲ့အတွက် ငုံ့ခံရ တော့မှာလား။ ရောင်းရင်းတို့ကြောက်လို့ ငုံ့ခံချင်ရင် ခံကြ။ ငါမခံဘူး။ သေတစ်နေ့ မွေးတစ်နေ့ကွ"

"ဟုတ်သယ်၊ သေတစ်နေ့ မွေးတစ်နေ့ပဲ"

ကိုချွဲ၊ ကိုဝဲနှင့် သုံးလေးယောက်၏ ထောက်ခံသံဖြစ်သည်။

"လက်နက်ချင်း မတူလို့ ငုံ့ခံသဲ့ မြန်မာလူမျိုး အဖြစ်မခံနိုင်ဘူး။ ဘယ်လောက်ပဲ စော်ကားစော်ကား လက်တုံ့မပြန်သဲ့ လူမျိုးအဖျင်း၊ လူမျိုး အညံ့ အဖြစ်မခံနိုင်ဘူး။ ရက်စရာလူမျိုး အဖြစ်မခံနိုင်ဘူး။ တစ်ယောက်ပဲ သတ်ရသတ်ရ၊ အိုကွာ သေအောင်မသတ်နိုင်လို့ ကျိုးအောင် ပဲ့အောင် ကန်းအောင်၊ တတ်စွမ်းသမျှ လုပ်မှာပဲ"

ကိုမိုးကောင်းသည် ဓားကိုလွယ် သေနတ်ကိုထမ်းလျက် ရှေ့ဆောင်ထွက်ခွာသွားသည်တွင် "ကျုပ်လည်း လိုက်ပါမယ်။ ကောက်ညှင်းပေါင်းလေးတော့ စားသွားကြပါဦး" ကိုအိုင် ပြေးလာပြီး တောင်းပန်သည်။

## ၂၈

အဝေးပစ် အမြောက်ကြီးသံများသည် မြစ်၏ဟိုဘက်ကမ်းမှ လွင့်ပျံလာသည်။ ရေပြင်ကြီး ခြားနေပါလျက်က မြေကြီး တုန်သွားသည်။ ခေါင်းပေါ် ရောက်လာသည် ထင်ကြရ၏။

ကိုမိုးကောင်းတို့ လူနှစ်ကျိပ်ငါးယောက်မှာ ဆိုင်းသံကြားသော ကာလသားနှယ်၊ ပစ်သံခတ်သံတွေ ကြားရသဖြင့် ခြေလှမ်းသွက်လာကြ၏။ ကြားရပါပြီ၊ အမြောက်သံ၊ သေနတ်သံတွေကို သဲ့သဲ့ကြားရပြီ။

ရန်သူအင်္ဂလိပ်တို့သည် ပတ္တနဂိုရ်တွင် တစ်စု၊ မလွန်တွင် တစ်စု ကမ်းပေါ်သို့ တက်ကြသည်။ မလွန်တွင်ဆင်းသော တပ်မများသည် ဥယျာဉ်ရွာ၏ အနောက်မြောက်ဘက်ရှိ ပန်းတော်ပြင် ခံကတုတ်ကို တိုက်ခိုက်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သည်ပွဲတွင်ကား ရန်သူသည် မမျှော်လင့်သောနေရာ၊ မမျှော်လင့်သောအချိန်မှာပင် မြန်မာစစ်သည်တော်များ၏ စတင် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရလေ၏။

အပြင်းအထန် ပစ်ခတ်တိုက်ခိုက်သံများကို လူနှစ်ကျိပ်ငါးယောက် အစုကလေးမှ ကိုမိုးကောင်းတို့ စတင်ကြားရချိန်တွင်ကား ရန်သူအင်္ဂလိပ်သည် ခံကတုတ်အခြေသို့ ရောက်နေခဲ့ချေပြီ။

အချိန်မှာ မွန်းတိမ်းစအချိန်။ ဆောင်းနေမို့သာ တော်တော့သည်။

ကာနယ်ဘေကာဦးစီး၍ မေဂျာမက်နေး စစ်ဦးစီးအရာရှိအဖြစ် ပါဝင်သော ထိုလုယက်တိုက်ခိုက်ရေး ဗားပြအစုတွင် ဘင်္ဂေါ ခြေလျင်တပ်ရင်း ၂နှင့် ဘင်္ဂေါခြေလျင်တပ်ရင်း ၁၁၊ မဒရပ် ခြေလျင်တပ်ရင်း ၁၂တို့ ပါဝင်ရာ၊ လူ နှစ်ထောင်ကျော်ရှိသည်။

ဆွမ်းခံပြန်ချိန်တွင် မလွန်ရွာအနီး၌ သင်္ဘောပေါ်မှ ဆင်းမိကြကာ လုယက်သတ်ဖြတ် မီးရှို့ပြီးနောက် တစ်တိုင်ခွဲဝေးသည့် ပန်းတော်ပြင် ခံကတုတ်သို့ ဦးတည်ကြသည်။ ပန်းတော်ပြင်ကိုမတိုက်ဘဲ မင်းလှခံတပ်ကို တိုက်လျှင် မဖြစ်ချေ။ သို့အတွက် ဝဲယာစစ်ကြောင်းနှစ်ကြောင်းသည် ချုံပုတ်၊ သစ်ပင် ထူထပ်ရာ နေရာများမှ ပုန်းကွယ်ချီတက်သည်။

မြန်မာ့တပ်မတော်သားများသည် မဒရပ်ကင်းထောက်တပ်ကို အလုံးအရင်းဖြင့် ပစ်ခတ်ထိုးခုတ်ပြီး ချက်ချင်းဆုတ်ခွာသည်။ ထို့နောက် နောက်မှ ပါလာသော တပ်များကို ခါးလယ်မှ ဖြတ်တိုက်ပြန်သည်။

ကိုမိုးကောင်းတို့လူစု ရောက်သွားချိန်ဝယ်၊ မေဂျာမက်နီးနှင့် လက်ဖတင်နင်ဆီလာရီ၊ ကုလားနက်အများအပြားကို သွေးသံရဲရဲဖြင့် သယ်ယူလာချိန်ဖြစ်သည်။

"ဟေ့ ငအိုင်၊ ငါတို့ ထူးပေါက် ရွာသူရွာသားတွေအတွက် လက်စားချေဖို့ အခွင့်သာပြီဟ"

ကိုမိုးကောင်းက ဒဟပ်ပင်များကြားမှ လှမ်းပြောသည်။

"သေသွားသဲ့ ကျုပ်ညီအစ်ကိုတွေနဲ့ မုဒိမ်းကျင့်ခံရသဲ့ ကျုပ်နှမ၊ ကျုပ်တူမ၊ ကျုပ်အစ်မတွေအတွက် အသက်နဲ့လဲပြီး လက်စားချေမဗျို့"

**ပုဂံစာအုပ်တိုက်**

"ဒေါသမကြီးနဲ့ဟေ့။ ငါတို့ သေနတ်သံတိတ်မှ ဓားရဲခုတ်ကြ"

ကျက်ကျက်ဆူသော နေပူကြီးအောက်တွင် ထမ်းစင်ဖြင့် ကုလားနာတွေ တစ်သီကြီးပါလာသည်။ ရှေ့နှင့် နောက်တွင် သေနတ်တကားကားဖြင့် ကုလားနက်များ သေနတ်သံတစ်ချက်။

ရန်သူတွေမမျှော်လင့်သော သေနတ်သံဖြစ်သည်။ ရှေ့တပ်ရော နောက်တပ်ပါ ဝဲယာညှပ်ပြီး ပစ်ခတ်တိုက်ခိုက်ခံရခြင်း ဖြစ်သည်။ တစ်ချက်နှင့် တစ်ချက် တမေ့တမောကြာသော သေနတ်မဟုတ်။ ကုလားပေးသော ပုလိပ် သေနတ်ပြောင်းဝတွင် ကုလားတွေ ထွေးခနဲထွေးခနဲ၊ ခွေခနဲခွေခနဲ လဲကျသည်။ ကုလားတွေ မဆိုင်းမတွ ပြန်ပစ်နေစဉ် 'ကျား'ခနဲ ယားခနဲ အော်သံနှင့်အတူ ဓားသမားများ ခုန်ထွက်လာ၏။

သွေးရေတွင်း တူးသည့်အလား သွေးပန်းသွေးပွက်ဖြိုင်သည်။ ခေါင်း ပြတ်သောကုလား၊ လက်ပြတ်သောကုလား၊ လက် လည် တန်းလန်းဖြစ်နေသော ကုလားတို့၏ ညစ်ညမ်းသော သွေးများသည် မြင့်မြတ်သော မြန်မာ့မြေ၏ လှည်းလမ်းကြောင်းတစ်လျှောက် ကျက်သရေမဲ့စွာ စီးဆင်း၏။

ငအိုင်သည် ကုလားမည်းကို အားရပါးရ ဇက်ပြတ်အောင်ခုတ်လိုက်ရ သဖြင့် အားရကျေနပ်သွားစဉ်၊ လက်ခနဲ လုံ့စွပ်တစ်ချောင်း သူ့ရင်ဝတွင်းသို့ ဝင်လာ၏။သူသည် ဓားရေးမတတ်၊ သို့သော် ကြိုးစားရှောင်ရင်း အားပါးတရ ခုတ်ချ၏။ သူ့ကျောထဲသို့ ကျည်တစ်တောင့် ဝင်သွားသည်။သူ့ ရှေ့က ကုလားပေါ်သို့ လဲကျလုဖြစ်သွားငြား ဘုန်းဘုန်းမလဲ။ မျက်လုံးကြီးပြူးလျက် မည်းမည်းမြင်ရာ လိုက်ခုတ်သည်။

ကုလားတွေ မင်တက်မိသွားသည့် တစ်ခဏတာအတွင်း ကုလားကောင်း တစ်ကောင်နှင့် ကုလားနာငါးကောင်မှာ သစ်ရွေသည့်ဓားကြီးဖြင့် ထက်ပိုင်း ပြတ်အောင် အခုတ်ခံလိုက်ရသည်။ မိုးသီးမိုးပေါက်အလား ကျည်ဆံတွေ သပ်မံဖောက်ဝင်ငြား၊ လှံ့စွပ်ရာတွင် အတောမသတ် ထပ်မံရရှိငြား၊ ငအိုင်မှာ

နှစ်ခါမသေ။ တစ်ခါသာ သေသည်။ သူ့အသက်တစ်ချောင်း ဆုံးရှုံးရငြား သူဝမ်းသာသည်။ ရန်သူရှစ်ကောင်ကို ငရဲရွာသို့ သူပို့လိုက်ရပြီ။ နှစ်ပိသာခွဲစီး ဓားမကြီး ထမ်းလျက်သား ဝမ်းလျားထိုးလဲကျသွားလေ၏။

ကိုမိုးကောင်းတို့အစုကလေးကား သေးငယ်ငြား အာနိသင်ကြီးမား၏။ ကုလားကောင်း၊ ကုလားနာ စုစုပေါင်း နှစ်ကျိပ်ကျော်သေသည်။ ပန်းတော်ပြင်ခံကတုတ်ကို သည်းကြီးမဲကြီး တိုက်နေသော ကုလားများ လာရောက်စစ်ကူပေးတော့မှ ကိုမိုးကောင်းတို့ ဆုတ်ခွာခဲ့သည်။

မဆုတ်၍မဖြစ်။ ကိုမိုးကောင်းတို့မှာ လူကလေးနှစ်ကျိပ်ငါးယောက်ရှိသည်တွင် ငအိုင် အပါအဝင် နှစ်ယောက် သုံးယောက် ကျဆုံးခဲ့သည်။ သုံးယောက် ဒဏ်ရာရသည်။ ယင်းတို့ကို တွဲပိုးပြီး တောထူသည့် အနောက်အရပ်သို့ ဆုတ်ခွာခဲ့ကြသည်။ ထူးပေါက်မှ ထုတ်လာခဲ့သည့် ကောက်ညှင်းပေါင်းကို စားသူက စားနေစဉ်၊ အလောင်းတွေ မြေမြှုပ်သူကမြှုပ်၊ ဒဏ်ရာကိုဆေးထည့်သူထည့် လုပ်ကြ၏။

"အဲသာပဲကွ"

ကိုမိုးကောင်းသည် အသံကြီးများတိတ်ပြီး သေနတ်သံ ဖျိုးဖျိုးဖြောက်ဖြောက်သာ ကြားရတော့သည့် ပန်းတော်ပြင်ဘက်သို့ လှည့်ဆန့်ကြည့်ရာက ပစ်ထိုင်ချလိုက်ရင်းပြောသည်။

"ဘယ့်နှယ်၊ သူက လက်နက်ကောင်းသယ်၊ သူက လက်နက်သာသယ် ဆိုပြီး ချုံထဲဝင်ပုန်းနေရင် ငါတို့တစ်တွေ ဘာအသုံးကျတော့မတုန်း။ ဟောအခုထလုပ်တော့ အောင်မြင်သာပဲ။ သေနတ်အလက်နှစ်ဆယ်ကိုင်ပြီး ပစ်မယ့်ခွေးတွေ လျော့သွားပြီမဟုတ်လား"

ပန်းတော်ပြင်ခံကတုတ်ဘက်မှ အမြောက်သံစဲသွားခြင်းမှာ ခံကတုတ်ကို မြန်မာတို့ စွန့်ခွာသွားသဖြင့်ဖြစ်၏။

မစွန့်ခွာဘဲ နေနိုင်ရိုးလား။

**ပုဂံစာအုပ်တိုက်**

လက်နက်ချင်း ကွာခြားသည်ကိုထားဦး။ လူအင်အားချင်းပင်လျှင် အပြတ်အသတ်ကွာသည်။ ကြည့်၊ ပန်းတော်ပြင်ခံကတုတ်တွင် မြန်မာ့ အင်အား မည်မျှရှိပါသနည်း။

ပန်းတော်ပြင်တွင် ဖောင်ဝန်မင်း 'မဟာမင်းလှမင်းထင်မင်းခေါင်'၏ တပ်နှင့် လှေသင်းဗိုလ် 'မဟာမင်းလှသိဒ္ဓိကျော်စွာ'၏တပ်။ မင်းရဲညွန့်၏တပ်၊ ဤမျှသာ။ စုစုပေါင်း အင်အား ၁၈၅။ ရန်သူကို ကြည့်ပါဦး၊ လူသုံးထောင် ပါသော တပ်ကြီးအပြင် အမြောက်တပ်က သီးခြားရှိသေးသည်။

သို့သော် မြန်မာစစ်သည်တော်များသည် မလှမ်းမကမ်းသို့ ဆုတ်ခွာ သွားခြင်းသာဖြစ်သည်။ သူတို့ဆုတ်ခွာလာစဉ်မှာပင် စစ်ကူတပ်တစ်တပ် ရောက်လာ၏။ ထိုတပ်မှာ 'မဟာသမိန်ဘရမ်း'၏တပ်ဖြစ်သည်။

သူတို့သည် ပန်းတော်ပြင်ခံကတုတ်၏ အရှေ့မြောက်ဘက် မကျ တကျရှိ ဘုရားတစ်ဆူနှင့် သိမ်မှခံရန် ပြင်ကြသည်။ စိန်တွေလည်း အသင့် ပြင်သည်။ ဘုရားမှာ 'ဦးကင်းဘုရား' ဖြစ်၍ သိမ်မှာ သိမ်တော်ကြီးဖြစ်သည်။ အုတ်တံတိုင်းများ ရှိသဖြင့် နေရာကောင်းသည်။

သို့သော် မဒရပ်တပ်ရင်း ၁၂သည် မြန်မာတို့၏ လက်နက်အင်အား လူအင်အားကို သိပြီးဖြစ်သဖြင့် မတိုက်ခိုက်ဘဲ ကွင်းရှောင်ကာ မင်းလှမြို့ ဘက်သို့ ခရီးဆက်လေ၏။ ဂျင်နရယ်ပရင်ဒါဂတ်၏ အမိန့်အရ ဝန်ကြီး၊ မြို့စား စသည့် ကြီးကြီးမားမား ပုဂ္ဂိုလ်များကို လက်ရဖမ်းဆီးရေး ရည်ရွယ် ချက်လည်း ပါ၏။

ထိုတပ်၊ သိမ်တော်ကြီးနှင့် ဦးကင်းဘုရားကို ရှောင်ကွင်းသွားချိန် ဝယ် ဥယျာဉ်ရွာမှာ မီးခိုးလုံးကြီးများ တက်လာတော့သည်။ ထိုရွာသည် ကျဆုံးသွားသော ခံကတုတ်၏ အရှေ့ဘက်တည့်တည့် ငါးရေတွင်းခန့် ဝေးသည်။ ရွာသူရွာသားများမှာ လွတ်ရာကျွတ်ရာ အရှေ့အရပ်သို့လည်း မပြေးနိုင်။ တောင်အရပ်တွင်လည်း မလွန်ရွာမှ မီးခိုးမတိတ်သေး။ သို့အတွက်

သောင်ပြင်ဘက်နှင့် ရွာနီးချုပ်စပ် တောကောင်းရာ လျှိုမြောင် ကောင်းရာတွင်သာ ပုန်းခိုနေရတော့သည်။

ဤသို့ပုန်းအောင်းနေသော လက်နက်မဲ့ မိန်းမများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ဘင်္ဂါခြေလျင်တပ်ရင်း နှစ်ရင်းတို့၏ လုယက်သတ်ဖြတ် မတော်မတရားပြုမှု ခံရတော့သည်။

ရွာထဲတွင် ရွာစောင့်အဖြစ်လည်းကောင်း၊ ရွာနှင့်မနီးမဝေးတွင် မယောင်မလည် လုပ်၍လည်းကောင်း၊ ယောက်ျားကြီးများနှင့် လုလင်ပျိုတွေ ရှိနေကြသည်။ သူတို့သည် ရွာမြောက်ဘက်နှင့် တောင်ဘက်၊ အရှေ့ဘက်တို့မှ အော်ဟစ်သံများကြားသဖြင့် ပြေးလာကြသည်။ ရွာဘက်သို့ သေပြေးရှင်ပြေး ပြေးလာသူများထံမှ အကြောင်းစုံသိရသောအခါ ညာသံပေးလျက် ပြေးလာကြသည်။

မည်သူ့သမီးကို ကုလားဖြူက မုဒိမ်းကျင့်၍၊ မည်သူ့နှမကို ကုလားနက်က ဗလက္ကာရပြုသည်ဟူသော သတင်း။ ပဋ္ဌာမြေလူး ငိုယိုနေသော သမီးရှင်မိခင်များ၏အသံသည် ဒေါသဆေးဖြစ်၏။

ရွာသားများသည် ကုလား၌ သေနတ်ပါသည်ဟူသည်ကို လုံးဝ မသိတော့ပါ။ အတင်းဝင်ရိုက်သည်။ ဆူးကော်သောခက်ရင်း၊ မြေတူးသော တူရွင်းဖြင့် ထိုးသည်။ တန်းတူရည်တူ လက်နက်နှင့်နီးစပ်သော ဒူးလေး၊ လင်းလေး၊ လောက်လေးပင် မပါသည့် ရွာသားများကို အင်္ဂလိပ်တပ်များက အရက်ကင်းမဲ့စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပစ်ကြသည်။

ကိုမိုးကောင်းတို့မှာ ပြောက်ကျားတိုက်ပွဲ ဖြစ်နေသည်ထင်ပြီး အပန်းဖြေ နားနေကြ၏။ မီးတောက်ကြီး မြင်ရသဖြင့် ထရပ်ကြည့်စဉ်၊ အော်ဟစ်သံများ၊ ဝါးပေါက်သံများ ကြားရ၏။ ရွာကိုမီးလောင်ကြောင်း သိသဖြင့် ပြေးလာကြသောအခါ အင်္ဂလိပ်များသည် ဦးကင်းဘုရားဘက်သို့ တက်သွားကြပြီ။

**ပုဂံစာအုပ်တိုက်**

ပထမသော်၊ မီးကိုဝင်ရောက် ငြိမ်းသတ်ကြ၏။ ဒဏ်ရာရသူများကို ပြေးပွေ့ကူညီကြ၏။ ခံကတုတ်၏ သည်ဘက်သစ်ပင်အုပ်အောက်၌ ထမင်းစားသွားသော ကုလားဖြူ၊ ကုလားမည်းတွေ စော်ကားသွားခြင်းဖြစ်သည်ဟု သိရသည့်ခဏ၌ ကိုမိုးကောင်းမှာ ရေထည့်သော သားရေအိတ်ကိုပင် ပစ်ချမိသည်။

"လာကြဟေ့၊ ငါတို့ ကိုးကွယ်တဲ့ စေတီပုထိုးတွေကို ဖျက်ဆီးသဲ့ အင်္ဂလိပ်၊ ငါတို့ရွာတွေကို လုယက်မီးရှို့သဲ့ ကုလားဖြူအင်္ဂလိပ်၊ ငါတို့ နှမ၊ အစ်မ၊ သမီးတွေကို စော်ကားသဲ့ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ၊ ကုလားမည်းတွေကို လက်စားချေကြစို့။ လာကြဟေ့"

သူသည် သေနတ်ကိုဆွဲ၊ ဓားကိုဆုပ်လျက် ရွာပြင်သို့ ပြေးထွက်ခဲ့လေ၏။တိုင်းဖျက်ပြည်ဖျက် ဓားပြနှစ်တပ်သည် ဦးကင်းဘုရားနှင့် သိမ်တော်ကြီးတွင် ခံစစ်ဆင်နေသည့် မြန်မာတပ်များကို တိုက်ခိုက်နေပြီ။

မဟာသမိန်ဘရမ်းနှင့် မင်းရဲညွန့်၊ လေ့သင်းဗိုလ် မဟာ မင်းလှသိင်္ခကျော်စွာ၊ ဖောင်ဝန် မဟာမင်းလှမင်းထင်မင်းခေါင်တို့ ခံစစ်ချရပ်သော နေရာသည် မင်းလှမြို့နှင့် တိုင်ဝက်ပင်မဝေးတော့ပြီ။

ဦးကင်းဘုရားနှင့်ကပ်လျက် ရေကန်ရှိသည်။ ထနောင်းကန်ခေါ်၏။ ယင်းမှာ မင်းလှသို့သွားသော လှည်းလမ်း၏ ဝဲဘက်တွင် တည်ရှိသည်။ သည်လှည်းလမ်း၏ လက်ယာဘက် ယာထဲတွင် သိမ်တော်ကြီးတည်ရှိ၏။

ထိုသိမ်၊ ထိုဘုရား၊ ထိုရေကန်တို့၏ တည်နေပုံမှာ ဖိုခနောက် (ဖိုခုံလောက်) ဆိုင်ဖြစ်၏။ သိမ်နှင့် ဘုရားမှာ ကိုက် ၄၀၀ခန့်ကွာ၍ သိမ်နှင့်ကန်မှာ ကိုက် ၃၀၀မျှ လှမ်း၏။ ကန်နှင့်ဘုရားမှာကား ကိုက် ၂၅၀မျှ လှမ်း၏။

ရှင်းလင်းသော လွင်တီးခေါင်ကြီးမဟုတ်။ စေးပျစ်တောများရှိသည်။ သန်းဒဟပ်၊ သနပ်ခါး၊ ထနောင်း၊ မန်ကျည်းပင်များလည်း ဟိုတစ်စု

သည်တစ်စုရှိသည်။ သည်အထဲတွင် ရှားစောင်းပြာသာဒ်နှင့် ရှားစောင်းမြင်းနားပင်များ၊ စောင်ချမ်း၊ ဆူးရစ်၊ ကျားလျှာ၊ ဥနဲပင်များကလည်း ပြောက်တိပြောက်ကျား ပေါက်ရောက်နေသည်။

မြန်မာတပ်သည် လှည်းလမ်းအတိုင်း တက်လာသော ကင်းထောက်တပ်ကို မခုခံပေ။ မိုးနံ့ချုံများ ညှပ်ပေါက်နေသည့် နေရာသို့ရောက်အောင် စောင့်ဆိုင်းနေပြီးမှ ချက်ကောင်းကိုရွေး၍ ပစ်ခတ်သည်။ရန်သူသည် ချက်ချင်းပြန်လှန်ပစ်ခတ်သည်။ အပြန်အလှန်ပစ်ခတ်၍၊ ကျည်လာရာသို့ ရန်သူ့အာရုံစိုက်နေချိန်တွင် လူယောင်ပြသည်။ အပစ်ရပ်သည်။ ထိုအချိန်တွင် ဓားရဲခုတ်တပ်သားများ ပြေးထွက်လာပြီး ခုတ်ထစ်သုတ်သင်သည်။

သေနတ်သံများ ကြားရ၏။ ကင်းထောက်တပ်ကား ပြန်မလာ။ သို့အတွက် ကုလားဖြူ ကုလားနက်များသည် ခံစစ်သုံးနေရာကို တဟုန်ထိုးတိုးတက်ပြီး တိုက်တော့သည်။ တက်ပြီးတိုက်ငြား ရှေ့မတိုးနိုင်ချေ။ သစ်ပင်ချုံဖုတ် ထူထပ်သောကြောင့် ဓားရဲခုတ်ကို ကြောက်သဖြင့် ဖြန့်မတိုက်ရဲ။

မြန်မာတို့မှာ စိန်နှင့် အမြောက် ခြောက်လက်ရှိ၏။ ရှိသော်ငြား ပေါက်ကွဲသော အမြောက်ကျည်မဟုတ်။ ရန်သူသည် ပေါက်ကွဲသော အမြောက်ကျည်များ မိုးသီးမိုးပေါက်နှယ်ကျအောင် ပစ်ခတ်လျက် ထိုနေရာများကို သိမ်းပိုက်ရန်ကြိုးစား၏။ စက်သေနတ်ဖြင့်ပစ်၏။ မြန်မာတပ်များ မရွှေ့ချေ။

ရန်သူမှာ မမျှော်လင့်ဘဲ အကျပ်အတည်းတွေ့သဖြင့် ခံပြင်းနေ၏။ သို့အတွက် ဘင်္ဂါခြေလျင်တပ်ရင်း ၁၁ ချည်း ဦးဆောင်တိုက်နေရာက ကျန်တစ်တပ်ပါ ညှပ်တိုက်ရန် စစ်ကြောင်းနှစ်ကြောင်း ခွဲသည်။ ထိုအခါတွင် မြန်မာတို့မှာ စစ်ကူရောက်မလာပါဘဲလျက် ပစ်ခတ်အား တိုးပွားပြင်းထန်လာသည်။

ရန်သူသည် လက်နက်အင်အား မည်မျှပင် သာလွန်ငြား အဖြူရော

အမည်းပါ ကျဆုံး ဒဏ်ရာရသည်။ ထိုသူများကို သဘော်သို့ ပို့ရန် နောက်ဘက်သို့ သယ်ယူရာတွင် အေးဆေးစွာ မသယ်နိုင်။ သေနတ်ဖြင့် ချောင်းမြောင်း ပစ်ခတ်ခံရသည်။ ဖုန်တွေ၊ ပြာမှုန်တွေ ပေကျံနေသူများက ချုံထဲမှ ထွက်ထွက်ပြီး ဆူးကော်ခက်ရင်းဖြင့် ထိုးသည်။ သစ်ရွေသော ဓားကြီးတွေဖြင့် ပိုင်းသည်။ လက်ဖတင်နင် ဂျူရီနှင့် ယန်းမှာ မသေ။ ဒဏ်ရာမျှသာ ရပါလျက် နောက်ပိုင်းသို့ ထမ်းစင်ဖြင့်သယ်လာတော့မှ ရုပ်ပျက်ဆင်းပျက် သေတော့သည်။

နောက်ပိုင်းမှ မစို့မပို့ ဝင်ဝင်တိုက်သူများမှာ နီရဲသော စစ်ဝတ်တန်ဆာများ ဆင်ယင်မထားပေ။ ထိုအခါတွင် သူတို့စော်ကားခဲ့သော ရွာများမှ လူတွေဖြစ်ရမည်ဟု သူတို့ နားလည်သည်။ နားလည်သည်နှင့်အမျှ ကြောက်ရွံ့လာကြသည်။ ကြောက်ကြောက်ဖြင့် ပြင်းထန်စွာ ဖိစီးတိုက်ခိုက်ငြား လန့်၍ချည်းကျသည်။

မြန်မာတို့သည် အမိမြေကို သွေးဖြင့် ကာကွယ်သည်။ အသက်ဖြင့် ကာကွယ်သည်။ မိမိမြေ လက်တစ်ဆစ်စာမျှ ရန်သူ မသိမ်းစေရဟူသော စိတ်ဖြင့် မီးကုန်ယမ်းကုန် ခုခံသည်။ ဘုရားမှ ပြိုကျလာသော အုတ်ခဲများ သိမ်တော်ကြီးမှ ကျိုးပဲ့လွင့်စင်သွားသော ပျဉ်တိုပျဉ်စများ မီးတောက်များကြားမှ မတွန့်မဆုတ် ခုခံသည်။

ဖောင်ဝန်မင်း မဟာမင်းထင်မင်းလှသီဟသူသည် တအုန်းအုန်း ကျရောက်ပေါက်ကွဲနေသည့် အမြောက်ဆန်များကို မသိပေ၊ မမြင်ပေ၊ မကြားပေ။ သူ့ဘေးမှ ရေတကောင်းကိုင်နှင့် ထီးတော်မိုးတို့ သွေးအိုင်ထဲ၌ အသက်ပျောက်သွားသည်ကိုလည်း မသိပေ။

"လှည်းလမ်းကြောင်းကိုပစ်။ မြန်မြန်ပစ်လဟဲ့။ငရန်ညွန့်ရဲ့စိန် လက်ဝဲဘက်ကို ရွှေ့စမ်း။ ခါးပြတ်သွားသဲ့ ရှားစောင်းပြာသာဒ်ပင် ဘေးကိုပစ်"

သို့စဉ်တွင် အမြောက်ဆန်တစ်ဆန်သည် ဝန်မင်းဘေးတွင် ကျရောက်

ပေါက်ကွဲ၏။ အူတက်လာသည့် မီးခိုးနှင့် ဖုန်မှုန့်များ ငြိမ်ဝပ်သွားချိန်ဝယ် ဖောင်ဝန်မင်းမှာ အသက်မရှိတော့ပြီ။ ရပ်ပျက်ဆင်းပျက် လဲကျနေငြား၊ ဓား ကိုင်ထားသည့် လက်မှာ ရပ်မပျက်။ မြဲမြဲတင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"အရှင် ဖောင်ဝန်မင်း ရန်သူ့အမြောက်ကျည်ထိပြီး...."

သွေးသောက်ကြီးတစ်ယောက်သည် ဘုရားတံတိုင်း အနောက် တောင်ထောင့်၌ ဓားတဝင့်ဝင့်ဖြင့် အမိန့်ပေးနေသည့် မင်းရဲညွန့်ထံ အပြေး လျှောက်ထား၏။

"ဝန်မင်းရဲ့အလောင်းကို မြောက်ဘက်က သီးပင်အောက်...."

"ကျားဘသား ကျားဟ ကျားဟေ့"

အဆက်မပြတ် ပေါ်လာသော စက်သေနတ်သံကြားတွင် မင်းရဲညွန့် စကားပြတ်သွား၏။ ရင်အုံမှ သွေးတွေ ပန်းထွက်လာငြား ပစ်လဲမသွား။ ရဲမက်များ အလျင်အမြန်ပြေးပွေ့တော့မှ ဝေါ့ခနဲ သွေးပွက်ကြီး အန်ထွက် လာကာ ဇက်ကျိုးကျသွားလေ၏။ ထိုအချိန်တွင် ဓားရဲခုတ်များသည် ဘီလူး သဘက်နှယ် ဝင်ရောက်ခုတ်ထစ်နေကြ၏။

ကုလားဖြူ ကုလားနက်များမှာ သေသူများ၊ ဒဏ်ရာရသူများကို သယ်ပိုးလျက် ဆုတ်ခွာသွားရလေ၏။ ထိုအချိန်တွင် အောက်မြစ်စဉ်ဝန်ကြီး မဟာမင်းခေါင် သမိန်ဘရမ်းမှာလည်း တပ်များကို အလျင်အမြန် ပြန်လည် စုစည်းသည်။ လူ သုံးပုံတစ်ပုံခန့် လျော့နည်းသွားပြီ။

"ခွေးတွေ ဆုတ်လာကြပြီဟေ့"

ငဝဲသည် မန်ကျည်းပင်ပေါ်မှ အော်ပြောရင်း လျှောဆင်းလာ၏။

နေလုံးကြီးသည် ဧရာဝတီမြစ်ထဲသို့ လျင်မြန်စွာ ထိုးဆင်းနေ၏။ ရန်သူများသည် မင်းလှမြို့သို့ ယနေ့ ရောက်အောင်သွားမည့် အစီအစဉ်ကို စွန့်လွှတ်လိုက်ရ၏။ ဦးကင်းဘုရားနှင့် သိမ်တော်ကြီး ထနောင်းကန်ကို မရ မနေ ဆက်လက်တိုက်ခိုက်လျှင် ရကောင်းရမည်။ ရပြီးနောက် မင်းလှသို့

ခရီးဆက်လျှင် မှောင်မည်။ သဘော်သို့ ပြန်လျှင်လည်း မှောင်မည်သာ။

ရန်သူအတွက် အားကိုးစရာမှာ သဘော်သာရှိသည်။ မြေကြီးပေါ်တွင် မှောင်သည်အထိ နေပါက တိုက်ပွဲတွင် သေကြေသည်ထက် ဆိုးမည်။ တိုက်ပွဲတွင် ဒဏ်ရာရသည့် အရေအတွက်ထက် ပိုမိုမည်။ သို့အတွက် အမှောင်မသမ်းမီ သဘော်ပေါ်ရောက်အောင် ဆုတ်ခွာသွားခဲ့ကြခြင်းဖြစ်၏။

"လေပွေလေပွေ၊ ဝပ်နေကြ ဝပ် ဝပ်"

လေပွေကြီးတစ်ခု ကြီးမားသော အမှိုက်ကတော့ကြီး ထောင်လှည့်လျက် ကျယ်လောင်စွာ အော်မြည် ပြေးလွှားလာ၏။ ကုလားဖြူ ကုလားနက်များသည် ချုံဖုတ်ဘေးသို့ ပြေးဝပ်ကြသည်။ သစ်ပင်အောက်သို့ ပြေးခိုကြသည်။

လေပွေကြီး လွန်သွားပြီ။

ဝပ်သူများ ထ၏။ သစ်ပင်အောက်သို့ ပြေးခိုသူတွေ ထွက်လာ၏။ ချုံစပ်သို့ ပြေးခိုလာသူများ ထမလာချေ။ အချို့ ငုတ်တုတ် အသက်ပျောက်နေ၏။ အချို့ လဲကျသေဆုံးနေ၏။ လေပွေ ဖော့ချိန်ကလေးကို အခွင့်ကောင်းယူလျက် ရောက်ရာ ချုံဖုတ်ထဲရှိ လူများက သေနတ်နှင့် ကျည်ဆန်ကို ယူသွားကြပြီ။

ရန်သူတွေ ထိတ်လန့်တုန်လှုပ်စွာဖြင့် သုတ်ခြေတင်ကြသည်။

သဘော်များကို မြင်ရပြီ။

တဝေါဝေါအသံပေးလျက် ကျယ်လောင်သောအသံကြီး အရှေ့တောင်အရပ်မှ မြည်ဟီး၏။ မှော်ကြည့်သော ဖုန်လုံးကြီးသာ မြင်ရ၏။ ဖုန်လုံးကြီးနောက်ဝယ် ကျိုးသံပဲ့သံများ ဆူညံနေသည်။ ရန်သူ ကုလားဖြူ ကုလားမည်းများသည် သူနာကို စောင်အုပ်ပြီး မုန်တိုင်းကို ကျောပေးခဲ့ကြ၏။

ရန်သူသည် မုန်တိုင်းကို မုန်တိုင်းဟုသာ သိ၏။ ကျားခနဲ အော်သံ၊ ဒုတ်ခနဲ၊ အိခနဲ မြည်သံကြားတော့မှ လေထဲတွင် မြန်မာတွေ ပါလာကြောင်း

သိသည်။ သူတို့ ပြန်လှန်ပစ်ခတ်ရန် လှုပ်ရှားချိန်ဝယ် မုန်တိုင်းလွန်သွားပြီ။

ရန်သူမှာ တိုက်ပွဲတွင် နာသည်ထက် မုန်တိုင်းထဲမှ လေနှင့်အတူ ပါအောင် ပြေးလိုက်လာပြီး ခုတ်သွားသူများ၏လက်ချက်ဖြင့် ပို၍နာ၏။ နာသူရော၊ ကောင်းသူရော၊ သေသူပါမရှောင် ရမ်းခုတ်သွားခြင်းဖြစ်၏။

သေနတ် ၁၁ လက်ဖြင့် စတင်ခဲ့သော ကိုမိုးကောင်းတို့၏ မိစ္ဆာဒိဋ္ဌိ သုတ်သင်ရေးအဖွဲ့မှာ သေနတ်အလက် ၂၀ ရှိလာပြီ။ လူနှစ်ကျိပ်ကျော်မျှဖြင့် စတင်ခဲ့၏။ တစ်ကျိပ် ကျဆုံးပြီး နှစ်ကျိပ် ဒဏ်ရာရငြား သည် အရှေ့ဘက် ကမ်းမှ ဒေါသဖြစ်နေသူများ ထပ်မံဖြည့်တင်းသဖြင့် လူသုံးကျိပ်ဖြစ်နေသည်။

ရန်သူက သဘော်ပေါ်သို့ အရအမိဆုတ်ခွာပြီး ရေလယ်တွင် ကျောက်ချနေသည်။ ကိုမိုးကောင်းတို့လည်း ရန်သူအလာရခက် အမြင်ရ မလွယ်သော လျှိုမြောင်ချပ်ကြား ထူထပ်ရာသို့ ရွှေ့လာရသည်။ အိပ်စက် နားနေ စားသောက်ရန်နှင့် ဒဏ်ရာရသူများ ဆေးဝါးကုသရန်၊ ကျဆုံးသူများ မြှုပ်နှံရန်ဖြစ်သည်။

သူတို့သည် ပါသမျှရိက္ခာကို ခွဲဝေမျှတ စားသောက်ရသဖြင့် မဝပါ။ အကျီမဝတ်သူက များပြားသဖြင့် အချမ်းနှင့်ကြုံသောအခါ နံငယ်ပိုင်းနှင့် ပုဆိုးသာ အားကိုးစရာရှိ၏။ ပုဆိုးရှိသူက ခံသာငြား၊ နံငယ်ပိုင်းသမားမှာ မလုံခြုံပါ။ သို့ဖြစ်သဖြင့် လျှိုနံရံရှိ ကလိုင်ခေါင်းများရှာပြီး ဝင်အိပ်ကြရ၏။

ကိုမိုးကောင်းမှာ ခေါင်းနှင့် သစ်တုံးနှင့် ထိမိသည်နှင့် တစ်ပြိုင်နက်တည်း အိပ်မောကျသွားခဲ့ရာ ကင်းသမားလာနှိုးမှ နိုးတော့သည်။ စေးပျစ်တောကို အရုဏ်ဦးရောင်ခြည် ဆမ်းနေပြီ။ ကျေးငှက်တို့ ကျီကျီကျာကျာ တွန်ကြော် ကြပြီ။ ကျီးကန်းတစ်အုပ်လည်း တောင်အရပ်မှ ပျံသန်းလာကာ၊ ဆူဆူ ညံညံဖြင့် ခေါင်းပေါ်မှ ဖြတ်ကျော်သွားကြပြီ။

ကိုမိုးကောင်း မထချင်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ သို့သော် အံကြိတ်ပြီး ကုန်းရုန်းထ၏။

## ပုဂံစာအုပ်တိုက်

"ဟေ့ စံကျော်၊ အေအုပ်၊ ဖိုးထင်၊ ငလှိုင်တို့ ထကြဟေ့။ အနီးအနားမှာ စားစရာကလေးများ ရလိုရငြား ကုလားတွေမနိုးခင် ထွက်ပြီး ရှာချေကြဟေ့။ ဆန်ကွဲရရ၊ ပြောင်းရရ၊ ပဲရရ"

ထိုသူများမှာ တမြန်နေ့ကနှင့် ယမန်နေ့ကမှ ခက်ရင်းဆွဲကာ တူးရွင်းဆွဲကာ ဝင်ရောက်လိုက်ပါလာသူများဖြစ်၏။ သူတို့ကို စေခိုင်းရခြင်းမှာ သူတို့က သည်ဘက်ကမ်းသားများ ဖြစ်သောကြောင့်ပင်။

"ဟေ့ ငလှိုင်၊ စံကျော်၊ ဖိုးထင်၊ အေအုပ်"

ကိုမိုးကောင်း ထပ်မံအော်သောအခါ မီးဖိုဘေးတွင် ဝိုင်းပတ်အိပ်နေသူအချို့ နိုးလာသည်။ လက်ဆင့်ကမ်းအော်ကြသည်။ အော်သံများစဲသွားပြီး တစ်ခဏအတွင်း၌ ဟာခနဲ အော်သံကြီး ပေါ်လာသည်။

လျှိုထဲတွင် မှောင်မည်းနေဆဲရှိသေးသဖြင့် မီးဖိုကို သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များ ထည့်ပေးကြသည်။ ကိုဝဲ၊ ကိုချွဲတို့သည် အထိတ်တလန့် အော်သံကြားသည့်နေရာသို့ ချက်ချင်းရောက်လာကြ၏။

ကိုဝဲသည် လူတစ်ယောက်ကို မီးဖိုဘေးသို့ ပွေ့ယူလာ၏။ ထိုသူမှာ စံကျော်ဖြစ်သည်။ ကိုဝဲချထားသည့်အတိုင်း မလှုပ်မယှက် ငြိမ်နေသည်။

"ကျုပ်က ဟေ့ရောင်းရင်းလို့ အော်မလို့ လက်နဲ့သွားပုတ်လိုက်သာ အခုလို တောင့်တင်းအေးစက်နေသာ တွေ့ရသဗျာ"

စတင်တွေ့သူ ကျော်ကြားက ရှင်းပြ၏။

"ကြည့်ကြစမ်းဟေ့၊ ဘာဖြစ်သာတုန်း။ မီးတုတ်နဲ့ ကြည့်ကြစမ်း"

"မြွေခဲသာ။ လိုဏ်ခေါင်းထဲ ဝင်အကွေးမှာ မြွေအခွေကို ဖိမိဟန်တူသဗျ။ မြွေလည်း လှုပ်လို့မရလို့ ငြိမ်နေရပေမယ့် လူလည်း အိပ်မောကျလို့ လှုပ်ရော ပေါက်တော့သာပါ"

ကိုချွဲ၏အဖြေဖြစ်သည်။ နောက်တစ်ယောက်ကလည်း "စံကျော်ကို ကိုက်သွဲ့အကောင်" ဟု သေခါစမြွေတစ်ကောင်ကို မီးဖိုဘေးသို့ပစ်ပေး၏။

မိုးခေါင်ရေရှားအရပ်မှ မြွေများသည် အဆိပ်ပြင်း၏။ စံကျော်သည် အိပ်ရာမှ မနိုးဘဲ အသက်ပျောက်ခဲ့ဟန်တူ၏။

"ဟ ဟ၊ ဂလိုဏ်ထဲ ဝင်အိပ်သဲ့လူတွေ နိုးစမ်း နိုးစမ်း"

ကိုမိုးကောင်း အော်လည်းအော်သည်။ မီးတုတ်တစ်ချောင်းယူပြီး လျှိုနံရံရှိ လိုဏ်ခေါင်းများကို လိုက်လံကြည့်ရှုသည်။

"ရောင်းရင်း ထစမ်း၊ ထစမ်း"

ဆွဲအချခံရသူသည် ကြောင်စီစီဖြင့် လျှိုထဲသို့ ကျလာ၏။ ပဋ္ဌမလူမှု ကျကား ကျလာ၏။ သို့တစေ တောင့်တောင့်ကြီး။

"ငဝဲ လာစမ်းဟေ့၊ သည်ရောင်းရင်း ဘယ်သူတုန်း"

"ဥယျာဉ်ရွာက ငလှိုင်ပဲ၊ နောင်ကြီးကောင်းရေ့"

အခြားသူများလည်း လျှိုတစ်လျှောက်ရှိ လိုဏ်ခေါင်းများကို လိုက်လံ စစ်ဆေးရာ နောက်ထပ် နှစ်လောင်းရသည်။ အားလုံး မြွေခဲခံရသူချည်း ဖြစ်သည်။

အလောင်းတွေ၊ မြွေသေတွေကို ကြည့်လျက် ကိုမိုးကောင်း တောက် ခေါက်မိတော့သည်။

"ရန်သူကိုတိုက်တုန်းက မသေဘဲနဲ့ အိပ်တော့မှ သေရလေခြင်းကွာ"

သူတို့သည် တောင့်တင်းအေးမာနေပြီဖြစ်သော အလောင်းများကို မျောနေခြင်းလောဟု သံသယဝင်သူက ဝင်သဖြင့် ရင်အုပ်ကို ပွတ်သပ်သူက ပွတ်သပ်ပေး၏။ ခြေလက်တွေ ကွေးချည်ဆန့်ချည် လုပ်သူကလုပ်ပေး၏။ ထိုသို့ လုပ်သူများအား အပြစ်မဆိုသာပေ။ သူတို့ကြားဖူးသည့် 'ဘုမသိ ဘမသိ' ကွက်စိတ်ထဲတွင် မြွေဆိပ်ကြောင့်မြောနေသည်ကို သေပြီထင်ပြီး ဖောင်ဖြင့် မျှောလိုက်သော ဇာတ်လမ်း ပါရှိခဲ့သည် မဟုတ်လော။

"ကုလားတွေ သင်္ဘောပေါ်က ဆင်းလာကြပြန်ပြီဗျို့"

စံကျော်၊ ငလှိုင်းနှင့် ဖိုးထင်၊ ငအုပ်တို့ကို မြေမြှုပ်သင်္ဂြိုဟ်နေချိန်တွင်

ကင်းသမား၏အသံကို ကြားကြရ၏။ ကြားရင်ငြား ကိုမိုးကောင်း၏ လူများမှာ ချည့်နဲ့နေသည်။ ချည့်နဲ့နေပါလျက်က စားဆွဲသူဆွဲ၊ သေနတ်ဆွဲသူဆွဲ အသင့်ပြင်ကြသည်။

ကိုမိုးကောင်းသည် သူ့လူများထံမှ ထမင်းခြောက်၊ ဆန်ကွဲ စသည်များ လိုက်လံစုဆောင်းရ၏။ ဆန်ကွဲတစ်ဆုပ်သာရသဖြင့် ပိုင်ရှင်ထံ ပြန်ပေးပြီး၊ ထမင်းခြောက် အနည်းငယ်စီ ဝေငှပေး၏။

"မလွန်နဲ့ဥယျာဉ်မှာ စားစရာ ရလိုရငြား ရှာချေပါဆိုပြီး နှိုးတော့မှ အနှိုးခံရသူတွေ သေသယ်ကွာ။ ကဲ ရတတ်သမျှနဲ့ပဲ ရောင့်ရဲပြီး နွှဲလိုက်ကြဦးစို့ ရောင်းရင်းတို့ရေ"

ထမင်းခြောက်ကား ဝါး၍အရသာမရှိ။ ပါးစောင်တွင်ငုံထားမှ အရသာပေါ်၏။ ထမင်းခြောက်ကိုငုံလျက် လမ်းလျှောက်လာကြရာ၊ ခဲတစ်ပစ်ခန့် သွားမိလျှင်ပင် အရသာပေါ်စပြုသည်။ ပါးစောင်မှထွက်သော တံတွေးသည် ထမင်းခြောက်ကို နှူးပေးသည်။ ဆိမ့်သောအရသာ၊ ချိုသောအရသာများ ပေါ်လာပြီ။

တံတွေးနှူးသဖြင့် နူးပွလာသည့် ထမင်းခြောက်သည် မည်မျှ ပွားပါမည်နည်း။ တစ်ဆမျှသာ ပွားပါမည်။ မိစ္ဆာဒိဋ္ဌိ နှိမ်နင်းရေးလူစုသည် သည်မျှသော စားမျိုစရာဖြင့် အဘယ်မှာ တင်းတိမ်ပါမည်နည်း။ နံနက်လင်းလျှင် ပြောင်းဖူးစေ့ပြုတ်ဖြစ်စေ၊ နမ်းဖတ်ခဲထမင်းဖြစ်စေ၊ ဆတ်ပေါင်း၊ လူးပေါင်း၊ ဆန်ထမင်း၊ ဆန်ကွဲ၊ ဆန်ညှာ၊ ဆန်လတ်ထမင်းဖြစ်စေ ရေမျိုချဉ်းအောင် စားမျိုပြီးမှ အလုပ်ခွင်သို့ ဝင်သူများသည်။ ချည့်နဲ့သောခါးကို တိုင်းချစ်ပြည်ချစ်စိတ်၊ အင်္ဂလိပ်မုန်းတီးစိတ်ဖြင့် တောင့်မတ်လျက် မြောက်အရပ်သို့ ချီတက်ခဲ့ကြလေ၏။

မြောက်အရပ်တွင်ကား မြစ်စဉ်ဝန်ကြီး မဟာသမိန်ဘရမ်းသည် ခံစစ်ကြောင်းကို ထပ်မံတည်ဆောက်ထားသည်။ ရန်သူကို သိမ်တော်ကြီး

ထနောင်းကန် ဦးကင်းဘုရားဟူသည့် သုံးပွင့်ဆိုင် ကျားပါးစပ်တွင်းသို့ အဝင် မခံဘဲ သစ်ပင်၊ ချုံဖုတ် ထူထပ်ရာမှ ကြိုလင့်တိုက်ခိုက်လေ၏။

ရန်သူသည် အခုအခံ ထူထပ်သည့် နေရာများသို့ လားဆွဲ အမြောက် များဖြင့် ပစ်ခတ်သည်။ စက်သေနတ်များကို ဗဟိုထားပြီး တရစပ်ပစ်ခတ်ကာ ပန်းတက်လာသည်။

မြန်မာတပ်များသည် သစ်ပင်များ၊ ကျောက်တုံးများ၊ လှိုမျှားနောက်သို့ တစ်သစ်ချင်း၊ တစ်ညှိုချင်း၊ တစ်မိုက်ချင်း ဆုတ်လျက် ခုခံသည်။ ကျားပါးစပ် တွင်းသို့ ဝင်လာချိန်၌ အမြောက်ကြီးခြောက်လက်က စုပြုပစ်ခတ်သည်။

ကိုမိုးကောင်းတို့လူစုသည် ရန်သူ့ကျောဘက် မလှမ်းမကမ်းမှ ပုန်းလျှိုး ကွယ်လျှိုးဖြင့် လိုက်လာကြသည်။ ချက်ကောင်းတွေ့လျှင် သေနတ်ဖြင့် ပစ်သည်။ ဒူးလေးဖြင့် ပစ်သည်။

သိမ်တော်ကြီးသည် မီးဟုန်းဟုန်းတောက်၏။ ယမန်နေ့က သစ်တို၊ သစ်စ ဖြစ်ခဲ့သော သိမ်တော်ကြီးမှာ ယနေ့ ပြာကျသွားပြီ။

ထနောင်းပင်ပုများဝန်းရံထားသည့် ရေကန်ကြီးမှာလည်း သစ်ပင်တွေ ကုန်ပြီ။ ကန်ပေါင်မှာ မြေစိုင်ခဲကြီးတွေ ဖြစ်သွားပြီ။ ကြွက်တူးပြီးနောက် လူတို့ ကျောခိုင်းသွားခဲ့သည့် မြေပြင်နှင့် ပမာမခြားပြီ။

ဆွမ်းခံဝင်ချိန်မှ စတင်ခဲ့သော တိုက်ပွဲ။ ဆွမ်းခံပြန်ချိန် ကျော်ခဲ့ပြီ။ ရန်သူမှာ တိုးချည်ဆုတ်ချည်ဖြင့် သိမ်တော်ကြီးကိုလည်း မသိမ်းနိုင်။ အဆောက်အအုံပြာကျသွားသော်လည်း ထံတိုင်းကြီးမှာ ထုထည်ကောင်းလွန်း နေသည်။ သို့အတွက် မြန်မာအမြောက် တစ်ဖက်ကမ်းလွန်သို့ ဆုတ်သည်။ နံနက်စာ စားသည်။

"လာကြဟေ့၊ ရန်သူ ဖြောင့်ဖြောင့်တန်းတန်း ထမင်း မစားရအောင် လုပ်စို့"

ကိုမိုးကောင်းတို့သည် ချုံထဲမှ ထွက်လာကြ၏။

**ပုဂံစာအုပ်တိုက်**

"ငဝဲက ဘယ်တောင်ပံ၊ ငချွဲက ညာတောင်ပံဟေ့။ ငါက အလယ်က နေမယ်။ ဓားပဲသုံးသုံး၊ သေနတ်ပဲသုံးသုံး၊ ချက်ကောင်းမိမှ လုပ်ဟေ့"

ကိုမိုးကောင်းသည် သေနတ်ခုနစ်လက်၊ လူတစ်ကျိပ်ကို ဦးဆောင်လျက် ချောက်ထဲသို့ ခုန်ချသည်။ သူ့နောက်တွင် ဒဂုန်မော်ရွာသား ကျော်ကြားနှင့် ငရိုက်၊ ဆင်သေရွာသား မှတ်ကြီး၊ အင်းကလေးရွာသား မြတ်အေးနှင့် ငတော၊ ငထိုက်၊ ဥယျာဉ်ရွာသားနှင့် မလွန်ရွာသား လေးယောက်ပါသည်။

သူတို့သည် ထမင်းစားနေသော ကုလားများကို လှမ်းကြည့်လိုက်၊ လှျိုထဲသို့ ပြန်ဆင်းလိုက်ဖြင့် ရန်သူနှင့်နီးအောင် ချဉ်းကပ်လာကြ၏။

ကုလားဖြူတစ်စု ထမင်းစားနေသည့်နေရာနှင့် ဝါးနှစ်ရိုက်အကွာသို့ ရောက်လာသည်။ ရှေ့တိုး၍မရ။ လှျိုကလည်း ဆုံးသွားပြီ။ ချုံလည်းမရှိ။ စောင်ချမ်းပင်ကြီးအောက်၌ ထမင်းစားနေသော ကုလားဖြူများမှာ ဓားဖြင့် ခုတ်ချင်စရာ ကောင်းလှချေသည်။

ကမ်းပါးစောင်းတွင် နာနတ်ပင်များ ရှိသည်။ နာနတ်ပင်များအောက်တွင် လိုဏ်ခေါင်းကြီးတစ်ပေါက်။ လူတစ်ကိုယ် ချောင်ချောင်ချိစွာ ဝင်နိုင်သည်။ "မင်းတို့ဘက် မလာမချင်း မပစ်နဲ့။ လာရင်တော့ ပစ်သာပစ်" ဟု မှာခဲ့ကာ သူးတွင်း 'လိုဏ်ခေါင်း' ထဲသို့ ဝင်လာသည်။

ထူးတွင်းဟူသည် မိုးရေစိမ့်ဝင်ရာ လမ်းကြောင်းဖြစ်၏။

ရှားရှားပါးပါး အညာမိုးသည် ကိုင်း၊ ကျွန်း၊ ယာများကို ဖျက်ဆီးရန် အတွက် တစ်ခါတစ်ရံ၌ ရက်ရှည်ဆွဲပြီး ရွာတတ်၏။ မြေမျက်နှာပြင်ပေါ်၌ စီးမိသော ရေများသည် နိမ့်ရာသို့ စီးဆင်းလာကြ၏။ ကမ်းပါးစွန်း၊ ကမ်းပါး ပြတ်ဖြစ်စေ၊ တစ်ဖက်ဆည်ကန်ထဲသို့ ဖြစ်စေ စီးဝင်၏။

ထိုကဲ့သို့ စီးဝင်စရာ ထွက်ပေါက်မရှိသော မိုးရေသည် နိမ့်ရာတွင် စိမ့်ဝင်၏။ ရေများ စုဝေးဝပ်သောနေရာသည် တဖြည်းဖြည်း အိကျုံ၏။ မြေ အောက်တွင် လမ်းကြောင်းရာကာ လှျိုမြောင်ချပ်ကြားများသို့ စီးထွက်၏။

နှစ်ကာလ ရှည်ကြာလာ၏။ မြေအောက်က ရေစီးလမ်းသည် လိုဏ်ခေါင်းကြီး ဖြစ်လာ၏။

ကိုမိုးကောင်း ဝင်ခဲ့သောလမ်းမှာ သည်ကဲ့သို့သော လမ်းမျိုးဖြစ်သည်။ သူသည် ကုန်းပြီးဝင်ခဲ့ရာက အလင်းရောင်ကွက်ကလေး မြင်ရချိန်ဝယ် လေးဖက်ထောက်ပြီး သွားရပြီ။ ရွှတ်ရွှတ်ရှက်ရှက် စကားပြောသံများ ကြားရချိန်၌ လေးဖက်မထောက်သာတော့ပါ။

သူက ထမင်းဝိုင်းအလယ်သို့ဝင်ပြီး ဓားဖြင့်ရမ်းမည်။ ချက်ချင်း ထူးတွင်းထဲ ပြန်ဝင်မည် စိတ်ကူးသည်။ လက်တွေ့တွင်မူ ထမင်းဝိုင်းအလယ်သို့ ရောက်အောင်မသွားနိုင်ပြီ။

သေနတ်သံများ ကြားရသည်။

သူမြင်နေရသော အလင်းကွက် ပျောက်သွားသည်။ မကြာမီ ပြန်လင်းလာသည်။ သူတရွေ့ရွေ့ ပြန်ထွက်လာသည်။ တောနာနတ်ပင်အုပ်ဘေးတွင် သူ့လူများ မရှိတော့ချေ။ ရန်သူ့အရိပ်အခြည်နှင့် အသံဗလံများကို သူ အကဲခတ်နေစဉ်၊ ဘွားခနဲ ကျော်ကြား ရောက်လာသည်။

"ဘာဖြစ်ကြတာတုန်းကွ"

"မှတ်ကြီးပေါ့ သွေးသောက်မင်းရာ၊ စိတ်မထိန်းနိုင်လို့ သေနတ်နဲ့ ပစ်သာ၊ ကုလားဖြူကိုလည်းမထိဘူး။ ဟိုက ပြန်ပစ်ရင်းပြေးလာလို့ ဟိုဘက်အစွယ်ထဲမှာ ဝင်အောင်းပြီး ပြန်ပစ်ရသယ်"

"ခွေးတစ်ကောင်မှ မသေဖူးလား"

"တစ်ကောင်တော့ ပခုံး ထိသွားသယ်။ ကျွန်တော်တို့ဘက်က နှစ်ယောက် ကျသယ်"

ကိုမိုးကောင်းသည် လိုဏ်ဝတွင် ငုတ်တုတ်ထိုင်ရာမှ မထမိသေး။ ထမင်းစားနေသူကိုပင် ထိအောင်မပစ်နိုင်သော မိမိတို့ဟာချက်ကို စဉ်းစားမိ၍ ဖြစ်သည်။ နောက်မှ သတိရကာ ခုန်ထသည်။

"ခွေးတွေ သွားပြီလား"

မေးလည်းမေးသည်။ လျှိုထိပ်သို့လည်း ပြေးတက်သည်။ ကျူးကျော်လုယက်သော အင်္ဂလိပ်စားပြမျာ်းနှင့် နောက်လိုက်များသည် သုံးပွင့်ဆိုင်ခံစစ်ကြောင်းထဲသို့ ကျက်သရေကင်းမဲ့သော နီပြာကြက်ခြေခတ် အလံကြီး တရမ်းရမ်းဖြင့် ဝင်သွားပြီ။ သိမ်တော်ကြီးတံတိုင်းနှင့် ဘုရားတံတိုင်း၊ ကန်ပေါင်ရိုးတို့မှ ပစ်ခတ်ခုခံမှု လုံးဝမရှိတော့ချေ။

## ၂၉

မင်းလှမြို့ဘက်မှ အမြောက်သံများ မိုးချုန်းသံနှင့်ပြိုင်လျက် လွင့်ပျံလာသည်။ ကျနေရောင်အောက်ဝယ် မင်းလှမြို့ငယ်မှာ မီးဟုန်းဟုန်းတောက်နေသည်။

အောက်မြစ်စဉ်ဝန် မဟာမင်းလှမင်းခေါင် သမိန်ဘရမ်းသည် သုံးပွင့်ဆိုင် ပန်းတော်ပြင်ခံကတုတ်ကို စွန့်ခွာခဲ့ပြီးလျှင် မင်းလှမြို့စွန်ရှိ ကုန်းရွာတွင် ခံစစ်ဖွင့်သည်။ သယ်ယူလာခဲ့သည့် အမြောက်ကြီးများ နေရာချထား၍ မပြီးစီးမီ ရန်သူရောက်လာသည်။ အမြောက်များဖြင့် လှမ်းပစ်ကာ ဖရိုဖရဲဖြစ်အောင် လုပ်ပြီးသည့်နောက် အတင်းဝင်ရောက်တိုက်ခိုက်တော့သည်။

ကိုမိုးကောင်းတို့မှာ ရန်သူ့နောက်သို့ မလိုက်နိုင်သေးပေ။ အလောင်းနှစ်လောင်းကို မြှုပ်နှံပြီးနောက် ကိုဝဲ၊ ကိုချွဲတို့ကို ထနောင်းကန်မှ စောင့်နေရသည်။ မြစ်ထဲမှ ပစ်ခတ်သံများ ကုန်းပေါ်မှ ပစ်ခတ်သံများသည် မြေကြီးသိမ့်သိမ့်ခါ၏။ သည်အသံကြောင့် ကိုမိုးကောင်းမှာ မင်းလှဘက်မျှော်ချေ၊ သူ့လူတွေကိုမျှော်ချေ မရိုးမရှဖြစ်နေ၏။

ကွမ်းတစ်ယာညက်ခန့်ကြာမှ၊ ဟိုချပ်ကြားထဲမှ တစ်ယောက်ပေါ်လိုက်၊ သည်ချုံထဲမှတစ်ယောက်ပေါ်လာလိုက်ဖြင့် ကိုချွဲ၊ ကိုဝဲတို့ ရောက်လာကြ၏။ သေနတ်မရငြား၊ ကျည်ဆန်နှစ်ဆယ် ရလာကြသည်။

"ကိုင်း၊ နားမနေကြနဲ့ဟေ့၊ ဟိုခွေးတွေ သင်္ဘောပေါ် တက်မပြေးခင် အမိလိုက်ကြရအောင်ဟေ့"

ကိုမိုးကောင်းသည် ပြောပြောဆိုဆို ကန်ပေါင်ပေါ်မှ ခုန်ချပြီး မင်းလှဘက်သို့ အသော့နှင်တော့သည်။ သူသည် သူ့လူနှစ်ယောက် သေသည်ကိုသာ သိ၏။ ဒေါသပြေပျောက်အသွားတွင် အပင်ပန်းမခံနိုင်ခြင်း၊ အသက် မစွန့်ရဲခြင်းကြောင့် လူသုံးယောက် ပြန်သွားသည်ကို မသိချေ။

သေနတ်သံများကို ပေါက်ပေါက်လော့သောနှယ် အဆက်မပြတ် ကြားရ၏။ ပြတ်တောင်းပြတ်တောင်းလည်း ကြားရ၏။ အမြောက်သံ ပေါ်လာလျှင် သေနတ်သံများ ပျောက်သွားပြန်၏။ မင်းလှမြို့ကိုလောင်သော မီးကြောင့် ဧရာဝတီမြစ်ပြင်တစ်ခုလုံး နီရဲနေချေ၏။

ကုန်းရွာကို လှမ်းမြင်ရပြီ။

ရန်သူ့အရိပ်အခြည်မရှိ။ မြန်မာ့တပ်မတော်သားများ၏ အသွင်အပြင်ဖြစ်သည့် ငွေကြက်လျှာသုံးစနှင့် မြဒေါင်းလံလည်း ကွယ်ပြီ။ တိုက်ပွဲကား ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ဟန်ရှိသည်။ သစ်ပင်တွေ ကျိုးပြတ်နေပုံ၊ မြက်စိုမြက်ခြောက်တွေ မီးလောင်နေပုံက သက်သေခံနေ၏။ အောက်မြစ်စဉ် ဝန်ကြီး၏တပ်သည် မင်းလှခံတပ်သို့တည်း သွားရောက်ပေါင်းစည်းသလော၊ နေပြည်တော်သို့ပင် ပြန်သလော။

အမြောက်သံများ ရပ်စဲသွားပြီ။ သေနတ်သံများသာ ဖြိုးဖြိုးဖြောက်ဖြောက် ကြားနေရစဉ် အမင်္ဂလာ ယူနီယံဂျက်အလံကို ကိုမိုးကောင်း မြင်ရသည်။ ဟယ်ခနဲအော်အပြီးတွင် ကြက်သေသေလျက် ငေးကြည့်နေမိသောသည်။

**ပုဂံစာအုပ်တိုက်**

ကိုမိုးကောင်း မြင်ရသော အမင်္ဂလာအလဲသည် မင်းလှခံတပ် အလဲ တိုင်ထိပ်သို့ လျင်မြန်စွာ တက်လာနေသည်။

'သွားပါပြီကော၊ သွားပါပြီကော။ ငါတို့ခံတပ်ကြီး'

မင်းလှမြို့ထဲမှလူများ အုပ်ကြီးချလျက် ပြေးလာကြသည်။ တိုက်ပွဲ ပြီးမပြီး သူတို့မသိ။ မီးလွတ်ရာ၊ ကျည်လွတ်ရာသို့ ပြေးမိပြေးရာ ပြေးလာ ကြဟန်တူသည်။ အသက်ကို ဦးစားပေးလျက် ပြေးလာရသဖြင့် များများ စားစား မသယ်ပိုးနိုင်ကြ။ သည်ထဲတွင် နွားလှည်းနှစ်စီးသာ ပါဝင်သည်။

ကိုမိုးကောင်းတို့မှာ ထိုသူများအား ခံကတုတ်ပျက်ထဲမှ ရိဝေစွာ လှမ်းကြည့်ရုံသာ ကြည့်နေနိုင်၏။ မည်သို့ ကူညီရမှန်းမသိ။ မည်သို့မျှ မကူညီနိုင်။ လူအုပ်ကြီး ကုန်စင်သွားပြီ။ လူအုပ်ကြီး၏ နောက်ချန် ဖုန်လုံး ကြီးလည်း ပါးစပြုပြီ။ ထိုအချိန်တွင်မှ ကိုမိုးကောင်းမှာ အတွေးဝင်၏။

'သည်လူတွေ တစ်ရွာရွာကိုမရောက်ခင် တောကြောင်နဲ့တွေ့မှဖြင့်....'

ထိုလူအုပ်နှင့် ရောနှောလိုက်ပါသွားခြင်းဖြင့် ကာကွယ်ရ၊ ကူညီ ရသော် ကောင်းမည်လော အတွေးဝင်သည်။ ငချွဲကို လှမ်းကြည့်သည်တွင် မြင်ကွင်းထဲသို့ မြင်းတစ်စီးဝင်လာသည်။ သူကောင်းစွာမှတ်မိနေသည့် မြင်းနီ မန်ကျည်းစေ့ရောင်။

မြင်းကြီးသည် မလှမ်းချင်လှမ်းချင် လှမ်းလာ၏။ မြင်းပေါ်မှလူသည် မြန်မာ့တပ်မတော်အရာရှိ အဆင့်တန်ဆာ ဆင်ယင်ထားသော အရာရှိ တစ်ယောက်ဖြစ်သည်။ သို့သော် သွေးစေးနှင့် ဖုန်တွေ၊ မီးခိုးတွေကြောင့် လူရုပ်မပေါ်။

"မြင်းစီးကြီး၊ ကျုပ်တို့သည်မှာဗျို့"

မြင်းပေါ်တွင် ခေါင်းငိုက်စိုက်ချလျက် ပါလာသောလူသည် မြင်းကို နှင်ခြင်းမဟုတ်။ မြင်းသွားရာသို့ ပါလာရဟန်ရှိ၏။ ကိုမိုးကောင်းသည် မြင်းကို မှတ်မိသည်။ သို့အတွက် အသံပေးလိုက်ခြင်းဖြစ်သည်။

**ပုဂံစာအုပ်တိုက်**

ကိုရွှဲ၏ကိုယ်တွင်းသို့ ထိုအခါတွင်မှ အသိဝင်လာဟန်တူသည်။ ချက်ချင်း ခေါင်းထောင်သည်။ အသံလာရာသို့ ကြည့်သည်။ သေနတ် မြှောက်ပြနေသည်။ ပေကျံညစ်စုတ်နေသည့် ခေါင်းပေါင်းစတလူလူနှင့် လူ တစ်ယောက်။ ထိုးကွင်းမြေစိုက်နှင့် အရုပ်အမောင်းကို သတိမထားလျှင် ကိုမိုးကောင်းဟု သိရန်မလွယ်။

"ကိုကြီးရွှဲ နေကောင်းလား"

ကိုရွှဲနှင့် ကိုဝဲ ညီအရင်းအချာနှစ်ယောက်သို့ ကိုရွှဲသည် ခေါင်းညိတ် ရုံသာ ညိတ်ပြပြီး ကိုမိုးကောင်းကို ပြေးဖက်၏။

"ကျုပ်တို့ရဲ့ အသည်းနှလုံး ခံတပ်ကြီး ကျသွားပြီဗျ"

တစ်ဆို့သံကြီးဖြင့်အော်လျက် ကိုမိုးကောင်း၏ လက်မောင်းပေါ်သို့ မျက်နှာမှောက်ချကာ ငိုယိုလေ၏။ သည်ယောကျာ်းရင့်မာကြီး ငိုယိုသဖြင့် မျက်ရည်ခိုင်သော ကိုမိုးကောင်းပင် မျက်ရည်ဝဲ၏။ မိမိပါ မျက်ရည်ဝေ့လာ သဖြင့် မြင်းစီးကြီးငိုသည်ကို သူသည် မတားဆီးရက်။

သို့သော် မြင်းစီးကြီးကိုရွှဲသည် ယောကျာ်းတန်မဲ့ ငိုသူများအား ကိုမိုးကောင်း စက်ဆုတ်ကြောင်း သတိရဟန်ရှိ၏။ ချက်ချင်း ခေါင်း ပြန်ထောင်၏။ မျက်ရည်ကို ကြမ်းတမ်းစွာပွတ်ပစ်၏။ နာကျည်းစွာပြော၏။

"သင်္ဘောပေါ်မှာ ညောင်ရမ်းမင်းသားမကလို့ သိကြားမင်းကြီး ပါလာတော့ ဘာဖြစ်သတုန်း။ ရန်သူ့သင်္ဘောဟာ ရန်သူ့သင်္ဘောပဲပေါ့။ အခုတော့၊ အခုတော့...."

ကိုရွှဲသည် နာကျည်းစွာပြော၏။

ခံတပ်ကြီး ရန်သူ့လက်သို့ ကျဆုံးရခြင်းတွင် ရန်သူ့နယ်ထဲသို့ ထွက်ပြေးလွတ်မြောက်သွားသည့် ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသားတို့ ပါလာလေဟန်၊ ညောင်ရမ်းမင်းသားနှင့် ရုပ်ချင်းဆင်သော စကားပြန် မောင်ဘသန်းကို သင်္ဘောဦး၌ တင်လာခြင်းလည်း ပါဝင်၏။ တပ်မတော်

သားများ အကြပ်များကြားသို့ သည်သတင်းကို မည်သူ ပို့လွှင့်သနည်း။ ပွစိပွစိ ဖြစ်သဖြင့် ကိုရွှဲ ကြားခဲ့ရ သိခဲ့ရသည်။

ကိုရွှဲမသိသော၊ မကြားခဲ့ရသော အခြားအချက်ရှိသေးသည်။

ထိုအချက်မှာ ခံတပ်မြေပုံများကို နိုင်ငံခြားသားများ၏ လက်ထဲသို့ ပေးထားခြင်းဖြစ်သည်။

စစ်ပွဲစသည်နှင့် မြန်မာတို့၏ အမြောက်တင် သင်္ဘော တုလွတ် ယာဉ်ကျော်သည် ရန်သူ့လက်တွင်းသို့ ကျရောက်ခဲ့သည်။

ထိုသင်္ဘောပေါ်မှ မြန်မာ့ရေတပ်မတော်သားများသည် တာဝန်ကျသည့် သင်္ဘောကို စွန့်ခွာထွက်ပြေးရခြင်း မပြုကြ။ သို့ရာတွင် နိုင်ငံခြားသား နှစ်ယောက်ကား အတင်းထွက်ပြေးခဲ့ကြသည်။

ထိုသူနှစ်ယောက်မှာ ကိုမိုတိုဆိုသူနှင့် မိုလီနာရီအမည်ရှိ အီတာလီယံ လူမျိုး အင်ဂျင်နီယာများ ဖြစ်ကြချေသည်။

အနောက်နိုင်ငံများမှ ပညာသင်ပြီး ပြန်လာသော မြန်မာအင်ဂျင်နီယာ များသည် မြစ်ရေစီးကိုကြည့်ကာ အရှေ့ဘက်ကမ်း၌ ဂွေးချောင်းခံတပ်၊ အောက်ဘက်တစ်ဖက်ကမ်း၌ မင်းလှခံတပ်တို့ကို တည်ဆောက်ခဲ့ကြသည်။ ထိုနှစ်ယောက်သည် မြန်မာအင်ဂျင်နီယာများအား ဝင်ရောက်ကူညီခဲ့ကြသည်။ အကြံပေးကြသည်။

မိုလီနာရီနှင့် ကိုမိုတိုသည် သင်္ဘောသားအချို့နှင့်အတူ ကမ်းပေါ်တက်လာ ပြီးနောက်၊ မသိမသာ နောက်ချန် ကျန်ခဲ့ကြသည်။ နှစ်ယောက်တည်း ကျန်ခဲ့ သောအခါ၊ သင်္ဘောကပ်၍ ကောင်းမည့်နေရာကိုရွေးပြီး မြစ်ကမ်းပါးတွင် ထိုင်နေကြတော့သည်။

သူတို့သည် ဆင်ပေါင်ဝဲဘက် ထူးပေါက်ဘက်မှ ပစ်ခတ်တိုက်ခိုက် သံများကို စိတ်မဝင်စားပါ။ ယူနီယံဂျက်အလံ လွှင့်လျက် ဆန်တက်လာမည့် သင်္ဘောကိုသာ အာရုံရောက်နေကြသည်။ ညနေစောင်းတွင် ဂျင်နရယ်ပရင်

ဒါဂတ်ပါသော သင်္ဘောနှင့် အခြားသင်္ဘောများ မီးခိုးတလူလူဖြင့် ဆန်တက်လာကြသည်။ မြန်မာတို့ အထင်ကြီးသော နိုင်ငံခြားသားနှစ်ယောက်က လှုယောင်ပြသည်။ အလံဖြူကို ဝှေ့ရမ်းပြသည်။ သင်္ဘောတစ်စင်းက ကမ်းကပ်လာပြီး သူတို့ကို တင်သွားကာ ပရင်ဒါဂတ်ထံ ပို့ပေးသည်။

အီတာလီယံနှစ်ယောက်သည် ရိုးရိုးသားသား လက်နက်ချလျှင် သာမန်အကျဉ်းသားဖြစ်မည်။သို့အတွက် မျက်နှာလုပ်ရတော့သည်။ မျက်နှာလုပ်ပုံမှာ ကောင်းမွန် လစာရိက္ခာပေးထားသည့် မြန်မာတို့အား သစ္စာမဲ့ခြင်း ဖြစ်သည်။ သူတို့လက်ထဲတွင် မင်းလှခံတပ်နှင့် ငွေချောင်းခံတပ်အပြင် ပန်းတော်ပြင်ခံကတုတ်၊ သပြေတန်းခံတပ်တို့၏မြေပုံများ သွင်ပြင်နေထားပြဇယားရှိသည်။ ရေထဲတွင် မျှောမပစ်၊ ချောက်ကြိုမြောင်ကြား၌ လွှင့်မပစ်ခဲ့။ ပရင်ဒါဂတ်၏ လက်ထဲသို့ထိုးအပ်၏။

ပရင်ဒါဂတ်သည် အလွန်ဝမ်းမြောက်စွာဖြင့်လေ့လာသုံးသပ်ပြီးနောက်၊ ခံကတုတ်နှင့် ခံတပ်များကို တိုက်ခိုက်ရေး အစီအစဉ် ချမှတ်တော့သည်။ သည်အစီအစဉ်တွင် မည်သည့်သင်္ဘောက မည်သည့်ခံတပ်၏ မည်သည့်နေရာကို အမိကထားပြီး ပစ်ခတ်ဖြိုဖျက်ရမည်ဟု ပါသည်။

ထိုသို့စီစဉ်နိုင်ခြင်းမှာ အီတာလီယံတို့ထံမှ မြေပုံရသွားသောကြောင့်ဖြစ်၏။ သာမန်မျက်စိဖြင့် ကြည့်သည်ဖြစ်စေ၊ အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်သည်ဖြစ်စေ၊မင်းလှခံတပ်သည် ရွံ့တုံးကြီးဖြစ်၏။ငွေချောင်းခံတပ်ကားတောင်ကိုထွင်းထားသော ခံတပ်ဖြစ်သည်။ သွားလမ်း လာလမ်းကအစ မည်သည့်နေရာတွင် မည်သည့်အရာများရှိသည်ဟု ရန်သူက အတိအကျသိသွားခြင်းမှာ အထက်ပါ သစ္စာမဲ့ နှစ်ယောက်ကြောင့်ဖြစ်သည်။

ကိုမိုးကောင်းတို့ ရန်သူ့နောက်သို့ လိုက်လံချိန်တွင် ငွေချောင်းခံတပ်ကို တိုက်မည့် ရန်သူသည် ပတ္တနဂိုရ်သို့ သင်္ဘောပေါ်မှဆင်းသည်။ မဒရပ်ကင်းထောက်တပ်နှင့် အမှတ် ၉ နေ့ဝေးအမြောက်တပ် အမှတ် ၁။ ထို့ပြင်

ဘုရင့်အမြောက်တပ်ရင်း။ ခြေလျင်တပ်ရင်းများ။ ၎င်းတို့အား အမှတ် ၁ တပ်မဟု အမည်ပေး၏။ ကွပ်ကဲသူမှာ ဂျင်နရယ်ဖိုးယားဖြစ်သည်။

တွဲသမ္ဗန်ဝန်ကြီးများပါသော ရန်သူ့ရေတပ်သည် ဝွေးချောင်းခံတပ်အထိ မသွားရဲပေ။ ဝေးဝေးခွာလျက် ရေလယ်တွင် ကျောက်ချနေသည်။ ရေစွယ်သည် ဝွေးချောင်းခံတပ်အခြေသို့ ထိုးဝင်သွားသည်။ လုပ်သမျှ ခံရမည်မို့ မသွားရဲ။

ရောဝတီ အမြောက်တင်သင်္ဘောသည်လည်း ခံတပ်အနီးသို့ မကပ်ရဲသေးပေ။ အဝေးမှသာ အမြောက်ကြီးများဖြင့် လှမ်းပစ်ရသည်။

ရောဝတီသင်္ဘောမှ အမြောက်ကျည်များသည် ခံတပ်၏ အနောက်ဘက် နံရံကို ဦးတည်ပစ်ခတ်၏။ ထိုနံရံ၏ မြောက်ဘက်အစွန်တွင် တံခါးမကြီး ရှိသည်။ ချုံတွေ ကွယ်နေပြား၊ အမြောက်ကျည် တစ်လုံးပြီးတစ်လုံး တံခါးကို ထိမှန်သည်။ တံခါးဘေးတွင် ကျရောက်ပေါက်ကွဲသည်။

ခံတပ်ထိပ်တွင် မြန်မာ့အလံတော်ကို သူ့ရဲကြီးအလံများ၊ စစ်တံခွန်များ တလူလူဝဲလွင့် ခစားနေကြသည်။ ခံတပ်ပေါ်ရှိ အမြောက်ကြီးများက ရောဝတီ သင်္ဘောကို ပြန်လှန်ပစ်ခတ်သည်။ အုတ်ရိုးတွင်းမှ မြေပြင်ပစ် အမြောက် သုံးလက်ကလည်း ပစ်ခတ်တော့သည်။

မြန်မာတို့တွင် အဝေးပစ်အမြောက်ကြီး ၁၈လက်ရှိသည်။ ယင်း၎တို့ အနက် ၆ လက်မှာ သံလုံးအမြောက်မဟုတ်။ ပြောင်းတွင်း၌ အရစ်များ ပါသည်။ ကျည်မှာလည်း နှစ်ဆင့်ကွဲဖြစ်သည်။ တစ်ခဏအတွင်း ရောဝတီ သင်္ဘော သွက်သွက်ခါပြီး လည်ထွက်သွားသည်။ ထိုသို့ဖြစ်နေစဉ် အမြောက် ကျည်တစ်လုံး ကျရောက်ပေါက်ကွဲပြန်သဖြင့် နောက်သို့ ဆုတ်သွားသည့် အတွက် ကက်သလင်းတိုက်သင်္ဘောက ဝင်ရောက်အစားထိုးကာ ပစ်ခတ်ရသည်။

မြန်မာတို့ ရောဝတီမြစ်ထဲသို့ အာရုံစိုက်နေကြစဉ်၊ ရန်သူ၏ မဒရပ် ကင်းထောက်တပ်သည် လှည်းလမ်းကြောင်းအတိုင်း တက်လာကြပြီ။

## ပုဂံစာအုပ်တိုက်

ကုန်းကြောင်းမှ တက်လာနိုင်သည့်လမ်းကို ပိတ်ဆို့ချေမှုန်းမည့် မြန်မာတပ်များကား ရှားပါးလှသည်။ ရှားပါးသော်ငြား၊ ဘုရားကုန်းရှိ မြန်မာတပ်ကလေးသည် အသေအလဲခုခံ၏။ တစ်ယောက်မကျန် ကျဆုံးကုန်တော့မှ မဒရပ်တပ်သည် ဘုရားကုန်းကို တက်ရောက်သိမ်းယူသည်။ ယူနီယံဂျက် အစား၊ အလံဖြူ လွင့်တင်သည်။

ပထ္တနဂိုရ်မြို့ကို မီးရှို့လုယက် ဖျက်ဆီးပြီးနောက်၊ အေးဆေးစွာ စားသောက် နားနေသော ရန်သူသည် အချက်ပြအလံဖြူကို မြင်လျှင်မြင်ချင်း ဆောလျင်စွာ တက်လာလေတော့၏။

ရန်သူသည် ငွေးချောင်းခံတပ်သို့ အခုအခံမရှိ ဝင်ရောက်တိုက်ခိုက်တော့သည်။ ခံတပ်၏ အရှေ့ဘက်တောင်ကုန်းပေါ်ရှိ စစ်တန်းလျား၊ လက်နက်ချ ကိုမိုတို၏ အိမ်ဝန်းကျင်တွင် ရန်သူတွေ မဲမဲတုတ်နေသည်။ ကိုမိုတို၏ နေအိမ် တောင်ကုန်းကား ခံတပ်ကို အပေါ်စီးမှ တိုက်ခိုက်ရန် အကောင်းဆုံးနေရာပေတည်း။

ခံတပ်ကို ဝင်ရောက်တိုက်ခိုက်သော တပ်ကို ကာနယ်စလေဒင်ကြီးမှူးသည်။ ခံတပ်၏ အရှေ့မြောက်ဘက်တံခါးမှ ထွက်ပြီး တိုက်ခိုက်သော မြန်မာတပ်များနှင့် ရင်ဆိုင်တိုက်ခိုက်နေကြသည်။ သို့စဉ်တွင် ခံတပ်၏ အရှေ့ဘက်နံရံကို လှေကားထောင်ပြီး တက်နေသော ရန်သူမှာ အမြင့်တိုက်ခိုက်ရေးအတွက် အထူးလေ့ကျင့်ထားသူများဖြစ်သည်။

စင်စစ်အားဖြင့် ငွေးချောင်းခံတပ်မှာ အင်အားမနည်းပါးပါ။

ခံတပ်တွင် အမြဲတမ်းတပ်သား ၁၅၀ရှိသည်။ စိန်များပါရှိသော မင်းကျော်သိဒ္ဓိရန်အောင်၏တပ်၌ လူ ၅၅၀ ပါသည်။ ထိုလူများအပြင်၊ တောင်တွင်းကြီးစစ်ကြောင်းမှ စစ်ကူရောက်ရှိလာခဲ့သည့် လူတစ်ထောင်နှင့် မြင်းငါးရာ ရှိသေးသည်။ သို့သော် အတွက်လွဲသည်။ ကုန်းကြောင်းမှ ရန်သူတွေ ရောက်လာပြီဟု သိရှိချိန်သည် အလွန်နောက်ကျ၏။

**ပုဂံစာအုပ်တိုက်**

နောက်ကျပင် ကျသော်ငြားလည်း မင်းကျော်သိင်္ခရန်အောင်သည် တပ်ကို အုပ်စီးမပျက် တရကြမ်း ထွက်ပြီး တိုက်ခိုက်သည်။ သူသည် လည်းကောင်း၊ သူ၏လူများသည်လည်းကောင်း သူရဲကောင်းတို့၏ သေခြင်းဖြင့် ဂုဏ်ရှိစွာ၊ မြင့်မြတ်စွာဖြင့် အမိမြေအတွက် အသက်ပေးသွားကြ၏။

မင်းလှခံတပ်မှာမူ အမြောက်ကြီး ၃၅လက်နှင့် မင်းထင်မင်းလှရဲခေါင် သူရိန်၏ လူ ၅၀၀ရှိသည်။ အောက်မြစ်စဉ်ဝန်ကြီး သူရမဟာမင်းခေါင်သမိန် ဘရမ်း၏ တပ်လည်း ရှိသေးသည်။ ဝန်ကြီး၏တပ်မှာ အကျိုးအပဲ့ အနာ အဖျားများကို ဖယ်လိုက်လျှင် လူကောင်းတစ်ထောင်အောက် မလျော့ပေ။

ထိုခံတပ်သည်လည်း ရေကြောင်းအနေအထားအရ နေရာကောင်းပင် ဖြစ်သည်။ ဝွေးချောင်းခံတပ်ကို ဦးတိုက်သော ရေစွယ်သည် မင်းလှခံတပ် ခြေသို့ ဦးတည်လာ၏။ မည်သည့်သင်္ဘောမျှ ရေစီးအားကို မဆန့်ကျင်နိုင်။

သို့အတွက် ရန်သူသင်္ဘောများသည် ခံတပ်ကြီးကို အမြောက်များဖြင့် မရပ်မနား ပစ်ခတ်တိုက်ခိုက်နေစဉ် ရန်သူကုန်းကြောင်းတပ်များက မြန်မာ တပ်မကြီးကို ကွင်းရှောင်ပြီး အောက်မြစ်စဉ်ဝန်ကြီး၏ အိမ်ကို သွားရောက် တိုက်ခိုက်ကြသည်။

နှစ်ဖက် သေနတ်ကျည်ဆန်များကား မိုးသီးမိုးပေါက်သို့ကျ၏။ အမှတ် ၁၁ ဘင်္ဂါခြေလျင်တပ်ရင်း ၁၁ သည် ခံတပ်အနောက်ဘက်မျက်နှာ တွင်ရှိသော သံတံခါးကြီးကို အဟင်းဝင်တိုက်သည်။ တံခါးမှူ မပွင့်၊ ခံတပ် စင်စစ်က ကုလားသင်္ချိုင်း ဖြစ်သွားလေတော့၏။

သို့အတွက် တံခါးမကြီးမှထွက်ပြေးသည်။ ပေါင်းကူးခုံး၏ တစ်ဖက် တစ်ချက်ရှိ အုတ်လှေကားများပေါ်သို့ ပြေးတက်ကြသည်။ သည်မှာလည်း ကုလားသင်္ချိုင်းပေါ်လာပြန်၏။ဘင်္ဂါတပ် အခြေပျက်နေစဉ် မေဂျာဟစ်သည် ကိုက် ၁၅၀ အကွာရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ပြေးသွားကြသည်။ သည်နေရာမှာလည်း ကုလားဖြူသင်္ချိုင်းနှင့် ကုလားနက်သင်္ချိုင်း ရောရာ

ဖြစ်ရပြန်တော့သည်။

မေဂျာဟစ်ခမျာ သက်သာရာကို ရှာရ၏။ ညာဘက် ကိုက်၂၀ ခန့်တွင် ဘုန်းကြီးကျောင်းရှိသည်။ ဘုန်းကြီးကျောင်းပေါ်တွင် ဘင်္ဂါခြေလျင်တပ်ရင်း ၁၂ ရောက်နေသည်။ ဘုန်းကြီးမှာမူ လုံစွပ်ရာ ဗရပွဖြင့် ပျံတော်မူနေပြီ။ ဘုန်းကြီးအလောင်း၏ ဘေးပတ်ပတ်လည်တွင်ကား သစ်သားဆင်းတုတော်များ၊ ကျောက်ဆင်းတုတော်များ ပြန့်ကျဲနေ၏။

ဘင်္ဂါ ၁၂ တပ်ရင်းကို အုပ်ချုပ်သော လက်ဖတင်နင်ကာနယ်ဆင်ဆန်မှာလည်း ရှေ့မတိုးနိုင်သဖြင့် အကြံရခက်နေ၏။ ခံတပ်ရင်တားပေါ်မှ မြန်မာ့ရဲမက်များကလည်း ရန်သူခေါင်းမဖော်နိုင်အောင် အဆက်မပြတ် ပစ်ခတ်နေ၏။ သေနတ်ကျည်ဆန်သာမက စိန်ဖြင့်ပါ ပစ်လာပြီ။ ထို့နောက် အမြောက်ကျည်တစ်လုံး ကျရောက်လာပြန်သောအခါ ခံတပ်အနောက်ဘက် မျက်နှာသို့ ဆင်းပြေးကြတော့သည်။

မေဂျာ ဆင်ဆန်နှင့် လက်ဖတင်နင်ဝီကင်ဆန်တို့သည် ၁၁ မှ ရောက်နေနှင့်သူများနှင့် ပေါင်းမိသည်။ အလျင်ရောက်နှင့် နေသူများအား အုပ်ချုပ်သူမှာ လက်ဖတင်နင်ဒေါင်းနက်ဖြစ်၏။ သူတို့သည် အဝင်မုခ် တံခါးမကြီးမှ ဆင်းလာသော ဆင်ခြေလျှောနှစ်ဆင့်ပေါ်သို့တက်ရန် ကြိုးစားနေကြ၏။ တက်တိုင်း သေနေသဖြင့် ခက်နေသည်။

သို့ရာတွင် နှစ်တပ် ပေါင်းမိသောအခါ အားတက်လာသည်။သေနတ်ဖြင့် ပစ်သူကပစ်၊ လုံစွပ်ဖြင့် တက်ထိုးသူက ထိုးတော့သည်။ အနီးကပ် ဘိုက်သောအခါ မြန်မာ့အကြိုက်ဖြစ်ရာ လက်ဖတင်နင်ဝီကင်ဆန်မှာ ခေါင်းခွဲသန်ပြီး လိမ့်ကျလာသည်။ တက်လာသူများ တစ်ယောက်ပြီး တစ်ယောက် ခွေကျကုန်သည်။

တက်လာသူများအနက် အပေါ်သို့ရောက်သူလည်းရှိ၏။ ရှိငြား၊ ခံဘပ်တွင်းသို့ မဝင်နိုင်။ ဓား၊ လုံစွပ်နှင့် သေနတ်များ လုံးထွေးတိုက်ခိုက်

နေသည်။ အလောင်းတွေသာ ထပ်ထပ်ကြမ်းလာသည်၊ ရန်သူမကုန်။ သွေးဗွက်၊ သွေးအိုင်ကြီးတွေသာ ချောင်းဖြစ်ပြီး စီးဆင်း၏။ မြန်မာတို့လည်း ဆုတ်မသွား။

သို့စဉ်တွင် ရန်သူ့တပ်ရင်း ၁၂ မှသည် ခံတပ်၏တောင်ဘက်မှ ကွေ့ပတ်လာသည်။ မြစ်နှင့် ခံတပ်ကြားတွင် လူသွားစရာလမ်း ရှိမရှိ လာကြည့်သည်။ သွားစရာလမ်းရှိကြောင်း သိသည်နှင့် တစ်ပြိုင်နက်တည်း တဟုန်ထိုး ပြေးဝင်လာသည်။ မြစ်ထဲမှ လှမ်းပစ်သဖြင့် စိစိညက်ညက်ကျေနေသော အရှေ့ဘက်တံခါးမကြီးကို ဝင်ရောက်တိုက်ခိုက်တော့သည်။ အပေါ်သို့ အာရုံစိုက်နေစဉ်၊ အရှေ့ဘက်တံခါးမှ ဝင်လာသူများကို အချိန်မီမဆီးဆို့နိုင်။ မြန်မာများ အတုံးအရုံးကျဆုံးသည်။ စက်သေနတ်နှင့် မားစကက်သေနတ် ယှဉ်နိုင်ဦးတော့ ရန်သူက အပေါ်စီးရသွားပြီ။

ခံတပ်မုခ်ဝနှင့် ရင်တားများကြားတွင် အပြင်းအထန် တိုက်ခိုက်နေသောမြန်မာများမှာ ရန်သူဆုတ်သွားသဖြင့် အားတက်နေစဉ် ကျောဘက်မှ ပစ်သော ကျည်ဖြင့် အစုလိုက်အပြုံလိုက် အသတ်ခံရသည်။ ကျောဘက်မှ ပစ်သူမှာ ခံတပ်ထဲမှ ပြေးတက်လာသည့် ရန်သူများပေတည်း။

မင်းလှခံတပ် ကျဆုံးပြီ။

တစ်နည်းသော်ကား မြန်မာ့လက်ရုံးကြီး ကျိုးသွားပြီ။

ကျက်သရေမဲ့သော ယူနီယံဂျက်အလံသည် အလံတိုင်ထိပ်သို့ တရွေ့ရွေ့တက်လာစဉ် ကွေ့ဝိုက်ချန်ထားခဲ့သည့် တပ်ကြီးသည် အေးဆေးပြီ ထင်သော ရန်သူအား ဝင်ရောက်တိုက်ခိုက်တော့သည်။ ရန်သူသည် အငိုက်မိစေကာမူ ချက်ချင်းပြန်လည်တိုက်ခိုက်သည်။ အမြောက်ဖြင့်ပစ်သည်။

ထိုတပ်ကြီးပြိုကွဲသွားစဉ်၊ မြင်းတပ်တစ်တပ် ရောက်လာပြန်သည်။ မြင်းတပ်သားများသည် သေနတ်ထက် ဓားကို အားကိုးသည်။ ရန်သူ မခုခံနိုင်။ အဆောတလျင် ဆုတ်ပြေးသည်။ ထိုအခါတွင်မှ အမြောက်ကျည်များ

မိုးသီးမိုးပေါက်ပမာ ကျလာလေရာ မြင်းတပ်ကြီးလည်း ပြိုကွဲပျက်စီးသွားလေ၏။

ကိုရွှဲမှာ ရန်သူတို့ကွင်းဝိုက်ထားခဲ့သည့် တပ်မကြီးတွင် စစ်ကူအဖြစ်ရောက်နေသည့် မြင်းငါးရာတပ်မှဖြစ်သည်။ ရန်သူတွေ မင်းလှခံတပ်ကိုဝင်ရောက်တိုက်ခိုက်နေပြီဟု အချိန်နှောင်းမှသိရ၏။ သိလျှင်သိချင်း ချီတက်လာသောအခါ ခံတပ်ကြီးကျဆုံးနှင့်ချေပြီ။

သို့ကြောင့် သူငိုမည်ဆိုလျှင်လည်း ငိုလောက်၏။ သို့သော် ကိုမိုးကောင်း မကြိုက်မှန်းသိသဖြင့် အငိုရပ်၏။ "သင်္ဘောပေါ်မှာ ညောင်ရမ်းမင်းသားမကလို့ သိကြားမင်းကြီးပါလာတော့ ဘာဖြစ်သတုန်း။ ရန်သူ့သင်္ဘောဟာ ရန်သူ့သင်္ဘောပဲပေါ့။ အခုတော့...."

ကိုရွှဲ ယူကျုံးမရ မြည်တမ်းသည်။

"မြင်းစီးကြီးရာ၊ ဝမ်းနည်းစရာမရှိ ကြံဖန်ဝမ်းနည်း မနေစမ်းပါနဲ့"

ကိုမိုးကောင်းသည် သူ့နောက်တွင် ပြန့်ကျဲနေသည့် သူ့လူများကိုလက်ဖြင့်ဝှေ့ပြသည်။

"ကျုပ်တို့ အိမ်ကထွက်လာတုန်းက သေနတ်တစ်လက်နဲ့ ဓား၊ လှံ၊ ဒူးလေး၊ လင်းလေးပဲ ပါသကော။ အခုကြည့်စမ်း"

ပြာပုံက မည်းမည်း၊ လူက မည်းမည်း၊ နောက်ခံအရောင်က မွဲမွဲ၊ လူတွေ၏ အသားအရေက မွဲမွဲမို့ မြင်းစီးကြီး သတိမထားမိခဲ့။ သောကဖိစီးနေသောကြောင့် မျက်စိမလျင်ခဲ့။ ယခု ကိုမိုးကောင်းပြမှ သတိထားမိသည်။

"ဟုတ်သားပဲ၊ ဘယ်က သေနတ်တွေတုန်း"

"ကုလားဖြူ ကုလားနက်တွေဆီက ရသာပေါ့ မြင်းစီးကြီးရာ။ ခံတပ်ကိုသာ သင်းတို့ သိမ်းနိုင်ပေမယ့် ကျုပ်တို့မြေကို မသိမ်းနိုင်ပါဘူး။ အမှည့်ကြွေ ကြွေပြီး ဖင်ပိတ်ပြေးရမှာပါ"

ကိုရွှဲ၏ အိုသောမျက်နှာကြီး ကြည်လင်လာသည်။

"ဟုတ်သဗျ၊ ကျုပ် ကျုပ်"

အားသစ်မာန်သစ်နှင့်အတူ အကြံသစ်လည်း ဖြစ်ထွန်း၏။

"ကျုပ်မြေ၊ ကျုပ်ရေကို အခြေခံပြီး သည်မိစ္ဆာဒိဋ္ဌိ အမျိုးယုတ်တွေကို တိုက်မယ်။ မကောင်းဖူးလား"

"ကောင်းသာပေါ့ဗျာ"

ထို့နောက် ကိုမိုးကောင်းသည် သူ့လူများဘက်သို့ လှည့်ပြီးပြော၏။

"ရောင်းရင်းတို့၊ဟောသည်မြင်းခေါင်းကြီးဟာ မင်းတုန်းမြို့သူကြီးပဲ။ သူ့နယ်မြေကို ကျောထောက်နောက်ခံပြုပြီး ငါတို့အလုပ်ကို ဆက်လုပ်မယ်။ ရောင်းရင်းတို့အထဲက အိမ်ကိုလွမ်းလို့၊ ပြန်ချင်သူရှိရင် ပြန်ကြ။ သို့သော် ကျုပ်တို့အပေါ်မှာ သစ္စာမဖောက်ပါနဲ့"

"ကုလားမပြေးမချင်း အိမ်မပြန်ဘူးဟေ့"

ဦးစွာ ကြွေးကြော်သူမှာ ငချွဲဖြစ်၏။ ဒုတိယသစ္စာပြုသူမှာ ငဝဲဖြစ်၏။

"အားမနာနဲ့ အားမနာနဲ့။ ပြန်ချင်ရင် ပြန်လို့ရသယ်"

ကို့ရွှဲ ထပ်မံအော်သောအခါ ဆင်သေရွာသား၊ ဥယျာဉ်ရွာသား၊ ဒဂုန်မော်ရွာသား၊ အင်းကလေးရွာသားအချို့ ထပြီး သေနတ်အပ်ကြသည်။

⁂

# ၃၀

“မင်းလှခံမြို့နှင့်တကွ မင်းလှခံတပ်ပါ ရန်သူ့လက်သို့ ကျဆုံးကြောင်းပါ ဘုရား”

ကြေးနန်းဖြင့်တင်လျှောက်သော ရှိခိုးသံတော်ဦးတင်လွှာသည် ၁၂၄၇ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၁၁ရက်နေ့ နေဝင်ရီတရောတွင် ဘဝရှင်မင်းဘုရားကြီး၏ အထံတော်သို့ ရောက်ရှိလာလေ၏။

ရတနာမာန်အောင် စေတီတော် ဒါယကာ ရတနာပုံ ဒုတိယနန်းစံ ဘဝရှင်မင်းတရားကြီးသည် တိုင်ပင်မြဲ အမှူးအမတ်များကို ရှေ့တော်သို့ ဆင့်ခေါ်မေးမြန်းပြီးနောက် အမိန့်တော်ထုတ်ပြန်တော်မူသည်။

“ပြည်သူသတ္တဝါတို့ ငြိုငြင်ပင်ပန်း မချမ်းမသာရှိမည်ကို ဗြဟ္မစိုရ် ဘုရား ပွားများတော်မူသောကြောင့် အင်္ဂလိပ်မင်းတို့ကို ခုခံတိုက်ခိုက်မရှိ၊ သည့်လက်နက်ကိုသာ အင်္ဂလိပ်မင်းသို့ ပေးအပ်ကြစေ အမိန့်တော်”

အမိန့်တော်ကို ထုတ်ပြန်ရသူမှာ မထောင်းသာငြား နာခံရသူတို့

အတွက် အသည်းကြွေမတတ် နာကျည်းရသည်။

မြင်းခြံမြို့တွင် ချိတက်တပ်စွဲလျက် ကျယ်ပြန့်စွာ စစ်အင်ခင်းကျင်းထားသည့် အတွင်းဝန်၊ လှေသင်းဝန်၊ စလေမြို့စားမင်းကြီး သီရိမဟာဇေယျကျော်ထင်မှာ အမိန့်တော်ကို လွှင့်ပစ်မိမတတ် ခံစားရသည်။ သည်သို့ခံ၊ သည်သို့ပစ်၊ သည်သို့စစ်မြူဟု စစ်ဗျူဟာ ခင်းကျင်းထားသမျှ အလဟဿဖြစ်ရပြီ။ အရှင်သခင်ကို ရိုသေကျိုးနွံ သစ္စာရှိသောကြောင့်သာ တပ်ဗိုလ်များ၊ စစ်ကဲများအား ဆင့်ခေါ်ထုတ်ပြန်ရငြား သူ့တစ်ကိုယ်လုံး တုန်ယင်နေသည်။

စလေမြို့စားမင်းကြီးသည် ရန်သူအင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ရန်သာ သည်နေရာသို့ ရောက်နေခြင်းဖြစ်သည်။ လက်နက်ချရန်၊ အညံ့ခံရန် ရောက်နေခြင်း မဟုတ်ပေ။ သို့အတွက် တပ်မှူး၊ စစ်ကဲများအား ရွှေနန်းရှင်၏ အမိန့်တော်ကို ထုတ်ပြန်ပေးပြီးနောက် အခြံအရံ အနည်းငယ်နှင့် မြင်းခြံမှ ထွက်ခွာသွားလေ၏။

ရန်သူများ မြင်းခြံကို လှမ်းမြင်ရချိန်၌ ကျက်သရေရှိသော မြဒေါင်းလံကွယ်ခဲ့ပြီ။ ရှက်စရာကောင်းသော အလံဖြူကြီးသာ လွင့်နေသည်။ ချအပ်သော လက်နက်တွင် လေးလံသောအမြောက်ကြီးတွေ ပါဝင်ငြား ပေါ့ပါးသော လက်နက်များ မစုံစေတော့ချေ။ အကြပ်၊ သွေးသောက်နှင့် စစ်ကဲများ၊ တပ်သားများလည်း ထွက်ခွာသွားပြီးနေကြပြီ။

မြင်းခြံမြို့ကို အမင်္ဂလာ နိမိတ်ဆောင်သည့် အလံဖြူဖုံးနေရာက ပို၍ အမင်္ဂလာဖြစ်သည့် ယူနီယံဂျက်အလံ ဖုံးလွှမ်းသွားသည်။ မြန်မာတပ်များ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက်တည်း ကုလားဖြူ ကုလားနက်များသည် တစ်လမ်းဝင်တစ်လမ်းထွက် လိုက်လံလုယက်တော့သည်။

ဘင်ခရာတပ်ကြီး လှည့်လည်လာသည်ကို ကြည့်သူမရှိ။ မြင်းခြံမြို့သူမြို့သားများမှာ ရမိရာ ဆွဲရုံးလျက် မကောင်းဆိုးရွားများနှင့် လွတ်ရာဝေးရာသို့သာ ပြေးကြတော့သည်။ လုယက်သော အင်္ဂလိပ်တို့သည် လူသူ

ကင်းမဲ့သော အိမ်ကြီးအိမ်ကောင်းများကို ချိုးဖဲ့ဝင်ရောက်ကြသည်။ မြင်မြင်သမျှကို လောဘတကြီးယူငင်ရုံဖြင့်မပြီး။ အိမ်အောက်တွင် ငွေသားများ မြှုပ်နှံထားလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် တူးဆွကြပြန်သည်။

စလေမြို့စားမင်းကြီး ရင်ကျိုးရသည့်နည်းတူ၊ အဝမြို့မှ နောက်ဆုံးခံစစ်အဖြစ် အရိုးကျေကျေ အရေခမ်းခမ်း လူတစ်ယောက်၊ ဓားတစ်စင်း၊ ကျည်တစ်တောင့် ကျန်သည်အထိ ခုခံရန် ဆုံးဖြတ်ထားသူများလည်း ဘုရင့်အမိန့်တော်ကြောင့် ရှုံးမတတ်ဖြစ်သွားကြရလေ၏။

သူတို့ကား အတွင်းဝန် မြို့သစ်မြို့စား မင်းကြီးမဟာဇေယျသင်္ကြံနှင့် 'အတွင်းဝန် သမီးတော်ဝန် ပင်းမြို့စားမင်း' မင်းခေါင် မဟာမင်းကျော်သူရိန်၊ 'ရှေ့ဝင်းတော်မှူး ရတနာသိင်္ဃမြို့ဝန် ရဲဘက်မြင်းဝန်' သတိုးမင်းကြီး မဟာမင်းခေါင်ကျော်စွာတို့ ဖြစ်ကြပေသည်။

တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့တွင် ရန်သူ့သင်္ဘောတွေ အဝမြို့သို့ ဆိုက်ရောက်လာကြသည်။

မြန်မာ့သမိုင်းတွင် အလွန်သမိုင်းပြောင်ခဲ့ ဂုဏ်ရောင်ထွန်းခဲ့သည့် အဝမြို့သည် ရန်သူအား တစ်ခဲနက်သောကျည်များ၊ တစ်ခဲနက်သောဓားများဖြင့် မကြိုဆိုနိုင်ရှာ။ ကျက်သရေကင်းမဲ့သော အလံဖြူဖြင့် ကြိုရသည်။

ရန်သူအတွက် အဆီးအတား လုံးဝကင်းရှင်းသွားပြီတည်း။

မြန်မာ့သမိုင်းတွင် အကြီးမားဆုံးသော ရက်ယုတ် ရက်ပုပ်ကား ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နှင့် ၈ ရက်နေ့တို့ပေတည်း။

၇ ရက်နေ့ နံနက် တစ်ချက်တီးကျော်အချိန်တွင် ရန်သူတပ်များ ရွှေမြို့တော်အနောက်ပြင် ဂေါဝိန်ဆိပ်ကမ်းသို့ ရောက်လာကြသည်။ ရွှေနန်းတော်ကြီးအတွင်း၌ မည်သို့ဖြစ်နေသည် မသိသော အများပြည်သူတို့မှာ အထူးအဆန်းအဖြစ် ဝိုင်းအုံကြည့်ကြသည်။ အင်္ဂလိပ်နှင့် စစ်ဖြစ်နေသည် ဟူသည်ကိုမျှ မသိရှာသော ဆင်းရဲသား ကျွန်တော်မျိုးများသည်

မျောက်ပွဲ ကြည့်သည့်အလား ဝိုင်းအုံကြည့်ကြသည်။

ရန်သူသည် ချက်ချင်းပင် ဘင်သံတဒုန်းဒုန်းရိုက်လျက် ကမ်းပေါ် တက်လာသည်။ ရန်သူပါကလားဟု မသိကြသဖြင့် ဓားဖြင့်ခုတ်ရမှန်းလည်း မသိကြ။ ခဲဖြင့် ထုရန်လည်း ပြည်သူတို့ မသိကြချေ။

ဘင်ခရာသံ တညံညံ၊ လုံစွပ်တဖွေးဖွေးဖြင့် ကမ်းတက်လာသည့် ရန်သူသည် မကြာမီရပ်တန့်သွား၏။ 'လယ်ကိုင်းမြို့စား ကင်းဝန်သေနတ်ဝန်' သတိုးသုဓမ္မမဟာသက်တော်ရှည် ဆင်စီးလျက်ရောက်လာသောကြောင့် ဖြစ်သည်။

မဟာသက်တော်ရှည်မင်းကြီးသည် ရန်သူများ ရွှေမြို့တော်သို့ မတက်ရောက်ရန်နှင့် ပြောဆိုစရာများကို လူချည်းသက်သက် ဝင်ရောက် လျှောက်ထားရန် ကျိုးကြောင်းပြ တားမြစ်သည်။ သို့ရာတွင် သက်တော်ရှည် မင်းကြီးနှင့်တွေ့သူမှာ ကာနယ်စလေဒင်ဖြစ်၏။ သူက 'သူသည် နိုင်ငံရေး အရာရှိသာဖြစ်သည်။ စစ်တပ်ကို တားဆီးလိုပါက ဂျင်နရယ်ပရင်ဒါဂတ်ကို ပြောပါ' ဟု လွှဲချလေသည်။

သက်တော်ရှည်မင်းကြီးမှာ ပရင်ဒါဂတ်ထံ ပြေးရပြန်သည်။ စစ်တပ် ကား ရပ်တန့်မနေပေ။ သို့ဖြင့် ရန်သူ့တပ်သည် နေ့နှစ်ချက်တီးကျော် လေးမောင်းခန့်တွင် ရွှေတော်ယူတံခါးသို့ ရောက်သွားလေတော့သည်။ သက်တော်ရှည် မင်းကြီးမှာ ပရင်ဒါဂတ်နှင့် တွေ့ပြီးနောက် စလေဒင်နှင့် မတွေ့တော့ပါ။ တစ်ယောက်ကိုတစ်ယောက် တမင်လွှဲချနေကြောင်း ရိပ်မိ သည့်အတွက် ဖြစ်ပေသည်။

ရတနာပုမ်နေပြည်တော် ဒုတိယနန်းစံ မင်းတရားကြီးသည် ရန်သူများ ချဉ်းနင်းဝင်ရောက်လာပြီကို သိသော်ငြား မတုန်မလှုပ်ပင် မြေနန်းတော် ဝရံတာသို့ထွက်၍ စံနေတော်မူ၏။ ကိုယ်တော်သည် ခါသာပိတ်ဖြူ ထိုင် မသိမ်းအင်္ကျီနှင့် ပန်းရောင်ဖောင်းတော်ကို ဆင်မြန်းထားတော်မူပေ၏။

ဘုရင်မင်းမြတ်၏အပါးတွင် အရှင်နန်းမတော်ကြီး ညှိုးငယ်စွာ ခစားလျက်ရှိသည်။ အရှင်နန်းမတော်ကြီး၏ အစ်မတော်ဖုရားနှင့် ညီမတော်တို့လည်း မနီးမဝေးရှိ မယ်တော့်အပါးတွင် ခစားလျက်ရှိကြ၏။ သမီးတော်နှစ်ပါးမှာမူ ကုလားဘင်သံ တည်ည့်ကြားရသဖြင့် ပြေးကြည့်လိုငြားခမည်းတော်၊ မယ်တော်နှင့် ဘွားတော်ဘို့ကို အကဲမရသဖြင့် ငြိမ်ဝပ်စွာ ခစားနေကြ၏။

မှူးကြီးမတ်ရာ သေနာပတိနှင့် လက်သုံးတော်များ၊ အဆောင်ကိုင်များသည်လည်း မြေပေါ်တွင် ပျပ်ဝပ်ခစားလျက်ရောက်လာလတ္တံ့သော အနိဋ္ဌာရုံကို တည်ငြိမ်စွာ စောင့်ဆိုင်းလျက် ရှိကြသည်။ ထိုအတောအတွင်း၌ ရန်သူသည် သစ်တပ်မြို့ရိုးကို လျင်မြန်စွာ ဝိုင်းလိုက်ကြသည်။

ကြားရပါပြီ၊ မရဏာမင်း၏ခြေသံ။

ရွှေနန်းတော်အတွင်း၌ ပထမဆုံး ကြားရသော ဖိနပ်သံ။

ဖိနပ်သံ တဂေါက်ဂေါက်သည် လျင်မြန်စွာ နီးကပ်လာ၏။ တစ်သံ၊ နှစ်သံ။ များပြားလှသော ရိုင်းစိုင်းမှု၏ သင်္ကေတ ဖိနပ်သံများ။

ရှေ့ဆုံးမှ ရောက်လာသူမှာ ကာနယ်စလေဒင်။ သူ့နောက်မှာ ဂျင်နရယ်ပရင်ဒါဂတ်။ သူတို့သည် ပျပ်ဝပ်ကျိုးနွံစွာ ခစားနေသည့် မှူးမတ်များ၏ မျက်နှာကို ဘောင်းဘီနားဖြင့် ပွတ်တိုက်ပြီး ဘုရင်မင်းမြတ်၏ ရှေ့တော်တွင် ရပ်သည်။

"စစ်ဗိုလ်ချုပ် ဂျင်နရယ်ပရင်ဒါဂတ်ပါ"

"တွေ့ရသာ ဝမ်းသာပါတယ်"

ပရင်ဒါဂတ် ဝမ်းသာငြား၊ ဘုရင်မင်းမြတ် ဝမ်းမသာပါ။ ရန်သူက လက်ကမ်းပေးသည်ကိုကား ပြန်လှန်လက်ကမ်းပြီး လျော့ရဲစွာ လက်ဆွဲ[illegible] ရမ်း၏။

"အခု ကျွန်တော်တို့လာတာဟာ ဘုရင်မင်းမြတ်ကို သဘော်ပေါ်

ခေါ်ဖို့ဖြစ်ပါတယ်။ လိုက်ဖို့ပြင်ဆင်ပါတော့"

ဘုရင်မင်းမြတ်သည် ခစားနေသူများထဲ၌ သက်တော်ရှည်အမတ်ကြီးကို ရှာသည်။ ရှာ၍တွေ့မှ အေးဆေးစွာ မိန့်တော်မူသည်။

"ရွှေနန်းတော်ကြီးကို အပြီးတိုင်စွန့်ခွာတော့မှာမို့ အတွင်းဆောင်ကို နောက်ဆုံး ရှုစားတော်မူလိုတယ် သက်တော်ရှည်အမတ်ကြီး"

အမတ်ကြီးသည် သူ့အရှင်သခင်အား လက်အုပ်ချီထားသော်လည်း ရန်သူကိုမူ လက်အုပ်မချီဘဲ အင်္ဂလိပ်စကားဖြင့် ပြောသည်။

ဘုရင်မင်းမြတ်သည် ရန်သူ့ထံမှ ခွင့်ပြုချက်ရသဖြင့် ရာဇပလ္လင်ကြွေဖြင့် ထတော်မူသည်။ မိဖုရားခေါင်ကြီးနှင့် သားတော်သမီးတော်များ၊ ဝန်ကြီးများ လက်သုံးတော်များ လက်အုပ်ချီလျက် ပါလာသည်။ အဆောင်ကိုင်များမူ ပါမလာတော့ပြီ။ မည်သို့ဖြစ်စေ ဘုရင်မင်းမြတ်သည် ခမည်းတော် မင်းတရားကြီး စံမြန်းတော်မူခဲ့ရာ အဆောင်တော်ကို ဦးခိုက်ရှိခိုးသည်။

ထို့နောက် ကိုယ်တော်တစ်ကိုယ်တည်း စာတော်ဖတ်တို့ ဖတ်လျှောက်သည့် စာတော်များကို စိတ်လက်အေးချမ်းစွာ နာယူတော်မူလေ့ရှိသည့် အဆောင်တော်ကို မြန်မာနာရီ နာရီဝက်မျှ ငြိမ်သက်စွာ ရှုစားတော်မူပြီးနောက် ရွှေနန်းဥကင် ပလ္လင်တော်အရပ်ရပ်ကို နောက်ဆုံး ရှုစားတော်မူခြင်း အဖြစ်ဖြင့် ရှုစားတော်မူသည်။

ထိုမှတစ်ဖန် ရတနာထီးဖြူတော်။ ထိုမှတစ်ဖန် အနောက်နန်းတော်ရှိ အဆောင်အခန်းများကို လှည့်လည်ရှုစားတော်မူရာ နောက်ဆုံးဖူးမြင်ရခြင်းဟု သိသော မောင်းမများသည် ခြေတော်ကို ဖက်ပြီးငိုကြ၏။ ခြေတော်ကို ဆံပင်ဖြင့်ပွတ်ပြီး ကန်တော့ကြ၏။ ရင်ကိုထုကာ မြေတွင် လှဲသူ လှဲ၊ ပဋ္ဌာ မြေလူး ငိုကြွေးလူးလိမ့်သူ လိမ့်ဖြင့် မင်္ဂလာရှိသော တူရိယာသံများသာ လွှမ်းခြုံနေကြသည့် ရွှေနန်းတော်ကြီးမှာ သချိုင်းပမာ ငိုသံများ ညံနေလေ၏။

စလေဒင်သည် ရင်ဆို့နေသော မျှူးမတ်များ၊ အံကြိတ်နေသော

လက်သုံးတော်များကို မြင်ရသည်။ သွေးတစ်ပေါက်မကျ ကျည်တစ်ချက်မထွက်သော နန်းသိမ်းပွဲတွင် သွေးထွက်သံယိုမှုများ ဖြစ်လာနိုင်ချေ ရှိလာသည်ကို ခန့်မှန်းမိသည်။

သို့အတွက် သက်တော်ရှည်အမတ်ကြီးမှတစ်ဆင့် တင်လျှောက်သည်။

"သဘောၤပေါ်သို့ ထွက်စံကြွချီတော်မူဖို့ အချိန်ကျပါပြီဘုရား"

မင်းတရားကြီးသည် ဒဗ္ဗသမ္ဘာရ အဆောက်အဦ ကြီးမားရင့်မာတော်မူသူ ဖြစ်သည့်အတွက် အနောက်နန်းမှ ခွာတော်မူသည်။ နောက်ပါးမှ ပါမြဲပါနေသေးသော မှူးမတ်များကို လှည့်ပြီး မေးတော်မူသည်။

"ငါနဲ့အတူ မည်သူ လိုက်ပါပြီး အမှုတော် ထမ်းရွက်မည်နည်း"

"ကျွန်တော်မျိုး လိုက်ပါအမှုထမ်းပါမယ်ဘုရား"

လျင်မြန်စွာ လက်အုပ်ချီမိုး ရှိခိုးလျှောက်တင်သူမှာ တိုင်တားမင်းကြီးဖြစ်၏။ နောက်ထပ်မည်သူတွေများ အလုအယက် တင်လျှောက်မည်နည်းဟု ဘုရင်မင်းမြတ် နားစွင့်တော်မူ၏။ မည်သည့်အသံမျှ ထွက်မလာတော့သဖြင့် တံခါးနီဘက်သို့ ကြွချီတော်မူခဲ့လေသည်။

သက်တော်ရှည်အမတ်ကြီးသည် ဘုရင်မင်းမြတ်၏ နောက်တော်ပါးမှ ခစားလိုက်ပါလာရင်းက စလေဒင်အား လှမ်းမေး၏။

"ဘုရင်မင်းမြတ် ထွက်စံတော်မူဖို့ ဆင်နဲ့စီစဉ်ထားသလား"

"ဆင်နဲ့ မသင့်တော်ဘူးထင်တယ် အမတ်ကြီး"

"သို့ဖြစ်လျှင် ရွှေဝေါတော်နဲ့လား"

"ဝေါနဲ့လည်း မသင့်ဘူးထင်တယ် အမတ်ကြီး"

သက်တော်ရှည်အမတ်ကြီး၏ မျက်မှောင်တွန့်၏။

"ကာနယ်ကြီးတို့လုပ်ပုံက ရွှေနန်းရှင်ရင့်မာကြီးကို ကျေးတော်မျိုး ကျွန်တော်မျိုးတွေရှေ့မှာ ခြေကျင်အလျှောက်ခိုင်းပြီး အရှက်ခွဲမလို့လား"

"အိုအို သည်းခံပါ အမတ်ကြီး။ မဟုတ်ပါဘူး"

စလေဒင်သည် ပျာပျာသလဲပြောသည်။ တံခါးနီဘက်သို့ လည်ဆန့်ကြည့်သည်။ ကုလားများ အသင့်ပြင်ထားသော နွားလှည်းနှစ်စီးကို လှမ်းမြင်ရ၏။ လှည်းများကိုလည်း ရတနာစီခြယ်သည့် အမိုးများ တပ်ဆင်ထား၏။

"ကျွန်တော်စီစဉ်ထားပုံကလေး ကြိုတင်အသိပေးပါရစေ"

စလေဒင်သည် သက်တော်ရှည်အမတ်ကြီး လည်ပင်းရှည်လျက် လှမ်းမျှော်ကြည့်နေစဉ် ချဉ်းကပ်ပြီးပြော၏။

"ရှေ့ဆုံးက ဂျင်နရယ်ပရင်ဒါဂတ် ကြွချီပြီး သူ့နောက်က ဗြိတိသျှအလံတော်ကိုင်တပ် ဖြစ်ပါတယ်။ သည့်နောက်မှာ စစ်မှူးတပ်မှူးတွေဖြစ်ပြီး၊ သည့်နောက်မှာ တိုင်တားမင်းကြီး ဖြစ်ပါတယ်။ သည့်နောက်မှာတော့ ထီးဖြူလေးလက်၊ ဘုရင်နဲ့ မိဖုရားများ၊ မယ်တော်မိဖုရားကြီး၊ အစေခံများနဲ့ ဗြိတိသျှစစ်သည်တော်များ အစဉ်လိုက်ပါဖို့ပါပဲ"

ဘဝရှင်မင်းတရားကြီးသည် ယုတ်မာသော မျက်နှာထားကိုယ်စီဖြင့် နှစ်ဖက်ညှပ်ရပ်နေသည့် စစ်ဗိုလ်များကြားမှာ ရာဇဣန္ဒြေဖြင့် ကြွလှမ်းတော်မူ၏။ သို့သော် နွားလှည်းနှစ်စီးကို မြင်လျှင်မြင်ချင်း 'သက်တော်ရှည်အမတ်ကြီး' ဟု ခေါ်တော်မူလိုက်၏။

"အပါးတော်မှာ ခစားလျက်ရှိကြောင်းပါဘုရား"

သက်တော်ရှည် အမတ်ကြီးသည် လက်အုပ်ချီလျက် ချဉ်းကပ်လာရင်း ရတနာလှည်းယာဉ်များ၏ ချို့ယွင်းချက်ကို အကဲခတ်သည်။

ပြည့်ရှင်မင်း စက်တော်တင်တဲ့ယာဉ်ဟာ သို့ကလိုပဲလား အမတ်ကြီး"

"မှန်ပါ၊ ထီးဖြူလေးလက် လိုအပ်နေကြောင်းပါဘုရား"

အမတ်ကြီးသည် တစ်ဆက်တည်း စလေဒင်အား လှမ်းပြောရာက ရှေ့တွင်ခင်းကျင်းမည့် ထီးဖြူများကို နောက်သို့ခေါ်ယူလိုက်သည်။ ဘုရင်မင်းမြတ် စက်တော်တင်မည့် ရှေ့ဆုံးလှည်းကို ထီးဖြူလေးလက်ဖြင့် အမိုးခိုင်းလိုက်သည်။

## ပုဂံစာအုပ်တိုက်

အသုဘာချည်နှယ် အမင်္ဂလာသံ အပြည့်ပါသော ဘင်ခရာသံများ ထွက်ပေါ်လာပြီးလျှင် ဘုရင်မင်းမြတ် ရွှေစက်တော်အစုံ တင်သည့်လှည်း၊ မယ်တော်နှင့် သမီးတော်များ လိုက်ပါသည့်လှည်းတို့ စတင်လိမ့်ချိန်သည် မြန်မာနာရီ သုံးချက်တီးကျော် သုံးမောင်းခန့်တွင် ဖြစ်ပေသည်။

မြန်မာ့ဦးကင်း သီပေါမင်းအား ရန်သူဖမ်းသွားပြီ။

ထိုသတင်းကိုကြားသူတိုင်း ရပ်တည်မနေနိုင်။ ဂေါဝိန်ဆိပ်သွားရာ လမ်းသို့ အမောတကော ပြေးလွှားလာကြသည်။

ရတနာပုံ ရွှေမြို့တော်သူ ရွှေမြို့တော်သားများမှာ မီးကြီးအကြိမ်ကြိမ် သင့်လောင်ခံရသဖြင့် ဆင်းရဲညိုးငယ်နေကြ၏။

လွန်ခဲ့သည့်နှစ် တပေါင်းလဆန်း ဆယ်ရက်နေ့က ရွှေမြို့တော် အနောက်ပြင် ပြည်ကြီးကျက်သရေရပ် မိတောအိမ်မှ စတင်လောင်ကျွမ်းသော မီးသည် အိမ်ခြေတစ်ထောင့်ငါးရာကျော် ပြာပုံဘဝသို့ ပို့ခဲ့၏။ မြောက်ဘက်ကို သရဲဈေးအထိလောင်ရာ ဘုရင့်စပါးတော် ကိုးသောင်းကျော်လည်းပါသွားသည်။

ထိုမီးကို အားကြိုးမာန်တက် ငြိမ်းသတ်နေဆဲဝယ် နန်းမြို့တော်၏ အနောက်မျက်နှာရှိ နန်းစဉ်ကျီတော်ကြီးများ ထားသည့်အပိုင်းကို လောင်ပြန်သည်။ ကျီကြီးလေးလုံးနှင့် အိမ်ခြေ တစ်ထောင်ကျော်၊ မြောက်ပြင်ရှိ ကျောင်းကြီးကျောင်းငယ် ၅၄ ဆောင်၊ မြို့တံခါးများ ပြငယ်များပါ မီးထဲပါသွားလေ၏။

မီးကို အကြွင်းအကျန်မရှိအောင် နောက်တစ်နေ့အထိ ငြိမ်းသတ်ကြရ၏။ သို့သော် မီးကမငြိမ်း၊ နောက်ထပ်လောင်ပြန်ပြီ။ သေးသေးကွေးကွေး မီးမဟုတ်။ ဘထွေးတော်အိမ်ရှေ့မင်း၏ သားတော် ရှင်ပညာစက္က (ထိပ်တင်ဖုန်း) ၏ လူများက ရှို့သယောင်ယောင်၊ မင်းကင်းမြို့စား၊ မိုးမိတ်မြို့စားများနှင့် ရည်ငံယှက်တင်မိ၍ ကွပ်မျက်ခံရသော ငတုတ်၏ လူများက ရှို့သယောင်ယောင် သတင်းဖြစ်ရသော မီး။

**ပုဂံစာအုပ်တိုက်**

ပျက်စီးဆုံးရှုံးခြင်းတွင် ထိတ်လန့်တုန်လှုပ်ခြင်းပါ ရောနှောပါလာသည့် သည်မီးမှာ ခုနစ်နေ့ရာ တစ်ပြိုင်နက်တည်း သင့်လောင်သော မီးဖြစ်သည်။

ရွှေမြို့တော်၏တောင်ပြင် ရွှေလုံအစုတန်း၌ တစ်မီး၊ ရွှေမြို့တော်၏ အနောက်တောင်ထောင့် ထီးတန်းတစ်မီး၊ မြို့တွင်းလက်ျာကျောင်းတန်းများ နှစ်မီး၊ ယိုးဒယားဈေးတစ်မီး၊ လှည်းယာဉ်တန်းတစ်မီး၊ ရွာသာတန်းတစ်မီး။

စေတီပုထိုး ကျောင်းကန်ဇရပ်များလည်း အများအပြား ပျက်စီးသည်။ လူနေအိမ်ခြေလည်း လေးထောင်ခန့်ဆုံးရှုံးသည်။ ဘုရင်မင်းမြတ်က တစ်အိမ်ထောင်လျှင် ဆန်တစ်စိတ်နှင့် ဒင်္ဂါးနှစ်ပြား သနားတော်မူငြား၊ ယင်းစား မထူထောင်နိုင်၊ ညှိုးချုံးနေကြ၏။

သို့သော် အိမ်ခြေခြောက်ထောင်ကျော် လောင်သောမီး၏ ဒုက္ခအပူမီးသည် ပြည်သူ့ဦးကင်း ဘုရင်မင်းမြတ် ရန်သူ့လက်ပါသောကြောင့် ဖြစ်ပေါ်ရသော သောကမီးနှင့်စာသော် ရေချမ်းရေအေးဖြစ်သွားပြီ။ မီးတကာ့မီးတွင် လူညွန့်တုံး၍ သူ့ကျွန်လုံးလုံးဖြစ်ရသောမီးက အပူလောင်ဆုံးဖြစ်သည်။

"အလှူ့ရေစက် လက်နဲ့မကွာ သာသနာတော်ကို လိုလေသေးမရှိအောင် စောင့်ရှောက်တော်မူသဲ့ ငါတို့သခင် ဘဝရှင်မင်းတရားကြီး မရှိတော့ပါကလား"

လမ်းတစ်လျှောက်တွင် ငိုယိုသံများ ပွက်လောရိုက်နေသည်။ ဘုရင်မင်းမြတ်ကား ကြွရောက်တော်မူမလာသေး။ ဆောက်လုပ်၍ မပြီးတပြီး ကောင်းမှုတော် မြတောင်ကျောင်းတိုက်ကို လှည်းပေါ်မှပင် ဝင်ရောက်ရေစက်ချတော်မူနေခိုက်ဖြစ်၏။

ရတနာပုမ် ဒုတိယနန်းစံ မင်းတရားကြီးသည် ယခုရှိခိုးခြင်းကား သံဃာတော်အရှင်မြတ်များအား နောက်ဆုံး တွေ့မြင်ဖူးမြော်ရှိခိုးရခြင်းပါတကားဟု သတိဝင်လာသောအခါ ဘုရားကြီးကိုလည်း နောက်ဆုံးအဖြစ်ဖူးမြော်လိုသည်။

**ပုဂံစာအုပ်တိုက်**

"သက်တော်ရှည် အမတ်ကြီး၊ ကိုယ်တော်ရှင်မြတ် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးကို နောက်ဆုံး ဖူးမြော်ခြင်းအဖြစ် ဖူးမြော်လိုတယ်"

ထိုရုပ်ရှင်တော်မြတ်ကြီးအား ဘုရင်မင်းမြတ်သည် ပြီးခဲ့သည့်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ကပင် အလှူကြီး ပေးလှူခဲ့သေးသည်။

ထိုနေ့က မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးသာမက မာရ်အောင်ရတနာဘုရား မဟာလောကမာရဇိန်ဘုရားများတွင် ခွဲဝေရှိ့လွှတ်ပူဇော်ရန် မီးမျိုးစုံ၊ နှစ်စဉ်ပူဇော်မြဲ ၁၉ ဌာန ဘုရားစေတီတော်များမှာ ထွန်းလင်းပူဇော်ရန် ကျောက်ဖယောင်းတိုင်သေတ္တာ နှစ်ထောင်ကျော်၊ ညောင်ရေတော်သွန်းရန် ရေချမ်းအိုးကြီး ၃၈ လုံး။

ယခု ကိုယ်တော်ဖူးမြော်လိုစိတ်ပြင်းပြနေသည့် မဟာမုနိဘုရားကြီးမှာ ဆက်ကပ်လှူဒါန်းပူဇော်ရန် ကနက္ကဒဏ်ထီးတော်နှင့် စနစ်ပုံစံ ထပ်တူ အနောက်တိုင်းပြည်နိုင်ငံဖြစ် အဖိုးတန်ပန်းပွင့်မျိုးစုံ၊ ဖော့ပန်းမျိုးစုံတို့ဖြင့် လှပတင့်တယ်စွာ ခြယ်လှယ်လုပ်ဆောင်သည့် ပန်းထီးတော်ကြီးရှင်။

ထိုမျှမကသေး။ စာမဲ၊ မုန့်ယို၊ အချိုအဆိမ့်မျိုးစုံနှင့်တကွ သံဃာတော်တစ်ထောင်တို့အားလည်း သပိတ်လုံးရေတစ်ထောင်ကိုပါ ဘုရားကြီး ရင်ပြင်တော်တွင် လောင်းလှူခဲ့သေးသည်။ မရှေးမနှောင်းမှာပင် တင်လှမ်းဆက်ကပ်ခဲ့သော ရွှေပုစွန်ခွံသင်္ကန်းတော်ကြီးကိုလည်း ဖူးမြော်ကြည်ညို သဒ္ဒါပွားတော်မူလိုသည်။

သို့အတွက် ထိုသို့မိန့်တော်မူသည်တွင် သက်တော်ရှည်အမတ်ကြီးက စလေဒင်ကိုပြောသည်။ စလေဒင် ခါးပိုက်ဆောင်နာရီကို ကြည့်သည်။ နေလုံးကြီးကို မျှော်ကြည့်သည်။

ထို့နောက် တစ်ချက်တွေသည်။

"မဟာမြတ်မုနိဘုရားကြီးအတွင်း တန်ဆောင်းကြို့တန်ဆောင်းကြား၊ ဘုရားကြို့ဘုရားကြား၌ ကမ္ဘောဇတိုင်းသား မြန်မာတစ်ထောင် ဓား၊ လှံ၊

သေနတ် အစုံစွဲကိုင်လျက် သူတို့ဘုရင်ကိုလုယူရန် ပုန်းလျှိုးစောင့်ဆိုင်း နေကြသည်။

ထိုသတင်းသည် အတွေးထဲသို့ ဝင်လာသည့်ခဏ၌ စလေဒင်သည် သက်တော်ရှည်အမတ်ကြီးမှတစ်ဆင့် တင်လျှောက်သည်။

"ဝမ်းနည်းပါသည် အရှင်မင်းမြတ်၊ အချိန်မရှိတော့ပါ။ မကြာခင် မောင်ပါတော့မယ်။ သင်္ဘောကိုသာ ကြွချီတော်မူပါဘုရား"

အရှင်နှစ်ပါးနှင့် မယ်တော်၊ သမီးတော်များကို တင်ဆောင်ထားသော ရတနာလှည်းသည် မြတောင်ကျောင်းတိုက်မှ ဆက်လက်ထွက်ခွာသည်။ သစ္စာရှိအပျိုတော်များသည် လိုအပ်ရာရာ ပစ္စည်းပစ္စယများကိုရွက်လျက် ခြေကျင်လိုက်ပါလာကြသည်။

"ငါတို့မြန်မာတွေ လူညွန့်တုံးပြီး ခွေးလုံးလုံးဖြစ်ပါပေါ့လား"

ယောကျ်ားကြီးတစ်ယောက်၏ အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သံသည် ဘင်ခရာသံများကို လွှမ်းမိုးလျက်ပေါ်လာ၏။ လမ်းဘေးဝဲယာရှိ ပရိသတ်မှာ ထိုအသံကြီး၏ လှုံ့ဆော်မှုကြောင့် အော်ဟစ်ငိုယိုကြ၏။ လက်စုံမိုးလျက် ရှိခိုးကာ ငိုယိုကြ၏။ ရင်ကို ထုကာ ငိုယိုကြ၏။ မြေပေါ်တွင် လူးလိမ့်ပြီး ရှိုက်ငင်အော်ဟစ်ငိုကြွေးကြ၏။

မှူးကြီးမတ်ကြီး သေနာပတိများ၊ ဝန်ထောက်၊ နာခံတော်၊ သံတော်ဆင့် များသည် အသုဘပို့သူများနှယ် ညှိုးနွမ်းသော မျက်နှာများဖြင့် မျက်နှာ အောက်ချလျက် လိုက်ပါလာကြ၏။ အင်္ဂလိပ်တို့၏ ဘင်ခရာသံကား မြန်မာ တို့အတွက် မသာဆိုင်းပေတည်း။ ရွှေနန်းတော်ကြီးတွင် လွှင့်ထူထားသည့် ယူနီယံဂျက်အလံကား မြန်မာတို့အတွက် မီးနေထဘီပေတည်း။

ဆောင်းတွင်းကာလ၏ အလင်းရောင်သည် လျင်မြန်စွာ ဆုတ်ယုတ်၏။

အရှင်နှစ်ပါးအား နောက်ဆုံးဖူးမြင်ခြင်းဖြင့် လာရောက်ဖူးမြော်သော ပြည်သူပြည်သားများမှာ များသည်ထက် များပြားလာ၏။ လမ်းဘေးဝဲယာ

ညှပ်ပြီး ရှိခိုးဦးခိုက်နေသည့် လူများမှာ တစ်ယောက်ပေါ် တစ်ယောက် ထပ်လျက် ထူထပ်သိပ်သည်းထုထည်ကြီးမား၏။

စလေဒင်နှင့် ပရင်ဒါဂတ်သည် လူအုပ်ကြီးတွေကိုကြည့်ကာ စိုးရိမ်ကြောက်ရွံ့လာကြ၏။

'လူတွေက ဝိုင်းပြီး ခဲဖြင့်ပစ်သော် မည်သို့လုပ်မည်နည်း....'

သို့အတွက် ဘင်ခရာအဖွဲ့ကို အသော့နှင်ခိုင်း၏။ အရှင်နှစ်ပါးပါသော လှည်းများကို သွက်သွက်လည်း အမောင်းခိုင်းသည်။ ကုလားတွေကိုလည်း အတွန်းခိုင်းချေသည်။

ထိုအချိန်တွင် မိဖုရားခေါင်းကြီးမှာ ကိုယ်ဝန်အရင့်အမာဖြင့်ဖြစ်သည်။ လှည်းပေါ်မှအဆင်းတွင် အပျိုတော်များက မနိုင်မနင်း ပွေ့ချီချပေးကြရ၏။ သဘော်ဆိပ်ဖြစ်သောကြောင့် နွားသေးကြောင့်ဖြစ်သော ဗွက်များ၊ နွားချေးရာ မြေမာများကို မိဖုရားကြီးမနင်းနိုင်။ လဲမည်ပြိုမည်ရှိတိုင်း အပျိုတော်များက ဖေးမကြရ၏။

ဘဝရှင်မင်းတရားကြီးမှာလည်း ငါ၏ ကျေးတော်မျိုး ကျွန်တော်မျိုးများနှင့်တကွ ငါပါ ကျွန်ဖြစ်ပါပေါ့လားဟု တွေးချိန်မရ။ နှုတ်ငုံတော် အရင့်အမာနှင့် မိဖုရားကြီးအတွက်သာ စိုးရိမ်နေတော်မူသည်။ သို့အတွက် ဖြစ်သလို ခင်းထားသည့် ကုန်းပေါင်ပျဉ်ပြားများပေါ်သို့ မကြွမြန်းနိုင်သေး။ မိဖုရားခေါင်ကြီးကို လှည့်ပြီး ရွှေလက်တွဲတော်မူသည်။

"ဟော့ငါတို့သည်လိုပဲ ကြည့်နေကြတော့မှာလား။အသက်တစ်ချောင်း နှမြောသာနဲ့ပဲ ခွေးအဖြစ်ခံကြတော့မှာလား"

ဒေါသတကြီး လှို့ဆော်သံပေါ်လာသည်။ခဲများ၊တုတ်များ မှောင်ထဲမှ ဒဲပျံလာသည်။ လက်နက်ကိုင်ရန်သူများသည် လိုက်ပို့သူများနှင့် လိုက်ပါမည့်သူများ၏ကြားသို့ ဝင်ရပ်ကြသည်။

"ချကြပါတော့လား၊ သတ်ကြ"

ထိုအသံရှင်အား တစ်စုံတစ်ယောက်က ပါးစပ်ကို ပိတ်ဟန်တူ၏။ ဂူးဂူးဝါးဝါးသာ ကြားရ၏။

ကုန်းပေါင်နင်းကြမ်းထိပ်၌ မီးအိမ်တစ်လုံးပေါ်လာ၏။ ဘုရင်မင်းမြတ်သည် မိဖုရားခေါင်ကြီးကို လက်တွဲလျက်၊ အရှင်မိဖုရားခေါင်ကြီးသည် မယ်တော်ကိုဆွဲလျက်၊ မယ်တော်သည် မြေးတော်များကို ဆွဲလျက် သင်္ဘောပေါ် ရောက်သွားကြပြီ။ တိုင်တားမင်းကြီးသည် ထီးမိုးလျက် လိုက်ပါခစားလာရာ သင်္ဘောပေါ်အရောက်တွင် တစ်စုံတစ်ယောက်က ထီးတော်ကို လုယူကာ တွန်းပစ်၏။ မင်းကြီး ပြန်လုည့်ပြီး လုယူသော်လည်း မရတော့ပါ။ ထီးတော်သည် ဆိပ်ခံနှင့် သင်္ဘောကြားသို့ ကျသွားရာက ရေစီးအားဖြင့် မြစ်ပြင်ကျယ်ထဲသို့ မျောပါသွားချေပြီ။

အရှင်နှစ်ပါး ရွှေစက်တော်တင်သော သူရိယသင်္ဘောသည် ချက်ချင်း စက်ဖွင့်ပြီး ရေလယ်သို့ ထွက်ခွာသွားလေ၏။

သူခိုးပြေးမှ ထိုးကွင်းထသောလူများကား သူရိယသင်္ဘောကို ရမိရရာများဖြင့် လှမ်း၍ပစ်ခတ်နေဆဲ ရှိသေးသည်။ ထိုသူများကြားတွင် ဂူးဂူးဝါးဝါးအော်လျက် ရုန်းကန်နေသူ နှစ်ယောက်မှာလည်း ဖက်ထား၊ ပါးစပ်ပိတ်ထားသူများ၏ လက်ထဲမှ ရုန်းကန်နေဆဲရှိသေးသည်။

သူတို့ကား ဆရာဖေနှင့် သူ့တပည့် မောင်လှိုင်းတို့ပေတည်း။

သူတို့သည် အမင်္ဂလာသတင်းကို ကြားလျှင်ကြားချင်း ပြေးလာကြသည်။ သျှောင်ထုံးပြေကျသည်ကိုပင် သူတို့မသိမ်းနိုင်ကြ။ သို့သော် သူတို့ သတင်းကြား နောက်ကျလွန်းသည်။ ညောင်ရမ်းမင်းသားကြွလာတော်မူပြီ။ ကုလားဖြူ ကုလားမည်းတွေ ခစားလျက် လိုက်ပါလာသည်ဟူသည့် သတင်းယုတ်ကြောင့် နှောင့်နှေးသည်။

“ဟုတ်ပါ့မလား၊ ဖြစ်နိုင်ပါ့မလား”

ဆရာဖေ၏ တပည့်တွေမှာ ဟိုသည်ပြေးလွှား ကြည့်ရှုရသည်။

မေးမြန်းစုံစမ်းရသည်။ 'ဘာတစ်ခုမှ မဟုတ်ဘူး ဆရာရေ့။ အရှင်နှစ်ပါးနဲ့ မယ်တော်၊ သမီးတော်တို့ကို ဘီရိုလှည်းနဲ့တင်ပြီး ကုလားတွေညှပ်ခေါ်သွားပြီ' ဟူသည့် သတင်းမှန်ကို ကြားလျှင်ကြားချင်း ဆရာဖေ အပြေးလာသည်။

လူအုပ်ကြီး ထူထပ်လွန်းသဖြင့် အုတ်ရေအိုးစင်ပေါ်သို့ တွယ်တက်ပြီး ကြည့်သည်။ ကြည့်ရင်းကြည့်ရင်း ရင်ဆို့လာသည်။ 'သည်တိုင်း ကြည့်နေကြတော့မှာလား၊ ချကြပါတော့လား' အော်ပြီး ခုန်ချသည်။ ကောက်မိကောက်ရာ ရမိရရာ မြေခဲ၊ ကျောက်ခဲများဖြင့် ပစ်သည်။ တပည့်ငလှိုင်းမှာလည်း 'မတော်ပါဘူးဆရာ' ပြောဖော်မရ၊ သူပါဝင်ပြီး ခဲဖြင့်ပစ်သည်။ ချကြပါလား အော်သည်။

ငစိန်ပိန်သည် သူ့ဆရာကိုလည်းကောင်း၊ ငသောကသည် ငလှိုင်းအားလည်းကောင်း ဝင်လုံးသည်။ ပါးစပ်ကိုပိတ်ပြီး ဆွဲခေါ်ခဲ့ကြသည်။

"ဆရာရယ်၊ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး"

"ဟော့ နှမ်းစေ့တွေစုထားသဲ့ နှမ်းတစ်ပြည်က ဆီအစိတ်သားထွက်သကွ"

ငစိန်ပိန်မှာ ဖျောင်းဖျစကား မဆိုတတ်ပြြား အိမ်ဘက်သို့သာ အပါ ဆွဲခေါ်လာတော့သည်။ သည်အထဲတွင် ငလှိုင်းကလည်း တစ်ခက်။

"မြန်မာတွေအားလုံး ကိုယ့်ကိုယ်ကို သတ်သေကြပါတော့လား။ အရှက်မရှိသဲ့ မျက်နှာနဲ့ ကျွန်ဖြစ်ပြီး အသက်ရှင်နေကြဦးမှာလား"

"သူငယ်ချင်း တော်တော့ကွာ၊ အသံဝင်နေပြီ"

"မတော်ဘူးကွ" ကုန်းအော်ကာ ငလှိုင်းသည် ကလေးနယ်ငို၏။ ဒ်းရာသစ်ပင်ကို ခေါင်းဖြင့်ပြေးတိုက်၏။ ထိုအခါတွင်ကား ဆရာဖေရော၊ ငစိန်ပိန်ပါ ဝင်ရောက်တားဆီးရတော့သည်။

"တပည့်မောင်လှိုင်း၊ သတိထားပါကွယ်"

"ကျွန်တော် သတိမလစ်ဘူးခင်ဗျာ၊ သေပါရစေ။ ကျွန်ဘဝနဲ့လူဖြစ်ပြီး

အသက်ရှင်နေမယ့်အစား သေပါရစေ။ သေပြီးတော့မှ ခွေးဖြစ်နေရပါစေ"

"အခုလည်း ခွေးဖြစ်နေပါပြီတပည့်ရယ်။ ငါတို့အားလုံးဟာ အမြီးမပါသဲ့ ခွေးတွေဖြစ်နေပြီဟ"

တပည့်အားနှစ်သိမ့်ရင်းက ဆရာဖေသည် ဒေါသတကြီး ကုန်းအော်၏။

"ဟော့ကောင် ငလှိုင်း၊ မင်း တော်တော့ကွာ။ မင်းကိုအကြောင်းပြုပြီး ဆရာ တစ်ခုဖြစ်ရင် မင်းတရားခံ"

ဆရာနှင့်ကိုင်သောအခါ ငလှိုင်းငြိမ်သွားသည်။ တဟီးဟီးသာ အော်ဟစ်ငိုယိုလျက် လိုက်ပါလာတော့သည်။

ဆရာဖေ၏ဇနီးသည် အော်ကြီးဟစ်ကျယ် ငိုသံကြီးဖြင့် အိမ်ပေါ် တက်လာသူအား 'ဘာဖြစ်သတုန်း' ဆီးမမေး။ အသုဘချသွားစဉ် အိမ်စောင့် ကျန်နေခဲ့သူ၏ မျက်နှာဖြင့် မီးခွက်ဘေးတွင် ထိုင်နေ၏။ သူလည်း အိမ်ဘဲတွင် နေရသူဖြစ်ငြား မြန်မာမပင် မဟုတ်သလော"

"ဆရာ ထမင်းရူးမယ်နော်"

ခဏကြာမှ သူ့အိမ်ဦးနတ် ထမင်းမစားရသေးကြောင်း သတိရသဖြင့် ကုန်းထရင်း လှမ်းမေး၏။ ဆရာဖေ မဖြေ။ သို့ကြောင့် မလှမ်းမကမ်းတွင် ဝင်ထိုင်၏။

"တံခါးနီ အမှုထမ်းတစ်ယောက် ပြောသွားသာ ကြားလိုက်သယ် ဆရာ"

"ဘာတဲ့တုန်း ရှင်မ"

"အရင်နှစ်ပါးကို ဖမ်းသွားသာမဟုတ်ဘူး။ စာချုပ်ချုပ် လက်မှတ် ထိုးဖို့အတွက် ပင့်သွားသာတဲ့"

ဆရာဖေ ဆေးခံခွက်ကောက်ယူပြီး လှမ်းပစ်၏။ ငစိန်ပိန် အလျင် အမြန် ဆွဲဖယ်လိုက်ရာက "ဆရာ၊ သတိထားတော်မူပါခင်ဗျာ" ပြောသည်။ သူ့ပြောသံအဆုံးတွင် ဆရာဖေ ဒေါသတကြီးအော်၏။

**ပုဂံစာအုပ်တိုက်**

"စာရေးဆရာ့မယား ဖြစ်နေပြီးတော့ သည်လောက် အကြားအမြင် နည်းပါးရသလားဟင်။ စာချုပ်ချုပ်ဖို့ လာပင့်သာဆိုရင် ထွက်စည်တော် ယွမ်းပြီး မင်္ဂလာဆင်တော်နဲ့ ထွက်မှာပေါ့ဟဲ့"

စာရေးဆရာ့ ဇနီးမှာ လည်ပင်း တိုဝင်ကာ မျက်တောင် ပုတ်ခတ် ပုတ်ခတ် ဖြစ်နေရှာတော့သည်။

"အခုတော့ ကျက်သရေမရှိသဲ့ နွားလှည်းနဲ့ ကွမ်းရည်တော်၊ လက်ဖက်တော် ရွှေဓားစွဲ ဝင်းမှူးကိုယ်ရံ ဘယ်မှာတုန်း။ ဒါလား စာချုပ် ချုပ်ဖို့ပင့်သာ။ တယ်လေ ငါပြောလိုက်ရ"

ပြောလိုက်ရအရောက်တွင် အိမ်ပေါ်သို့ ဓားလွတ်စွဲလျက် လူ လေးယောက် ပြေးတက်လာ၏။ ဆရာဖေ ဆတ်ခနဲထလျှင် ငလှိုင်းသည် ဆရာ့ရှေ့သို့ ပြေးရပ်ရင်း ခါးတောင်းကျိုက်၏။

"ကျွန်တော်တို့ပါ ဆရာရဲ့"

သာမန်အချိန်တွင် ဟားတိုက်ရယ်မောရ၍ မပြီးတည့်နိုင်အောင် ရှိမည် ဖြစ်ငြား ယခု မရယ်နိုင်ကြ။ ဝင်လာသူမှာ မောင်မောင်ဘနှင့် နောက်ပါများ ဖြစ်သဖြင့်တည်း။

"ဩော် အင်းအင်း၊ မင်းသားပါကလား၊ ကြွပါကြွပါ"

"ကုလားက ဘာစာချုပ်ဖို့မှ ပင့်သွားသာ မဟုတ်ဘူး ဆရာ။ ကျွန်တော်တို့ စစ်ရှုံးပြီ။ ခွေးဖြစ်ပြီ။ ဘုရင်ကိုဖမ်းသွားသာ။ ဖမ်းသွားလို့သာ နန်းတော်ထဲမှာ ကုလားတွေ ဖိနပ်စီးတက်ပြီး မွှေနှောက်ယှငင်နေသာပေါ့။ ဒတွေ့သာ မြင်သာ ယူလို့အားမရသဲ့အတွက် မြှုပ်နှံထားသာတွေ ရှိလိုရှိငြား သဘောနဲ့ လျှောက်ပြီး တူးဆွနေကြပါကော"

ဆရာဖေ စကားမပြော။ ခေါင်းသာညိတ်သည်။

'ပြည်သင်္ကာ လွန်ကျေချမ်းတာကြောင့် ကြည်လင်စွာ သပြေပန်း ကိုလာ့၊ ရေဖျန်းလို့ သွန်းချိန်ဝယ်။

သမ်းမညို့နိုင်ဘု၊ နန်းမြို့ကို ရွှေရထားရယ်နှင့် နှစ်ပါးတူ ထွက်ခွာ
လှမ်းပြန်တော့ စန်းလသဖွယ်။

ဝိပ္ပသာ ကေသိမြတ်ကယ်နှင့် ဝေဒေဟီ ရွှေညီနတ်ကယ်သို့၊ ရွှေ
ရဟတ် ပြာသာဒ်လယ်မှာ မှတ်ရွယ်သင့်စံတပြေး။

နေနှစ်ဆူဦးညွှတ်ကာ လွန်ကြည်ဖြူလို့၊ ရွှေပြည်သူ မြူတာ
လောင်းလို့ရယ်၊ တောင်းအောင်ဆုကြွေး။'

မကြာသေးမီကအရှင်နှမသည် သူရဲသူခက် အထောင်အသောင်းခြံရံလျက် သာယာသော တူရိယာသံများ၏ ခညောင်းမှုကို ခံယူရင်း ရွှေမြို့တော်ကို လှည့်လည်ရှုစားတော်မူခဲ့သည်။ ယနေ့ညနေ မြင်ကွင်းမှာသော်ကား ထို လေးချိုးနှင့် အကွာကြီး ကွာလှပါတကား။

'နန်းပုံ ဆန်းစုံ ပန်းခုံမြင့် စန်းယုန်နေပွင့် မခြားသွင်။ မြန်းလှို့
ဝေတင့် ပတ္တမြားပလ္လင်ဝယ် နှစ်ပါးအရှင် စံပြိုင်ထွန်း။ ဝေရော
စန၊ ရဝေ သောမ၊ ပရမေစောလှ နတ်နှစ်ဆူမှာ မြတ်ပါရဂူ ဆုကြီး
ရည်လို့ညွှန်း။

မဟီမြေတပြန့်၊ ဝလီနေရဗန့်၊ မဒီဝေသန့် ခုငြမ်းဆင်သည်၊ ဥဒါန်း
ရာဇဝင် နောင်မော်ကွန်း။ ဌာနီ ရာသီ ပါမိမွန်း သဒ္ဒါ စည်ရွှန်း
အောင်မောင်းသံ၊ နတ်ဒေဝရာ ဗြဟ္မာအဲ့ ကုသိုလ်တော်နဲ့
ကောင်းကြီး သာခုခံ။

ကြင်နှန်းဆင့်ဆင့် အကျွမ်းစွင့်စွင့် အဆန်းတင့်တင့်နန်းမြင့်ယံမှာ၊
စန်းပွင့်ရှင့်ထံ ခိုလှုံခလို့၊ ဗိုလ်ပုံသက လေဖြိုးစွာ၊ ရွှေမိုး ငွေမိုးရွာ။
လောကီအာသဘ၊ စောဝိနာယက၊ ဗောဓိလျာဘုရာ့ အလှူ
သဒ္ဒါသည် ဓမ္မပြထဗျာ မြေလုံးတုန်ရလေး။

ရွှေနန်းဆောင်မြင့် ငွေစန်းရောင်ပွင့် နေမြန်းပြောင်မင့်၊ သိကြာ့
ဆွေမှာ ဗြဟ္မာ့ ကျက်သရေ တက်ဖြိုးဝေလို့လေး။'

## ပုဂံစာအုပ်တိုက်

သည်တေးထပ်ကိုလည်း အရှင်နှစ်ပါး ရွှေမြို့တော်ကို လှည့်လည် ရှုစားတော်မူစဉ်က နှစ်သက်အင်ရွှဲ ရှိလွန်းသဖြင့် ရင်ထဲမှ ပွင့်အန်လာခဲ့သည်။ သည်အရှင်နှစ်ပါးသည် ရွှေနန်းရှင်၏ ရေအိမ်လောက်မျှ မတင့်တယ်သည့် သူ့ရိယသဘော်ပေါ်တွင် မည်ကဲ့သို့ စံစားတော်မူကြပါမည်နည်း။ ဆင်းရဲ ပင်ပန်းစွာ စံနေတော်မူခိုက်၌ မီးရှူးဖွားသန့်စင်ပါမူ....။

ဆရာဖေ တွေးရင်းတွေးရင်း ရင်နင့်လာသည်။ မျက်ရည်တွေတွေ စီးလျက် ရွှေနန်းတော်ဘက်သို့သာ ငေးမောနေမိသည်။

"ဆရာရေ့၊ ပါးစပ်သတင်းတွေကတော့ အစုံပဲ။ ကျောက်မြောင်း မြို့စား အတွင်းဝန်မင်း မြင်းခြံကိုသွားပြီး ကုလားဗိုလ်ဆီမှာ အရေးတောင်း တော့ ခွင်းချက်မရှိ လက်နက်ချမှ စဉ်းစားမယ်ဆိုသဲ့အတွက် ရွှေနန်းတော်ထဲ အဝင်ခံသာတဲ့ဗျာ"

ဆရာဖေ ဆိတ်ဆိတ်နေသဖြင့် တပည့်များလည်း မလှုပ်ရဲကြပေ။

"အဲသာကို ဆရာယုံသလားဗျာ"

"မယုံဘူး"

အသံအက်ကြီးဖြင့် ဆရာဖေဖြေသည်။ "မင်းသား ရောက်စက ပြောသ မှတ်လား။ ရွှေနန်းတော်ထဲမှာ ခွေးတွေ မွှေနှောက်လုယက် ခိုးဝှက်နေပြီ ဆိုသာ" ဟု ထပ်ဆင့်မေးသည်။

"ဟုတ်သယ်၊ ကျွန်တော်နဲ့လူတွေ နန်းထဲဝင်ပြီး အကဲခတ်သာ။ ပြန်အထွက်မှာ ကုလားတွေနဲ့တွေ့လို့ ဓားနဲ့ရမ်းပစ်ခဲ့သယ်။ ဘယ်နှစ်ယောက် သေလို့ ဘယ်နှစ်ယောက်နာသယ် မသိဘူး"

"ကောင်းသယ်။ ရန်သူကို သည်လိုလုပ်ဖို့ကလွဲပြီး တခြားလုပ်စရာ မရှိဘူး"

"သွားမယ် ဆရာရေ့။ သည်က ရှေ့လျှောက်ပြီး မြန်မာ့မြေပေါ်မှာ ပါပကောင်တွေရှိနေသမျှ ကာလပတ်လုံး ဓားနဲ့ သေနတ်မချဘူး။ သဘင်မှူ

ဘက်ကို မလှည့်တော့ဘူး”

“ကျွန်တော်လည်း လိုက်မယ်”

ပြောလိုက်သူမှာ ငလှိုင်းဖြစ်သည်။

ငလှိုင်းသည် ဆရာကို လက်စုံမိုး၍ ရှိခိုးကန်တော့သည်။

“ကျွန်ဘဝနဲ့ အသက်ရှင်နေရသာ ရှက်လွန်းလို့ပါ ဆရာရယ်။ သူခိုး၊ ဓားပြ အင်္ဂလိပ်ကိုတိုက်ရင်းနဲ့ သေချင်သေပါစေတော့။ ကျွန်တော် လိုက်သွားပါရစေ”

ဆရာဖေ သက်ပြင်းချသည်။သို့သော်ခေါင်းညိတ်သည်။တစ်အောင့်မျှကြာမှ “ကောင်းသောအလုပ်ကို ငါ မတားဝံ့ဘူး ငလှိုင်း” ဟု အသံအက်အက်ကြီးဖြင့် ဆိုသည်။ ငလှိုင်းလည်း အိမ်ရှေ့သို့ ချက်ချင်းပြေးထွက်သွားတော့သည်။

“ဟဲ့ ငစိန်ပိန်၊ ပုရပိုက်ဆွဲပြီး ရေးစမ်းလဟ”

ငစိန်ပိန် ပုရပိုက်နှင့် ကန့်ကူဆံ ထဆွဲလျှင် ငသောကလည်း အလိုက်တသိဖြင့် မီးခွက်ကို ပြေးယူသည်။

“မြတ်ကောဇော လှစ်ဆိုလို့ပြုရမှာဖြင့် သတ်ဇော္ဒါ အစ်ကိုကျခါမှ၊ ခေတ်ညိုလှ မြန်မာပြည်၊ အိုကွယ် ဟစ်ငိုစရာ့အခါပေ။

“မသွေမစောင်းပေဘု ရေကြောင်းဗျူဟာချီ၍၊ တူရာသီ ဆန်းရက်ငါးမှာ နယ်ခြားမြေကျောက်တိုင်ရပ်ဆီက ကင်းတပ်သချော်ကို နော်ကွယ် ခွင်းဖြတ် ဝင်မွှေ။

“ရက်အငှာ ကြံ့အတွင်းမှာလ၊ စက်မဟာ အဟုန်ပြင်းတာကြောင့်၊ မင်းလှမြို့ မှန်ဆိုက်ပေ၊ ရန်မိုက်ခြွေမယ့် မြန်မာများ၊ သြော်ခံတိုက်ပေမယ့် အကွာသား။

“စခန်းငယ်ယှဉ်၊ လမ်းအစဉ် တပ်တော်ရှိပြီဟု သတင်းလျှံ မြင်းခြံထိကာမှ အဘိဉာဏ် နုစတောင်းရယ်နှင့် ကဝိမာန် အပြုကောင်း

သူက အကြောင်းကို မမြင်လေ၍၊ စကားပြေ ပြန်ပြောရင် လွတ်ပါ ဖြာ့၊ ပြားဝပ်ကာ ရှိပန်တောင်း သောကြောင့် ကျောက်မြောင်းဝန် အမြန်ပြေးရှာရ။ အရေးပိုင် မိန့်ဆိုချက်မှာလ၊ လက်နက်ကုန် အပ်နှံသလျှင်ဖြင့် ခွင့်လိုရာ တောင်းပန်ပါ့မယ်လို့ ချိုလှစွာ ညဏ်နိ စွက်တာမို့ ခွင့်လိုရာယူစေလို့ မြွက်မိတယ်၊ တန်ခိုးပျက်ဖွယ် အမှား ပေပေါ့ မျိုးကနက်နွယ်ဖွား"

ပြင်းထန်သော တောက်ခေါက်သံကြီးနှင့်အတူ ဆရာဖေ ဝုန်းခနဲ ခုန်ထသည်။ နာကျည်းသံဖြင့်အော်ပြီး အခန်းထဲသို့ ဝင်သွားသည်။

"ဖျက်ပစ်လိုက်၊ ဖျက်ပစ်လိုက်။ သည်လေးချိုးကို မထားနဲ့။ ပုရပိုက် ကြီးပါ မီးရှို့ပစ်လိုက်စမ်းပါ"

ငစိန်ပိန်နှင့် ငသောကတို့မှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လျက် ကျန်ခဲ့ကြသည်။ ဆရာ့လက်ရာမို့ နမြောသည်။ သို့ရာတွင် ကြေကွဲနာကျည်းစရာ အကြောင်းအရာကြီး ဖြစ်နေပြန်သည်။

# အပိုင်း ၃

# ၁

ရာဇပလ္လင်ကို ခွေးတက်သည်။

ငြိမ့်ငြောင်း၍ ကျက်သရေမင်္ဂလာ ခညောင်းသည့် တူရိယာသံများ၊ တေးသံများသာ လွှမ်းခြုံလျက် ယဉ်ကျေးသော၊ အထက်တန်းကျသော မင်းသား၊ မင်းမြေး၊ မင်းညီမင်းသမီးတို့သာ စံစားပျော်ရွှင်နေကျ တောင်ဥယျာဉ်တော်။ ရွှေနန်းတော်ထဲမှ ဆွဲထုတ်လာသော မီးစက်ကြီး၏ အလင်းရောင်အောက်တွင် ကုလားဖြူများ စားသောက်နေကြ၏။ မသာယာသောဘင်ခရာသံတွင် မူးယစ်နေကြ၏။ အစေခံကုလားနက်များသည် တစ်စားပွဲမှ တစ်စားပွဲ ပြေးလွှားကာ၊ အစားအစာနှင့် သေရည်များ ချပေးနေကြသည်။

"ကျားကျား ကျားဟေ့"

"ကျားဘသား၊ မြန်မာ့ဓားဟ"

ပန်းချုံများအတွင်းမှ သုတ်ခနဲပေါ်ထွက်လာသော လူတစ်ကိုယ်။ ကုလားဖြူ၊ ကုလားမည်းများကြားသို့ ပြေးဝင်လာသည်။ မြင်မြင်သမျှကို

စားဖြင့်ရမ်းသည်။ ကျားဟစ်သံ၊ မာန်သွင်းသံများ မိုးလုံးညံသည်။

မြင့်မြတ်သန့်စင်သော မင်္ဂလာဥယျာဉ်တော်သည် သူယုတ်မာတို့၏ သွေးနက်များကြောင့် အသရေယုတ်ခဲ့ရပြီ။အူပွင့်နေသူ လည်ပင်းကွဲနေသူများ လူးလိမ့်နေငြား ခေါင်းပြတ်အလောင်းများမှ ကုလားထိုင်ပေါ်တွင် တချို့၊ စားပွဲပေါ်တွင်တချို့ ငြိမ်သက်နေကြသည်။

ဘင်သံသည် အထိတ်တလန့် ရပ်စဲ၏။

သေနတ်ကိုင်များသည် ဥယျာဉ်တော်ကို ပိတ်ဆို့ ရှာဖွေသည်။ အမောသာ အဖတ်တင်သည်။

အဝေးပစ် အမြောက်ကြီးတွေ၊ စကြာတင် အမြောက်ကြီးတွေရှိသည့် တပ်တော်ကြီးကို တိုက်ခိုက်စဉ်ကပင် ယခုကဲ့သို့ တစ်ဗိဇနာအတွင်း ဤမျှ များပြားစွာမသေ၊ မနာ။ ယခု၊ ဘုရင်ကိုပင် ရန်ကုန်မှတစ်ဆင့် အိန္ဒိယသို့ ပို့ပြီးခါမှ ဖြစ်ရလေ။ မည်သူ့လက်ချက်နည်း။ မည်သူတွေနည်း။

အင်္ဂလိပ်သည် ပြည်သူကို အထင်မသေးရဲပြီ။

ဘုရင်ကို ဖမ်းမိခါမျှဖြင့် မြန်မာလူမျိုးကို အလွယ်တကူ ကျွန်လုပ်၍ ရနိုင်ပါမည်လော။ ဝန်ကြီး၊ ဝန်ထောက်နှင့် အတွင်းဝန်၊ နားခံ၊ သံဆင့်၊ စစ်ကဲအချို့ ဆက်လက်ပြီးလွှတ်တက်ခြင်းဖြင့် မိစ္ဆာဒိဋ္ဌိတို့ထံ ကျွန်ခံကာမျှဖြင့် မြန်မာတစ်မျိုးသားလုံးက ကျွန်ခံသည့်သဘော မသက်ရောက်ပါတကား။

မိစ္ဆာဒိဋ္ဌိများသည် ကုလားဖြူ၊ ကုလားမည်း တစ်ကျိပ်ကျော်ကို လက်ဖျစ်တစ်တွက်အတွင်း အမိမြေအဝီစိသို့ ပို့ဆောင်ပေးသွားသူများမှာ မည်သူတွေနည်းဟု အပူတပြင်းစုံစမ်းကြသည်။ လွှတ်တော်တွင် စုံစမ်းသည်။ ကျွန်ခံလို၍ အမြီးနန့်နေသော မြန်မာယုတ် မြန်မာတုများကို ကျောသပ်သည်။

သတင်းအစအန မကြားမိရသည်။

မင်းသား ရှင်အာသဘနှင့် မင်းသားမောင်မောင်ဘ။ ခင်မောင်လတ်၊ ဗိုလ်ချင်း။ ဆီးပင်ကြီးစခန်း။

**ပုဂံစာအုပ်တိုက်**

အမည်များကို ဖော်ထုတ်နိုင်လျှင် ထိုသူများအား သိရှိရန် မခက်တော့ပြီ။

ဆီးပင်ကြီးဟူသည် မန္တလေးသို့ဝင်သော လားဝန်တင်၊ နွားဝန်တင်များ စခန်းချသော နေရာဖြစ်သည်။ ထိုနယ်ကို အုပ်ချုပ်သူမှာ ဒိုင်းခေါင်းဦးချင်း ဖြစ်သည်။ သူသည် မြင်းခြံမှ လက်နက်မချဘဲ သဘောတူရာလူချင်း စုပေါင်း ထွက်ခွာလာကာ လူသူစုဆောင်းလျက် အသင့်ပြင်ထားသူဖြစ်၏။ သို့အတွက် ဆီးပင်ကြီးတွင် အမြောက်အလက်စားနှင့် စိန်ပင်ရှိနိုင်သည်။

ခင်မောင်လတ်ကား ဦးချင်းထက်ထင်ရှားသည်။ အကြောင်းမူ၊ သူသည် ရတနာပုမ် ဒုတိယနန်းစံ မင်းတရားကြီး၏ လက်သုံးတော်များတွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ သို့သော် ရနောင်မင်းသားနှယ် မရမ်း ကား၊ လူမသတ်။ ထို့ပြင် မင်းတရားကြီးအပေါ်၌ ဘဝတစ်ခုလုံးပါပုံပြီး သစ္စာရှိသော တိုင်တားမင်းကြီး၏ မြေးဖြစ်သည်။ တစ်ဖန် တောင်ငူကြောင်း ချီတပ်မှ ရွှေလှံအတွင်းဝန်၏ သမက်လည်းဖြစ်ချေ၏။

ထိုထက်မြက်သော ခင်မောင်လတ်သည် အေးဆေးစဉ်က မည်သူနှင့် အဆက်အသွယ် ရှိခဲ့သနည်း။

အဆက်အသွယ်တွေ များလှပါသည်။ မင်းတရားကြီး၏ လက်သုံး တော်ကိုင် မဟုတ်သလော။ ချဉ်းကပ်သူတွေ၊ မျက်နှာချိုသွေးသူတွေ ပေါလှ ပါဘိ။ သည်အထဲတွင် မပါဘဲ ခင်မောင်လတ် မကြာခဏ သွားရောက် တွေ့ဆုံပြီး သက်န်း၊ ဆေးဝါး လှူဒါန်းသော သာမဏေတစ်ပါးရှိ၏။

ထိုသာမဏေကား မည်သူနည်း။

ရှင်အာသဘ။

ရှင်အာသဘသည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ မထင် ရှားသော မိဖုရားတစ်ပါး၏ သားတော်ဖြစ်သည်။ မင်းသွေးတွေ အသုတ်သင် ခံရစဉ်က မည်သည့်အတွက် ကျန်နေခဲ့သနည်း။

ရှင်အာသဘ၏ အမည်ရင်း ထိပ်တင်ဦးကို မည်သူမျှ မသိကြ။

ရှင်အာသဘဟူ၍သာ သိကြသည်။ သူသည် ထိုစဉ်က ၉ နှစ်သားသာ ရှိသေးခြင်း၊ ရှင်သာမဏေ ဖြစ်နေခြင်း၊ သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသတွင် ခိုလှုံနေရခြင်းတို့ကြောင့် သုတ်သင်ရာ၌မပါ။

ရနောင်မင်းသားသည် မိဖုရားခေါင်ကြီး အမျက်ရှခံရသဖြင့် လက်မရှိ တန်းတွင် အကျဉ်းခံနေရခိုက်ဝယ် မိမိသဘောဖြင့် အဆုံးစီရင်သွားသယောင်၊ ရွှေလှံမိုလ်ပင် သတ်သယောင်၊ မသေချာ မရေရာသော နည်းဖြင့် ဇာတ်သိမ်း သွားချိန်ဝယ် ထိပ်တင်ဦးအတွက် အန္တရာယ်ကင်းနေပြီ။ သို့ရာတွင် သူသည် သာသနာ့ဘောင်၌ ပျော်ပိုက်နေပြီ။

ထိုသို့ရှိစဉ် အရှင်နှစ်ပါးကို ရန်သူဖမ်းသွားသည်။ ရှင်အာသဘ နာကျည်းဝမ်းနည်းစွာဖြင့် ခင်မောင်လတ်ထံ ပြေးသည်။ သူတို့သည် နေ့ချင်း ညချင်းပင် နေပြည်တော်၌ လက်နက်လူသူ စုဆောင်းသည်။ စုဆောင်းခိုက်၌ မောင်မောင်ဘနှင့် မောင်လှိုင်းတို့ ရောက်သွားသည်။

မောင်မောင်ဘနှင့် မောင်လှိုင်းတို့ကား ဇာတ်သမားများဖြစ်သည်။ အင်္ဂလိပ်ကို စောစီးစွာက ရန်သူဟု မြင်ခဲ့သော အချုပ်တန်းဆရာဖေ၏ တပည့်များဖြစ်ကြောင်းကို ရန်သူကုလားဖြူ ကောင်းစွာသိသည်။

ရှင်အာသဘနှင့် ကိုခင်မောင်လတ်၊မောင်မောင်ဘ၊မောင်လှိုင်းတို့သည် စုရုံးရသည့်လူများ၊ လက်နက်များနှင့် ရွှေမြို့တော်မှ ထွက်လာသောအခါ တွင်မှ ဆီးပင်ကြီးတွင် အသင့်ရှိနေသော ဦးချင်းနှင့် ပေါင်းမိခြင်း ဖြစ်သည်။ ဦးချင်းမှာ ဒိုင်းခေါင်းသာဖြစ်သဖြင့် ဦးတင်ရန်ပုဂ္ဂိုလ် ရှာဖွေနေဆဲ၌ ရှင်အာသဘ ပါသောတပ်ကြီး ဆိုက်ရောက်လာသောအခါ အဆင်ပြေသွားပြီ။ ရှင်အာသဘ လူထွက် မိုလ်ထိပ်တင်ဦး။ မင်းတရားကြီး၏ သားတော်။

ဦးချင်းနှင့် ဦးခင်မောင်လတ်၊ မောင်မောင်ဘ၊ မောင်လှိုင်းတို့သည် ဆီးပင်ကြီးနှင့် ရွှေမြို့တော်ကြားရှိ (နွားလန်) နလန်တောင်တွင် ခံတပ် ဆောက်လုပ်သည်။ တပ်များကိုလည်း ဖြန့်ထားသေးသည်။ ထိုကဲ့သို့

လုပ်စရာများကို အသင့်ဖြစ်အောင် စီမံထားခဲ့ပြီးမှ တောင်ဥယျာဉ်တော် အတွင်း၌ ပျော်မြူးနေသည့် ရန်သူများကို ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

ရန်သူသည် မင်းနှင့် နေပြည်တော်ကို သိမ်းပိုက်စဉ်က သေနတ် တစ်ချက် မဖောက်၊ သွေးတစ်ပေါက် မကျရပါဘဲလျက် ယခုမှ ဤသို့ ဖြစ်ရ သည်ကို ရှက်၏။ သို့ကြောင့် အလျှင်အမြန် စုစမ်း၍အရတွင် မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေးသမားများ အခိုင်အမာ စခန်းချနေသည့် သတင်းကြားရသော ဆီးပင်ကြီးစခန်းသို့ လူငါးရာပါ တပ်တစ်တပ်ကို လွှတ်လိုက်တော့သည်။

ကုလားဖြူကုလားနက်များသည် ဆင်ပေါင်ဝဲစစ်အောင်ခန်းစခန်းနှင့် ထူးပေါက်ခံကတုတ်တို့ပင် တစ်ပဟိုရ်ကာလကြာအောင် မခံနိုင်လျှင် သည် လူတွေ တစ်မောင်းကာလအတွင်း၌ ထွက်ပြေးတန်ရာ၏ ထင်၏။ အထင် ကြီးဖြင့်လာသော ရန်သူသည် အလွန်မုန်းတီးစိတ်ဖြင့် စောင့်နေသည့် မျိုးချစ် များ၏ စတင်တိုက်ခိုက်မှုကို နွားလန်တောင်တွင် ကြုံတွေ့ရလေ၏။

ရန်သူ ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပင် မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေး တပ်သားများသည် အမြောက်ကို အသုံးပြုကြ၏။ ချူထဲကဓား၊ ချူထဲက သေနတ်၊ သစ်ပင်ပေါ်က ဓား၊ သစ်ပင်ပေါ်က သေနတ်များသည် ရန်သူ အင်္ဂလိပ်စားပြနှင့် အသုံးတော်ခံများကို တရကြမ်းတိုက်ခိုက်သည်။

သက်ရှိသက်မဲ့အားလုံးသည် အင်္ဂလိပ်စားပြတို့အတွက် ရန်သူချည်း ဖြစ်သည်။ ကျောက်ခဲကြီးတွေကလည်း ရန်မူသည်။ သစ်တုံးကြီးတွေ ကလည်း ရန်ပြုသည်။

"မဆုတ်နဲ့ မဆုတ်နဲ့။ ကုလားဆိုသာ ငါတို့ ဓားကစားဖို့ဟေ့။ ကျား"

မောင်လှိုင်းသည် ဘယ်တောင်ပံမှ ညာသံပေးလျက်၊ သစ်ပင် ချုံနွယ်များ ထူထပ်သည်ကို အခွင့်ကောင်းလျက် ဦးဆောင်ခုတ်ထစ်သည်။

"ကျားဟေ့ ကျားဘသား။ ဓားတွေ ဘာလုပ်ဖို့ထားသာတုန်း။ ဓား ဆိုသာ ကုလားကို ခုတ်ဖို့ဟ၊ ကျား"

မှောင်ရီပျိုးလာလေလေ မြန်မာတို့ အားတက်လေလေဖြစ်သည်။ ဘယ်ကတိုက်လိုက်၊ ညာကတိုက်လိုက်၊ အလယ်က တိုက်လိုက်နှင့် ထန်းလျက်ကိုခဲသော ပုရွက်အုပ်နှယ် ရှိတော့သည်။

အင်္ဂလိပ်စားပြများမှာ ကြာလျှင် တပ်လုံးမြုပ် ဆုံးရှုံးရိပ်မြင်လာသည်။ သို့အတွက် မည်သို့မျှ မတက်နိုင်ဘဲ ပြန်လည်ဆုတ်ခွာသွားကြရလေ၏။ မျိုးချစ်တပ်သားများသည် ခံတပ်ကို ညဥ့်တွင်းချင်း ပြန်လည်တည်ဆောက်သည်။ နောက်တစ်နေ့တွင် ရန်သူစားပြများ ရောက်လာလျှင် အသင့်ရှိစေရန် ပြင်ဆင်ထားသည်။

စားပြများ ရောက်မလာခဲ့ချေ။

မည်သည့်အတွက် ရောက်မလာသနည်း။ မောင်မောင်ဘနှင့် မောင်လှိုင်းတို့သည် လူတစ်ကျိပ်ကိုခေါ်လျက် အစုံအစမ်း အထောက်အလှမ်း ထွက်ခဲ့သည်။ တစ်ရွာဝင်တစ်ရွာထွက် ဘက်တော်သားများ စုဆောင်းသည်။ ဘက်တော်သားများထံမှ ရန်သူ့သတင်းကို စုံစမ်းမေးမြန်းကြသည်။

"ရွာသစ်မှာ ကုလားသုံးကျိပ်ရောက်နေသဗျ"

ရွာသစ်မှာ ရွာမဟုတ်။ သစ်ခုတ်သူများ ရောက်လာချိန်တွင် ရွာဖြစ်၍ သူတို့ပြန်သွားလျှင် ရွာပျောက်သွားပြန်သည်။

"သေနတ်တွေ၊ အမြောက်တွေနဲ့လား"

"ကုလားဖြူရော၊ ကုလားမည်းရော သေနတ်ကိုယ်စီနဲ့။ အမြောက် မပါဘူး"

"ဘာလာလုပ်သာတုန်း"

"ဘုံဘေဘားမား သစ်ဂုမ္ဘဏီကတဲ့ဗျ"

မောင်လှိုင်းသည် ဝမ်းသာအားရ လက်ဖျစ်တီး၏။

"ကျုပ်တို့သစ်တွေကို တောင်ငူဘက်မှာခိုးရသာ မတင်းတိမ်လို့ အညာကို တက်လာသဲ့ သူခိုးတွေ။ လာဗျို့ နောက်မလာရဲအောင် ဆုံးမလွှတ်ကြစို့"

သေနတ်ကိုယ်စီဖြင့် မိမိတို့၏ လူတစ်ကျိပ်ကို မနည်းလုပ်ပြီး မောင်မောင်လှိုင်းထင်ငြား သစ်လုသုံးကျိပ်ဆိုသောအခါ အရဲမကိုးဝံ့ပေ။ သစ်ပင်ချုံနွယ် ထူထပ်ရာနေရာကို ရွေးပြီးလာရသည်။

မြန်မာနာရီ နှစ်နာရီကျော်အောင် နားစွင့်လိုက်၊ ပြေးကြည့်လိုက်လုပ်ပြီးမှ ကဲလိုဂရိဒ်နှင့် ဝါကား၊ ဂရေးတို့ လူစုကို မြင်ရသည်။သူတို့သည် သစ်ပင်ကြီးများကို ခုတ်လှဲရန်အတွက် လိုက်လံမှတ်သားနေကြခြင်း ဖြစ်သည်။

မောင်မောင်လှိုင်းတို့သည် သစ်သူခိုးများနှင့် နီးသည်ထက်နီးအောင် ချဉ်းကပ်လာကြသည်။ ရန်သူကို မှန်းရွှံလွန်းသဖြင့် ထတိုက်ရငြား၊ မောင်မောင်လှိုင်းမှာ ဓားသာ ကျွမ်း၏။ သေနတ်၌ မကျွမ်းကျင်။ မောင်မောင်ဘကား သေနတ်နှင့် ယဉ်ပါးသူဖြစ်သည်။ စင်စစ်အားဖြင့် သေနတ်ကိုင်ထားပြီး သေနတ်ကျွမ်းကျင်သူဟူ၍ သူတစ်ယောက်သာပါသည်။

"သည်လိုထိုး၊ သည်လိုချိန်၊ အဲသာကိုဆွဲပြီး ပစ်ရသယ်။ မလှုပ်ပေစေနဲ့"

ကြက်ရေး၊ ငှက်ရေးမှာပင် မောင်မောင်ဘက သေနတ်ပစ် သင်ပေးနေရဆဲ ဖြစ်သည်။ သူ့လူတွေ နားလည်ပြီ သဘောပေါက်ပြီဆိုမှ ဆေးတံကြီးခဲပြီး ခါးထောက်နေသော ကုလားဖြူနီတာရဲကို မောင်မောင်ဘက လက်တွေ့ပစ်ချလိုက်လေ၏။ ထိုရန်သူ အိုးအားမြည်လျက် ရင်ဘတ်ကိုဖိရင်း ခွေကျသွားစဉ်၊ မောင်မောင်လှိုင်းပစ်သော ကျည်ဆံမှာ ဂရေးဆိုသူ၏ ပခုံးကို ထိမှန်၏။

သစ်သမားများလည်း ချက်ချင်း ပြန်လှန်ပစ်ခတ်သည်။ နှစ်ဖက်ပစ်ခတ်သံများ သောသောညံသည်။ ကျန်လူတွေ ဆက်လက်ပစ်ခတ်နေငြား၊ မောင်မောင်လှိုင်း မပစ်၊ သေနတ်ကို ချထားခဲ့ကာ ဓားဆွဲပြီး ပြေးသွား၏။ သူ့လက်ချက်ဖြင့် ရန်သူတစ်ယောက် ပွဲချင်းပြီးမသေသည့်အတွက် မကျေနပ်ခြင်း ဖြစ်သည်။

### ပုဂံစာအုပ်တိုက်

သို့အတွက် ငလှိုင်းသည် ရန်သူနှင့်နီးရာသို့ တရွေ့ရွေ့ချဉ်းကပ်သည်။ သူ့နည်းတူပင် သေနတ်ကိုအားမရ၍ သေနတ်ချထားခဲ့သူသုံးယောက် သူ့ဆီသို့ ရောက်လာသည်။ မောင်မောင်ဘတို့သည် ဒဏ်ရာရသူများနှင့် သေနတ်များကိုသယ်ယူကာ သစ်ပင်လဲကြီးတစ်ပင်နောက်သို့ ဆုတ်ပြေးကြပြီ။

ရန်သူကလည်း ဆက်မလိုက်ဘဲ သေသူ၊ ဒဏ်ရာရသူများကို အာရုံစိုက်နေကြသည်။ မောင်မောင်လှိုင်းတို့အတွက် အချက်ကောင်းပေ။

"ကျား ကျား၊ ကျားဘသားဟေ့ ကျား"

အာခေါင်းအာရင်းခြစ်လျက် ဓားလေးလက် ပျံဝဲကြသည်။ ပြောင်းတိုသေနတ်ကို အိတ်ထဲပြန်ထည့်ဆဲ ဝါကားဆိုသူ ကုလားဖြူမှာ သေနတ်မမြှောက်နိုင်မီ ဗိုင်းခနဲလဲ၏။ ကုလားနက်များလည်း ထန်းသီးကြွေဘိသို့ ဦးခေါင်းကြွေ၏။

မောင်မောင်လှိုင်းသည် ခုတ်ရင်းထစ်ရင်းက ကျည်ခါးပတ်များကို ဆွဲယူသည်။ သူခုတ်သော ရန်သူမှန်သမျှ ခေါင်းကြွေလျှင်ကြွေ၊ မကြွေလျှင် ပခုံးတန်းလန်းကျ ကျန်ခဲ့သည်။ ငါးယောက်ခုတ်အပြီး၌ လျှိုထဲသို့ သူခုန်ချသည်။ သူ့လက်ထဲ၌ ကျည်စလွယ် ၂ ခု၊ သေနတ်တစ်လက်ပါလာသည်။

မောင်မောင်လှိုင်းတို့မှာလည်း တစ်ယောက်ကျပြီး၊ နှစ်ယောက်ဒဏ်ရာရငြား ရန်သူတစ်ကျိပ်သေပြီး တစ်ကျိပ်ဒုက္ခိတဖြစ်သွားခြင်းနှင့်စာသော် အောင်သည် ခေါ်ရပေမည်။ သူတို့၏အောင်သတင်းကို ကြားရသော မျိုးချစ်များမှာ ဆီးပင်ကြီးစခန်းတစ်ခုလုံး ခြိမ့်ခြိမ့်ညံအောင် ပျော်ရွှင်ကြ၏။

ရတနာပုံမ်ရွှေနန်းတော်ကြီးအတွင်း၌ နေရာအနှံ့တူးဆွခြင်းဖြင့် သူခိုးအလုပ်ကို လုပ်နေသော ဓားပြများအတွက်ကား သစ်သူခိုးတွေ သေသည့်သတင်းသည် သတင်းဆိုးဖြစ်၏။ သို့အတွက် နောက်တစ်နေ့နံနက်တွင် အမြောက်နှစ်လက်ပါသော ဓားပြငါးရာတပ်သည် ဆီးပင်ကြီးစခန်းသို့ ဦးတည်ထွက်ခွာလာခဲ့လေ၏။ မျိုးချစ် ရှမ်းမြန်မာတပ်များသည် ယခင်

နည်းတူပင် နွားလန်တောင်မှ ဆီးဆို့တိုက်ခိုက်သည်။ ရန်သူက အမြောက် အားကိုးဖြင့် အတားအဆီးများကို ဖြိုဖျက်သည်။ သို့သော် ရှေ့မတိုးနိုင်။

ထိုအချိန်တွင် အလားတူ အမြောက်နှစ်လက်ပါသည့် ငါးရာတပ် တစ်တပ်က ကျောဘက်မှဝင်လာသောအခါ မိစ္ဆာဒိဋ္ဌိ ဓားပြမောင်းနှင်ရေး မျိုးချစ်မြန်မာများသည် ကျောက်ဆည်ဘက်သို့ ဆုတ်ခွာစပြုသည်။ စစ် နှစ်ဖက် အညှပ်မခံနိုင်ပေ။ ရှိထားသည့် အမြောက်နှင့် စိန်များ မဆုံးရှုံးရေး အတွက် အားသွန်ခုခံထားသည်။ နေရာသစ်ရှာသူများ ကောင်းမွန်စွာ ထွက်ခွာနိုင်သည်။

မြင်စိုင်းအရပ်သည် ပုဂံခေတ်နှောင်းတွင် ထီးနန်း စိုက်ထူခဲ့သည်။ ကျုံးဟောင်းများနှင့် မြို့ရိုးများ ကျန်ရှိနေသေးသည်။ ထိပ်တင်ဦးသည် ထိုနေရာကို နှစ်သက်သဖြင့် ဗိုလ်ချင်းတို့နှင့် တိုင်ပင်ကာ တရုတ်စုတွင် ခံမြို့ တည်ပြီး တပ်ချသည်။ သည်အခါတွင်မှ ထိပ်တင်ဦး အမည်ပျောက်ကာ 'မြင်စိုင်းမင်းသား' ဟု သတင်းကြီးလာတော့၏။

"မြင်စိုင်းမင်းသားဆိုတာ မင်းတုန်းမင်းရဲ့ သားတော်ဆိုပါကလား။ မြင်စိုင်းမှာ မြို့တည်နန်းစိုက်နေပြီတဲ့"

ထိုသတင်းသည် ရန်သူ့ထံ ရောက်သကဲ့သို့ မိတ်ဆွေများထံလည်း ရောက်သွားလေသည်။ မိတ်ဆွေများမှာ မိတ္ထီလာ၊ ရမည်းသင်းနယ်များရှိ မျိုးချစ်မြန်မာကြီးများဖြစ်ကြသည်။ သူတို့သည် ဘုရင်မင်းမြတ် စာချုပ် ချုပ်ရန် အိန္ဒိယသို့ ကြွတော်မူသယောင်ယောင်၊ မဟုတ်မဟတ်သတင်းကြောင့် မည်သို့လုပ်ရမည်မသိ ဖြစ်နေ၏။ မြင်စိုင်းမင်းသား၏လူများ ဖြန့်ကြက် ဆင်းသက်လာသောအခါတွင် နားလည်သွားကြပြီ။ ကျွန်အဖြစ်မခံဘူးဟေ့။

သို့အတွက် မြင့်စိုင်းမင်းသား၏ လက်အောက်တွင် အစုအဝှမ်း အမှု ထမ်းဟောင်းများနှင့် ရပ်သူရွာသားများပါ တစ်နေ့တခြား များပြားလာ တော့သည်။

**ပုဂံစာအုပ်တိုက်**

ဤတွင် မြင်စိုင်းမင်းသားတွင် အင်အား ပိုမို တောင့်တင်းစေရန် အကြောင်းဖန်လာပြန်တော့သည်။ ယင်းမှာ တောင်ငူစစ်ကြောင်းမှ ရွှေလုံမြို့ဝန် ပြန်လာခြင်းဖြစ်သည်။ သူသည် ရန်သူကို မတိုက်ခိုက်ရသေးပါဘဲလျက်၊ သူ့ အရှင်သခင် ရန်သူ့လက်သို့ ပါသွားပြီ ကြားရသောအခါ အံ့သြ၏။ မယုံနိုင်အောင်လည်း ဖြစ်ရ၏။ မြင်းလျင်လွှတ်ပြီး စုံစမ်းသောအခါ မြင်းလျင်သည် ဗိုလ်ခင်မောင်လတ်နှင့်တွေ့ကာ ကျောက်ဆည်မှ လှည့်ပြန် သွားတော့၏။

သူ့ယောက္ခမသည် မင်းတရားကြီး၏ ထံတော်ပါးတွင် ခစားမပျက် ပါသွားသည်။ သားမက်မှာမူ ဓားပြသုတ်သင်ရေးခေါင်းဆောင်တစ်ယောက် ဖြစ်နေပြီ။

ရွှေလုံမြို့ဝန်အတွက် အခိုင်လုံဆုံး သတင်းဖြစ်သည်။ သူသည် တပ်ကို အုပ်စီးမပျက်စေဘဲ ချီတက်လာသည်။ သည်အင်အားကြီးသည် မြင်စိုင်းမင်းသားအတွက် အလွန်ကြီးမားလှပေ၏။ ရွှေလုံမြို့ဝန်သည် မြင်စိုင်းမင်းသားထံ ဝင်ရောက်ခစားကာ အစီအမံများကို အခြားဗိုလ်များနှင့် ဆွေးနွေးမေးမြန်းသည်။

ထိုအခါတွင် အနေအထား မကောင်းကြောင်း တွေ့ရသည်။ ထို့ပြင် ရွှေမြို့တော်နှင့်လည်း နီးကပ်လွန်းသည်။ သို့ဖြင့် ကျောက်ဆည်နယ်ရှိ အရပ် အနေကောင်းသော နေရာတစ်ခုသို့ ရွှေ့ပြောင်းဖြစ်သည်။ ရွှေ့ပြောင်း၍ နေသားတကျမရှိမီ ရန်သူဓားပြများ လာနေသည့်သတင်း ရောက်လာသည်။

နောက်တစ်နေ့တွင် ရန်သူဓားပြအင်္ဂလိပ်များ၏သတင်း ထပ်မံ ရောက်ရှိလာပြန်သည်။ သတင်းမှာ စဥ့်ကိုင်ရှိ တရုတ်စုခံမြို့ ကျိုးပေါက်သွားကြောင်း ဖြစ်ပေသည်။

မြင်စိုင်းမင်းသားသည် အလျင်အမြန်ပင် ရွှေလုံမြို့ဝန်နှင့် ဗိုလ်ချင်း ဗိုလ်ဘခေါ် သာယာဝတီဗျိုင်းကလေး၊ ဗိုလ်လှိုင်း၊ ဗိုလ်ခိုင်၊ ဗိုလ်ဆိုင်၊ ဦးမင်းပို ဦးမောင်ကြီး၊ ဗိုလ်မြကြီး၊ ဗိုလ်မင၊ ဗိုလ်မြတ်မှုန်တို့ကို ခေါ်ယူတိုင်ပင်သည်၊

·ယခုနေရာ၏ အရှေ့မြောက်အရပ် ၆ တိုင်ခွဲကွာရှိ "ရွာခိုင်ကြီးဆိုလျှင် သည်နေရာထက် မလုံခြုံပေဖူးလား"

အတိုင်ပင်ခံပုဂ္ဂိုလ်များသည် ပုဂံခေတ်ကတည်းက ဝပြောသာယာသော ကျောက်ဆည်မြေကို မခွာချင်ငြား အရပ်အနေကောင်းသော ရွာခိုင်ကြီးကို ငြင်းပယ်ရန်ခက်သည်။ သို့ကြောင့် ရွာခိုင်ကြီးသို့ အလျင်အမြန်ပြောင်းရွှေ့ကာ ခံတပ်ကြီးတည်သည်။

မြင်စိုင်းမင်းသားမှာ ခံတပ်အတွက် ကျေနပ်ပြီးနောက်တွင် ခံတပ်ကိုဝန်းရံထားရန်အတွက် အရံအတားများ ချရပ်ခန့်ထားရပြန်သည်။ အတိုင်ပင်ခံဝန်ကြီး၊ မင်းကြီးသက်တော်ရှည်များပါ ပါဝင်လာသည်။ ဤအစီအမံအရ အတိုင်ပင်ခံဝန်ကြီး ဖြစ်လာသူမှာ ဗိုလ်ခင်မောင်လတ်ပေတည်း။ မိုင်းလုံမြို့အုပ်ဟောင်း ဗိုလ်မြကြီးမှု မင်းကြီးသက်တော်ရှည်ပေတည်း။

ရွာခိုင်ကြီး ခံမြို့အတွက် ရှေ့ကာတပ်ကို ဗိုလ်ချင်း။ ရန်သူစားပြများအား 'အင်းယောင်း' မှ ဆီးဆို့နှိမ်နင်းရန် ဗိုလ်ခိုင်။ ကူမဲမှ စောင့်ဆိုင်းတိုက်ခိုက်ရမည့်သူမှာ ဗိုလ်မြတ်မှုန်။ ဝမ်းတွင်းမှ ဆီးကြိုတိုက်ခိုက်ရမည့်သူမှာ ရွှေစားဗိုလ် ဦးမင်းပို။ မိတ္ထီလာ အရှေ့မြောက်ကို တာဝန်ယူရသူမှာ ဦးမောင်ကြီး စသည်ဖြင့် အသီးသီးတာဝန်ခွဲပေးသည်။

ထိုသူများအနက် ရွှေစားဗိုလ်ဦးမင်းပိုအား မြင်းဝန်အရာခန့်ထားသည်။ ဗိုလ်ဆိုင်ကို မြင်းတပ်ဗိုလ်၊ ဦးမောင်ကြီးကို သူရဲဝန်ခန့်သည်။ ဗိုလ်မြကြီးမှာမူ မင်းကြီးသက်တော်ရှည်ဖြစ်ငြား၊ အငြိမ်မနေရပါ။ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်ပြီး အင်္ဂလိပ်စားပြဆန့်ကျင်ရေး တရားများဟောပြောကာ လူသူစုဆောင်းရသည်။

မြင်စိုင်းမင်းသား အတိုင်အပင်ပြုပြီး စီမံခန့်ခွဲမှု တာဝန်ပေးအပ်ခံရသူများအနက် ဗိုလ်မငမှာ လက်ထက်တော်ကြီးတွင် မိုးနဲတပ်ကို ဗိုလ်ချုပ်သုံးပ်ပြီး ကြီးမှူးရ၏။ လက်ထက်တော်ကလေးတွင် မိုးနဲမှပြန်လာပြီး

ပျဉ်းမနား ခရိုင်ဝန် အရာဖြင့် ထမ်းရွက်၏။ သစ်သူခိုးများကို အကြောင်းပြုပြီး ဓားပြများနှင့် တတိယစစ် ဖြစ်ပွားသောအခါ သူ့ကိုပြန်ခေါ်ပြီး တောင်ငူ စစ်ကြောင်းတွင် တာဝန်ပေးငြား အသက်အရွယ်ကြီးရင့်သည်ဆိုကာ ရွှေလုံ မြို့ဝန်နှင့် အစားထိုးခံရသည်။

အိုမင်းရင့်ရော်ပြီဟု မည်သို့ဆိုစေ၊ ဗိုလ်မင်၏ မျိုးချစ်စိတ်နှင့် သတ္တိ ရဲစွမ်းမှာ မအိုမင်းပါ။ အရှင်နှစ်ပါး ပါတော်မူချိန်တွင် နေပြည်တော်မှ ထွက်ခွာရှောင်တိမ်းနေစဉ် မြင်စိုင်းမင်းသား၏ သတင်းကိုကြားသဖြင့် ယခု နယ် ရောက်လာခြင်းဖြစ်၏။

ဦးမင်းပိုကား လက်ထက်တော်ကြီးတွင် ပင်းတလဲမြို့နယ်ရှိ 'သုံးထပ် အိုင်' သူကြီးဖြစ်သည်။ လက်ထက်တော်ကလေးတွင် ရွှေဓားဗိုလ်ဘွဲ့ရသည်။ ရန်သူ့တပည့် လွတ်တက်ဝန်ကြီးတွေထံသွားလျှင် အရာကောင်းကောင်း ရနိုင်ပါလျက် ကျွန်စိတ်ကင်းသူပီပီ တောထဲလိုက်လာသူဖြစ်၏။

ဗိုလ်မြတ်မှုန်သည်လည်း လက်ထောက်တော်ကြီးရော လက်ထောက် တော်ကလေးမှာပါ ဝမ်းတွင်းမြို့နယ်၊ ဂုဏ်ရွာကို အုပ်ချုပ်ခဲ့ရသူဖြစ်၏။ ယခု ကျောက်ဆည်တပ်ကို ကြီးမှူးရသည့်အပြင် ကျောက်ဆည်တောင်ပိုင်းနှင့် မှော်အိုင်မှ လူသူစုဆောင်း၍ မင်းသားထံပို့ပေးသည့် တာဝန်ပါယူထားသည်။

ဦးမောင်ကြီးမှာမူ မြင်းစုသားဖြစ်၏။ သူ့ဖခင်သည် လက်ထက်တော် ကြီးတွင် ရန်အောင် အရှေ့လက် စီရင်စုတွင် ပါဝင်သော ဆံမြိတ်ရှည် မြင်း တပ်ကို ကြီးမှူးရသူ မြင်းခေါင်းဦးပို ဖြစ်သည်။ သို့သော် ဦးပိုသည် မြင်ကွန်း မင်းသား၏ သစ္စာခံမိသဖြင့် မြင်ကွန်းမြင်းခုံတိုင်အရေးတွင် ကွပ်မျက်ခံရ၏။

ထိုအချိန်က ကိုမောင်ကြီးမှာ ၁၈ နှစ်သားသာရှိပြီ။ သို့ရာတွင် သူက ဖအေနှင့်မနေ။ ဝမ်းတွင်းမြင်းစာရေး ဦးထွန်းအေးထံတွင် အခွန်စာရေးအဖြစ် ထမ်းရွက်နေသည့်အတွက် ရာဇဝတ်လွတ်သည်။ ထိုမှတစ်ဆင့် နေပြည်တော် သို့တက်ပြီး မြင်းဝန်ဦးဖားထံ၌ အမှုထမ်းနေခိုက် တိုင်းပြည်ပျက်သည်။

**ပုဂံစာအုပ်တိုက်**

ထိုသို့လျှင် သူ့နောက်ကြောင်းနှင့်သူ ရေရေရာရာရှိသဖြင့် အရာပေးတာဝန်အပ်ခံရသည်ကို မောင်မောင်ဘ မကျေနပ်။ ဗိုလ်ချင်းလက်အောက်တွင် နေရသည်ကိုလည်း မနှစ်မြို့။ သာယာဝတီဗျိုင်းကလေးအမည်ဖြင့် တစ်စင်ထောင်ချင်သည်။ လက်ရုံးအဖြစ် မောင်မောင်လှိုင်းကိုခေါ်ချင်သည်။

သို့ကြောင့် တစ်ညနေတွင် တပ်အနီး တောင်ကုန်းကလေးသို့ မောင်မောင်လှိုင်းကို ခေါ်လာခဲ့ကာ သူ့စိတ်ကူးကိုပြောပြသည်။

"မင်းသားကလည်းဗျာ။ ခင်ဗျားက ဇာတ်မင်းသားယောင်ယောင် ဘုရင့်သားယောင်ယောင်ပဲဗျ။ ဘာမှ မရေရာသာ၊ အရာ ဘယ်ပေးမတုန်း"

"ခင်မောင်လတ်ကျတော့ အပါးတော်ဝန်ပေါ့ကော"

ဗိုလ်ခင်မောင်လတ်နှင့် သူနှင့် မတူပုံကို မောင်မောင်လှိုင်း ရှင်းမနေချင်။ သို့အတွက် တိုတိုရှင်းရှင်းပင် မေးတော့သည်။

"ကျွန်တော်တို့ထွက်လာသာ ခရိုင်ဝန်ဖြစ်ဖို့လား၊ ဝန်ကြီးဖြစ်ဖို့လား။ အင်္ဂလိပ်ခွေးယုတ်ကို တိုက်ဖို့လား"

မောင်မောင်ဘ မဖြေပါ။

"ဘယ်နေရာမှာနေရနေရ ရန်သူကိုတိုက်ဖို့သာ အရေးကြီးပါသယ်ဗျာ"

"သွားမယ်ကွာ မနေဘူး။ တံတားဦးဘက်မှာ ငါ့လူတွေရှိသယ်။ သာယာဝတီဗျိုင်းကလေးဆိုပြီး မကြာခင် နာမည်ကြီးလာရစေမယ်"

မောင်မောင်လှိုင်းသည် ရွံရှာစက်ဆုတ်စွာ ကြည့်၏။

"လက်စသတ်တော့ မင်းသားက ကုလားဖြူကိုတိုက်သာဟာ ဗိုလ်နာမည်ခံချင်လို့ကိုး"

မောင်မောင်ဘသည် ခုန်ထကာ ဓားကိုဆွဲထုတ်၏။ သို့ရာတွင် မောင်မောင်လှိုင်းက ဓားကိုမထုတ်ပါ။ နောက်ဆုတ်ပြီး ဓားခင်းနေသည့် မောင်မောင်ဘအား အေးဆေးစွာငဲ့စောင်းကြည့်သည်။

"မင်းသားလည်း ကျွန်တော့်ဆရာကို ကြည်ညိုသူ။ ကျွန်တော်လည်း

ဆရာ့တပည့်။ သည်လိုဆိုရင် မင်းသားနဲ့ ကျွန်တော်ဟာ ညီအစ်ကို မဖြစ်နိုင်ဖူးလား"

မောင်မောင်ဘ တွေတွေကြီးဖြစ်သွားရာက "အေး ဟုတ်တယ်" ပြောပြောဆိုဆို ဓားကို ပြန်သွင်းသည်။ မောင်မောင်လှိုင်း မည်သို့ပြောဦးမည်နည်းဟု စိုက်ကြည့်နေပြီးမှ လှည့်ထွက်သွားလေတော့၏။

# ၂

မမင်းဘော်သည် နားကိုလည်းစွင့်၏။ မျက်လုံးကလည်း အငြိမ်မနေပေ။

ကာလမှာ တိုင်းပြည်ပျက်ချိန်ဖြစ်ရာ ဆိုးချင်သော 'ဓ'ရှိသူများ ထကြွကြသဖြင့် စည်ခနဲအသံကြားလျှင် မမင်းဘော် ထရပ်ပြီးဖြစ်တော့သည်။ ထိုလူဆိုးသူဆိုးများကို လက်ထက်တော်ကြီးတွင် တွင်ခဲ့ဖူးသည့် ဝေါဟာရကို လိုက်ပြီး တောင်ပံနီဟု ခေါ်ကြ၏။

တောင်ပံနီများသည် စင်စစ်အားဖြင့် မဖြစ်ညစ်ကျယ်များသာဖြစ်၏။ လူ လေးငါးဆယ်ယောက် စုမိလျှင် အေးချမ်းရိုးသားစွာ နေထိုင်သော ကျေးရွာသူ ကျေးရွာသားများကိုသာ အနိုင်ကျင့်ရဲ ခြောက်လှန့်ရဲသည်။ ရန်သူ အင်္ဂလိပ်ကိုကား အနားသို့ပင် သီရဲသူများ မဟုတ်ချေ။

ယခု သူ့မှာ ချွေးမနှင့် မြေးတစ်ယောက်၊ သမီးပျိုတစ်ယောက်၊ သားတစ်ယောက် ရှိနေသည်။ ကာလပျက်ကြီးမို့ သမီးပျိုကို မျက်လုံးပြူးအောင် ကြည့်ရ၏။ အစက ရိုးသားအေးဆေးသူပင်လျှင်၊ ကာလပျက်ခြင်းကို

အကြောင်းပြုပြီး ရပ်ဓလေ့ ရွာဓလေ့ကို မထိမဲ့မြင်ပြုလိုရိပ်များ သမ်းလာသဖြင့် သမီးရှင်မှာ ထကြွနိုးကြားနေရ၏။

မိရိုးသည် တဘက်ကို ပခုံးတင်လျက် ဆွမ်းပလုံးကို ကိုင်ပြီး အိမ်ရှေ့သို့ ထွက်သွား၏။ အိမ်ရှေ့တွင် သံဃာတော် ၆ ပါး ဆွမ်းရပ်နေ၏။ မည်သို့လျှင် စိုးရိမ်စရာရှိပါသနည်း။ မရှိသော်လည်း မမင်းဘော် မျက်တောင်မခတ်ဘဲ ကြည့်သည်။

မိရိုးသည် ဆွမ်းတစ်ဇွန်းစီကို ရိုရိုသေသေ လောင်းပြီးသွားပြီ။သံဃာတော်များလည်း ကြွသွားပြီ။ မိရိုး ဝင်မလာသေး။

"ဟဲ့ ဘာလုပ်နေသာတုန်း"

"ဆွမ်းဟင်းဝတ်ခွက် လာနေပြီ အမေရဲ့"

"လာပေစေ၊ လာတော့ အိမ်ထဲဝင်လာလိမ့်မယ်၊ သမီးဝင်ခဲ့"

မိရိုး ကုပ်ကုပ်ကလေး ဝင်လာသည်။ ဆွမ်းပလုံးကို ရိုသေစွာ စကာဖြင့် ဖုံးသည်။

"ဆွမ်းလောင်းသဲ့အခါတွင်မဟုတ်ဘူး။ သွားရင်းလာရင်း ဘုန်းကြီး၊ ရဟန်း၊ ကိုရင်ရဲ့ အရိပ်ကို မနင်းမိပေစေနဲ့လို့၊ ညဥ့်ကို ဘယ်နှစ်ခါ ပြောရမတုန်း"

မိရိုး စဉ်းစား၏။ မိမိ ဆွမ်းလောင်းစဉ်က သံဃာတော်များ၏ အရိပ်ကို နင်းခဲ့မိချေသလော။

"သမီး မနင်းပါဘူး အမေရဲ့"

"အရိပ်လွတ်အောင် ကွေ့အသွားမှာ နင်းမိသာပေါ့အေ။ ငါ သေသေချာချာ ကြည့်နေသာအေရဲ့"

"ဟောတော်" ဟုသာ မိရိုး ဆိုရဲသည်။ ငြင်းကား မငြင်းဝံ့။ အမေက မျက်တောင်မခတ်ဘဲ ကြည့်နေသူ မဟုတ်လား။

"ပြောစရာတော့ ရှိသာပေါ့အေ။ အရိပ်ကိုနင်းရင် အရိပ်က ခြေ

ဖမိုးပေါ် ရောက်နေသယ်လို့။ သာပေမယ့် မြတ်စွာဘုရားရဲ့ သားတော်များကို ဘယ်လောက်ရှိသေသတုန်းဆိုရင် အရိပ်ကိုတောင် မနင်းမိအောင် ရှိသေသဲ့ သဘောနဲ့ လွတ်အောင် ရှောင်ရသယ်အေ့။

"ဟုတ်ကဲ့ပါအမေ။ နောင် မဖြစ်စေရပါဘူး"

မိရိုးသည် ပြောပြောဆိုဆို ရက်ကန်းစင်တွင် ပြန်ထိုင်သည်။ နတ်ပွင့်စေရန် တန်းလန်းဆွဲထားသည့် အုန်းမှုတ်ခွက်ကို နင်းသည်။ ကျွိခနဲ အသံမြည်ကာ နတ်ပွင့်သည်။ ဘယ်ဘက်အစွန်ရှိ စဉ့်အင်တုံထဲမှ အဝါရောင်လွန်းသည် ချည်မျှင်များကြားမှ ပြေးသွားပြီး ညာဘက်ရှိ စဉ့်အင်တုံထဲသို့ အလိုက်သင့်ကျသွား၏။ လက်ခတ်ကို မိရိုး ဆွဲရိုက်၏။

လက်ခတ်ကို ရိုက်ခတ်တိုင်း လက်ခတ်တွင် ဆွဲထားသည့် ကြေးဝါခြူကလေးတွေက တီတီတာတာ အသံမြူးဖြင့် မြည်ကြွေးလေ့ရှိ၏။ သည်အရာကို လက်ခတ်သံခေါ်ပြား၊ တိုင်းပျက်ပြည်ပျက်ကာလတွင် လက်ခတ်သံလည်း မမြည်ရဲတော့ပါ။ လက်ခတ်သံ မထွက်စေရန် ခြူတွေ၊ သံလွင်တွေကို တမင်ဖြုတ်ထားရ၏။

ရွာ၏အရှေ့ပိုင်းမှ စည်ခနဲ အသံကြားရမည်လော။ 'တောင်ပံနီတွေရောက်နေသယ်ဟေ့' အော်သံသည် တောင်ဘက်ပိုင်းမှ ပေါ်လာမည်လော။ 'ကုလားတွေ ကုလားတွေ' အော်သံနှင့်အတူ ပြေးကြလွှားကြသံသည် မြောက်ပိုင်းမှ ထွက်လာချေမည်လော။ နားတစွင့်စွင့် နေရချိန်ဝယ်၊ လက်ခတ်သံ အမြည်မခံနိုင်။ သို့ကြောင့် တမင်ဖြုတ်ထားရသည်။

တောင်ပံနီဟူသည် လူဆိုးဓားပြကိုခေါ်သော စကားဖြစ်သည်။

ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ ရွှေလက်ထက်တော်ဝယ်၊ တစ်ကျပ်သုံး ဒေါင်းဒင်္ဂါးတွေ စက်ရုံတော်မှ ထုတ်လုပ်သည်။ အများပြည်သူကြား၌ ပြန့်နှံ့သုံးစွဲသည်။

ငွေတစ်ကျပ်သည် ဆန်တစ်တင်းမက ဝယ်ယူရရှိနိုင်အောင် တန်ဖိုး

ရှိရကား ဒင်္ဂါးတုများ ပေါ်လာသည်။ ထိုအတုများသည် ဘုရင်မင်းမြတ်၏ စက်ရုံတော်မှ ထုတ်လုပ်သော ဒင်္ဂါးနှယ် ငွေသားအစစ်မဟုတ်ချေ။ သို့အတွက် ကိုင်တွယ်ဖန် များသောအခါ ဒေါင်းရုပ်၏ တောင်ပံမှ ကြေးနီ၏ ဇာတိရုပ် ပေါ်လာသည်။ ဘုရင်မင်းမြတ်၏ အမှုတော်ထမ်းများသည် ဒင်္ဂါးအတု ပြုလုပ်သူများအား ရှာဖွေဖော်ထုတ်နှိပ်ကွပ်ပစ်ရသည်။

ထိုအချိန်မှစတင်ပြီး တရားဥပဒေ၏ ပြင်ပတွင် ရောက်ရှိနေသူများ၊ ဆိုးသွမ်းလုယက်သူများ၊ မဖြောင့်မသားသူများအား တောင်ပံနီ ခေါ်စမှတ်ပြု၏။

မြန်မာ့မြေပေါ်သို့ ကုလားဖြူနှင့် နောက်ပါ ကုလားနက်များ ကျူးကျော် လုယက်တိုက်ခိုက်ပြီးနောက် မကြာမီတွင် အဆိုပါ တောင်ပံနီ တောကြောင်များ ထကြွလာခြင်းဖြစ်သည်။ ဆင်သေရွာတွင် ငကျိုင်း ရှိနေသည်။ မြင်းစီးကြီး၏ သားချင်းများ ရှိနေသည်။ ထိုအရှိန်အဝါကြောင့် ယနေ့ထက်ထိ တောင်ပံနီများ မရောက်လာသေး။ သို့သော် မည်သည့် ရွာတွင် မည်သည့်နေ့က ထမင်းဘယ်နှစ်အိုး ငွေမည်မျှ ပေးလိုက်ရသည်ဟူသည့် သတင်းများ မကြာခဏ ကြားနေရသည်။ သို့အတွက် ရွာမှာ မကြာခဏ လန့်သည်။

မည်သည်ကို လန့်သနည်း။ ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေသော အခါ အဖျားရှူးသွားသည်။

လေပွေတိုက်သည်ကို ရန်သူ့မြင်းတပ်ကြီးထင်ပြီး အထုပ်ကို ပြေးဆွဲသူက စတင်သည်။

နမြိုင်လိုက်သည်ကို တောင်ပံနီတွေထင်ပြီး အော်ဟစ်ပြေးလွှားရာက စတင်သည်။ ခွေးချင်းကိုက်၊ လင်မယား ရန်ဖြစ်ကအစ တောင်ပံနီတွေ ဝင်ရောက်လုယက်နေသည်ထင်ပြီး ထွက်ပြေးကြတော့သည်။ ထိုအခါ မျိုးတွင် 'ငါ့စကော စစ်သည်တွေ လာပြီ' ထင်သောကြောင့် သိရိခေတ္တရာ

ရွှေမြို့တော်ကြီး အဖတ်ဆည်မရအောင် ပျက်သွားသည်မှာ အံ့ဩစရာ ရှိပါသေးသလော။

ရွာထဲတွင် လူတွေရှိပါလျက် တိတ်ဆိတ်ခြောက်ကပ်နေသည်။ သူတို့သည် ချားဝင့်သံ တစီးစီး ထွက်လာမည် စိုးရိမ်သဖြင့် ချားကို ဖြည်းဖြည်း လှည့်ရ၏။ ပြင်ပအသံဗလံများကို မကြားလိုက်ဘဲ ရှိမည်စိုးပြီး နွားစာကို တစ်ချက်ချင်းသာ စဉ်းသည်။ စဉ်းကောင်းကောင်းနှင့် တဖျောင်းဖျောင်း မြည်အောင် အဆက်မပြတ် စဉ်းနေပါက သဲ့ခနဲအသံများ၊ စည်ခနဲအသံများကို မကြားလိုက်ရ ရှိမည် စိုးသဖြင့် ဖြစ်သည်။

ရွာထဲရှိလူများမှာ နားတစွင့်စွင့် နေရသည့်နည်းတူ ရွာပြင်က လူများမှာလည်း ကျီးကန်းတောင်းမှောက် နေရသည်။ နားစွင့်ထားကြရသည်။ ယာမထွန်၊ ကိုင်းမလုပ်လျှင် ဝမ်းရေးခက်မည်။ သို့ကြောင့် ထွက်လာရငြားဖုန်လုံးကြီးမြင်လျှင် ရန်သူ့မြင်းတပ်လော၊ လေပြင်းလော ဂရုစိုက်ရသည်။ ကိုင်းထဲတွင် တေးသံ မည်တော့ပါ။

လူသားတို့ တထိတ်ထိတ် တလန့်လန့်ဖြင့် စိုက်ပျိုးရသည့်အတွက် သီးနှံပင်များလည်း မစိမ်းလန်းတော့ပါ။ လေသာသာတွင် အတားအဆီးမဲ့ မြူးရွှင်နေကျ ပြောင်းပင်များသော်မှ မမြူးထူးတော့ပါ။

ဆင်သေရွာနှင့် ဆင်ပေါင်ဝဲမြို့သွား လမ်းမှာလည်း ဈေးသွားဈေးပြန်များဖြင့် မစည်ကားတော့ပါ။ ကုန်ပို့ကုန်သယ် နွားလှည်းတို့၏ ချိုမြသော လှည်းအီသံလည်း မကြားရတော့ပါ။ မသွားလျှင်မဖြစ်၍ သွားသူများမှာ ယောကျ်ားသားများသာ ဖြစ်ဘိတော့သည်။သုတ်သုတ်သွား၊သုတ်သုတ်ပြန်၊ သုတ်သုတ်စားဟူသည့် သုတ်သုံးတန်ကို လက်ကိုင်ပြုလျက် ကသုတ်ကသက် သွားနေကြရသည်။

သို့အတွက် လွတ်လပ်စည်ပင် သာယာရွှင်လန်းသော မြန်မာနိုင်ငံကြီးမှာ ကုလားဖြူအင်္ဂလိပ်နှင့် သူ၏ ကျေးကျွန်ကုလားနက်များ ဝင်ရောက်

လုယက် တိုက်ခိုက်ချိန်မှစတင်ပြီး သာယာမှုကင်းမဲ့ပြီ။ ထနောင်းပင်ဘက်မှ ချိုးသော်မျှ မကူ။ တောကြက်သော်မျှ မတွန်။ တစ်လောကလုံးမှာ သချိုင်း ပျက်ကြီးနှယ် ခြောက်ကပ် သွေ့ဆိတ်နေလေ၏။

ရွာအရှေ့ဖျားမှ တစ်စုံတစ်ရာကို ခပ်အုပ်အုပ်ခေါက်ပြီး အချက်ပေးသော 'ကုလားတက်' ခေါက်သံ ပေါ်လာသည်။ ငြိမ်သက်နေသော ဆင်သေရွာမှာ ချက်ချင်း ဝရုန်းသုန်းကားဖြစ်သည်။ အထုပ်ဆွဲသူဆွဲ၊ ကလေးမြေးငယ် ခေါ်သူခေါ်၊ ထမင်းခြောက်ထုပ်ကို ဆွဲသူဆွဲလျက်၊ ရွာခရိုးခြေသို့ ပြေးကြသည်။ ခရိုးတွင် 'ငုံ့ပေါက်' ဖောက်ထားရာ၊ ငုံ့ပေါက်ထဲ ခေါင်းလျှိုသူ လျှိုကြပြီ။

ကုလားတက်ခေါက်သံသည် တုံးကြီးခေါက်သံကဲ့သို့ သုံးလေးတိုင်မှ မကြားနိုင်။ တစ်ဥဿဘ တစ်ခေါ်နှစ်ခေါ်မှသာ ကြားနိုင်၏။ တုံးကြီးကို ခေါက်လျှင်၊ မိမိရှိသည့်နေရာကို ရန်သူသိသွားမည် စိုးရိမ်ရသည်။ သို့အတွက် တာတိုအချက်ပေးသံ ကုလားတက်ကို ထန်းစေ့မှုတ်၊ ဝါးလုံး တို့ဖြင့် အသုံးပြုကြ၏။

မိရိုးသည် မိခင်နှင့် ယောက်မသားအမိအား "မကြောက်နဲ့" ဟု အားပေးရင်း ရက်ကန်းစင်တိုင်ခြေတွင် ထောင်ထားသည့်ဓားကို ကုန်းဆွဲ ရာက ရက်ကန်းစင်ပေါ်မှဆင်းသည်။ ဝန်းကျင်အိမ်များကို အကဲခတ်သည်။ သူတို့လည်း မျက်စိသူငယ်ဖြင့် ပြေးပေါက်ရှာနေကြသည်။

"သမီးတို့ ခရိုးနားမှာ ကပ်နေခဲ့ကြ"

မမင်းဘော်သည် အလုည့်ကျပြီမို့ မနွဲ့နိုင်တော့ပါ။ ထဘီပြင်ဝတ်ပြီး ဓားကိုဆွဲလျက် အိမ်ရှေ့လမ်းပေါ်သို့ ထွက်သွားလေ၏။ ငှက်ကြီးတောင်ဓား ဆွဲလျက် ထွက်လာငြား၊ မမင်းဘော် ဝေးဝေးမသွားရဲပါ။ ငချွဲ၏မယားနှင့် ငဝဲ၏မယားတို့လည်း သူ့နည်းတူ ထွက်လာကြသဖြင့် လူချင်းပူးသွားသည်။ စုံစမ်းသည်။

**ပုဂံစာအုပ်တိုက်**

ကိုချွဲနှင့် ကိုဝဲမှာ ကိုမိုးကောင်းနှင့်အတူ အိမ်မှထွက်သွားခဲ့ကြရာ တစ်ခေါက်တစ်ကျင်းမှပြန်မလာကြ။ ကုလားသတ်သည့်အလုပ်တွင် ပျော်ပိုက်နေကြ၏။ ထိုအခါတွင် မယ်ငြိမ်းမှာ သမီးပျို မြမြူနှင့် မျက်စိသူငယ် ကျန်ခဲ့၏။ မယ်ဝါးမှာ သမီးပျိုနှစ်ယောက်ဖြစ်သည့် မိဆယ်၊ ရွှေစက်တို့နှင့် မျက်လုံးငယ်ထိပ်ကပ်လျက် ကျန်ခဲ့၏။

သူတို့နှင့်စာလျှင် မမင်းဘော်က တော်သေး၏။ သူ့မှာလည်း ချွေးမ အရွယ်ကောင်းတစ်ယောက်နှင့် သမီးပျိုမိရိုးရှိနေငြား၊ သားငရွှေကျိုင်း လောက်လောက်လားလား ရှိနေသဖြင့် အားမငယ်လှ။

"ဟဲ့ကောင်မတွေ၊ ဘာတဲ့တုန်းအေ့"

မယ်ငြိမ်းနှင့် မယ်ဝါးမှာ ရွာထိပ်ဘက်သို့ လည်တရှည်ရှည်မျှော်ကြည့်နေရာက ပြိုင်တူလှည့်ကြည့်ကြ၏။

"စီခနဲကြားလို့ ထွက်ကြည့်သာပဲ အစ်မရေ့"

မယ်ငြိမ်းက သွက်လက်စွာဖြေ၏။

သူနှင့် မမင်းဘော်သည် 'ခမည်းခမက်' တော်စပ်၏။ မမင်းဘော်၏ သား ငသိုင်းက မယ်ငြိမ်း၏သမီး မြဖူးအား ကလေးတစ်ယောက်နှင့်ထားပြီး ထွက်သွားငြား မမင်းဘော်အား သူ မငြိုငြင်ရဲပေ။ သည်နှစ်ယောက်ကို နေရာချထားပေးရေးတွင် နေ့မအား ညမအား 'နားပူသံကြပ်' လုပ်ခဲ့သူမှာ မမင်းဘော်မဟုတ်။ သူဖြစ်နေသောကြောင့်ပင်။

အိမ်တိုင်းနီးပါးက ထွက်မျှော်နေကြသည်မှာ မိန်းမသားတွေချည်းဖြစ်၏။ တစ်ယောက်တလေ ယောကျ်ားသားပါစေကာမူ အိုမင်းမစွမ်းများသာဖြစ်ရကား အားမရှိလှ။ သည်အခိုက်တွင် ယောကျ်ားတစ်ယောက်ကို ကျောအပြောင်သားဖြင့် မြင်လိုက်ရသောအခါ အားရှိ၏။

"မယ်ဝါး၊ အဲသာဘယ်သူတုန်း သွားမေးစမ်း"

ထီးထီးမားမား ယောကျ်ားကြီးသည် မမင်းဘော်တို့ဘက်သို့

တော်တော်နှင့် ရောက်မလာ။ ဆယ်အိမ်ကျော်ခန့်တွင် ရပ်ပြီး စကားပြော နေ၏။ မမင်းဘော် မစောင့်နိုင်သဖြင့် ငဝဲ၏မယားအား လွှတ်ခြင်းဖြစ်၏။

မယ်ဝါးသည် အိမ်ထဲရှိ သမီးနှစ်ယောက်ကို တစ်ချက် လှမ်းကြည့် ပြီးနောက် ထွက်သွားသည်။သို့သော် ဆက်မသွားဘဲရပ်နေ၏။မည်သူမည်ဝါ မသဲကွဲသော ယောကျ်ားသားမှာ သည်ဘက်သို့ လျှောက်လာပြီ ဖြစ်သည်။ ငရှေကျိုး၏ အပေါင်းအသင်းများထဲမှ တစ်ယောက်ဖြစ်သော ငကွန်းဟူ၍လည်း ပီပြင်စွာမြင်ရပြီ ဖြစ်၍ပေတည်း။

ကိုယ့်ရွာသား၊ ယောကျ်ားသားကြီးဟု အားကိုးတကြီး၊ မျှော်လင့် တကြီးဖြင့် မေးမြန်းမည် အားခဲထားကြသော မယ်မင်းဘော်တို့မှာ တစ်အိမ် ကျော်သို့ ငကွန်းရောက်လာချိန်၌ အားလျော့သွားကြသည်။ ရင်အုပ် ကားကား သျှောင်ထုံးကြီးဗရပွေနှင့် လက်မောင်းလက်ဖျံ သန်မာသော လူညို ထွားကြီးဖြစ်ငြား၊ ယောကျ်ားသားတို့ရှိမြဲဖြစ်သော ထိုးကွင်းမည်းမည်း မရှိသော ပေါင်ဖြူကြီးပါတကား။

"ကုလားတွေ အရီးရေ့၊ မြင်းငါးကောင်နဲ့ ကုလားဖြူတစ်ကျိပ်၊ ကုလားမည်းလေးကျိပ်ဗျ။ အကျွန်တို့ ယာစပ်က ဖြတ်သွားသာ"

"အေးအေး" ဟု အလိုက်သင့်ဖြေရငြား မမင်းဘော် မေးမြန်းလိုစိတ် မရှိ။ သို့ရာတွင် ငကွန်း မသွားသေး။

"အရီး၊ ထမင်းလာမပို့နဲ့တဲ့။ ပြန်စားမယ်လို့ ငကျိုင်း မှာလိုက်သဗျ"

ထိုးကွင်းမရှိသောကြောင့် ယောကျ်ားသားစင်စစ် မဟုတ်စေကာမူ၊ 'စေပါလက်သုတ်' အဖြစ်သော်ကား သုံးစွဲ၍ရသေးသူအဖြစ် မမင်းဘော် သဘောထားလိုက်ကာ "အေး ဟဲ့၊ နင်မပြောရင် အခု ငါသွားတော့မလို့"ဟု အလိုက်သင့် ပြန်ပြောလိုက်လေ၏။

အိမ်ရှေ့တွင် ထွက်နေသူများသည် ငကွန်းထံမှ အကျိုးအကြောင်း သိရသဖြင့် အသီးသီး ပြန်ဝင်သွားကြသည်။ မမင်းဘော်လည်း အိမ်ထဲသို့

လှည့်ဝင်ခဲ့ရာ၊ ဝါးလုံးတစ်လုံးကို 'ဟက်'ပြီး နင်းခွဲလိုက်သံနှင့် မခြားနား သော ရယ်မောသံကြီးကို ကြားရ၏။

ချွေးမ မြဖူး၏ ရယ်မောသံဖြစ်သည်။

မြဖူးနှင့် မိရိုးတို့ သမီးယောက်မနှစ်ယောက်သည် အိမ့်ဆည်းလည်း ကလေး ထွန်းလူကိုသဘောကျရာက သဘောအကျ လွန်သွားဟန်ရှိသည်။ မည်သို့ဖြစ်စေ၊ မမင်းဘော် သဘောမကျ။

"အမေရေ၊ ဟိုမှာ အမေ့မြေးလုပ်ပုံကို ကြည့်ပါဦး"

ချွေးမကို သဘောမကျသည့်တွင် သမီးကပါ အော်ကြီးဟစ်ကျယ် ဆီးပြောပြန်သောအခါ မမင်းဘော်၏မျက်နှာ ခက်ထန်၏။

"သည်လို ခုနစ်အိမ်ကြား ရှစ်အိမ်ကြား မိန်းကလေးတန်မဲ့ အော် မပြောရဘူးလို့ ညည့်ကို ငါ ဘယ်နှစ်ခါ ပြောရမတုန်းဟင်"

ပြောပြောဆိုဆိုပင် ရိုက်ရန် နှက်ရန် တစ်စုံတစ်ရာကိုဆွဲသည်။ လက်မောင်းရှယ် မန်ကျည်းကိုင်းကို ဆွဲမိသဖြင့် ပစ်ချလိုက်ရသည်။ သည် အရာဖြင့် ခေါက်မိလျှင် ခေါင်းကွဲမည်။ ရိုက်မိလျှင် ကျိုးမည်။ သို့ဖြစ်၍ ပစ်ချလိုက်ရာက လက်ဆစ်ကိုကွေးပြီး မိရိုး၏ခေါင်းကို ခေါက်လိုက်သည်။

"ကိုယ့်အသံကို အိမ်နီးပါးချင်းတွေကကြားမယ်။ ကိုယ့်စကားထဲမှာ အကြားမတော်တာတွေ၊ မဟုတ်မဟတ်တွေပါသွားရင် သည်မိန်းကလေးကို သူ့မိသူ့ဖက မသင်ကြားရှာသလားလို့ မိဘကို အခိုက်မခံရပေဖူးလား ဟင်"

သတိလစ်သွားမိသဖြင့် မိရိုး စောဒက မတက်ရဲပါ။

"ယာထဲကိုင်းထဲမှာ အော်ပြောသာက တခြား။ ရပ်ထဲရွာထဲမှာ အော်ကျယ်ဟစ်ကျယ်ပြောတာ တခြားဟဲ့။ မှတ်ထားမလား"

"ဟုတ်ကဲ့ မှတ်ထားပါမယ် အမေ"

ခေါင်းကိုခေါက်ပြီးသော်လည်း ပေါင်တွင်းကြောကို ဆွဲလိမ်ကောင်း လိမ်နိုင်သေးသဖြင့် မိရိုးမှာ ကုပ်ကုပ်ကလေး ပြန်ဖြေရ၏။

"မိဘရဲ့အဆုံးအမ၊ ဆွေမျိုးသားချင်းရဲ့ အဆုံးအမကို မခံရသဲ့ မိမဆုံးမ ဖမဆုံးမတွေကတော့ အော်ကြီးဟစ်ကျယ် ပြောကြတာပေါ့။ မှားမှား မှန်မှန်၊ ဘယ်သူကဲ့ရဲ့ကဲ့ရဲ့ အရေးမကြီးဘူး။အေး ဘယ်မှာအရေးကြီးမတုန်း။ မိမဆုံးမ ဖမဆုံးမကိုး။ငါ့စကား အမှားပါသာ လူကြားသွားရင် ကဲ့ရဲ့ချေရဲ့လို့ ရှက်ရမှန်း ကြောက်ရမှန်း မသိကြဘူး။ အရှက်အကြောက် မရှိမှတော့ ခွေးပဲ။ အရှက်အကြောက် မရှိမှတော့ မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားမည်းပဲ"

သမီးကိုရိုက်သောတုတ်သည် မိမိထံသို့ ဆက်လာနိုင်သဖြင့် 'တုတ်မဆက်မီ' ပြေးရန်အတွက် မြဖူးသည် ကလေးကိုကောက်ချီရာ၊ ကလေးက ကော့ထိုး၏။ မလိုက်လိုသည့်သဘော။

"အခုမှ ကလေးကို ကောက်မချီနဲ့။ လာခဲ့ ဟိုကောင်မ"

ကလေးကို ချထားခဲ့ပြီး မြဖူး ပြေးလာရ၏။

"ကလေးတစ်ယောက် အမေပေမယ့် မိန်းမဟာ မိန်းမပဲလို့ ညည့်ကို ငါ ဘယ်နှစ်ခါပြောရမတုန်းဟင်"

မြဖူးမှာ ဖြေစရာမရှိ။ 'ကျုပ် ဘာလုပ်လို့တုန်း အရီးရ' ဟူ၍ပင် မမေးရဲ။ အမေကြားသွားသော် လာပြီး ရိုက်လိမ့်မည်။

တစ်ကြိမ်က နှုတ်လှန်ထိုးခြင်းမဟုတ်၊ရန်တွေ့ခြင်းမဟုတ်ပါဘဲလျက် ခံပြောရကောင်းလားဟု အမေ မယ်ငြိမ်း လာရိုက်ဖူးရာ ထုံးနှင်း 'ဆို့' ယူရ၏။ သို့ဖြစ်သဖြင့် မြဖူး မမေးရဲ။

"ညည့်ကိုယ်ညည်း မှန်ထဲမှာပြန်ကြည့်။ ကလေးတစ်ယောက်အမေ ပေမယ့် အလှမပျက်ဘူး။ အရွယ်ကလည်း အရွယ်ကောင်း။ ညည့်လင် ကလည်း သေသလား၊ရှင်သလားမသိရသေးပေမယ့်၊လူတွေက 'တစ်ခုလပ်' ဆိုပြီး မလေးစားချင်ကြဘူး။ ရောချင်သလိုလို နှောချင်သလိုလို ထိကပါး ရိကပါး လုပ်လား လုပ်ချင်ကြရဲ့။ အဲဒါကြောင့် အပျိုတွေထက်ပိုပြီး ဣန္ဒြေ ရှိရတယ်အေ့"

**ပုဂံစာအုပ်တိုက်**

သည်အခါကျမှ သူ့ယောက္ခမပြောလိုသော စကားကို မြဖူးရိပ်မိသည်။

"သားက မြေကြီးတွေကိုပုံပြီး ရှိခိုးနေသာမြင်တာနဲ့ ဝမ်းသာပြီး အမှတ်တမဲ့ ရယ်မိသာပါအရှိ"

"ရယ်စရာတွေ့ရင် ရယ်ပေါ့အေ။ သို့သော်လည်း အော်ကြီးဟစ်ကျယ် ရယ်တဲ့အသံကို ကြားတဲ့ ယောကျ်ားတွေက 'ဘာတွေများ ရယ်စရာ တွေ့နေပါလိမ့်' တွေးမှာမဟုတ်ဘူး သမီး။ 'သည်မိန်းမ အသံပေးနေတာဟာ ငါ့ကို ကြိုက်လို့ထင်တယ်။ တမင် ငါကြားအောင် လုပ်နေတာပဲ' လို့ အထင်သေး စိတ်နဲ့ တွေးတတ်တယ်"

"အဲဒါ အဲဒါ"

သူလိုရာသို့ သူဆွဲတွေးခြင်းသည် မတရားဟု မြဖူးပြောလိုငြား စကားလုံးများ ရှာ၍ မရချေ။

"ညည်းမှာဖြင့် နောက်တစ်ယောက် စိတ်ကစားဖို့ဝေးလို့၊ သည် လင်ကို လွမ်းတာနဲ့ သားကိုကြည့်ပြီး အလွမ်းဖြေနေရသယ်။ သည် သား ကလေးကို လူဖြစ်အောင် ဘယ်လိုမွေးရပါ့တွေးပြီး ပူနေသယ်"

"ဟုတ်ပါသယ် အရှိရယ်"

"ဒါပေမယ့် အနေအထိုင်မတတ်လို့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ရယ်မိတဲ့အတွက် ကြားတဲ့လူက ငါကြားအောင် တမင်ရယ်တာလို့ ထင် တတ်တယ်။ တစ်ခါက နှစ်ခါ၊ နှစ်ခါက သုံးခါ ရယ်သံကြားတဲ့အခါမှာ 'သေချာပြီ၊ သည်မိန်းမ ငါ့ကို အသံပေးတာပဲလို့ ထင်သွားပြီ။ ရေခပ်ထင်းခွေ ဟင်းရွက်ခူးထွက်တဲ့အခါမှာ လိုက်လာပြီ။ ကိုယ်က ဟန့်တားပေမယ့် 'မူ' တာပဲ။ ဟန်လုပ်တာပဲဆိုပြီး ဆွဲလားလွဲလား လုပ်ပါပြီတဲ့။ ဘယ်သူ အရှက် ကွဲမတုန်း"

"သမီးတို့ မိန်းမသားပဲ အရှက်ကွဲရမှာပါအရှိ"

"အူလိုက်သည်းလိုက် ရယ်ချင်ပေမယ့် မိန်းမဣန္ဒြေကိုငဲ့ပြီး အသံ

ထွက်ရုံကလေးပဲ ရယ်ရသတဲ့။ အသံထွက်ရုံကလေး ရယ်ချင်စရာတွေ့ပေမယ့် သွားပေါ်ရုံကလေးပဲ ပြုံးရသတဲ့။ သွားပေါ်ရုံကလေး ပြုံးစရာ တွေ့ရင်ဖြင့် စိတ်ထဲကပဲပြုံးရသတဲ့။ ညည်းတို့ငါတို့ မိန်းမသားတွေမှာနေတတ်ထိုင်တတ်မှ တန်ကာကျသအေ့။ လိမ္မာစမ်းပါအေရယ်၊ သူများ အထင်မသေးပါစေနဲ့"

မယ်မင်းဘော်သည် ငါးသိုင်းများလျှင် ဟင်းဟုန်မည်စိုးသည့်အတွက် သည့်မျှဖြင့် စကားဖြတ်သည်။ လက်ဝါးနှစ်ဖက်ကို တဖျပ်ဖျပ် အသံ ထွက်အောင်ရိုက်ရင်း မြေးဘက်သို့ မျက်နှာမူသည်။

"သားရေ၊ အမေကြီးဆီ လာပါဦး"

အညွန့်တလူလူဖြင့် ထွန်းကားမည့်သူအဖြစ် နိမိတ်ဆောင်ကာ သူ့ဘ ကိုမိုးကောင်း အမည်မှည့်ထားသော မောင်ထွန်းလူ။ မြေကြီးကို အိုးကင်းပဲ့ (အိုးခြမ်းကွဲ)ဖြင့် ခြစ်ရာက ပေါ်လာသော သဲစိုများဖြင့် လိုဏ်ခေါင်းပါသော စေတီတစ်ဆူ တည်ဆောက်နေချေသည်။

"အမေကြီးက ဘာကျွေးချင်လို့ ခေါ်သယ်မသိဘူး။ သွားလိုက်ဦး'

မြဖူးက ကပ်ပြီးပြောသည်။ 'တွားဘူး' ဆိုကာ မအေကို သဲဖြင့် ပက်သည်။ မြဖူးက ထိုလက်ကို စပ်စပ်ကလေး ပုတ်ပစ်သည်။ အသား နာသွားသဖြင့် ထွန်းလူ မဲ့သည်။ မအေ့မျက်နှာကို မော့ကြည့်သည်။

"လူကို ဘာမော့ကြည့်သာတုန်း"

မြဖူး မျက်နှာထားဖြင့် ငေါက်သည်။

"ဟင်း၊ လူကဖြင့် လက်တောက်လောက်တောင် မရှိသေးဘူး"

မအေ့ထံမှ ငေါက်ငမ်းသံ ထပ်မံထွက်ပေါ်လာသည့်ခဏဝယ်၊ထွန်းလူ သည် ဖွားအေထံပြေးလာပြီး ရင်ခွင်ထဲသို့ တိုးဝင်လိုက်လေ၏။

"ငါ့အမေကြီးဟေ့ မဖက်နဲ့"

မိရိုးက ရက်ကန်းစင်ပေါ်မှ လှမ်းပြောသောအခါ ထွန်းလူသည် ဖွားအေ၏ လည်ပင်းကို တအားဖက်ထားလေတော့၏။

**ပုဂံစာအုပ်တိုက်**

သဲတွေလူးနေသောလက်ဖြင့် ဖက်သည်ကို နံ့သာလူးသောလက်ဖြင့် သိုင်းဖက်သည်ဟု မမင်းဘော်ထင်သည်။ မြေးကို ပြုံးပြုံးကြီးပြန်ဖက်လျက်၊ ဖုန်တွေ၊ ချွေးတွေ၊ နှပ်တွေပေနေသည့် ပါးပြင်ကို တစ်အားနမ်းသည်။ တိုင်းပြည်ပျက်နေပါကလား၊ စည်သံ၊ ပြောသံ၊ ရယ်မောသံ ဆိတ်စဲနေပါကလားဟူသည့်အသိ လုံးဝပျောက်ကွယ်သည်။ ရေနယ် အေးသည့်မြေ၊ ပန်းနှယ် မွှေးသည့်မြေး။

ကုလားတက်သံများ သဲ့သဲ့ပေါ်လာသည်။

တစ်ခဏအတွင်း ကျယ်လောင်လာသည်။

"ကုလား၊ ကုလား။ ကုလားဟေ့ ကုလားဟ"

တိတ်ဆိတ်ငြိမ်သက် အေးချမ်းနေသော ရွာကလေးမှာ တစ်မုဟုတ်ချင်း ပျက်တော့သည်။ အော်သံဟစ်သံ၊ ပြေးသံလွှားသံများဖြင့် ပွက်လောရိုက်တော့သည်။

မမင်းဘော်သည် မြေးကိုကောက်ချီသည်။ ဓားကို ပြေးဆွဲသည်။

"သမီး.... ရေဘူး၊ ထမင်းခြောက်၊ အဝတ်ထုပ်။ ပြီးတော့ ဟိုဟာ"

ပြောရင်းက အိမ်ရှေ့သို့ ကြည့်သည်။ အိမ်နောက်သို့ ကြည့်သည်။

"မြဖူး၊ ထမင်းအိုး၊ ဟင်းအိုးတောင်းကို ခရီးနားသယ်ထား။ အဝတ်ထုပ်၊ ဆေးအစ်၊ ရေဘူး၊ ထမင်းခြောက်ထုပ် မမေ့နဲ့၊ သွားကြသွားကြ"

မြင်းခွာသံသဲ့သဲ့ ကြားရသည်။

"ကုလားဟေ့၊ ကုလား။ ဝင်လာပြီဟ"

မယ်မင်းဘော်သည် ဓားကိုပစ်ချသည်။ မြေးကို ခါးထစ်ခွင်လျက် ခြံစည်းရိုးကိုပိတ်သည်။ ဆူးခက်၊ ထန်းရွက်ခြောက် ဆို့သည်။ ဓားကို ပြန်ကောက်ပြီး၊ နောက်ဖေးဘက်သို့ပြေးသည်။

"ထွက်၊ ထွက်။ ဟဲ့ အဲအဲ အပြင်ရောက်အောင် မထွက်နဲ့ဦး"

ရွာခရီးသည် ထုတစ်တောင်ကျော်ထူသည်။ တစ်နှစ်လျှင် ဆီးဆူး

တစ်လွှာကျ ကပ်ခဲ့သော ရွာခရိုးသည် အပြင်သို့ ကားထွက်လာသည်။ အတွင်းက ဆွေးပြီး အပြင်က သစ်လွင်နေသည်။

ထိုမျှထူထဲသော ရွာခရိုးတွင် ငုံ့ပေါက် ဖောက်ထားသည်။ ငုံ့ပေါက် ဆိုသည့်အတိုင်း လေးဘက်ထောက်ပြီး ထွက်ရသည်။ သိသိသာသာ ကျယ်ကျယ်ဝန်းဝန်းဖောက်လျှင် ရွာဆော်များ၊ ဆယ်အိမ်မင်းများက ဒဏ် တပ်သည်။ သို့ကြောင့် ငုံ့ပေါက်မှာ ခွေးဝင်ပေါက်၊ ခွေးတိုးပေါက် အဆင့်သာ ရှိ၏။

သို့သော် မမင်းဘော်က ဉာဏ်ကူထားသည်။

အိမ်ဝိုင်းထဲမှ ငုံ့ထွက်လာသူသည် ရွာပြင်သို့ မရောက်။ ငုံ့ပေါက်အဝမှ စောင့်ပြီး လုယက်လိုသူသည် မမင်းဘော်တို့ မိသားစုကို မတွေ့နိုင်။ ကျကျနန ချည်နှောင် ယက်လုပ်ထားသော ဆူးကပ်ဖြင့် ဖုံးထားသောကြောင့် ဖြစ်သည်။

တစ်ရွာလုံး တိတ်ဆိတ်နေသည်။ နေ့ခင်းကြောင်တောင် ဖြစ်သော ကြောင့် တော်သေးသည် ဆိုရမည်။

"အမင်းချားမယ်"

ကျက်ပြီးသား ထမင်းအိုး၊ ဟင်းအိုးများကို ခံတောင်းတစ်လုံးထဲတွင် ထည့်ကာ ခမောက်အုပ်ထား၏။ သို့သော် ခူးခပ်ရန်မလွယ်။ "ခဏနေပါဦး သားရယ်" ဟု မမင်းဘော် ပြောသည်။

"အနေဘူး ချားမယ်၊ ဂု ချားမယ်"

အရေးထဲတွင် နားပူသံကြပ် လုပ်ရပါမည်လားဟု တင်ပါးကြီးကို ဖျန်းခနဲမြည်အောင် ရိုက်ပစ်ချင်၏။ ရိုက်ပစ်ချင်ငြား 'သည်မှာ လူရှိသည်'ဟု အသံပေးရာ ရောက်မည်စိုး၍ ဒေါသကို.မမင်းဘော် မျိုချ၏။

"မြဖူး၊ သမီးရေ၊ ထမင်းစားမယ်တဲ့။ ခူးကျွေးလိုက်ပါအေ"

"လူ့ငသေး၊ လာလာ။ အမေ့ဆီလာ"

မြဖူးကား ထမင်းခူးမကျွေးပါ။ မျက်နှာထားဖြင့် ကြည့်သည်။ အံ

ကြိတ်ပြသည်။ ထို့နောက် ရင်ခွင်ထဲသို့ ဆောင့်အောင့်ချလိုက်ကာ နို့တိုက်လိုက်တော့သည်။ လူပါးလူနပ်သည် တစ်စက်ကလေး အတွန့်မတက်ဘဲ ကောင်းစွာမထွက်သော နို့ရည်အငန်ကြီးကို ကုန်းစို့နေလေ၏။

"အမေရေ၊ကန်ထောင်းဘက်ဆီက မီးခိုးလုံးကြီးတွေ တက်လာသတော"

မိရိုးသည် ခရိုးဆူးတပ်ကို ဖုံးထားသည့် ဆီးကပ်ကိုကပ်ပြီး အပြင်သို့ လှမ်းကြည့်နေရာက တီးတိုးလှမ်းပြောသည်။

'ကန်ထောင်းရွာက အိုမဟုတ်ပါစေနဲ့၊ တောမီးလောင်တာပဲဖြစ်ပါစေ'

သို့သော် မမင်းဘော်၏ ဆုတောင်းသည် ပြည့်ချင်မှ ပြည့်ဝပေလိမ့်မည်။ အတော်စောစောကပင် ရန်သူအယုတ်တမာ ငါးကျိပ်တပ်တစ်တပ် ကန်ထောင်းဘက်သို့ တက်သွားသည် မဟုတ်သလော။

မိစ္ဆာဒိဋ္ဌိ ကုလားဖြူအင်္ဂလိပ်နှင့် သူ၏ နောက်လိုက် ကုလားမည်းများသည် ကန်ထောင်းရွာဘက်သို့ သာမန်ကင်းလှည့်ခြင်းလော၊ သို့တည်းမဟုတ် 'မိစ္ဆာဒိဋ္ဌိ မောင်းထုတ်ရေး မျိုးချစ်တပ်သားတွေ ရောက်နေသည်' သတင်းကြား၍ သွားခြင်းပေလော။

မျိုးချစ်တပ်သားတွေ ရှိနေသည် သတင်းရသောကြောင့် သွားရောက်ဝိုင်းဝန်းရာက တိုက်ပွဲဖြစ်သလော။ ရွာသို့မရောက်မီ ဆီးကြိုတိုက်ခိုက်ခံရသလော။ သို့ဆိုက ကန်ထောင်းရွာ ကြမ္မာဆိုးပြီ။

မိစ္ဆာဒိဋ္ဌိ မောင်းထုတ်ရေး မျိုးချစ်တပ်သားများကို ရွာထဲမှာ တွေ့သည်ဖြစ်စေ၊ ရွာအပြင်က ဆီးကြိုတိုက်ခိုက်သည်ဖြစ်စေ၊ သူတို့နာသည်ဖြစ်စေ၊ မနာသည်ဖြစ်စေ၊ ထိုရွာကို ပြောင်တလင်းခါအောင် မီးတိုက်ပစ်တော့သည်။

တိုင်းပြည်တစ်ပြည်လုံးကိုပင် ကျူးကျော်လုယက်တိုက်ခိုက်သော မိစ္ဆာဒိဋ္ဌိ ဓားပြများသည် ရွာကို မီးရှို့ရုံသာမက လူကိုပါ သတ်သည်။ ဓား၊ လှံ၊ လေး၊ မြားဖြင့် ခုခံသူမဟုတ်။ မီးဘေးလွတ်ရာသို့ သားသမီးဆွဲကာ ခပြေးသွားနေသော မိန်းမသားများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို

များကို သတ်ဖြတ်သည်။ ပစ္စည်းကိုလုယူသည်။ အရွယ်ကောင်းကလေးများကိုကား ပန်းကောင်းအညွန့်ချိုးသည်။

သို့အတွက် တောမီးလောင်တာပဲဖြစ်ပါစေဟု မမင်းဘော် ဆုတောင်းခြင်းဖြစ်ပေသည်။

"အမေရေ၊ အမေ။ ဗျို့ အမေတို့"

ငကျိုင်းအသံဖြစ်သည်။

မဟာသြသခ ဆေးကြီးတစ်ခွက် သောက်လိုက်ရဘိသို့ မမင်းဘော်မှာ လန်းဆန်းအားတက်ရ၏။

"သားတောင် ပြန်လာပါပကော။ လူလေးရေ အမေသည်မှာဟဲ့"

မမင်းဘော် သွက်သွက်လှမ်း၏။

ငကျိုင်းသည် အိမ်အောက်သို့ဝင်ပြီး ရေဘူးနှင့် ထမင်းထုပ်၊ ခမောက်၊ နှင်တံများကို ထားပြီးလျှင် လှည်းရပ်ထားရာသို့ ပြန်သွားနေပြီ။

"ကုလားတက်သံကြားလို့၊ အမေတို့ ပုန်းနေတာ။ ဘာသံကြားခဲ့သတုန်း"

မမင်းဘော်သည် ဓားကို တိုင်ဘေးတွင်မြှောင်လျက် ကြမ်းကြားထဲသို့ ထိုးစိုက်ချထားလိုက်ပြီး စိတ်ချလက်ချထိုင်၏။

ငကျိုင်းသည် မအေ့ဘက်သို့ အပိုးမသေသောမျက်နှာဖြင့် လှမ်းကြည့်ရာက ထမ်းပိုးအောက်မှ နွားနှစ်ကောင်ကို ထမ်းပိုးကြိုးဖြုတ်လွှတ်၏။ နွားတင်းကုပ်ထဲသို့ အူလျားဖားလျား လှမ်းဝင်လာသော နွားနှစ်ကောင်ကို မမင်းဘော် မဖမ်းသေး။ သားကို မနှစ်မြို့ဟန်ကြည့်၏။

"ဒါ ပြောင်ချော်ချော် လုပ်စရာလားဟဲ့။ မေးတာ ဖြေဦး"

ထိုအခါတွင် ငကျိုင်းရယ်မောသည်။

"ငရွှေကျိုင်းနော်၊ မထီမဲ့မြင်မလုပ်နဲ့"

မမင်းဘော်သည် မြေဆေးခံခွက်ကို ဆောင့်ချသည်။

"အမေ့ကို မထိမဲ့မြင်လုပ်သာ ဟုတ်ပါဘူးဗျာ။ ရယ်စရာကောင်းလို့ပါ"

ပြောင်းပင်အချို့ကို ပွေ့လာကာ အရိပ်စင်တွင်ချသည်။ မအေ့ထံပြေးလာပြီး ဒူးကိုလက်ဖြင့်သိမ်းဖက်ရင်း ခေါင်းဖြင့်ဝှေ့သည်။

"ကလေးမဟုတ် သူငယ်မဟုတ် မချွဲနဲ့။ ဆေးခံခွက်နဲ့ ခေါက်လိုက်ရမလား"

နေစော်နံနေသည့် ကျောကြီးကို ဖျန်းခနဲ ပုတ်လိုက်ရချိန်တွင် မမင်းဘော်၏ရင်ထဲမှ မနှစ်မြို့စိတ် ကွယ်ပြီ။

"ကျုပ်တို့ လှည်းငါးစီး အမေရ။ သုံးစီးက ပြောင်းပင်တွေ တင်လာတယ်။ အဖျားတွေက မြေကြီးမှာ တရွတ်တိုက်နေသာပေါ့။ အဲသာမသိသဲ့ ကျုပ်တို့က အပြင်းမောင်းတော့ ဖုန်လုံးကြီးတွေ ထလာပါရော။ အဲသာမြင်သဲ့ ကင်းအဆင့်ဆင့်က 'အနမ်းကမ်းမှန်းမသိ'၊ ကုလားတက်ခေါက်သာပဲ အမေရေ့"

ပြောအပြီး၌ ငကျိုင်း ရယ်မောသည်။ ရယ်ရလွန်းသဖြင့် ကွပ်ပျစ်ပေါ်သို့ ပက်လက်လန်လဲကျသွားလေ၏။

## ၃

ချည်ဆွဲ၍ကောင်းလျှင် သည်မီးခွက်က နှောင့်ယှက်ပြီ။

မိရိုးသည် မိုင်းတောင့်ကိုချပြီး မီးခွက်ကို လှမ်းကြည့်သည်။ မှောက်ထားသည့် တောင်းတစ်လုံးပေါ်တွင် ရေနံချေးမီးခွက်သည် မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ကို ပေးနေသည်။ အလင်းရောင် ကျသွားသော်လည်း မီးစာမှာ သေးသေးကွေးကွေးမဟုတ်။ မိရိုး၏ လက်ညှိုးခန့်တုတ်သည်။ သို့ရာတွင် မီးစာထိပ်၌ မှိုင်းသီးသုံးလုံး သီးနေသဖြင့် ငြိမ်းလုမီးရောင်နှယ် မှိန်နေပြီ။

မီးခွက်ဘေးတွင် တံမြက်စည်းတံတစ်ချောင်း အသင့်ရှိသည်။ မှိုင်းသီးများကို ယင်းဖြင့် ခြွေချသည်။ ချက်ချင်း လင်းလက်လာသည်။

"အမေရယ်၊ သံဖြူမီးခွက်နဲ့ ရေနံဆီနဲ့ မှိုင်းလည်း မတက်ဘူး။ အခု ထက်လည်း လင်းသယ်။ တစ်လုံးလောက် ဝယ်ပါဆိုသာ"

"တော်စမ်း မိရိုး။ ရန်သူ ခွေးယုတ်တွေနဲ့ ပါလာသဲ့ ပစ္စည်းမှန်သမျှ ဘာမှ မသုံးဘူး။ အဆိပ်ပင် ရေမလောင်းဘူး။ ဘယ်နှစ်ခါ ပြောရမတုန်း"

ဝါဖတ်ရင်းက မမင်းဘော် လှည့်မကြည့်ဘဲ မာန်၏။

ကျောက်တိုင်၏သည်ဘက်သို့ ရန်သူ ကျူးကျော်မလာမီကတည်းက ရေနံဆီသည် ကျောက်တိုင်၏ သည်ဘက်သို့ ရောက်နေပြီ။ ရေနံစိမ်းကို ပစ်ကာ သုံးသူတွေ သုံးနေကြသည်။ ထိုစဉ်ကတည်းက ကိုမိုးကောင်း ခေါင်းယမ်းခဲ့သည်။

"သရက်ထည် ဘယ်လောက်လှလှ၊ ဘယ်လောက် ပေါ့ပါးပေါ့ပါး ရန်သူဆိုသာမမေ့နဲ့ နမသယ်။ သလိုပဲ ရေနံဆီ ဘယ်လောက်ကောင်းကောင်း ရန်သူပဲ။ အဆိပ်ပင် ရေမလောင်းနဲ့"

သို့ဖြစ်၍ ဝါဖတ်ရင်း ယခုပြောသော မမင်းဘော်၏ စကားသည် မည်သည့်သောင် မည်သည့်ကမ်း၌ ဆိုက်နေမှန်းမသိသည့် ကိုမိုးကောင်း၏ စကားပင်။

ငွေလရောင်အောက်မှ လူတစ်ယောက်သည် ကုန်းကုန်းကုန်းကုန်းနှင့် ဝင်လာသည်။ ချွေးမ မြဖူး ဟိုဘက်အိမ်မှ ပြန်လာခြင်းဖြစ်သည်။

"ဖွဟဲ့ ဖွဟဲ့"

အချိန်မတော်တွင် ကလေးမြေးငယ်နှင့် အပြင်ထွက်သူများပြန်လာလျှင် ဆိုရမြဲဖြစ်၏။ ချွေးမ မဆိုသဖြင့် မမင်းဘော် ဆိုသည်။ ထိုအခါ ကျမှ "မေ့သွားလို့ အရီးရေ့၊ ဖွဖွ" ဆိုသည်။

"အိပ်ပါဆိုတော့ မအိပ်ဘူး။ အိမ်လည် သွားတော့မှ အိပ်ရော မဟုတ်လား"

ယောက်သွားပုံ ကြိမ်ပုခက်ကို ပုတ်ကာ၊ ခါကာ၊ အသင့်ပြင်ရင်း မမင်းဘော် မေးသည်။ မအေ့ပခုံးပေါ်တွင် နှစ်ခြိုက်စွာ အိပ်လျက် ပါလာသော ခမြေးအား မမြင်စမ်းဝါး ငုံ့ကြည့်သည်။

"ဆော့သယ် အရီး။ သူ့ဒွေးလေးကို ဆံပင်ဆွဲ၊ ကိုက်ဆွဲနဲ့။ မောမှ အိပ်သွားသာ"

ကလေးကို ပုခက်ထဲတွင် ချသိပ်သည်။ ကြိုးတန်းတွင် အဝတ်တစ်ထည် လွှားသည်။ ပုခက်လွှဲလိုက်တိုင်း ယပ်ခတ်ပေးပြီးသားဖြစ်စေရန်၊ ခြင်မောင်းပြီးသား ဖြစ်စေရန် စီမံထားခြင်းဖြစ်၏။

"ဒါထက် အရီး၊ အမေက ချေသား 'ဆုံ' ဦးမလားတဲ့"

"(ဂျီ) ချေ သားများအော၊ ငဲရှိတုန်းကဖြင့် မစားချင့်အဆုံးပါ။ အခုမှ ဝယ်ရမယ်လို့"

သို့သော် မမင်းဘော် စကားတန့်သွား၏။

'အချိန်မတော်ကြီး သူတို့ရောက်လာရင် အသင့်ပေးလိုက်နိုင်အောင် ကြော်လှော်ထားရ ကောင်းမလား....'

သည်စိတ်ကူးဖြင့် ကြော်လှော်ကင်ဖုတ်ထားရပေါင်း များပြီ။ စားပစ်ရသည့် အကြိမ်ပေါင်းလည်း မရေနိုင်ပြီ။ သို့ပါလျက်နှင့် ချစ်ခြင်းအရင်းခံသော ကြောင့်ကြမှုက ပေါ်မြဲပေါ်လာသည်။

ရန်သူ့နောက်သို့ ကျားချောင်းသည့်နှယ် တကောက်ကောက်လိုက်နေရသဖြင့် ထမင်းမှ နပ်မှန်အောင် စားရပါစ တွေးပူရသည်မှာလည်း အခါခါ။ ရန်သူကို ရှောင်တိမ်းနေရသဖြင့် ထမင်းဟင်း ချက်ပြုတ်စားချိန်မှ ရပါလေစ တွေးတောကြောင့်ကြရသည်မှာလည်း အလီလီ။

"မယူဘူး ပြောလိုက်မယ်နော် အရီး"

"သွားယူချေ။ အိမ်ပြင်မထွက်ခင် ဆားလေး 'စတိ' လောက် ပက်ခဲ့။ ကဲ၊ သွားသွား၊ မြန်မြန်"

မြဖူး ခပ်သုတ်သုတ် ထွက်သွားသည်။ နွားစာစဉ်းသံ ရပ်သွားသဖြင့် နွားတင်းကုပ်ဘေးသို့ မမင်းဘော် မျှော်ကြည့်သည်။ မည်းမည်းအရိပ်သည် ထရပ်ရာက စဉ်းဖတ်များကို ဖုတ်ခါနေ၏။ တစ်ဆက်တည်း နံငယ်ပိုင်း တစ်ထည်ကို ပခုံးပေါ်ဆွဲတင်ပြီး လရောင်ထဲသို့ ထွက်၏။

ချွေးသီးများသည် လရောင်အောက်၌ ပြိုးပြက်နေ၏။ ငကျိုင်း

ကိုယ်ကို ဘယ်ညာနဲ့တိုင်း ချွေးပေါက်များ လွင့်စင်၏။

"နေ့မှာ ကိုင်းထဲသွားရ၊ ညမှာ လည်ရနဲ့ အိပ်ရေးပျက်မယ်နော်။ ကြားရဲ့လား ငရွှေကျိုင်း"

"ဟုတ်ကဲ့ပါခင်ဗျာ့"

"ဘာသံမကြား ညာသံမကြားဖြစ်အောင် ဟ်လာတိုက်မနေနဲ့"

ထိုစကားကို ငကျိုင်း မတုံ့ပြန်။ အိမ်ရှေ့သို့ ရောက်သွားပြီ။ သူ့အမေမည်မျှ စိုးရိမ်စေကာမူ သူ့ကိုယ်တွင် ပန်းရိပ်နွမ်းရိပ်မရှိ။ တက်ကြွလန်းဆန်းနေသည်သာ ဖြစ်၏။

အနောက်ကင်းကို မမြင်ရပါ။ လရောင်အောက်၌ အနက်တုံးကြီးအဖြစ်သာ တိတ်ဆိတ်နေ၏။ ယင်း၏ သည်ဘက် ဝါးတစ်ရိုက်အကွာရှိ လရောင်ပြိုးပြက်အောက်တွင်ကား ကြယ်နီကလေးတွေ တမိုတ်တုတ်တုတ် လင်းနေ၏။ မိုးနှောင်းတုန်းက လဲသွားသော ညောင်ပင်ကြီး၏ အကိုင်းများပေါ်တွင် အစီအရီ ရောက်နေကြသူများ၏ ဆေးလိပ်မီးများဖြစ်သည်။

"ငကျိုင်းလားဟေ့"

မေးသူမှာ ငပုတ်ဖြစ်သည်။

"လူတစ်ယောက်လုံးလာနေသာ မမြင်ဖူးလားဟ ငကန်းရ"

လမ်းနှင့်မလွတ်သောကြောင့် လွှဖြင့် ဖြတ်ထားသည့်နေရာမှ ငကျိုင်းဆွဲတက်ပြီး ထိုင်လိုက်သည်။ "ပဲကြားလှော်တော့ ပါသဟေ့" အော်သည်။ သူကိုယ်တိုင်လည်း ခါးပိုက်ထောင့်ထဲနှိုက်ကာ တဖြောက်ဖြောက် စတင်ဝါးလေ၏။

"ပဲကြားလှော်များ ကောင်းကောင်းကန်းကန်းကွာ"

အုန်းခိုင်၏ ရှုတ်ချသံဖြစ်သည်။ ငကျိုင်း မည်သို့မျှ မတုံ့ပြန်ဘဲ သာတင့်ရွှန်းသည် ငွေလမင်းကို မော့ကြည့်သည်။ 'သာလိုက်တဲ့လ' ဟူ၍သည်း မြည်တမ်းသည်။

"သည်လို လသာသာမှာ သမီးရည်းစားချိန်းတွေ့ရရင် ပျော်စရာကောင်းမှာပဲနော်"

"ရည်စားထင်ထား၊ ကြွေစေ့တောင် မရှိသဲ့ကောင်ကများ"

ငကွန်း၏ တောင့်တစကားကို သာရွှန်းဝင်ပြီး နှောက်လိုက်ရာ ဝါးခနဲ ဝိုင်းဝန်းရယ်မောကြလေ၏။

"မင်းတို့က ငကွန်းဆို အကောင်းမထင်ဘူး။ သည်ကောင်က ရည်းစားဆိုလို့ ပြောသာမောင့်"

ဝင်ရောက်မြှောက်ပင့်ပေးသူမှာ လေပွေဖြစ်သည်။ သူငယ်ချင်းခြောက်ယောက်အနက် 'ရှနှင့် ဆ'မကွဲသူမှာ သူတစ်ယောက်တည်းဖြစ်သည်။

"ဆုတ်ဆုတ်ဆက်ဆက်တွေ မပြောနဲ့ကွာ။ ဆင်းဆင်းပြော"

သို့အတွက် ငပုတ်က ရှဆကွဲပါလျက်၊ ကွဲအောင်မပြောတတ်လေဟန်ဖြင့် သရော်သည်။ လေပွေ၏ဆဲရေးသံကို ရယ်မောသံများက ဖုံးလွှမ်းသွားသည်။

"ရယ်သံစဲမှ သာနဲ့များ မင်းရည်းစားနဲ့ ချိန်းတွေ့သာလေး ဘာလေးများ တစ်ခါမှမပြောဘူး" ဟု အုန်းခိုင်က အပြစ်တင်၏။

"ရှာဆော်ရဲ့ မောင်းကမှ တော်သေးသယ်။ မင်းတို့ပါးစပ်တွေက တစ်နယ်လုံးပြန့်မှာ"

"ဧကန္တ မိဇ္ဖလှထင်သယ်"

"မိဇ္ဖ လှလှ မလှလှ၊ အပုပ်ကောင်တွေ ရုပ်ဆောင်နေသာပါကွာ။ ချေးတွေသေးတွေထည့်ထားသဲ့ နွားသားရေအိတ်ကြီးကို အဝတ်ဝတ်၊ သနပ်ခါးလိမ်း၊ ပန်းပန်ထားသာကို ငါ့ရည်းစား ငါ့မယားဆိုပြီး မက်မောနေကြသဲ့ အရူးတွေပဲ"

အညှီအဟောက်စကားကလေးတွေ ကြားရတော့မည်အထင်ဖြင့် နားစွင့်နေသူများမှာ ငကျိုင်း၏ မှတ်ချက်ချသံကြောင့် တစ်ခါတည်း

ဆွံ့အကုန်လေ၏။

"မင်းတို့ စဉ်းစားကြည့်ကြစမ်း။ ဖွေးဖွေးဖြူနေသဲ့ အရိုးစုတွေကွ။ သည်အရိုးတွေ ပြုတ်မထွက်အောင် စာချောက်ရုပ်ကို ကြိုးနဲ့စည်းသလို အကြောတွေနဲ့စည်းထားပြီး အသားတွေ၊ အရေတွေနဲ့ ဖုံးထားသာ။ အဲသာကိုပဲ ပညာမဲ့သဲ့အကန်းတွေက ရင်ဖောင်းသလေး၊ တင်ကောင်းသလေး၊ အသားဖြူသလေး ညိုသလေးနဲ့၊ အရိုးစုတွေပါကွာ။ ပဲကြားလော့်ပဲ ဝါးနေကြစမ်းပါ"

"တစ်ခါတည်း သားစိတ်မယားစိတ် ကုန်သွားသာပဲ"

ငကွန်းသည် စိတ်ပျက်လက်ပျက်ပြောရင်း ငကျိုင်းအနားသို့ လျှောက်လာသည်။ ပဲကြားလော့်တစ်ဆုပ် နှိုက်ယူအပြီးတွင် ရင်ဘတ်ကို ဆောင့်တွန်းချလိုက်လေ၏။

"တရားဟောဦးကွာ"

သို့ရာတွင် ငကျိုင်းမှာ လက်ခုပ်တစ်ဖောင်နိမ့်သော မြေပြင်သို့ မရောက်။ ကိုင်းသေးတစ်ခုကိုဆွဲလျက် ရီးလေးခိုထားသည်။

"ပညာရှိကို မိုဝဲဆည်းကပ်ရမှန်းမသိသဲ့ ငမိုက်သား"

"တိတ်ကြစမ်းဟေ့"

ကင်းတဲဘက်မှ လှမ်းအော်သဖြင့် ငကျိုင်း စကားမဆက်နိုင်။ သစ်ကိုင်းပေါ်သို့ ကိုယ်ကိုလွှဲတင်ကာ နားစွင့်နေ၏။

"ရွာလူကြီးများ မရှိကြဖူးလားဗျို့"

"ရှိပါ့ဗျား ရှိပါ့ ရှိပါ့"

လူငယ်များအား ကင်းသမားက လှမ်းဟန့်ခြင်းမှာ ရွာတံခါးဘက်သို့ လူတစ်အုပ် ချဉ်းကပ်လာသည်ကို မြင်ရသဖြင့် ဖြစ်သည်။ မီးစည်း မီးတုတ် မပါဘဲ ချဉ်းကပ်လာကတည်းက လူကောင်းမဟုတ်ကြောင်း ထင်ရှားပြီ။

ငကျိုင်းတို့လူစု၏ အသံများ တိတ်လျှင်တိတ်ချင်း ရွာပြင်မှ ခေါ်သံ

ထွက်ပေါ်လာခြင်းဖြစ်သည်။ အသံကြားလျှင်ကြားချင်း၊ ကျိုင်း ပြေးလာသည်။ ချောင်းကြည့်သည်။ ခပ်ကျဲကျဲ ခပ်ခွာခွာ ရပ်နေကြသောလူများ။ ငါးကျိပ်ခန့် ရှိမည်ထင်သည်။

"ဗိုလ်မဲလုံးနဲ့ ငယ်သားတွေစားဖို့အတွက် ထမင်းအိုးအလုံးနှစ်ဆယ်။ ဝက်သားဟင်းငါးပိသာနဲ့ ဒေါင်းဒင်္ဂါးတစ်ထောင်"

"ဆိတ်စာဆိုင်းပါဦး"

"မဆိုင်းနိုင်ဘူး။ သုံးမောင်းအတွင်းမှာ မရရင်၊ ဗိုလ်မဲလုံးရဲ့ အစွမ်းကို ပြရလိမ့်မယ်"

"ရွာကို မီးနဲ့တိုက်မယ်။ ရှင်းရှင်းပြောလိုက်စမ်း"

ခပ်လှမ်းလှမ်းမှ ငေါက်ငမ်းပြောလိုက်သံကြောင့် ကျိုင်းသည် တံခါးကြားမှ ချောင်းကြည့်နေရာမှ ထရပ်သည်။ ကင်းတဲပေါ်သို့ ပြေးတက်သွားသည်။

"ကောင်လေးနေစမ်း၊ ကောင်လေးနေစမ်း"

ရွာခေါင်းဦးပေါက်သည် ကျိုင်းကို ဆီးဖက်သည်။ ပါးစပ်ကို အမိအရပိတ်လျက် တီးတိုးသတိပေးသည်။

"သဟာက သည်လိုရှိပါသယ် ဗိုလ်မင်းမဲလုံးခင်ဗျား။ ဆိတ်စာဆိုင်းပါဦး ဆိုရသဲ့အကြောင်းက တိုင်ပင်ရ၊ ဆွေးနွေးရ၊ ရွာထဲလည်ပြီး ဆင့်ဆိုရ၊ ခန့်ခွဲရဦးမှာမို့ပါခင်ဗျား"

ရည်ရည်မွန်မွန် ပြန်လည်ရှင်းလင်းနေသူမှာ ကာလသားခေါင်းအိုကြီး ဦးတောက်တဲ့ဖြစ်၏။

သို့စဉ်တွင် ဘသာဋ္ဌေးနှင့် ဘသာကြွယ်တို့ တုန်တုန်ချည့်ချည့်ဖြင့် ကင်းတဲပေါ်သို့ တက်လာကြသည်။ ဘသာကြွယ်က အမောတကောသံကြီးဖြင့် အသံပြု၏။

"မောင်တို့ မောင်တို့"

"ဘာတုန်း အဖိုးကြီး၊ သေချင်လို့လား"

"ထမင်း အချက်ခိုင်းနေပါပြီ။ သို့သော်လည်း ယာမလုပ်ရဲ၊ ကိုင်းမလုပ်ရဲသဲ့ ကျင်းထဲချပ်ထဲမှာ ဒေါင်းဒင်္ဂါးတစ်ထောင် များလွန်းပါသယ် ဗိုလ်မင်းရယ်။ ငါးဆယ်ပဲထားပါ"

"အဖိုးကြီး၊ သေနတ်နဲ့ ပစ်လိုက်ရမလား"

ဘသာကြွယ်သည် လူ့တစ်ဖက်စာခန့်တုတ်သော သစ်တုံးကြီးနောက်သို့ ဖျပ်ခနဲကပ်လိုက်ပြီးမှ "မောင်တို့ပစ်လည်း ခံရမှာပါကွယ်။ မတတ်နိုင်လို့ ပြောသာပါ"ဟု စကားဆက်၏။

"ဟေ့ အဖိုးကြီး၊ ဈေးရောင်းနေသာ မဟုတ်ဘူး။ လျှာမရှည်နဲ့"

"မရှည်ဝံ့ပါဘူး မောင်တို့ရာ။ အခုဟာက အသနားခံသာပါ"

"ငါတို့ကို ဈေးဆစ်ပြီး အချိန်ဆွဲနေတုန်းမှာ ဂေါ်ရာစစ်တပ်ကိုသွားခေါ်မယ် စိတ်မကူးနဲ့။ တစ်ရွာလုံး သေသွားမယ်"

"သလို အကောက်မကြံရဲပါဘူး ဗိုလ်မင်းတို့ရာ၊ ကျုပ်တို့မှာ"

"ဟေ့ နားထောင်စမ်း။ နင်တို့ရွာကို လူညီသယ်ဆိုပြီး ဘယ်သူမှလာပြီး 'မခန့်ခွဲ'ဘူး မဟုတ်လား။အေး ငါတို့ဆရာဗိုလ်မဲလုံးက မကြောက်လို့လာသယ်။ အရေးမစိုက်လို့ ခန့်ခွဲသယ်"

"ရိုသေပါသယ် ဗိုလ်မင်းရယ်။ အခု ကျွန်တော်တောင်းပန်လိုသာက"

"ပါးစပ်ပိတ်ထား၊ ဗိုလ်မဲလုံးကို ဓား၊ လှံ၊ သေနတ်၊ ဒူးလေး၊ လင်းလေး၊ ဝါးချွန်၊ ပုလင်းကွဲ၊ အုတ်၊ ကျောက်၊ တံတောင်၊ ဖနောင့် ဘာနဲ့မှခုခံမယ် မကြံနဲ့။ အပါးတစ်ရာ 'ပြီး' သယ်ဟေ့။ ဗိုလ်မဲလုံးရဲ့ အစွမ်းဟာနောက်ပါတစ်ထောင်ကိုပါလုံသယ်။ တောင်းထားသာကို အမြန်ပေးပါ။ ထမင်းဟင်း မကျက်သေးပေမယ့် ဒေါင်းဒင်္ဂါးဟာ ချက်စရာမလိုဘူး။ အခုပေးပါ"

"ဆယ်အိမ်ခေါင်းတွေ လည်ပြီး 'ခွဲ' နေပါပြီ။ ခေတ္တသည်းခံ...."

**ပုဂံစာအုပ်တိုက်**

ရွာတံခါး၏ တံခါးရွက်ကြီး ဝုန်းခနဲပွင့်ထွက်သွားကာ၊ လက်နက်ကိုယ်စီကိုင်ထားသူ ငါးကျိပ်ပြေးထွက်လာသည်။ ဝီခနဲဝီခနဲ အသံပေးလျက် လောက်စာလုံးတွေ၊ မြားတွေက ရှေ့မှ ပြေးထွက်သွားသည်။

"ခုတ်ဟ၊ ထစ်ဟ၊ ချဟ"

"မလွတ်ပေစေနဲ့၊ ခုတ်ခုတ် ကျား.... ကျား"

မြေပေါ်လှဲသူလှဲ၊ အိပ်သူအိပ်၊ ထိုင်သူထိုင်နှင့် လက်လွတ်စပယ်ဖြစ်နေသော ဓားပြများမှာ မထမီ အခုတ်ခံရ၏။ မထိုင်နိုင်မီ အထိုးခံရ၏။ တစ်ချက်မျှ ပြန်လည်မခုခံနိုင်။ ဒဏ်ရာကိုအုပ်ပြီး ပြေးကြရသည်။

သို့သော် ဓားပြများသည် လွတ်အောင်ပြေးပြီးနောက် ချက်ချင်းလက်တုံ့ပြန် တိုက်ခိုက်တော့သည်။

"မဲလုံးတဲ့ဟေ့၊ မတူရင်မတုနဲ့"

မဲလုံးသည် ဓားကိုဝင့်လျက် သိုင်းကွက်နင်းကာ ပြေးတက်လာ၏။

"ဘာမဲလုံးတုန်း၊ အမဲသားကို လုံးထားသာလား"

မဲလုံးကို ပြေးပြီး ရင်ဆိုင်သူမှာ ကျောင်းဖြစ်သည်။

ခြောက်ကွက်မျှသာ တတ်ရုံမျှဖြင့် ဓားပြဂိုဏ်းထောင်ကာ၊ လူစွာလုပ်သော မဲလုံးမှာ ကျောင်းကို မတိုက်နိုင်ပါ။ ကျောင်း၏ ဓားချက်များကို တိမ်းရင်းရှောင်ရင်း၊ တွက်ရင်းခုန်ရင်း နောက်သို့ဆုတ်ရာက "မီးနဲ့ တိုက်ပါတော့လား" အော်သည်။ မှောင်ရိပ်ကျရာသို့ အပြေးဆုတ်သည်။

သို့စဉ်တွင် မမျှော်လင့်သောအရာများ ပေါ်ပေါက်လာ၏။

ဤသည်မှာ အမျိုးအမည်မသိသော ရန်သူများသည် ကျောဘက်မှ ပေါ်လာခြင်းဖြစ်သည်။ လူမများ၊ တစ်ကျိပ်ခန့်သာရှိသည်။

"ဗိုလ်ဆွဲဆိုသာ မကြားဖူးကြရှေ့သလား"

သေနတ်ဖြင့်ပစ်သည်။ မြင်းဖြင့်နင်းသည်။ ဓားဖြင့်လည်းရမ်းသည်။ တစ်ခဏအတွင်း၌ ဓားပြများ အတုံးအရုံးသေသည်။ တစ်ယောက်စ

နှစ်ယောက်စသာ မှောင်ရိပ်ခိုလျက် ပြေးလွှားလွတ်မြောက်သည်။

"မြင်းစီးကြီး ဦးရွှဲရဲ့တပ်ဟော့"

ရွာသားများသည် လက်နက်များကို လရောင်ထဲသို့ ထိုးမြှောက်ကာ ကြိုဆိုကြ၏။

"ဦးဆွဲတို့ ရောက်လာသာနဲ့ ထမင်းဟင်းချက်ထားသာနဲ့ အခန့်သင့်သွားပြီဗျို့။ ကြွကြပါ ရွာထဲ ကြွကြပါ"

ဘသာဋ္ဌေးသည် ကင်းတဲပေါ်မှ အားရဝမ်းသာဖိတ်ခေါ်၏။

ငကျိုင်းသည် မြင်းစီးကြီးထံပြေးသွားရင်း ဓားကို ဓားအိမ်ထဲသို့ ထိုးသွင်း၏။ မြင်းဇက်ကို ပြေးကိုင်သည်။

"ဦးကြီး နေကောင်းသနော"

ဦးရွှဲ စကားမတုံ့။ ကျောဘက်သို့ မျက်နှာလွှဲနေသည်။ ငကျိုင်း စိတ်ထဲ၌ မျက်ခနဲ ဖြစ်သွားပြီးမှ သစ်ပင်အုပ်ဘက်သို့ လှမ်းကြည့်၏။ လူအုပ်ကို မသိမသာ ဖယ်ခွာသွားသော မြင်းတစ်စီး။

ငကျိုင်းသည် မြင်းစီးကြီးအပါးမှ ခွာသည်။ သစ်ပင်အုပ်ဘက်သို့ မယောင်မလည် ထွက်ခဲ့သည်။ သစ်ပင်အကွယ်တွင် မြင်းတစ်စီး၊ မြင်းဘေး၌ လူတစ်ယောက်။ သူသည် ထိုသူအား ပြေးဖက်၏။

"အဖေ နေကောင်းတယ်နော် အဖေ့"

"အေး၊ နေကောင်းသယ်။ အဖေ သည်လူတွေနဲ့ ရောပြီး မဝင်ချင်ဘူးသား"

ငကျိုင်း၏ နဖူးကိုနမ်းရင်း တီးတိုးပြောသည်။

"အိမ်နောက်ဖေးမှာ ငုံ့ပေါက်ရှိသယ် အဖေ။ ကျုပ် အထဲဝင်ပြီး ဆီးကပ်ကို သွားလှန်ထားချေမယ်။ အဖေသာ မြင်းကိုလုံအောင်ဝှက်"

ပြောပြောဆိုဆို ငကျိုင်းပြေးသည်။

"ဟော့ကောင် ငကျိုင်း၊ သည်မှာ အလောင်းတွေ မြှုပ်ကြဦးစို့ကွာ"

"ခဏလေး ခဏလေး၊ အခုချက်ချင်း ပြန်လာမယ်"

ကျိုင်း ပြေးသည်။

အမေနှင့် မိရိုး၊ မြဖူးတို့သည် ရွာခရိုးဘက်မှ ပစ္စည်းများကို အိမ်အောက်သို့ သယ်ယူနေကြဆဲ ရှိသေး၏။

"အမေရေ၊ အမေ အမေ"

အသံပေးရင်း အိမ်အောက်သို့ ကျိုင်း ပြေးဝင်လာကာ အမေကို ပြေးဖက်သည်။ "ရှုးမလာစမ်းနဲ့ ငချေးကျိုင်း" ဟု အော်ကာ တံတောင်ဖြင့် တွက်သည်။ ချက်ချင်း အတွက်ရပ်သည်။ အငေါက်ရပ်သည်။ ကျိုင်းကား နောက်ဖေးခရိုးသို့ရောက်မှ ပြေးရပ်တော့သည်။

ဓားကိုလွယ်၊ သေနတ်ထမ်းထားသော ကိုမိုးကောင်းကို မြင်ရသောအခါ မမင်းဘော်သည် မီးခွက်ကို မှုတ်ပစ်၏။

"ဘကြီး၊ အဖေတို့ ဘထွေးတို့ မပါဖူးလား"

ချွေးမ၏ အမေး။

"ကောင်းကြပါသယ်။ လူချင်းမဆုံမိလို့ ပါမလာကြဘူး"

မမင်းဘော်သည် မောင်ကြီးထဲမှာပင် မြေပြင်ကိုဟပ်သော လရောင်အားကိုးဖြင့် သူ့လင်ကို စူးစိုက်ကြည့်၏။

"မောင်ကြီး နေကောင်းရဲ့လားဟင်"

"ကောင်းပါသယ် နမသယ်။ မယ်မင်းလည်း ကိုယ့်ကိုယ်ကို ဂရုစိုက်နေဪ"

"စိုက်အားပါဘူး မောင်ကြီးရယ်။ ဩော်.... ဟဲ့"

မမင်းဘော်မှာ ပြောချင်သည်များ၊ လုပ်ချင်သည်များ များပြားနေ၏။ သို့ဖြင့် "ဩော်.... ဟဲ့" ဆိုအပြီး၌ ထမင်းပြင်ရန် သမီးကို ခိုင်းရ၏။ ချွေးမကိုလည်း တစ်ဖက်အိမ်သို့ သွားရောက်သတင်းပေးရန် ဟိုးတိုးတိတ်တိတ်မှာရ၏။

ပုဂံစာအုပ်တိုက်

"ရွာထဲမှာ လိုသူရှိသလို မလိုသူလည်း ရှိသယ်။ အဲသာကြောင့် ရွာတံခါးကမဝင်ဘဲ ငုံ့ပေါက်ကဝင်သာ"

"သိပါသယ်တော်။ သည့်ပြင်စကား ပြောစမ်းပါ"

"ကုလားက မြင်းစီးကြီးကို ဆုငွေတစ်ထောင် ထုတ်ထားပေမယ့် သူက သည်ရွာသားမဟုတ်လို့ ကိစ္စမရှိဘူး"

"ဆုငွေတစ်ထောင်တောင် ထုတ်ထားရသယ်ဆိုတော့ ကျွန်မတို့ မြင်းစီးကြီးက ကုလားတွေ အတော်သတ်ထားမှတ်သယ်"

မမင်းဘော်မှာ လင်နှင့် တွေ့ခါခဏ၌ လင့်ရင်ခွင်တွင် မှီခိုရန် သတိမရ။ မိစ္ဆာဒိဋ္ဌိ မောင်းနှင်ရေးလုပ်ငန်းတွင် စိတ်ဝင်စားနေသည်။

"ကုလားကို သတ်ချင်လို့ သည်အလုပ်ကို လုပ်ကမင့်၊ ကုလားဖြူ၊ ကုလားနက်တွေ တွေ့သမျှအကုန် သတ်သာပဲ။ မင်းလှဘက်မလဲ ဗိုလ်ရွှဲ၊ မင်းတုန်းသွားတော့လည်း ဗိုလ်ရွှဲ၊ ပန်းထိမ်းဖေမှာလည်း ဗိုလ်ရွှဲ၊ ဗိုလ်ရွှဲတပ်နဲ့ မလွတ်အောင်ဖြစ်နေလို့ ကုလားက အကြောက်ကြီးကြောက်ပြီး ဆုငွေထုတ်သာ"

မိရိုးသည် သုံးချောင်းထောက်ဖြင့် ထမင်းပွဲပြင်လျက် ယူလာ၏။

"သမီးကလေး လိမ်လိမ်မာမာနေဟော့"

"ဟုတ်ကဲ့ပါရှင့်"

"သည်အမေနဲ့ သည်သမီးပဲရှိသာ အမေ စိတ်မဆင်းရဲစေနဲ့"

"စိတ်ချပါအဖေ။ အမေ စိတ်မဆင်းရဲစေရပါဘူး"

"ဓားရေး သိုင်းရေးတွေလည်း မလိုလဲလိုလဲ ပြန်ပြီး နွှေးပါဦးကွယ်။ ဗိုင်းမှုဝါမှု လုပ်သာလည်း လုပ်ပေါ့"

"ဟုတ်ကဲ့ပါ အဖေ။ ဟောသည်မှာ သွားရင်းလာရင်း အဖေတို့စားဖို့ ချေသားကြော်နဲ့ ထမင်းခြောက်ကြော်"

"ချေသားကြော် နေပေစေ။ ထမင်းခြောက်ကြော်ပဲ ယူသွားမယ်။ ဒစ်မြေပြင်မှာ အလွန်အဖိုးတန်သာကလား"

ကိုမိုးကောင်းသည် ထမင်းကို လျင်မြန်စွာ စား၏။ မမင်းဘော်မှာ မြိန်ရေရှက်ရေ စားနေသော လင့်မျက်နှာကို အားရပါးရ ကြည့်ချင်၏။ ကြည့်နူးချင်၏။ မီးခွက်ထွန်း၍ မဖြစ်သောကြောင့် ခက်သည်။

မီးခွက်ထွန်းလျှင် လင့်မျက်နှာ ပပဝင်းကို ထင်းထင်းကြီး မြင်ရမည်။ ထို့အတူပင် လမ်းမှ ချောင်းမြောင်းသူများအတွက်လည်း မီးထွန်းပြရာ ရောက်မည်။ ဝေလေလေသမားများထဲတွင် သစ္စာရှိသူများ ပါသည့်နည်းတူ ရန်သူ၏ လာဘ်လာဘကို မျှော်ကိုးပြီး သတင်းပေးသော လောက်ကောင်များလည်း ရှိ၏။ သို့ကြောင့် မီးမထွန်းရဲချေ။

ထမင်းစား၍ ပြီးလုပြီးခင်တွင် မြဖူးနှင့် သူ့အမေ မယ်ငြိမ်း၊ ငဝဲ၏ ဇနီး မယ်ဝါးတို့ ရောက်လာသည်။

"ကိုရင်ချွဲ ရှိမှ ရှိသေးရဲ့လားတော်"

မယ်ငြိမ်း၏ အမေးက ကိုမိုးကောင်း၏ရင်ကို ထုနှက်သည်။

"မဦးမချွတ် ဘာတွေ လာပြောသာတုန်းဟာ။ ငါ့ရောင်းရင်း ငချွဲရော၊ ငဝဲပါ စကုဘက်မှာ ရှိပါသဟာ။ ငါတို့စစ်သားဆိုသာ ရန်သူကိုကြည့်ပြီး လှုပ်ရှားသွားလာရသဟ။ ကနေ့ည သည်ဘက်ရောက်လာသာတောင် အော်သံဟစ်သံတွေကြားလို့ ရောက်လာသာ"

"ဟောသမှာ သူတို့ညီအစ်ကိုဖို့ ထမင်းခြောက်နဲ့ ချေသားကင်"

"နေစမ်းပါဟာ နင်တို့ချေသားကင်တွေ၊ ကိုယ့်ဘာသာကိုယ် စားကြ။ ငါတို့အတွက် ထမင်းခြောက်ရှိရင် တော်ပြီ။ ကိုင်း မင်းဘော် သွားပြီဟေ့"

မမင်းဘော်နှင့် မြဖူး၊ မိရိုးတို့သည် မြေပေါ်တွင် ပြားဝပ်လျက် ကန်တော့ကြသည်။ ကိုမိုးကောင်းသည် ယောက်သွားပုံ ကြိမ်ပုခက်အတွင်း၌ အိပ်မောကျနေသော မြေးကို ငုံ့နမ်းသည်။ ထို့နောက် ငုံ့ပေါက်ရှိရာ မှောင်ရိပ်ထဲသို့ ပြေးဝင်သွားသည်။

"မောင်ကြီး၊ မောင်ကြီး"

မမင်းဘော် ကပိုကရိုဖြင့် ပြေးလိုက်လာသည်။ ကိုမိုးကောင်းသည် ခရိုးဘေးမှ ရပ်စောင့်၏။

"သားရေး သမီးရေး၊ ဘယ်လိုစိမံရမတုန်း မောင်ကြီး"

"မျိုးရိုးမယုတ်ရင် ကုလားလူမဟုတ်ရင် နမသယ်ရဲ့ သမီးလည်း နှစ်သက်ရင် ပေးသာပေးစားလိုက်။ ကာလကြီးက ရေရာသာမဟုတ်ဘူး"

ပြောပြောဆိုဆို ကိုမိုးကောင်း ထိုင်သဖြင့် မမင်းဘော် ထိုင်သည်။ လပေါင်းများစွာ ကွဲကွာနေသော လင်ကို လည်ပင်းမှ သိုင်းဖက်ပြီး နမ်းသည်။ အမှတ်တရ အနမ်းပေလော၊ နှုတ်ဆက်အနမ်းပေလော၊ မည်သူမျှ ကြိုတင် မပြောနိုင်ချေ။

# ၄

"ရန်သူ ငါးရာတပ်တစ်တပ် မှန်ကင်းတောင်ကို ဦးတည်ပြီး တက်လာပါပြီ ဗိုလ်မင်း"

"ဗိုလ်သိုင်းရေ၊ စော်ဘွားကြီးဆီ လူလွှတ်ပြီး သံတော်ဦး တင်ပါဘိ"

မြတောင်ဗိုလ် ဗိုလ်သိန်းသည် ပြောပြောဆိုဆို ဓားကိုကောက်လွယ်သည်။ သေနတ်ကို လက်ထဲတွင် ဆုပ်ထားသည်။

ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်သည် ကသာဘက်မှတစ်ဖုံ၊ တကောင်းဘက်မှ တစ်နည်း ညှပ်ပူးညှပ်ပိတ် ရှေ့တိုးလာသော ရန်သူကုလားအား မိတ်မဖွဲ့၊ လက်ဆောင်မပေးဘဲ အင်ကြီးအားကြီးဖြင့် ခုခံရန် ပြင်ဆင်ခဲ့သည်။ သူ၏ရင်းနှီးသော မြတောင်ဝန်သည် စော်ဘွားကြီးလက်ထဲသို့ မြတောင်ဗိုလ် ဗိုလ်သိန်းနှင့် လူတစ်ရာပေးလိုက်သည်။ သည်လူတစ်ရာထဲတွင် အစ်ကို့အိမ်မှ ခြေဦးတည့်ရာထွက်သွားရာမှ ပျောက်ဆုံးသွားခဲ့သော ငသိုင်းလည်း ပါဝင်သည်။

ငသိုင်းသည် စော်ဘွားကြီးထံသို့ ဂဏန်းရဲမက်တစ်ယောက်ကို လွှတ်လိုက်ပြီးနောက် ဗိုလ်သိန်းနောက်သို့ အပြေးလိုက်လာလေ၏။

မှန်ကင်းတောင်ပေါ်တွင် ကျက်သရေရှိသော အဖြူရောင်အောက်ခံ မြဒေါင်းလံကြီးသည် တလူလူလွင့်မြူးလျက်ရှိသည်။ ရန်သူကုလားဖြူ ကုလားနက်များသည် မြဒေါင်းလံ မြူးဝင့်သည့် တောင်ကုန်း၌ ခေါင်းဆောင်ကြီး ဦးအောင်မြတ် ရှိရမည်အထင်ဖြင့် မှန်းဆချဉ်းကပ်လာကြခြင်းဖြစ်၏။

သို့ရာတွင် မှန်ကင်းတောင်သည် ကျေ့ရှင်းပတ်ရင်းဖြင့် ပျောက်ကွယ်သွားတော့သည်။ ဒေါင်းမြူးချောင်းသည် အရှေ့အဝိုက်များစွာဖြင့် ရန်သူအား တားဆီးသည်။ မြင့်မြတ်သော နယ်မြေသို့ သူယုတ်တွေမလာရဟု ဟန့်တား ထားဘိသို့ ရှိသည်။

သေနတ်သံများပေါ်လာသည်။ ချောင်းကိုဖြတ်ကူးရန် ရေစမ်းနေသော ကုလားနက်အချို့ ခွေကျသွားသည်။ ကုလားဖြူ ကုလားနက်များသည် မည်သည့်အရပ်မှ ပစ်သည်ဟု မစူးစမ်း။ ချောင်းတစ်ဖက်ကမ်းသို့ စုပြုပစ်ခတ်ကြလေ၏။

မြင်သာထင်သာသော နေရာတွင် ကုလားများ ဆုတ်ချေတက်ချေ ဖြစ်နေစဉ်၊ မြင်ကွင်းမသာသောနေရာမှ ကုလားတစ်အုပ်သည် ချောင်းကို ဖြတ်ကူးမိသည်။ ဒေါင်းမြူးချောင်းကို ငုံ့ကြည့်နေသည့် ကျိုင်းခွင်တောင်ပေါ်မှ မိးခိုးတန်းတွေ ခုန်ဆင်းလာသည်။

ဝါးဆစ်ဖြင့်လုပ်ထားသော ဗုံးများသည် ကုလားများကြားသို့ အတွဲလိုက် ကျရောက်ပေါက်ကွဲသည်။ သစ်ပင်ချုံနွယ်များ ထူထပ်ရာသို့ ကုလားများ ဆုတ်ပြေးသည်။ ပြေးသော်ငြား မသက်သာ။ ချုံများကြားမှ ရှမ်း၊ မြန်မာ၊ ခနေ၊ ဂဒူး၊ ဂဏန်းများ ပေါ်လာသည်။

"ကျားဘသား၊ ကုလားသွေးနဲ့ ခြေဆေးကြဟေ့"

ဗိုလ်သိန်းသည် ကုလားအုပ်တွင်းသို့ ဦးဆောင်ဝင်ရောက် ဖြိုခွင်းသည်။

**ပုဂံစာအုပ်တိုက်**

ငသိုင်းသည် သူ့နောက်က ကပ်လျက်ပါလာသည်။ လှံစွပ်ဖြင့် ပြေးထိုးသော ကုလား၏သေနတ်ကို လက်ပြန်ပက်သည်။ ဘယ်ဘက်က ဓားသည် ကုလား၏ လည်ပင်းကြောကို ဟက်ချသည်။

လက်ပြန်ပက်လိုက်သောဓားသည် ပြေးကပ်လာသော ကုလား၏ မျက်နှာကို ဖျန်းပက်လိုက်သည်။ကုလားသွေး မည်းမည်းညစ်ညစ်များကြောင့် ဒေါင်းမြူးချောင်း၏ အလှပျက်သည်။

ချောင်းကိုကူးလျက် ကုလားယုတ်များ ထွက်ပြေးသောအခါ ဗိုလ်သိန်းတို့ ရှိနေခဲ့သည့်နေရာသို့ အမြောက်ဆန် ကျရောက်ပေါက်ကွဲသည်။ မရှေးမနှောင်းမှာပင် ကျိုင်းခွင်တောင်ပေါ်မှ ဗုံးပျံများ ထိုးဆင်းလာသည်။ အမြောက်ဖြင့်ပစ်ပစ်ပြီး ဖြိုခွင်းနေကျ ကုလားများ အံ့အားသင့်သည်။ အမြောက်နှစ်လက် ချရပ်ထားသည့်နေရာသို့ ဝါးဆစ်ဗုံးပျံများ ထပ်မံ ကျရောက်လာပြန်သည်။

အလောင်းများကို အပြေးအလွှားကောက်ကာ ကုလားများသည် အမြောက်များကို ဆွဲယူ ထွက်ပြေးသွားကြလေ၏။

ကျိုင်းခွင်တောင်ပေါ်မှ ဟစ်ကြွေးသံကြီးသည် ထွက်ပြေးသော ကုလားများအား လိုက်လံခြောက်လှန့်သည်။

မြတောင်ဗိုလ် ဗိုလ်သိန်းနှင့် ငသိုင်းတို့သည် မိမိတို့လူသူများကို ပြန်လည်စုရုံးစစ်ဆေးပြီး ကျိုင်းခွင်တောင်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။ အိုးစည်သံ တထုံထုံဖြင့် ကခုန်မြူးထူးနေသူများကိုကြည့်ပြီး ဝင်ရောက် ကမည် ကြံခါရှိသေးသည်။ ခြေမြန်တစ်ယောက် ရောက်လာ၏။

"မှန်ကင်းတောင်ပေါ်ကို ရန်သူတွေရောက်နေကြောင်းပါဗိုလ်မင်း"

"ဟေ့ဟေ့ ရပ်ကြစမ်း"

အိုးစည်လင်းကွင်းသံရပ်သည်။ မှန်ကင်းတောင်အရပ်မှ ပစ်ခတ်သံများကို ယခုမှ ကြားကြရတော့သည်။

"ဗိုလ်သိုင်း၊ ရသမျှလူနဲ့ တက်နင့်ဟော့။ ကျန်လူတွေပါအောင် ငါစုပြီး ကွမ်းတစ်ယာညက်အတွင်း အမီလိုက်လာခဲ့မယ်"

သိုင်းသည် အစ်ကိုဖြစ်သူ ငလှိုင်းထံမှ စိတ်လေလေဖြင့် ထွက်လာရာက၊ အဖိုးအဖွားများရှိရာ ဒီပဲယင်း သရက်ကန်သို့ ရောက်သွားသည်။ ဘိုးဘွားနှင့်ဆွေမျိုးများက ဝမ်းသာအယ်လဲ ကြိုဆိုကြငြား၊ သိုင်း မပျော်ပိုက်။ သွေးသံရဲရဲနှင့် အသက်ပျောက်သွားခဲ့သည့် ကျော့ခင်၏ အသွင်က သူ့ကိုခြောက်လှန့်နေ၏။

သို့ရှိစဉ်၊ မြတောင်ဝန်၏ စာရေးတစ်ယောက် သရက်ကန်ဘက်သို့ ရောက်လာ၏။ သို့ဖြင့် မြတောင်မြို့သို့ ထိုစာရေးအပြန်တွင် သိုင်းလိုက်လာရာက မြတောင်ဗိုလ်နှင့် တွေ့ခြင်းဖြစ်သည်။ ထိုအချိန်တွင် တိုင်းပြည်ပျက်ပြီ။ မြတောင်ဗိုလ်တို့မှာ မည်သူ့ကို ဖအေခေါ်ရမည် မသိဖြစ်နေစဉ်၊ မြတောင်ဝန်ကြီးက စော်ဘွားကြီးနှင့် ပူးပေါင်းရန်စေခိုင်းသဖြင့် သိုင်းပါ ဤဝန်းသိုနယ်ဘက်သို့ ရောက်လာခြင်းဖြစ်၏။

ပစ်ခတ်သံများသည် ပိုမိုကျယ်လောင်လာ၏။

မိစ္ဆာဒိဋ္ဌိ မောင်းထုတ်ရေး မျိုးချစ်တပ်သားများ၏ စစ်ကြွေးသံများမှာ ပင်လယ်လှိုင်းတံပိုးသံနှယ် လိမ့်၍လိမ့်၍ တက်နေ၏။ သိုင်းနှင့် လူဆယ်ယောက်သည် လျှိုတစ်ခုအတိုင်း တက်လာကြသည်။

တောင်၏ခါးလယ်အရောက်တွင် သိုင်းတို့ လိုက်လာသော လျှိုသည် ညာဘက်သို့ ကွေ့ပတ်သွားသည်။ လျှိုအတိုင်း လိုက်မည်လော၊ တောင်ပေါ်အရောက် တက်မည်လော၊ သိုင်းဝေခွဲမရ။ သို့သော် ကုလားနက်လေးယောက်နှင့် ကုလားဖြူတစ်ယောက်သည် သူတို့ဘက်သို့ ပြေးလာကြ၏။

သူ့နည်းတူပင် ရန်သူကို ခါးခါးသီးသီး မုန်းတီးနေသော ပဋ္ဌင်းကျော်သည် ဟူမီးသေနတ်ဖြင့် ဝမ်းသာအားရ ပစ်ချလိုက်လေ၏။ ပစ်သော်ငြား ကုလားဖြူမသေ။ ပခုံးကိုရှပ်မှန်သည်။ သေနတ်ကျည်ဆံများသည် သိုင်းတို့

ဘက်သို့ ပလူပျံ၏သို့ ကျရောက်လာတော့သည်။

"လာကြဟေ့၊ ခွေးသွေးနဲ့ ခြေဆေးမကွ"

ငသိုင်းသည် ချုံနွယ်ထူထပ်ရာသို့ ပြေးဝင်သည်။ သူ့လူတွေကို လှည့်ကြည့်စဉ်၊ ဗိုလ်သိန်းကို လှမ်းမြင်၏။ မြတောင်ဗိုလ် ဗိုလ်သိန်းနောက်တွင် ရဲမက်လေးကျိပ်ခန့် ပါသည်။ တူမီး၊ ကျောက်မီး၊ သေနတ် ဆယ်လက်ခန့် ပါသည်။

"ဗိုလ်သိုင်း၊ ဘယ်တောင်ပံကို တက်ဟေ့"

အသံပေးရင်း ဗိုလ်သိန်း ပြေးတက်သည်။ ကုလားငါးယောက်အုပ်လည်း ဗိုလ်သိန်းတို့ လူအုပ်ကြီးကို မြင်သွားသဖြင့် သည်းသည်းမည်းမည်း ပစ်ခတ်တော့သည်။ လျှိုထဲသို့ ပြန်ဆင်းသူဆင်း၊ ဒူးလေးဖြင့် ပြန်ပစ်သူပစ်။ အနီးကပ်ရောက်အောင် ပုန်းလျှိုး ချဉ်းကပ်သူကပ်။

ငသိုင်းလည်း ချဉ်းကပ်သူများထဲတွင် ပါဝင်၏။

ကုလားများသည် မြတောင်ဗိုလ်တို့ဘက်သို့ နှစ်ယောက် ဒူးထောက်ပစ်ပြီး သုံးယောက်က မတ်တတ်ရပ်လျက် ပစ်နေသည်။

"တိုးလဟ တိုးလဟ"

ညာဘက်ချုံတွေထဲမှ စစ်မိန့်သံများ အဆက်မပြတ် ပေါ်လာသဖြင့် ကုလားများ ပြေးလမ်းရှာသည်။ ထိုအခိုက်တွင် တောင်ပေါ်မှ လူအုပ်ကြီး တစ်အုပ် ပြုံဆင်းလာတော့သည်။

"ဟိုမှာ ငါးကောင်လဟ၊ ကျားဘသား"

ဓားလွတ်ကိုယ်စီဖြင့် ခုန်ပျံဝဲဆင်းလာကြသည်။ ထိုသူများကိုလည်း ပစ်ရ၊ ဗိုလ်သိန်းတို့ကိုလည်း ပစ်နှင့်၊ ကုလားများ ဗျာများနေကြသည်။ ငသိုင်းတို့အတွက် အလွန်ကောင်းသော အခြေအနေပေတည်း။

ညာသံပေးပြီး ငသိုင်း ခုန်ထွက်သည်။ တစ်ဆက်တည်း ကုလားဖြူ၏ ခေါင်းကို ဖြတ်ချသည်။ ကုလားဖြူ တိမ်းငဲ့ကာ သေနတ်များဖြင့် ခတ်

ထုတ်သည်။ သို့စဉ်တွင် သေနတ်ဒင်ကြီးသည် ငသိုင်း၏ခေါင်းပေါ်သို့ ဝဲပျံလာ၏။ သို့ကြောင့် သေနတ်ဒင်ကို ခုန်ရှောင်သည်။ ကုလားဖြူ၏ သေနတ်များ၊ လှံစွပ်က နံကြားသို့ တန်းတန်းမတ်မတ်ကြီး ပြေးဝင်လာလေ၏။ ငသိုင်း ဘယ်ဓားဖြင့်ရိုက်ချကာ ညာဓားဖြင့် ကုလားဖြူ၏ ရင်ကို ကန့်လန့်ဖွင့်လိုက်၏။

သေနတ်ဒင်ဖြင့် ရိုက်သော်လည်း မရိုက်မိသဖြင့် ကုလားနက်မှာ ရှေ့သို့ ဟပ်ထိုးကျလာ၏။ ဓားသွားနှစ်ခု ဆုံမိသည်။ ငသိုင်း၏ ဘယ်ဓားက ထိုကုလားနက်၏ ရင်ကို ခွဲသည့်နည်းတူ၊ ပဋ္ဌင်းကျော်၏ ဓားသွားကလည်း စက်ဆုတ်ဖွယ်ရာ ကုလားအူများကို ဆွဲထုတ်သည်။

ပစ်သံ၊ ခုတ်သံ၊ အော်သံ၊ ညည်းတွားသံများ တစ်တောင်လုံး ညံနေသည်။ နေရာတိုင်း၌ မျိုးချစ်တပ်သားများ ပြည့်နေသည်။ အမဲတုံးကို ပုရွက်ခဲသည်သို့ ကုလားဖြူ ကုလားနက်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်နေကြသည်။

ကုလားသည် တောင်ပေါ်ရှိ မြဒေါင်းလံကို ဖြုတ်ချရန် တက်လာခြင်းဖြစ်ငြား အလံတိုင်ဘက်သို့ ရောက်မလာ။ တအိအိ ဆုတ်ခွာရသည်။ မြဒေါင်းလံ မပြုတ်ဘဲ တပ်ဦးမှ ယူနီယံဂျက်အလံမှာ ကောက်သူမရှိဘဲ ကျကျန်ခဲ့သည်။ ထိုကျက်သရေမဲ့ အလံပေါ်သို့ ရှမ်း၊ မြန်မာ၊ ဂဒူး၊ ဂဏန်း၊ ဓနု ရဲမက်များ နင်းဖိလျက် ရန်သူ့နောက်သို့ ထပ်ကြပ်လိုက်ကြလေ၏။

ရန်သူမှာ အစာစားချိန်၊ အိပ်ချိန်၊ သီးခြားလိုအပ်၏။ မိစ္ဆာဒိဋ္ဌိမောင်းထုတ်ရေး မျိုးချစ်မြန်မာ ရဲမက်များမှာသော် ပြေးရင်းလွှားရင်း စား၍ရသည်။ သို့အတွက် ကောလင်းအထိ တရကြမ်းလိုက်နိုင်ခြင်းဖြစ်သည်။ ကောလင်းကို မည်သို့လုပ်ကြမည်နည်း။

ရန်သူ့လက်နက် မည်မျှသာစေ ရန်သူ့အမြောက် မည်မျှပြင်းစေ၊ မျိုးချစ်ရဲမက်များသည် ကောလင်းကို ဝိုင်းထားသည်။ စော်ဘွားကြီး

ကိုယ်တော်တိုင် ဆင်းလာပြီး မည်သို့ စီမံခန့်ခွဲမည်နည်း။ စော်ဘွားကြီးအား မျှော်ငံ့နေကြစဉ် လူရောက်မလာ။ အမိန့်သာ ရောက်လာသည်။

"တပ်အားလုံး ဆုတ်ခဲ့စေ"

သေိုင်း မကျေမချမ်းပါ။ သို့ရာတွင် အကြောင်းမည်သို့ ရှိသနည်း။ လေ့လာရသည်။ စော်ဘွားကြီး ကျန်းမာတော်မမူပေ။ မှန်ကင်းတောင်၊ ကျိုင်းခွင်တောင် တိုက်ပွဲများတွင် နိုင်စေကာမူ၊ လူသူ ဆုံးရှုံးလှသည်။ ကျန်သော ရဲမက်များအနက် အများစုမှာ အနာအဖျား ရောဂါနှင့် ကင်းသူက ခပ်ရှားရှား။

ဤစစ်ကား ၁၂၄၈ ခုနှစ်၊ပြာသိုလတွင် နိုင်ပါလျက်နှင့် ချိုလိုက်သော စော်ဘွားကြီး၏ ပထမပွဲပေတည်း။

ရှေ့လာမည့် ၁၂၅၃ ခုနှစ်တွင် စော်ဘွားကြီးသည် စိတ်မကျေပွဲ နွှဲသော အားဖြင့် အင်ကြီးအားကြီးသုံးကာ ရန်သူကို ချေမှုန်းလိမ့်ဦးမည်။ သို့သော်၊ အနာဂတ်ငါးနှစ်ကို မြတောင်ဗိုလ် မည်သို့လျှင် ကြိုတင်သိနိုင်ပါမည်နည်း။ သူသိသည်မှာ လက်ငင်းအခြေအနေသာ ဖြစ်သည်။

"မောင်တို့ မိမိရပ်ရွာသို့ ပြန်ပြီး အေးချမ်းစွာနေကြ။ နောင် ငါလိုသော အခါတွင် အခေါ်တော်လွှတ်မည်"

ထိုအမိန့်ကြောင့် သေိုင်းမှာ ဝါးတဲပေါ်တွင် မျောက်မှိုင် မှိုင်နေမိ၏။ သူ့နည်းတူပင် မြတောင်ဗိုလ်မှာလည်း 'ဝါးကြွပ်' အမိုးကို စိုက်ကြည့်ရင်း နဖူးပေါ်သို့ လက်တင်ကာ စဉ်းစားနေ၏။

"ငါတို့နိုင်ငံကို ကျူးကျော်စော်ကားသဲ့ အင်္ဂလိပ်တွေကို တိုက်ခိုက်ချင်လို့၊ ငါတို့မြေပေါ်က မောင်းထုတ်ချင်လို့ မြတောင်က ထွက်လာတာကွ။ အခုလိုသာ ပြန်ရမှန်းသိရင် ဘယ်ထွက်မတုန်းကွာ"

"ကျွန်တော်ကတော့ တစ်ယောက်တည်း တိုက်မယ်ဗျာ"

မြတောင်ဗိုလ် ဝုန်းခနဲ ထထိုင်သည်။

## ပုဂံစာအုပ်တိုက်

"သည်လိုလုပ်လို့ တော်ရိုးလား ဗိုလ်သိုင်းရာ။ အလွန် အကောင်ကြီးသဲ့ ဆင်သော်မှ သင်းကွဲဆင်ဖြစ်ရင် ခဏချင်းသေတယ်"

အကြပ်ငပြန့်သည် ဝါးလုံးထက်ခြမ်းကွဲများဖြင့် ထမင်း၊ ဟင်း ထည့်လျက် ယူလာသည်။

"ဗိုလ်မင်းတို့၊ ဗိုလ်လေးတို့ ထမင်း"

"ပုဂံဗိုလ်ချို၊ ပုပ္ပါးဗိုလ်နက်ကျော်၊ စလင်းဗိုလ်ဥတ္တမ၊ နတ်မောက်ဗိုလ်မင်းရောင်၊ အများကြီးပါ မောင်ရာ။ ငါကြားမိတာတွေကဖြင့်"

ငပြန့်သည် ရပ်ပြီး နားထောင်နေရာက ရှေ့တိုးပြီး လက်အုပ်ချီ၏။

"သည်အရပ်က တောတောင်စိမ့်စမ်း ပေါများသဲ့အတွက် အနာအဖျား ထူထပ်ပါသယ် ဗိုလ်မင်း။ ရန်သူကို အနာအဖျားကင်းကင်းနဲ့ ဆက်လက်လုပ်ကြံချင်ရင် ကျွန်တော်တို့အရပ်ကို လိုက်ခဲ့ပါ"

"မောင်မင်းဇာတိက"

"ရွှေနန်းကြော့ရှင်ကို ခြားနားသဲ့ ငတုံးတာတို့ အရပ်ပါ"

မြတောင်ဗိုလ် သူ့ပေါင်ကို သူ လက်ဝါးဖြင့် ပုတ်သည်။

"စလေ၊ စလေငခွေးမင်းရဲ့ မြို့"

ထိုအခါ သေိုင်းက တွေတွေငေးငေး လုပ်ပြီးမှ မေး၏။

"တောတောင်စိမ့်စမ်းမှ မရှိသာ။ ကျုပ်တို့နေဖို့ထိုင်ဖို့၊ တိမ်းဖို့ရှောင်ဖို့ ဘယ်မှာ နေရာကျပ့ါမတုန်း"

"ဗိုလ်လေးရယ်၊ လူမပြောနဲ့ ဆင်တောင်အောင်းလို့ရသဲ့ သဘာဝ လှိုဏ်မြောင်ချပ်ကြားတွေ ပေါပါဘိသနဲ့"

"သလိုဆို ခရီးမှာစားဖို့ ရိက္ခာ စီမံလေ။ လိုက်ချင်သဲ့လူ စုဆောင်းလို့ရသလောက်နဲ့ နက်ဖြန်စောစော ထွက်ကြမယ်"

ငပြန့်သည် ဝမ်းသာအားရ ခွာသွားပြီးမှ ပြန်လှည့်လာ၏။

"သည်အရပ်သားတွေက ကျွန်တော်တို့အရပ်ရဲ့ အပူကို ခံနိုင်မှာ

မဟုတ်ပါဘူး ဗိုလ်မင်း။ ကျွန်တော်တို့ချည်း သွားကြပါစို့။ ကျွန်တော့် အရပ်မှာ အမျိုးချစ်သဲ့ လူကြီးလူငယ်၊ လူရွယ်လူလတ်တွေ သောင်းချီပြီး ရနိုင်ပါသယ်"

မြဲတောင်ဗိုလ် ခေါင်းညိတ်ပြရင်း ငသိုင်းကိုမေး၏။

"ဗိုလ်သိုင်းကော လိုက်မှာလား"

"ဘယ့်နှယ် မေးလိုက်ပါလိမ့် ဗိုလ်မင်းရာ။ ကုလားကို သတ်ရဖို့ဆိုရင် အဝီစိပဲ လိုက်ရလိုက်ရ မငြင်းပါဘူးဗျာ"

ငပြန့်သည် စလေသားမှန်၏။ ဩဇာရှိသော အမျိုး၊ ဆွေမျိုး၊ ကြွယ်ဝသော အမျိုးလည်း မှန်၏။

သို့တစေ၊ မိစ္ဆာဒိဋ္ဌိ ဓားပြ သူပုန်များ မြန်မာနိုင်ငံ အထက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်လုယက်သဖြင့် ဖြစ်ပေါ်လာသော အခြေအနေကိုကား ငပြန့် မသိချေ။ စလေသည် ဗိုလ်ကြွယ်နှင့် ဗိုလ်နက်ကျော်တို့၏ ဩဇာလုရာ ဒေသဖြစ်နေသည်ကိုကား ငပြန့် တွေးပင် တွေးမိမည်မဟုတ်။

ဗိုလ်ကြွယ်သည် သဃောက်မှထပြီး မိစ္ဆာဒိဋ္ဌိ သုတ်သင်မောင်းနှင်ရေး သမားများကို ဦးဆောင်နေသည်။ နောက်လိုက်လူသူ လေးငါးရာလည်းရှိ၊ ကုလားများကို နည်းမျိုးစုံဖြင့် နှောင့်ယှက်သဖြင့် 'သဃောက်ဗိုလ်ကြွယ်'ဟု ထင်ရှားလာ၏။

ဗိုလ်ကြွယ်သည် သဃောက်၊ တူးရှင်းတိုင်၊ စဥ့်ကူးအထိ ဩဇာ ဖြန့်ကျက်ရာက စလေသို့အရောက်တွင် ဗိုလ်နက်ကျော်နှင့် တွေ့သည်။ ဗိုလ် နက်ကျော်မှာ ပုပ္ပါးတစ်ဝိုက်မှ အမျိုးချစ်သော တောသူတောင်သား၊ ယာသမား တို့ကို စုစည်းခေါင်းရွက်ပြုကာ မိစ္ဆာဒိဋ္ဌိဓားပြများကို တိုက်ခိုက်နေသူဖြစ်ရာ၊ ကျောက်ပုံတောင်း၊ ခွေးချို၊ ပခန်းငယ်၊ စလေအထိ ဩဇာဖြန့်ကျက်သည်။

ဗိုလ်ချိုသည် ဗိုလ်ကြွယ်ထက် အင်အားကြီးသည်။ တောင်ပေါ်နှင့် တောကြိုအုံကြား၌ ကျက်စားသူဖြစ်သဖြင့် တိုက်ရေးခိုက်ရေးကောင်း၏။

သို့အတွက် ဗိုလ်ကြွယ်သည် စလေကို လက်ရှောင်သည်။ တစ်ခါတစ်ရံ အကျဉ်းအကျပ်တွေ့မှသာ စလေနယ်စွန်နယ်ဖျားသို့ ရောက်လာတတ်သည်။

သည်အကြောင်းကို ဇာတိသား ငပြန့်သော်မှ မသိလျှင် မြတောင်ဗိုလ်နှင့် ငသိုင်းတို့ မည်သို့လျှင် သိပါမည်နည်း။

## ၅

ငလှိုင်းစိတ်ထဲတွင် မသိုးမသန့် ဖြစ်နေသည်။ မည်သည့်အရာကို မသိုးမသန့် ဖြစ်သနည်း မေးလာလျှင် ဖြေတတ်ဖွယ်မရှိ။

ညဦးအမှောင်ကားချပ်ကြီးတွင် ကြယ်ပြောက်များ တောက်ပနေသည်။ တောင်ညိုတောင်သည် အမှောင်ထဲသို့ တိုးဝင်နေ၏။ တစ်ချက်တစ်ချက် ထအော်သော အော်ယော်ငှက်သံနှင့် မြေပိုးမြေမွှားတို့၏ အသံမှအပ၊ ရွာခိုင်ကြီး စံနန်းတော်သည် တိတ်ဆိတ်နေပေ၏။

"စိတ်ထဲ မသိုးမသန့်ရှိလှသယ် ကိုယ်တော်"

အကြောင်းအချက် မခိုင်လုံငြား၊ ငလှိုင်း တင်ဖြစ်အောင် တင်သည်။ မင်းသားစံတော်မူသည့် ဝါးကွပ်ပျစ်ဘေးတွင် မင်းကြီး သက်တော်ရှည် ဗိုလ်မြကြီးနှင့် ဝင်းတော်မှူးဦးဖောင် ခစားနေသည်။

"အိပ်ရေးပျက်ရင်လည်း ဖြစ်တတ်သကွယ့်။ မသန့်တဲ့နေရာများကို ဝင်ထွက်သွားလာရင်လည်း ဖြစ်တတ်တာပဲ"

ထိုအခါတွင် ဝင်းတော်မှူးက လှမ်းမြင်နေရသော ကင်းမီးပုံများကို လက်ညှိုးထိုးပြရင်း သက်တော်ရှည်ကိုထောက်ခံ၏။

"မင်းကြီးသက်ရှည်အမိန့်ရှိတာပဲ နာခံမှတ်သားလိုက်ပါကွယ်။ဟိုမှာ မင်းမြင်တဲ့အတိုင်း ကင်းအထပ်ထပ် ချထားသားကလား။ ရန်သူလာမယ့် လမ်းခရီးမှာလည်း ဗိုလ်မြတ်မှုန်၊ ဗိုလ်ခိုင်၊ ဗိုလ်ချင်းတို့ တပ်တွေ အသင့် စောင့်နေတာပဲ။ ခွေးကုလားလာရင် လမ်းတစ်ဝက်တွင် ကုန်လောက်တယ်"

သို့စဉ်တွင် မြင်းဝန် ဦးမင်းပိုသည် ဒူးထောက်လက်အုပ်ချီလျက် တဲတွင်းသို့ တရွေ့ရွေ့ဝင်လာသည်။ သူ့နောက်တွင် သမားတော် ပညာစက္က ပါလာသည်။ သူလည်း မြင်းဝန်နည်းတူ ချဉ်းကပ်လာရာက 'ည ဆေး သောက်ချိန် တန်ပါပြီဘုရား' ဟု သတိပေးသည်။

"ဟုတ်ကလား၊ သမားတော်ကြီး။ အဲသည်ဆေး ဘယ်မှာပါလိမ့်။ အင်း.... ကဲကဲ....သမားတော်ကြီး ချမ်းသာစွာ ခစားစေ"

ထိုအခါတွင်မှ မင်းကြီးသက်တော်ရှည်နှင့် ဝင်းတော်မှူးတို့သည် အစ်များ၊ ဝါးကျည်တောက်များကို ဖွင့်လှစ်ဆွဲလှဲလျက် ညဆေးကို ရှာဖွေ ကြ၏။ ငလှိုင်းလည်း မြင်းဝန်နောက်သို့ ကပ်လျက် လိုက်ပါလာသည်။ မင်းသားကို တင်သည့်စကားပင် ထပ်မံပြောပြပြန်သည်။

"မောင် စိတ်ချလက်ချအိပ်။ကျုပ် အခုပဲ ကင်းဗိုလ်တွေကို သတိဝီရိယ ရှိကြဖို့ နှိုးဆော်လိုက်မယ်"

မြင်းဝန်နှင့် နောက်ပါများသည် ဝါကျင်ကျင် မီးဖိုများရှိရာသို့ လျှောက်သွားကြသဖြင့် ငလှိုင်းလည်း တဲထဲသို့ပြန်ဝင်ခဲ့သည်။ တဲအနီး တွင်လည်း ကိုယ်ရံတော်တစ်ကျိပ် ရှိသေးသည်။ သို့ပါလျက်နှင့် ငလှိုင်း စိတ်ချလက်ချ မအိပ်။ သေနတ်ကိုဖက်လျက် ကွပ်ပျစ်ကိုမှီပြီး မှေးသည်။

သေနတ်သံနှင့်အတူ အားခနဲ အော်သံ တစ်ချက်ပေါ်အလာတွင် ငလှိုင်း ခုန်ထပြီး ဖြစ်တော့သည်။ သေနတ်သံများ၊ အော်ဟစ်သံများ

အဆက်မပြတ်ပေါ်လာသည်။ ငလှိုင်းသည် မင်းသားအား ပြေးဖက်ထား၏။

"ရန်သူထင်သယ်ကိုယ်တော်၊ လွတ်ရာကို တိမ်းမှဖြစ်မယ်"

မတော်တဆ တဲထဲသို့ ရန်သူ့သေနတ်ကျည် ရောက်လာခဲ့သော် မင်းသားကို မထိစေရန် ဖက်ထားရင်းက တင်လျှောက်သည်။ တဲအပြင်သို့ လှမ်း၍လည်း "ငဆန်၊ သာပြော မြန်မြန်လာကြစမ်း။ပစ္စည်းတွေ အမြန်သိမ်း။ ကျန်သဲ့ ရဲမက်တွေပါ ခေါ်စမ်း"

ရှေ့ကင်း၊ကာကင်း၊အနီးကင်း။ ရှိရှိသမျှ အရံအတားများအားလုံးမှာ အငိုက်မိခဲ့ရပြီ။

ဝင်းတော်မှူးနှင့် မင်းကြီးသက်တော်ရှည်တို့သည် စုရုံးမိသမျှ ရဲမက်များနှင့် ပြန်လည်ခုခံသည်။ ငလှိုင်းသည် မင်းသားအား ကျောဘက်မှ ဖက်လျက် သစ်ပင်ထူထပ်ရာပြေး၏။ ကိုယ်ရံတော်များသည် ရေတာကောင်း ဆေးအစ်မှအစ မကျန်စေရအောင် စုဆောင်းသိမ်းယူပြီး အပြေးအလွှား လိုက်ပါလာကြသည်။

စစ်ရေးတွင် ဘွာခတ်၍မရ။

သတိလစ်ဟင်းလျှင် နစ်နာသည်။ မှားလျှင် နစ်နာသည်။ ယခုလည်း သည်မျှကာကင်းတွေ၊ စောင့်ကင်းတွေကိုဖြတ်ပြီး ရန်သူအလွယ်မလာနိုင်ဟု ပေါ့ဆစွာ သဘောထားသဖြင့် အလူးအလဲခံရသည်။ မြန်မာရဲမက်များ အတုံးအရုံး ကျဆုံးသည်။ရန်သူသည် အတွင်းထိတိုးဝင်လာကာ မင်းသား၏ တဲနန်းကို စီးနင်းသိမ်းပိုက်လိုက်ကြလေပြီ။

မြန်မာရဲမက်များ၏ ဟစ်ကြွေးသံနှင့် သေနတ်သံများ၊ ရန်သူ့သေနတ်သံများသည် ဝေး၍ဝေး၍ ကျန်ခဲ့သည်။ မင်းသားကား အသွားမလျှော့သေး။ ဓားတစ်ဖက်၊ သေနတ်တစ်ဖက်ဆွဲလျက် သွက်သွက်လှမ်းဆဲ ရှိသေး၏။

"ငဆန်၊ သာပြော၊ ရှေ့က ကင်းထောက်။ ငနေမင်းနဲ့ စိန္တာ နောက်ကလိုက်"

**ပုဂံစာအုပ်တိုက်**

ငလှိုင်းသည် အော်ဟစ် အမိန့်ပေးရာက မင်းသားအပါးသို့ ပြေးကပ်၏။

"ကိုယ်တော့် နားပါဦးဘုရား"

"မနားဘူး မောင်မင်း။ နောက်နောင်ကို မည်သည့်အခါမှ မပေါ့ဆနဲ့။ အခု ငါတို့ကိစ္စမှာ ပြောစမှတ်တွင်ရစ်ပြီ"

"မှန်ပါ၊ လေးခရိုင်သားတွေ အရှင့်သားရဲ့ခြေတော်ရင်းကို သောင်းသောင်းဖျဖျ ဝင်ကြပေမယ့် တစ်ယောက်တလေ သစ္စာဖောက်တော့ ရှိမှာပါပဲ ဘုရား။ ဒါကြောင့်သာ တပ်ကြီးတပ်ခိုင်တွေကို ရှောင်ပြီး အမိကနေရာကို ကွက်ပြီးတိုက်နိုင်သာပေါ့ ဘုရာ့"

"မှန်တယ်မောင်မင်း။ ဆန်တစ်ပြည်မှာ စပါးလုံး တစ်လုံးနှစ်လုံး ပါသလိုပဲပေါ့"

မှန်ပေသည်။

စပါးလုံးမှာ မောင်နိုးဆိုသူဖြစ်သည်။

သူသည် ဆေးဆရာယောင်ယောင်၊ ငွေကဲခတ်သည့် ပွဲစားယောင်ယောင်ဖြင့် နေရာတကာသို့ရောက်သည်။ သည်နည်းဖြင့် သူသည် ရွာခိုင်ကြီးရှိ ယာယီစံနန်းသို့လည်း အခစားရောက်ဖူးသည်။ ဗိုလ်မြတ်မှုန်၏တပ် ဦးမောင်ကြီး၊ ဦးချင်း၏ တပ်များသို့လည်း ရောက်ဖူးသည်။

အမြီးပေါက်နေသော ထိုမြန်မာယုတ်သည် ကုလားဖြူကပွတိန်ထံသို့ မျက်နှာလိုမျက်နှာရဖြင့် စပ်ဖြီးဖြီး ဝင်ရောက်ခစားသည်။ ရွာခိုင်ကြီးတွင် မင်းသား ဗိုလ်ဝင်ခံနေကြောင်းသတင်းကို ကုလားရသည်။ အင်အားမကြီးမီ တိုက်ခိုက်ဖယ်ရှားရန် လူတောင်းသောအခါ တစ်ရာတပ် နှစ်တပ်သာရသည်။ မိမိတို့တွင် မည်မျှသာလွန်ကောင်းမွန်သော လက်နက်ရှိစေကာမူ ထိုထုထည်များကို ထိုးဖောက်ရန်မလွယ်။

ထိုအခါတွင် အဆိုပါမောင်နိုးကပင် လမ်းပြပါမည်။ မည်သည့်တပ်မျှ

မတွေ့ဘဲ ရွာခိုင်ကြီးသို့ ရောက်ပါစေမည် အာမခံသည်။ အရိုးကလေး တစ်ချောင်း ပစ်ချလိုက်သည့်နှယ် ကပ္ပတိန်က ကုလားအရက် တစ်ပုလင်း ပေးလိုက်သောအခါ မောင်နိုးမှာ အမြီးတနန့်နန့် ဖြစ်သွားလေ၏။

ယခု ရွာခိုင်ကြီးကို ဝင်ရောက်စီးနင်းသော ရန်သူတပ်သည် ကာကင်း၊ ရဲကင်းများအားလုံးကို ရှောင်ကွင်းကာ တောနက်ကြီးထဲမှ ဖြတ်သန်းရောက်ရှိလာခြင်းဖြစ်၏။

ရွာငန်သည် အမြီးပေါက်သော မြန်မာယုတ်ကြောင့် ကသီလင်တ ဆုတ်ခွာလာရသောမင်းသားနှင့် သက်တော်စောင့် ကိုယ်ရံများကို ငြိမ်းချမ်းအေးသာစွာ ဆီးကြိုရပေ၏။

ဝင်းတော်မှူးနှင့် မင်းကြီးသက်တော်ရှည်၏ တပ်များလည်း သူတို့သခင် လွတ်မြောက်လောက်ချိန်တွင် ခွာစစ်ဆင်ကြသည်။ သို့အတွက် ရွာငန်အနီးရှိ တောင်ကုန်းပေါ်သို့ ငလှိုင်းတို့ရောက်ချိန်တွင် တောင်ခြေသို့ တပ်ဦးဆိုက်ပါပြီ။

ငလှိုင်းသည် သစ်ပင်ကြီးတစ်ပင်အောက်တွင် အဝတ်သုံးထည် ထပ်ပြီးခင်းလိုက်ရာက၊ 'ငှက်ပျောရွက်တွေ ခုတ်ပေးကြစမ်း' ဟု အမိန့်ပေးသည်။ အဝတ်သုံးထပ်ဖြင့် လဲလျောင်း၍မရ၊ ငှက်ပျောရွက် ထူထူခင်းပေးမှဖြစ်မည်။

ရဲမက်များသည် သစ်ခက်တဲနန်းတစ်ဆောင်ကို အခြားတစ်နေရာတွင် အလျင်အမြန် ဆောက်လုပ်နေကြသည်။

"သက်တော်ရှည်အမတ်ကြီး ရောက်လာရင် ရှေ့တော်ဝင်ပါစေ မောင်မောင်လှိုင်း"

မင်းသားသည် အခင်းပေါ်တွင် လှဲချအပန်းဖြေရင်း မိန့်တော်မူ၏။

"ဝင်းတော်မှူးဘိုးဘိုးရော၊ သက်တော်ရှည်ဘိုးဘိုးပါ ရောက်လာကြပါပြီ ကိုယ်တော်" ဟု ပြောရာ၊ ငလှိုင်းသည် တစ်နေရာသို့ လှမ်းပြီး လက်ယပ်ခေါ်၏။

**ပုဂံစာအုပ်တိုက်**

မင်းသား ဝမ်းသာအားရ ထထိုင်သည်။ ဝန်းကျင်လေးရပ်ကို တစ်ချက်ရှုစားပြီးမှ အမိန့်ရှိသည်။

"ရေမိုးလည်းအဆင်ပြေ၊ ရန်သူကိုလည်း အပေါ်စီးက တိုက်ခိုက်နိုင်သဲ့ နေရာကောင်းပါ ဘိုးဘိုးတို့။ သည်နေရာကို 'ဆင်ဖြူ' သမုတ်ပြီး မြို့နန်းတည်ကြစို့"

ဝင်းတော်မှူးနှင့် သက်တော်ရှည်အမတ်တို့လည်း မြေအနေအထားကို ငဲ့စောင်းကြည့်ပြီးမှ ကောင်းမွန်ကြောင်း လျှောက်တင်ကြ၏။

"သည်ရွာ ဘာရွာပါလိမ့် မောင်မောင်လှိုင်း"

"ရှာင်နိပါကိုယ်တော်"

"အေး၊ ရွာအုပ် ရွာချုပ်၊ နယ်အုပ်နယ်ချုပ်တွေ ဆင့်ခေါ်ပြီး သစ္စာပေးဖို့လိုတယ်။ ဩော်.... ဒါထက် ဝင်းတော်မှူး"

"အမိန့်ရှိတော်မူပါဘုရား"

"ရွာခိုင်တပ် ပျက်သွားတဲ့အကြောင်း၊ ဗိုလ်ချင်းတပ်နဲ့ ဗိုလ်မြတ်မှုန်၊ ဗိုလ်မောင်ကြီးတို့ထံ ခြေမြန်လွှတ်ပါ။ ရန်သူကို တုံ့ပြန်ချေမှုန်းဖို့ ဆင့်ဆိုပါ"

"မှန်ပါ၊ ခြေမြန်တော်လွှတ်ပြီးကြောင်းပါဘုရား"

ဗိုလ်မြတ်မှုန်သည် ကျောက်ဆည်မှတက်လာမည့် ရန်သူကို ဖြိုဖျက်ရန်အတွက် ကူမဲတွင် တပ်စွဲထားသော တပ်ဗိုလ်ဖြစ်၏။ ရွာခိုင်မှ ခြေမြန်တမန် ရောက်ချိန်ကျမှသာ ဗိုလ်ချင်းမှာ ရွာခိုင်ကျကြောင်းသိ၏။

သူသည် ချက်ချင်းပင် ဖြန့်ခွဲချထားသော ဗိုလ်ခိုင်၏တပ်ကို ပြန်လည် ရုပ်သိမ်းကာ ကူမဲသို့ ချီတက်လာပြီး ဗိုလ်မြတ်မှုန်၏တပ်နှင့် ပူးပေါင်းလိုက်လေ၏။ ထိုအတောအတွင်း ရန်သူတပ်တွေ ကုန်းရွာတွင် ရောက်နေကြောင်း သတင်းရရှိသည်။ အလျင်အမြန် စစ်ပြင်ကြရပြီ။

ဗိုလ်ချင်း၏ရဲမက်များသည် ရွှေဘုံသာကျောင်း ပရိဝုဏ်မှ ခံစစ်ဆင်ရင်း တိုက်ခိုက်ရန် စီစဉ်ကြသည်။ ဗိုလ်ခိုင်နှင့် ဗိုလ်မြတ်မှုန်တို့က ဝဲယာ

တောင်ပံအဖြစ် စေတီများအကြားမှ ခုခံကြမည်။

ဗိုလ်မြတ်မှုန်၏တပ်တွင် တောင်ငူကြောင်းမှကျန်နေခဲ့သောအမြောက် တစ်လက်ရှိသည်။ သံလုံးအမြောက်မဟုတ်၊ ဗုံးအမြောက်ဖြစ်သည်။ နေပူကျဲကျဲအောက်တွင် မျိုးချစ်ရဲမက်များမှာ ကတုတ်ဆောက် အတားအဆီးများ ချဖြင့် အလုပ်များနေဆဲဝယ်၊ အနောက်တောင်အရပ်မှ သေနတ်သံများ ပေါ်လာ၏။ မြို့ပြင်ကင်းကို ရန်သူဝင်ရောက် တိုက်ခိုက်ခြင်းဖြစ်ချေသည်။

ဗိုလ်ချင်းသည် သူရဲကြီးအလံကို လွှင့်ထူလိုက်သည်။

ရန်သူသည် ကုလားဖြူ၊ ကုလားနက်တစ်ထောင်၊ အမြောက်နှစ်လက်နှင့် တက်လာသည်။ ရိက္ခာတင်ဆင်များလည်း တရွေ့ရွေ့လိုက်ပါလာသည်။ သူရဲကြီးအလံ လွှင့်ထူထားသည်ကို ရန်သူမြင်ပြီ။ အမြောက်နှစ်လက်ကို နေရာချထားစဉ်တွင် ရန်သူသည် ရွှေဘုံသာကျောင်းတိုက်ကို ဦးတည်လာသည်။

အုန်းခနဲပေါက်ကွဲသံကြီးအဆုံးတွင် ဝန်တင်ဆင်တစ်ကောင် နာကျင်စွာအော်လျက် နောက်သို့ ပြန်ပြေးသည်။ ဘုန်းခနဲ လဲကျသည်။ ကုလားဖြူကုလားမည်းများ ကစဉ့်ကလျားဖြစ်သည်။ ရွှေဘုံသာကျောင်းကို ဦးတည်ရာမှ ယာတောင်ပံသို့ ဦးပြောင်းတော့သည်။

ယာတောင်ပံရှိ ဗိုလ်ခိုင်၏တပ်ကို ရန်သူမဲသောအခါ ဝဲတောင်ပံမှ ဗိုလ်မြတ်မှုန်တပ်များသည် ဘုရားကြိုဘုရားကြားမှ ထွက်လာကြသည်။ အသံသာမြည်ပြီး ထိခိုက်စွမ်းပျော့သော ကျောက်မီးသေနတ်မဟုတ်။ သို့အတွက် ကုလားများ ဖရိုဖရဲဆုတ်ပြေးသည်။

နောက်ပိုင်းတွင် နေရာချထားသော အမြောက်နှစ်လက်က ဗိုလ်ခိုင်၏တပ်ကို အဆက်မပြတ် ပစ်ခတ်သည်။ စေတီတွေ ပြိုပျက်လွင့်စင်ကုန်သည်၊ ဗိုလ်ခိုင်၏ရဲမက်များ ရွှေဘုံသာကျောင်းတွင်းသို့ ဝင်ရသည်။

ဗိုလ်မြတ်မှုန်၏အမြောက်တွင် ကျည်တစ်တောင်ကျန်သေးသည်၊

ခုနက ပစ်သော တစ်တောင့်မှာ ကုလားအုပ်အလယ်သို့ ပစ်သွင်းခြင်းဖြစ်၏။ အမြောက်ပစ်သူမှာ အမြောက်တပ်သားမဟုတ်။ စမ်းတဝါးဝါး ပစ်ရခြင်း ဖြစ်သည်။ ယခုတစ်တောင့်ကိုလည်း ကုလားအုပ်တွင်းသို့ ချိန်ပြီး ပစ်ပြန်သည်။

ဗိုလ်မြတ်မှုန် ထခုန်သည်။ ခြေကျင်တပ်သားများ၏ နောက်မှ မြင်းစီးပြီး အမိန့်ပေးနေသော ကုလားဖြူကို တည့်တည့်မှန်သောကြောင့်ဖြစ်သည်။ သို့သော် ပစ်စရာကျည်ကုန်ပြီ။ သေနတ်နှင့်ဓားသာ အားကိုးရတော့မည်။

"ကုလားယုတ်တွေ တစ်ဆံခြည်မျှ ရှေ့မတိုးပေစေနဲ့၊ အသေခံတိုက်ကြ။

ဗိုလ်မြတ်မှုန်သည် စေတီများနောက်တွင် ရွှေ့ပြောင်းပြေးလွှားရင်း အော်ဟစ် အမိန့်ပေးသည်။ သူရပ်နေခဲ့သည့် နေရာနားတွင် ရန်သူ့ အမြောက်ကျည် ကျရောက်ပေါက်ကွဲသည်။

ဗိုလ်ခိုင်၏ တပ်ကို မဲနေသော ရန်သူ၏ ခါးကို ဗိုလ်မြတ်မှုန်၏ တပ်က ဝင်ရောက်တိုက်ခိုက်သည်။ ကုလားအုပ်ကြီး ရွှေ့သွားကာ ဗိုလ်မြတ်မှုန်၏ တပ်ရှိသော နေရာကို အမြောက်ဖြင့် ပစ်ပြန်သည်။ ရဲမက်များမှာ အမြောက်ဆန် မထိဘဲ အုတ်ကျိုးအုတ်ပဲ့များ ထိမှန်သောကြောင့် ထိခိုက်ကျဆုံးရသည်။

နေစောင်းလာပြီ။ ရန်သူသည် မရှောင်မိ ပွဲသိမ်းလိုငြား၊ ဘုရားပြို ဘုရားပျက်ထဲမှလာသော သေနတ်များကို မရှင်းနိုင်။ တစ်ချက်တစ်ချက် ပေါ်လာသော ဓားရဲထွက်ခုတ်များကလည်း တစ်မှောင့်။

သို့အတွက် ဝဲတောင်ပံ၊ ယာတောင်ပံများကို တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်သည်။ ရှမ်း၊ မြန်မာ ရဲမက်များသည် ပူးကပ်တိုက်ခိုက်ကြသည်။ သို့လျှင်ရှိနေဆဲတွင် လေသာကျောင်း အုတ်တံတိုင်းကို အမြောက်ဖြင့်ပစ်သည်။ ကျောင်းကြီး မီးလောင်သွားငြား အုတ်တံတိုင်းကား မပြို။

ငါးရာပါ ရန်သူတပ်သည် တံတိုင်းပြိုအောင် မဆိုင်း။ လေးဖက်လေးတန်မှ ဝင်ရောက်တိုက်ခိုက်သည်။ ကုလားသေနတ် မည်မျှ သာသော်

လည်း၊ မြန်မာ့ဓားကို မလွှမ်းနိုင်။ ပြည်ချစ်ရဲမက် အလောင်းများနှင့် သူခိုးဓားပြ အလောင်းများ အတင်တင်ရှိတော့သည်။

"တစ်ယောက်မကျန် အသေခံကြဟေ့"

ဗိုလ်ချင်းသည် ဓားနှစ်လက်စွဲလျက် အော်ဟစ်ပြီး ရန်သူအုပ်ထဲသို့ ခုန်ချ၏။ သို့ရာတွင် ရန်သူမှာ ဗိုလ်ချင်းနှယ် အသေခံရန် မရဲဝံ့ပါ။ အလောင်းများကိုထားလျက် လက်ပြတ် ခြေပြတ် သွေးအလိမ်းလိမ်းဖြင့် ဆုတ်ခွာထွက်ပြေးလေ၏။

ရန်သူသည် သည်တစ်ကြိမ်တွင်ကား လူခွာပြီး အမြောက်ဖြင့် မပစ်တော့ပါ။ ကျောက်ဆည့်ဘက်သို့ တစ်ချိုးတည်း ပြေးခြင်းဖြစ်သည်။ ဗိုလ်ချင်းနှင့် ဗိုလ်မြတ်မှုန်၊ ဗိုလ်ခိုင်တို့သည် ရန်သူ့နောက်သို့ မဲပြီး လိုက်ချင်ငြား လူမရှိတော့ပါ။ ရန်သူထက် အင်အား ငါးဆမျှကြီးမားသော တပ်ကြီးမှာ ထက်ဝက်ပင် မကျန်ချင်တော့ပါ။ မည်သို့ဖြစ်စေ၊ ရန်သူသည် 'ကူမဲ' ဟူသည့် အသံကို ကြားတိုင်း နားကြောစိမ့်တော့မည်။

မြင်စိုင်းမင်းသားမှာ ရန်သူတွေ လန့်ထွက်သွားကြောင်း သတင်းရသောအခါ ကျေနပ်စွာဖြင့် ဆုတော်လာဘ်တော်များ ပေးပို့သည်။ထိုသတင်းကြောင့် မင်းသားမှာ ပို၍ ကျော်ကြားလာသည်။ ခိုဝင်လာသော ရဲမက်များလည်း နေ့ချင်းညချင်း တိုးပွားလာရာ နှစ်သောင်းပင်ကျော်သည်။

ရန်သူတွင် ဦးနိုးကဲ့သို့သော မြန်မာယုတ်များရှိသည်။ ရှိသောကြောင့် မြင်စိုင်းမင်းသား၏ အလျင်အမြန် အင်အားများပြားလာသည့် သတင်းကို ကြားသည်။ ကြားသည့်အတွက်၊ သည့်ထက်အင်အားမကြီးမီ ဖြိုခွင်းပစ်ရန် အားထုတ်နေလေပြီ။

မင်းသားကလည်း ကြီးမားသော ဗိုလ်ထုဗိုလ်ပုံကိုကြည့်ပြီး၊ ပီတိဖြစ်နေသူမဟုတ်။ ပင်လယ်ရပ်ခြားမှ ကျော်ကျော်ကျူးကျူး လာရောက်စော်ကားသော ရန်သူဓားပြများ ရောက်မလာမီ၊ ကိုယ်က ဦးအောင် တိုက်စစ်

ဆင်ရန် စီမံသည်။ ပင်လယ်ကိုဗဟိုပြုပြီး တပ်ကြီးချထားသည့်အပြင် ကူမဲသပြေတောင်နှင့် ကျောက်ဆည်ရှိ ရန်သူကို အပြီးအပိုင် နှင်ထုတ်ရန် ဗိုလ်မြတ်မှူန်အား လူငါးထောင် ပေးလိုက်လေသည်။

မိတ္ထီလာသို့ ရောက်နေသည့် ရန်သူကိုလည်း နှင်ထုတ်ရန်လိုသည်။ သည်တာဝန်ကို ရွှေဓားဗိုလ်ဦးမင်းပိုနှင့် ဦးမောင်ကြီးတို့ကို လူတစ်သောင်းနှင့်အတူ ပေးလိုက်သည်။ မင်းသားကိုယ်တိုင်လည်း ငါးထောင်တပ်ကို ကွပ်ကဲကာ 'ခင်လှ' အထိ ဆင်းလာသည်။

မသိနိုးနား တိုင်းသားပြည်သူတို့ နဝေတိမ်တောင် ဖြစ်စေရန် မြန်မာအရာရှိကြီးများ လွှတ်တက်ခြင်းဖြင့် ရန်သူကို အလုပ်အကျွေးပြုသောကြောင့် ကျေနပ်နေသော ကုလားဖြူအင်္ဂလိပ်မှာ စစ်ရေးအရမှ ဘေးကျပ်နံကျပ် ဖြစ်နေပြီ။ မိတ္ထီလာရှိ ကုလားမှာ နေ့ရောညပါ အတိုက်ခံနေရသည်။ ကျေးရွာများသို့ ကင်းလှည့်ရန်ဝေးစွ၊ ခံကတုတ်အပြင်သို့ပင် ခေါင်းမပြူရဲတော့ချေ။

ကျောက်ဆည်ရှိ ရန်သူမှာလည်း ထိုနည်းလည်းကောင်းသာ ဖြစ်သည်။ လမ်းပန်းအဆက်အသွယ်ဟူသရွေ့ မျိုးချစ်မြန်မာများ၏ လက်တွင်းသို့ ရောက်နေသဖြင့် စစ်ကူမရ။ စားနပ်ရိက္ခာ ခက်ခဲလာသည်။ အခက်အခဲမှ ထွက်နိုင်ရန် တပ်ဖြန့်ပြီးဖောက်သည်။ အလုံးအရင်းဖြင့် ဖောက်သည်။ အသားနာခြင်းသာ အဖတ်တင်လျက် ပြန်ပြေးလာရသည်ချည်းဖြစ်၏။

ထိုသို့ အခြေအနေ ကောင်းမွန်နေရာ မမျှော်လင့်သော ကြမ္မာဆိုးဝင်လာ၏။ အကြောင်းသော်ကား ခင်လှတွင် တပ်စွဲလျက် အောင်သတင်းများကို စောင့်ဆိုင်းနေသည့် မင်းသား ကောက်ကာငင်ကာ ဖျားသောကြောင့်ပေတည်း။

မင်းသားမှာ ငယ်နုသေး၏။ ယခုမှ သက်တော် ၁၇ နှစ်သာရှိသေးရာ၊ ရာသီဥတု အပြောင်းအလဲဒဏ်ကို ခံနိုင်သော အတွေ့အကြုံ နည်း၏။

စွဲကပ်သော ရောဂါမှာ မြေလတ်ငှက်ဖြစ်၏။

လှိုင်းသည် နေ့မနား ညမအား ပြုစု၏။ ဆေးဆရာများသာ တစ်ယောက်ဝင် တစ်ယောက်ထွက်ဖြင့် လူလဲကြား လှိုင်းကား မင်းသား အပါးမှ မခွာ။ ဝင်းတော်မှူး ဦးဖောင်နှင့် ဗိုလ်မင သာ သူထွက်လျှင် ငါ ဝင်သည်။ လှိုင်းကား သည်အတိုင်းပင်။

သုံးရက်ကြာခဲ့ပြီ။ အဖျားမကျ။

ဝင်းတော်မှူးထံ လှိုင်း ချဉ်းကပ်ရပြီ။

"သည်အရပ်မှာ သစ်ခက်တဲနန်းနဲ့လည်း စံရ၊ သမားတော်လည်း မစုံဘူး ဘိုးဘိုး။ မြို့တော်ကို ပြန်ရရင် ကောင်းမလားလို့"

"မောင့်သခင်ကို မောင့်စိတ်တိုင်းကျတဲ့ နေရာကို ရွှေ့ပါ။ ပိုပြီး ကောင်းပါတယ်။ သို့သော် ခရီးကြမ်းသကွယ်"

"ဆင်နဲ့ဆိုရင် ပြေပြစ်တန်ကောင်းပါရဲ့ ဘိုးဘိုး"

သို့ဖြင့် သတိ မရတစ်ချက်ရတစ်ချက် မင်းသားကို ဆင်ဖြင့်တင်သည်။ ဗိုလ်မငနှင့် ဦးဖောင်ပင်လျှင် မနေခဲ့။ တပ်ကို သွေးသောက်ကြီးများနှင့် လွှဲထားခဲ့ကာ ဆင်ဖြူမြို့သို့ လိုက်ပါခဲ့ကြသည်။

ဆင်ဖြူမြို့မှာ ရွှေမြို့တော်အင်္ဂါရပ် မပြည့်စုံငြား၊ ကျုံးနှင့်မြို့ရိုးစံအိမ် ကား ရှိသည်။ ရာသီဥတု အပြောင်းအလွဲ၊ နေရာထိုင်ခင်း အပြောင်းအလွဲ၊ ဆေးချက်အပြောင်းအလွဲတို့ကြောင့် နောက်တစ်နေ့တွင် မင်းသား သတိရ လာ၏။

"မောင်မောင်လှိုင်း ဘယ်သွားသတုန်း"

ပထမဆုံး ပြောသည့်စကား။

"ကျွန်တော် ခစားလျက်ပါ ကိုယ်တော်"

မင်းသားသည် လက်ဝဲလက်မှ ပတ္တမြားလက်စွပ်ကို တုန်ယင်စွာ ချွတ်ပြီး လှိုင်းသို့လှမ်းပေးသည်။

**ပုဂံစာအုပ်တိုက်**

"အမှုတော်ထမ်း ကျေပြွန်ပါပေတယ် မောင်မင်း။ ကိုယ်တော့်အပေါ်မှာ သစ္စာရှိသလို တိုင်းပြည်ကိုလည်း သစ္စာရှိပါဘိ"

ငလှိုင်းသည် လက်စွပ်ကို လက်နှစ်ဖက်ဖြင့်ကိုင်ရင်း သမားတော်ကြီးကို လှမ်းကြည့်၏။ ဝင်းတော်မှူးကို မော့ကြည့်၏။

"အရှင်သခင်ရဲ့ ဆုတော်လာဘ်တော်ကို မငြင်းဆန်ခြင်းဟာ ကျေးကျွန်ကောင်းတို့ရဲ့ လက္ခဏာပဲ မောင်မောင်လှိုင်း"

ဝင်းတော်မှူးသည် ငလှိုင်း၏ မျက်နှာရိပ်ကိုသိသဖြင့် လက်ခံရန် ပြောခြင်းဖြစ်သည်။ သည်မင်းသားမှာ သူ့ညီအငယ်ဆုံး ငကျိုင်းအောက်ပင် ငယ်ရွယ်သေးသည်။ သူ မယူရက်၊ လက်မခံရက်။ သို့ရာတွင် ကိုယ်က သူ့အမှုတော်ထမ်း ဖြစ်နေသည်။

မည်သို့ဖြစ်စေ၊ မင်းသားကား ပြုံးပြုံးကလေး ပြန်မှိန်းနေ၏။

"ဆေးတိုက်ဖို့ အချိန်ကျပြီ မောင်မောင်။ ထူပေးပါဦး"

ငလှိုင်းနှင့် ဝင်းတော်မှူးသည် မင်းသားကို ဝဲယာညှပ်လျက် ညင်သာစွာ ထောင်မတ်ပေးကြ၏။ ငလှိုင်းတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏။ သူသည် အထိတ်တလန့်ဖြင့် ဝင်းတော်မှူးအားကြည့်သည်။ ဝင်းတော်မှူး၏ ညိုသောမျက်နှာကြီးမှာလည်း ဖြူဖပ်နေသည်။

"ဆရာ ဆရာ၊ တစ်ဆိတ် တစ်ဆိတ် ကိုယ်တော့်ကို"

ငလှိုင်း ဆက်ပြောနိုင်အားမရှိ။ သမားတော်ကြီး၏ လက်ကို မင်းသား၏ ရင်ဘတ်ပေါ် တင်ပေးသည်။ ဆေးဆရာ ချက်ချင်းနားလည်၏။ ရင်ကို စမ်းသည်၊ မလှုပ်ရှား။ လက်ကောက်ဝတ်ကိုစမ်းသည်၊ မတွေ့။ ဂွမ်းတစ်စ နှာဝကပ်သည်။ မလှုပ်ရှား။

"မရှိရှာတော့ဘူး"

ပြောပြောဆိုဆို အရုပ်ကြိုးပြတ်ထိုင်ချ၏။

"အဖြစ်ဆိုးလှချည်လား ဘုရား"

**ပုဂံစာအုပ်တိုက်**

မျက်ရည်ဝိုင်းရုံသာဝိုင်းပြား ငလှိုင်းသည် အလောင်းကို ပွေ့ဖက်ခေါင်းတိုက်ပြီး အော်ဟာစ်မိသည်။

"အရေးတော် လှမယ်ကြံခါမှ ဖြစ်ရလေချင်းဘုရား"

ဦးဖောင်ကား အရှုးကြီးသဖွယ် မြည်တမ်းလျက် ဖက်ကာပွေ့ကာ ငိုတော့သည်။

☙

# ၆

"မြတောင်ဗိုလ်ဟေ့"

အသံနက်ကြီးများသည် မြို့တောင်ဘက် ဈေးတန်းအလယ်မှ ပေါ်ထွက်လာသည်။ ဈေးဝယ်များ ခြေဦးတည့်ရာ ပြေးသည်။

"ဟိုမှာ ဟိုမှာ တောင်ဘက်မှာ"

တောင်ဘက်သို့ လက်ညှိုးတိုးသူထိုးသောကြောင့် မြောက်ဘက်သို့ စုပြုံပြေးကြစဉ်၊ မြင်းသုံးစီးသည် ဈေးတန်း၏ ခါးလယ်မှဖောက်လျက် ရောက်လာသည်။ ဈေးသည်များကြားတွင် ပုနေသူ ကုလားအဝယ်တော်အား မြင်လျှင်မြင်ချင်း နောက်ဆုံးမြင်းပေါ်မှလူ ခုန်ချသည်။ထိုသူကို ကုပ်မှဆွဲလျက် မြင်းပေါ်သို့တင်သည်။ ထိုအချိန်တွင် ဈေးတောင်ဖျားမှ သေနတ်သံများ ပေါ်လာသည်။ စကားပြန်တစ်ယောက်ကိုခေါ်ပြီး ဈေးဝယ်ဈေးသည်များ ကြား၌ 'မိစ္ဆာဒိဋ္ဌိသုတ်သင်ရေး' ရဲမက်များ ပါမပါ လိုက်လံကြည့်နေသည့် ကုလားဖြူ တစ်ယောက်နှင့် ကုလားနက် လေးယောက်ကို ဝင်ရောက်

တိုက်ခိုက်ကြခြင်းဖြစ်သည်။

မိစ္ဆာဒိဋ္ဌိသုတ်သင်ရေး မျိုးချစ်ပြည်ချစ် ရဲမက်များမှာ မြန်မာ့တပ်မတော်ကြီးမှ တပ်မတော်သားများနှယ် မောက်တိုမဆောင်း၊ လည်ချာမဆင်။ သူနှယ်ငါနှယ် ကျောအပြောင်သားနှင့်ဖြစ်ရာ၊ ကုလားများမသိ။ စကားပြန်ကား မျက်နှာတွေကိုကြည့်သည်။

"မောင်မင်း ဘယ်ရွာသားတုန်း"

စော်ကားချက်ပြင်းပုံမှာ သျှောင်ကိုဆွဲခြင်းဖြစ်သည်။

"အမှူးရွာကပါ စကားပြန်တော်မင်းဘုရား"

"မင်း သူပုန်မဟုတ်လား"

စကားပြန်၏ အဖမ်းခံရသူသည် စကားပြန်အား ရှိခိုး၏။ တောင်မြောက် လေးပါးကိုလည်း ကြည့်၏။

"ဗိုလ်ကြီးရယ်၊ မဟုတ်ပါဘူးဘုရား။ ထန်းလျက်ရောင်းလို့ ရသာတွေအကုန်ယူသွားတော်မူပါ"

တောသားသည် ထန်းလျက်ခဲများအောက်မှ ဒေါင်းဒင်္ဂါးများ အစေ့များကို ကုန်းနှိုက်ရင်း၊ ထမ်းလျက်တောင်းထမ်းသော ထမ်းပိုးကို ဆွဲချွတ်ပြီး ရိုက်တော့သည်။

"မြတောင်ဗိုလ်ဟေ့"

ကြုံးဝါးသံကြီးသည် ငါးပေါင်းကြော်တဲထဲမှ၊ ဈေးသည်များထဲမှ ပေါ်လာသည်။ ဓားဖွေးဖွေးသည် ကုလားများထံ ပြေးလာ၏။ ကုလားဖြူမှာ ထန်းလျက်သည်ကိုပစ်ရန် ဆွဲထုတ်လိုက်သည့် ပြောင်းတိုသေနတ်ကို ကျောဘက်သို့ လှည့်လိုက်ရသည်။ ထန်းလျက်သည်၏ ထမ်းပိုးမှာလည်း စကားပြန်ကို မရိုက်နိုင်ဘဲ ကုလားဖြူ၏ ဦးဆက်ပေါ်သို့ ကျသွားလေ၏။

ကုလားမည်းများသည် လူအုပ်ထဲသို့ သေနတ်ဖြင့်ပစ်၏။ ဓားဖွေးဖွေးဖြင့် ရုတ်တရက် ထပိုင်းသူများကိုမဟုတ်။ ကြောက်လန့်တကြား ပြေးသူ

များကိုဖြစ်သည်။ ထိုင်ရယောင် ထရယောင်ဖြစ်နေသည့် ဈေးသည်များကို ဖြစ်သည်။

"ချဟ၊ ခုတ်ဟ၊ သတ်လဟ"

ကုလားနက်များသည် ဝင်ရောက်ထိုးခုတ်သူများကို မပစ်သာပြီ။ သေနတ်ဒင်ဖြင့် ရိုက်သည်။ ဓားချက်ကို သေနတ်ဖြင့် ခံသည်။ ထန်းလျက်သည်နှင့် စကားပြန်မှာ မြေပေါ်တွင် လုံးထွေးသတ်ပုတ်နေကြသည်။

တစ်ခဏအတွင်းတွင် ရဲမက်များနှင့် ကုလားငါးလောင်းမှအပ တစ်ဈေးလုံးမှာ လူသူကင်းမဲ့သွားသည်။ ရဲမက်များသည် ဓားကိုယ်စီဆွဲလျက် နပန်းပွဲကို အုံကြည့်နေကြ၏။

ထန်းလျက်သည်မှာ စကားပြန်အား ခွစီးပြီး လက်သီးဖြင့်ထိုး၊ ပါးရိုက်နေရာက ခြေကွေးပြီး အကန်ခံရသည်။ တစ်တောင်ကွာသို့ လွင့်သွားသည်။ စကားပြန် အားရပါးရ ခုန်အထတွင် သျှောင်ကို အဆွဲခံရသည်။ ထိုအခါတွင်မှ သူ့သခင်တွေ မရှုမလှသေကုန်ကြောင်း သတိထားမိသည်။

အလွန်မောက်မာသူအဖြစ်မှ ချက်ချင်းလျှောကျသည်။

"ချမ်း ချမ်းသာပေးပါ၊ ဗိုလ် ဗိုလ်မင်းတို့ရယ်"

ဒူးထောက်ရှိခိုးသော်လည်း မချမ်းသာပါ။ ဈေးသည်တစ်ဦး၏ တောင်းထဲမှ ထန်းလျှော်ကြိုးဖြင့် လက်ပြန်အတုတ်ခံရသည်။ ကျောပြင်ထဲသို့ ဓားသွားဖြင့် မထိတထိ အထိုးခံရသည်။

မြင်းခွာသံများနှင့်အတူ ထိုလူသိုက်ရှေ့သို့ မြင်းသုံးစီး ရောက်လာသည်။ ရွှေကျင်ခတ်ပဝါကို တစ်စထောင်ပေါင်းထားသော ဗိုလ်သိန်းနှင့် ငသိုင်း၊ ပိုးပဝါကို အုပ်ပေါင်းပေါင်းထားသော ဗိုလ်ပြန့်။

"သည်ကောင်ပါ တစ်ပါတည်း ခေါ်သွားကြဟေ့။ သွက်သွက်သွားသုတ်သုတ်နှင်ကြဟေ့"

စကားအဆုံးတွင် ကုလားဖြူ ကုလားနက်တို့၏ အဝယ်တော်သည်

ရဲမက်များ၏ရှေ့သို့ ဘုန်းခနဲ ကျလာလေ၏။

အဝယ်တော်သည်လည်းကောင်း၊ စကားပြန်သည်လည်းကောင်း ဤ ကျပင်းမြို့တွင် အလွန်မောက်မာ ရိုင်းစိုင်းသူများဖြစ်၏။ စကားပြန်သည် သူ့မျက်စိထဲတွင် ကြည့်မရခါမျှဖြင့် ဖမ်းဆီးနှိပ်စက်သည်။ အဝယ်တော်သည် တစ်ပဲဆိုသောပစ္စည်းကို တစ်ပြားဖြင့် အတင်းယူသည်။ ဈေးသည်များကို အကြောင်းမဲ့ ကန်ကျောက်ရိုက်နှက်တတ်သူဖြစ်၏။

ယခု ရဲမက်များ၏လက်ထဲသို့ ကျရောက်သောအခါ ရှိဦးတဖြားဖြား ဖြစ်နေပြီ။

မြတောင်မိုလ်နှင့် ငသိုင်း၊ငပြန့်တို့သည် ငပြန့်၏ဇာတိ စလေမြို့သို့ စုန်ဆင်းလာခဲ့ကြ၏။ သို့ရာတွင် စလေသည်လည်းကောင်း၊ စလေ၏ တောင်အရပ်ရှိ ပခန်းငယ်သည် လည်းကောင်း၊ မိုလ်ချို၏ သြဇာနယ်ပယ်တွင်းတွင် ကျရောက်နေသည်။

မြတောင်မိုလ်မှာ မိုလ်နက်ကျော်နှင့် ပူးပေါင်းရမည်လော၊ မိုလ်ချိုနှင့် ပူးပေါင်းရမည်လော စဉ်းစားရ၊ စုံစမ်းရပြီ။ စုံစမ်းခြင်းမှာ ထိုသူများသည် တစ်တောတစ်ဖ ထတွန်သူများလော၊ မိစ္ဆာဒိဋ္ဌိ ကုလားဖြူများပြကို အဟုတ်အမှန် တိုက်ခိုက်သူများလော ကွဲပြားစေရန်ဖြစ်၏။

ထိုအတောအတွင်း ငပြန့်၏အမျိုးအချို့ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း 'ထန့်ညောင်း' မှ ရောက်လာကြသည်။ ဤနေရာမှတည့်တည့် 'ကျပင်း' မြို့တွင် ကုလားတစ်ရာတပ်တစ်တပ် ရောက်ရှိနေကြောင်း၊ ကုလားစကားပြန်နှင့် ကုလားအဝယ်တော်မှာ ရပ်ပေါ်ရွာပေါ်တွင် စော်ကားမော်ကားလုပ်ပြီး မင်းမူနေကြောင်း။

သို့အတွက် မြတောင်မိုလ် စုံစမ်းရပြန်ပြီ။

ဤဖက်ကမ်းတွင် မိစ္ဆာဒိဋ္ဌိ ချေမှုန်းရေးတပ်များ မရှိသလော။ ရှိပါသည်။ လယ်ကိုင်းအရပ်မှ 'မင်းကြီး မိုလ်ဥတ္တမ' ဟူ၍ ရှိသည်။ ကျပင်း၏

တောင်ဘက် ၆ တိုင်အကွာရှိ စလင်းမြို့ကို အင်ကြီးအားကြီးဖြင့် သိမ်းပိုက်ထားကြောင်း၊ ကျပင်းနှင့် စလင်း၏ကြားရှိ ဆင်ဖြူကျွန်းတွင် ဗိုလ်ဥတ္တမ၏ လက်ထောက်ဗိုလ်များဖြစ်သော ဗျိုင်းကြီးဗျိုင်းကလေးရှိကြောင်း၊ သို့သော် ချောင်းခြားနေသဖြင့် လက်လှမ်းမမီကြောင်း။

မြတောင်ဗိုလ်သည် ဤသို့ဖြင့် လစ်ဟာနေသော နေရာကိုဖြည့်ရန် ဤမှာဘက်ကမ်းသို့ ရွှေ့ပြောင်းလာခြင်းဖြစ်သည်။

ဤဒေသတွင် မြန်မာမင်း၏ အမှုတော်ထမ်းများ သြဇာရှိမြဲရှိနေဆဲဖြစ်သည်။ သို့ကြောင့် မြတောင်ဗိုလ်သည် ရောက်လျှင်ရောက်ချင်း မင်္ဂလာရာမ ဆရာတော်ကို ဦးခိုက်သည်။ ကွမ်းဖိုးထိန်းကို ဂါရဝပြုသည်။

"မောင်က မြတောင်ဝန်ရဲ့ ကျေးကျွန်ဖြစ်သဲ့အတွက် ကျုပ် ကူညီရမှာပါ့။ ကျုပ်ကိုယ်တိုင် ဦးစီးပြီး မိစ္ဆာဒိဋ္ဌိတွေကို ချေမှုန်းသုတ်သင်ချင်ပေမယ့်"

ဟုတ်ပါသည်။

ကွမ်းဖိုးထိန်းမှာ တရားကွမ်းဖိုး ငွေတော်များကို ထိန်းသိမ်းဆက်သရသော အုပ်ချုပ်ရေး အမှုထမ်းသာဖြစ်သည်။ စစ်ဖက်အမှုထမ်းရန်ကား အသက်အရွယ် လွန်ခဲ့ပြီ။

သို့ရာတွင် ကွမ်းဖိုးထိန်း၏ ထိုစကားမျှသည်ပင် အလွန်တာသွား၏။ ခုနစ်ရက်အတွင်း လူတစ်ရာခန့် ဝင်ရောက်လာကြသည်။ ထိုအထဲတွင် ပြေန်္န၏ ဆွေမျိုးသားချင်းများ ပါဝင်၏။ သားချင်းမဟုတ်သူများလည်း ပါဝင်၏။ မြတောင်ဗိုလ်တွင် သေနတ် အလက် ၂၀ ပါလာရာ ထိုသေနတ်များဖြင့် သေနတ်ပစ်နည်း သင်ကြားပေးကြရ၏။

ဝင်ရောက်လာသူများအား သေနတ်ပစ် အဓိကထားပြီး သင်ကြားပေးစဉ်၊ သိုင်းမတတ်သူများကိုလည်း သိုင်းပညာ သင်ပေးသည်။ ထိုသတင်းသည် ကျပင်း တစ်နယ်လုံး ပြန့်သည်။ အမျိုးသားသစ္စာဖောက် မြန်မာယုတ်များကလည်း ကုလားထံ အပြေးအလွှား သံတော်ဦးတင်သည်။

ကုလားသည် မဟာဂီရိတောင်ပေါ်ရှိ ငါးမျက်နှာဘုရားတွင် ကုလား အများထားသည်။ ထိုဘုရား၏တောင်ဘက်ရှိ ဖောင်တော်ဦးဘုရားတွင် မှန်ပြ၊ မီးပြ ကုလားတစ်စုထားသည်။

ကုလားသည် ဖောင်တော်ဦးဘုရား စေတီတော်ကို သပိတ်မှောက် သည်အထိ ဖြူချပစ်သည်။ ထီးတော်မှ စိန်ဖူး၊ ငှက်ပျောဖူးအတွင်းရှိ ဌာပနာ ပစ္စည်းများကား ကုလားအလွန်မက်မောသော ကျောက်မျက်ရတနာများ ဖြစ်သည်။

သပိတ်မှောက်အထိ ဖြူချပြီးသော စေတီငုံးငုံးတိုပေါ်တွင် ဖိနပ်သံ တဂေါက်ဂေါက်ဖြင့် ရောက်နေသော ကုလားသည် နေ့ခါတွင် မှန်ပြ၏။ မှန်ရောင် ပျောက်လိုက်ပေါ်လိုက် လုပ်ပြခြင်းသည် သင်္ကေတဖြင့် သတင်း ပေးခြင်း ဖြစ်၏။ ထိုမှန်ရောင်ကို စလင်းရှိ ကုလားတပ်၊ မြစ်အရှေ့ဘက် စလေရှိ ကုလားတပ်က ကောင်းစွာတွေ့မြင်နိုင်၏။

နေ့တွင် နေရောင်ကို မှန်ဖြင့်ခံယူပြီး သင်္ကေတပို့သည့်နည်းတူ ည တွင်လည်း မီးရောင်ဖြင့် သင်္ကေတပြပြန်သည်။ မီးရောင် ပျောက်ချေပေါ်ချေ ပြုခြင်းသည် သင်္ကေတဖြစ်၏။

"မြတောင်ဗိုလ်တဲ့။ သူပါမှ လူသုံးယောက်တည်းရယ်၊ အခု လူ စုနေတယ်"

စလင်းတွင်ရှိသော ကုလားဖြူသည် ပုဂံညောင်ဦးမှလာသောတပ်ဗိုလ် ဖြစ်သည့်အတွက် ပုဂံဗိုလ်ဟု မြန်မာတို့က အလွယ်တကူ အမည်ပေး၏။ ထိုကုလားသည် အထက်ပါသတင်းကို ရလျှင်ရချင်း ကျပင်းရှိကုလားတပ်ကို အားဖြည့်၏။ မြတောင်ဗိုလ် အင်အားမကြီးထွားမီ နှိမ်နင်းရန် တောအနှံ့ တောင်အနှံ့ လိုက်လံရှာဖွေသည်။ မြန်မာယုတ်များကို နေရာအနှံ့လွှတ်သည်။

မြတောင်ဗိုလ်တွင် လူတစ်ထောင်ရှိနေပြီ။

မြတောင်ဗိုလ်တွင် လူနှစ်ထောင် ရှိသွားပြီ။

**ပုဂံစာအုပ်တိုက်**

ဤနယ်သတင်းကြားရလေလေ၊ ကုလားက ပိုက်စိပ်တိုက်ရှာလေလေ ဖြစ်၏။ 'ကိုးရေလျှဉ်' တောကြီးလည်း ကုလားနင်းသဖြင့် ညက်ကျေနေပြီ။ လိုဏ်တကာ့လိုဏ်၊ လျှိုတကာ့လျှို၊ တောတကာ့တော နှံ့ပြီဖြစ်ငြား မြတောင်ဖိုလ်၏ တပ်ကိုကား ကုလားများမတွေ့။

တွေ့မည့်တွေ့တော့ ဈေးလယ်ခေါင်။ အရေးပါသော စကားပြန်နှင့် အဝယ်တော်ပါသွားသည်။ ကုလားငါးကောင်သေသည်။ ဘုရားငုတ်တိုပေါ်မှ မှန်ရောင်တလက်လက် စလင်းဘက်သို့သွားသည်။ သို့နှယ် ကုလားများ ဗျာသင့်နေစဉ်၊ ကွမ်းဖိုးထိန်း၏အိမ်ဝင်းထဲသို့ မြတောင်ဖိုလ်တို့ မြင်းသုံးစီး အေးဆေးစွာရောက်လာ၏။

"ဦးမင်း၊ ကျန်းခံ့သာလို့ မာတော်မူပါစဘုရား"

မြတောင်ဖိုလ်သည် အိမ်ပေါ်သို့ တက်မိလျှင်တက်မိချင်း လက်အုပ်ချီပြီး ရိုသေစွာမေးသည်။

"မာပါ့မောင်၊ မာပါ့"

ကွမ်းဖိုးထိန်းသည် ရွှင်ပျစွာတုံ့ပြန်ရင်းက "ဟဲ့ ဘယ်သူရှိသတုန်း။ သင်ဖြူးခင်းလဟဲ့၊ လက်ဖက်၊ ကွမ်းဆေး တည်လဟဲ့" ပြောသဖြင့် အခိုင်းအစေများ ပြေးထွက်လာကာ ပျာယာခတ် ဆောင်ရွက်ကြသည်။

"အမောင်မြတောင် တစ်ယောက်တည်းလား"

"ဖိုလ်ပြန့်နဲ့ ဖိုလ်သိုင်း ပါပါသယ် ခင်ဗျာ့"

ငပြန့်သည် လှေကားထိပ်အကွယ်တွင် သေနတ်ပိုက်လျက် ထိုင်နေရင်းက အိမ်ပြင်သို့ လှမ်းမျှော်နေ၏။ ငသိုင်းသော်ကား အိမ်ပေါ်သို့မတက်။ မောင်းတင်းကုပ်ဘေးရှိ ဥသျှစ်ပင်အောက်တွင် ထိုင်နေ၏။

သူ အိမ်ပေါ်သို့မတက်။

မတက်ခြင်းမှာ အကြောင်းရှိသည်။ ဆင်သေရွာမှ ကျော့ခင်သည် ငသိုင်းအား လက်စားချေသည်သို့ရှိ၏။ ကျော့ခင်၏ဝိညာဉ်သည် ငသိုင်းအား

ခွင့်မလွှတ်။ ယခုထက်တိုင် လိုက်လံနှောင့်ယှက်ဆဲရှိသည်။ ကြည့်လေ၊ သည်ဝေးလွန်းသော ကျပင်းအရပ်တိုင် ကျော့ခင်လိုက်လာသည်။

သည်အခါတွင် ကွမ်းဖိုးထိန်း၏ တစ်ဦးတည်းသော မြေးမကလေးနှင်းစပယ်မှာ ကျော့ခင်၏မျက်နှာ လုံးဝဥသုံ ဖြစ်နေပေတော့သတည်း။

ကွမ်းဖိုးထိန်း၏အိမ်သို့ မြတောင်ဗိုလ် ပထမအကြိမ် ရောက်ခဲ့စဉ်ကပင် သေိုင်း ရင်တုန်ခဲ့ရ၏။ ရင်တုန်ရခြင်းမှာ ကျော့ခင်နှင့် အလုံးအရပ်ရော မျက်နှာပါမကျန် တူသော မိန်းမပျိုကို တွေ့ရသဖြင့်ဖြစ်၏။ သို့အတွက် သည်မျက်နှာကို ထပ်မံမဆုံရစေရန် အိမ်ပေါ်သို့ သေိုင်း မတက်။

"ချစ်တဲ့သူငယ်လေ

သူငယ်ချင်းရယ်ကောင်း ယောက်မရို့လေ။

မြင်းမနီသား မြင်းကျားခွာမည်း

တစ်လုံးတည်းနှင့် အုန်းလွဲပစ်တင်

ကသည်းစစ်သို့ နှစ်မည်ဝင်

သန်လျင်ကို ရောက်ဖူးပါစရှင်။"

ချိုသော ကြည်သော အေးသောအသံကလေးဖြစ်သည်။ မောင်းတင်းကုပ်၏ ဟိုဘက် အိမ်အဖီအောက်မှလာသောအသံဖြစ်သည်။ နှစ်လိုဖွယ်အသံဖြစ်ငြား၊ သေိုင်း လှည့်မကြည့်ရဲ။

"သန်လျင်ငယ်မှမက မုတ္တမနှင့်

ဒလတစ်သွယ် ထားဝယ်တခြား

ယိုးဒယားတစ်လိုက် ကမန်ပိုက်ကို

တိုက်သောအခါ၊ ဓားကိုသို့ကိုင်

လှံကိုသို့နုတ်၊ စစ်မြေပြင်မှာ ဝင်ကာခုတ်၍

တရုတ်ကယ်ရှမ်းပြေ (ပြည်)

ထွားထွားငယ်ကျေ အောင်လေပြီတဲ့

ဆီမလူး ပေဖူးလွှာနှင့် မှာလိုက်ကဲ့ရှင်

အပျိုဖြူငယ်ကကျွမ်း လွမ်းတဲ့တင်လေး"

သံဖိုသံမဖြစ်သောကြောင့် မိန်းမပျိုနှစ်ယောက် သူ့ကျောဘက်တွင် ရှိရမည်ဟု ငသိုင်း ခန့်မှန်းသည်။ အသံနှစ်သံလုံးသည် ပျိုရွယ်သောလုလင် အတွက် ညွတ်နူးဖွယ်ဖြစ်သည်။ အပြုံးဖြင့် လှမ်းကြည့်ချင်စရာပင်။

ကြည့်ချင်စရာဖြစ်ငြား ငသိုင်း မကြည့်ဝံ့။ ထိုအထဲတွင် နှင်းစပယ် ပါဝင်နေမည်ကို ကြောက်သည်။

"မောင်ကြီးက"

"အမယ်လေးဗျာ"

ငသိုင်း အော်လည်းအော် ထပြီးလည်း ရပ်သည်။

ပန်းပွင့်တစ်ပွင့်နှယ် ရွှန်းတင့်လှပသော မျက်နှာကလေးသည် ငသိုင်း ဘေးသို့ ရောက်နေ၏။ ပုလဲရောင်သွားကလေး ပေါ်ရုံမျှပြုံးကာ ငသိုင်း၏ ကျောဘက်သို့ ကြည့်နေသည်။

'မောင်ကြီးက'ဟု အသံစသော မိန်းမပျို၏အဖော်သည် သူ့ကျောဘက်၌ ကေန်ရှိမည်ဟု ငသိုင်း သိလိုက်သည်။ သိသော်လည်း မကြည့်ဝံ့။ကျော့ခင်ကို မြင်ရမည်စိုး၍ ဖြစ်သည်။

"မောင်ကြီးက၊ မောင်ကြီးမြတောင်ဗိုလ်နဲ့ အတူပါလာသလားလို့ မေးမလို့ စကားစသာပါ။ ဘောက်မဲ့ ကြောက်ရသတုန်း"

"အမှတ်မဲ့မို့ပါ"

"အိမ်ပေါ်ကို ဘဇာကြောင့် မတက်သတုန်း"

"ကြောက်လို့။ အင် ဘွာတေး.... ဘွာတေး ညောင်းလို့"

နှင်းစပယ်၏ သူငယ်ချင်းလော အဖော်လောဟု မသိရသည့် မိန်းမပျို သည် ခုနကထက်ပိုပြီး နှစ်သက်ဖွယ်ကောင်းစွာ ပြုံးပြန်သည်။

"မောင်ကြီးတို့၊ စောစောတုန်းက ကုလားတွေကို သတ်သယ်ဆို"

"ဟုတ်သယ်"

ငသိုင်းသည် မူလနေရာတွင် ပြန်ထိုင်ရင်းဖြေ၍ "မသနားဖူးလား ဟင်"အမေးဆင့်သဖြင့် ထရပ်မိ၏။ မေးခွန်းရှင် လုံမအား မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"သနားရမယ် ဟုတ်လား။ ကုလားနဲ့ မြွေဆိုးတွေ့ရင် ကုလားကို အရင်သတ်ရမယ်။ ကျုပ်နမက ကုလားနဲ့ အမျိုးတော်သလား"

လုံမ၏မျက်နှာပေါ်သို့ မိုးတိမ်မည်းများ ကျရောက်လာ၏။

"ကုလားကိုသတ်သဲ့လူမို့ ကြည့်ညိုလို့ လာပြီး စကားပြောသာရှင့်။ တော်ရုံလူဆို ဝေးပါသေးရဲ့"

"ဩော်.... အင်း"

ငသိုင်း၏ တုံ့ပြန်စကား မစနိုင်မီ ဥသျှစ်ပင်အကွယ်ရှိ ထန်းရွက်ခြောက်များ ထိုးထိုးထောင်ထောင်နှင့် စည်းရိုးတွင်းမှ ကျောပြောင်ပြောင်နှင့် လူတစ်ယောက် ပေါ်လာသည်။

ငမော်ချေး။ သည်ရွာထဲက ဘက်တော်သားဖြစ်၏။

"ဗိုလ်လေး၊ မြို့ဦးဘုရားနားမှာ ရန်သူတွေလာနေပြီ။ မြင်းနှစ်စီးနဲ့ လူ ငါးကျိပ်"

ဖျပ်ခနဲ သေနတ်ကိုကောက်ကိုင်ကာ ငသိုင်း ထရပ်သည်။ "လာရုံပဲ လာနေကြသလား၊ ဘာလုပ်သေးသတုန်း" မေးသည်။

"ခုအထိတော့ လာနေသာပဲ ဗိုလ်လေး"

"ကောင်းပြီ၊ ကုလားကုန်းဘက်က ကင်းကို အကြောင်းကြားလိုက်"

ငမော်ချေးကို ငသိုင်း ပြန်မကြည့်တော့ပါ။ အိမ်အောက်သို့ပြေးဝင်ပြီး အိမ်တိုင်ကို ဓားအိမ်ဖြင့် သုံးချက်ခေါက်သည်။

ငပြန့်နှင့် မြတောင်ဗိုလ်တို့ ရှေ့ဆင့်နောက်ဆင့် ပြေးဆင်းလာကြသည်။ ငသိုင်းသည် "မြင်းနှစ်စီးနဲ့ ကုလားငါးကျိပ် လာနေသယ်။ ကုလားကုန်း

ကင်းကို အကြောင်းကြားထားသယ်" ပြောလည်းပြော၊ မြင်းပေါ်သို့လည်း တက်သည်။ မြို့၏ အနောက်တံခါးသို့ ဦးတည်စိုင်းနှင်ခဲ့လေ၏။

အနောက်တံခါးမှထွက်လျှင် ဖြူလျော်လျော် တောင်ကုန်းများ၊ ကုန်းမြေမြင့်များကို ဒဟပ်၊ သနပ်ခါး၊ ဆီး၊ နွော၊ ဥသျှစ်၊ လွန်၊ အင်ကြင်းများ ဖုံးလွှမ်းလျက် မြင်ရသည်။ မြတောင်ဗိုလ်သည် ကုလားကုန်းတောအုပ်ဘက်သို့ မျှော်ကြည့်ရာက ရင်စည်းပဝါကိုဖြေပြီး ဝှေ့ယမ်းပြ၏။

တစ်ရာခန့်ရှိမည်ထင်ရသော လူတစ်အုပ်သည် ဖုန်တထောင်းထောင်းဖြင့် အပြေးချီတက်လာလျက်ရှိ၏။ ဓားရောင်၊ လှံရောင်များသည် နေရောင်ဖြင့် ပြက်လင်း၏။ ဒူးလေး၊ လင်းလေး၊ သေနတ် ကိုင်စွဲထားသူများလည်း ပါ၏။

သူတို့သည် ပွဲဦးထွက်တွင် အောင်ပွဲရလိုက်သဖြင့် တက်ကြွနေကြ၏။ မြင်းသုံးစီးထံမှ ပဝါဝှေ့ယမ်းသည်ကို မြင်ရသောအခါ ပို၍လျင်မြန်စွာ ပြေးလာကြ၏။ သို့ရာတွင် အနားသို့ကား မလာ။ လူလုံးကွဲသည့်နေရာတွင် ရပ်နေကြ၏။ သူတို့ထဲမှ အကြပ် 'ငအုံ' တစ်ယောက်တည်း တနဲ့နဲ့ လာနေသည်။

ငအုံရောက်လာအောင် မြတောင်ဗိုလ်တို့ မစောင့်နိုင်။ ရွာထဲသို့ မိမိတို့ ရောက်နေကြောင်း ကုလား သိသွားပြီ။ ရွာထဲသို့ ရန်သူကုလားဖြူ ကုလားနက်များ ဝင်ရောက်မဖျက်ဆီးနိုင်မီ ဈေးကုန်းမှ ဖြတ်တိုက်ရမည်။

သို့ကြောင့် ငအုံထံသို့ မြင်းသုံးစီးစိုင်းနှင်သွားသည်။ ငအုံ ဒူးထောက်လက်ယှက်လျက် ကြိုနှင့်သည်။

"ထဟေ့ ထဟေ့၊ သည်အချိန်မှာ အရိုအသေပေးတာ မပေးတာ အရေးမကြီးဘူး။ ရန်သူကို ချေမှုန်းဖို့ အရေးကြီးတယ်"

ထိုအခါ ငအုံက မလှမ်းမကမ်းရှိ မြောင်ကိုညွှန်ပြ၏။

"သည် မြောင်ချပ်ကြားအတိုင်းသွားရင်၊ ရန်သူမမြင်ဘဲ ဈေးကုန်းကို ရောက်ပါသယ် ဗိုလ်မင်း"

"ကောင်းသယ်ဟေ့။ ငါကိုယ်တိုင် လိုက်မယ်။ ကိုင်း ဗိုလ်သိုင်း"

"ဟုတ်ကဲ့"

သိုင်းသည် အမိန့်ကိုနာခံရန် အသင့်ရှိ၏။

"ဗိုလ်သိုင်းနဲ့ လူငါးဆယ်က နောက်ပိုးသိပ်ပါ။ ဘယ်သူ လမ်းသိတုန်း။ သိတဲ့လူကို လမ်းပြခိုင်း။ အတိုဆုံးလမ်း ဖြစ်ပေစေ။ ပြေန့် ငါနဲ့ လိုက်ခဲ့"

မြတောင်ဗိုလ်သည် မြင်းပေါ်မှ ခုန်ဆင်းကာ မြင်းဇက်ကို သိုင်းလက်ထဲ ထည့်သည်။ အောက်ပိုး ကျနသေချာစွာ ကျိုက်ပြီးမှ ဓားနှင့်သေနတ်ကို ဖြုတ်ယူလေသည်။

မြင်းသုံးစီးပါသော သိုင်းတို့တပ်သည် ဘုရားကုန်းဘုရား၏ အနောက်မုခ်သို့ပေါက်သော လှည်းလမ်းအတိုင်း အပြင်းချီသည်။ ထိုသို့ ချီရာမှ ထသောဖုန်လုံးသည် ကုလားအား သတိပေးဘိသို့ရှိသည်။

ရန်သူ ကုလားဖြူ အင်္ဂလိပ်နှင့် ကုလားနက်များသည် လူသူ သွေ့ခြောက်နေသည့် ဈေးအနီးအရောက်တွင် မြောက်ဘက်ရှိရွာကို မျှော်ကြည့်သည်။ မြို့အဖြစ် အသိအမှတ်ပြုခံရငြား၊ ကျုံးမရှိသော ကျပင်းသည် လူသံ၊ လှည်းသံ၊ ဆန်ဖွပ်မောင်းထောင်းသံတို့ဖြင့် စည်ညံနေ၏။

စက်ကင်းလက်ဖတင်နင်ဂရန့်သည် သူတို့လက်ဝဲဘက်ရှိ လှိုကြီးကို ကြည့်ရာက အနောက်တောင်အရပ်သို့ မျှော်ကြည့်သည်။ မသင်္ကာစရာ ဖုန်လုံးကြီးသည် လေပွေလော၊ လူလော၊ နွားလော။

ဈေးဘက်သို့ ကြည့်သောအခါ သွေးအိုင်ကြီးတွေ။ သည်သွေးအိုင်ကြီးတွေ ထွန်းရာအရပ်ကို မီးတိုက်ပစ်မည် စိတ်ကူးသည်။ သို့သော် ဆိုင်ကြီးကန္နားကြီးမရှိ။ သက်ကယ်မိုး၊ ထန်းရွက်မိုး၊ ကုတင်ကွပ်ပျစ်၊ ယာယီဆိုင်များသာရှိသည်။ ကုန်စည်ပစ္စည်း သိုလှောင်ထားသော ဈေးဆိုင်ဟူ၍မရှိ။

ထိုသို့ရှိနေစဉ်၊ အနောက်အရပ်က ဖုန်လုံးကြီးကို မြင်ရသဖြင့် ကုလားဖြူဝမ်းသာ၏။ ဝမ်းသာနေဆဲတွင် မောင်းသံကြားသဖြင့် ပိုပြီးဝမ်းသာသည်။

မှန်ပြောင်းဖြင့် ကြည့်သည်။ မြင်းနှစ်စီး၏ရှေ့မှ သူရဲကြီးအလံကို သယ်ဆောင်လာသောမြင်း။

"တိတ် ပို့စ်"

ကုလားဖြူသည် မြို့ဦးဘုရား မြောက်ဘက်မုခ်သို့ သူရဲကြီးအလံရောက်လျှင်ရောက်ချင်း ပစ်မိန့်ပေးသည်။ မြန်မာရဲမက်များက ချက်ချင်းပြန်လည်ပစ်ခတ်သည်။ သစ်ပင်ချုံနွယ် ထူထပ်ရာဘက်သို့ ညာသံပေးကာ လူဖြန့်တက်သည်။

ကုလားသည် မြောက်ဘက်မုခ်နှင့် ဝဲတောင်ပံကိုမဲပြီး ပစ်ခတ်ရင်း တက်သည်။ သို့စဉ်တွင် ကုလားမျက်စိလျှမ်းသော လှိုကြီးထဲမှ လူများတက်လာသည်။

"ကျား ကျားဘသား ကျား"

ဝမ်းခေါင်းသံကြီးများသည် ကုလားကြားသို့ လျှပ်တစ်ပြက်အတွင်း ရောက်လာ၏။ မြတောင်ဗိုလ်၏တပ်က သေနတ်မသုံးဘဲ နောက်ပိုးသိပ်သောအခါ သေိုင်းလည်း ဓားနှစ်လက်ကိုကိုင်ပြီး မြင်းဖြင့် နင်းတော့သည်။

"ငအုံ နောက်မှာ၊ ငပြန့် ညာဘက်။ ကျား ဘသား ကျား"

လက်နက်သာသော ကုလား မည်သို့မျှမတတ်နိုင်။ ခံပစ်သော်မျှ မပစ်နိုင်ဘဲပြေးသည်။ မပြေးနိုင်သောကုလား သေသည်။ ပြေးသောကုလားလည်း လွတ်လွတ်ကျွတ်ကျွတ်မရှိ။ ထနောင်းပင်ပေါ်၊ မန်ကျည်းပင်ပေါ်မှ လှမ်းပစ်သော ဒူးလေးဒဏ်၊ သေနတ်ဒဏ် ခံရသည်။

★

# ၇

အင်္ဂလိပ်တို့သည် ဘုရားစေတီများကို ဖြိုဖျက်ပြီး အချက်ပြမျှော်စင်အဖြစ် အသုံးပြုထားခြင်းမှာ တစ်စခန်းနှင့် တစ်စခန်း၊ တစ်တပ်နှင့် တစ်တပ် အလွယ်တကူ အကြောင်းကြားနိုင်စေရန် အကူအညီ တောင်းခံနိုင်စေရန် ဖြစ်သည်။ နေ့ကို မှန်ပြ၊ ညတွင် မီးပြသော စေတီပြိုများသည် မည်မျှ အသုံးဝင်ပါသနည်း။

ယခု ကျပင်းမြို့တွင် မြတောင်ဗိုလ်သည် မထင်မှတ်ဘဲ ရောက်လာသည်။ မမျှော်လင့်ဘဲ အင်အားကြီးမားလာကာ ဒုက္ခပေးပြီ။ ကျပင်းမြို့အနီးသို့ ကုလားတပ်များ မသိရဲသော အခြေသို့ဆိုက်ပြီ။ သို့ဖြစ်လျှင် မည်သို့ လုပ်မည်နည်း။ အင်အား ဖြည့်တင်းပေးရမည်။

စလေဘက်သို့ အကြောင်းကြားသည်။ လာမည်ဟူသည့် ပြန်ကြား ချက်မရ။ အဘယ်မှာ ပြန်ကြားနိုင်ပါမည်နည်း။ ဗိုလ်နက်ကျော်၏တပ်နှင့် ဗိုလ်ချို၏တပ်က ညပ်ပိတ်တိုက်ခိုက်နေသည်။ ထိုနေရာသို့လည်း အရှေ့

ဘက်ကမ်းရှိ တောင်တွင်းမှဖြစ်စေ၊ ပင်းမှဖြစ်စေ စစ်ကူမလာနိုင်။ မြင်းမဏိ တောင်တွင် ဗိုလ်ဝင်ခံပြီး ပင်း၊ နတ်မောက်၊ ကျောက်ပုံတောင်း တစ်လွှားကို သိမ်းပိုက်ထားသည့် မင်းကြီးရွှေလရောင်မှာ တစ်နေ့ထက်တစ်နေ့ အင်အား ကြီးနေသည်။

ထိုနေရာမှ စစ်ကူရမှသာ အခြားတစ်နေရာသို့ ဤနေရာမှ စစ်ကူ ပို့နိုင်မည်။ ယခု မပို့နိုင်။

မြစ်အရှေ့ဘက်ကမ်းမှ စစ်ကူမလာနိုင်လျှင်၊ အနောက်ဘက်ကမ်းရှိ ဖောင်းလင်းနှင့် စလင်းလယ်ကိုင်းမှ စစ်ကူပို့သင့်သည်။ မပို့နိုင်ပါ။ လယ်ကိုင်း အနောက်မြောက်ရှိ ပြည်လုံးကျော်ရွာမှ မင်းကြီးဗိုလ်ဥတ္တမ၏ တပ်များက ခြိမ်းခြောက်နေသည်။

မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်ဓားပြ ချေမှုန်းသုတ်သင်ရေး ထိုအင်အားစုမှာ သူ့ရပ် သူ့ဒေသ၊ သူ့ပြည်လုံးကျော်ရွာတွင် ခံတပ်တည်ပြီး နေခဲ့၏။ ဤသည်ကို အထင်သေးပြီး သွားရောက်တိုက်ခိုက်မိသော ကပ္ပတိန်ဒန်းစဖို့မှာ တပ်လန်ပြီး ပြေးခဲ့ရ၏။ ထိုအချိန်မှစတင်ပြီး ဗိုလ်ဥတ္တမသည် မင်းကြီးဗိုလ်ဥတ္တမ၊ လက်ထောက်ဗိုလ် ဗိုလ်ဥတ္တရသည် မင်းကလေးဗိုလ်ဥတ္တရအဖြစ် ကျော်ကြား လာကာ မှန်းမြစ်တစ်ရိုးကို စိုးမိုးသည်။

မြတောင်ဗိုလ်ကြောင့် ကျပင်းရှိကုလားအကျပ်တွေ့နေချိန်ဝယ် မင်းကြီး ဗိုလ်ဥတ္တမသည် တောင်သို့လားသော် စကုမင်းပူး၊ မြောက်သို့လားသော် စလင်းအထိ လွှမ်းမိုးထားသည်။ ကုလား လွတ်လပ်စွာ သွားလာနိုင်သော နေရာမှာ ရောဝတီမြစ်သာ ရှိပေတော့သည်။

သို့ဖြစ်လျှင် စကုမင်းပူး၏ တောင်အရပ်တွင် ကုလား မကြီးစိုးနိုင်ပါ သလော။ မကြီးစိုးနိုင်ပါ။

ထိုတောင်အရပ်တွင် ဗိုလ်ရွှေ၏တပ်သည် တောင်သို့လားသော် သရက်၊ မြေထဲအထိ ဩဇာဖြန့်ကျက်ထားသည်။ မင်းတုန်းတစ်ဝိုက်

တွင်လည်း ဗိုလ်ရွဲ။ ပန်းထိမ်း၊ ငဖဲ၊ ဖအိုင်း၊ စေတုတ္တရာလည်း ဗိုလ်ရွဲပင်။

မြန်မာတို့သည် ဝတ်ထည်ဖျင်စင်း အဆန်းအပြား၊ အစားအသောက် ထွေလီကာလီကို ဗန်းပြလျက် ဝင်ရောက်လာသောသူတို့အား လွတ်တော် ဝန်ကြီး အချို့ကဲ့သို့ ကျေနပ်စွာလက်ခံလိမ့်မည်ဟု ရန်သူထင်၏။ လက်တွေ့ တွင်ကား၊ မြန်မာဟူသည် စားဝတ်နေထိုင်ရေးတွင်သာ ရောင့်ရဲသည်၊ ကျွန် ဘဝကိုကား မရောင့်ရဲ။ သားမယား၊ ဆွေမျိုး၊ ရပ်ရွာအိုးအိမ်နှင့် မိမိအသက် ကိုပင် မခင်တွယ်ဘဲ ပြင်းပြင်းထန်ထန် ရဲရဲရင့်ရင့်ဖြင့် ကြောက်မက်စဖွယ် ခုခံတိုက်ခိုက်သော အံ့ဩစရာလူမျိုးအဖြစ် ကျူးကျော်လုယက်ရေးသမား အင်္ဂလိပ်ဓားပြများ ကြာလေသိလေဖြစ်ကာ မျက်ဖြူဆိုက်ရလေပြီ။

ထိုအချိန်တွင် ငလှိုင်းမှာ မယားထံသို့လည်း မပြန်နိုင်။ မိဘထံသို့ လည်း လူကြုံမပါးနိုင်ဘဲ တောင်တွင်းရွှေပြည်ဘက်သို့ ရောက်လာနေ၏။ ရောက်လာပုံမှာ ဤသို့ဖြစ်၏။

ငလှိုင်းမှာ မြင်စိုင်းမင်းသား ကွယ်လွန်သွားသဖြင့် စိတ်ဆင်းရဲ၊ အားပျက်လျက် ကျန်ခဲ့၏။ သားမယားကိုခေါ်ပြီး မိမိဇာတိ ဆင်ပေါင်ဝဲသို့ ပြန်ရသော် သင့်အံ့လော တွေဝေနေစဉ် ဦးမောင်ကြီး ရောက်လာ၏။

ဦးမောင်ကြီးသည် သာစည် ဆံမြိတ်ရှည် ရွာသားဖြစ်၏။ သူသည် လည်း မင်းမျိုးဖြစ်ရာ ရန်အောင်အရှေ့လက် ဆံမြိတ်ရှည်မြင်းတပ်ကို အဖ ဦးပိုထံမှ အမွေဆက်ခံကြီးမှူးရသည်။

မြင်ကွန်းမြင်းခုံတိုင်အရေးတွင် သူ့အဖ ဦးပိုမှာ ရန်သူ့ဘက်သား ဖြစ်ခဲ့သည်။ ထိုမင်းသားညီနောင် ထွက်ပြေးသောအခါ ထွက်မပြေးနိုင်သော ဦးပိုမှာ ကွပ်မျက်ခံရတော့သည်။ သို့သော် ဦးမောင်ကြီးမှာ အသက် ၁၈ နှစ်သား ရှိပြီဖြစ်ငြား၊ အဖနှင့် ကြံရာပါမဟုတ်။ ဝမ်းတွင်းရှိ မြင်းစာရေး ဦးထွန်းအေး၏ အခွန်စာရေးအဖြစ် အမှုထမ်းရွက်နေခဲ့သည်။ ထိုမှတစ်ဆင့် နေပြည်တော်သို့ ရောက်သွားကာ မြင်းဝန်ဦးဖားထံတွင် အမှုထမ်းနေခဲ့ရာ

အရှင်နှစ်ပါး ပါတော်မူသည်အထိပင်။

သူက ငလှိုင်းအား အရေးတယူပြု၏။

"ဗိုလ်လှိုင်း၊ မောင့်သခင် မရှိတဲ့နောက် ဘာလုပ်မယ်ကြံသတုန်း"

"ဘာလုပ်ရမှန်း မသိတော့ပါဘူး သူရဲဝန်မင်းရာ"

ငလှိုင်း စိတ်ပျက် အားငယ်နေပုံမှာ ဖုံးမရဖိမရ ရှိလှသည်။

"ကျုပ်တို့အရပ်ကို လိုက်ခဲ့ပါဗျာ"

"ဝန်မင်းဇာတိက ဘယ်အရပ်ပါလိမ့်ခင်ဗျာ"

"သာစည် ရမည်းသင်းပါဗျာ့။ မိမိဒေသဆိုတော့ လူသူအင်အား၊ နည်းပါးမှာ မစိုးရိမ်ရဘူး။ ကြည့်မြင်တိုင်မင်းသား ဆိုသာလည်း ရမည်းသင်းမှာ အခြေစိုက်နေသယ် ကြားရတယ်။ သူ့ကို ခေါင်းဆောင်တင်ပြီး ကုလားကို ဆက်တိုက်ကြရရင် မကောင်းဖူးလား"

မင်းသားတစ်ပါး ခေါင်းဆောင်ကာ တိုက်ခိုက်နေသည့် သတင်းကို ကြားရသဖြင့် ငလှိုင်းမှာ အားတက်၏။ အားတက်သော်ငြား၊ ငလှိုင်းသည် ကြည့်မြင်တိုင်မင်းသားကို မသိပါ။ သိသောအခါတွင်ကား အလွန်ကျေနပ်နှစ်သက်စရာ မင်းသား ဖြစ်နေပေတော့သည်။ အကြောင်းသော်ကား ကြည့်မြင်တိုင်မင်းသားမှာ တောင်တွင်းကြီးအရပ်တွင် ကာလအတန်ကြာမျှ ဇာတ်မင်းသားအဖြစ် ကျင်လည်ခဲ့သောကြောင့်ပေတည်း။

ထိုမင်းသားသည် ရတနာပုမ် မြို့တည်နန်းတည် ပဋ္ဌမ သင်္ဂါယနာတင် မင်းတရားကြီး၏ သားတော်ဖြစ်သည်။ မင်းတရားကြီး နတ်ရွာလားလုလားခင် ကာလတွင် မယ်တော်လဲချားမိဖုရားသည် မင်းသားကို ယူပြီး လဲချားသို့ ထွက်ပြေးသည်။

ရတနာပုမ် ဒုတိယနန်းစံ မင်းတရားကြီး နန်းတက်ပြီ။

ကြေးတိုက်စံ မင်းသားမင်းသမီး မင်းမြေးများ ပျောက်ပျက်သွားပြီ။

လဲချားမိဖုရားမှာ လဲချားကို လုံခြုံသည်မထင်၊ ကျိုင်းတုံသို့ ပြေးသည်။

မင်းသားသည် ကျိုင်းတုံတွင် လူလားမြောက်ခဲ့ရာ သီပေါမင်းတရားသည် သူ့ရန်သူအဖြစ်သို့ အလိုအလျောက် ရောက်လာ၏။

သီပေါမင်းကို ဆန့်ကျင်တိုက်ခိုက်ပြီး ခမည်းတော်၏ အရိုက်အရာကို ရယူရေးတွင် သည်အရပ်သည် မြေခံမကောင်းပေ။ သို့အတွက် မယ်တော်၏ ကျွန်ယုံများရှိသည့် တောင်တွင်းရွှေပြည်သို့ ရွှေပြောင်းခဲ့သည်။

မင်းသားသည် အသံကောင်း၊ ရုပ်ချော၊ အပြောလည်း ကောင်း၏။ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ ဆုဖြင့် ပြည့်စုံရာ စာဟော ဆရာကြီး တစ်ယောက်ထံတွင် ခိုဝင်၏။ ထိုမှတစ်ဆင့် နယ်တကာသို့ လှည့်လည်ကပြနေသော ဇာတ်အဖွဲ့တစ်ဖွဲ့တွင် လိုက်ပါသွားရင်း ပညာ သင်သည်။ ပညာသင်ရင်းက 'ကချေသည် ယောကျ်ား' ဖြစ်လာခဲ့လေ၏။

ဇာတ်မင်းသားမောင်မောင်လှသည် သွားလေရာ မျက်နှာပွင့်လန်း၏။ ဇာတ်သူဇာတ်သားများထဲမှ သီပေါမင်းအား မလိုလားသူများကို ပြောဆို ဆွေးနွေးရာမှ သိခွင့်ရ၏။ ရောက်လေရာ အရပ်တွင်လည်း သီပေါမင်းအား မနှစ်မြို့သူများကို တွေ့ရပြန်၏။

မောင်မောင်လှသည် ထိုသူများကို သိမ်းသွင်း၏။ လက်နက် စုဆောင်း၏။ ကရင်း၊ ခုန်ရင်း၊ သီရင်း၊ ဆိုရင်း ထိကပါးရိကပါး စကားများ ကိုလည်း ပြော၏။ ဤသည်ပင် အသံကြောင့် ဖားသေခန်းဖွင့်မိရာရောက်၏။

တောင်တွင်းကြီး မြို့အုပ်၊ မြို့ချုပ်တို့သည် လူကြိုက်များသော မင်းသားမောင်မောင်လှ၏ အာစလျှာစကို သင်္ကာမကင်း ဖြစ်လာ၏။ အထောက်အလှမ်းလူများ ထည့်သွင်းစုံစမ်း၏။ လက်ရှိ နန်းစံ မင်းတရား ကြီး၏ ရာဇဝတ်သားပါတကားဟု ဘွားဘွားကြီး ပေါ်လာတော့သည်။

ဇာတ်မင်းသားမောင်မောင်လှ အဖမ်းခံရသည်။ လှေဝမ်းထဲထည့်၊ ကပ်ဖိပြီး ရွှေမြို့တော်သို့ ပို့သည်။

သို့သော် တိုင်းပြည်ပျက်ခဲ့ပြီ။

**ပုဂံစာအုပ်တိုက်**

ရန်သူအင်္ဂလိပ်လည်း ချီတက်လာပြီ။

မောင်မောင်လှကို သယ်ဆောင်လာသော လှေမှာ မည်သည့်ဆိပ်တွင် ဆိုက်ရမည်မသိ၊ မည်သည့်ကမ်းကို ကပ်ရမည်မသိ ယောင်ချာချာ ဖြစ်နေစဉ် မောင်မောင်လှ ထွက်ပြေးလွတ်မြောက်သည်။

ယခင်က ဇာတ်မင်းသား မောင်မောင်လှ။ လျှို့ဝှက်ဆွေးနွေး ဟောပြော သိမ်းသွင်းသူ။

ယခု ကြည့်မြင်တိုင်မင်းသား။ အတိအလင်း ဟောပြောသိမ်းသွင်းသူ။

ယခင်က ဟောပြောသိမ်းသွင်းသမျှ သီပေါဘုရင်အား ဆန့်ကျင် ခြားနား ပုန်ကန်ရန်။

ယခုသော်ကား တစ်ကျွန်းသား မိစ္ဆာဒိဋ္ဌိ ဓားပြများကို မြင့်မြတ်သော မြန်မာ့မြေပေါ်မှ နှင်ထုတ်ရန်။

ကြည့်မြင်တိုင်မင်းသား၏ တပ်ကြီးသည် တောင်တွင်းကြီးတစ်ဝိုက်၌ နေ့ချင်းညချင်း ကြီးထွားလာသည်။ သို့သော် လက်နက်အား ချည့်နဲ့သည်။ သေနတ်ကို အဓိကထားကာ စုဆောင်းနေစဉ်တွင် ရန်သူရောက်လာသည်။ ဝါးကြီးအိုင်တွင် တစ်ပွဲ၊ သစ်ရာကောက်တွင် တစ်ပွဲ၊ အပြင်းအထန် တိုက်ခိုက် ပြီးနောက်၊ တပ်ပျက်သွားလေတော့သည်။

ဤအချိန်တွင် ရမည်းသင်းဘက်၌ လယ်ဝန်ဦးစံထွန်းနှင့် ဗိုလ်အေး တို့သည် ရန်သူ့ထံ မပူးပေါင်းဘဲ လက်နက်လူသူ စုဆောင်းနေချိန်ဖြစ်သည်။ မင်းသားတစ်ပါးပါးကို ခေါင်းဆောင်တင်ရသော် ကောင်းလေစွဟု တောင့်တ နေချိန်လည်း ဖြစ်သည်။

သူတို့သည် တောင်တွင်းရွှေပြည်၌ ကြည့်မြင်တိုင်မင်းသား၏ တပ် များနှင့် ရန်သူတို့ အကြီးအကျယ် တိုက်ခိုက်နေသည်ဟူသည့် သတင်းကို ကြားလျှင်ကြားချင်း အပြင်းချီတက်လာကြသည်။ တောင်ညိုနှင့် လယ်ဝေး ကျည်တောင်ကန်မှ မိစ္ဆာဒိဋ္ဌိချေမှုန်းရေး မျိုးချစ်များဖြစ်သည်။

ပုဂံစာအုပ်တိုက်

လယ်ဝန်ဦးစံထွန်းမှာ ပင်ကိုယ်ကပင် အင်အားရှိပြီးသားဖြစ်သည်။ သူသည် နန်းကျဘုရင်၏ ရွှေလက်ထက်တော်တွင် လယ်ဝန်ဖြစ်သည်။ ရမည်းသင်းခရိုင်၊ ပျဉ်းမနားခရိုင်များကို အုပ်ချုပ်ရသည်။ မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်ဓားပြများနှင့် မြန်မာတို့စစ်ဖြစ်ကြချိန်ဝယ် သူသည် တောင်ငူကြောင်းချီရ၏။ ရန်သူနှင့်လည်း ရင်ဆိုင်တိုက်ခိုက်ရ၏။

တောင်ငူကြောင်းချီတပ်များ ဆုတ်ခွာသွားချိန်ဝယ် ဦးစံထွန်းသည် ရမည်းသင်းတွင် လက်နက်လူသူ အတန်အသင့်နှင့် ကျန်နေခဲ့သည်။ ကျန်နေခဲ့ပြီး အရေးအရာကို မျှော်တင်းနေခိုက်ဝယ် ဦးအေးနှင့် ပေါင်းမိသည်။

ဦးအေးကား မင်းမှုထမ်းမဟုတ်။ ဩဇာရှိသော အရပ်သားမျိုးချစ်ဖြစ်ပေသည်။ အင်အားနှစ်ရပ် ပေါင်းမိသည်တွင် ဦးအေးမှ ဗိုလ်အေးဖြစ်လာသည်။ ကြည့်မြင်တိုင်မင်းသားကို ပင့်ဆောင်လာပြီးချိန်တွင် အင်အားပိုမိုခိုင်ပြီးလာချေတော့သည်။

ဆံမြိတ်ရှည် ဦးမောင်ကြီးသည် ဦးစံထွန်းနှင့် ကျွမ်းဝင်ပြီးသူဖြစ်ရာ ဦးစံထွန်း၏ မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်ဓားပြ ဆန့်ကျင်ရေးစိတ်ကို ယုံကြည်သည်။ ယုံကြည်သည့်အလျောက် ဦးစံထွန်းထံမှ အထောက်တမန် ရောက်လျှင်ရောက်ချင်း ရုံးစုမိသမျှ အင်အားဖြင့် အလျင်အမြန် လိုက်လာတော့သည်။

ဗိုလ်မြတ်မှုန်နှင့် ဦးမောင်ကြီးတို့ လာရောက် ပူးပေါင်းသဖြင့် ကြည့်မြင်တိုင်မင်းသား ဝမ်းသာအားရ ကြိုဆို၏။

"လာကြ၊ လာကြ။ ထိုင်ကြ၊ အမောဖြေကြ"

"ကျွန်တော်မျိုးက ဆံမြိတ်ရှည်မောင်ကြီးဘုရား။ သူက ဗိုလ်မြတ်မှုန်ဘုရား။ သူက မြင်စိုင်းမင်းသားရဲ့ အပါးတော်မြဲ ဗိုလ်လှိုင်းဘုရား။ ကိုယ်တော့်လိုပဲ သဘင်သမားဘုရား"

မင်းသားသည် လှိုင်းအား စိုက်ကြည့်၏။

"မောင်မောင်ဘရဲ့ မိတ်ဆွေ၊ အချုပ်တန်းဆရာဖေရဲ့ တပည့်ထင်ပ"

**ပုဂံစာအုပ်တိုက်**

"မှန်ပါကြောင်း အရှင့်သား"

"ဝမ်းသာလိုက်လေဗျာ" ဆိုကာ မင်းသားသည် ငလှိုင်း၏လက်ကို ဆွဲသည်။ သူထိုင်သည့်ဘေးသို့ ဆွဲခေါ်သည်။ ဆရာဖေနှင့် ဦးပုညအကြောင်း ပြောရာက သံချိုကိုင် ညဏ်ကြီးနှင့် ညဏ်ကျယ်သို့ ရောက်သွားသည်။ သို့လျှင် ဝါသနာတူချင်း ပေါင်းဖက်တွေ့သောအခါ ငလှိုင်းမှာ နေပြည်တော်ရှိ ဆရာ့အိမ်သို့ ရောက်နေသည် ထင်မိလေ၏။

ကြည်မြင်တိုင်မင်းသား၏ မျိုးချစ်ပြည်ချစ် ရဲမက်များသည် စင်စစ်အားဖြင့် တောင်ညို လယ်မတွင် ချရပ်တပ်စွဲထားခြင်းဖြစ်ရာ ရမည်းသင်းရှိ အင်္ဂလိပ်စားပြများအတွက် ခြေလက်မဆန့်သာဘဲရှိ၏။ မြို့ပြင်ထွက်မိသမျှ ကုလားများ အတိုက်မခံရသည့်အခါ မရှိချေ။

တစ်ကြိမ်အတိုက်ခံရလျှင် တစ်ယောက်စ နှစ်ယောက်စ သေသည်။ သုံးယောက်စ လေးယောက်စ ထိခိုက်ရှနာသည်။ ကြိမ်ဖန်များလာသောအခါ ကြည့်မြင်တိုင်မင်းသား၏ တပ်ချရာအရပ်ကို အင်္ဂလိပ်တို့ စုံစမ်းသည်။ စုံစမ်း၍ မရပါ။ မရသည့်အဆုံးတွင် ဦးပုလေးထံ ချဉ်းကပ်ကြရသည်။

မိစ္ဆာဒိဋ္ဌိ စားပြများသည် အခြားသူများကိုသာ လူကလေး၊ မောင်မင်း ပြောဆိုဆက်ဆံငြား ဦးပုလေးကို ထိုသို့ မလုပ်ဝံ့။ အရိုအသေကြိုက်သူအား ရိုသေလေးစားစွာ ဆက်ဆံကြသည်။

စားပြများ၏ ရိုသေမှုခံယူရအောင် ဦးပုလေးက အနေမြင့်သည်။ အနေမြင့်ရခြင်းမှာလည်း သူ့ဘကြီးကြောင့်ဖြစ်သည်။ သူ့ဘကြီးမှာ ရမည်းသင်းမြို့သူကြီး ဦးထောင်ဗိုလ်ဖြစ်သည်။ ဦးထောင်ဗိုလ်မှာ မြင်ကွန်းမြင်းခုံတိုင်အရေး၌ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေသည်။ ရှုပ်ရှုပ်ချွံချွံ အမှုထမ်းသည်။ သို့အတွက် မင်းတရားကြီးကိုယ်တောင်တိုင် ရွှေထီးနှင့်ရွှေဖလား ပေးသနားတော်မူသည်။

မင်းတရားကြီး၏လက်ဝါးဖြင့် ကျောကိုအသပ်ခံရသဖြင့် သူကြီးသွေး

မြောက်တော့သည်။ အဘယ်မျှ သွေးမြောက်သနည်းဟူမူ ရမည်းသင်းမြို့ဝန်ကိုပင် တူသည်တန်သည် မထင်တော့ချေ။ သူ့စိတ်ထဲက အဘယ်မျှပင် မတူမတန်ဟု ထင်နေသော်ငြား၊ သူသည် မြို့ဝန်၏ လက်အောက်ငယ်သားသာဖြစ်၏။ မြို့ဝန်ထံ အခစားဝင်ကာ အမိန့်ကို နာခံရမည်။

သို့သော် သူကြီး မနာခံနိုင်ပါ။ လက်အုပ်မချီနိုင်ပါ။ သို့ဖြစ်လျှင် မြို့သူကြီး ရာထူးမှ နုတ်ထွက်ပါ။ ဤသို့လည်း မနုတ်ထွက်နိုင်သဖြင့် ဝါးနွယ်ကုန်းရှိ မောင်ပုလေးကိုခေါ်သည်။ သူ့ကိုယ်စား မောင်ပုလေးသွား၊ မောင်ပုလေး လက်အုပ်ချီ၊ မောင်ပုလေးနာခံ။ ဤသို့ဖြင့် မောင်ပုလေးသည် သူကြီး မဟုတ်ပါဘဲလျက် သူကြီးဖြစ်နေခဲ့သည်။

လူကလည်း လူငယ်၊ ထကြွလုံ့လလည်းရှိ၊ ပါးရည်နပ်ရည်လည်းရှိသည့်အတွက် အကောက်အုပ်ရာထူးဖြင့် တောင်ငူနယ်စပ်တွင် ခန့်အပ်ခံရသည်။ သူ့အား ထိုသို့ ခန့်အပ်ခြင်းသည် ခန့်အပ်သူတို့၏ အမှားဖြစ်သည်။ သူသည် နယ်စပ်တွင် ရန်သူနှင့် အဆက်အဆံများသည့်အတွက် တစ်ပြည်လုံး ကျွန်မဖြစ်မီကတည်းက တစ်ယောက်တည်းကွက်ပြီး ကျွန်ဖြစ်ခဲ့သောကြောင့်တည်း။

ထိုပုဂ္ဂိုလ်ထံ စာပြန်များ ရောက်လာသောအခါ ဦးပုလေးသည် အမျိုးသားသစ္စာဖောက် လုပ်ငန်းများကို အသင့်ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။ ခေါင်းဆောင်အမည်၊ လက်ထောက်ဗိုလ်များနှင့် တပ်အင်အား တည်နေရာများကို ပြည့်စုံစွာ ပေးအပ်လိုက်လေတော့သည်။

သို့ရာတွင် ဦးပုလေးသည် သူ့အိမ်မှ မြင်းထိန်းငဆန်ကို သတိမပြုမိပေ။ သို့အတွက် ကြည့်မြင်တိုင်မင်းသား၏ ရဲမက်တော်များသည် ရန်သူလာမည့်သတင်းကို ငဆန်ထံမှ ကြိုတင်ရရှိကြသည်။ တောင်ညိုတွင် ကြည့်မြင်တိုင်မင်းသား၊ လယ်မတွင် လယ်ဝန်ဦးစံထွန်းနှင့် ဗိုလ်အေးတို့ အသင့်စောင့်နေကြသည်။

ရန်သူ့သတင်းကို ကြိုတင်ရခြင်းသည် တစ်ပန်းသာ၏။ ရန်သူ

လာမည့်လမ်းကို သိခြင်းသည် ပို၍တစ်ပန်းသာ၏။ ရန်သူကို သည်နှယ်မြို့ သည်နှယ်ထိုးဟူ၍ ကြိုတင်စီစဉ်ထားနိုင်ခြင်းကား စစ်အောင်ရေးပင်ဖြစ်သည်။ သို့ရာတွင် ပြည်ချစ်ရဲမက်များ အောင်ပွဲမရပါ။ မိမိလူများ စစ်ရေးမကျွမ်းခြင်းနှင့် သေနတ်နည်းသည့်အတွက် စခန်းပြောင်းခဲ့ရသည်။

ငလှိုင်း၏တပ်သည် မင်းသား၏တပ်မနှင့်ပေါင်းကာ ယင်းစင်တောသို့ ရောက်လာသည်။ ဦးစံထွန်းနှင့် ဗိုလ်အေး၏တပ်များကား ရနှောင်တောထဲသို့ ဝင်ရောက်သွားကြသည်။

ငလှိုင်းသည် နေရာသစ်၊ စခန်းသစ်သို့ရောက်လာသဖြင့် ဖျဉ်းမနားနှင့် လမ်းပန်းအခြေအနေကို အလျင်အမြန် လေ့လာသည်။ တိုက်ခိုက်စရာ သားကောင်ကို မကြာမီတွေ့သည်။ ရိက္ခာထောက်တပ်။

ရန်သူသည် ပွဲဦးထွက် အရေးနိမ့်သွားသော ကြည့်မြင်တိုင်မင်းသား၏ တပ်ကို အထင်သေးသည်။ ပြေးပြီ လွင့်ပြီထင်သည်။ သည်အထင်မှာ ငလှိုင်း အတွက် ကောင်းလှသည်။

သို့အတွက် ရိက္ခာထောက်တပ် ဖြတ်သန်းမည့်နေ့ကို စောင့်သည်။ လူများများမပါဟု ဆိုရငြား လူငါးကျိပ်ကားရှိသည်။

သတ်မှတ်နေရာ အရောက်တွင် ကြိုတင်ဖြတ်တောက်ထားကာ ကြိုး ဆိုင်းထားသော သစ်ပင်ကြီး လဲကျလာလေ၏။ အသင့်စောင့်နေသော ရဲမက် များက ချက်ချင်းညာသံပေးကာ ဝင်ရောက်တိုက်ခိုက်တော့သည်။ ကုလားမှာ ပစ်ပြေး ပြေးရုံသာ တတ်နိုင်၏။

သည်ပွဲမှာ သေးငယ်သော်ငြား အကျိုးအမြတ် ကြီးမားလှသည်။ မြင်းငါးစီး၊ ငွေသားတစ်ထောင်။ ထို့ပြင် သေနတ် ဆယ်လက်။ လူငါးရာစာ ရိက္ခာများ။ သို့အတွက် ရမည်းသင်းရှိ အင်္ဂလိပ် ဓားပြများ ဒုက္ခရောက် တော့သည်။

ဤတွင် မောင်ပုလေးကဲ့သို့သော အင်္ဂလိပ်အလိုတော်ရိတစ်ဦး

ရမည်းသင်းမှ ပေါ်လာပြန်သည်။ သူကား ခုံမင်းဦးကြယ်တည်း။ သူသည် ရန်သူများ မြို့ပေါ်တွင် ဝယ်ခြမ်းစားသောက်နိုင်ရန်အတွက် ငွေတစ်ထောင် ထုတ်ချေးလေသည်။

ထိုသို့ဖြစ်ပြီး သုံးလေးရက်အတွင်း၌ မင်းသား၏ ယာယီတဲနန်းတွင် ဗိုလ်ခံ စုဝေးမိကြသည်။ မိတ္ထီလာသူကြီး ဦးဖေနှင့် ဗိုလ်စံမင်း၊ ဗိုလ်ခန့်၊ ဖလံခုံဗိုလ်ဦးစံထွန်း၊ ဗိုလ်အေး၊ ရွှေဓားဗိုလ်ဦးမင်းပို၊ ဗိုလ်ဆိုင်တို့ ဖြစ်သည်။

မိမိတို့အခြေအနေနှင့် ရန်သူ့အခြေအနေကို နှိုင်းယှဉ်သုံးသပ်ပြီးချိန်တွင် ဖလံခုံဗိုလ်က စကားတစ်ခု စတင်သည်။

"ရန်သူကို ဓားနဲ့သေနတ်နဲ့ တိုက်သလို၊ ရန်သူအားပေးတွေကိုလည်း ဓားနဲ့ သေနတ် သုံးစေချင်ပါတယ် မင်းသား"

"အရပ်သား မိမိတို့ အမျိုးသားများအပေါ်မှာဖြင့် သေနတ်နဲ့ ဓား မသုံးသင့်ဘူး ထင်သပ"

မင်းသားသည် ဇာတ်သမားအဖြစ် ကျင်လည်ခဲ့ဖူးသဖြင့် ဖလံခုံဗိုလ်၏ ပြောလိုရင်းကို ရိပ်မိ၏။ သို့တစေ ဗိုလ်အေးက မရိပ်မိ။

"ရှင်းရှင်း အမိန့်ရှိပါ ဗိုလ်မင်းရာ"

"ကျွန်တော်တို့ တောင်ညိုမှာ အတိုက်ခံရသာ ဦးပုလေးရဲ့ ပယောဂ ဆိုတာ အားလုံးအသိပဲ။ သူ့ကို သည်အတိုင်း မထားသင့်တော့ဘူး။ သူ့ကို သည်အတိုင်းထားတဲ့အတွက် ခုံမင်းဦးကြယ်ပါ ရန်သူအားပေးအဖြစ် တိုးပွား လာပြီ ဗိုလ်မင်းတို့"

ဤစကားကို မင်းသား သဘောမတူ။

"ရန်သူမှ မဟုတ်တာ ဗိုလ်မင်းတို့။ ကိုယ့်အမျိုးသားချင်း သတ်လား ဖြတ်လား မလုပ်ပါနဲ့လေ"

ထိုအခါတွင် ဦးစံထွန်းမှာ မပြောလျှင် မဖြစ်၍ ပြောရတော့သည်။

"အရှင်မင်းသား စဉ်းစားတော်မူပါ။ ကျွန်တော်တို့ကို အားပေးတဲ့

ရွာကို ကုလားက ဘာလုပ်သတုန်း၊ မီးရှို့ပါတယ်။ မီးလောင်လို့ ထွက်ပြေး ပြန်တော့ လှံစွပ်နဲ့ထိုး၊ သေနတ်နဲ့ပစ်၊ ပစ္စည်းကိုလုယက်ပါသယ်။ ကျွန်တော် တို့ရဲ့ဘက်တော်သားလို့ မသင်္ကာသူကိုဖမ်းဆီးနှိပ်စက်ပါတယ်။အဲဒါကြောင့် ရန်သူအားပေး သစ္စာဖောက်များကို သုတ်သင်ပစ်သင့်ပါတယ်"

"ဗိုလ်စံထွန်းနဲ့ ဖလံခုံဗိုလ်တို့ပြောတာ အများကြီး တရားပါတယ် အရှင်မင်းသား။ သို့မှသာ ရန်သူအားပေးသမားတွေ နောက်တွန့်သွားပါ လိမ့်မယ်"

"သစ္စာဖောက်တွေကို ဆုံးမတာ သင့်မြတ်ပါတယ်"

ဗိုလ်ခန့်၊ ဗိုလ်စံမင်းတို့ကပါ ဖလံခုံဗိုလ်၏ဆန္ဒကို ထောက်ခံအားပေး ကြသောအခါ မင်းသား သဘောပေါက်လာသည်။

"ဟုတ်တယ်၊ ဗိုလ်မင်းတို့တင်တာ မှန်သဗျား"

"သည်လိုဆိုရင် တစ်ဦးဦးကို တာဝန်ချထားတော်မူပါ အရှင်မင်းသား"

"ဖလံခုံဗိုလ်ပဲ ဆောင်ရွက်ပါလေ။ အထောက်အကူအဖြစ် ဗိုလ်လှိုင်းနဲ့ လူတစ်ရာ ခေါ်သွားပေါ့"

သို့အတွက် ထိုညနေတွင်ပင် ငလှိုင်း၏တပ်နှင့် ဖလံခုံဗိုလ်၏တပ်များ မြို့တွင်းသို့ ဝင်လာသည်။ မီးခွက်ထွန်းချိန်မျှသာ ရှိသေးရာ၊ မြို့ဝင်မြို့ထွက်နှင့် လမ်းများပေါ်တွင် လူများရှိနေသည်။

မြင်းပါသူများသည် မြင်းပေါ်တွင် ဝန်စည်စလယ်များ တင်လာဟန်၊မြင်း မပါသူများက နောက်တစ်နေ့ ရောင်းချရန် ကုန်စည်များ သယ်ပိုးလာဟန်ဖြင့် ခုံမင်းအိမ်ရှေ့တွင် ချရပ်ကြသည်။ ဦးပုလေး အိမ်ရှေ့တွင် ရပ်နားကြသည်။

အိမ်သူအိမ်သားများသည် အိမ်ရှေ့ကုတင်များ၊ ကွပ်ပျစ်များတွင် စကားတပြောပြော ရှိကြသည်။ ဖလံခုံဗိုလ်သည် ကွပ်ပျစ်ပေါ်၌ ဦးပုလေး ပါ မပါ ကြည့်သည်။ မပါ။ အိမ်ပေါ်ထပ်တွင် လမ်းလျှောက်နေသည်။ ဆင်းလာမည့်ဟန်မရှိ။

သို့အတွက် လက်ရင်းလူ ငါးယောက်ကိုခေါ်ပြီး တီးတိုးမှာသည်။ မှောင်ရိပ်ခိုပြီး အိမ်အောက်သို့ဝင်သည်။ နောက်ဖေးလှေကားမှ တက်သည်တွင် ဦးပုလေးသည် ဓားလွတ်ကိုင်ပြီး အိမ်ပေါ်မှခုန်ချသည်။ ဖလံခုံဗိုလ်လည်း ထက်ကြပ်မကွာ လိုက်လံခုန်ချငြား၊ သေနတ်ဖြင့်ပစ်ပြီး မှောင်ထဲသို့ ဝင်ရောက်သွားလေ၏။

အိမ်ထဲမှ သေနတ်သံကြားမှ ကုတင်ပေါ်မှလူများ ထကြွကြသည်။ တံခါးအကွယ်မှလူများ လှုပ်ရှားကြ၏။ သို့ရာတွင် သူတို့အားလုံးကို ဖလံခုံရဲမက်များက အုပ်စီးမိပြီ။

သေနတ်သံကြားသဖြင့် ကုလားတပ်တစ်တပ် ထွက်လာသည်။ ခုံမင်းကို အိမ်တွင်မတွေ့သဖြင့် မယားနှင့်သားမယား မြေးများကို ဖမ်းဆီးလာသော လှိုင်း၏တပ်နှင့် ကုလားတပ် ရင်ဆိုင်တိုးသည်။

လှိုင်းသည် ဖမ်းထားသူများကိုကား အလွတ်မခံ။ အခြားလမ်းမှ လှည့်ထွက်သည်။ ထိုသူများ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားတော့မှ ကုလားတပ်ကို ပြန်ပြီးတိုက်တော့သည်။ လူနေအိမ်ခြေများ၏ အကြိုအကြားလည်းဖြစ်၊ ညဉ့်ကာလလည်းဖြစ်သောကြောင့် ဓားရဲခုတ်တပ်သားများ ဓားစွမ်းလှသည်။

ကုလားဖြူ ကုလားနက်များက လက်နက်သာသည်။ စစ်ပညာသာသည် ပြောကြငြား၊ သည်ပွဲတွင်ကား ကုလား၏ သာလွန်သော သေနတ်က ကုလားကို မကယ်နိုင်။ ဓားရဲခုတ်များ မကပ်နိုင်စေရန် ဆုတ်လမ်းတစ်လျှောက်ရှိ အိမ်ရာများကို မီးတိုက်ကာ ထွက်ပြေးသွားလေသည်။

❀

## ၈

"စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်၊ နေရောင်မခံ ပန်းပျံပင်ဆင့်၊ မြေနှင့် ရန်ဖက် ခက်လက်စိမ်းမြ မိုးမခဘူး။ နွေလသန်ပေါက် ယဉ်ချိန်ရောက်ခါမှ နှင်းသောက်ကယ်ရွှင်ရွှင်၊ ပွင့်ဖူးတွေဆင်ကြသည်။ ရွှေပင်ဆင့်၊ ငွေပင်ဆင့်၊ ပတ္တမြားပင်ဆင့် ဂမုံးအင့်အဖက် ဆောင်းစက်ရိပ်ခို ရေတွက်လို့ဆိုတော့မည်"

ရနောင်တောကြီးအတွင်းမှ အုန်းမှုတ်တယောသံနှင့် တေးချင်းသံသည် နှင်းကြွေသံနှင့် ပြိုင်နေသည်။

"လက်တံတိုတစ်မည် လက်တံရှည်နှင့် နေရောင်ခြည် လရောင်ဝါ မိုးလုံးပြာ မိုးလုံးမှိုင်း၊ ပုလဲဆိုင်း ပုလဲနှစ် ချစ်စရာ လိပ်ပြာတောင်၊ နီလာရောင် တောင်လုံးမြိုင် သုံးပွင့်ဆိုင် ခိုင်လုံးဆန်း၊ ပင်လုံးလန်း နွဲ့တန်းယိမ်း၊ ညွှာတံစိမ်းများတို့ လေသိမ်းတိုင်းလှ ကိန္နရီ ကသည့်နှယ် တချို့က နီပြာပြာ၊ တချို့ ဖြူဝါဝါ၊ တချို့မှာ ချိပ်ပွင့်၊

တချို့မှာ ပန်းရင့်လို ပင်ဆင့်ပန်းပျံဘွဲ့ မည်ခံခြင်းတွင် ဝေယံနန်းမြင့်
ပန်းတိုင်းတင့်ဖို့"

"အိုအို ဘယ့်နယ်ရပ်ပစ်တာတုန်း ကိုယ်တော်ရဲ့"

ငလှိုင်းသည် ဝါးရေနွေးခွက်ကို သစ်ကိုင်းတွင် ခေါက်ကာ စဥ့်ပန်းကန်နှုတ်ခမ်းကို တုတ်ဖြင့်ခေါက်ပြီး စည်းလိုက်လျက် သီဆိုနေရာက မင်းသားအား အလောတကြီးမေးသည်။

မင်းသားမှာ တယောကိုချပြီး ဟိုပုတ်သည်ခတ်ဖြင့် အလုပ်များနေရာက "ဗိုလ်လှိုင်း အဆိုပျက်မှာစိုးလို့ အောင့်နေတာ။ အခုတော့ မခံနိုင်တော့လို့" ဟု သူ့လက်ငါးချောင်းကို ငလှိုင်း၏ မျက်လုံးအောက်သို့ ကပ်ပြ၏။ မှက်ကို ပွတ်ချေထားသဖြင့် သွေးချင်းချင်းနီနေ၏။

"မှက်ကိုး၊ ဟင်းဟင်း သခင်မရဲ့ ချောင်းဟန့်သံကြားလို့ တယောကို ချလိုက်သလားလို့ပါ"

"မဟုတ်ပါဘူးခင်ဗျာ။ ခင်ဗျားအသံထဲမှာ မျောပါနေပြီး တောကြီးထဲ ရောက်နေတယ်ထင်တာ"

"အနို့၊ ခုလည်း တောထဲပဲ မဟုတ်လား ကိုယ်တော်"

မင်းသားက အသံထွက်အောင် ရယ်မောရင်း အုတ်မှုတ်တယောကို ကောက်ကိုင်ရာက "ဇာတိအာဏာ စကြာလောကဆိုတဲ့ နက္ခတ်ကိုးခိုင် ကြားပါရစေ တစ်ဆိတ်" ဟု ဆိုသည်။ အသံစမ်းသည်။

ငလှိုင်းသည် နှင်းမှုန်ကြားတွင် ဝါးတားတားသာ တောက်ပနေသည့် ကြယ်တစ်လုံးကို ငေးကြည့်နေသည်။

"ဇာတိအာဏာ စကြာလောက ဝိသယခေတ် သုံးရစ်အတွင်း
လမင်းနှင့်နေ ကိုးထွေစဥ်လာ ကျီးတာရာနှင့်"

မင်းသား သူ့အတီးနှင့်သူ ကောက်ဆိုသဖြင့် ငလှိုင်းမှာ အသံထွက်အောင် ရယ်မောသည်။ "ကိုယ်တော်ကလည်း ရလျက်နဲ့" ဟု ပြောသည်။

"သည်အထိပဲရတယ် ဗိုလ်လှိုင်းရဲ့။ သူတစ်ပါးဆိုသံကိုလည်း သည်အထိပဲ ကြားဖူးလို့ တောင်းပန်နေသာ"

"ကောင်းပါပြီဗျာ၊ ကောင်းပါပြီ"

ငလှိုင်း အသံတည်ပြီး စတင်ဆိုလေ၏။

"ကျိုးတာရာနှင့် ဟသာ ပုဇွန် ရောင်ဝှန်ဝိုးဝင်း ဆင်မြင်းဥဗျိုင်း ပတ်ဆိုင်းလိုက်စ၊ ငှာဝီသမှာလည်း ကြက်ဖည်နှောင်၊ မယ်မောင် ဟသာ တံငါလင်မယား ကောင်းကင်ဖျားတွင် သီးခြား ကွက်မှတ် တာရာလတ်ကို တနံ့ရပ်နှင့်စေ ဝဲယာမှာ နေကြသည်"

တဲအတွင်း၌ မီးရောင်မရှိပါ။ ကြယ်ရောင်ပျပျဖြင့် ဟပ်လာသည့် အလင်းမှေးတွင် မင်းသား၏ မျက်လုံးများ တောက်ပနေသည်။ ငလှိုင်းသည် နားစွင့်၏။ သေနတ်ကို လှမ်းဆွဲ၏။ ထို့နောက် ဆက်ဆို၏။

"နှစ်ထွေခြောက်ဆယ် တာရာငယ်မှာကောင့်၊ ကြယ်ပုစဉ်းကောင် ကြာတောင် ရွှေခွက် လက်နက်လေးမြား ချွန်းသွားစက်ကြိုး မှဆိုးသမင် ချိန်ခွင်သံတူ တံငါဘူးကို တိမ်ဦးမိုးဝ မြူးကုန်ကြသော်လည်း၊ သာမ ယဇ ဣရုပညတ် ဗေဒင်ရပ်က နက္ခတ်ကိုးခိုင် မင်းကိုးပြိုင်တို့ ပင်တိုင်မှီခို ယာဉ်ကိုယ်စီနှင့် နောက်ဖီမကျန် ရှေ့မလွန်အောင် ကောင်းမွန်နေ့ည ခရမ်းရသည့်နှယ်၊ ဇဝနစိတ္တာ စကားစုဝါရသည်၊ ကဗျာပြုညာဏ် ရွှေနန်းရန်ကျွန်ကို ပုန်ကန်မည် မှုန်ဆန်မည် ဂုဏ်ခံမည် စိတ်ထွက်၍ မစရတက်ကြနှင့်၊ ရောင်လက် ဝိုးဝင်း တာရာတွင်းမှာ ရွှေနက္ခတ်မင်းပြုသလို"

မင်းသား များစွာ ကျေနပ်သည်။ တောင့်တသည့် အာဟာရတစ်ခုကို မှီဝဲရဘိသို့ ကျေနပ်စွာဖြင့်တယောကိုချသည်။ သို့သော် ကျီစယ်လိုသေးသည်။

တိုးလိုးတန်းလန်းကြီးပါကလား ဗိုလ်လှိုင်းရ"

"အေး လာပြီ ကိုယ်တော်၊ အသံကပ်လာပြီ"

မင်းသား တိုးညှင်းစွာ ရယ်မောဆဲတွင် လှိုင်းသည် သေနတ်ဆွဲလျက် နောက်ဆုတ်ထွက်ခဲ့သည်။

အဆို၊ အတီးနှင့် ကင်းကွာနေခဲ့ရသဖြင့် လှိုင်း ညလုံးပေါက်ဆိုချင်ပါသည်။ သို့ရာတွင် ဦးပုလေးကို မထိမိုမြင် ပြုရ၍မရပေ။ သူ့ကိုမမိမချင်း အန္တရာယ်ကြီးလှသည်။

အခြားအလိုတော်ရိများထက် ဦးပုလေးရန်က ကြီးလှသည်။ သူ့တွင် မှိုခိုကပ်ရပ်နေသည့် တပည့်တပန်းပေါသည်။ မိမိတို့ သည်ရနောင်တောတွင်း ရောက်နေသည်ကို သူ သိကောင်းသိနိုင်လောက်ပြီ။ သူ့ကိုဖမ်းရန် ကြိုးစားသော မိမိတို့အား လက်စားချေမည်မုချ။

လှိုင်းသည် ကင်းဗိုလ်ထွန်းနှင့် ရဲမက်ငါးယောက်ကိုခေါ်ကာ ရှေ့ကာကင်းသို့ထွက်လာသည်။ ရှေ့ကာကင်းသည် ကမူထိပ်တွင် မီးဖိုကြီးဖိုထားစေကာမူ မီးဖိုဘေး၌ လူမနေ။ မီးဖို၏နောက် ခဲတစ်ပစ်ကွာတွင်သာ လူနေသည်။ သို့လျှင် သတိထားပြီး ဆောင်ရွက်ပါလျက် "ကင်း နိုးကြားရဲ့လား" မေးပြီး ချဉ်းကပ်အသွားတွင် "နိုးကြားလျက်ပါဗျား" ဖြေသံနှင့်အတူ သစ်ပင်အကွယ်မှ လုံစွပ်တစ်ချောင်း ထွက်လာသည်။ လှိုင်း၏ရင်ဝသို့ ပြေးလာသည်။

'ဟာ ရန်သူ လက်ဦးပါပကော....'

သည်အသိနှင့်အတူ လှိုင်းထိုင်ချကာ လုံစွပ်ကို သေနတ်ဖျားနှင့် ရိုက်ထုတ်သည်။ ရန်သူ့လုံစွပ် ချော်ထွက်သွားငြား လှိုင်းမှာ ဆောင့်ကန်ခံရသည်။ အကန်ခံရသဖြင့် လိမ့်သွားခြင်းသည် လွတ်လမ်းဖြစ်၏။

ကန်အားအမှန်သည် တုံးလုံးလဲရုံသာရှိ၏။ လှိုင်းက လွတ်ရာသို့ရောက်အောင် သုံးလေးလိမ့် လိမ့်သည်။ သူထရပ်သောအခါ ဓားကို ဆွဲချွတ်ပြီးဖြစ်၊ ရန်သူကို ဓားဦးဖြင့်ထိုးသုတ်ကာ ခုန်ဆုတ်ပြီးဖြစ်သွားပေ၏။

"ရန်သူဟေ့ ရန်သူ၊ ကျားဘသား ကျား"

**ပုဂံစာအုပ်တိုက်**

ကင်းဗိုလ်ငထွန်းနှင့် ငလှိုင်းတို့ ပြိုင်တူအော်ကြသည်။

ရန်သူသည် လေးဖက်လေးတန်မှ ဝိုင်းထားပြီးဖြစ်သည်။ နံနက်လင်းခါမှ အေးဆေးစွာ သတ်ဖြတ် ဖမ်းဆီးရန် အေးအေးလူလူ စောင့်နေခြင်း ဖြစ်ချေသည်။ မမျှော်မှန်းသောအရာ ရုတ်တရက် ဖြစ်လာသောအခါ ကင်းမီးပုံရှိရာသို့ ပစ်ခုတ်ဝင်ရောက်လာတော့သည်။

ငလှိုင်းတို့အား ဖမ်းဆီးသူများမှာ အနီးကပ်မို့ သေနတ်မသုံးနိုင်။ မှောင်ကြီးမည်းကြီးထဲတွင် အချင်းချင်းထိကုန်မည်စိုး၍ မပစ်ရဲ။ သည်အချက်သည် ငလှိုင်းတို့အတွက် အချက်ကောင်းဖြစ်သည်။ မှောင်ထဲဝင်ပြေးလိုက်၊ လှုပ်လှုပ်ရွရွဖြစ်နေရာသို့ ခုန်ဝင်ကာ ခုတ်လိုက်ဖြင့် ဟန်ကျနေသည်။

သေနတ်သံများ လေးဖက်လေးတန်မှ ဆူညံလာသည်။ ငလှိုင်း မနေသာတော့ပြီ။ မင်းသားနှင့် ကြင်ယာတော်တို့ စံမြန်းရာ ယာယီတဲနန်းသို့ ဦးတည်ပြေးခဲ့ရတော့သည်။

"ကိုယ်တော် ကိုယ်တော်၊ ရန်သူဘုရား ရန်သူ"

မင်းသား၏ကြင်ယာတော်တွင် အလုပ်အကျွေး နှစ်ယောက်သာ ပါသည်။ သူတို့သည် ယှငင်စရာများကို ထုပ်ပိုးလျက် မင်းသားနောက်မှ ပါလာသည်။ မင်းသားသည် ဓားတစ်ဖက်၊ ကြင်ယာကိုတစ်ဖက် ဆွဲလျက် အင်ပင်ကြီးဘေးမှ အသံပေး၏။

"ဗိုလ်လှိုင်း၊ ကျုပ်တို့သည်မှာ"

"မြောက်ဘက်ကို ဆုတ်ကြစို့ဘုရား"

သစ်တုံးကြီးတွေ၊ ကျောက်တုံးကြီးတွေသည် မင်းသားတို့အား ရန်သူ့ကျည်ဆန်မှ ကာကွယ်ပေးနေသည်။

ပတ်လည်ချထားသော ကင်းအများစုမှာ အစီးနင်းခံရပြီးဖြစ်သည်။ ကင်းအားကိုးဖြင့် စိတ်ချလက်ချ နားနေအိပ်စက်ဆဲ တပ်မမှ ရဲမက်များ အတိုက်ခံရသည်။ ကသီကရိခုခံရင်း ဆုတ်ခွာကြရသည်။ သို့ရာတွင်

ငလှိုင်း၏ တပ်သည် မဆုတ်ခွာ။ မင်းသားကို ရံဝန်းလျက် အကာအကွယ် ပေးရင်း ပါလာသည်။

ငလှိုင်း၏ ရဲမက်များသည် တိတ်ဆိတ်စွာ လိုက်ပါလာသည်။ အကြောင်းမရှိဘဲ အသံကြားရာသို့ ပစ်ခတ်နေလျှင် မိမိတို့နေရာကို ရန်သူ သိသွားနိုင်သည်။

စခန်းမှ တစ်ခေါ်သာသာဝေးခဲ့ပြီး ပစ်ခတ်သံများ မစဲသေး။ မနီး မဝေးမှ ခြေသံများ တောတိုးသံများ ကြားရသည်။ ရန်သူလော၊ ဘက်တော် သားလော။ နှစ်ခုလုံး ဖြစ်နိုင်သည်။

ရန်သူသည် တောကျွမ်းနယ်ကျွမ်းသော ဦးပုလေးဖြစ်သည်။ ဆုတ် လမ်းသာသည့်ဘက်သို့ သူဦးစီးပြီး လိုက်လာခြင်း မဖြစ်နိုင်သလော။

လှျို့တွင်းမှတက်လျှင် ရှေ့တွင် လွင်။

ရန်သူသည် ကြိုတင်စောင့်ဆိုင်းနေရာ၏။ သို့အတွက် ငလှိုင်းသည် ကင်းစုကိုလွှတ်လိုက်သည်။ ထင်သည့်အတိုင်း ဝိုင်းဝန်းပစ်ခတ်၏။ ကျည် တစ်တောင့်သည် မထင်မှတ်ဘဲ မင်းသားတို့ဘက်သို့ ရောက်လာ၏။

"မောင်တော် မောင်တော်"

ကြင်ယာတော်သည် ထိတ်လန့်တကြားအော်လျက် မင်းသား၏ လည်ကိုဖက်သည်။

"နှမတော် ဘယ်ကိုထိသွားသတုန်း"

ကြင်ယာတော် ဖြေရန်မလို။ နားထင်မှ သွေးလျှဉ်ကြီး စီးကျလာ သည်။ တစ်ပြိုင်နက်တည်းပင် ကြင်ယာတော်၏ ဖက်သောလက်များ ပြုတ် ကျသွားလေ၏။

ပြင်းထန်ကျယ်လောင်သော တောက်ခေါက်သံကြီးပေါ်လာသည်။ ကြင်ယာတော်အလောင်းကို အသာအယာချထားလိုက်ကာ၊ မင်းသားသည် ဓားဆွဲပြီး ထရပ်၏။

**ပုဂံစာအုပ်တိုက်**

"အရှင်မင်းသား၊ သည်တောထဲမှာ ကျွန်တော့်တပ် တစ်တပ်ပဲ ကျန်ခဲ့ပါသယ်၊ ဒေါသထိန်းတော်မူပါ"

လက်ကိုကိုင်ပြီး ငလှိုင်း မရဲတရဲတောင်းပန်သည်။ မင်းသားပြန်ထိုင်ကာ၊ ကြင်ယာတော်ကိုမြှုပ်နှံရန် ဆောင်ခြင်းမျှ ဖြစ်ပင် ကျင်းတူးကြသည်။ လွင်ကိုကွေ့ပတ်ပြီး ထွက်လာကြချိန်ဝယ်၊ ခုနစ်စဉ်ကြယ်ပြောင်သည် အမြီးကောက်နေပြီ။

ငလှိုင်း၏တပ်မှာ လူခုနစ်ကျိပ်သာ ကျန်တော့သည်။ သို့သော် အရှုံးထဲမှ အမြတ်အဖြစ်ကား သေနတ်ငါးလက်ရလိုက်သည်။ သူတို့သည် မိုးလင်းစတွင် ယင်းတော်တောသို့ဝင်မိသည်။

ယင်းတော်တော၌ ဗိုလ်လွမ်းရှိသည်။ သူသည် မင်းသား၏လက်ရင်း ဗိုလ်တစ်ဦးဖြစ်သည့်အတွက်၊ စိတ်ချနားနေနိုင်သည်။ ကစဉ့်ကလျားဖြစ်သွားသော တပ်များကို ပြန်လည်စုစည်းနိုင်သည်။ ထန်းတောကြီး ကန်တောင်ဘုံသာရှိတပ်များသို့ အချိန်မီ အကြောင်းကြားနိုင်သည်။

သို့ရာတွင် မင်းသားမှာ အေးဆေးစွာနေခွင့်မရ။

ဆွမ်းခံဝင်ချိန်ခန့်တွင် တောစပ်မှ သေနတ်သံများ ပေါ်လာသည်။ အိပ်ပျော်နေရာမှ မင်းသား ခုန်ထပြီး သေနတ်ကို ဆွဲသည်။ ဗိုလ်လွမ်း အပြေးအလွှား ရောက်လာသည်။

"အရှင့်သားရေ့၊ မောင်ပုလေးကတော့ ကုပ်ကောင်းလို့ ခားတောင်းနေပြီ။ သူက တပ်ဖျားက ပါလာသာဘုရား"

မင်းသား၏ မျက်နှာတွင် ကြင်ယာတော်အတွက် လွမ်းရိပ်ဆွေးရိပ်များ မရှိတော့ချေ။ ဒေါသခိုးများ ဝေမှိုင်းနေသည်။

"သည်လူပျက်ကို ကိုယ်တော်တိုင် သုတ်သင်မယ်"

ထိုစကားကို ငလှိုင်းလက်မခံ။

"သည်လူမျှကို အရှင့်ခားနဲ့ မတန်ပါဘူး။ ကျွန်တော်မျိုးတာဝန်

ထားတော်မူပါ။ အရှင်မင်းသားသာ ဘေးကင်းရာ ဘုံသာရွာဘက်ကို ခွာတော်မူနှင့်ပါ။

သို့ရာတွင် ထိုစကားကို ဗိုလ်လွမ်းက ဖယ်ရှားသည်။

"ကျုပ်တို့သခင် ဘေးကင်းဖို့က ပိုပြီးအရေးကြီးပါသယ်ဗိုလ်လှိုင်း။ ကိုယ်တော်လေးနဲ့ထက်ကြပ်မကွာ ခင်ဗျားလိုက်သွားပါ။ မောင်ပုလေးတာဝန်ကို ကျုပ် 'တာ' ထားစမ်းပါ။ ကဲ ငတောက်နဲ့ ငါးယောက် လမ်းပြလိုက်"

ရဲရောင်သန်မာသော ရဲမက်ငါးယောက်သည် သေနတ်တစ်လက်၊ ဓားငါးစင်းဖြင့် အပြေးအလွှား ရောက်လာကြသည်။

"အရှင်မင်းသား ကြွတော်မူပါ။ အရှင့်ခြေရင်းကို ကျွန်တော် ရောက်လာရင် မောင်ပုလေးသေပြီ မှတ်တော်မူပါ။ မောင်ပုလေးမသေရင် ကျွန်တော် ဆုံးပြီ မှတ်တော်မူပါ"

ဗိုလ်လွမ်းသည် သေနတ်သံများ နီးကပ်လာသည့်ဘက်သို့ ဦးတည် ထွက်သွားစဉ်ဝယ်၊ မင်းသားနှင့် ဗိုလ်လှိုင်း၏တပ်သည် သေနတ်သံများကို ကျောခိုင်းလျက် ထွက်ခွာလာခဲ့ကြလေ၏။

ဘုံသာရွာသို့ ရောက်ခါနီးတွင် အပြေးအလွှား စစ်ကူလာသော ဗိုလ်ခန့်၏တပ်နှင့်တွေ့သည်။ ယင်းတော်၊ ရနောင် ထရံကာတစ်ဝိုက်မှ စုဆောင်းရရှိထားသော ငါးထောင်တပ်ကြီးသည် ဓားလှံတဝင့်ဝင့် သေနတ် တမြောက်မြောက်ဖြင့် ရန်သူကို တောင့်တနေကြ၏။

ဗိုလ်ခန့်၏တပ်နှင့် အတွေ့တွင်ကား၊ မင်းသားရော၊ ငလှိုင်း၏တပ်ပါ အေးဆေးစွာ နားနေနိုင်ပြီ။ သို့တစေ မင်းသားသည် အမောပြေရုံသာ ပြေသည်။ ထို့နောက် ထထိုင်သည်။

"ဟေ့ ဗိုလ်ခန့်ရ၊ ကိုယ်တော် လက်နက်စွဲကိုင်တာဟာ မိစ္ဆာဒိဋ္ဌိ မသမာကောင်တွေကို တိုက်ခိုက်ဖို့ကွယ့်။ အခုလို ထွက်ပြေးနေဖို့မဟုတ်ဘူး"

"လူသူလက်နက် အသင့်ပါပဲ ကိုယ်တော်"

**ပုဂံစာအုပ်တိုက်**

ထိုအခါတွင် ငလှိုင်းက ကြားဝင်ရ၏။

"အရှင်မင်းသားရဲ့ အလိုတော် မကြာခင် ပြည့်ဝပါစေမယ်။ ကျွန်တော် ဒေသခံ ဗိုလ်မင်းတွေနဲ့ တိုင်ပင်စီစဉ်ပါ့မယ်။ လောလောဆယ်မှာ သည်နေရာမှာ တပ်ချဖို့ သင့်မသင့် စိစစ်တော်မူပါ"

"မကောင်းလှဘူး ဗိုလ်လှိုင်း"

ဗိုလ်ခန့်၏အဖြေဖြစ်သည်။

"တောင်ကောက်ကမှ အရပ်အနေသင့်ပါတယ်။ ရေ့ကာတပ်ကို 'ကန်တောင်'မှာ ထားရင် ရန်သူထိုးဖောက်လို့ မရပါဘူး"

သို့ကြောင့် မင်းသားသည် 'တောင်ကောက်' သို့ ခရီးဆက်ရန် ပြင်ဆင်သည်။ညနေစောင်းတွင် ဗိုလ်လွမ်း၏တပ်မှ အကြပ်များ၊တပ်သားများ တဖွဲဖွဲ ရောက်လာသည်။ ဗိုလ်လွမ်း မပါသဖြင့် ဦးပုလေး လက်ချက်ဖြင့် ကျဆုံးပြီ ထင်မှတ်နေကြ၏။ သို့သော် ဗိုလ်လွမ်းမကျပါ။ ဦးပုလေး ဆောင်းသော ဦးထုပ်နှင့် ဓား၊ ပြောင်းတိုသေနတ်တို့ကို ယူလျက် မောကြီးပန်းကြီး ရောက်လာကာ မင်းသားကို ဆက်သ၏။

မင်းသား ကျေနပ်သွားပြီ။ သူ့ကြင်ယာတော်၏ အသက်ကိုခြွေသော အမျိုးသားသစ္စာဖောက် ပျောက်ကွယ်သွားပြီဖြစ်သဖြင့် ရွှေမျက်နှာတော် ကြည်လင်လာသည်။ တောင်ကောက်သို့ အရောက်တွင်ကား ရနောင်တောထဲ၌ ကျန်ရစ်ခဲ့သည့် သူ့အုန်းမှုတ်တယောကို ပြန်လည်တမ်းတသည်အထိ ရွှင်ကြည်လာတော့သည်။

ငလှိုင်းကား မင်းသားအပါးတွင် ကြာကြာမနေ။ နေမိလျှင် တီးမှုတ်၊ သီဆိုမိတတ်သဖြင့် စိတ်ဓာတ်ပျော့ညံ့မည်၊ စစ်ရေးလစ်ဟင်းမည်စိုးရိမ်သည်။ အခြားတစ်ကြောင်းမှာကား ရန်သူအား ထိုးရန် ဗိုလ်ခန့်၊ ဗိုလ်လွမ်းတို့နှင့် စီစဉ်နေရသောကြောင့် ဖြစ်သည်။ သည်ကိစ္စအတွက် ဗိုလ်လွမ်းက သူကျွမ်းသော ဝမ်းတွင်းကိုရွေးသည်။

)

ဝမ်းတွင်းတွင် မြို့ခံတပ်လည်း ရှိသည်။ ဗိုလ်စံမင်း၏ တပ်ရှိသော အိုင်သာသို့သွားမည့် ကုလားတပ်လည်း ရောက်နေသည်။ သို့အတွက် နေဝင်ဖြိုးဖျတွင် လှိုင်းနှင့် ဗိုလ်လွမ်း၏တပ်များသည် ဝမ်းတွင်းတွင် တပ်စွဲထားသည့် ရန်သူ့တပ်နှင့် ညှိသည်တပ်ရှိရာသို့ ချဉ်းကပ်လာသည်။

အိုင်သာသို့သွားမည့် ရန်သူမှာ အားကြီးလှသည်။ ကုလားဖြူ ကုလားနက် သုံးရာရှိသည်။ အမျိုးသား သစ္စာဖောက်များနှင့် ဖွဲ့စည်းထားသော လဲဗျီးတပ်မှာ တစ်ထောင်ခန့်ရှိသည်။ မည်သို့ရှိစေ၊ လှိုင်း၏လူများသည် ကုလားတပ်အနီးတွင် လူခွဲလျက် မှောင်ရိပ်ခိုကာ စောင့်ဆိုင်းနေကြသည်။

ဗိုလ်လွမ်း၏တပ်က စတင်ပြီး တိုက်ပွဲဆင်သည်။

အော်သံဟစ်သံများ၊ ညာသံများ၊ သေနတ်သံများ လျှံသည်။ မကြာမီ မီးတောက်ကြီး ပေါ်လာတော့သည်။ မြန်မာရဲမက်များက ရန်သူ့အဆောက်အအုံကို မီးတင်ရှို့ခြင်းဖြစ်မည်။

လာပြီ။ လှိုင်းတို့စောင့်နေသော သားကောင်များ လှုပ်ရှားလာပြီ။ စစ်ကူပေးရန် ရန်သူတစ်အုပ် အပြေးတက်သည်။ မှောင်ထဲမှ သေနတ်များက ပြေးသော ခြေထောက်များကို ရိုက်ချိုးသည်။

သေနတ်သံလာရာသို့ ရန်သူက ပြန်လှန်ပစ်ခတ်သည်။ ထိုအခိုက်တွင် လှိုင်းဦးဆောင်သည့် ဓားရဲခုတ်များ ရုတ်ချည်းပေါ်လာသည်။ သည်မျှကြီးမားသောတပ်ကြီးကို မြန်မာတို့ သိဝံ့မည်မထင်ခဲ့သော ရန်သူ အငိုက်မိသည်။ ဓားရဲခုတ်မှာ နှစ်ကျိပ်မျှသာရှိသဖြင့် လူမှားမည်မစိုးရ။ မည်းမည်းမြင်သမျှကို ဓားစာကျွေးသည်။ ရရာမိရာကို ဆွဲယူပြီးလျှင် အမှောင်ထဲသို့ ပြန်လည် လျှိုးဝင်ခဲ့ကြသည်။

မိဋ္ဌာဒိဋ္ဌိ ဓားပြများမှာ သည်ပွဲတွင် နာလည်းနာ၏။ ရှက်လည်းရှက်၏။ ရှက်ရခြင်းမှာ အရေးပိုင် မစ္စတာစကော့ကိုယ်တိုင် ဦးစီးလာသော

တပ်ကို ပိုင်ပိုင်ကြီး တိုက်ခိုက်သွားသည့်အတွက် ဖြစ်သည်။

စကော့သည် အိုင်သာသို့သွားမည့် အစီအစဉ်ကိုဖျက်သည်။ မည်သူ့တပ်တွေနည်းဟု စုံစမ်းသည်။ ကြည့်မြင်တိုင်မင်းသား၏တပ်။ ထိုမင်းသားမည်သည့်အရပ်၌ တပ်စွဲထားသနည်း။ တောင်ကောက်မှာ။

တောင်ကောက်သို့ အမြန်ဆုံးရောက်နိုင်သောလမ်း၊ ပြေပြစ်သောလမ်းကို ဆက်လက်စုံစမ်းပြန်သည်။ ထိုလမ်းမှာ 'ကန်တောင်'ကို ဖြတ်ရမည့်တစ်လမ်းသာရှိသည်။ ထိုလမ်း၌ ဗိုလ်ခန့်၏တပ်နှင့် ဗိုလ်စံမင်း၏တပ်များရှိသည်။ နှစ်တပ်ပေါင်း လူအင်အားလေးထောင်။

စကော့သည် သူ၏လူတစ်ထောင်အင်အားကို အားမကိုးချေ။ သည်အထဲမှ အများစုမှာ လဲဗျိုးတွေဖြစ်သည်။ သူတို့မှာ အနယ်နယ်အရပ်ရပ်မှရပ်အော့ရှာအော့၊ အော့ကြောလန် ကြမ်းပိုးသူခိုးများဖြစ်သည်။ အင်္ဂလိပ်ပေးသော ဘောင်းဘီကို ဝတ်ရခါမျှဖြင့် သွေးကြွပြီး မီးကျိုးမောင်းပျက်သေနတ်ကို ဝရဇိန်လက်နက်အထင်ဖြင့် ရမ်းကားသော့သွမ်းသူများဖြစ်ရာစကော့ အထင်သေးသည်။

သူသည် သူ၏ ကုလားဖြူ ကုလားနက်များဖြင့် ဖွဲ့စည်းထားသောကုမ္ပဏီတပ် သုံးတပ်ကိုသာ အားထားသည်။ သည်သုံးတပ်မှာ ပြည်ချစ်၊ မျိုးချစ်၊ မြန်မာတို့၏ လေးယောင်ဟပ်၏ အဖိကို ခံနိုင်ဖွယ်မရှိ။ သေနတ်ဖြင့်မပစ်၊ ဓားဖြင့်မခုတ်ဘဲ ကျောက်ခဲနှင့်ထုရုံမျှဖြင့် ကုမ္ပဏီသုံးတပ် ပျောက်သွားနိုင်သည်။

ထို့ကြောင့် စကော့သည် အမျိုးယုတ်များကို ရှာဖွေရသည်။ တစ်ရက်အကြာတွင် ဆွေစဉ်မျိုးဆက်ကအစ ယုတ်ညံ့သော မြန်မာပျက်နှစ်ယောက်သည် စကော့၏ရှေ့တော်မှောက်သို့ ဒူးထောက်ရောက်ရှိလာ၏။

သူတို့က 'တောင်ကောက်' သို့ လမ်းပြပေးမည်။ ညဥ့်တွင်းချင်းရောက်စေမည်ဟု အာမခံသည်။ ကန်တောင်ရှိ မြန်မာတပ်များနှင့်လည်း

မတွေ့စေရပါဟု ထပ်ဆင့် အာမခံပြန်သည်။

ကြည်မြင်တိုင်မင်းသား တောင်ကောက်တွင် တပ်တည်သောအခါ 'ပုဆိုးတောင်' တောမှ ရွှေဓားဗိုလ်ဦးမင်းပို ရောက်လာသည်။ သို့ရာတွင် ရန်သူ ဤမျှ လျှင်မြန်စွာ ရောက်လာလိမ့်မည်မထင်။ ကန်တောင်ရှိ တပ်များကို တိုးဖေ့နိုင်မည်လည်း မထင်သဖြင့် အေးဆေးစွာ ပြန်သွားသည်။

ဦးမင်းပို ပြန်သွားသည့်နေ့၏ ညတွင်ပင် ရန်သူသည် ဗိုလ်လွမ်း၏ တပ်နှင့် ငလှိုင်း၏တပ်ကို လာရောက်ဝန်းရံတော့သည်။ သည်တစ်ပွဲတွင်ကား ငလှိုင်းလည်း မအုပ်စီးနိုင်။ မျက်နှာသစ်ရန် စမ်းချောင်းသို့အဆင်းတွင် ရန်သူ့ ကျည်ဆန်များက ကြိုဆိုသဖြင့် ပြန်ပြေးရသည်။

မင်းသားလည်း သေနတ်ကိုဆွဲလျက် အသင့်ဖြစ်နေပြီ။ အနီးဆုံး တောနှင့် အနီးဆုံးစစ်ကူမှာ ပုဆိုးတောင်ဖြစ်သည်။ မင်းသားနှင့် ငလှိုင်း၏ တပ်သည် ပြန်လှန် ပစ်ခတ်ရင်း ထိုးဖောက်ထွက်သည်။ ဗိုလ်လွမ်း၏ တပ်ကား ဆုတ်ခံခံပြီး ပစ်လိုက်၊ ချုံခိုပြီးတိုက်လိုက်ဖြင့် ရန်သူကို ဟန့်တား ပေး၏။

ရွှေဓားဗိုလ်သည် ကင်းသမားများထံမှ သတင်းရလျှင်ရချင်း အပြင်း ချီတက်လာခဲ့၏။ တောင်စောက်တွင် မင်းသား၏ တပ်များနှင့် တွေ့ကာ၊ ခုခံရေး အစီအစဉ်ကို အလျင်အမြန် ခန့်ခွဲသည်။ ကန်တောင်ရှိ တပ်များ သို့လည်း ခြေမြန်လွှတ်သည်။

စကော့သည် ကြည့်မြင်တိုင်မင်းသားအား အပြီးအပြတ် ချေမှုန်းမည် စိတ်ကူးဖြင့် မြင်းဆွဲအမြောက်နှစ်လက်ပါ သယ်ဆောင်လာသည်။ ဝမ်းတွင်း တွင် သူတို့နှစ်နာဆုံးရှုံးရသည်ကို အခဲမကျေ။

သို့ကြောင့် မင်းသားတွင် အင်အားပြန်လည် မပြည့်ဝမီ၊ အားယူခွင့် မပေးဘဲ တရကြမ်း တောနင်းပြီး တပ်ဖြန့်လိုက်လာသည်။ တောင်စောက်တွင် မင်းသား စောင့်ဆိုင်းပြီး ခုခံလျှင်လည်း လူအနည်းငယ်သာဟု စကော့

ထင်သည်။ မြေမျက်နှာပြင် တဖြည်းဖြည်းမတ်စောက်လာသဖြင့် ခါးကုန်းပြီး သွားရသော တောနက်ကြီးထဲသို့ ဝင်လာသည်။

လူလည်းပန်း၊ မြင်းလည်းပန်းပြီ။ ခေတ္တနားနေရန် အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကျောက်တုံးကြီးတွေ လိမ့်ဆင်းလာ၏။ပြေးကြလွှားကြ၊ အော်ကြဟစ်ကြ၊ ရှောင်ကြတိမ်းကြနှင့် ငြိမ်သက်သာယာသော တော ပျက်ခမန်းဖြစ်၏။ မြင့်မြတ်စင်ကြယ်သော တောင်စောက်တော၏ မြေပြင်မှာ သူယုတ်တို့၏ သွေးလွှမ်း၏။ သူယုတ်တို့၏ အရိုးအသားများကြောင့် နိမ့်ကျယုတ်ညံ့သော မြေဖြစ်သွားလေ၏။

အရေးပိုင်စကော့မှာ နားနေရန် သတိမရတော့ပါ။ ချက်ချင်း တောင်စောက်တောကို ဝိုင်းဝန်းတိုက်ခိုက်တော့သည်။

ကျောက်တုံးကြီးတွေ လိမ့်လိမ့်ချနေသောနေရာကို စကော့လိုချင်သည်။ သည်နေရာကိုရလျှင် မြန်မာတွေ ပြေးမည်။ သို့အတွက် အမြင့်တက်ကျွမ်းကျင်သော တပ်ကို လွှတ်သည်။ မတက်ရမီပင် သေနတ်သမားများနှင့် တွေ့သည်။ ဓားရဲခုတ်တပ်သားများက ဓားစမ်းသွားသည်။

မြင်းဆွဲအမြောက်နှစ်လက်သည် မြေမာမြေပြန့်သို့ရောက်လာသည်။ အကာအကွယ်ကောင်းများကို ပစ်ခတ်ဖြိုဖျက်သည်။ခြောက်ချက် ပစ်အပြီး၌ ရပ်စဲသည်။ လုံ့စွပ်တပ်ကုလားများ ပြေးတက်သည်။ တင်းတောင်းကြီးတွေ၊ ပုတ်လတ် ပုတ်ကြီးတွေ ပြေးဆင်းလာပြန်သည်။

အမြောက်နှစ်လက်ဖြင့် ထပ်မံ ပစ်ခတ်ပြန်သည်။ ဆယ်ချက်ဖြင့် မရပ်၊ ဆယ့်ငါးချက်ဖြင့် မနား။ တစ်တောလုံး သိမ့်သိမ့်ခါသည်။ ယမ်းခိုး ယမ်းငွေ့များ တောတောင်ကိုဖုံးသည်။

အမြောက်သံ စဲသွားပြီ။

လုံ့စွပ် တဖွေးဖွေး၊ သွား တဖြဲဖြဲနှင့် ကုလားနက်တွေ၊ ချည့်နဲ့ ပိန်လှီသော လဲဗျိုးတွေပြေးတက်လာလိမ့်မည်ဟု မြန်မာတို့မျှော်လင့်၏။

ရောက်မလာကြပါ။ အမြောက်တွေကို နောက်ပြန်လှည့်သည်။ ကုလားနက်၊ ကုလားဖြူ ဓားပြတွေ နောက်ကြောင်းပြန် ဦးတည်သည်။

ကျည်ဆန်ကုန်သောကြောင့် ဆုတ်ခွာခြင်းဖြစ်သည်။ လုံ့စွပ်ရှိပါလျက် မတိုက်ရဲခြင်းမှာ ဓားအားကိုးသော မြန်မာတို့၏ အထင်သေးစရာဖြစ်၏။ ကျည်ဆန်ရှိမှ သတ္တိရှိသည် ဝန်ခံရာလည်း ရောက်၏။

သို့ရာတွင် ကျည်ဆန်ကုန်သောကြောင့် မတိုက်ရဲ၍ ဆုတ်ခွာခဲ့သော အရေးပိုင်စကော့မှာ မတိုက်ဘဲမနေရပါ။ ကန်တောင်မှ စစ်ကူလာသော မြန်မာမျိုးချစ်ရဲမက်များနှင့် တွေ့တော့သည်။ ကျည်ဆန်ရှိမှ တိုက်ရဲသော ဓားပြကုလားဖြူများနှင့် ကုလားဖြူများ၏ နောက်လိုက် ကုလားနက်များအတွက် လုပ်စရာအလုပ်မှာ ကစဉ့်ကလျား ထွက်ပြေးခြင်းပေတည်း။

မင်းသားသည် ရွှေဓားဗိုလ်ဦးမင်းပို၏ ပုဆိုးတောင်တောတွင် တပ်တည်ရန် စိတ်ကူးထားငြား ထိုအကြံကို ပယ်လိုက်ရ၏။ ကုလားသည် စိတ်မကျေပွဲအဖြစ် ထပ်မံရောက်လာနိုင်သည်။ ထို့အပြင် ယခုတစ်ကြိမ်ကဲ့သို့ ကျည်ဆန်ကုန်၍ ဆုတ်ခွာရသည့် အဖြစ်မျိုးလည်း အဖြစ်ခံဖွယ်မရှိ။

မင်းသားသည် ဗိုလ်လွမ်း၊ ဦးမင်းပိုတို့နှင့် တိုင်ပင်သည်။ မည်သည့်နေရာသည် အရပ်အနေကောင်းမည်နည်း။

ရွှေကျောင်းကုန်း။

အကယ်၍ ရန်သူရောက်လာဦး၊ မလှမ်းကမ်းတွင် ထုထည်ကောင်းသည့် တံတိုင်းများ ကာရံထားသော စေတီကြီးတစ်ဆူ ရှိသည်။ တောကြီးသာခေါင် မဟုတ်ငြား အရိပ်အာဝါသ ကောင်းသည်။

အမှန်ပင် စကော့သည် အခဲမကျေပါ။

ဝမ်းတွင်းတွင် သူ့တပ် နာသွားခြင်းနှင့် တောင်စောက်တွင် မရှုမလှ ကျဆုံးရုံမက ဆုတ်ခွာ၍လည်း လာရသေးသည်။ သည် ကြည့်မြင်တိုင် မင်းသား မသေသရွေ့ မီးကုန်ယမ်းကုန် တိုက်မည်။ သို့ဖြင့် တောင်စောက်

တောသို့ တပ်ကြီးချီကာ ထွက်လာပြန်သည်။ မတွေ့။ မင်းသား မည်သည့် နေရာသို့ ရွှေ့သွားပြီနည်း။

စကော့၏တပ်များသည် ခြေရာကောက် စုံစမ်းကာ ဝမ်းတွင်းသို့ လာသည်။ ဝမ်းတွင်းမှ ငါးတိုင်ဝေးသည့် ရွှေကျောင်းကုန်းသို့ တစ်တန် လာရပြန်သည်။ ဗိုလ်လွမ်း၏တပ်၊ မိတ္ထီလာသူကြီး ဦးဖေ၏တပ်၊ ရွှေဓားဗိုလ် ဦးမင်းပို၏တပ်၊ ငလှိုင်း၏ တပ်များသည် ကင်းအထပ်ထပ်ချပြီး အင်အား ဖြည့်တင်းနေသည်။

ရွှေကျောင်းကုန်းနှင့် တစ်တိုင်ခန့်ကွာသော သနပ်ခါးတောမှစတင်ပြီး တိုက်ပွဲ စတင်ဖြစ်ပွားတော့သည်။ ချုံနွယ်ပိတ်ပေါင်း မထူထပ်၊ မြင်သာ ထင်သာ ရှိသောကြောင့် ဓားရဲခုတ်တပ်သားများ မဝင်သာ။ သေနတ်ချင်း ယှဉ်ရသောအခါ မျိုးချစ်ပြည်ချစ်ရဲမက်များ တရွေ့ရွေ့ ဆုတ်ရသည်။

ရွှေကျောင်းကုန်းဘုရား တံတိုင်းအတွင်း၌ မင်းသားကိုယ်တိုင် ကြီးမှူး စောင့်ဆိုင်းနေသည်။ ရန်သူသည် ဘုရားတံတိုင်းအတွင်းသို့ တရကြမ်း ဝင်တိုက်သည်။ သည်အခါတွင်ကား ဓားရဲခုတ်တပ်သားများနှင့် ရန်သူ လုံးထွေးနေသည်။ ရန်သူ ချက်ချင်း ပြန်လည်ခွာသွားသည်။

ရန်သူ ခွာသွားသည့်အခိုက်၊ မြန်မာရဲမက်များ အလျင်အမြန် ခွာစစ် ဆင်သည်။ ရန်သူသည် အလောင်းကောက်ယူနိုင်ရန်အတွက် ဘုရားကို ဖျက်ဆီးတော့မည်။ ထင်သည့်အတိုင်းပင် မြန်မာရဲမက်များ ဘုရားတံတိုင်း အတွင်းမှ ထွက်မိချိန်တွင် ရန်သူ့အမြောက်များက ဘုရားတံတိုင်းကို ဖြိုသည်။ စေတီနှင့် တန်ဆောင်းကို ဖျက်သည်။

ဆည်းလည်းသံ မည်တော့ပါ။ တံခွန် မလွင့်တော့ပါ။ ယမ်းငွေ့နှင့် မီးတောက်များကြား၌ အလုပျောက်တော့သည်။

ရန်သူသည် ဘုရားပရိဝုဏ်ကို ရပြီးနောက်တွင် တပ်အချို့ ကျန်ရစ် ခဲ့ပြီး၊ ငါးရာတပ်တစ်တပ်သည် ပုံသာရွာသို့ အပြင်းလိုက်လာသည်။

မင်းသား၏တပ်များ ရပ်တည်တန့်နားခွင့် မရစေရန်ဖြစ်သည်။ သို့အတွက် ပုံသာရွာတွင် တပ် မချရပ်နိုင်၊ ဘုတ်ကုန်းရွာအနီး တောကြီးထဲမှ အဆော တလျင် ခုခံရလေ၏။

စင်စစ်အားဖြင့် မြန်မာရဲမက်များ တစ်စုတစ်စည်းတည်း မရှိတော့ပြီ၊ ရွှေစားဗိုလ်၏တပ်မှာ ရွှေတောင်ရွာဘက်သို့ ရောက်သွားရာက ဗိုလ်ဆိုင်၏ တပ်နှင့် ပေါင်းမိလေသည်။ ထိုတပ်နှစ်တပ်သည် မော်အိုင်တောင်သို့ ချက်ချင်း ဆုတ်ခွာပြီး ခံတပ်တည်လေ၏။

ဘုတ်ကုန်းတောတိုက်ပွဲတွင် ရန်သူသည် ရှေ့မတိုးနိုင်။ သို့ရာတွင် ဆုတ်ခွာမသွားဘဲ ကွင်းပြင်တွင်ချရပ်လျက် ညအိပ်နေလေ၏။ ရန်သူ၏ ထောင့်သုံးရာတပ်သည် တစ်ထောင်အောက်သို့လျော့ပါးသွားငြား လက်နက် အား ကောင်းမြဲကောင်းနေသည်။ မြန်မာတပ်များမှာမူ လက်နက်အင်အား နည်းပါးနေပြီ။ ဓား၊ လှံ၊ ဒူးလေးသာလျှင် မလျော့ပါးဘဲရှိသည်။

မင်းသားမှာ ဗိုလ်လွမ်းနှင့် ဦးဖေ၊ ငလှိုင်းတို့ကို တိုင်ပင်ရတော့သည်။ အားလုံး၏ ဆန္ဒကြိုက်ညီမှုဖြင့် မဲဇလီကုန်းသို့ ညဥ့်တွင်းချင်း ရွှေ့သည်။ တပ်များကို ပြန်စုသည်။ လက်နက်ရိက္ခာစုသည်။ ထို့နောက် အရပ်အနေ ကောင်းမည့် ကျီအာအိုင်သို့ ရွှေ့ပြောင်းတပ်စွဲသည်။

သုံးရက်ကြာသွားပြီ။

မင်းသား၏တပ်များမှာ ရိက္ခာသာ ရသည်။ လက်နက်ခဲယမ်း ပြည့်ဝ မလာသေး။ ထိုအချိန်တွင် ရန်သူ့တပ်က အနံ့ခံကာ ရောက်ရှိလာသောအခါ ခွာစစ်ဆင်ရုံမှလွဲ၍ အခြားနည်းမရှိပြီ။ သို့အတွက် ဦးဖေ၏တပ်ကို နောက်ချန် ထားလျက် ကျွဲကန်သို့ ရွှေ့ပြောင်းရပြန်သည်။ဦးဖေသည် သူ့အရှင် ဘေးကင်း ရန်ကင်း ရွှေ့ပြောင်းနိုင်ရန်အတွက် အပြင်းအထန် ခုခံတိုက်ခိုက်ရင်း မြင့်မြတ်သော သေခြင်းဖြင့် ကျဆုံး၏။

ကျွဲကန်သို့ မင်းသား၏တပ်များ ရောက်လာချိန်ဝယ် နေစောင်းနေပြီ။

**ပုဂံစာအုပ်တိုက်**

ရွာမှာ လူသူမရှိသလောက် ဖြစ်နေသည်။ တောကြောင်က နိုပ်စက်၊ ကုလားက သတ်ဖြတ်သဖြင့် နီးရာတောတောင် လျှိုမြောင်ချောက်ကြားသို့ ပြေးဝင် ခိုအောင်းနေကြဟန်ရှိ၏။ တပ်ချရပ်ရန် အနေအထားလည်း မကောင်းလှ။

ဆက်လက်ရွေ့ခဲ့သည်။

ရွာငန်။

ရွာငန်ရွာခေါင်းသည် လက်ဆောင်တော်များဖြင့် အခစား ဝင်ရောက်လာ၏။ ထိုသူ့ထံတွင် အနေအထားသင့်မည့်နေရာကို စုံစမ်းသည်။ ရွာခေါင်း ညွှန်ပြသောနေရာကား သရက်ခြံရွာမှ တစ်ခေါ်သာသာဝေးသော ကုန်းသည် လျှိုမြောင်များ ဝန်းရံနေသဖြင့် ရန်သူလာရန်ခက်၏။ တပ်သားများနေထိုင်ရန် သစ်ကြီးဝါးကြီး ထူထပ်၏။ ရေမိုးအဆင်ပြေ၏။

ထိုနေရာသည် ရွာခေါင်းတင်လျှောက်သည့် စကားနှင့်ညီ၏။ ရဲမက်များသည် ချက်ချင်း ယာယီတဲနန်းဆောက်သည်။ ချက်ပြုတ်သူက ချက်ပြုတ်၊ ကင်းတိုကင်းရှည်များ ချသူကချဖြင့် အလျင်အမြန် စီမံကြသည်။

ဗိုလ်လွှမ်းသည် ပင်ပန်းသော်လည်း မနားမနေ ပြေးလွှားစီမံခန့်ခွဲသည်။ ငလှိုင်းမူကား မင်းသားအတွက် စားတော်ဆက်ရန် အပူတပြင်း စီမံသည်။ ပွဲတော်ဆက်ပြီးချိန်တွင်မှ သူ စိတ်အေးသွားပြီ။ သူ့အတွက် ဖြစ်သလို ရှောင့်ရဲနိုင်၏။

မင်းသားမှာ စိတ်အေးလက်အေး ပွဲတော်တည်ခွင့်ရသဖြင့် လန်းဆန်းလာ၏။ ကွယ်လွန်ရှာသည့် ကြင်ယာတော်အားလွမ်း၏။ အစားမထိုးရ သေးသည့် အုန်းမှုတ်တယောကို တမ်းတ၏။

"ဗိုလ်လှိုင်းရေ၊ လူလည်းအားဖြည့်၊တပ်လည်းအားဖြည့်ရင်း တယော ကလေးများ ရှာပါဦး"

တဲတွင် ထမင်းစားနေသည့် ငလှိုင်းအား လှမ်းပြော၏။

"ဂိတ်ချတော်မူပါကိုယ်တော်။ ကနေ့ညတော့ အချိန်ရသခိုက် နှစ်နှစ်

ခြိုက်ခြိုက် စက်တော်ခေါ်ပါဦး"

မင်းသား မည်သို့မျှပြန်မမိန့်။ အဝတ်ထုပ်ကို ခေါင်းအုံးပြီး ကွပ်ပျစ်ပေါ်တွင် ကျောဆန့်သည်။ ကျောအောက်တွင် မည်သည့်အဝတ်မျှမခင်း။ ဝါးခြမ်းများသာ ခိုးလိုခုလု ရှိ၏။ ရှိသော်ငြား ကျောဆန့်ရခြင်းသည် ပင်ပန်းနွမ်းနယ်နေသူအတွက် နှိုင်းဖွဲ့မရသော အရသာဖြစ်၏။

ငှက်တစ်ကောင်သည် လျှိုတွင်းတစ်နေရာ၌ ညဥ့်တေးကိုဆိုနေ၏။ သံနိမ့်သံမြင့် မြည်ကြွေးနေသော ထိုငှက်၏တေးသံကို ငှက်စုန်းက ဝင်ရောက်ဖျက်ဆီး၏။အဝေးတောစပ်မှ ဒီးဒုတ်တစ်ကောင်သည်ငြီးငွေ့ဖွယ်မြည်နေ၏။

ငလှိုင်းလည်း ထမင်းစားအပြီးတွင် ကွပ်ပျစ်ဘေးမြေပြင်၌ သစ်ရွက်ခြောက်များခင်းလျက် ကျောဆန့်၏။ မအိပ်နိုင်သေးပါ။ ကင်းတွေ စေ့စပ်သေချာမှု ရှိမရှိ စစ်ဆေးရဦးမည်။

သို့သော် ငလှိုင်း မထနိုင်ပါ။ ကျောချရုံဖြင့် အိပ်ပျော်သွားတော့သည်။ သေနတ်သံများကြားတော့မှသာ သူနိုးတော့သည်။ မင်းသားလည်း သေနတ်ဆွဲလျက် ထထိုင်ပြီ။

"ထိုးလဟာ၊ ခုတ်လဟာ။ ငထွန်း ဘယ်တောင်ပံကိုပစ်"

ဗိုလ်လွမ်း၏ အမိန့်သံဖြစ်သည်။

ရန်သူ့ကျည်ဆန်များသည် ယာယီတဲနန်းတွင်းသို့ပါ ကျူးကျော်ဝင်ရောက်လာပြီ။ မင်းသားသည် တဲအပြင်သို့ပြေးထွက်ကာ ရဲရဲမြင်ရာသို့ပစ်ခတ်သည်။ ငလှိုင်းလည်း မင်းသား၏ပစ္စည်းပစ္စယများကို အပြေးအလွှားယူငင်ကာ တဲအပြင်သို့ ပြေးထွက်လာ၏။

"ကိုယ်တော် ကိုယ်တော်"

မင်းသားကို အော်ခေါ်သည်။ တစ်စုံတစ်ရာကို ခလုတ်တိုက်မိသဖြင့် ငလှိုင်းဟပ်ထိုးလဲကျရာ လက်ဖြင့်ဖမ်းထောက်ထားလိုက်ရ၏။

"ဗိုလ်လှိုင်း၊ ဗိုလ်လှိုင်း ဘယ်ရောက်သွားသတုန်း"

ငလိုင်း ခလုတ်တိုက်မိသောအရာမှာ မင်းသားဖြစ်သည်။ ငလိုင်း အလျင်အမြန်ပွေ့သည်။ ဒဏ်ရာကို စမ်းသပ်သည်။ ရင်ဝမှ သွေးများပွက်ထနေ၏။ ချက်ချင်း သေနတ်နှစ်လက်ဆွဲ၊ ဓားနှစ်လက်လွယ်လျက် မင်းသားကို ပခုံးပေါ်တင်၏။

"ကျား၊ ကျား၊ ကျားဘသား ကျား"

နေရာကောင်းကိုညွှန်ပြလိုက်သော ရွာခေါင်းသည် သစ္စာဖောက်သည်။ သူကိုယ်တိုင်လမ်းပြသဖြင့် ရန်သူသည် သန်းခေါင်ကျော် လင်းအားကြီးတွင် ချောမောစွာရောက်လာသည်။ ကင်းများ အငိုက်အမျဉ်းကို စောင့်ပြီးမရသဖြင့် အတင်းဝင်တိုက်ခြင်းဖြစ်သည်။

ပြည်ချစ်မျိုးချစ်ရဲမက်များသည် သည်ကဲ့သို့သော အကာလကို အလွန်တောင့်တ၏။ ဓားနှစ်လက်ကိုင်လျက် ရန်သူ့ကြားဝင်သည်။ ထိသမျှ သေသည်။ ပြန်ထွက်သည်။ ပြန်ဝင်သည်။

ရန်သူသည် အငိုက်ဖမ်းနိုင်မည် မျှော်လင့်၏။ မင်းသားကိုလည်း လက်ရဖမ်းဆီးနိုင်လိမ့်မည် မျှော်မှန်းသည်။ အမှန်တိုက်ခိုက်ရသောအခါ မင်းသား၏ယာယီတဲနန်းရှိရာ ကုန်းပေါ်သို့မတက်နိုင်။ သို့အတွက် စကော့ဦးဆောင်သည့် ကုမ္ပဏီနှစ်ခုသည် ညာတောင်ပံမှပန်းပြီး ထိုကုန်းကို တက်ရောက်တိုက်ခိုက်ပြီး ခုခံသူမရှိ။ တဲမှာ ဟောင်းလောင်း။

သို့အတွက် မီးစည်းများထွန်းညှိကာ သွေးစက်ခံ၍လိုက်လာသည်။ ငလိုင်းနှင့်ငတောက် ငထွန်းတို့ ကွေ့ပတ်သွားသည်။ မိုလ်တုတ်ကျော်၏ ရဲမက်အချို့ စခန်းချနေသည့် သမုဲ့တောသို့အရောက်တွင် မိုးစင်စင်လင်းပြီ။ မင်းသားကို ဆေးဝါးကုသရန် အပြေးအလွှား စီစဉ်ပြီး၊ မင်းသားမှာ ဖြူဖျော့နေပြီ။

ငလိုင်းတို့သည် ရရာသစ်ရွက်များထောင်းပြီး ဒဏ်ရာကိုစည်းသည်။ ပါလာသော နှာပေးသည်။ မင်းသားတစ်ချက် မျက်လုံးဖွင့်ကြည့်၏။

**ပုဂံစာအုပ်တိုက်**

"ဗိုလ်လှိုင်း၊ ရန်သူကို ဘယ်တော့မှမကျေအေးနဲ့"

"တိုက်မယ်ကိုယ်တော်။ သူင်းတို့ တစ်ယောက်မကျန် သမုဒ္ဒရာထဲ ရောက်ကုန်မှ အတိုက်ရပ်မယ်ကိုယ်တော်"

"အေး" ဆိုကာ မင်းသားပြုံးသည်။ ကောင်းသောပြုံးခြင်းမှု မဟုတ်။ အလွန်နာကျင်သောကြောင့် မဲ့သည်၊ ရှုံ့သည်။ သို့သော် သူ၏ရှုံ့မဲ့ခြင်းသည် အကျည်းမတန်၊ အပြုံးဖြစ်သွားသည်။ ထိုထူးဆန်းသော အပြုံးပြယ်ချိန်တွင် အသက်ဝိညာဉ် ကင်းပြတ်ပြီ။

ဝါသနာတူချင်းမို့ မြင်စိုင်းမင်းသားထက် ပိုမိုတွယ်တာရသော မင်းသား မရှိတော့သောအခါ ငလှိုင်းသည် နေပြည်တော်သို့ပြန်ရန် ပြင်ဆင်တော့သည်။ ဗိုလ်တုတ်ကျော် တောင်းပန်၍လည်း မရချေ။

သို့ရာတွင် ဦးစံထွန်းနှင့် ဗိုလ်အေးတို့ရောက်လာသောအခါ ငလှိုင်း စိတ်ပြောင်းသည်။

"ငါတို့မှာ ခေါင်းဆောင်မင်းသား ဆုံးရှုံးပေးမယ့် ကုလားဖြူအရေး ပိုင်လည်း မသက်သာဘူးကွ။ပင်းဘက်ကို လှမ်းပြီး စစ်ကူတောင်းထားတယ်။ အဲဒါကြောင့် ငါတို့ ပျော်ဖွယ်တောင်ကြားက သွားပြီးဆို့မလို့"

"ကျုပ်တို့အရှင်သခင်ရဲ့ ရှေ့မှာတုန်းက ကုလားတွေ သမုဒ္ဒရာထဲ ရောက်အောင်တိုက်မယ်ဆိုဗျ"

ဗိုလ်တုတ်ကျော်၏ထိုစကားကြောင့် ငလှိုင်းငြိမ်ကျသွားလေ၏။

သူသည် ပျော်ဖွယ်တောင်ကြားတွင် ပင်းဘက်မှ စစ်ကူလာမည့် ကုလားကို စောင့်မျှော်ရင်း လက်နက်လူသူစုသည်။ စကော့မှာ စစ်ကူမရ သဖြင့် မိတ္ထီလာသို့ ဆုတ်ခွာသွားသည်။

ပင်းဘက်မှကုလားမှာ စစ်ကူမလာနိုင်ပါ။ မြင်းမဏိတောင်ကို အခြေ စိုက်ထားသည့် မင်းကြီးရွှေလရောင်၏ မျိုးချစ်ပြည်ချစ်တပ်များ၏ တိုက်ခိုက် မှုကို အချိန်ရှိသရွေ့ ခံနေရ၏။

**ပုဂံစာအုပ်တိုက်**

သုံးလမျှအကြာတွင် မင်းကြီးရွှေလရောင်ထံမှ အထောက်တမန် တစ်ယောက် ဦးအေးထံ ခေါင်းတည်လျက် ရောက်လာ၏။ အကြောင်းမှာ စစ်ကူတောင်းခြင်းဖြစ်သည်။ ပင်းမြို့တွင် တပ်စွဲထားသော ရန်သူကို အပြီးတိုင် ချေမှုန်းရှင်းလင်းလို၍ လက်နက်အပြည့်အစုံနှင့် လူငါးရာ ခုနစ်ရက်မျှ ကူညီစေလိုသည်ဟူ၍ ပါသည်။

ငလှိုင်းမှာ ဤသို့လျှင် ပင်းမြို့သို့ရောက်သွားရာက ဦးစံထွန်းနှင့် ဗိုလ်အေး၊ ဗိုလ်တုတ်ကျော်တို့ပါ ရုတ်တရက်မပြန်ဖြစ်ဘဲ နတ်မောက်၊ ထိုမှ တောင်တွင်းသို့ ရောက်သွားပြန်တော့သည်။

# ၉

"မြင်မြင်ထင်ထင်တုန်းကတော့ မလုပ်ဘဲနဲ့ မအိုးရာ။ မီးခွက်ကြီးကို ရေနံငွေ့တွေ လာဟပ်လိမ့်မယ်ဟ"

ငွေလရောင်သည် မှိန်ပျပျအလင်းရောင် ပေးလျက်ရှိသည်။ ညောင်လှရွာကလေးမှာ ဟိုတစ်ကွက်သည်တစ်ကွက် ပျောက်ကြားကျိုးကျဲဖြင့် နီကျင်ကျင်မီးရောင်များ လင်းလက်နေ၏။ သည်အိမ်များ၏ အစွန်ရှိ အိမ်ဝင်းတစ်ခုအတွင်း၌ မီးခွက်တစ်ခွက် ပြေးလွှားလှုပ်ရှားနေ၏။

မိအိုးသည် ရေနံတွင်းမှအပြန်တွင် အသင့်တွေ့သော မိန်းမတစ်ယောက်ထံမှ ဟင်းရွက်မျိုးစုံ ဝယ်ခဲ့၏။ ယခု ထမင်းကျက်၍ ဟင်းအိုးတည်မည်ကြံသောအခါ ဟင်းရွက်စည်းတွေ ရှာမတွေ့။ သို့ကြောင့် အမှတ်မဲ့ ဆင်းလာခဲ့မိခြင်းဖြစ်၏။

အမှတ်မဲ့ဟု ဆိုရခြင်းမှာ ခြံထောင့်ရှိ သဘော်ပင်များအောက်တွင် ရေနံအိုးများရှိသည်။ တစ်နေ့တစ်ရက်စာ သယ်ပိုးစဉ်က မသိသာ။ လချီပြီး

ကြာလာသောအခါ လှေတစ်စင်းစာရသည်။ ရှေးတုန်းက ရေနံတစ်လှေသည် ဒေါင်းဒင်္ဂါးဆယ်ပြားမျှသာ ရငြား၊ ကုလားဓာတ်လှေ၊ မြန်မာလှေ၊ ကုလားသင်္ဘောများ အလုအယက်ဆိုက်ကပ်လာသည့် ယခုအခါတွင်ကား ဒင်္ဂါးတစ်ရာ တိုက်နေပြီ။

မီးကြောက်ရသည် မှန်သော်လည်း၊ ပြင်လွင်တစ်ပါး၌ မထားရပါ။ ကုလားတက်လာချိန်ဝယ် သူခိုးလည်းပါလာသည်။ တစ်နေ့ကုန်ခပ်ပြီးနောက်၊ သည်အတိုင်းပစ်ထားနေကျ ရေနံတွင်းများ၊ ရေနံအိုးများကို ညအိပ်လူစောင့်ချထားရပြီ။

"မင့်မီးခွက်ကြီးယူသွား။ ငါရှာပေးမယ် ဘာတုန်းပြော"

ငသာထွန်းသည် သားဦး ပေါ်လာကို ကုပ်ပေါ်ခွတင်လျက် အသော့ချဉ်းကပ်လာသည်။

"ဟင်းရွက်တွေပါတော်။ ငှက်ပျောဖက်နဲ့ သေသေချာချာထုပ်ထားသာပါတော်"

ခြံထောင့်တွင် ရေနံအိုးတွေရှိသည့်အတွက် အိမ်အနီးတွင် စဥ့်ရေအိုးတွေထားရ၏။ စဥ့်အိုးတွေဘေးတွင် ဆူးပုပ်ပင်တွေရှိသည်။ ခေါင်းရင်းဘက်တွင် သလဲပင်၊ ရှောက်ပင်၊ စံပယ်ပင်များရှိသည်။ ထိုအပင်များနှင့် ရေအိုးများကြား၌ ကြိုးခွေများ၊ ရေနံခပ်သည့်ပုံးများ၊ ရိုင်ပတ်များ၊ ထန်းရွက်များ၊ သစ်တိုသစ်စများ စုပုံနေသည်။

အိမ်ရှေ့မှ မြန်မာကုက္ကိုပင်ကြီးကား ငသာထွန်း မြင်မြင်ထင်ထင်ရှိစေရန် ခါးနှံ့ပေးလိုက်၊ အရိပ်ကျအောင် တည့်ပေးလိုက်ဖြင့် ကျီစယ်နေသည်။မျက်လုံးဖြုံးပြီးရှာသော ငသာထွန်းမတွေ့ငြား ကလေးကမြင်သည်။ "ဘ.... ဘ"ဟု ခေါင်းကိုပုတ်ပြီး စဥ့်အိုးနှစ်လုံးကြားသို့ လက်ညှိုးထိုးပြ၏။

"ဟုတ်သားပဲ၊ မျက်စိများကတော့ကွာ"

ငသာထွန်း ရှင်လန်းစွာရယ်မောသည်။ စဥ့်အိုးနှစ်လုံးကြားတွင်

ကျနေသောအထုပ်ကို ဆွဲယူပြီး အိမ်ဘက်သို့ ရယ်ရယ်မောမော ပြေးသည်။

"မင့်သား ပြပေလို့ဟဲ့"

မိအိုး ပြုံးပြီး လှမ်းယူရာက "ဟင်းရည်က ကျက်ပြီးသားပါ။ ခဏကြာရင် စားရတော့မှာပါ။ ကဲကဲ ခိုင်းသယ်လည်း မအောက်မေ့ပါနဲ့တော်။ နွားတွေကြည့်ပြီး အစာကုန်နေသာ တွေ့ရင်လည်း ထည့်ခဲ့ပါဦး" ပြောသည်။

ရေနံခပ် အလုပ်သမားသည် နေထွက်မှ နေဝင် ခါးတွင် ကြိုးချည်ပြီး တွင်းထဲမှတက်လာသည့် ရေနံပုံးကို အဖော်များနှင့် ဆွဲတင်ရ၏။ တွင်းထဲတွင် ရေနံအထွက်နည်းပါက 'ကမ်းကာချိုင့်'အဆင့်ဆင့်ကိုခိုပြီး တွင်းထဲဆင်းရသည်။ တွင်းနက်လာစေရန် ပိတ်သွားသော ရေနံကြော ပြန်ပွင့်လာစေရန် တူးရဆွရ၏။ တွင်းချေးစာများကို စက်သီးဖြင့် တွင်းပေါ်သို့ တင်ပေးရ၏။

မိအိုးသည် ရေနံခပ်သား လင့်ထံသို့ ထမင်းလာပို့တိုင်း လင့်ဆင်းရဲကို မြင်၏။အရိပ်အာဝါသဟူ၍ ထနောင်းပင်တစ်ပင်တလေ၊သန်းပင်၊ နာနတ်ပင်၊ စွန်လက်သည်းချုံများသာရှိသော နေပူကျဲကျဲတွင် ရေနံကြိုးများ ဆွဲရသော ခပ်သားများကိုကြည့်ပြီး သူတို့အစား မော၏။

ရေနံနှင့် လူနှင့် အရောင်မကွဲပြားချေ။ထန်းရွက်မိုးတဲထဲတွင်လဲလျောင်း အပန်းဖြေနေသော ခပ်သားများသည် မြေပေါ်တွင် ဖိတ်စင်နေသည့် ရေနံနှင့် အတူတူပင်။ ထိုအခါ မိအိုးသည် လင့်လုပ်စာကို မျှိုမကျချင်။ သို့ဖြင့် ထမင်းပို့ ပြန်တိုင်း ရွက်အိုးတစ်အိုးစာ ယူခွင့်ရှိသော ရေနံကို မြေကျင်းတူးပြီး လှောင်၏။ ရောင်း၍ရသော ငွေဖြင့် စဥ့်အိုးဝယ်၏။

စဥ့်အိုးများ လုံလောက်လာပြန်သောအခါ နွားချည့်ချည့်ဝယ်သည်။ လှည်းဝယ်သည်။ ရေနံဆိပ်သို့ ရေနံများကို နွားလှည်းဖြင့် သယ်ပို့ရသဖြင့် လှည်းခရ၏။ ထိုငွေဖြင့် နွားမကြီးတစ်ကောင် ဝယ်သည်။ လှည်းကောင်းကောင်း ဝယ်သည်။ နွားချင်းလဲသည်။

တိုင်းပြည်မပျက်မီက ခပ်သားများတွင် အရက်သမားများနှင့် ကြက်

သမား၊ ဖဲသမားသာရှိ၏။ ကုလား တက်လာသောအခါ ဘိန်းစားဟူ၍ ပေါ်ပေါက်လာ။ "အလုပ်ကြမ်းသမားနဲ့ အလွန်ကိုက်သဟ" ဆိုကာ တွင်းဘေး၌ ရှုကြ၏။ "မိအိုး၊တစ်ရှိုက်လောက် လုပ်ကြည့်ပါလား" ပြောလာကြ၏။

ထိုအရာသည် မကောင်း။ မိစ္ဆာဒိဋ္ဌိ အင်္ဂလိပ်ဓားပြတွေ သယ်ဆောင်လာသော မကောင်းဒုဋ္ဌဟု သိ၏။ သူ့လင်ကို ထိုမကောင်းမှု မကျူးလွန်မိစေရန် နေ့ရှိသရွေ့ ပြောဆိုတားမြစ်သည်။

တိုင်းပြည်ပျက်ချိန်တွင် ရေနံတွင်းသခင်များ ချောက်ချားတုန်လှုပ်ကြသည်။ တွင်းတွေကို သိမ်းမည်လော၊ မြေတွေကို သိမ်းမည်လော။ သို့လျှင် ကြံရာမရဖြစ်နေခိုက်ဝယ်၊ေသာထွန်းသည် တစ်ကေမဲ့မဲ့ရှိမည့်မြေတစ်နေရာကို တွင်းသခင်ထံမှ မေတ္တာရိ မဟုတ်စေကာမူ မေတ္တာရိနီးပါးဖြင့် ဝယ်ယူရရှိလိုက်သည်။

ရေနံထွက်မည် မထွက်မည် မသေချာသော ထိုမြေကွက်ပေါ်တွင် လူကူမချ၊ လူငှားမခေါ်ဘဲ သောထွန်း ရေနံတွင်းတူးသည်။ သမာရိုးကျနည်းအားဖြင့် သစ်ခက်ချိုး၊ မြေအိုးမှောက်ထား၍ နံနက်လင်းချိန်၌ ရေနံချွေးပျံနေသည်ကို အဟုတ်ဟု ယုံကြည်ကာ အားတက်သရောတူးခြင်းဖြစ်သည်။

တစ်သူခန့်နက်လာချိန်ဝယ် မှိုးမှိုးမှောင်မှောင်တွင် မိအိုးပါလိုက်လာပြီး တူးသည်။ ကလေးကို တိုင်နှစ်တိုင်တွင် ပုဆိုးထဲ ထည့်ချိတ်ကာ သိပ်ထားပြီး တွင်းစာမြေများကို တွင်းနှုတ်ခမ်းနှင့် ဝေးရာသို့ သယ်ပို့၏။ ကလေးနိုးလာလျှင် ကလေးကို နို့တိုက်ပြီး မြေပေါ်ချထားသည်။ သို့သော် တစ်နေကုန်ကား မဟုတ်။ နေထန်းတစ်ဖျားခန့် မြင့်လာချိန်တွင် အိမ်ပြန်ပြီး ထမင်းချက်သည်။ မွန်းမတည့်မီ ထမင်းထုပ်ကလေးနှင့် ရောက်လာပြန်သည်။

စတင်တူးစက ခရီးမတွင်လှ။ မတည်သော တွင်းဝ ကြီးမားလွန်းသောကြောင့် ဖြစ်သည်။ ရက်ပေါင်း ၅၀ ခန့် တူးမိသောအခါ လျှင်မြန်လာပြီ။

ကတော့ကြီးတစ်ခု ပက်လက်လှန်ထားသည့်ပုံနှင့် မခြားသော မြေကတော့ကြီး ဖြစ်လာပြီ။ တွင်းနံရံတွင် လှေကားထစ်များထစ်ပြီး တွင်းစာများထမ်းလျက် တနဲ့နဲ့တက်ရသည်။ သို့လျှင် ခက်ခဲလာငြား တူးသမျှ အရာထင်သည်။ တစ်နေ့တခြား နက်လာပြီ။

ရေနံငွေ့ ရေနံနံ့ လှိုင်လာချိန်တွင် မိအိုး၏ အထုပ်ကလေး ပိန်ရှုံ့ရပြီ။ မပိန်၍မရ။ တွင်းပြိုမကျစေရန် ဝါးခြင်း (ချိုင့်) တွေ တွင်းထဲ၌ အဆင့်ဆင့် ချရပြီ။ တွင်းပေါ်တွင် ကန့်လန့်ပြေးသော 'ပိုတုံး' တွေ၊ 'ပိုထောက်' တွေ၊ စက်သီးတိုင်တွေ၊ စက်သီးတွေ၊ ကြိုးတွေ၊ ပုံးတွေ ဝယ်ရပြီ။

ဝယ်ပါရစေ။ မိအိုး မဖြုံပါ။

ထမင်းလာပို့တိုင်း ရေနံတွင်းထဲမှ ရွှံ့ကို သူ ဖျစ်ကြည့်သည်။ နမ်းကြည့်သည်။ ရေနံကြောနှင့် နီးပြီဟု သူယုံကြည်သည်။ ယုံကြည်သည့်အလျောက် "ဘေးကိုသိပ်မတူးနဲ့၊ အောက်ကိုလိုက်"ဟု သတိပေးရစမြဲဖြစ်၏။

ဘေးဘက်မှ ရေနံကြောကို ထိုးမိ၍ ရေနံထွက်လာလျှင် တူးရန် မလွယ်ကူတော့ပါ။ သို့ရာတွင် ဘေးကြောမှထွက်သော ရေနံသည် တွင်းသက် မရှည်တတ်။ အောက်ကြော ရေနံကသာ ခပ်မကုန်အောင် ပေါသည်။ သို့ကြောင့် ဘေးကို မတူးရန် သတိပေးခြင်းဖြစ်သည်။

"မိအိုးရေ၊ ကန်တော့ပွဲနဲ့ အမွှေးနံ့သာတွေ ပြင်ပေတော့ဟေ့"

ထိုနေ့က မိအိုး အသက်ရှူရပ်မတတ် ဝမ်းသာသည်။ ငသာထွန်း အစောကြီးပြန်လာပြီး ပြောသောကြောင့်ဖြစ်သည်။

"ဘယ်လိုက ဘယ်လိုဆိုသာ ပြောဦးမှပေါ့တော့်"

"နွံပြင်ကြီးကို နင်းရသလိုပဲဟယ်။ မြေကြီးက လှိုင်းထနေသယ်။ ဘေးကပ်ပြီး နားထောင်လိုက်တော့ သွက်သွက်သွက်သွက်နဲ့ ရေစီးသံ ကြားရသဟ။ အဲသာနဲ့ နေ့ကောင်းရက်သာရွေးပြီး ဖောက်ရအောင်လို့"

"ရေတွေ များလားတော်"

"ရေသံနဲ့ ရေနံသံ အကွဲကြီးပါကွာ။ ကိုင်း ကနေ့ ဘာနေ့လဲ"

မိအိုး လက်ချိုးရေတွက်ရသည်။

"ပြာသိုလဆိုတော့ မိနော်ပြာသို။ ကနေ့ ဗုဒ္ဓဟူး။ နက်ဖြန် ကြာသပတေး။ ဟုတ်ပြီ၊ နက်ဖြန် ရက်ရာဇာ။ ဟန်သာပဲတော်ရေ့"

ရေနံခပ်သားကလေး သောထွန်းမှ ရေနံတွင်းပိုင် ဖြစ်လာချိန်ဝယ်၊ ရန်သူသည် မြောက်အရပ်ရှိ ဆိပ်သာကွန်းထောက် ရေနံချောင်း မြေပြင်ရှိ လက်ယက်ရေနံတွင်းများကို ဝယ်ယူရန် အားထုတ်နေကြပြီ။ တွင်းရိုးများ၊ တွင်းစားများသည် ရောင်းသင့်မရောင်းသင့် ချင့်ချိန်နေကြသည်။

အရိမဒ္ဒနာပြည် တန်နက်မင်းမှ ဆင်းသက်လာသော ထိုတွင်းစား၊ တွင်းရိုးများသည် အင်္ဂလိပ်ဓားပြအား ဓားပြဟု မြင်သူလည်းရှိ၏။ ရန်သူဟု မြင်သူလည်းရှိ၏။ ယီးတီးယားတား ဖြစ်နေသူများလည်း ရှိ၏။

သောထွန်းကား စဉ်းစားမနေ။ တွေဝေမနေ။ ဘိန်းစားမဟုတ်သော ခပ်သားများ အရရှာကာ အတွင်ခပ်ပြီး အတွင်ရောင်းသည်။ ကြွေးများ ကျေရုံမက နွားကောင်း၊ လှည်းကောင်း ပိုင်ပြီ။ ရွှေတိုရွှေစများလည်း မီးဖိုထဲတွင် တချို့၊ နွားစားခေါင်းအောက်တွင် တချို့ မြှုပ်နှံထားနိုင်ပြီ။

"သားအဖတွေ ထမင်းစားကြစို့"

အိမ်ပေါ်မှ ထမင်းစားခေါ်သံ ထွက်ပေါ်လာသဖြင့် သောထွန်းတို့ သားအဖ နွားတင်းကုပ်ထဲမှ ထွက်လာကြသည့် ကျီးအာရွက်နှင့် ကင်းပုံရွက်၊ နွားလျှာကြီးရွက်၊ ဆူးပုပ်ရွက် 'စပ်စပ်ချက်' ရနံ့သည် လှေကားထိပ်မှ ကြိုဆို၏။

လက်ဆေးရေအင်တုံသည် ထမင်းပွဲထိပ်တွင် ထိုင်မည့်သူ၏ ဘေး၌ အသင့်ရှိသည်။ ပေါ်လာကား ဖအေနှင့်အတူ ဝင်မထိုင်။ မအေ့ရင်ခွင်တွင်း ဝင်သည်။ မအေက သားကို နို့တိုက်ရင်း ထမင်းပွဲ ဝင်ထိုင်ရ၏။

ရေနံတွင်းပိုင်ကြီး၏ ထမင်းပွဲမှာ ဟင်းသုံးခွက်သာပါသည်။ ဟင်းရွက်

လေးမျိုးပေါင်း စပ်စပ်ချက်တစ်ခွက်၊ မီးကင်ငရုတ်သီးထောင်းတစ်ခွက်၊ 'ရင်ပေါင်စာ' ငါးဟင်းတစ်ခွက်။ တစ်ခွက်ဆိုရငြား လက်သန်းဖျားရှယ်ဆယ်ကောင်ထက်မပို။

အခြေအနေ အလွန်သိသာစွာ ပြောင်းလွဲခဲ့ပြီဖြစ်ငြား၊ မိအိုးကားမပြောင်းလွဲသေးချေ။ ရင်ပေါင်စာတစ်ဆယ်၁၁ ၁ားကို လင်ကိုယ်မယားလေးနပ်စားဆဲရှိသေး၏။ သောထွန်းမှာလည်း ထိုထမင်းဟင်းကို ပလုတ် ပလောင်းစားနိုင်အောင် ခံတွင်းလိုက်နေဆဲ ရှိသေး၏။

"ကိုသာထွန်း၊ ငါးဟင်းထည့်လေ"

"မင်းကော၊ စားလကွာ"

"စားပါသယ်တော်" ဆိုကာ မိအိုးသည် ငါးနစ်ကောင်ကို သူ့လင်၏ပန်းကန်ထဲသို့ ထည့်ပေးစဉ်၊ ကြည်နူးသော မျက်လုံးများဖြင့် တုံ့ပြန်သည်ကို ခံယူနေဆဲ၌ သေနတ်သံများ ပေါ်လာသည်။

"မပြေးနဲ့၊ မပြေးနဲ့"

ပြောပြောဆိုဆို မီးခွက်ကိုမှုတ်သည်။ ငွေလမင်းသည် တံစက်မြိတ်တွင်လာရောက်ချိတ်ဆွဲလျက် မီးထွန်းမြဲ ထွန်းပေးနေသည်။

သောထွန်းသည် မီးခွက်ကိုလည်းမှုတ်၊ မယား၏ပခုံးကိုလည်း နှိမ့်ထားသည်။ "စား စား၊ငါ ထကြည့်လိုက်မယ်" ပြောကာအိမ်တွင်းသို့ဝင်သည်။ နောက်ဖေးဘက်မှ မြင်နိုင်သမျှ တစ်ခွင်တစ်ပြင်လုံးကို လှမ်းကြည့်သည်။

မြစ်ဆိပ်တွင် ရေနံသင်္ဘောအချို့နှင့် လှေအချို့ မီးလောင်နေသည်။ မီးရောင်အောက်တွင် လူများ ပြေးလွှားနေဟန် ရိပ်ခနဲ ရိပ်ခနဲ မြင်ရသည်။ သေနတ်သံများမှု ပျောက်သွားလိုက်၊ ပေါ်လာလိုက်ပင်။

မီးတောက်သည် ကျသွားလိုက်၊တက်လာလိုက်။အမှတ်မဲ့ကြည့်လျှင်ဧရာဝတီမြစ်ကြီး မီးလောင်နေသလား ထင်ရအောင်၊ ရေထဲမှအရိပ်က ပိုမိုကြီးမားစွာ လှုပ်ရှားနေသည်။

**ပုဂံစာအုပ်တိုက်**

သောထွန်းသည် အိမ်ဝန်းကျင်ကို စေ့စပ်စွာအကဲခတ်သည်။ ထို့နောက် မယားနှင့် သားထံ ပြန်လာခဲ့၏။

"ဘာမြင်ရသတုန်း"

"ဆိပ်ကမ်းမှာ မီးလောင်နေသယ်"

"တဲတွေကိုလောင်သာလား။ အိမ်တွေလောင်သာလား။ လှေတွေ၊ သင်္ဘောတွေ လောင်သာလား။ ရှင်းအောင် ပြောမှပေါ့"

သောထွန်း လက်ရေ ခြောက်နေသဖြင့် လက်ပြန်ဆေးပြီး ထမင်း ဆက်စားရာက "မီးတောက်ကို ကြည့်ရသဲ့အလိုတော့ ရေနံသင်္ဘော၊ ရေနံ လှေတွေ ထင်သာပဲကွ"ဟု ဖြေသည်။

"သေနတ်သံတွေ ကတော့ရော"

"အဲသာတော့ မမြင်ရလို့မသိဘူး သားကြီးအမေရေ့"

မိအိုးသည် လင့်ဘက်သို့တိုး၏။ အသံနိမ့်၏။ "ဗိုလ်နက်ကျော်ရဲ့ လူတွေ ရေနံချောင်းကို စီးလိမ့်မတဲ့တော့"ဟု ပြောသည်။

သောထွန်းအထိတ်တလန့် ဖြစ်ရသည်။ မယား၏ ဝိုးတဝါးမျက်နှာကို ထိတ်လန့်ဟန်ဖြင့်ကြည့်သည်။

"တောက်တီးတောက်တဲ့ကွာ၊ ပုပ္ပားနဲ့ ရေနံချောင်း အဝေးကြီးပါ ကလား။ အနို့ နေပါဦး။ မင်းကို ဘယ်သူပြောသတုန်း"

"ဟင်းရွက်သည် မိဖဲပြောသွားသာတော့်။ ဟိုဘက်အိမ်တွေက မိငွေ၊ မိခြူးတို့ကလည်း ပြောသတော့်"

သောထွန်းသည် လက်ဆေးခွက်ထဲသို့ လက်နှစ်ရင်း လရောင်ထဲသို့ ငေး၏။

"သာဖြင့်ရင် သည်မီးဟာ သူတို့ရှို့သာများ ဖြစ်မလားပဲ"

"ကုလားပိုင် ရေနံသင်္ဘော၊ ရေနံလှေတွေကို"

"ကုလား ကုလားနဲ့ဟာ မအိုးရာ၊ အင်္ဂလိပ်လို့ ပြောစမ်းပါ"

ပုဂံစာအုပ်တိုက်

"ကျုပ်တို့မြေ၊ ကျုပ်တို့ရေကို မတရားလာပြီး အနိုင့်အထက်ပြုနေသာ ပဲတော်ရဲ့။ ခွေးဓားပြလို့ မခေါ်သာပဲ တော်လှပြီ"

"ဟာ မအိုး၊ ကြမ်းကြား လေကြားကွာ" ဟု သောထွန်း မျက်လုံးပြူး မျက်ဆန်ပြူး ပြောမိသည်။

"တော်က ဗိုလ်နက်ကျော်လို့ ပြောလို့ပါတော်။ တော်မပြောစေချင် ရင်လည်း မပြောပါဘူး။ သာပေသည့် ကျုပ်တို့ရဲ့ဘုရားတွေဖျက်၊ ရွာတွေ မီးရှို့၊ လူတွေသတ်သဲ့ ကုလားဖြူကို မေတ္တာမရှိသာအမှန်ပဲ"

"မင်း စဉ်းစားကြည့်စမ်း။ အင်္ဂလိပ်မင်းတက်လာမှ ငါတို့စီးပွားလမ်း ဖြောင့်ဖြူးလာသာကွ"

မှောင်ထဲဖြစ်ငြား မိအိုး၏မျက်စောင်းကို သောထွန်း မြင်ရ၏။

"ကာလဒေသ ပယောဂပါတော်။ သင်းရို့ကျေးဇူး မဟုတ်ပါဘူး။ တော်ကြိုးစားလို့ တော်ဖြစ်လာသာပါ။ သင်းရို့ကို ဘာမှ ကျေးဇူးတင်စရာ မရှိဘူး။ ခွေးအယုတ်တမာဟာ ခွေးအယုတ်တမာပဲ"

သောထွန်းသည် သက်ပြင်းချလိုက်ရာက "မင်းကတော့ ပြောလို့မရ ပါကလား" ဟု ညည်းတွားသည်။

ဤနေရာတွင် မျိုးရိုးဇာတိ မြင့်မြတ်မှန်ကန်မှုနှင့် သက်ဆိုင်သည်။ သောထွန်းသည် ငချွဲ၏တူတော်စပ်ငြား အမိဘက်၊ အဖဘက်ဟူ၍ ရှိသေး သည်။ အမိသာလျှင် ငချွေ၊ ငချွဲ၊ ငဝဲတို့နှင့် သွေးစပ်၍ အဖမှာ မျိုးရိုး မထင်ရှားချေ။

သောထွန်း၏ ဖအေမျိုးသည် အညတြ ဖြစ်ရုံသာဖြစ်လျှင် တော်သေး၏။ မျိုးညံ့မျိုးယုတ်ဖြစ်လျှင် ခက်သည်။ မျိုးညံ့မျိုးယုတ်များ ကောင်းစားလျှင်၊ မျိုးမမှန်သူတွေ ကြီးပွားချမ်းသာလျှင် လောကအတွက် ယုတ်ညံ့လေ့ ရှိသည်မှာ ဓမ္မတာပေတည်း။

ထမင်းပွဲသည် မကြည်မသာဖြင့် ပြီးသွား၏။

**ပုဂံစာအုပ်တိုက်**

ကုလားဖြူ ကုလားနက် စားပြသူယုတ်များနှင့် စပ်လျဉ်းလာလျှင် သည်လင်မယား သဘောကွဲလွဲမြဲဖြစ်သည်။ သောထွန်းမှာ ငါ့မယားနှင့် ငါ့သားသမီး ကောင်းစားဖို့ကလွဲ၍ အခြားအရာကို မသိသူ။ မိအိုးကား ငါ့လင်၊ ငါ့သား၊ ငါ့သမီး ကောင်းစားရေးကို လိုလားငြား အင်္ဂလိပ်ကို မုန်းသည်။

အင်္ဂလိပ်သည်လည်းကောင်း၊ စားစရာ ဝတ်စရာမရှိသောကြောင့် အင်္ဂလိပ်နောက်ပါးမှပါလာသော အမဲလိုက်ခွေးများသည်လည်းကောင်း မြန်မာတစ်မျိုးသားလုံး၏ ရန်သူဖြစ်သည်။ ဘုရားကျောင်းကန်ကို ဖျက်ဆီး၊ မြန်မာတို့၏ အိုးအိမ်ကို မီးတိုက်၊ ရဟန်းသံဃာနှင့် လူတွေကို သတ်သော ထိုသူများသည် မှားယွင်းသော အယူဝါဒကို စွဲကိုင်ထားသည့် မိစ္ဆာဒိဋ္ဌိ အယုတ်တမာများဖြစ်သည်။

မြန်မာတို့ကား မှန်ကန်စင်ကြယ် မြင့်မြတ်ဖြူစင်သော အယူဝါဒ ရှိသည်။ သို့ဖြစ်သဖြင့် မိစ္ဆာဒိဋ္ဌိသည် မည်သည့်အခါမျှ မိတ်ဆွေမဖြစ်။ တိုက်ထုတ်ရမည်။ လက်နက်ဖြင့် တိုက်၍မရလျှင်၊ ရသည့်နည်းဖြင့် ဒုက္ခ ပေးရမည်ဟု မိအိုးသဘောထား၏။

ထိုအခါတွင် လင်မယား အမြင်ကွဲလွဲသည်။

အမြင်ကွဲလွဲတိုင်းလည်း သောထွန်းပင် အလျှော့ပေးရသည်။

ယခု ထမင်းပွဲတွင်ကား မိအိုးက ကလေးသိပ်ရန် ထသွားသဖြင့် ပြီးပြတ်သွားသည်။ သောထွန်းလည်း ထမင်းပွဲသိမ်းပြီး အိမ်အောက်သို့ ဆင်းကာ နွားတွေကြည့်သည်။ အိမ်ဝိုင်း အတွင်းအပြင် အကဲခတ် စစ်ဆေး ပြီးနောက် ပြန်တက်လာသည်။

ငွေလမင်းသည် အနောက်အရပ်သို့ ခရီးနှင်ဆဲရှိ၏။ မြစ်တွင်းမှ လှေမီး သဘော်မီးသည် မြစ်ပြင်တွင်းသို့ ပြန့်ဆင်းလောင်မြိုက်နေ၏။ မှုန်မှေးမှေး ပျားကြီးတောင်ပေါ်မှ မီးရောင်သည် မှိတ်ချေလင်းချေရှိ၏။ ရန်သူအချင်းချင်း

အချက်ပြဟန်ရှိသည်။

မိအိုးသည် မီးခွက်ပြန်ထွန်းကာ မီးဖိုထဲဝင်သည်။ အိုးခွက်ပန်းကန်များ ဆေးကြောသိမ်းဆည်းပြီးနောက် ကလေးကို ပုခက်ထဲမှ ယူသည်။ အနီး လဲပေးကာ သောထွန်းဘေးတွင် သိပ်သည်။ ထို့နောက် နွားတင်းကုပ်ထဲသို့ ဆင်းလာသည်။

နွားစာခေါင်းတွင်း၌ နွားစာရှိသေးသည်။ သို့သော် ဖိတ်စင်ထက်ဝက် ဖြစ်နေသဖြင့် လက်ဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် နှုတ်ခမ်း သပ်ပေးသည်။ နွားစာခေါင်းထိပ်သို့ ကြည့်လိုက်သောအခါ မြက်ထုံးများ ကျွမ်းပြန်နေသည်။

"ကိုသာထွန်း၊ တော့် ကိုသာထွန်း"

"ဘာတုန်းကွာ၊ မင်းဟာက"

"မြက်ထုံးတွေ ဘယ်လိုလုပ်ထားသာတုန်း"

"အမြင်မတော်လည်း ရွှေ့ပြောင်းထားလိုက်ပါလား မအိုးရာ"

အိပ်ချင်မူးတူးဖြင့် ပြန်ဖြေသည်။ ထလာသံ မကြားရ။

"တော်ဟာလေ ဘယ်လောက်ပဲ ပြောပြော၊ ဖြစ်ကတတ်ဆန်း လုပ်လိုက်ရမှ။ မလုပ်ရရင်"

"မလုပ်ရရင် ခေါင်းကိုက်သယ်" ဟု ပြောရန်ဖြစ်ငြား မြက်ထုံးကို ဆွဲလိုက်ချိန်တွင် သေနတ်တစ်လက်ကိုမြင်ရသဖြင့် နှုတ်ဆွံ့သည်။ နှုတ်ဆွံ့ရုံ မက တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ နွားစာစဉ်းသော တိုင် ဘေးရှိ ပြန့်ကျဲနေသော ပြောင်းရိုးများကြားတွင် လူတစ်ယောက် လဲနေသည်။

မိအိုးသည် မီးခွက်ကို နွားစာခေါင်းအစွန်တွင် တင်သည်။ အလင်း ရောင်သည် မြက်ထုံးကွယ်နေသဖြင့် ထိုသူ့အပေါ်သို့ မကျတော့ပေ။ မိအိုး ဒူးထောက်ထိုင်ပြီး ငုံ့ကြည့်ဆဲ၌ ထိုသူ ထထိုင်သည်။ ဓားကို ဆွဲချွတ်ကာ မိအိုးအား ချိန်၏။

ဓားဖြင့်ချိန်ရွယ်ကာမျှဖြင့် မိအိုးမတုန်လှုပ်။ ဘယ်လက်ဖြင့်ပုတ်ပြီး

ညာလက်ဖြင့် ထိုသူ့မျက်လုံးကို အန္တရာယ်ပြုနိုင်ကြောင်း ထိုသူမသိသလော။

"မအော်နဲ့။ အော်ရင် အသေပဲ"

"အော်ချင်ရင် အခုလို အေးအေးဆေးဆေး ထိုင်ကြည့်ပါ့မလား အမောင်"

ပေရေမည်းသည်းနေငြား ကျိုင်းအောက်ပင် ငယ်ရွယ်ဟန်ရှိကြောင်း ထိုသူ၏ ငယ်နုသောမျက်နှာက ဖော်ပြနေသဖြင့် အမောင်ခေါ်ခြင်းဖြစ်၏။

"အင်း ဟုတ်သားပဲ"

ထိုသူသည် ဓားကို သိမ်း၏။

"အမောင် ဒဏ်ရာရလာသလား။ ဘယ်ကလာသတုန်း"

"ရန်သူတွေလိုက်လို့ ပြေးမိပြေးရာ ပြေးလာသာပါ။ ဒဏ်ရာမရ ပေမယ့်၊ အမောဆို့သာလား၊ အာဟာရပြတ်ပြီး မူးလဲသလား မသိဘူး"

မိအိုး ဆက်မပြောဘဲ အိမ်၏နောက်ဖေးဘက်သို့ ခေါ်ခဲ့သည်။ အိမ်နှင့် ဝါးတစ်ရိုက်ကွာတွင် 'မြေတိုက်' ရှိသည်။ မြေတိုက်ကို သူတစ်ပါးတို့ ရုတ်တရက် မမြင်ရစေရန် ပြောင်းပင်များ ကြဲထားသည်။

မိအိုးက ထိုသူအား ပြောင်းခင်း အစပ်သို့ လက်ညှိုးထိုးပြပြီး ဆောင့်ကြောင့်ထိုင်၏။

"အစ်မဟာ ဆင်ပေါင်ဝဲဗိုလ်မိုးကောင်းရဲ့ သမီး၊ မင်းတုန်းဗိုလ်ရွှဲရဲ့ တူမ။ အဲဒါကြောင့် အမောင့်ရန်သူမဟုတ်ဘူး။ ထမင်းစားမလား"

"ဟုတ်ကဲ့။ မနေ့တုန်းကတော့ ဖရဲသီးတစ်လုံး စားရပါသယ်။ ကနေ့ ဘာမှမစားရပါဘူး အစ်မ"

"အေး၊ ငြိမ်ငြိမ်နေခဲ့"

မိအိုးသည် အိမ်ပေါ်သို့ နောက်ဖေးလှေကားမှတက်ပြီး ထမင်းဟင်း ယူသည်။ ရေလည်း တာအိုးအရွယ် အိုးတစ်လုံးဖြင့် ထည့်လာသည်။ ထို့နောက် အိမ်ပေါ်သို့ တက်သွားပြန်ကာ ပြန်ဆင်းလာချိန်၌ ထမင်း

တစ်ထုပ်နှင့် အကျီတစ်ထည်၊ နံငယ်ပိုင်းပုဆိုးတစ်ထည် ပါလာသည်။

"နက်ဖြန်ခါမှာ အမောင်စားဖို့ထမင်း။ ဟင်းမရှိလို့ ထန်းလျက်သုံးခဲ ထည့်လာသယ်။ ပေါသည်မှာ ဒင်္ဂါးငါးပြားနဲ့ ပုဆိုး၊ အကျီ။ အမောင် ကြိုက်သဲ့အချိန်ကျမှသွား"

လူငယ်သည် ထမင်းကို အငမ်းမရစားနေရာက ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်သည်။ သည်အကြည့်က စကားလုံးများစွာထက် အရာရောက်သည်။

"မသိလို့ မေးပါရစေကွယ်။ အမောင်က ဘယ် သူပုန်တပ်ကတုန်း"

မြွေကိုက်ခံရသူနှယ် လူငယ် တွန့်သွား၏။

"အစ်မ မေးသာက ရင့်သီးပါဘိဗျာ"

"အို အလို၊ ငါ ဘာမှ ရင့်ရင့်သီးသီး မပြောရပါကလားကွယ်"

ထမင်းစားရပ်သွားသဖြင့် မိအိုးမှာ ပြုံးပြုံးပျာပျာ ပြောမိ၏။

"အစ်မလဲ မြို့ကြီးသူပဲဗျာ။ သူပုန်ဆိုသာ မင်းကျင့်တရားဆယ်ပါးနဲ့ ပြည့်စုံသဲ့ သာသနာ့ဒါယကာ ဘုရင်မင်းမြတ်ကို ပုန်ကန်သူကိုမှ သူပုန် ခေါ်သာပါ။ အခု ကျွန်တော်တို့ တိုက်ခိုက်နေသာဟာ မိစ္ဆာဒိဋ္ဌိ ဓားပြတွေကို ပါဗျာ။ အကျွန်တို့ မြေပေါ်ရေပေါ်ကို လာရောက် ကျူးကျော် စော်ကားနေလို့ လိုက်လံနှိမ်နင်းနေသာပါ"

မိအိုး သွားပေါ်အောင် ပြုံးမိသည်။

"ဟုတ်ပါပေသယ်။ မှန်ပါပေသယ်ဘော်"

ထိုအခါတွင်မှ လူငယ်သည် ထမင်းကို ဆက်လက်စားသည်။

"ရန်သူ့အခြေအနေကို ကြည့်ပြီးထွက်နော်။ အခြေအနေမကောင်းလို့ နေ့အောင်းရမယ်ဆိုရင် ဟိုမြေတိုက်ထဲဝင်နေ ဟုတ်ရဲ့လားအမောင်"

"ဟုတ်ကဲ့ပါ အစ်မခင်ဗျား"

မိအိုးသည် အိမ်ပေါ်သို့ မီးခွက်တလက်လက်ဖြင့် ပြန်တက်ခဲ့သည်။

**ပုဂံစာအုပ်တိုက်**

သူ့မောင်တွေနှင့် သူ့အဖေနည်းတူ ဓားဆွဲ၊ သေနတ်ဆွဲပြီး ရန်သူအင်္ဂလိပ်နှင့် ကုလားနက်များကို မတိုက်ခိုက်ရ၍ သိမ်ငယ်နေသောစိတ် မှေးမှိန်ခဲ့ပါပြီ။ သူ့အဖေနှင့် သူ့မောင်တွေနည်းတူ တိုက်ခိုက်နေသည့် မျိုးချစ် ပြည်ချစ် သူရဲကောင်းတစ်ယောက်အား တင်စွမ်းသမျှ ပြုစုကူညီလိုက်ရသဖြင့် မိအိုး ပြုံးနေသည်။ ပျော်နေသည်။

နေမင်းတစ်ထောင်

စတုတ္ထတွဲ ပြီး၏။

# နေမင်းတစ်ထောင်

[စတုတ္ထတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း

